www.burmeseclassic.com

မဟာဒိဗ္ဗစာပေ

# ပြစ်မှု

မဂ္ဂဇင်း



- ဆရာမြဝင်း၏ သွေးချောင်းကလျှံ
- ဆရာကျော်မြသန်း၏ သိဒ္ဓိရှင်နေအေး
- ဆရာခင်မောင်အေး(မန္တလေး)၏ အန္တရာယ်အသွယ်သွယ်
- ဆရာဖိုးကျော့၏ သေမင်းကိုအာခံ ဝေယံက တိုက်ပွဲ
- ဆရာဝင်းသောင်(ရမည်းသင်း)၏ ဝိဘတ်ကြမ္မာ ပြေးမလွတ်သာ
- ဆရာမမြမြလှိုင်၏ တန်ပြန်သက်ရောက်မှု
- ဆရာဝင်းဇော်(သုံးဆယ်)၏ မိချောင်းတောက်ပုဆိန်
- ဆရာကိုမောင်သန်းဝင်း၏ ဗိုကလဲယားထောင်အကြောင်း

Graphic Design
Zay Phyo
0973144952

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

- ❁ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ❁ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ❁ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

- ❁ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❁ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❁ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ❁ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❁ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❁ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ❁ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ❁ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင် ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- ❁ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး။
- ❁ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး။

# မဂ္ဂဇင်း

❀ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။


## အယ်ဒီတာအဖွဲ့

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်


BURMESE CLASSIC .com


## ထုတ်ဝေသူ

ဒေါ်ပြုံး(မြဲ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## ပုံနှိပ်သူ

ဝင်းထွန်းပုံနှိပ်တိုက်(မြဲ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၂၁၈)

### ကဗျာ ပြစ်မှု

ရွှေမန်းသားအရှင်အကင်္ကုရ၊ ကိုနတ်၊ ခက်လှိုင်းကျော်၊ တင်မိခိုင်၊ မောင်မောင်လွမ်းဦး(ဆကာကြီး)၊ မင်းလှိုင်၊ မင်းနီခိုင်(မောင်တော)၊ မောင်ထည်ဝါ(ပျော်ဘွယ်)။

### ကာတွန်း ပြစ်မှု

မြေဇာ၊ ကိုငယ်၊ မင်းခန့်ကျော်(သာစည်)၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ရန်ကြီးအောင်၊ ပေါက်ကျိုင်း၊ Lin Htoo Zaw ၊ ကျီးမနိုးတင်ဝင်း(ပေါင်းတည်)။

### ရယ်စရာ ပြစ်မှု


ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------------------------- ၂၉


### ဥပဒေ ပြစ်မှု


အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------------------------- ၅၁
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်း-ဦးအောင်သိန်း ---------------------------- ၁၀၄
ဘောင်းပန်ရုံဖြင့် ပြစ်ဒဏ်မှ လွတ်သင့်သလား
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------------------------- ၁၃၇


### စာပေသုခုမ သတင်းလွှာ


ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------------------------- ၂၅
သုခုမသတင်းလွှာ
အမ်ကေ ---------------------------- ၂၇


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## [illegible] ဖြစ်မှု


တန်ပြန်သက်ရောက်မှု
မြမြလှိုင် ---------- ၄၂

အန္တရာယ်အသွယ်သွယ်
ခင်မောင်အေး(မန္တလေး) ---------- ၆၀

အားကစားနှင့် အမျိုးသားရေးတာဝန်
ရွှေဘိုဘာမထီခင်အောင် ---------- ၈၆

ဝိဘက်ကြမ္မာ ပြေးမလွတ်သာ
ဝင်းသောင်(ရမည်းသင်း) ---------- ၁၃၀

သာရင် သာခင်
မောင်သာမာန်(ဇီးကုန်း) ---------- ၁၄၀

ကြေငြာမောင်းခတ်ကာ ပြောလိုက်ချင်သည်
မင်းနော် ---------- ၁၄၈

တစ်ချက်မှ တစ်ချက်တည်း
မျိုးသစ် ---------- ၁၅၂

ဉာဉ်ဆိုး
ဇလွန်ကျော်ဦး ---------- ၁၅၈

အညှပ်နဲကို ပန်မိသူ
မောင်မောင်စိန်လင်း(နတ်မောက်) ---------- ၁၆၄

တင်းပုတ်ထုချက် ဖြောင့်ချက်ထွက်ဆို
ဟိန်းဇေယျာ(စံမြင့်မြတ်) ---------- ၁၆၈

သံတုတ်ပြောင်ကြီး
မန်းတနော်နောင်လတ် ---------- ၁၇၆

ကြောက်ကျွဲ ပြန်ခတ်သောအခါ
ညွှန့်မောင်ဦး ---------- ၁၈၂

ကောင်းတာလုပ်ကြ
ဂုဏ်သိမ်(ကချင်မြေ) ---------- ၁၈၈

ချိုမြိန်လှသော ရာမညတိုင်းမနော
ဝေအီကို ---------- ၁၉၄

သောင်းစိန်လှနှင့် ဘဝတစ်ကွေ့ပုံရိပ်
ထက်ကောင်းလတ်(မင်းဘူး) ---------- ၂၀၀

အချစ်ကြီးသူ
နန်းကြော့သျှင် ---------- ၂၁၂

မိချောင်းတောက်ပုစိန်
ဝင်းဇော်(သုံးဆယ်) ---------- ၂၁၈

ပျံလေတဲ့ငှက်ခါး
မောင်ယဉ်ဝင်း(ဒေါ်ပုံ) ---------- ၂၂၆

ရှာဟောင်းအတိတ် မှဆိုးနိမိတ်
သန်းထွန်း(ဂျေဂျေ) ---------- ၂၃၀

နွေနွေလယ်၏ စောရမင်းသား
ဟန်သီဇင် ---------- ၂၃၆

လက်လွှဲလက်ပြောင်းနှင့် လုပ်စားနေတာလား
တိုးမြင့် ---------- ၂၄၀

ဝိညာဉ်မျက်ရည်
ရွှေပိုးအိမ် ---------- ၂၅၂

ဆပ်ကပ်လူပြက် မောင်ဟန်ထက်
မြသိန်း ---------- ၂၆၀

ကထိန်ရက် ရွှေရှုခြင်းအကြောင်း
ရှစ်ခွင်ကျော်(ဖောင်တော်သီ) ---------- ၂၆၈


## နိုင်ငံရပ်ခြားသတင်း ဖြစ်မှု


လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်လျှင် လေဖြတ်ခြင်း လျော့နည်း
မောင်မောင်စန်းထွေး ---------- ၁၄၇

ဇနီးသည်ဟောင်း အာချောင်သဖြင့် "ကရစ်ဘီယံက ပင်လယ်ဓားပြ"
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၆၃

နိုင်ငံတွင်း ကလေးများ၏ နို့ပုလင်းကို ရိုက်ခွဲမည့်ဥပဒေ
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၈၇

ပိုလန်နိုင်ငံတွင်း ရှေးဟောင်းသွေးစုပ်ကောင် အရိုး ၄ စုံ
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၉၉

လူသားပုံတူ ရိုဘော့စက်ရုပ်တို့၏ စွမ်းဆောင်ရည်ပြိုင်ပွဲ ကျင်းပမည်
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၁၁

အမျိုးသမီးတက္ကသိုလ်နှင့် ဆေးရုံတွင် ယုတ်မာရက်စက်စွာ ဗုံးခွဲခြင်း
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၁၇


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားမြို့တော် ဟိုမင်းစ်တွင် ဒုက္ခသည်များပိတ်မိနေသဖြင့်
ညိုမင်းလွင်(မော်ကျွန်း) ---------------------------- ၂၃၅
အမေရိကန် မရိန်းတပ်ဖွဲ့ ပေါ်ပေါက်လာပုံအကျဉ်း
မောင်မောင်စန်းထွေး ---------------------------- ၂၅၀
တရားမဝင် သယ်လာသည့် နှင်းဆီသစ်သားများ
ညိုမင်းလွင်(မော်ကျွန်း) ---------------------------- ၂၅၁
မို့ပလဲယားထောင်အကြောင်း တစေ့တစောင်း
ကိုမောင်သန်းဝင်း ---------------------------- ၂၅၇
ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦး၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်
မြင့်လွင်(ဂျပန်ဘာသာ) ---------------------------- ၂၆၄

## ဆောင်းပါး ပြစ်မှု

စိတ်အလုနှင့် မှုခင်းများ
ခင်မောင်ထွန်း(လမ်းမတော်) ---------------------------- ၃၇
ကုသိုလ်လည်းရ ဝမ်းလည်းဝ
ထိပ်တင်ထွေး(ယာဉ်/စက်) ---------------------------- ၃၉
ပန်းကလေးများ
လင်းမြင့်(ဥပဒေ) ---------------------------- ၄၈

## တစ်မျက်နှာ ပြစ်မှု

ထက်အောင်ထူး၊ ပိုက်မင်းဝေ၊ ထွန်းအောင်ရင်၊
ရေကျော်စိုးအောင်၊ ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)။

| | | |
|---|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - | အောင်မျိုးသန့် |
| အတွင်းဖလင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - | အလင်းရောင်၊ မယု(သင်းနိုင်)၊ အောင်မျိုးသန့်၊ တင်မိုးခိုင်။ |
| စာအုပ်ချုပ် | - | ရှကီး(၁၁၄) လမ်း၊ |
| အတွင်းပန်းချီ | - | ကျော်ဦး၊ KN၊ ပညတ်၊ ဖိုးအောင်၊ ကေလတ်၊ အောင်နိုင်လတ်၊ သန့်ဇော်သစ်၊ နေကြည်၊ စကွ၊ ဇော်သိုက်။ |

## အခန်းဆက် ရသပြစ်မှု

ထောင်မှူးများ အလိုရှိသည်(၈၀)
ဗဟိုစော ---------------------------- ၅၄
သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(၂)
ဖိုးကျော့ ---------------------------- ၇၂
သိဒ္ဓိရှင်နေအေး(ဇာတ်သိမ်း)
ကျော်မြသန်း ---------------------------- ၈၀
အတိတ်အကြောင်း ပြောင်းသည်မရှိ(၅)
မင်းဟိန်းထိပ် ---------------------------- ၉၆
သွေးချောင်းကလျှံ(၃)
မြဝဇီ ---------------------------- ၁၀၈
ဆင်ရိုင်းမောင်မောင်နှင့် ရောဘဝဲအမှုကြီး(၅)
မောင်မောင်(မြန်မာပြည်) ---------------------------- ၁၂၂

## နိုင်ငံရပ်ခြား ရသပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------------------------- ၆၇
သရဲခြောက်တဲ့ဟိုတယ်
ကျော်ဌေး(ဘီအေစီ) ---------------------------- ၂၄၅

## ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------------------------- ၂၇၂

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com


“ခင်မရေ...ငါ့ကို ကယ်ပါဦး၊
ဝက်ကြီးတွေ...ဝက်ကြီးတွေ
သူတို့အစွယ်တွေနဲ့
လိုက်ထိုးနေကြတယ်”


**မြမြလှိုင်** ------------------ ၄၂





“ထီးခမ်း၊ ဘန်းကန် စပါးစိုက်ခင်းမှာ
ရဲဘက်တွေ ဝန်ထမ်းဆီက
သေနတ်တွေ လုယူပြီး
ထွက်ပြေးလို့တဲ့...”

**ဗဟိုဓာ** ------------------ ၅၄


“လမ်းကတော့ မှားစရာမရှိဘူး၊
ကျောရဲ့ညာဘက်က
မြောင်ပြီး သွားကြမှာ၊
ကျောက်ဖျာဆုံးရင်...”

**ခင်မောင်အေး (မန္တလေး)** -------------- ၆၀





“ဗိုလ်သိန်းကျော်...
ထမင်းစားပြီးမှ ပြန်ရမယ်၊
ဒါ ကွန်မန်ဒါအမိန့်။
ဟား...ဟား...ဟား”

**ဖိုးကျော့** --------------- ၇၂




www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိရှင်ဆရာလေးမှာ
သိဒ္ဓိပြောက် သိဒ္ဓိပေါက်ပြီး
ကိုယ်မပျောက်ဘဲ
ထောင်ထဲ ရောက်သွားခဲ့ရသည်။
ကျော်မြသန်း ------------------ ၀၀



"သား...
ဖြောင့်လက်သီးထိုးချက်တွေ
လေးနေတယ်၊
မြန်မြန်သွက်သွက်ထိုးစမ်း..."
ရွှေဘိုဘာမထီခင်အောင် --------------- ၈၆

BURMESE CLASSIC .com



"မောင်လေး စဥ်းစားနော်
ကြားလား အချစ်ကလေး၊
ကြီးရင်မှီ ငယ်ရင်ချီဆိုတာ
ကြားဖူးတယ် မဟုတ်လား"
မင်းဟိန်းထိပ် ------------------- ၉၆



"မောင်အောင်နိုင်က
ငမဲကြီးကို ပြန်ပြောတဲ့အတွက်
ဂျပန်တပ်ကြပ်ကြီးက
ပါးရိုက်ခဲ့တာပေါ့"
မြဝင်း --------------------- ၁၀၈

www.burmeseclassic.com

www.burmeseclassic.com



"မပါပါဘူးခင်ဗျာ၊
ဒါပေမဲ့ သဘော်ပေါ်က
ဆက်သွယ်ရေးစက်နဲ့ တွဲသုံးရင်
ရနိုင်ပါတယ်ကက်"
မောင်မောင် (မြန်မာပြည်) ------------ ၁၂၂



"ရဲမှူးခင်း ဓာတ်ပုံဆရာ
သေသူကို လက်ရှိအနေအထားအတိုင်း
ဓာတ်ပုံရိုက်ပါ၊
ပြီးတော့..."
ဝင်းဘောင် (ရမည်းသင်း) ------------ ၁၃၀



"ဖြစ်မှဖြစ်ရလေ အဖေရာ...
ကျွန်တော်တို့ကို
ထားခဲ့ပြီလား ဆရာ၊
အဖေ...အဖေ..."
မောင်သာမာန် (ဇီးကုန်း) -------------- ၁၄၀



"အစ်ကိုရယ်...
ဒါများ ပြောရသေးတယ်၊
အရင်းနှီးဆုံးသူတွေပဲ၊
လိုက်ပို့ပေးရမှာပေါ့"
မင်းနော် ---------------- ၁၄၈

www.burmeseclassic.com

www.burmeseclassic.com




"အဲဒါပါပဲ ဆရာလေးရယ်၊
ကိုစိုးညွှန့် သူ့အမေကို ကန်တော့ပြီး
ကိုယ်တိုင်ရဲစခန်းမှာ
သွားအဖမ်းခံတယ်"

**မျိုးသစ်** ------------------ ၁၅၂



"ထွေးရှိန် ထန်းပင်ပေါ်က
ကျသေတာ...
နားထောင်လို့ကောင်းသေးတယ် မောင်ဦးရ၊
ခု...ထွေးရှိန် သေတာက..."

**ဧလွှန်ကျော်ဦး** ------------------ ၁၅၈



"ဝမ်းသာပါတယ် ဦး
သမီးက ဦးအတွက်ဆိုရင်
စနေလည်း အားတယ်၊
တနင်္ဂနွေလည်း အားတယ်"

**မောင်မောင်စိန်လင်း (နတ်မောက်)** ---------- ၁၆၄



"မိန်းမလှခေါ်ညွှန်း စံတော်ကွန်းက
ကျွန်းညိုလုံးပိုင်ဘုရား၊
တင်ဆွမ်းယမကာကို
ရှင်လန်းစွာ ဘုဉ်းပေး..."

**ဟိန်းစေယျာ (စံမြင့်မြတ်)** ------------- ၁၆၉


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရာသီစာ

# တန်ခူး

BURMESE CLASSIC .com




✱ သရက်ကင်းတွေ တိုးလိုးတွဲလွဲ
လက်ပံပွင့်တွေ နီတျာရဲရဲ
တမာနုတွေ တစ်ဆုပ်တစ်ခဲနဲ့
လက်ဆောင်အိတ်ကြီး အပါဆွဲလို့
အလာကျဲသွားတဲ့ နှင်းညှိသည်ရေ
နောက်တစ်ခေါက် မကြာရင်ဖြင့်
ယပ်တစ်ချောင်းလောက် မှာချင်တယ် ...။



www.burmeseclassic.com

www.burmeseclassic.com

ပရဟိတ



* မြစ်တစ်မြစ် လွတ်လပ်စွာ
စီးခွင့်ရချင်တယ် ...
ပင်လယ်တွေ သက်ဆိုးရှည်စေဖို့။

* သစ်တစ်ပင်
စိမ်းလန်းစွာ ဝေစည်ကြည့်ချင်တယ်
တောတောင်တွေ အမောအပန်းပြေစေဖို့။

* လမ်းတစ်လမ်း
ဖြောင့်ဖြောင့်တန်းတန်းနဲ့ ရပ်နေစေချင်တယ်
လမ်းမှားနေသူတွေ ပန်းတိုင်ရောက်စေဖို့။

* မီးတစ်ပွင့်
တောက်ပစွာ လင်းလက်ခွင့်ရစေချင်တယ်
ကမ်းမမြင်,လမ်းမမြင်တွေ အလင်းတွေ့စေဖို့။

* ပန်းတစ်ပွင့်
တလွင့်လွင့်နဲ့ ဖူးပွင့်နေစေချင်တယ်
ရန့်လိုသူတွေ ကူးခတ်ပျော်ပိုက်ဖို့။

* လှူသူကလှူ ယူသူကယူ
စေတနာနဲ့ ကြည်ဖြူကြပါရင်
အတ္တနဲ့ ပရ ထာဝရဟာမိုနီဖြစ်နေပါရင်
တို့ကမ္ဘာကြီးဟာ သာယာမှာ အမှန်ပင်။

(ပရဟိတတွေ အများကြီးလုပ်ချင်နေတဲ့
မိတ်ဆွေများအတွက် အမှတ်တရ။)



www.burmeseclassic.com

www.burmeseclassic.com

30 SEP 2013

# ရက်ချိန်းမသိသော စာရင်းများ



✱ မနီ,မဝါ
မဖြူ,မမည်း
ကိုချမ်းသာ၊ မောင်လူမွဲ
လူတို့ရဲ့ လောကထဲမှာ
အခြေမတူ
အနေမတူကြပေမဲ့
သူလည်းလူ၊ ကိုယ်လည်းလူ
လူဟာလူပါပဲလေ …။

✱ လူချင်းအတူတူ
စာရင်းအတူတူထည့်
အသင်းအတူတူဖွဲ့ကာ
ခေါင်းစဉ်အောက်မှာရပ်
စာကိုဖတ်၍
စွဲမှတ်ရှုမြင် သိစေချင် …။

✱ "ခြောက်ပေ–နှစ်ပေ
ဤလူပြည်" …တဲ့
အနေကျဉ်းပေမဲ့
ဟန်အခြေ မာန်တွေတင်းလို့
မငြင်းလေနဲ့
သေခြင်းရဲ့စာရင်းမှာတော့ အားလုံးရှိတယ် …။



www.burmeseclassic.com

www.burmeseclassic.com




* ကြည့်နေကျမြင်ကွင်း
အလင်းမဝီး။

* ကြားနေကျစကား
အဓိပ္ပါယ်မသိ။

* မြင်နေကျအပြုံး
နှလုံးမသာတီ။

* ရေးနေကျကဗျာ
ရင်ထဲမှာမရှိ
ခံစားချက်နဲ့တွဲ
အသီကင်းပြတ်
သတိလွှတ်လျက်
ရသပေါ့ပျက်နေလေ၏။

www.burmeseclassic.com

# မေ့...မေ့...မေ့ဆေးပေးပါ



* မရှိတော့ဘူး
  အရင်ကလို ပျော်ထားတဲ့ တစ်စုံတစ်ရာတွေ။

* မရှိတော့ဘူး
  အရင်ကလို ဖြစ်ချင်ခဲ့တဲ့ တစ်စုံတစ်ယောက်တွေ။

* မရှိတော့ဘူး
  အရင်ကလို ရှိခဲ့ဖူးတဲ့ တစ်စုံတစ်ခုတွေ။

* အားလုံးဟာ လောကဓမ္မရဲ့ တေးသွားအတိုင်း
  အားလုံးဟာ သင်္ချိုရတာရဲ့ ကကွက်အတိုင်း
  အားလုံးဟာ ပုံစံတစ်ခုကနေ တစ်ခုကို
  ပြောင်းလဲသွားလိုက်တာများ
  သိုင်းကာဝိုင်းကာနဲ့။


* ဘယ်တုန်းကမှ မသိခဲ့တဲ့
  တစ်စုံတစ်ရာတွေ တစ်စုံတစ်ယောက်တွေ တစ်စုံတစ်ခုတွေ
  အဖြစ်နဲ့ အရောင်စုံလွန်းလို့
  လမ်းမပေါ်ထွက် ခပ်သွက်သွက်ဟစ်အော်
  ''ကျုပ်ကို မေ့ဆေးပေးကြပါ''လို့ ...။



www.burmeseclassic.com

www.burmeseclassic.com

# သိမ်းထားတဲ့အိပ်မက်



* "သမီးကြီးရေ ...
နိုးနေပြီလား
တံခါးတွေဖွင့်ကွယ်
စံပယ်တွေပွင့်တာဖွေးလို့
မွှေးလိုက်တာ ...
ထပါ ... ထပါ
မျက်နှာသစ်
အပျင်းတစ်မနေစမ်းနဲ့
ဆွမ်း, ပန်း, ရေချမ်းကပ်
ဖျတ်ဖျတ်လတ်လတ်နေ
မေမေဈေးသွားမယ်လေ
မုန့်တွေအများကြီး ဝယ်ခဲ့မယ်" ... တဲ့။

* ချိုသာကြည်နူး၊ သဲ့သဲ့သံကြား
လွှပ်ရှားနိုးထ၊ လင်းစမနက်
ကျေးငှက်စိုးစီ၊ အိပ်မှုန်ရီဝယ်
စံပယ်ချိုချို
တကယ်လိုလို
အို ...
မေမေ့ကို လွမ်းတမိ
မေမေမှ မရှိတော့ဘဲ ...။

... ... ... ... ...
မေမေ မရှိဘဲနဲ့
သီတင်းတွေ ကျွတ်ခဲ့ရတာ
အခါနှစ်ဆယ် ရှိပါပြီ မေမေရယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



* အသက်ကို သူအောင့်ထား
  မီးရောင်သွားရာ အားစိုက်ကြည့် ...။

* ဆောင်ထားသည့်မှိန်း
  လက်မှာထိန်းရင်း
  မယိမ်းအောင် ချိန်ရွယ်ထား
  တအားထိုးမယ် ကြံဒိုက် ...။


* သူ့နားထဲမှာ
  ဝိုးခြိမ်းသံတွေ ဆူညံသွား
  လက်ဖျားကမှိန်း
  မြေမှာယိမ်းခ
  သူပါလဲခွေကျ ...။

* သူလိုသည်က ဖား
  ရသွားတာက မြွေ
  ခြော် ... အစာရှာဖွေသူချင်း ...။



www.burmeseclassic.com

www.burmeseclassic.com



# ညှို့သည်ချစ်သော မြို့ကလေး

ရဲကျော်သန့်ဝါ (ပျော်ဘွယ်)

✱ မုန့်ကြွပ်လက်ဆောင်၊ အညာစောင်နှင့်
ညိုရောင်ထန်းလျက်၊ ရှမ်းလက်ဖက်နှင့်
ကြက်သွန်မြေပဲ၊ နွားနို့ခဲနှင့်
လိုက်လှဲပျူငှာ၊ ညှို့ခံပါမည့်
သဒ္ဒါရွှန်းစို၊ လက်ကမ်းကြိုသို့
ဆိုနေသလား၊ စိတ်မှာတွေး
ညှို့သည်ချစ်သော မြို့ကလေး။

✱ မြို့အဝင်မှာ၊ ဥယျာဉ်သာနှင့်
ညီညာသွယ်တန်း၊ ရထားလမ်းဆုံ
ဘူတာရုံနှင့်၊ ကုန်စည်တင်ချ
ရောင်းဝယ်ကြလျက်
ဒေသဖွံ့ဖြိုး၊ စီးပွားတိုးဟု
ရိုးသားစွာပင် စိတ်မှာတွေး
ဖွံ့ဖြိုးနေသော မြို့ကလေး။

✱ ဤမြို့မှသည်၊ အခြေတည်၍
ရှမ်းပြည့်နတ်မောက်၊ ရထားပေါက်ပြီ
ထွန်းတောက်စီးပွား၊ ပြည်သူအင်အားမို့
မနားနေ့ညာ၊ ကြိုးစားကြဟု
ညွှန်ပြနေလား စိတ်မှာတွေး
တိုးတက်နေသော မြို့ကလေး။

✱ မိုးနည်းရေရှား၊ သွေ့ခြောက်ခြားလည်း
နီးကြားကြိုးစား၊ ပေါင်းစည်းအားဖြင့်
တံတား၊လမ်းဖောက်၊ တမံဆောက်ကာ
မြောင်းဖောက်ရေသွယ်၊ ကန်သင်းဆည်လျက်
ရာသီအလိုက်၊ သီးနှံစိုက်၍
ဝလေ့ဘာသာ၊ ရိုင်းပင်းကာဖြင့်
ပြည်ရွာအကျိုး၊ ဆပွားတိုးဟု
ရိုးသားစွာပင် စိတ်မှာတွေး
တာဝန်ကျေသော မြို့ကလေး။

✱ တန်ဆောင်းပြာသာဒ်၊ ကျောင်းဇရပ်နှင့်
ကောင်းမြတ်ဝေစည်၊ မြစေတီနှင့်
ရွှေရည်ဝင်းပ၊ တင့်တယ်လှပေ
မြန်မာ့မြေဟု
ဆိုနေသလား စိတ်မှာတွေး
အေးချမ်းသာသော မြို့ကလေး။

✱ နယ်ချဲ့လက်အောက်၊ ကျရောက်ကျွန်ဖြစ်
နှံ့မှာနစ်လည်း၊ မျိုးချစ်စိတ်သန်
ဇာတိမာန်နှင့်၊ နိုင်ငံလွတ်ရေး
အသက်ပေး၍ စတေးတွန်းလှန်
အားမာန်ဝင့်ကြွား၊ မြန်ပြည်သားဟု
ခံစားရှုမြင် စိတ်မှာတွေး
အမျိုးချစ်သော မြို့ကလေး။

✱ စနစ်တွေပြောင်း၊ ခေတ်တွေညှောင်းလည်း
မဟောင်းမညစ်၊ အားမာန်သစ်နှင့်
ချစ်ကြည်စိတ်ဝမ်း၊ ခေတ်ဝန်ထမ်းလျက်
လက်ကမ်းညီညာ၊ ကမ္ဘာတည်မျှ
သွေးစည်းကြ၍ လှပမျှိုမျှစ်
သမိုင်းသစ်ကို
ဖွင့်လှစ်ခဲ့ပြီ စိတ်မှာတွေး
ပျော်ဘွယ်ဆိုသော မြို့ကလေး။ ။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အမိန့် ၄ မျိုး …

ကျီးမနိုးတင်ဝင်း၊ပေါင်းတည်၊






www.burmeseclassic.com

www.burmeseclassic.com

## ဗညားဦး(အိမ်မဲ)၏ သတင်းထောက်ဒီပဇော် နှင့် ညကဝုက်ထားသောလ

မှခင်းကလောင်ရှင် ဗညားဦး(အိမ်မဲ)၏ သည်းထိတ်ရင်ဖို စုံထောက်ဝတ္ထုများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဗညားဦး(အိမ်မဲ) မှုခင်းစာပေအမျိုးအစားသာမက ရသစာပေများကိုပါ ဖန်တီးနိုင်သူ ဖြစ်၏။

ဤစာအုပ်တွင် သူ၏ ပင်တိုင်ဇာတ်ဆောင် သတင်းထောက်ဒီပဇော်ကို အခြေပြု၍ ထောင်ချောက်ကြမ္မာ၊ အိပ်မက်ထဲက ဆိုင်ကယ်သမား၊ နိဂုံးမဟုတ်သောဇာတ်သိမ်း၊ စွဲလမ်းခြင်းမဟုရာ၊ ညကဝုက်ထားသောလ၊ ဝက်ပါညာ၊ မာယာ၊ မင်းလည်းယောက်ျား ငါလည်းယောက်ျား・・・စသည့်ဝတ္ထုတို ရှစ်ပုဒ်ကို စုစည်းဖော်ပြထားပေသည်။ အမှာစာရေးသားချီးမြှင့်ပေးသော ဆရာမောင်သစ်နွယ်က "ကျွန်တော်ကိုယ်တိုင် အကြိုက်တွေ့သဖြင့် ရွေးချယ်ဖော်ပြပေးခဲ့သော စုံထောက်ဝတ္ထုများဖြစ်ကြောင်း၊ ရှားပါးလာပြီဖြစ်သော စုံထောက်ရသဝတ္ထုများကို တစိုက်မတ်မတ် ရေးသားနေသည့် စာရေးဆရာဖြစ်ကြောင်း" ညွှန်းဆိုထားရာ သည်းထိတ်ဆန်းကြယ် စုံထောက်ဝတ္ထုအမျိုးအစား နှစ်သက်သူတို့အဖို့ အကြိုက်တွေ့နိုင်ပေလိမ့်မည်။ ဤစာအုပ်ကို မျက်နှာဖုံးပန်းချီအား ညီပုလေး(မဟာ)၊ အတွင်းပန်းချီအား မင်းထက်နိုင်တို့က ရေးဆွဲပေးထားပြီး ရွှေဗညားစာပေမှ တန်ဖိုး ၁၅၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## အောင်ဆင့်၏ ပလက်တီနမ် ဝတ္ထုတိုများ

ဆရာအောင်ဆင့်၏ ဝတ္ထုတိုစုစည်းမှုစာအုပ် ဖြစ်သည်။ ရေးပြီးခဲ့လေသမျှ ပုံနှိပ်ဖော်ပြခဲ့ပြီးလေသမျှသော ဝတ္ထုတိုများစွာအနက် ပလက်တီနမ်ကဲ့သို့ ရဲရဲရင့်ရင့် မှတ်ကျောက်တင်ခံခဲ့ရသော ဝတ္ထုတို ၃၂ ပုဒ်ကို ဖော်ပြထားပေသည်။

ဤစာအုပ်နှင့်ပတ်သက်၍ ဆရာသုမောင်က "ဆရာအောင်ဆင့်၏ ဝတ္ထုတိုလေးများ ဖတ်ရသောအခါ သူ၏ 'တစ်ပတ်လည်' ရိုးသားမှုကလေးကိုလည်း မြင်လိုက်ရပါသည်"ဟု ဆိုထားပေသည်။ ထို့အတူ စာအုပ်ဖြစ်အောင် ကူညီပေးသူ ကိုဦး(ဖလင်)ကလည်း "စာဖတ်သူမိတ်ဆွေတို့အနေဖြင့် ဤစာအုပ်ကိုဖတ်ပြီး ရသမျိုးစုံကို ခံစားရလိမ့်မည်"ဟု စကားဦးသန်းထားပါသည်။ အမှန်တကယ်လည်း ဆရာအောင်ဆင့်၏ ဝတ္ထုတိုင်းလိုလိုသည် ဖတ်ပြီး မေ့ပျောက်သွားမည့် အမျိုးအစားမဟုတ်ဘဲ တစိမ့်စိမ့်တွေးတောကာ ဝတ္ထုမှ ပေးစွမ်းသော ရသများကို တငြိမ့်ငြိမ့်ခံစားရမည့် ဝတ္ထုများပင် ဖြစ်သည်။ ထို့ကြော င့်ပင် 'ပလက်တီနမ်'ဟူသော စကားလုံးဝေါဟာရ ရွေးချယ်လိုက်ခြင်းမှာ ဆီလျော်အပ်စပ်လှပေသည်။ ဤစာအုပ်ကို ပန်းချီဝင်းမောင်ညွှန့်၏ မျက်နှာဖုံးသရုပ်ဖော်၊ ပန်းချီမောင်သီဟ၏ နောက်ဖုံးသရုပ်ဖော်တို့ဖြင့် မွမ်းခြယ်ထားပြီး ပန်းဝေဝေစာပေမှ တန်ဖိုး ၁၀၀၀/- ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်ခြင်းဖြစ်ပေရာ ရသစာပေအမျိုးအစားကိုမှ ငံ့လင့်နေသူတို့အဖို့ အထူးပင် အာလျပြေစေမည့် စာအုပ်တစ်အုပ်ဟု ညွှန်းလိုသည်။

## အောင်ပြည့်၏ ပြုံမှာလေလား မိုးရဲ့

မြန်မာစာပေလောက၊ ဝတ္ထုလောက၌ "အောင်ပြည့်"ဟူ၍ တံခွန်စိုက်နိုင်ခဲ့သော စာအုပ်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်နောက်ခံ ဝတ္ထုများထဲတွင် သာမန်ဝတ္ထုများနှင့်မတူဘဲ အစဉ်အလာကြီးမားလှသော တက္ကသိုလ်၏ ပညာရေးစနစ်၊ နိုင်ငံရေးနောက်ခံကားချပ်များကို အချစ်ဖြင့် မွမ်းထုံကာ ဖတ်ရှုသူတို့ နင့်နင့်နဲနဲ ခံစားသွားရလောက်အောင် ဖန်တီးသွားနိုင်ခဲ့သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကာ နှစ်ပေါင်း ၄၆ နှစ်မျှကြာပြီးကာမှ တတိယအကြိမ်မြောက် ထုတ်ဝေနိုင်လာခဲ့ခြင်း ဖြစ်သည်။

ဤစာအုပ်တွင် ဆရာအောင်ပြည့်၏ "တက္ကသိုလ်နောက်ခံ ဝတ္ထုများစာတမ်း"၊ ဆရာမောင်ခေတ်ထွန်း၏ "အောင်ပြည့်တာ အောင်ပြည့်စကား" စာတမ်းငယ်၊ ဆရာမြင့်ဆွေဦး၏ "ဇူလိုင် ၇ ရက် အရေးတော်ပုံနှင့် ဆရာအောင်ပြည့်" စသည့် စာတမ်းများပါ ထည့်သွင်းရိုက်နှိပ်ထားသည့်အပြင် ဆရာမောင်ဝံသ၏ "၆၂ မျိုးဆက် တာဝန်ကျေတဲ့ ကိုအောင်ပြည့်"ဟူသည့် အမှာစာကိုပါ ဖတ်ရှုရမည်ဖြစ်သည်။ ထိုအမှာတွင် ဆရာမောင်ဝံသက "အခု ပြုံမှာလေလား မိုးရဲ့ ပြန်လည်ထုတ်ဝေတဲ့အခါ အများကြီး

www.burmeseclassic.com

ဂယက်ရိုက်မယ်။ ဆဲဗင်းဂျူလိုင်အကြောင်း ဂယနဏ သိချင်တဲ့လူငယ်တွေအတွက် များစွာ အထောက်အကူ ဖြစ်မယ်"ဟူ၍ ဆိုထားပေသည်။ ဤစာအုပ်ကို ပန်းချီ ခင်မောင်မြင့်၏ မျက်နှာဖုံးသရုပ်ဖော်ဖြင့် အပျိုးစင် စာစဉ်(၁) အဖြစ် ထုတ်ဝေကာ ရွှဝံစာပေမှ တန်ဖိုး ၄၀၀ဝိ/- ကျပ်ဖြင့် ဖြန့်ချိပေးထားသည်။

## သုခြာ၏ လွတ်မြောက်မှုအတွက် အမှတ်တရကဗျာများ

စာပေမျိုးရိုး မသေးငယ်သော အသိုင်းအဝိုင်းမှ ပေါ်ထွက်လာသည့် အမျိုးသမီးကလောင်ရှင်တစ်ချောင်း ဖြစ်ပေသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးမှ ဖွင့်လှစ်သော စာရေးနည်းလမ်းညွှန်သင်တန်း (၃/၂၀၁၂) သို့ တက်ရောက်ခဲ့ပြီးဖြစ်၍ အရေးအဖွဲ့တို့မှာ ပြေပြစ်မှုရှိ လှပေသည်။

ဤစာအုပ်နှင့် ပတ်သက်၍ ဆရာမ မဒီက "အတတ်ပညာအနေနှင့် နုသေးသည်မှာ မှန်သော်လည်း နိုင်ငံရေးအကျဉ်းသားများအပေါ် ထားရှိသော သူ့မေတ္တာ စေတနာ ၇၅% ကဲနေသည်။ သူ့ခံယူချက်၊ စေတနာနှင့် ပြည်သူလူထုအပေါ်ထားသော မေတ္တာတရားကို အရိုးသား ဆုံး တင်ပြလိုက်လေပြီ"ဟု ဆိုထားသည်။ ဆရာမ မိုးပန်း မွှန်(ရာမည)ကလည်း "အကြောင်းအရာစုံသော ကဗျာ များကို ရိုးရိုးရှင်းရှင်း ရေးဖွဲ့ထားပြီး စာတစ်အုပ်ဖြစ်အောင် အားထုတ်နိုင်ခဲ့ပြီ"ဟု ဆိုထားပေရာ ကဗျာနှစ်သက်သူတို့ အနေဖြင့် သုခြာ၏ "နတ္ထိ"ကဗျာမှ အစပြု၍ "မီဒီယာ ကဏ္ဍာ တကယ်လုပ်ပါစေ"အထိ ရိုးသားမှုကို အရင်းခံကာ ရင်ထဲရှိသမျှ အစွမ်းကုန် ဖော်ကျူးလှစ်ဟထားသော လွတ်မြောက်မှုကဗျာရနံ့များကို ရှူစားနိုင်ဖို့ရာ ရန်အောင် စာပေမှ စိုးမင်းအောင်၏ ဒီဇိုင်းအပြင်အဆင်ဖြင့် တန်ဖိုး ၁၅၀၀ိ/- ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်ပြီ ဖြစ်၏။

## သတိုးနွယ်၏ သမိုင်းကောင်းအောင်လုပ်ကြပါ

စာရေးဆရာသတိုးနွယ်၏ ဘာသာရေးကိုအခြေခံ ကာ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများ စုစည်းထားသည့် စာအုပ်ဖြစ်ပေသည်။ ဤစာအုပ်နှင့်ပတ်သက်၍ စာရေးသူ က "နိုင်ငံရေးနှင့် ဘာသာရေး တွဲစပ်မှုဖြစ်ကြောင်း၊ ကိုယ် ကျင့်သီလကောင်းပြီး သမိုင်းကြောင်းကောင်းသည့် လူများ မြန်မာနိုင်ငံ၌ များစွာပေါ်ထွန်းစေရန်ဆိုသော စိတ်ကူးဖြင့် ရေးသားခဲ့ခြင်းဖြစ်ကြောင်း" အမှာစကား ဆိုထားပေသည်။

ဤစာအုပ်၌ ဘာသာရေးနှင့် နိုင်ငံရေး၊ စစ်တပ် တရားတော်၊ လူသားသမိုင်း၊ ဗုဒ္ဓခေတ်အိန္ဒိယနိုင်ငံ၊ ဝိဘင္ဂ နှင့် စတုတ္ထမဏ္ဍိုင်(၁)၊ ဝိဘင္ဂနှင့် စတုတ္ထမဏ္ဍိုင်(၂)၊ အတ္တာပဟိ အတ္တနော နာထောနှင့် ဒီမိုကရေစီ(၁)၊ (၂)၊ (၃)၊ တရားသော ဥပဒေ၊ သမိုင်းကောင်းအောင် လုပ်ပေး ကြပါ၊ သမိုင်းကောင်းအောင် လုပ်ကြပါ စသဖြင့် နိုင်ငံရေး ဘာသာရေး ဆောင်းပါးပေါင်း ၁၂ ပုဒ်တိတိ ပါဝင်ပေသည်။ ဤစာအုပ်ကို အေးမြအောင်၏ ဒီဇိုင်းဖြင့် မျိုးညွန့်(စိတ် ကြိုက်စာပေ)မှ စီစဉ်ကာ ယဉ်မျိုးစာပေမှ တန်ဖိုး ၁၈၀၀ိ/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ဘုန်းဇော်မိုး(ဥဿာ)၏ စာတိုက်ပုံးထဲက ကျွန်တော့်နှလုံးသား

ဘဝအခက်အခဲများစွာ၊ လောကဓံ၏ ရိုက်ပုတ်မှု များစွာကို အလူးလူးအလဲလဲ ခံစားရရင်းမှ မဆုတ်မနစ် သော ဇွဲလုံ့လဝီရိယတို့ကြောင့် စာပေလောက၌ နေရာ ကလေးတစ်နေရာ ရရှိလာခဲ့သော ကလောင်ရှင် ဘုန်းဇော် မိုး(ဥဿာ)၏ စိတ်အာဟာရ အတွေးအမြင်စာစုများ ဖြစ် ပေသည်။ စာစုတိုင်းလိုလိုပင် ပေးစာပုံသဏ္ဌာန်ဖြင့် ရေး ဖွဲ့ထားပြီး ရင်ထဲရှိသမျှ အစိုင်အခဲများကို မျှဝေခံစားနိုင် ဖို့ ဖြန့်ဝေပေးထားခြင်း ဖြစ်ပေသည်။

ဤစာအုပ်နှင့်ပတ်သက်၍ စာရေးသူက "မိမိ၏ အနုပညာဖြင့် တိုင်းပြည်လူမျိုး၊ ဘာသာသာသနာအတွက် တက်ကြွစွာ ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်ပါ ကြောင်း" ရင်တွင်းစကား ဆိုထားပေသည်။ ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း စိုးသက်နိုင်၏ လက်ရာဖြင့် သင်းစာပေမှ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကာသစ်နီ

www.burmeseclassic.com

## ပုညနန္ဒီ ဖြစ်သွားတဲ့ သရုပ်ဆောင် မိုးယုစံ

သရုပ်ဆောင် မိုးယုစံဟာ မိခင်ဖြစ်သူနဲ့အတူ ၁၁.၇.၂၀၁၃ ရက်နေ့နံနက်က မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်သုဝဏ္ဏဘူမိခေတရာမ သီလရှင်စာသင်တိုက်မှာ အသက် ၂၂ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မြင့်မြတ်တဲ့ သီလရှင်ဘဝကို ကူးပြောင်းခဲ့ပါတယ်။ ငါးရက်ကြာမျှ သာသနာ့သမီးတော်အဖြစ် ခံယူသွားမယ်လို့ သိရှိရပြီး အနုပညာအလုပ်တွေကို ခေတ္တရပ်ဆိုင်းထားမှာပါ။ မိုးယုစံရဲ့ သီလရှင်ဘွဲ့အမည်ကတော့ ပုညနန္ဒီ ဖြစ်ပြီး၊ သီလရှင်ဝတ်တဲ့နေ့က ခင်မင်ရင်းနှီးတဲ့ အနုပညာမောင်နှမတွေ လာရောက်သာဓုခေါ်ခဲ့ကြတဲ့အကြောင်း သတင်းကြားသိရပါတယ်။

---

## မင်္ဂလာပွဲ ဆင်နွှဲခဲ့ကြတဲ့ ဘုဏ်းသိုက်နဲ့ ချမ်းချမ်း

ချစ်သူသက်တမ်း ၆ နှစ်ကျော် ကြာခဲ့ပြီဖြစ်တဲ့ မော်ဒယ်သရုပ်ဆောင် ဘုဏ်းသိုက်နဲ့ အဆိုတော် ချမ်းချမ်းတို့ဟာ ဇူလိုင်လ ၁၄ ရက်နဲ့ ၁၇ ရက်နေ့မှာ ရွှေလက်မြမြ တွဲခဲ့ကြပြီလို့ သိရှိရပါတယ်။

မင်္ဂလာညွှေ့ခံပွဲကို နှစ်ဖက်မိသားစုတွေနဲ့ တိုင်ပင်ပြီး ဘုန်းကြီးကျောင်းမှာတစ်ပွဲ၊ ဘုရားကျောင်းမှာတစ်ပွဲ ကျင်းပခဲ့ကြပါသတဲ့။ သတို့သားအရံ၊ သတို့သမီးအရံတွေအဖြစ် မိုးယံဇွန်နဲ့ ယုသန္တာတင်၊ ကောင်းပြည့်နဲ့ သန္တာဗိုလ်တို့က ဆောင်ရွက်ပေးကြပြီး ဂျွန်လွင်ရဲ့ စီစဉ်ပေးမှုလို့ သိရပါတယ်။ မင်္ဂလာပွဲပြီးတဲ့နောက် ပူတာအိုဖြစ်စေ၊ ဗီယက်နမ်ကိုဖြစ်စေ ပျားရည်ဆမ်းခရီးထွက်ဖို့ စီစဉ်ထားတဲ့အကြောင်းလည်း ကြားသိခဲ့ရပါတယ်။

---

## 'သူငယ်ချင်းလေးယောက်' တေးစီးရီးမိတ်ဆက်ပွဲ

ဂီတစာဆို၊ တေးသံရှင် မျိုးမြင့်လေးရဲ့ စီစဉ်ပေးမှုနဲ့ မြန်မာသံအဆိုရှင်တွေဖြစ်ကြတဲ့ ဗညားဟန်၊ ကိုလတ်၊ စိမ့်နေခြည်၊ သွန်းတို့ စုပေါင်းသီဆိုထားကြတဲ့ "သူငယ်ချင်းလေးယောက်" တေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနားကို ၁၁-၇-၂၀၁၃ နေ့လယ် ၁၂:၀၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားမှာ ဖိတ်ကြားထားသူတွေ စုံလင်စွာ တက်ရောက်ခဲ့ကြပြီး ဂီတစာဆို မျိုးမြင့်လေး၊ မေတ္တာနဲ့ ဗညားဟန်တို့က အမှတ်တရ စကားများ ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

---

## သရုပ်ဆောင် မော်ဒယ်လ်ပေါင်းများစွာနဲ့ 2013 Amazine Wedding Show ပွဲ

သရုပ်ဆောင်၊ မော်ဒယ်လ်ပေါင်းများစွာနဲ့ Aroma Zulu Studio ရဲ့ 2013 Amazine Wedding Show ပွဲကို ၇-၇-၂၀၁၃ ရက်နေ့၊ ညနေ ၆:၀၀ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည်ပွဲမှာ လက်ရာသစ်၊ ဒီဇိုင်းသစ်၊ မြန်မာ့ရိုးရာမင်္ဂလာဝတ်စုံများ၊ အနောက်တိုင်းဝတ်စုံများ၊ နောက်ဆုံးပေါ် ပွဲတက်ဝတ်စုံများ၊ ခေတ်မီဆန်းသစ်တဲ့ ဝတ်စုံများကို သရုပ်ဆောင်မော်ဒယ်လ်ပေါင်းများစွာနဲ့ ရင်သပ်ရှုမောဖွယ်ရာ ပြသခဲ့ပါတယ်။ ထို့အတူ ခင်လှိုင်၊ မျိုးမျိုးခိုင်၊ ပွင့်နဲ့ တက်သစ်စ သရုပ်ဆောင်ကလေးများရဲ့ ပျော်ရွှင်ဖွယ်ရာ စီစဉ်တင်ဆက်မှုတွေ ခင်းကျင်းခဲ့သလို အဲသည်နေ့က စာရင်းပေးသွင်းကြ၊ အလုပ်အပ်နှံကြသူ မင်္ဂလာမောင်နှံတွေ၊ Customer တွေကို အထူးဈေးနှုန်းတွေ သတ်မှတ်ပေးခဲ့ပါသတဲ့။ အစီအစဉ်တင်ဆက်သူတွေကတော့ တင်မိုးလွင်၊ စိန်လင်းနဲ့ ဇင်အောင်တို့ ဖြစ်ကြကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## Me & Ma Girl အဖွဲ့၏ စာနယ်ဇင်းတွေ့ဆုံပွဲ

Me & Ma Girl လို့ အမည်ပေးထားတဲ့ အဖွဲ့ဟာ မူလတုန်းက ငါးယောက်နဲ့ ဖွဲ့စည်းထားတာပါ။ ဒါပေမဲ့လည်း အဖွဲ့ဝင်တစ်ဦးဟာ မိသားစုအရေးကြောင့် အဖွဲ့ဝင်အဖြစ်ကနေ နုတ်ထွက်သွားတဲ့အတွက် ကျန်ရှိတဲ့ လေးယောက်နဲ့ပဲ Me & Ma Girl ကို ဆိုတက်သွားကြမှာပါ။

Me & Ma Girl အဖွဲ့ဟာ ၈-၇-၂၀၁၃ ရက်နေ့ နံနက် ၁၀:၀၀ နာရီက စာနယ်ဇင်းတွေ့ဆုံပွဲအဖြစ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel မှာ ကျင်းပခဲ့ပါတယ်။ သူတို့အဖွဲ့ဟာ LA ကို သွားရောက်ပြီး တစ်လကြာ သီချင်းသွားရောက် အသံသွင်းမယ့်အကြောင်း၊ မင်္ဂလာပါ စီးရီးက မင်္ဂလာပါသီချင်းကို E Version ပြောင်းပြီး I Tune မှ စတင်ရောင်းချခြင်း၊ LA ခရီးစဉ်မှ စက်ဘ်ပူနိုင်ငံမှာ အသံသွင်းထားတဲ့ Girl Strong သီချင်းကို MTV ရိုက်ကူးမယ့် အကြောင်း ရှင်းလင်းပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

## လင်းလင်း၏ သံမဏိလိပ်ပြာ တေးစီးရီးမိတ်ဆက်ပွဲ

တေးသံရှင်လင်းလင်းရဲ့ သံမဏိလိပ်ပြာ အမည်ရှိ တေးစီးရီးမိတ်ဆက်ပွဲကို ၉-၇-၂၀၁၃ ရက်နေ့ နေ့လယ် ၁၂:၀၀ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကို ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်တွေ စုံညီစွာတက်ရောက်ခဲ့ကြပြီး တေးသံရှင်လင်းလင်းကိုယ်တိုင် "ဒီတေးစီးရီးမှာ ကျွန်တော်ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုခဲ့တယ်။ လောဘကြီးတယ်လို့ ပြောရမှာပေါ့။ ဒီအခွေ စလုပ်ကတည်းက အောင်မြင်မယ်လို့ ယုံကြည်ထားတယ်"ဆိုပြီး ပြောကြားခဲ့တဲ့အကြောင်း သတင်းကြားသိခဲ့ရပါတယ်။

## သဘင်ပညာရှင်များ၏ (၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ

သဘင်ပညာရှင်များရဲ့ ၆ ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမမှာ ၂၈-၇-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁:၀၀ နာရီမှာ ကျင်းပပြုလုပ်ခဲ့ပါသတဲ့။

အခမ်းအနားဖြစ်မြောက်ရေးအတွက် သဘင်ပညာရှင် သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီမှ ဥက္ကဋ္ဌ ဦးချမ်းသာ၊ အတွင်းရေးမှူး ဦးမိုးမင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုနိုင်၊ ဘဏ္ဍာရေးမှူး ဒေါ်စန္ဒာဝင်းထွန်းတို့က ဦးဆောင်ကျင်းပခဲ့ပါတယ်။ ယခင်နှစ်တွေတုန်းက ရန်ကုန်တိုင်းဒေသကြီးကို အခြေပြုတဲ့ ၇၅ နှစ်နဲ့အထက် သက်ကြီးရွယ်အိုတွေကို ပူဇော်ကန်တော့ခဲ့ပါတယ်။ ဒါ့အပြင် အဲသည်ကန်တော့ပွဲကို အခြေပြုလို့ သဘင်ပညာရှင်များ ဘိုးဘွားရိပ်သာ တည်ထောင်ဖို့အထိ ရည်မှန်းထားရှိကြောင်းပါ ကြားသိခဲ့ရပါတယ်။

## ပန်းချီအောင်နိုင်မောင်၏ နဝမအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲ

ပန်းချီအောင်နိုင်မောင်ရဲ့ နဝမအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲ Myanmar Note 2013 ပန်းချီပြပွဲကို ဇူလိုင်လ ၁၅ ရက်မှ ၂၀ ရက်နေ့အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းမှာ ပြသခဲ့ပါတယ်။

အဲသည်ပြပွဲမှာ ပန်းချီကားပေါင်း ၃၂ ကားတိတိ ပြသထားပြီး။ မြန်မာမှုဆန်တဲ့ ရှုခင်းတွေ၊ ရုပ်သေးပုံတွေ ပါဝင်ကြပြီး ရောင်းဈေးနှုန်းကတော့ ဒေါ်လာ ၂၀၀ ကနေ ၁၅၀၀ ဝန်းကျင်ဖြစ်တဲ့အကြောင်း သတင်းရရှိခဲ့ပါတယ်။

**အမိဇေ**





www.burmeseclassic.com

www.burmeseclassic.com




## နည်းတောင် နည်းသေးတယ်

၁၅၀၀ တန် ဖုန်းကို ဖွင့်လျက် ကိုချက်ကြီးတစ်ယောက် သူ့မိတ်ဆွေထံ ဆက်သွယ်စကားပြောနေသည်။

"သူငယ်ချင်းရေ ... ကိုယ်စောစောက တွေ့လိုက်ရတဲ့ မိန်းမကွာ၊ တကယ့်ကို အပေါက်အစပ် ဆိုးတာပဲ"

"ဘယ်လို ဆိုးတာတဲ့တုံး"

"ဘယ်လိုဆိုးလဲဆိုကွာ .. ကိုယ့်ကိုပြောလိုက်တာများ နင်ပဲခဆနဲ့ ကက်ကက်ကိုလန်လို့ပဲ။ ပါးဆွဲရိုက်မယ်လေး ဘာလေးတောင် လုပ်သေးတာ"

"နေပါဦး ... မင်းနဲ့သူက ဘယ်လိုလုပ်ပြီး ဆုံကြတာတဲ့လဲ"

"ဘယ်လိုလုပ်ဆို ... ငါစီးလာတဲ့ စက်ဘီးလက်ကိုင်နဲ့ သူ့ခါးကို ပွတ်တိုက်သွားလို့ပေါ့ကွာ"

"သေချင်းဆိုး .. လဲသေလိုက်ပါတော့လား"

• • •

## လွန်သွားပြီ

ကားအမောင်းသင်ခါစ လူတစ်ယောက်သည် ရပ်ကွက်တစ်ခုအတွင်းသို့ မောင်းဝင်လာခဲ့ရာ လမ်းအကွေ့တစ်နေရာ၌ မမျှော်လင့်ဘဲ လမ်းပေါ်ဖြတ်တက်လာသည့် ဝက်တစ်ကောင်အား ဝင်တိုက်မိသွားသည်။ အရှိန်အနည်းငယ်ပြင်းသည့်အတွက် ဝက်မှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်ရင်း ငြိမ်ကျသွားလေ၏။

ထိုစဉ်မှာပင် ဝက်ပိုင်ရှင်ရောက်လာ၏။ ထိုအခါ ကားမောင်းသူလည်း ပျာပျာသလဲဖြင့် တောင်းပန်ရှာလေ၏။

"တောင်းပန်ပါတယ် နောင်ကြီးရယ်။ တမင်တကာ တိုက်တာမဟုတ်ရပါဘူး။ မမျှော်လင့်ဘဲ ဖြစ်သွားရတာပါ။ အဲသည်နောင်ကြီးရဲ့ဝက်အတွက် ကျွန်တော်ဘာများလုပ်ပေးရပါမလဲ"

"ဘာမှလုပ်မနေနဲ့။ ဝက်က သေသွားပြီ။ သည်အခြေအနေရောက်မှတော့ ခင်ဗျားအနေနဲ့ ဘာများလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်မှာတဲ့တုံး။ ကျုပ်က သည်ဝက်မကို ဒီဇာတ်ဖို့ရာအတွက် ဝက်သိုးပိုင်ရှင်နဲ့တောင် ချိတ်ထားပြီးပြီ"

"အယ် ..."

● ● ●

## ကိုယ့်ရှူး ကိုယ်ပတ်

လမ်းထိပ်အုတ်ခုံဝန်းကျင်၌ ကလေးငယ်တစ်သိုက် အော်ဟစ်ငြင်းခုံနေကြလေရာ ထိုနေရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုသူ ရောက်သွားလေ၏။

"ဟေ့ ... ဟေ့ .. ကလေးတွေ၊ တော်ကြစမ်း၊ ရပ်ကြစမ်း။ ဘာဖြစ်လို့များ ဒီလောက်တောင် အော်ဟစ်ငြင်းခုံနေကြရတာတဲ့လဲ"

ဤတွင် လည်လည်ဝယ်ဝယ်ရှိလှသော ကလေးတစ်ဦးက –

"ဒီလိုပါ ဘကြီးရယ်။ ကျွန်တော်တို့အုပ်စု စောစောက လမ်းမှာ ဘယ်သူကျကျန်ရစ်ခဲ့တယ်မသိဘူး။ ငွေငါးရာတန်တစ်ရွက် ကောက်ရတယ်ခင်ဗျ။ ကျွန်တော်တို့က ခုနစ်ဖယောက်ဆိုတော့ ဝေယူလို့လည်း တည့်မှာမဟုတ်ဘူး။ အဲဒါကြောင့် ဟောဒီငွေငါးရာစလုံးကို လိုချင်ရင် အားလုံးယုံအောင် လိမ်ညာမုသားစကား ပြောရမယ်ဆိုပြီး ငြင်းနေကြတာပါ ဘကြီး"

ဟု ရှင်းပြလိုက်၏။

"အောင်မယ်လေး ... လေး .. ကွယ်။ မင်းတို့ရဲ့ အသက်အရွယ်ကလေးနဲ့များ လိမ်ညာမုသားစကားလေး ဘာလေးနဲ့ တကတဲ .... ကြီးကြီးကျယ်ကျယ်။ ငါဆို မင်းတို့အရွယ်တုန်းက လိမ်ညာမုသားစကားဆိုတာ ဘာမှန်းတောင်သိတာ မဟုတ်ဘူး"

"ဟာ .. ဒါဆိုရင် ဘကြီး ဟောဒီ ငါးရာစလုံးကို ...ရက်ပါတော့"

"...ာ ... ဘာဖြစ်လို့ ယူရမှာလဲ"

"...ဖြစ်လိုဆို ဘကြီးက ကျွန်တော်တို့အားလုံး ယုံအောင် ပြောတတ်...ပါပဲ"

"အဲ ... သေရောကွာ"

● ● ●

## ခုမှ လိုလို့

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးခန်းသို့ အသက် ၅၀ ခန့် အမျိုးသမီးကြီးတစ်ဦး ဝင်လာသည်။ ဤတွင် ဆရာဝန်က ထိုင်ရာညွှန်ပြလိုက်ပြီး ...

"ကိုင်း ... ပြောပါ။ ဘာတွေ ဘယ်လိုဖြစ်လာပါသလဲ"

"ဒီလိုပါ ဆရာ။ ပြီးခဲ့တဲ့ တစ်ပတ်က ကျွန်မလေ လက်စွပ်တစ်ကွင်းကို လည်ချောင်းထဲ မျိုချမိလို့ပါ"

"ဟာဗျာ .. အဲဒါမျိုးက ဖြစ်ဖြစ်ချင်းလာတာ အကောင်းဆုံးဗျ။ အခုတော့ တစ်ပတ်တောင်ရှိသွားပြီ။ ခုမှလာရအောင် ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေဖြစ်ဆို ခုမှ ငွေက အရေးတကြီးလိုအပ်နေလို့ပါ ဆရာရယ်"

"မြတ်စွာဘုရား ..."

● ● ●

## ရွှေနေတောင်မှ စိတ်ညစ်တယ်

ကားခိုးမှုဖြင့် အချုပ်ကျနေသော တရားခံအတွက် အာမခံရရေး၊ အချုပ်မှလွတ်မြောက်ရေးအတွက် ရွှေနေကြီးဦးနက်ပြောင်၏ ရုံးခန်းသို့ တရားခံ၏ဇနီးဖြစ်သူ ရောက်ရှိလာပြီး အမှုအခင်းနှင့် ပတ်သက်ပြီး ဆွေးနွေး၏။



www.burmeseclassic.com

ရွှေနေ ။ ။ အမှုသွား အမှုလာအရဆိုရင် ခင်ဗျား ယောက်ျားရဲ့ အခြေအနေက မဆိုးပါဘူး။ အရေးကြီးတာက အမှုလိုက်ခကို အကျေ အလည် ပေးဖို့ပဲ။

မိန်းမ ။ ။ သည့်အတွက်တော့ မပူပါနဲ့ဆရာ။

ရွှေနေ ။ ။ ဒါဆိုရင် ... ရွှေနေကိုယ်စားလှယ်လွှဲစာ အတွက် အခုပဲ အကျေအလည်ပေးတော့ မယ်ပေါ့ ဟုတ်လား။

မိန်းမ ။ ။ အဲ ... ခဏနေပါဦးလား။

ရွှေနေ ။ ။ ဘာဖြစ်လို့လဲဗျ။ ခင်ဗျားပဲ မပူနဲ့လို့ ပြောပြီး။

မိန်းမ ။ ။ သဘောပေါက်ပါတယ် ဆရာ။ ကျွန်မ ယောက်ျားခိုးထားတဲ့ကားကို ဈေးဆိုင်နေ တုန်းမို့ပါ။

ရွှေနေ ။ ။ ဟောဗျာ ...။

● ● ●

## မအူမလည်

စာရေးဆရာများ စုဝေးဝိုင်းဖွဲ့လေ့ရှိသည့် လေအန် ကုန်းသို့ နယ်မှ ကဗျာဆရာတစ်ဦး ရောက်ရှိလာရာ စာပေ သမားများအားလုံးက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြ သည်။ ဤတွင် ကဗျာဆရာက –

"ကျွန်တော် ကဗျာတွေရေးလာခဲ့တာ အများကြီးပဲ။ အဲသည်ထဲက တချို့ကို ရောင်ပြန်မဂ္ဂဇင်းဆီ ပို့ချင်တယ်။ အဲသည်မဂ္ဂဇင်းတိုက်ရှိရာကို လမ်းညွှန်ပေးပါလားခင်ဗျာ"

"ဩော် ... ဟုတ်လား။ မခက်ပါဘူး။ သည်လမ်း အတိုင်း ထောင်တက်သွားပြီး အပေါ်ဆုံးဘလောက်ရောက် တဲ့အခါ ဘယ်ဘက်ကိုချိုး၊ ၃၆ လမ်းထဲရောက်တဲ့အခါ တန်းသာဝင်သွား"

"ဟုတ်ပြီ"

"အင်း ... အဲသည်မှာ ညာဘက်အခြမ်းကိုပဲ ကြည့်။ ထားဝယ်ဗီဒီယိုရုပ်ရှင်ထုတ်လုပ်ရေး ဆိုင်းဘုတ်ကို တွေ့လိမ့်မယ်"

"ဟုတ်ကဲ့"

"အဲဒါနဲ့ ကပ်လျက်ဟာ ရောင်ပြန်မဂ္ဂဇင်းတိုက်ပဲ လေ"

"ဟုတ်လား ... ဒါထက် ထားဝယ်ဗီဒီယိုထုတ်လုပ် ရေးဆိုတာ ..."

"ရောင်ပြန်မဂ္ဂဇင်းနဲ့ ကပ်လျက်ပဲလေ"

"ဟောဗျာ ..."

နယ်ကဗျာဆရာကလေးခမျာ ကြောင်တိကြောင် တောင် ဖြစ်သွားလေ၏။

● ● ●

## စေတနာပိုသည်များရယ်ကွယ် ...

သားအမိသားအဖ သုံးယောက်၏ ထမင်းဝိုင်းတွင် ဖြစ်၏။

သူတို့သုံးယောက်စလုံး ကြက်သားဟင်းဖြင့် မြိန်ရေ ရှက်ရေစားနေကြသည့်အခိုက် သားဖြစ်သူက ဟင်းပန်းကန် ထဲမှ လည်ချောင်းရိုးကို ခပ်ယူလိုက်၏။ ဤတွင် မိခင်ဖြစ် သူက ...

"ဟဲ့ ... သား၊ အဲဒါအရိုးလေ။ သွားမကိုက်နဲ့။ အရိုးဆိုတာ ခွေးပဲကိုက်ရတာ။ သားရဲ့သွားလေးတွေ ကျိုး ပဲ့သွားရင် မခက်ပါလား"

"ဟင်းချက်ထားတာပဲ အမေရယ်"

"မကိုက်နဲ့ဆို မကိုက်နဲ့။ အသားတုံးပဲ ခပ်ထည့် စား"

"ဒါဖြင့် ဒီလည်ချောင်းရိုးကို ဘာလုပ်ရမှာလဲ"

"အမေလေးကွယ် ... လွယ်တာကို ခက်အောင် လုပ်နေပြန်ပါပြီ။ သားအဖေရဲ့ ပန်းကန်ထဲကို ထည့်လိုက် ပေါ့ကွယ်"

● ● ●

## မလွဲတလွဲ

သူငယ်ချင်းနှစ်ဦး လမ်းတွင်ဆုံမိကြ၏။

"ဟေ့ ... ဂျက်၊ မင်းအခု ဘာလုပ်နေလဲ"

"အလုပ်မရှိလို့ကွာ ... ငါအခု စန္ဒရားတီးသင်တန်း တက်နေတယ်"

"ဩော် ..."

နောက်တစ်လလောက်ရှိသော် သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်တွေ့မိကြပြန်၏။

"ဟေ့ . . . ဂျက်၊ စန္ဒရားတီးသင်တန်းတတ်တာ အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွာ။ ဒါပေမဲ့ အလုပ်တော့ မရသေးဘူး။ ဒါကြောင့် တယောထိုးသင်တန်း ထပ်တက်နေတယ်"

"ဪ . . ."

နောက်တစ်လလောက်ရှိသော် သူတို့နှစ်ယောက် ပြန်လည်ဆုံတွေ့မိကြပြန်၏။

"ဟေ့ . . . ဂျက်၊ ဘယ်လိုလဲဟေ့"

"အေး . . . ဝမ်းသာစရာပဲကွ။ ငါအခု အလုပ်ရသွားပြီ"

"ကောင်းတာပေါ့ကွာ။ ဘယ်တီးဝိုင်းမှာ အလုပ်ရတာလဲ"

"ဘုရားကျောင်းမှာ ခေါင်းလောင်းထိုးတဲ့အလုပ်လေ"

"အင် . . ."

• • •

## သိပ်မှန်တဲ့ အဖြေ

စိတ်ရောဂါအထူးကုဆရာဝန်ကြီး ထိုင်သည့် ဆေးခန်းသို့ လူနာတစ်ဦး ဝင်လာ၏။ လူနာ၏အသွင်မှာ သပ်သပ်ရပ်ရပ်နှင့်။

ဆရာဝန်ကြီးလည်း လူနာ၏အခြေအနေကို မသိမသာ အကဲခတ်လိုက်ပြီး သည့်နောက် မေးခွန်းတစ်ခု မေးလိုက်လေ၏။

"မောင်ရင့်ကို ဆရာကြီးတစ်ခုလောက် မေးချင်တယ်"

"မေးပါ ဆရာကြီး၊ မေးပါ။ 'အမေးနွားကျောင်း အဖြေဘုရားလောင်း' ဆိုတဲ့စကားလည်း အရှိသားပဲ။ ဆရာကြီးမေးတာ အဖြေပေးရမှာပေါ့"

လူနာ၏စကားကြောင့် ဆရာဝန်ကြီး တွန့်ခနဲဖြစ်သွား၏။ သို့သော် မသိလိုက် မသိဘာသာလုပ်ရင်း . . .

"အင်း . . . မေးချင်တာက ၁၀၀ ထဲကနေ ၁၀ နုတ်ရင် ဘယ်လောက်ကျန်မလဲ"

"ဟား . . . ဟား . . ဟား . . . ဆရာကြီးရယ်၊ ဒီလောက်လွယ်တာလေးများ မေးရတယ်လို့။ သူငယ်တန်းကလေးတောင် သိတဲ့ဥစ္စာ"

"ကဲပါလေ . . . ဆရာကြီးမေးတာ အဖြေပေးပါဦး"

"ဒါဆိုလည်း ဖြေရတာပေါ့လေ။ သုည(၀)တစ်လုံးပဲ ကျန်တာပေါ့ . . . ဟုတ်ဘူးလား"

"အယ် . . ."

• • •

## အပြန်အလှန်

သိပ်မျက်နှာကြောမတည့်သော အိမ်နီးချင်းနှစ်ယောက် ကိုယ်စီ ခြံထဲမှအထွက်တွင် ဆုံမိကြသည်။

"ဗျို့ . . . ကိုညွှန့်တင်၊ မပြောမဖြစ် ပြောရဦးမဗျာ။ တောင်းပန်စကားပေါ့"

"ဘာများ တောင်းပန်ချင်လို့တုံး ကိုဝင်းမောင်ရယ်"

"ဒီလိုပါဗျာ။ ကျွန်တော့်အိမ်က ကြက်မကြီးလေ၊ ခင်ဗျားရဲ့ခြံထဲဝင်ပြီး ပန်းပင်တွေကို မွစာကြဲနေအောင် ယက်သွားတဲ့အတွက် တောင်းပန်ချင်တာပါ"

"ကိစ္စမရှိပါဘူး။ တောင်းပန်ခြင်းတောင်းပန် ကျွန်တော်ကသာ ခင်ဗျားကို တောင်းပန်ရမှာပါ"

"အဆန်းပါပဲလား။ ဘာဖြစ်လို့ တောင်းပန်ရမှာတဲ့တုံး"

"ဘာဖြစ်လို့ဆို . . ခင်ဗျားရဲ့ကြက်မကြီးကို ကျွန်တော့်ခွေး ဘော်ဘီက ကိုက်သတ်ပစ်လိုက်လို့ပေါ့။ စိတ်မဆိုးပါနဲ့ဗျာ . . . နော"

"အိုး . . . နိုး ပရော်ဗလမ်ပါဗျာ။ ဒါဆိုလည်း တစ်ဆက်တည်းပဲ ပြောရဦးမယ်"

"ဘာများလဲ"

"ဪ . . . ဘာများလဲဆို ခင်ဗျားခွေးကို ကျွန်တော် အမဲတုံးပစ်ကျွေးခဲ့ပြီးလို့လေ"


"အမယ်လေးဗျာ . . ."

*မြို့မေတ္တာခံယူမယ့်*

■ ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com



# ကျိုန်းသေပဲ

## ထက်အောင်ထူး

ဘဏ်အတွင်း ငွေများဖောက်ထွင်း အခိုးခံလိုက်ရသဖြင့် ဘဏ်မန်နေဂျာသည် သက်ဆိုင်ရာကို တိုင်ကြားပြီးနောက် အမှုအမြန်ပေါ်စေရန် အလွတ်စုံထောက်များ ငှားရမ်းထားလိုက်၏။ ဘဏ်သို့ ငှားရမ်းထားသော အလွတ်စုံထောက် ဆရာတပည့်နှစ်ဦး ရောက်လာကာ ဘဏ်မန်နေဂျာနှင့် တွေ့ဆုံပြီး အဖောက်ခံရသောအခန်းကို လေ့လာ၍ သဲလွန်စရှာဖွေရန် မန်နေဂျာအား ပြော၏။ မန်နေဂျာလည်း အဖောက်ခံရသော အခန်းကို လိုက်လံပြသသည်။

"အဖောက်ခံရတာ ဟောသည် ရုံးခန်းပဲ"

စုံထောက်နှစ်ယောက်သည် ရုံးခန်းအတွင်း ဆယ့်ငါးမိနစ်ခန့် လေ့လာပြီးနောက် ပြန်ထွက်လာကြသည်။ ပြီး မန်နေဂျာနှင့် တွေ့ဆုံသည်။ မန်နေဂျာက –

"ဘယ့်နှယ်လဲ ဆရာတို့"

စုံထောက်တပည့်ဖြစ်သူမှာ သူ့ဆရာအား တစ်ချက်ကြည့်လိုက်ပြီး ဟန်ပါပါနှင့် ...

"ဒီကိစ္စဟာ အတွင်းလူပဲ ဖြစ်လိမ့်မယ်။ ကျိန်းသေပဲ ..."

ဆရာလုပ်သူမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အင်း ... ငါ့တပည့် တော်တော် တိုးတက်လာပြီ။ တစ်ခုတော့ ကျန်သေးသကွ။ တရားခံက အပြင်လူဆိုရင် စာလုံးဝမတတ်ဘူး ... ကျိန်းသေပဲ ..."

မန်နေဂျာက အားရဝမ်းသာနှင့်

"ဒါဆို တရားခံကို မိတော့မှာပေါ့နော်။ ဝမ်းသာလိုက်တာ ဆရာတို့ရယ်။ ဒါနဲ့ ဘယ်လိုကြောင့် အဲသလို ပြောနိုင်တာလဲ ဟင် ..."

စုံထောက် ဆရာတပည့် နှစ်ဦးလည်း ဟန်ပန်အမူအရာ ခပ်ကြွားကြွားနှင့် ရုံးခန်းဝရှိ ရေးထားသော စာတန်းအား လက်ညှိုးပြိုင်တူ ထိုးပြလိုက်၏။


"အပြင်လူ မဝင်ရ"

ထက်အောင်ထူး



www.burmeseclassic.com

www.burmeseclassic.com




# ငြိမ်းချမ်းရေး

ပိုက်မင်းဝေ

ရပ်ကွက်ထဲတွင် နေ့စဉ် တကျက်ကျက် ရန်ဖြစ်စကားများသော ဖနီးမောင်နှံတစ်စုံ ရှိလေ၏။ ယောက်ျားလုပ်သမှု မျက်စိဒေါက်ထောက်ကြည့်နေပြီး ပွစိပွစိ ပြောတတ်လွန်းသောကြောင့် နားငြီးမခံနိုင်သဖြင့် နေ့စဉ်နေ့တိုင်း ရန်ဖြစ်လေ့ရှိသည်။

တစ်နေ့ ထိုဇနီးမောင်နှံ အပျော်ခရီးထွက်ရာ ကားအက်စီးဒင့် ဖြစ်၍ ဆေးရုံတက် ကုသလိုက်ရသည်။ ဆေးရုံမှ နှစ်ဦးလုံး ပြန်ဆင်းလာပြီးသည့်နောက်တွင် ဇနီးမောင်နှံမှာ ရန်ဖြစ်စကားများခြင်း အလျဉ်းမရှိတော့ပေ။

အဘယ်ကြောင့် ဆိုသော် ယောက်ျားဖြစ်သူမှာ နားလေးသွားပြီး မိန်းမဖြစ်သူမှာ မျက်စိမှုန်သွားခြင်းတို့ကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# မဖတ်ဖြစ်သေးရင် ဖတ်ထားပါ

ထွန်းအောင်ရှင်

ကျွန်တော် ရန်ကုန်မှ မန္တလေးသို့ တာဝန်တစ်ခုဖြင့် ခရီးထွက်ခဲ့သည်။ ရန်ကုန်နယ်နိမိတ်ကို ကျော်တော့ အသင့်ပါလာသော မဂ္ဂဇင်းစာအုပ်ကို ထုတ်၍ဖတ်သည်။ အမေရိကန်နိုင်ငံသွား ခရီးသွားဆောင်းပါးကို အရင်ရွေး၍ ဖတ်ဖြစ်သည်။ ဆောင်းပါးထဲမှ အကြောင်းအရာမျိုးစုံက စိတ်ဝင်စားဖွယ် ကောင်းလွန်းနေ၏။ ဆောင်းပါးရှည်ကြီးဆုံးမှ စာအုပ်နှင့် မျက်နှာကို ခွာတော့သည်။

"ဒကာကြီး ... ဘာစာအုပ်မို့လို့ ဒီလောက်တောင် သဲသဲမဲမဲ ဖတ်နေရတာလဲ"

မိမိထိုင်ခုံနှင့် ဘေးချင်းကပ်လျက်မှ ခရီးသွားဦးဇင်းကြီးဟာ ခပ်ပြုံးပြုံးမျက်နှာဖြင့် မေးလာသည်။

"မဂ္ဂဇင်းစာအုပ်ပါ ဘုရား"

"ဒကာကြီးက စာဖတ်ဝါသနာတော်တော်ပါတယ်နဲ့ တူတယ်"

"တင်ပါ့ဘုရား .. စာမဖတ်ရရင် မနေနိုင်အောင်ပါ ဘုရား"

"စာဖတ် ဝါသနာပါတာက တော့ ကောင်းပါတယ်။ နို့ ... ဘယ်လိုစာမျိုးတွေကို ဖတ်သလဲ"

"ခရီးသွားဆောင်းပါးတွေဆို မလွတ်တမ်း ဖတ်ဖြစ်ပါတယ် ဘုရား"

"တကယ်လို့များ .. ဒကာကြီး ကိုယ်တိုင် ခရီးသွားရမယ်ဆိုရင် ဘယ်လိုခရီးမျိုးကို သွားချင်ပါမလဲ"

"တပည့်တော် မရောက်ဖူးသေးတဲ့နိုင်ငံတွေကို သွားချင်ပါတယ်ဘုရား"

"သွားဖို့ရော အစီအစဉ်တွေ ရှိသလား"

"တပည့်တော်ရဲ့ လက်ရှိအခြေအနေက လက်တွေ့သွားနိုင်လောက်တဲ့ ဘဝမျိုး မဟုတ်ပါဘူး ဘုရား"

"ဒါဖြင့် ခရီးသွားဆောင်းပါးတွေကို ကြိုတင်လေ့လာထားတာက"

"တကယ်လို့များ အကြောင်းတိုက်ဆိုင်လို့ သွားရမယ်ဆိုရင် ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေအောင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားချင်လို့ပါ"

"ဟုတ်ပါပြီ ဒကာကြီးရယ် ..။ ဒကာကြီးအပါအဝင် လူတိုင်းဟာ တစ်နေ့နေ့မှာ ကိုယ်မရောက်ဖူးတဲ့နိုင်ငံကို သွားရဖို့ အဲဒီခရီးစဉ်အတွက် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်ထားသင့်တယ်။ အဲဒီခရီးကမှ တကယ်နိုင်ငံခြားခရီးအစစ် ဖြစ်ပေတယ်။ ပြန်လာလို့မရနိုင်တော့တဲ့ ခရီးအတွက် မွေးလာစကတည်းကကို ဗီဇာလက်မှတ် ရထားပြီးသား ဖြစ်တယ်"

"ဘယ်လို ခရီးစဉ်မျိုးပါလဲ ဘုရား"

"နောင်တမလွန်နိုင်ငံကို သွားရမယ့် မရဏာခရီးစဉ်ပေါ့ ဒကာ။ အခမဲ့ကို သေမင်းကြီးက ပို့ပေးနေတာ။ ဘယ်တစ်ဦးတစ်ယောက်မှ မသွားချင်လို့မရတဲ့၊ ဘယ်ငွေကြေးဥစ္စာ ရာထူးဂုဏ်အရှိန်အဝါတွေနဲ့ တားလို့မရတဲ့ ခရီးကြီးပေါ့။ အဲဒီခရီးကို သွားတဲ့အခါမှာ ဘာတွေလိုအပ်တယ်၊ ဘယ်လိုပြင်ဆင်ထားသင့်တယ်ဆိုတာကို ဒကာကြီး လေ့လာထားဖူးပါသလား"

"မလေ့လာဖြစ်သေးပါဘူး ... ဘုရား"

"လူတိုင်း ကြိုတင်လေ့လာထားရမယ့် ခရီးသွားလမ်းညွှန်ကြီးကို ဦးဇင်းတို့ရဲ့ မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါတယ်။ တရားစာအုပ်တွေကို များများဖတ်ဖြစ်ရင်းနဲ့ စိတ်ကူးနဲ့သွားမယ့် လောကီခရီးစဉ်ထက် တကယ်သွားရမယ့် လောကုတ္တရာ ခရီးစဉ်အတွက် ပို၍ စိတ်ဝင်စားဖို့ မသင့်ပေဘူးလား ဒကာကြီးရယ်"

"တင်ပါ့ဘုရား ... လက်ခံပါတယ် ဘုရား"

"သာဓု ... သာဓု ... သာဓုပါ ဒကာကြီး"


(အသေမဦးခင် ဉာဏ်ဦးကြပါစေ ...။)

ထွန်းအောင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



# ကျားရှေ့

ရေကျော်စိုးအောင်

ဗျတ်သမားလူမိုးဆိုတာ ဖဲနဲ့ပတ်သက်ရင် ဗိုလ်မထား။ ဖဲတစ်ထုပ်ကို ကြည့်မိတာနဲ့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ သိနေပြီးသား။ သည်အထိ ဖဲကျွမ်းတဲ့ လူမိုး။

ဖဲအပြန်အလှန်ချိုးရင်း၊ ကုလားဖန်ထိုးရင်း၊ ဖဲဝေရင်းနဲ့ မိမိလိုရာဖဲကို ဆွဲယူသွားလိုက်တာများ၊ လက်ကလေးတွေဆိုတာ ယိုးဒယားအက ကနေသလိုပါပဲ။ ဖဲဝေပြီးတာနဲ့ ဘယ်သူ့အိမ် ဘာဖဲကျမယ်ဆိုတာ ဗေဒင်မေးစရာမလိုတဲ့ အထိ တိကျတဲ့ လူမိုး။ သည်အထိ ကျွမ်းကျင်တာ။

လူငါးယောက် ဖဲကစားကြတာက ကိုးမီးဝိုင်း၊ ချိုးလက်၊ လက်သန်းကလူက လူမိုးလူ။ နာမည်ကလည်း ကြည့်ဦး။ လူမိုး၊ မြမိုးတဲ့။ 'လိုက်လည်းလိုက်တဲ့ ဆရာတပည့်၊ သူတို့နှစ်ယောက်ကို ဘယ်အခါကြည့်ကြည့် ကော်လံကတုံးနဲ့ လူကြီးလူကောင်းဟန်အပြည့်၊ ဖဲသမားလို့ ထင်ရက်စရာ မရှိ။

လောကဆိုတာ အခက်သားကလား။ သူ့ထက်သူ လူစွမ်းကောင်းတွေက အပုံအပင်။ ယုံချင်စရာတောင် မကောင်း၊ လူမိုးတို့နေတဲ့ နေရာက သံပုံချိုင့်၊ နေတာက လူအမျိုးစုံ။ ခေတ်အခါကလည်း နှစ်အားဖြင့် ၁၉၅၂၊ ၅၈ ဝန်းကျင်တွေမှာပါ။

ဒီအချိန်တွေမှာ အသုဘရှိပြီဆို ခုနစ်ရက်၊ ခုနစ်လီ ဝိုင်းက စည်မှစည်။ အနယ်နယ်အရပ်ရပ်က ဉာဏ်သမားတွေ လာမှလာ၊ အသုဘရှင်ရတဲ့ အကောက်ငွေက အလျှံပယ်၊ သည်တော့ ရက်လည်မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြိုက်ရာကျွေးပြီးလို့ ပင့်သံဃာများကိုတောင် လှူဖွယ်ပစ္စည်းက အလျှံအပေါ။

သံပုံချိုင့်ဝှမ်း အသုဘရှိတော့ လူမိုးနဲ့ မြမိုးက အကြိုက်။ အိမ်ရှင်ဖြစ်တဲ့ အသုဘရှင် ဦးမြရဲ့အစ်ကို ဦးလှက လာသမျှသည့်သည်များကို မဖိတ်ခေါ်လို့ကမဖြစ်။ သူစိမ်း၊ သူကျက် ရွေးနေ၍ကလုံးဝမရ၊ ဖြစ်ချင်တော့ အသုဘရှင် ဦးလှရဲ့မိတ်ဆွေ ဦးပွကလည်း တောသူဌေးဆိုလား ဘာလား မသိ။ လွယ်အိတ်တစ်လုံးလွယ်လို့၊ လွယ်အိတ်ထဲမှာက ထောင်မလဲ သဲကော် ရာတန်ဒေါင်းတံဆိပ်တွေက ဖွေးဖွေးလှုပ်ပေါ့ စပါးဝယ်ဖို့ ငွေချေဖို့ဆိုလားပဲ။ ငွေတွေမြင်ထားတဲ့ လူမိုးက ငွေအပြည့်ရှိနေတဲ့ ဦးပွမခံချင်အောင်

"ကိုင်း ကိုင်း .. ကြိုက်သလောက်ထိုး၊ မကျေနပ်ရင် အိမ်တိုင်ချုတ်ထိုးလို့ရတယ်။ လူပါထွက်ထိုင် မပယ်ရေးချမပယ်"

ဆိုတဲ့ လေသံကပြင်းပြင်း၊ ဆိုတော့ ဦးပွက မကြားဟန်ပြုနေခဲ့ချိန်မှာ ထပ်ပြီး ...

"ဟိုဘကြီး ... ဝါသနာပါရင် ဝင်ကစားပါလား၊ ကြိုက်ထိုးကြိုက်ခံ အပယ်မရှိဘူး။ ဘက်တူရင် ပြိုင်စံမရွေးတဲ့ လူမိုး"

ဟုပင် တစ်ဖက်သားမခံချင်အောင် အချဉ်ဖမ်းနေတာ နားငြီးလို့ ဦးပွက ဒီလိုဆို အဘလည်းဝင်နွဲရတာပေါ့ဟု ပြောပြောဆိုဆို လက်သန်းထိပ်က ဝင်ထိုင်၊ ဖဲထိုးပြီးကစားတဲ့အခါ၊ ပထမထိုးသားတွေဆီကရထားတဲ့ ငွေနဲ့ ဦးပွငွေတွေက လူမိုးရှေ့ ဖွေးဖွေးလှုပ်ဖြစ်နေချိန်၊ နောက်တဖြည်းဖြည်း ဦးပွဘက်ကို ပုံပြောင်းသွားခဲ့ပါတယ်။

လူမိုးတစ်ယောက် ချွေးပြန်ရုံမျှမက ချွေးစေးတွေကလည်း ထွက်နေခဲ့ပြီး အိမ်ဂရန်ပါ ပေါင်ရတဲ့အထိ ဘဝပျက်ခဲ့ရပါတယ်။ ဉာဏ်သမားလူမိုးဘဝမှ၊ ကံသမားလူမိုး၊ ဘဝတစ်ကွေ့မှာ ရသေ့ဝတ်ခဲ့ရတဲ့အထိ နောင်တရခဲ့တာ တွေ့ရပါတယ်။

အမှန်က ဦးပွအမည်ခံ၊ ငါးမည်ရ ဖဲဝိဇ္ဇာ၊ ဖဲမှော်အောင်ထားတဲ့ ဦးပွကို မြန်မာတစ်ပြည်လုံး ဖဲသမားတိုင်းက ဆရာတင်ထားရတဲ့ ဖဲဂုရုဆိုတာကို ဉာဏ်သမားလူမိုး သိလိုက်မယ်ဆိုရင် ဦးပွနဲ့ အတူတူကစားဖို့ မဆိုထားဘိ၊ ဦးပွဆင်ထားတဲ့ ဖဲချပ်ကလေးတွေတောင် ကိုင်ကြည့်မှာမဟုတ်ဘူး။ ခုတော့လည်း ကျားရှေ့မှာမှ မှောက်လျက်လဲခဲ့ရခြင်းဆိုပြီး နောင်တများစွာရနေမယ်ဆိုတာ တကယ့်ကိုအသေအချာ။

ရေကျော်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိတ်အာရုံနှင့် မှုခင်းများ

ခင်မောင်ထွန်း(လမ်းမတော်)

မှုခင်းဖြစ်ပွားခဲ့၍ ရဲစခန်းများသို့ တိုင်ကြားခဲ့လျှင် ရဲတပ်ဖွဲ့ဝင်များက အမှုမှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးနေစဉ်ကာလတွင် အမှုတွင် အမှန်ကို ကူညီဖော်ထုတ်လို၍သော်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း၊ အမှုမှန်ပေါ်မည်ကို စိုးရိမ်၍ အမှုလမ်းကြောင်းလွှဲသွားစေရန်သော်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း သတင်းပေးဆက်သွယ်မှုများ အနှောင့်အယှက်ပေးမှုများ ရှိခဲ့ခြင်းကို မကြာခဏ ကြုံတွေ့ရပါတယ်။ စာရေးသူ ကြုံတွေ့ခဲ့ရမှုများထဲမှ အမှုတစ်ခုအကြောင်းကို စာဖတ်သူများ သိရှိခံစားနိုင်ရန် တင်ပြလိုပါသည်။

ရန်ကုန်မြို့အလယ် ကိုယ့်ဝင်း ကိုယ့်ခြံနှင့် နေကြသော ရပ်ကွက်မှ စက်ရုံပိုင်ရှင်တစ်ဦး၏ အိမ်တစ်အိမ်တွင် ဓားပြတိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ နာမည်ကျော် စက်ရုံပိုင်ရှင်သူဌေးမှာ ကွယ်လွန်သွားခဲ့၍ ဇနီးဖြစ်သူ 'ဒေါ်ခင်နှင်းရီ' က ဦးဆောင်ကာ စက်ရုံကို ဆက်လက်လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်ခင်နှင်းရီ အိမ်တွင် အရွယ်ရောက်နေသော ဘွဲ့ရသမီးတစ်ယောက်၊ အိမ်ဖော်နှစ်ယောက် အမျိုးသမီးစုစုပေါင်း လေးယောက်သာ နေထိုင်ကြပါတယ်။ စက်ရုံက အိမ်နဲ့ အလှမ်းဝေးပါတယ်။ ခြံအတွင်း နေ့ခင်းလာရောက်အလုပ်လုပ်သော ခြံသန့်ရှင်းရေးအလုပ်သမား၊ ပန်းဥယျာဉ်ပျိုးသူ၊ ယာဉ်မောင်းများ ပြန်သွားလျှင် ဖော်ပြပါ အမျိုးသမီးလေးယောက်သာ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။ ညပိုင်းရောက်လျှင် ခြံတံခါးကို သော့ခတ်၊ အိမ်မကြီးတံခါးကို သော့အသေအချာခတ်ပြီး လုံခြုံစွာနေသောအိမ် ဖြစ်ပါတယ်။ ဒါပေမဲ့ ခြံတံခါးကို သော့တူနှင့်ဖွင့်၊ ဝရန်တာ ကျော်တက်ကာ တံခါးကိုဖျက်၍ ဓားပြ(၅)ဦး အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။ အမျိုးသမီးအားလုံးကို မျက်နှာအဝတ်စည်း၍ မမြင်ရအောင်၊ မမှတ်မိအောင်လုပ်ပြီး စိန်ရွှေရတနာ စုစုပေါင်း ငွေကျပ် သိန်း(၅၀)ဖိုးခန့် ဓားပြတိုက်သွားခဲ့ကြပါတယ်။ အိမ်ရှင် ဒေါ်ခင်နှင်းရီက ဓားပြခေါင်းဆောင်ဟု ထင်ရသူက မီးခံသေတ္တာသော့ကို တောင်းစဉ် မျက်နှာကို အသေအချာကြည့်ပြီး လူပုံသဏ္ဌာန် မှတ်သားထားကြောင်း သိရပါတယ်။ ကျန်အမျိုးသမီးများက သဲကွဲစွာ မမြင်ရသောကြောင့် မမှတ်မိကြောင်းသာ သိရပါတယ်။

မြို့လယ်တစ်နေရာတွင် အမှုကြီးတစ်မှုဖြစ်သော ဓားပြမှု ဖြစ်ပွားခဲ့၍ ရဲတပ်ဖွဲ့ဝင်အားလုံး လှုပ်ရှားကြပြီး တရားခံကို အပူတပြင်း ရှာဖွေခဲ့ကြပါတယ်။ ဒေါ်ခင်နှင်းရီအိမ်တွင် ဓားပြမှုဖြစ်ကြောင်း မှုခင်းစာစောင်အချို့၌ သတင်းအဖြစ် ဖော်ပြပါရှိလာပါတယ်။ အမှုဖြစ်ပြီး ၅ ရက်ခန့်အကြာ ဒေါ်ခင်နှင်းရီထံသို့ စာတိုက်မှ အမြန်ချောပို့နဲ့ စာတစ်စောင် ရောက်လာပါတယ်။ စာထဲမှာတော့ ဒေါ်ခင်နှင်းရီ ဓားပြတိုက်ခံရတာ၊ တရားခံအားလုံးကို သိရှိကြောင်း၊ ပစ္စည်းများခွဲကြပြီး သူတို့ ဘယ်မှာနေတယ်ဆိုတာ သိရှိကြောင်း၊ ဒေါ်ခင်နှင်းရီကိုယ်တိုင်တွေ့ပြီးမှ ပြောပြလိုကြောင်း လာမည့် စနေနေ့ နံနက်(၅)နာရီ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အဓိပတိလမ်းဆုံ တက္ကသိုလ်ရိပ်သာလမ်းကို လာခဲ့စေလိုကြောင်း၊ ဒေါ်ခင်နှင်းရီက အနက်ရောင်ဝတ်စုံဝတ်ပြီး ပန်းအနီတစ်ပွင့် ပန်လာရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းတစ်ဦးကိုသာ ခေါ်လာစေလိုကြောင်း၊ ရဲကို လုံးဝအကြောင်းမကြားစေလိုကြောင်း၊ လူဆိုးများက ဒေါ်ခင်နှင်းရီကို နှုတ်ပိတ်ရန်လည်း အကြံအစည်ရှိကြောင်း ဆက်ဆက်လာရန် ရေးထားပြီး မမဒေါ်ခင်နှင်းရီရဲ့ကျေးဇူး တစ်ချိန်က ရှိခဲ့၍ ကျေးဇူးဆပ်သည့်အနေဖြင့် ရေးသားရကြောင်း စသည်ဖြင့် အမည်မဖော်ဘဲ ရေးသားထားပါတယ်။ စာကို ဒေါ်ခင်နှင်းရီက ရဲ၊ မြို့နယ်မှူးကို လျှို့ဝှက်ခေါ်ပြပါတယ်။ မြို့နယ်မှူးက ခေတ္တယူပြီး အဆင့်ဆင့် တင်ပြခဲ့ပါတယ်။

စာရေးသူမှာ ရန်ကုန်တိုင်းဒေသကြီး မှုခင်းများကြီးကြပ်ရသူ ဖြစ်သောကြောင့် စာရေးသူထံ ရောက်လာပါတယ်။ စာရေးသူကလည်း အထက်အရာရှိထံ တင်ပြပြီး ဒေါ်ခင်နှင်းရီကို သွားရောက်တွေ့ခဲ့ပါတယ်။

စာရေးသူက ရေးသားချက်ကို သံသယရှိကြောင်း ပြောပြရာ ဒေါ်ခင်နှင်းရီက အကျိုးအကြောင်း သိလို၍ ချိန်း



www.burmeseclassic.com

www.burmeseclassic.com

သည့်အတိုင်း သွားလိုကြောင်း ပြောပါတယ်။ စာရေးသူက ဒေါ်ခင်နှင်းရီကို လုပ်ကြံမည်၊ တစ်ခုခုဖြစ်မည် စိုးရိမ်ရသဖြင့် ကိုယ်တိုင်မလိုက်ဘဲ ဒေါ်ခင်နှင်းရီနဲ့ သဏ္ဌာန်တူသော အမျိုးသမီး ရဲအရာရှိတစ်ယောက်ကိုသုံး၍ ဆောင်ရွက်ကြည့်ချင်ကြောင်း ပြောပြရာ ဒေါ်ခင်နှင်းရီက စိတ်ဝင်စားကြောင်း၊ ကိုယ်တိုင်ပင် လုပ်ကိုင်လိုကြောင်း၊ ဖြစ်လာသမျှ ရင်ဆိုင်လိုကြောင်း ပြောဆိုပါတယ်။ စာရေးသူကိုယ်တိုင် ဦးစီးဆောင်ရွက်မည်ဟု ကတိပြုပြီး အသေးစိတ် အစီအစဉ် ရေးဆွဲရပါတယ်။ အမှုအတွက် အမှန်တရားကို သတင်းပေးသူ မဟုတ်ပါက ဒေါ်ခင်နှင်းရီကို လုပ်ကြံနှုတ်ပိတ်ရန် ဖြစ်ခဲ့လျှင် ရဲတပ်ဖွဲ့ဝင်များ တာဝန်သာ ဖြစ်ပါမည်။ စာရေးသူ ပေ့ါပေ့ါတန်တန် မလုပ်ရဲ၊ စိတ်အချရဆုံး၊ အလည်ဆုံး ရဲအရာရှိများ၊ အမျိုးသမီး ရဲအရာရှိများကို စုစည်း၍ အသေးစိတ် လျှို့ဝှက်စီစဉ် ဆောင်ရွက်ရပါတယ်။

ချိန်းဆိုထားသော စနေနေ့ နံနက်(၄)နာရီခွဲတွင် စာရေးသူက ယာဉ်မောင်းအသွင်ဆောင်ကာ အနီးကပ် လုံခြုံမှုပေးကာ ကွပ်ကဲမည် ဖြစ်ပါသည်။ ဒေါ်ခင်နှင်းရီအိမ်သို့ ယာဉ်မောင်းအသွင်ဆောင်၍ အရောက်သွားခဲ့ပါတယ်။ အသင့်ပြင်ထားသော ဒေါ်ခင်နှင်းရီက အိမ်ပေါ်မှ ဆင်းလာပါတယ်။ အနက်ရောင်ဝတ်စုံ ခေါင်းတွင် နှင်းဆီပန်းအနီတစ်ပွင့်၊ လက်ကိုင်အိတ်အနက်တို့ကို ကိုင်ထားပါတယ်။

စာရေးသူက မာစီဒီးကားအနက်ကို ဂိုထောင်မှ ထုတ်ကာ ဒေါ်ခင်နှင်းရီကို ရှေ့ခန်းမှာပင် ထိုင်စေပြီး ကားကို အင်းလျားမြိုင်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်းသို့ ချိုးကွေ့ကာ အဓိပတိလမ်းထိပ်သို့ မောင်းခဲ့ပါသည်။ စာရေးသူ၏ ပွိုင့်နှစ်ဆယ့်နှစ် ပစ္စတိုကို ကျည်ထည့်ကာ မောင်းထိန်းခလုတ်ကို ပိတ်ထားလိုက်ပြီး ကားထိုင်ခုံဘေး၌ ချထားပြလိုက်ပါတယ်။ နာရီကို ကြည့်လိုက်ရာ ၅ နာရီထိုးရန် ၅ မိနစ်ပဲ လိုတော့ပါတယ်။ စာရေးသူက ဒေါ်ခင်နှင်းရီကို သတိထားရန်နှင့် တံခါးကို စာရေးသူ သဘောတူမှဖွင့်ပြီး လမ်းပေါ်ဆင်းရန်၊ အရေးကြုံ ားပေါ်အမြန်တက်၍ တံခါးကို သော့ချပိတ်ထားရန် အ ပ် မှာရပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းဘေးဝဲယာ ပလက်ဖောင်းပေါ်တွင် စာရေးသူ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရဲအရာရှိများ လမ်းလျှောက်ဟန်ဆောင်နေသူ၊ အပြေးလေ့ကျင့်နေသူ၊ ပန်းသည်၊ ပေါက်စီသည် စသည်ဖြင့် အကွက်ကျကျ သွားလာလှုပ်ရှားနေကြသဖြင့် စာရေးသူ တပည့်များကို စိတ်ချမိတယ်။

ကားကို အဓိပတိလမ်းဆုံကိုကျော်ပြီး လမ်းဘေးကပ်၍ ရပ်လိုက်သည်။ အပြင်တွင် စီစဉ်ထားသော ရဲအရာရှိများ အသွားအလာသာ တွေ့ရပါတယ်။ အခြားလှုပ်ရှားမှု မတွေ့ရသေးပါ။

၅ မိနစ်ခန့်ကြာတော့ 'ဒေါ်ခင်နှင်းရီ ရောက်လာပြီကိုး၊ မျှော်လိုက်ရတာ ကျွန်တော် အားလုံးသိပါတယ်၊ ပြောပြပါ့မယ်' ဟု ဆိုပြီး လွယ်အိတ်ထဲ လက်နှိုက်လိုက်တာနဲ့ ပလက်ဖောင်းပေါ်၌ ရှိနေသော ရဲအရာရှိများ အပြေးအလွှား ရောက်လာပြီး ဝိုင်းချုပ်ထားလိုက်ပါတယ်။ စာရေးသူက ရဲစခန်း ခေါ်သွားပြီး စစ်ဆေးရန် မှာခဲ့ပါတယ်။

စာရေးသူ ဒေါ်ခင်နှင်းရီနဲ့ သူ့အိမ်ကို ခေတ္တဝင်ပြီး ရဲစခန်းကို လိုက်သွားကြပါတယ်။ စခန်းရောက်တော့ စခန်းမှူးက ထွက်လာပြီး 'ဆရာရေ ဒီကောင်က စိတ်ရောဂါဝေဒနာရှင်ပဲ၊ စိတ်ကျန်းမာရေးဆေးရုံက ထွက်ပြေးလာပြီး မှုခင်းစာစောင်ဖတ်တော့ ဒေါ်ခင်နှင်းရီ ဆိုတဲ့ နာမည်ဖတ်ရတာနဲ့ နာမည်လှလို့ စိတ်ဝင်စားပြီး အဆက်အသွယ်လုပ်လို့ရအောင် ရေးတာပါတဲ့၊ သူဘာမှမသိပါဘူးတဲ့၊ ကြည့်ရတာတော့ စိတ်မှန်ပုံမရဘူးဆရာ'

'ကျွန်မနာမည် လှလို့တဲ့တော်၊ တော်တော်ဆိုးတဲ့ ကောင်လေးပဲ' ဟု ဒေါ်ခင်နှင်းရီက ဆိုပါတယ်။

ဒေါ်ခင်နှင်းရီရော စာရေးသူတို့ပါ ငိုအားထက် ရယ်အားသန်ကြရပါတယ်။ သူက နာမည်ကိုကြည့်ပြီး စိတ်ဝင်စားပေမယ့် ဒေါ်ခင်နှင်းရီက အသက် ၆၀ ကျော်အရွယ် ရှိနေတဲ့ လူကြီးတစ်ယောက်ဆိုတာ သိပုံမပေါ်ဟု စာရေးသူစိတ်ထဲမှ ပြောရင်း ပြုံးမိပါသည်။ လူ့စိတ်သည် အမှန်းရအခက်သားပင်။ စိတ်ရောဂါဝေဒနာရှင်တစ်ဦး၏ ဆောင်ရွက်ချက်ကြောင့် ကာယကံရှင် ဒေါ်ခင်နှင်းရီနှင့် ရဲတပ်ဖွဲ့ဝင်များ အချိန်ကုန် အလုပ်ရှုပ်ခဲ့ကြပါတယ်။


အမှုမှာ နှစ်ပတ်ခန့်အကြာ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တရားခံများနဲ့ ပစ္စည်းများအားလုံး သိမ်းဆည်းရမိပြီး တရားရုံးသို့ ခိုင်လုံစွာ အမှုကို စွဲတင်နိုင်ခဲ့ပါတယ်။ စိတ်ရောဂါဝေဒနာရှင် 'မောင်လှမိုး' နဲ့ လုံးဝပတ်သက်ခြင်း မရှိခဲ့ကြောင်း တွေ့ရပါတယ်။ စိတ်ရောဂါဝေဒနာရှင် ဖြစ်ပေမယ့် စိတ်ထဲမှာ အလှကို ခံစားချင်တယ်ဆိုတာ တွေ့ရပါတယ်။ ရဲတပ်ဖွဲ့များ အမှုစုံစမ်းရာမှာ အဲဒီလို ဘေးက အနှောင့်အယှက်တွေလည်း ရှိလာတတ်ကြောင်း စာရေးသူ တင်ပြအပ်ပါတယ်။

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်လည်းရ ဝမ်းလည်းဝ

ထိပ်တင်ထွေး(ယာဉ်/စက်)

လုပ်ငန်းဌာနသို့ ရောက်လာသော ချောစုအောင်တစ်ယောက် ဆွဲခြင်းတောင်းကလေးကို စားပွဲပေါ်တင်ပြီး ရေအိမ်သို့ အမြန်ဆုံးသွားရသည်။ မသွားချင်ကလည်း မဖြစ်၊ ရာသီပန်းမွှတာတွေ များလွန်းသဖြင့် ရေအိမ်ဝင်ကာ သန့်စင်ပြီးမှ မိမိအလုပ်စားပွဲသို့ ပြန်လာရသည်။ ခေါင်းထဲတွင် ရီဝေမူးနောက်ပြီး၊ ရင်ထဲမှာလည်း တလှပ်လှပ်ဖြင့် ခံစားနေရသည်။ တစ်ကိုယ်လုံး ခြေကုန်လက်ပန်းကျသလို ဖြစ်နေသည်။ သည့်ပုံစံဖြင့် အိမ်ပြန်ရန်လည်း မဖြစ်နိုင်။ အလုပ်လုပ်ရန်လည်း အင်အားမရှိ။ သည့်အတွက် ချောစုအောင်တစ်ယောက် ဘာပြောလို့ ဘာလုပ်ရမှန်း မသိအောင် စိတ်ရှုပ်နေသည်။

ထိုအခြေအနေကို လုပ်ငန်းတွင်းသို့ဝင်လာသော မန်နေဂျာ ဒေါ်လှလှထွေးက မြင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ချောစု ... ဘာဖြစ်လို့လဲ။ မျက်နှာတွေလည်း ဖြူဖျော့နေပါလား။ နေမကောင်းဘူးလား ..."

"ဟုတ်တယ် ... မမထွေးရယ်။ ကျွန်မ ခေါ်တာများပြီး နေမကောင်းဘူး။ ခေါင်းမူးပြီး ရင်တွေတုန်နေတယ်"

"ဟယ် ... ဒါဆို ဒီအတိုင်း ထိုင်နေလို့ ဘယ်ဖြစ်မလဲ။ အမျိုးသမီး ဆေးရုံကို သွားပြကြမယ်လေ။ ရုံးကား ခေါ်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် ပြန်ထွက်သွားပြီး ရုံးကားနှင့်အတူ အခန်းရှေ့မှာ ရပ်ပြီး ချောစုအောင်ကို ယုယုယယတွဲထူပြီး ဝန်ထမ်းနှစ်ဦးပါခေါ်ကာ ကားဖြင့် အမျိုးသမီးဆေးရုံသို့ သွားကြသည်။ ဆေးရုံရောက်တော့ ဒေါ်လှလှထွေးက ဦးဆောင်ပြီး ဆေးရုံတာဝန်ကျ ဆရာဝန်အား ပြသပြီး ရုံးဝန်ထမ်းဖြစ်ကြောင်း၊ အလုပ်လုပ်နေရာမှ ခေါ်လာခြင်းဖြစ်ကြောင်း၊ အိမ်ထောင်သည်မဟုတ်ကြောင်း ပြောဆိုရှင်းပြလိုက်သည်။

တာဝန်ကျ ဆရာဝန်ကလည်း ဂရုတစိုက် စမ်းသပ်စစ်ဆေးပြီး ဆေးထိုးပေးခြင်း၊ အောက်ပိုင်းမြှင့် ခုတင်ထက်သို့ တက်စေကာ အရေးပေါ် စမ်းသပ်ပြုစု ကုသပေးပါသည်။ ပြီးမှ

"ရှင်တို့လူနာကို ဆေးရုံတင်ခဲ့ရမယ်။ ရာသီတွေ သိပ်များများ ဆင်း န ~ယ်။ စိုးရိမ်ရတယ်။ ခေါ်တာရပ် အောင ~ ~ရမယ်။ ဆေးရုံတင်ခဲ့ပါ"

"ဟုတ်ကဲ့ ဒေါက်တာ။ လိုအပ်တာတွေသာ ညွှန်ကြားပေးပါရှင်"

ဒေါ်လှလှထွေးတို့ ယူစရာ သိမ်းစရာပစ္စည်းများ သိမ်းဆည်းယူဆောင်ပြီး ရုံးသို့ပြန်လာကြသည်။ ရုံးမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများမှ ဝိုင်းဝန်းမေးမြန်းပြီး စိတ်မကောင်းစွာဖြင့် ချောစုအောင်ကို သနားနေကြသည်။

ဘဝတူဝန်ထမ်းများ၏ စေတနာ၊ မေတ္တာ၊ အကြင်နာတရားများကြောင့် ချောစုအောင်၏ ခံစားနေရသော ဝေဒနာအမှန်ကို စစ်ဆေးပြီး ဆေးကုသရန် အမျိုးသမီးဆေးရုံသို့ ရောက်လာရခြင်းဖြစ်သည်။ သည်လုပ်ငန်းဌာနတွင် သူမ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ခြောက်နှစ်ကျော်မျှ ရှိပြီဖြစ်၍ ဝန်ထမ်းအချင်းချင်း အတွင်းသိ၊ အစင်းသိ ဖြစ်နေကြသည်။ ရင်းနှီးမှုလည်း ကြီးမားကြသည်။ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုတွင် မိခင်အိုကြီးနှင့် အတူနေပြီး မိခင်အိုကြီးကို ပြုစုလုပ်ကျွေးနေသော အသက် ၂၅ နှစ်ခန့် မိန်းကလေးဖြစ်သည်။

အသားညိုညို၊ ပိန်ပိန်သေးသေးဖြင့် ရုပ်ဆင်းရူပကာ မလှရှာ။ သို့သော် အေးဆေးတည်ငြိမ်ပြီး ရိုးသားဖြူစင်သော စိတ်ထားဖြင့် အလုပ်တာဝန်များကို သေသပ်တိကျစွာ လုပ်ကိုင်တတ်သည်။ မည်သည့် အလုပ်တာဝန်မျိုးကိုမဆို ငြင်းပယ်ခြင်း၊ နိုကပ်ခြင်း မရှိဘဲ တာဝန်ယူတတ်သူလည်း ဖြစ်သည်။ အထက်လူကြီးများကို ရိုသေလေးစားတတ်ပြီး ဆိုဆုံးမလွယ်ကူသူ ဖြစ်သည်။ စိတ်ဆိုးခြင်း၊ ရန်လုပ်ခြင်းမရှိဘဲ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေတတ်သည်။ တစ်ဖက်သား၏ အမြင်နှင့် ရှုထောင့်မှ လွယ်ကူစွာ ကြည့်မြင်နိုင်ပြီး ကိုယ်ချင်းစာနာစိတ် ရှိသည်။ ထို့ကြောင့် ဝန်ထမ်းအားလုံးက သူမကို ချစ်ခင်ရင်းနှီးကြသည်။

မိခင်အိုကြီးကို လုပ်ကျွေးနေသူမို့ လုပ်သက်ရင့် ဝန်ထမ်းအစ်မကြီးများနှင့် အုပ်ချုပ်သူများက ကူညီစောင့်ရှောက်ကြသည်။ ချောစုအောင် ဆေးရုံတက်ရကြောင်းကို ရုံးမှ လူလွှတ်ပြီး သူ့မိခင်ကြီးထံ အကြောင်းကြားပေးသည်။ မိခင်ကြီး စိတ်မပူရန်နှင့် အားလုံးက ကူညီစောင့်ရှောက်နေကြကြောင်း အသိပေးပြောကြားကြသည်။

ညနေရုံးဆင်းချိန်တွင် ရုံးမှ မန်နေဂျာနှင့် သူ၏ ရင်းနှီးချစ်ခင်သော မိတ်ဆွေအားလုံး လူနာကြည့်ရန် ရောက်လာကြသည်။ သူ့အိမ်မှ သူ၏ အစ်မလတ် အိမ်ထောင်သည်က ထမင်းချိုင့်နှင့် အဝတ်အစားများ ယူလာသည်။ ဆေးရုံမှ တာဝန်ကျ ဆရာဝန်ပြောပြချက်အရ ချောစုအောင်ရောဂါသည် နှလုံးနှင့်ပတ်သက်နေမည်ဖြစ်ကြောင်း၊ ယခုအခြေအနေမှ သက်သာပါက နှလုံးကို စစ်ဆေးကြည့်ရန် ပြည်သူ့ဆေးရုံ နှလုံးရောဂါကုဌာနသို့ လွှတ်ပို့ပေးမည်ဖြစ်ကြောင်း သိရပါသည်။ နှလုံးရောဂါဆို၍ သူငယ်ချင်းအားလုံး စိုးရိမ်စိတ်ဖြင့် စိတ်မကောင်းဖြစ်ကြသည်။

ခြောက်နှစ်ကျော် အတူတကွ နေ့စဉ်တွေ့မြင်နေရသော လုပ်ဖော်ကိုင်ဖက်များဖြစ်၍ သံယောဇဉ် ကြီးမားစွာ လိုအပ်သည်များအားလုံး ကူညီပံ့ပိုးပေးကြသည်။ ဆေးဝါးဓာတ်စာ၊ အစားအသောက်များမကျန် တစ်ယောက်တစ်မျိုး ပေးလာကြ၍ သူ့မိခင်အိုကြီး တာဝန်ပေါ့ရပါသည်။ ဆေးရုံမှာ ညဉ့်တွေ့ချိန်တွင် သူ့သူငယ်ချင်းများ အမြဲရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံမှ လေးရက်ကြာပြီးသော် ဆရာဝန်ကြီးမှ မနက်ဖြန်နေ့ခင်း နှလုံး ဓာတ်မှန်ရိုက်ရန် ဓာတ်မှန်ဌာနဆေးရုံကြီးသို့ လွှတ်မည့်အကြောင်း ညှော်တွေ့ချိန်တွင် ပြောပြပါသည်။ ရုံးမှ ဒေါ်လှလှထွေးရောက်လာပြီး ဆရာဝန်နှင့် ဆွေးနွေးသည်။

"နှလုံးဓာတ်မှန်ရိုက်ဖို့ ဆရာဝန်ကြီးကို ကျွန်မသိပါတယ်။ ကျွန်မ ဆက်သွယ်ပေးပါ့မယ်။ ရောဂါ အကြောင်းသာ ဒေါက်တာက စာရေး ပေးလိုက်ပါရင် ..."

ဆေးရုံကြီးသွားရန်နေ့ နေ့ခင်းတွေ ရုံးကားနှင့်ပင် ချောစုအောင်ကို ခေါ်ပြီး ဒေါ်လှလှထွေးက ပို့ပေးပါသည်။ လိုအပ်သည့်စစ်ဆေးမှု အဖြေကို စောင့်ယူခဲ့သည်။ ဓာတ်မှန်ဆရာဝန်ကြီး ပြောပြသည်မှာ နှလုံးအတွင်း အခန်းလေးခန်းရှိရာ အခန်းတစ်ခန်းမှာ အမေးပါးပေါက်နေ၍ ယခုကဲ့သို့ ဖြစ်နိုင်ကြောင်း၊ မွေးရာပါရောဂါလည်း ဖြစ်နိုင်ကြောင်း၊ ဓမ္မတာများ လစဉ် လဆက်ဆင်းနေပြီး များလွန်း၍ သွေးကောင်းများပါသွားပြီး အချိန်ကြာလာပါက အသက်ကို ထိခိုက်နိုင်ကြောင်း ခွဲစိတ်ကုသမှုပြုမှ အသက်ရှည်မည် ဖြစ်ကြောင်း ပြောပြသည်။

ဓာတ်မှန်ဆရာဝန်ကြီးမှတစ်ဆင့် နှလုံးခွဲစိတ်ကု ဆရာဝန်ကြီးထံသို့ ရောဂါအကြောင်း စာရေးပေးသည်။ တတ်နိုင်သမျှ မြန်မြန်သွားကုပါဟု ညွှန်ကြားလိုက်သည်။ ချောစုအောင်တို့ အိမ်မှ ရောဂါအကြောင်း စစ်ဆေး ကုသမှုများနှင့် ပတ်သက်၍ ဘာမှ သိနားလည်ခြင်း မရှိပါ။

သူမရောဂါနှင့်ဆိုင်ရာ ဆေးကုသဌာနများသို့ လုပ်ဖော်ကိုင်ဘက် အစ်မကြီးများနှင့် သူငယ်ချင်းများ၏ စေတနာ၊ မေတ္တာ၊ အကြင်နာများဖြင့် ဆောင်ရွက်ပေးမှုကြောင့် နှလုံးရောဂါ ခွဲစိတ်ကုသရန် နှလုံးရောဂါကု ဆေးရုံကြီးပေါ်သို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဆရာဝန်၊ ဆရာမများနှင့် သိကျွမ်းရင်းနှီးသူများ၏ ကူညီဆောင်ရွက်ပေးမှုကြောင့် ချောစုအောင်တစ်ယောက် နှလုံးရောဂါခွဲစိတ်ကုသရန် ရက်ချိန်း အတိအကျ ရရှိပြီးဖြစ်သည်။

ဇူလိုင် ၁၅ ရက်နေ့ တနင်္လာနေ့မှာ နှလုံးခွဲစိတ်ကုသကြသည်။ နှလုံးခွဲစိတ်မှုတွေ မများသေးချိန် ဖြစ်သည်။ ဘယ်နေရာကိုခွဲပြီး ဘယ်လိုကုမယ်ဆိုတာ မသိနားမလည်ကြပါ။ လိုအပ်သော သွေးအမျိုးအစားနှင့် လိုအပ်သလောက်ကို လုပ်ဖော်ကိုင်ဘက်များထံမှ စံချိန်မီ စစ်ဆေးပြီး လှူပေးကြသည်။ ဆေးဝါး၊ ဓာတ်စာ၊ ဂလူးကို့စ်၊ သံပရာသီး၊ အားဆေးနှင့် လိုအပ်သည်များ အားလုံးကို တစ်ယောက်တစ်မျိုး မရိုးနိုင်အောင် ပို့ပေးလာကြသည်။ ပြည့်စုံလုံလောက်သည်ထက် ပိုလျှံလို့ပင်နေသည်။

ခွဲစိတ်ကုသမှုခံယူပြီး ဆေးခွင့်နှင့် နားနေစဉ်တွင်လည်း ရုံးပိတ်ရက်များတွင် ချောစုအောင်အိမ်သို့ ရုံးမှ သူချစ်သော သူငယ်ချင်းများမှ လာရောက်ပြီး အားပေးစကား ပြောကြားခြင်း၊ ရုံးကိစ္စများ၊ လစာများ လာပို့ပေးကြသည်။ မိခင်ကြီးမှ စားသောက်စရာများဖြင့် ချက်ပြုတ်ကျွေးမွေး ညှော်ခံသည်။

ရုံးပိတ်ရက်ကို မျှော်နေသော ချောစုအောင်အတွက် ချစ်သူငယ်ချင်းများကြောင့် မြန်မြန်ပြန်လည်ကျန်းမာလာပါသည်။ မိခင်ကြီးမှာလည်း သမီးကိုကြည့်ပြီး ဝမ်းသာစွာဖြင့် ...

"ကျွန်မသမီးလေးက အကြီးစား ခွဲစိတ်ကုသခဲ့ရပါတယ်။ ရင်ဘတ်ကြီးတစ်ခုလုံး ထက်ခြမ်းခွဲကုတာတောင်မှ မိဘလုပ်ကျွေးတဲ့သမီးမို့ အသက်မသေဘဲ ပြန်ရှင်လာရတာပါ။ ကျွန်မမွေးတဲ့အသက် မရှိပါဘူး။ ရုံးသူရုံးသားတွေနဲ့ ပြည်သူ့ဆေးရုံက ဆရာဝန် ဆရာမကြီးများပေးတဲ့ အသက်ပဲ ရှိတော့ပါတယ်"

ခွဲစိတ်ကုသမှု ခံယူပြီး ပြန်လည်ကျန်းမာလာ၍ တာဝန်များ ပြန်လည်ထမ်းဆောင်လာသောအခါ သူချစ်သော သူငယ်ချင်းများ၊ သူ့ကိုချစ်သော အစ်မကြီးများ၊ လုပ်ဖော်ကိုင်ဘက်များနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ကြည်နူးမဆုံး ဖြစ်နေပါသည်။ သူချစ်သော မိခင်အိုကြီးကို အသက်ထက်ဆုံး ပြုစုလုပ်ကျွေးနိုင်သော ဘဝကို ပြန်လည်ရရှိခံစားနေရသော ချောစုအောင်က ...

"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ပျော်ရွှင်စရာ ဝန်ထမ်းဘဝမှာ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်ဆိုတာ သူ့ဘဝပါ"တဲ့ ...။

**ထိပ်တင်ထွေး(ယာဉ်/စက်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



■ မြမြလှိုင်

# တန်ပြန်သက်ရောက်မှု

( ဝတ္ထုတို )

"ဒီနေ့ . . . ရွာလယ်မှာ ဝက်နှစ်ကောင် ပေါ်စရာရှိတယ်။ အပြန်မှာ ဟင်းစားရလာမယ်။ အဲဒါ ဒေါ်အေးမှိုကြီးဆီမှာ ဆန်နဲ့ဆီ ငါးကျပ်သားလောက် အကြွေးသွားဝယ်ထား။ ငါပြန်လာရင် ဝက်ထိုးခအတွက် ပိုက်ဆံရမယ်။ အဲဒီအခါကျ ပေးပါ့မယ်လို့ . . . ကြားလား"

ဓားငထွန်းက သူ့မိန်းမအား သေသေချာချာမှာနေသည်၊ ဓားငထွန်းဆိုသည့်အတိုင်း အမြဲတမ်း သူ့ခါးတွင် ဓားတိုတစ်လက်က ရှိနေသည်။ ထိုဓားမှာ ငထွန်းက ပန်းပဲဖိုတွင် သီးသန့်မှာပြီးလုပ်ထားသော ဓားဖြစ်သည်။ ဓားမြှောင်လိုလည်း မတို၊ ငှက်ကြီးတောင်ဓားလောက်လည်း မရှည်ပေ။ ငထွန်း၏ဓားသည် ဓားမြှောင်ထက်ရှည်သောဓား၊ အနည်းဆုံး တစ်တောင်နီးပါး ရှိသည်။ ဓား၏ထိပ်ဖျားမှာ ချွန်ထက်ပြီး အပြားသေးသည်။ ထိုမှတဖြည်းဖြည်း အရင်းထိ ဓားပြားမှာ အပြားကြီးသွားသည်။ ဓားသွားမှာလည်း မြနေအောင်ထက်သည်။ ဓားငထွန်း၏ ပုံသဏ္ဍာန်ကို ကြည့်လျှင် အမြဲတမ်း အင်္ကျီ,ပုဆိုးကို သေသေသပ်သပ် ဝတ်ထားခြင်းမရှိ။ ဦးခေါင်းထက်ရှိ ဆံပင်တို့မှာ မတိုမရှည်၊ ဖွာလန်ကြဲနေသည်။ ဆောင်းထားသည့် ဦးထုပ်ပြားချပ်ချပ်မှာ အရောင်အဆင်းက ပြောင်ပြောင်ထင်းထင်းမရှိ၊ ချေးက အထပ်လိုက် မည်းညစ်ညစ်ဖြစ်နေသည်။

မျက်နှာက ကြမ်းတမ်းခက်ထန်သည်။ ညိုညစ်သော အသားအရေတွင် မျက်နှာတစ်ပြင်လုံး တင်းထိပ်၊ မှည့်ခြောက်တွေ ပြည့်နှက်နေသည်။

www.burmeseclassic.com

နှာခေါင်းပွပွနှင့် ပါးစပ်ပြဲပြဲ ဖြစ်သည်။ ခန္ဓာကိုယ်အထက်ပိုင်းတွင် အင်္ကျီကို မတွေ့ရ။ ကျောပြောင်နှင့်သာ။ ခါးတွင် စည်းထားသည့် ပုဆိုးမှာလည်း အရောင် အဆင်းမဲ့နေပြီး၊ ထိုပုဆိုးကိုပင် ဒူး အထက်ထိ မကာ ဘေးနှစ်ဖက်က အစကို ခါးနှစ်ဖက်တွင် ချိတ်ထားသည်။ ကြီးမားတုတ်ခိုင်သော သလုံး သားတွင် ပေါက်နေသော အမွေး အမှင်တို့မှာ မြင်ရသူအတွက် မသတီ စရာ ကောင်းလှသည်။ ဘယ်လိုပင် မသတီစရာ ဖြစ်ပါစေ၊ အမြဲတမ်း အရက်နှင့်သာ နှစ်ပါးသွားနေသူ ဖြစ်ပါစေ၊ ဓားငထွန်းနှင့် ကင်းလွတ်သူက ရှားလှသည်။ ဝက်သတ်လိုင်စင်ရထားသော ကိုကြင်ရွှေက ဓားငထွန်းကို သူ့အတွက် အဖော်ကောင်းတစ်ယောက် အနေနှင့် အမြဲတမ်း အမွှန်းတင်စကား ပြောတတ်သည်။ ဓားငထွန်းကလည်း ဝက်ကိုသတ်ရာတွင် လက်က ယဉ်သည်။ တွန့်ဆုတ်မှုမရှိ။ အသက်တစ်ချောင်းကို သူ၏ဓားတစ်ချောင်းနှင့် တစ်ချက်တည်း ဘဝပြောင်းစေသည်။

ဓားငထွန်း ဝက်သတ်ပုံမှာ သူများတွေထက် ပိုသည်။ သတ်မည့်ဝက်ကို အကောင်လိုက် ခြေနှင့်လက်တို့ကို တုပ်နှောင်သည်။ ပါးစပ်တွင် မအော်နိုင်အောင် အာခေါင်ထဲသို့ အဝတ်စသော်လည်းကောင်း စို့ထည့်သည်။ ထို့နောက် ရေနွေးပွက်ပွက်ဆူသော အိုးကြီးပေါ်တွင် နှုတ်ခမ်းနှစ်ဖက်ကို တုတ်တန်းတင်ကာ လူနှစ်ယောက်က ဝက်ကိုလှဲကာ ကိုင်စေသည်။ ထိုအခါ ဓားငထွန်းသည် သူပိုင်ဓားနှင့် ဝက်၏ လည်ပင်းပေါ် ခပ်နက်နက် အပေါ်တင် အားစိုက်ပြီး တစ်ချက်တည်း လှီးချလိုက်သည်။ ဝက်ခမျာ တစ်ချက်မျှသာ ရုန်းလိုက်နိုင်သည်။ လည်ပင်းဆီမှ သွေးတို့သည် ပွက်ပွက်ဆူထားသော ရေနွေးအိုးအတွင်းသို့ ကျဆင်းလာသည်။ သွေးရည်မှ သွေးခဲအစုသို့ ပြောင်းသွားသည်။ ဝက်တစ်ကောင်လုံးအား ခြေ၊လက်တို့ကို ဖြတ်တောက်သည်။ ဝက်ခေါင်းကို ဖြတ်သည်။ ထို့နောက် ပွက်ပွက်ဆူနေသော နောက်ထပ်ရေနွေးအိုးတွင်းသို့ ဝက်အကောင်လိုက်နှင့် ခြေ၊ ခေါင်း၊ လက်တို့ ထည့်လိုက်သည်။ ဆယ်မိနစ်ခန့်အကြာတွင် ပြန်ဆယ်ကာ အမွေးရိတ်သည်။ ဓားငထွန်း၏ ဓားသွားတို့မှာ ဝက်မွေးရိတ်ရုံတင်မက၊ ဝက်အကောင်လိုက်မှ အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်နိုင်သည်။

ဓားငထွန်းအဖို့ ဝက်တစ်ကိုယ်လုံးကို ခွဲခြမ်းစိတ်ဖြာပြီးလျှင် သူ့တာဝန် ပြီးပြီ။ လက်ထဲရှိ ပုလင်းထဲမှ ကျန်နေသည့် အရက်ဖြူတစ်ပိုင်းကို တစ်ငုံမော့သောက်လိုက်သည်။ အိမ်ပြန်သည့်လမ်းတွင် အရက်ဆိုင် မရောက်သည်အထိ ချန်ထားရသည်။

ညာဘက်လက်တွင် ဝက်သားကလီစာတစ်တွဲ၊ ဝက်ခြေထောက်တစ်ချောင်း၊ ခုတ်ပိုင်းပြီးသား တစ်ထုပ်ကို ကိုင်လာသည်။ ငထွန်း၏ ခန္ဓာကိုယ်ကလည်း ယိုင်လာသည်။ ခြေလှမ်းတို့က မခိုင့်တခိုင်၊ ရှေ့နောက် ယိမ်းထိုးလျက် လျှောက်လာသည်။

''ဒီအချိန်ရောက်လာရင်နော် ငထွန်းစိတ်တွေ ဖောက်ဖောက်လာတယ်''

ဩထစ်ထစ် အသံကြီးနှင့် အော်ဟစ်ကာ ဆိုလာသည်။ ဒီတစ်ခါ ဝက်ဖျက်ရသည်မှာ အနည်းငယ် ပင်ပန်းသည်။ ဝက်က သားကျပြီးသား ဖြစ်သည်။ အခေါက်ထူသည်။ အလှူအိမ်အတွက် ပေါ်ခဲ့သည့်ဝက်၊ အချိန်တော့ တော်တော်လေးစီးသည်။ အိမ်ရောက်လျှင် မိန်းမကို ဝက်ဝမ်းတွင်းသားတွေကို သေသေချာချာကိုင်ပြီး ငရုတ်သီး၊ ချင်းနိုင်နိုင်နှင့် ချက်ခိုင်းရမည်။ ဝက်ပေါင်တွဲကိုတော့ ပြုတ်ခိုင်းထားပြီး နောက်နေ့မှ ချဉ်ပေါင်နိုင်းချင်းနှင့် နူးအိနေအောင်ချက်ပြီး စားဖို့ စဉ်းစားလိုက်သည်။ ရွာလယ်လမ်းမှ ဓားငထွန်း၏ အိမ်သို့ ပြန်လာရာတွင် တော်တော်လေးလှမ်းသည်။ သူတို့လင်မယားနေသည့်တဲက ရွာ၏အစွန်အဖျား။ သူတို့တဲ၏ ရှေ့တစ်ခေါ်တွင် ရွာ၏သင်္ချိုင်းရှိသည်။

''ခင်မေ ... မင်း ဘယ်မှာလဲ။ ငါပြန်လာပြီ ... ငါပြောသလို လုပ်ထားလား ...''

''လုပ်ထားတယ်။ ကလေးအိပ်နေတယ်၊ တိုးတိုးပြောပါတော် ...''

''ကဲရော့ ... ဟောဒီမှာ ... ဖယ် ... ဖယ်၊ ငါကိုယ်တိုင်ပဲ လုပ်တော့မယ်။ ဒီဝက်က ခေါင်းနည်းနည်းမာတဲ့ဝက်''

အိမ်အတွင်းထဲမှ ထွက်လာသည့် ဇနီးသည်ကို မျက်နှာချင်းဆိုင်မကြည့်တော့ဘဲ ငထွန်းကိုယ်တိုင် ယူလာသည့် အသားတွဲများကို အိမ်နောက်ဖက် ရေကပြင်ဘက်သို့ ဆွဲယူသွားသည်။ စဉ့်အိုးအနားပြတ်အပိုင်းနားတွင် အသားတွဲများကို ချထားလိုက်သည်။ မူးကလည်းမူး။ မြူးကလည်း မြူးနေသည်။

ခါးဆီမှဓားကို ဖြုတ်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရေစက်ကျည်ပွေ့ကို အရှည်လိုက်ထားပြီး ဓားကိုသွေးလိုက်သည်။ နေရောင်ခြည်ကွယ်စ အမှောင်သန်းစ ပြုလာပြီ။

"ဖလပ် ... ဖလပ် ..."

"ဟ ... ဘာလဲကွ ... တယ် ဒီခွေးလာပြီးဆွဲရတယ်လို့ ..."

မည်သည့်နေရာမှ ပေါ်လာမှန်းမသိသော ခွေးနက်တစ်ကောင်က ရေဆေးနေသည့် အူစုံတွဲအား ဆွဲခါပြီးယူလိုက်သည်။ ဓားထွန်းရင်ထဲမှ ဒေါသတွေ ဆူဝေသွားသည်။ ခွေးကို ဓားနှင့် ပစ်ပေါက်လိုက်သည်။ ထိလား၊ မထိလား သေသေချာချာ မသိ။ ပြုတ်ကျကျန်ခဲ့သော အူတွဲကို ကောက်ယူပြီး ရေစင်ဘက်သို့ ပြန်ခဲ့သည်။

"ဘုတ် ... ဘုတ် ... ဘုတ်"

"ဟာ ဘာလဲ ... သစ်ပင်ပေါ်က ဘာကောင်တွေလဲ"

သူတို့နေသည့် တဲ၏နောက်တွင် ခရေပင်ကြီးရှိသည်။ ထိုခရေပင်သည် နှစ်ပြို့အပင်ဖြစ်၍ ပင်စည်က လက်တစ်ဖက်ပွေ့စာလောက် ရှိသည်။ အပင်ကမြင့်ပြီး၊ သူတို့အိမ်ခေါင်ကို မိုးနေသည်။ ထိုအပင်ပေါ်မှ မည်းမည်း အလုံးတွေ ကျလာသည်။

"ခင်မေ ... ခင်မေ ... လာစမ်း"

စိတ်တိုတိုနှင့် တဲအတွင်းသို့ လှမ်းအော်ကာ ခေါ်လိုက်သည်။ တဲအတွင်းမှ မခင်မေ၏ အသံတိုးတိုးကို ပြန်ကြားရသည်။

"အသံပြန်မထူးနဲ့ လူလာခဲ့။ ဒီမှာ နင့်လင်တွေ လာရှုပ်နေတယ်။ ငါဒေါသဖြစ်လာပြီ။ ဖိုးတိုးတို့ဆိုင်သွားပြီး တစ်ပိုင်းလောက် သွားဆွဲဦးမယ်။

**ဓားထွန်းပါးစပ်တွင် ဝမ်းတွင်းသား အူဖတ်များ တန်းလန်းကြီး ဖြစ်နေသည်။ ပြူးကြောင်ကြောင် မျက်လုံးအစုံနှင့် ခန္ဓာကိုယ်က တောင့်တောင့်ကြီး ဖြစ်နေသည်။ "အဲဒါ ... ဝက် ... ဝက်၊ ငါသတ်လိုက်တဲ့ဝက်။ ဒီဝက်က ငါ့လက်ကို လာကိုက်တယ်..."**

အဲဒါတွေ ခုတ်ထစ်ပြီးထားပြီ။ နင်ပဲ ချက်လိုက်တော့ ..."

နှုတ်မှ မကြားဝံ့မနာသာ ဆဲဆိုပြီး အရက်ဆိုင်ရှိရာသို့ ဓားထွန်း ထွက်သွားသည်။ အသားတွဲတို့မှာ ရေအိုးနားတွင် အပုံလိုက် ရှိနေသည်။ မခင်မေ ထွက်လာသည်။ ရေအိုးနားတွင် အနံ့အသက်တို့က ပုပ်အဲ့အဲ့ ဖြစ်နေသည်။

မခင်မေ ဟင်းတွဲတွေကို အမြန်ရေဆေးပြီး ချက်ဖို့ ပြင်ဆင်တော့သည်။ ဟင်းအိုးချက်နေစဉ် သူနောက်လှည့်ကာ ပန်းကန်ဆေး၊ အိုးဆေးလုပ်နေစဉ် နောက်ဘက်မှ ဟင်းအိုးအဖုံး ဖွင့်လှန်သံကို ကြားရ၍ လှည့်ကြည့်လျှင် အမှောင်ထဲသို့ အရိပ်တစ်ခု ပြေးဝင်သွားသည်ကို လှမ်းမြင်လိုက်ရသည်။ သူတို့နေရာသည် ရွာထဲနှင့် အလှမ်းဝေး၍ ရွာထဲကလူတော့ မဖြစ်နိုင်။ မည်သူများ ဟင်းခိုးစားဖို့ လာသည်ဆိုတာကို သူတွေး၍ မရ။

ဟင်းအိုးကျက်ခါနီးတွင် ခပ်ဝေးဝေးမှ လင်သည်မောင် ထွန်း၏ အရက်သံနှောသည့် အော်ကလီအာ သီချင်းသံကို ကြားရသည်။ ဝယ်လာသည့် အရက်ကို လမ်းတစ်လျှောက်လုံး သောက်လာခြင်းဖြစ်မည်။

"ခင်မေ ... အေ့ .. ဟဲ့ ... ခင်မေ၊ ဟင်းချက်လို့ပြီးပြီလား ..."

အိမ်ဝိုင်းအဝင်ကပင် အသံကို ကြားရသည်။ ထွန်း၏ဇနီး မခင်မေက ခန္ဓာကိုယ်သေးသေးသွယ်သွယ်၊ ဖြူနွဲ့နွဲ့၊ ပိန်ပိန်ပါးပါးလေး ဖြစ်သည်။ မျက်နှာက ယဉ်စစရှိသည်။ ဓားထွန်းနှင့်တော့ လိုက်ဖက်ညီသော ဇနီးမောင်နှံမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ပြီးပြီ ... လာစားတော့"

ဖြစ်သလိုရိုက်ထားသည့် လေးထောင့်စားပွဲက အိမ်ရှေ့ခန်းတွင် နေရာယူထားသည်။ ထိုစားပွဲပေါ်တွင် နှုတ်ခမ်းသားတို့ မညီမညာ တွန့်လိမ်ဆေးသားတွေပင် ပျက်ပြယ်နေပြီဖြစ်သော သံဇလုံတစ်ခု။ ထိုအထဲတွင်ချင်း။ နနွင်းနိုင်နိုင်နှင့် ချက်ထားသည့် ဝမ်းတွင်းသားဟင်းတွေက ဇလုံတွင် အပြည့်။ မတိုက်မချွတ် အိုးမဲတို့က ထပ်ကာထပ်ကာတင်၍ အိုးမဲကျွတ်တက်ပြီး အိုးဖင်ပိုင်းတွင် ပိန်ချိုင့်နေသော ထမင်းအိုးရှိသည်။ ထမင်းမှာ ဝါကျင်ကျင်နှင့် ဆန်ကြမ်းကို ချက်ထား၍ အတုံးလိုက် အခဲလိုက် မာကျစ်နေသည်။

"ကဲ ... လာ စားရအောင်"

ခါးငထွန်းက အသံကျယ်ကျယ်နှင့် အိမ်နောက်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

ငထွန်းက အော်ခေါ်ပြီး နောက်ဘက်သို့ ခေါင်းငဲ့လိုက်သည်။ တစ်ကိုယ်လုံး အေးစိမ့်စိမ့် ဖြစ်သွားသည်။ ဟင်းဇလုံထဲမှ အသားတွဲတစ်ခု အောက်သို့ ပြုတ်ကျသွားသည်။

"တောက် ... ဒီ ... ဧ–ာက်ခွေး လာဆွဲပြန်ပြီ ..."

မူးမူးနှင့် တောက်ကျယ်ကျယ်ခေါက်ပြီး ပါးစပ်မှလည်း မိုက်မိုက်ရိုင်းရိုင်း ဆဲဆိုလိုက်သည်။

"ဟဲ့ ... ခင်မေ၊ လာစားလေ"

"ကျွန်မစားပြီးပြီ။ အိမ်မှာရှိတဲ့ ပဲလှော်နဲ့ ကြက်သွန်ဥ ရောသုပ်ပြီး စားလိုက်တယ် ..."

"ဒီမိန်းမဟာလေ ... ဟင်းနဲ့ ထမင်း တူအောင်ကို မစားတတ်ဘူး၊ ခွေးလိုပဲ။ မင်းမစားလည်းနေ။ ငါပဲ ကုန်အောင်စားမယ် ..."

"စားတာတော့ စားပေါ့တော်။ ရှင့်ခါးက ခါးကိုလည်း ဖြုတ်လိုက်ပါဦး။ မတော်တဆ ထိမိမှဖြင့် ..."

"ဟေ့ ... ဒီမှာ ငထွန်းတို့ ဒီခါးနဲ့ လူလုပ်လာတာ ကြာပြီ။ ဘာမှ ထိစရာမရှိဘူး။ ဒီခါးက ငါ့ရဲ့အသက်ပဲ။ ဒီခါးနဲ့ သတ္တဝါတွေကို ချွတ်ခဲ့တာ မနည်းတော့ဘူး။ ငါချွတ်ပေးလို့ ဝဋ်ကျွတ်ကြတာတွေ။ လတ်လတ်ဆတ်ဆတ်ဝက်သွေးနဲ့ အရက်များ အမြည်းလုပ်ပြီးသောက်ရတာလောက် အရသာရှိတာ မရှိတော့ဘူး ..."

လင်ဖြစ်သူကို မခင်မေငေးကာ ကြည့်နေမိသည်။ သူတစ်ပါးအသက်ကိုမှ ရက်ရက်စက်စက် သတ်ဖြတ်ပြီး အာသာငမ်းငမ်းတက် စားတတ်သူ လင်သားကို ပြောလည်းမပြောချင်၊ ပြောလို့လည်း မရတော့ပေ။

"ကိုထွန်းရယ် ... ရှင် တခြားအလုပ်လေး ဘာလေး ပြောင်းလုပ်ပါလား။ ဒီအကုသိုလ်များတဲ့ အလုပ်ကို မလုပ်ပါနဲ့တော့ ..."

"ဒီမိန်းမ တယ်ဧ–ာက်စကားများတာပဲ။ ဒါ ငါကျွမ်းကျင်တဲ့ အလုပ်။ ငါ့လို ဘယ်သူမှမလုပ်နိုင်ဘူး။ သတ္တဝါဆိုတာ လူကချွတ်မှ ကျွတ်တာ။ ကဲ စကားမရှည်နဲ့တော့။ ငါ့ကို အရက်ပုလင်းပေး"

မခင်မေ ခါးငထွန်းအား အနားရှိ အရက်ပုလင်းကို လှမ်းပေးလိုက်သည်။ ထို့နောက် မခင်မေ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိပ်ရာထဲတွင် ကလေးက တစ်ယောက်တည်း ...။

ယခုမှ သားလေးက လေးနှစ်သားပဲရှိသေးသည်။ စကားပြောလျှင် တီတီတာတာလေး ပြောတတ်သည်။ အလုပ်အကိုင် မည်မည်ရရမရှိသော အဖေ။ ရွာထဲတွင် ဟင်းရွက် စသည်တို့ ရသည့်နေရာကခူးပြီး၊ ရသလောက် လှည့်လည်ရောင်းရသော အမေမှ မွေးဖွားလာရသူဖြစ်၍ အင်္ကျီအမြဲ တိုတိုကျပ်ကျပ်၊ အရောင်မှဲ့ သုံးလေးထည်ကို ထည့်လဲဝတ်နေရ၍ ကိုယ်အောက်ပိုင်းတွင် ဘောင်းဘီတိုလေးမျှ ဝတ်စရာမရှိ။ ဗလာနတ္ထိ ဖြစ်ရသည်။

"ငါ့လည်း အစာကျွေးပါ"

ဖျာစုတ်ဖျာကြမ်းပေါ်တွင် စောင်စုတ်ပိုင်းလေးကိုခြုံကာ အိပ်နေသော သားလေးမှာ အနားသို့ မခင်မေရောက်လာသည်နှင့် ရုတ်တရက်ထထိုင်ကာ လူကြီးအသံ သြသြကြီးနှင့် မခင်မေအား ပြောလိုက်သည်။ မခင်မေကို ကြည့်လိုက်သည့် သားလေး၏မျက်လုံးအစုံမှာ မျက်လုံးပြူးပြီး မီးရောင်သဖွယ် ရဲနေသည်။

"သားလေး ... ဘာပြောတာလဲဟင် ..."

"ငါ့ကို အစာကျွေးပါ ... ငါဗိုက်ဆာနေပြီ ..."

ဖျာပေါ်မှ ကုန်းထလာသည့် သားလေး၏မျက်နှာသည် ပွယောင်းယောင်းနှင့် မျက်ခွံတွေ မို့မောက်နေသည်။ လေးနှစ်အရွယ်ရှိသော ကလေးနှင့် မတူပေ။

"သူတို့တွေ စားတယ်။ ငါ့ကို လည်းကျွေး ..."

ခြေလှမ်းက ကြမ်းသည်။ ဝါးကြမ်းခင်းထားသည့် အိမ်လေးမှာ သိမ့်သိမ့်ခါနေသည်။ ကလေးက မခင်မေ



www.burmeseclassic.com

www.burmeseclassic.com

ကို ကျော်လွှားကာ အိမ်ရှေ့သို့ ထွက်သွားသည်။

"ဟ . . ဟ . . ဘယ်ကကောင်လဲ . . . ငါ့ဟင်းတွေကို လာနှိုက်စားတာ၊ ကဲကွာ . . . ကဲကွာ . . ."

"အမလေး . . . ကိုထွန်းရယ်။ ရှင်ရက်စက်လိုက်တာ။ အဲဒါ ရှင်နဲ့ကျွန်မတို့ရဲ့သား . . . သားလေးပါ"

မခင်မေ အိမ်ရှေ့ဘက်သို့ အမြန်ပြေးထွက်သွားသော်လည်း ဖြစ်စဉ်ကမြန်ဆန်လွန်းလှသည်။ အရက်မူးမူးနှင့် ဓားနှင့်တွတ်လိုက်သည်။ ချွန်ထက်ပြီး ထက်လှသော ဓား၏အရှိန်နှင့် သားလေးမှာ ခေါင်းပြတ်နေသည်။

"ကိုထွန်း . . . ကိုထွန်း . . . ရှင်ဘာကြည့်နေတာလဲ။ အဲဒါ ကျွန်မတို့သားလေးလေ"

ဓားထွေန်းပါးစပ်တွင် ဝမ်းတွင်းသား အူဖတ်များ တန်းလန်းကြီး ဖြစ်နေသည်။ ပြူးကြောင်ကြောင် မျက်လုံးအစုံနှင့် ခန္ဓာကိုယ်က တောင့်တောင့်ကြီး ဖြစ်နေသည်။

"အဲဒါ . . . ဝက် . . . ဝက်၊ ငါသတ်လိုက်တဲ့ဝက်။ ဒီဝက်က ငါ့လက်ကို လာကိုက်တယ် . . ."

သေသေချာချာ ကြည့်လိုက်သည်တွင် ငထွန်း၏ ဘယ်ဘက်လက်ဖဝါးတွင် သွေးတွေစီးကျနေသည်။ သည်မြင်ကွင်းကို ကြည့်ပြီး မခင်မေ ရင်တုန်လာသည်။ ခေါင်းထဲမှာ နောက်ကျိလာသည်။ စိတ်ကို တည်ငြိမ်အောင် ထိန်း၍မရ။

"ဟေး . . . ဝက်အကောင်လိုက်ငါ့ရွာထဲမှာ သွားရောင်းမယ် . . ."

ငထွန်းသည် ပြောရင်း ကလေးအလောင်းကို ခြေထောက်မှ စုံကိုင်ကာ ဖောက်ထိုးဆွဲကိုင်ပြီး အိမ်ပေါ်မှ ခုန်ဆင်းကာ ရွာထဲသို့ ပြေးသွားသည်။ မခင်မေ အိမ်ထဲမှာပင် ထိုင်ချလိုက်သည်။ ရင်ထဲတွင် မွန်းကျပ်နေသည်။ သားလေးအတွက် ဖော်ပြလို့ မရနိုင်လောက်အောင် သည်းအူပြတ်မျှ ကြေကွဲရသည်။ အတိုင်းအဆမရှိအောင် ဝမ်းနည်းရသည်။ မခင်မေ သိလိုက်ပါပြီ။ ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့၊ ရတနာသုံးပါးဆိုတာ မည်သည့်အရာမှန်း မသိ။ အကုသိုလ်အလုပ်နှင့်သာ ပျော်မွေ့သော ငထွန်းအတွက် အကုသိုလ်က ထက်ကြပ်ကပ်၍ လိုက်လာပြီ။

"ခင်မေ . . . ခင်မေ"

မည်မျှကြာသွားသည် မသိ၊ မီးလင်းတိုင်များဖြင့် ရွာထဲက လူတွေ၏ အသံကို ကြားရသည်။

"ခင်မေ . . . ဟဲ့ . . . ခင်မေ . . . ရှိလား . . ."

အိမ်ပေါ်သို့ တက်လာကြသည်။ ခရိုင်ယဲ့ယဲ့၊ ယိုင်နဲ့နဲ့ တဲအိမ်လေးမှာ လူအုပ်ကြီး၏ဒဏ်ကို အန်တုနေရလေသည်။

"ခင်မေ . . . ခင်မေ"

ငူငူငိုင်ငိုင်ကြီးထိုင်လျက် အသက်ရှူဖို့ကိုပင် မေ့နေသော မခင်မေအား အော်ပြီး လှုပ်ကာ သတိရအောင် လုပ်ရသည်။

"ခင်မေ . . . ခင်မေ . . . သတိထားလေ . . ."

သွေးကွက် သွေးအိုင်ရှေ့တွင် ထိုင်နေသည်။ ထမင်းဟင်းတွေမှာလည်း ပြန့်ကျဲလျက် ရှိသည်။

"ငထွန်း . . . ငထွန်း . . . သူ့အကြောင်း ပြောမလို့ . . ."

"အမလေး . . . သူ့အကြောင်း မပြောပါနဲ့။ သူ . . . သူ သားလေးကိုလေ လည်ပင်းလှီးသတ်လိုက်တယ်"

"အေး . . ဟုတ်တယ်။ ကလေးအလောင်းလည်း တွေ့တယ်။ သူ့လည်းတွေ့တယ်။ သူ့ဓားနဲ့သူ လည်ပင်းမှာ ထိုးမိသလားမသိဘူး။ ရွာက ကုက္ကိုပင်ကြီးအောက်မှာ သေနေပြီ"

"ကျွန်မထင်တယ် . . .။ သူ့အကုသိုလ်က သူ့ကို အပြစ်ပေးလိုက်ပြီ။ ဘုရားရှိခိုးရင် သူ့အတွက် လုပ်ကိုင်ရတာ အဆင်မပြေဘူးဆိုလို့ ကျွန်မမှာ အိပ်တော့မှ သူမသိအောင် ရှိခိုးရတယ်။ ဘုရားစာ ရွတ်ရတယ်"

အသုဘကိစ္စအတွက် ရွာထဲက စီစဉ်ပေးမည်ဟု ပြောကာ ရွာသားတွေ ပြန်သွားကြသည်။ သန်းခေါင်ယံအချိန် မတိုင်သေးမီ ညဥ့်ကနက်လာသည်။ မခင်မေ အိပ်၍မပျော်မည့်အတူတူ ရေသမျှဘုရားစာကို ထိုင်ရွတ်နေသည်။

"ခင်မေရေ . . ငါ့ကို ကယ်ပါဦး။ ဝက်ကြီးတွေ . . . ဝက်ကြီးတွေ . . . သူတို့အစွယ်တွေနဲ့ လိုက်ထိုးနေကြတယ်"

နားထဲတွင် ပီပီသသကြားရပြီး မျက်စိထဲတွင်လည်း ထင်မြင်လာသည်။ အဝတ်မဲ့ ခန္ဓာကိုယ်၊ သွေးသံရဲရဲနှင့် ငထွန်း ပြေးလွှားနေသည်။ အစွယ်ဖွေးဖွေးရှိသော ဝက်ကြီးတွေမှာ ငထွန်း၏နောက်က ထက်ကြပ်မကွာ အပြေးလိုက်နေကြသည်။

**မြမြသိုင်း**



www.burmeseclassic.com

www.burmeseclassic.com

# ပန်းကလေးများ

လင်းမြင့်(ဥပဒေ)

ယနေ့ ကမ္ဘာပေါ်တွင် ပထဝီ အနေအထားအရ တိုက်ကြီးခြောက်တိုက် တည်ရှိပါသည်။ ယင်းတိုက်ကြီးခြောက်တိုက်တွင်လည်း ပထဝီအနေအထားအရပဲ တိုင်းပြည်နိုင်ငံ အသီးသီးတို့သည် တည်ရှိနေကြပါသည်။

အဆိုပါ တိုင်းပြည်နိုင်ငံ အသီးသီးတွင် အများအားဖြင့် ရာသီဥတုမှာ နှစ်မျိုးနှစ်စားသာ ရှိကြပါသည်။ ကျွန်ုပ်တို့နေထိုင်ကြသော အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများတွင်လည်း အများအားဖြင့် နှစ်မျိုးနှစ်စားသာ ရှိကြပါသည်။ ယင်းနှစ်မျိုးနှစ်စားမှာလည်း [illegible]တောင့်သာယာရှိသည်ထက် ဆိုးဆိုး[illegible]ာသီဥတုမျိုးသာ ဖြစ်ကြပါသည်။

အထူးသဖြင့် အနောက်ဘက်နိုင်ငံများတွင် မနက်ဘက်တွင် ရာသီဥတုမှာ ကြည်လင်ကောင်းမွန်နေတတ်ပြီး ညနေဘက် ရာသီဥတုမှာ ဆိုးဆိုးဝါးဝါး ဖြစ်နေတတ်ပါသည်။ တစ်ဖန် မနက်ဘက် ရာသီဥတုမှာ ဆိုးဆိုးဝါးဝါးရှိနေတတ်ပြီး ညနေဘက်မှာ ကြည်ကြည်လင်လင်ပင်ဖြစ်နေပြန်ပါသည်။

ယင်းကဲ့သို့ မျက်လှည့်ပြသကဲ့သို့ ကောင်းချင်လျှင် ကောင်းနေတတ်ပြီး ဆိုးချင်လျှင် ဆိုးနေတတ်၍ လူတစ်ဦးနှင့်တစ်ဦး လမ်းတွင် တွေ့ဆုံကြရန်သည် ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုကြသည်ဖြစ်စေ၊ ကောင်းသော နံနက်ခင်းပါ၊ ကောင်းသော နံနက်ခင်းဖြစ်ပါစေ၊ တစ်ဖန် ကောင်းသော ညနေခင်းပါ၊ ကောင်းသော ညနေခင်း ဖြစ်ပါစေ ဟူ၍လည်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းကြပါသည်။ ထိုသို့ ရာသီဥတုကောင်းမွန်စေရန် ဆုတောင်းရင်း ရာသီဥတုကောင်းသည်ကို ဝမ်းသာကြည်နူးခြင်းဖြစ်ကြရပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အနောက်ဘက်ကဖြစ်စေ၊ အရှေ့ဘက်ကဖြစ်စေ၊ တစ်ခါတစ်ရံ ဝင်ရောက်လာလေ့ရှိသည့် ဆိုးဝါးလှသော မုန်တိုင်း၏ဒဏ်ကို ခံစားကြရသည်မှလွဲ၍ ရာသီဥတု သုံးမျိုးစလုံးမှာ မျှမျှတတရှိပြီး ရာသီဥတုသုံးမျိုးစလုံး၏ ကောင်းကျိုးကို ခံစားကြရပါသည်။ ယင်းကဲ့သို့ ရေခံမြေခံကောင်းလှသဖြင့် ပန်းမန်၊ စားပင်၊ သီးပင်၊ ဘယဆေးပင်၊ အရိပ်ရပင်များ၊ သစ်တောများမှာ မြေပြင်တွင် စိမ်းလန်းစိုပြေစွာဖြင့် ပေါက်ရောက်ဖြစ်ထွန်း သီးပွင့်ဝေဆာလှပါသည်။ ဂိမှာန်



www.burmeseclassic.com

www.burmeseclassic.com

ရာသီ နွေကာလတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကြောင့် သစ်ပန်းမာန်များ ခြောက်သွေ့ညှိုးလျော်ပြီး အသီးအရွက် ကိုင်းခက်များပါ ကြွေကျမြေခကြရသော်လည်း ပျိုးတစ်ရွက်၊ ဖူးတစ်ခက်ဖြင့် မြေအပြင်တွင် အမြဲတမ်းပင် စိမ်းလန်းစိုပြေနေသောကြောင့်ပင် စာဆို၏ "သစ်ရွက်ဆော်ချိ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဇက်ရှည်ဆေးစုံ၊ ခြယ်သောပုံသို့ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ကဗျာလင်္ကာလေးလိုပင် နွေ၏အလှကို ပိုမိုတသဖော်ကျူး နိုင်ကြပါသည်။

ပူပြင်းခြောက်သွေ့လှသော နွေဥတုရာသီကာလ ကုန်ဆုံးသွားကြ၊ ဖူးပရစ်များ အစီအရီ ထွက်ပြူလာကြသည့် ဝသန္တမိုးရာသီကာလသို့ ကူးပြောင်းရောက်ရှိ၍ လာကြသောအခါ အနောက်တောင် မုတ်သုန်လေနှင့်အတူပါလာသည့် မိုးရန့်နှင့် မိုးပုလဲပန်းတို့၏ အကူအညီဖြင့် ပင်စည်ထက်မှ အစို့အညှောင့်၊ အသီး၊ အကင်းအဖူး၊ အပွင့်များ အစီအရီ ထွက်ပြူလာကြသကဲ့သို့ ရွက်သစ်များလည်း စတင်ဝေဆာစ ပြုလာကြပါသည်။

တစ်ခါတစ်ရံ အနောက်ဘက်မှ၊ တစ်ခါတစ်ရံ အရှေ့ဘက်မှ ဝင်ရောက်မွှေနှောက် တိုက်ခိုက်ကြသည့် မိုးသက်မုန်တိုင်းများ၏ ဘေးအန္တရာယ်ဒဏ်ကို ခံစားကြရရာတွင် ပျက်စီးဆုံးရှုံးမှုများနှင့်အတူ မိုးပုလဲပန်းများကိုပါ သယ်ဆောင်လာသည့် ကျေးဇူးကြောင့်ပင် သစ်ပင်ပန်းမန်များ၏ အစို့အညှောင့်၊ အသီးအကင်းများသည် လျှင်လျှင်မြန်မြန်ပင် အဖူးအပွင့်များအဖြစ် တစ်စတစ်စ ပြောင်းလဲရှင်သန်လာကာ ရာသီကာလအားဖြင့် ဖွန်လဆန်းတွင် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် သစ်ပင်ပန်းမန်များသည် အပြိုင်အဆိုင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး အပြိုင်းအရိုင်းပင် ဖူးပွင့်လာကြပါတော့သည်။

"ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း" ဆိုသည့် သူငယ်တန်းဖတ်စာ စာကျက်၊ စာအံ၊ ကဗျာရွတ်ဆိုသံများသည်လည်း မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ စာသင်ကျောင်းအသီးသီးတွင် ဝေဝေဆာဆာ စီစီညံညံ ထွက်ပေါ်လာနေကြပြီ ဖြစ်ပါသည်။

အမိမြန်မာနိုင်ငံတော်၏ အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများသည် အားမာန်အပြည့်ဖြင့် အလိမ္မာစာမှာရှိသည် ဆိုသည့်အတိုင်း နိုင်ငံတော်၏ အကျိုးကို တက်တက်ကြွကြွ အားမာန်အပြည့်ဖြင့် ထမ်းဆောင်နိုင်ရေးအတွက် ခြေလှမ်းသစ်အစဖြစ်သော ပညာရည်နို့သောက်စို့ကြရန် စာသင်ကျောင်းအသီးသီးဆီသို့ သွားရောက်သင်ကြားနေကြသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အားရကျေနပ်ဖွယ်ရာကြီးပင် ဖြစ်ပါသည်။

အများ၏ ဆန္ဒသဘောထားအတိုင်း အများက ရွေးချယ်ထားသည့် ကိုယ်စားလှယ်များက အများကို ပြန်လည်အုပ်ချုပ်သော ဒီမိုကရေစီ ဗဟိုချက်မမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ မဏ္ဍိုင်အသီးသီးမှ ပုဂ္ဂိုလ်အသီးသီးသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာကဏ္ဍနှင့် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် တပ်မတော်၊ ပြည်သူတို့နှင့်အတူ အမိမြန်မာနိုင်ငံတော်ကြီး အဖက်ဖက်က ခေတ်မီမီ ဖွံ့ဖြိုးတိုးတက်လာပြီး ပထမ အာဆီယံနိုင်ငံများအလယ်နှင့် ကမ္ဘာ့အလယ်တွင် အစဉ်ထာဝရ ဝင့်ထည်နေအောင် တက်ကြွနိုးကြားစွာ ကြိုးစားဆောင်ရွက်ကြရာတွင် ဤပန်းကလေးများက ထာဝရ လန်းဆန်းနေကြရမည် ဖြစ်ပါသည်။

"ပန်းကိုလိုလျှင် အပင်ကိုပျိုးပါ" ဆိုသည့် ဆိုရိုးစကားနှင့်အညီ ဝင့်ထည်စွာ ပွင့်သောပန်းကို လိုချင်သည်ဆိုပါက အပင်ကို ယုယုယယ ပြုစုပျိုးထောင် စိုက်ပျိုးပေးရမည် ဖြစ်ပါသည်။ ထို့ပြင် "ပွင့်သောပန်းတိုင်း မွှေးပါစေ"ဆိုသည့် ဆုတောင်းစကားနှင့်အညီ ဖြစ်ထွန်းပွင့်လန်းလာသည့် ပန်းတိုင်း၊ ပန်းတိုင်းသည်လည်း အစဉ်ထာဝရ မွှေးပျံ့နေရန်လည်း အရေးတကြီး လိုအပ်နေပါသည်။

"စံပယ်,ကြက်ရုန်း,ဂမုန်း,နှင်းဆီ၊ ပန်းတွေလီတို့၊ လေပြည်လေညင်း၊ ယူဆောင်ကြဉ်း၍၊ ပျံ့သင်းမွှေးကြိုင်၊ လေအောက်လှိုင်"ဟု ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သူတော်ကောင်းရနံ့ဂုဏ်ကို ပန်းရနံ့နှင့် နှိုင်းနှိုင်းစပ်ဆိုသည့် ဓမ္မလင်္ကာအတိုင်းပင် စံပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ နှင်းဆီစသည့် ပန်းပေါင်းစုံတို့သည် လေပြေလေညင်းက ဆောင်ကြဉ်းသည့် အခါကာလ သမယတွင် ပန်း၏ဂုဏ်ဒြပ်၊ ပန်း၏ရနံ့ကြောင့် လေအောက်တွင် ပျံ့သင်းမွှေးကြိုင်လျက် ရှိနေကြပါသည်။

ပန်းဥယျာဉ်မှူး၏ ပြုစုယုယမှု ပျိုးထောင်ပေါင်းသင်၊ ရေ နေ



www.burmeseclassic.com

www.burmeseclassic.com

မိုးရရှိမှု၊ မြေဆီမြေသြဇာရရှိမှု၊ မြေထောင်မြှောက်ပေးမှုတို့ကြောင့် မွှင့်သော ပန်းတိုင်း၊ ပန်းတိုင်း တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် ပွင့်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆိုမှုနှင့်အညီ ဖူးစမြဲ၊ ပွင့်စမြဲ၊ အဆင်းရော၊ အချင်းပါ လှပစမြဲ ဖြစ်သော်လည်း အပင်တို့၏ မျိုးစိတ်ကွဲပြားမှုတို့ကြောင့် တော်ဝင်ပန်းမြတ် ဖြစ်ချင်မှ ဖြစ်ပါမည်။ သို့သော် ပန်းရှယ်လိုသူတို့ ခူးဆွတ်ချင်စဖွယ် ပန်းတိုင်းသည် နီနီ၊ ဝါဝါ၊ ဖြူဖြူ၊ ပြာပြာ ရောင်မျိုးစုံလင်စွာဖြင့် ဟောတစ်ရံ ဟောတစ်ရံ သူ့စွမ်းသူ့အင်နှင့် အလှကိုယ်စီ ဖူးပွင့်ဝေဆာလျက် ရှိနေကြပါသည်။

သို့ရာတွင် တချို့ တချို့ သော ပန်းကလေးများမှာ လေဒဏ်မိုးဒဏ်၊ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကို မခံနိုင်ကြပါ။ တချို့က လေဒဏ် မိုးဒဏ်၊ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံကာ ရပ်တည်ရှင်သန် ပေါက်ဖွားလာနိုင်ကြပါသည်။

ပန်းကလေးများ အဖျက်အဆီး အနှောင့်အယှက်ကင်းကင်းဖြင့် ဖူးချိန်တန်ဖူး ပွင့်ချိန်တန်ပွင့်ကာ လန်းဆန်းပွင့်ဖူးလာရန် လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်၊ မိုးသက်မုန်တိုင်းဒဏ် ကြံ့ကြံ့ခိုင်ခိုင်ရန် ပန်းနှင့်သစ်ပင် ရှင်သန်ကြီးထွား ပေါက်ဖွားနိုင်ရန် ပေါင်းပြ[illegible]တ်သင်ရှင်းလင်းခြင်း မြေပြုပြင်ပေး[illegible] မြေသြဇာထည့်ပေးခြင်း၊ မြေတောင်မြှောက်ပေးခြင်းများကို အခါမလပ်မပြတ် ယုယုယယ ပြုစုကြရမည်သာ ဖြစ်ပါသည်။

ပန်းကလေးများ ညှိုးလျော်၊ ကြွေကျ၊ မြေခကြရမည့် အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးကို စမ်းသပ်ခြင်း၊ အစပြုသုံးစွဲခြင်း၊ စွဲလမ်းခြင်း၊ မရမနေ သုံးစွဲရခြင်းကြောင့် မူးယစ်ဆေးဝါး၏ သားကောင်ငယ်များ ဖြစ်မှန်းမသိ ဖြစ်ရကာ တစ်ဆင့်တက်၍ ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြင့် အကြောထဲသို့ ထိုးသွင်းခြင်း၊ ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြင့် မျှဝေသုံးစွဲခြင်း နည်းလမ်းဖြင့် မူးယစ်ဆေးဝါးရလိုမှု၊ ငွေကြေးရလိုမှု၊ ရိုးရာယဉ်ကျေးမှုကို မလိုက်နာ မကျင့်သုံး၊ ရှေးရိုးပယ်ကာ ဈေးသုံးလွယ်ကြသဖြင့် မိမိ၏ ပန်းဘဝကို တန်ဖိုးမထား၊ ယုံမှတ်၍ ပုံအပ်ခြင်း၊ တစ်လင်တစ်မယားစနစ်ကို ဆန့်ကျင်ဖောက်ဖျက်ခြင်း ဒဏ်များကြောင့် ပန်းကောင်း အညွန့်ကျိုးဘဝဖြင့် အရွယ်မတိုင်မီ ကြွေကျမြေခကာ မိမိနှင့် မိမိ၏ ခင်ပွန်း၊ ဇနီးသားသမီးများတွင်ပါ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ကာ အေအိုင်ဒီအက်စ် ရောဂါဝေဒနာသည် ဘဝဆိုးကြီးကို ဆိုးရွားစွာ ခံစားကြရပါတော့သည်။

ပန်းမြိုင်လယ်မှ ပန်းကလေးများ ဘဝသည်ကား နုနယ်လှပြီး နိုင်ငံတော်၏ အရင်းအမြစ်များ ဖြစ်ကြပါသည်။ နိုင်ငံတော်၏ အကျိုးပြုသူများ ဖြစ်ကြပါသည်။ ထို့ကြောင့်ပင် အညံ့ပန်း စာရင်းမဝင်ရအောင် အညံ့ပန်းဘဝမှ ရုန်းထွက်ရန် အစွမ်းကုန် ကြိုးစားကြရမည်သာ ဖြစ်ပါသည်။ ထို့အတူ ပန်းချစ်သူများကလည်း အရွယ်မတိုင်ခင် ကြွေကျမြေခ မဖြစ်ရလေအောင် ပန်းကောင်းအညွန့်ချိုး မဖြစ်စေဘဲ ယုယုယယ ကြင်ကြင်နာနာဖြင့် ကိုယ်ချင်းစာတရားထားကာ စောင့်ရှောက်ကာကွယ်ပေးကြရမည် ဖြစ်ပါသည်။

အလားတူပင် ကိုယ်ကျိုးရှာ ဝိသမလောဘသားများ၊ ပန်းမုဆိုးများ၏ ဘေးဒဏ်အန္တရာယ် ကျော့ကွင်းမှ လွတ်ကင်းနိုင်ရန် ကြံ့ကြံ့ခံကာကွယ် ရင်ဆိုင် ရှင်သန်ပေါက်ဖွားလာနိုင်ရန် ဥယျာဉ်မှူးကောင်း အနေဖြင့်လည်း ဂရုတစိုက်ဖြင့် ပြုစုပျိုးထောင် မြေတောင်မြှောက်ကာ အခါမလပ် သတိဖြင့် ကာကွယ်စောင့်ရှောက်သွားရမည်သာ ဖြစ်ပါသည်။

အမိနိုင်ငံတော်၏ ပြည်ထောင်စု ပန်းဥယျာဉ်ကြီးထဲမှ ဖြူဖြူ၊ ဝါဝါ၊ နီနီ၊ ပြာပြာ ပန်းကလေးများသည် ဟောတစ်ရံ ဟောတစ်ရံဖြင့် ပန်းမျိုးစုံ ဝေဆာစွာ မကြာမီ ငါးငါးစွင့်စွင့် ဖူးပွင့်လာတော့မည် ဖြစ်ပါသည်။ ပန်းကလေးများ အားမာန်သစ်တို့ဖြင့် ဖူးတံသွယ်ကလေးများ ပွင့်ဖို့ ဝင့်ချီလျက် ရှိနေကြပါသည်။ တက်သစ်စ နေခြည်မှာ ရွှေရည်လောင်းသည့် ငါတို့ဥယျာဉ်ကောင်းမှ ပွင့်ဖူးလာတော့မည့် ပွင့်သောပန်းတိုင်း မွှေးပျံ့ကြိုင်ကာ ပန်းမြိုင်လယ်တွင် စံပယ်၊ ကြက်ရုံး၊ ဂမုန်းနှင့်ဆီပန်းထွေလီတို့သည်ကား ပန်းမြိုင်လယ်ဥယျာဉ်သာအတွင်း တညင်းညင်းတိုက်ခတ်နေသော လေပြည်လေညင်းတို့၏ ဆောင်ယူပေးမှုကြောင့် တစ်တောလုံး၊ တစ်တောင်လုံး တောတောင်အနှံ့ အစဉ်ထာဝရ ပျံ့သင်းမွှေးကြိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတော့သည်။

**လင်းမြင့်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com



# အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင်[ B.A (HIST:) H.G.P., R.L ]

**ခင်ပွန်းသည်မရှိခိုက် အိမ်ကပစ္စည်းတွေ သယ်ယူသွားတဲ့ ဇနီးကို ခိုးမှုစွဲလို့ရသလား**

ဆရာခင်ဗျား . . .

ကျွန်တော်တို့နှစ်ယောက်ဟာ သမီးရည်းစားဘဝမှာ လူတကာ အားကျလောက်အောင် အချစ်ကြီးခဲ့ကြတဲ့ ချစ်သူစုံတွဲပါ။ အဲဒါတောင် မိဘတွေသဘောမတူလို့ ခိုးပြေးပြီး လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရတဲ့ လင်မယားပါ။

မယုံကြည်နိုင်စရာကောင်းတာက သမီးရည်းစားဘဝမှာ ကိန္နရီမောင်နှံလို ချစ်ခဲ့ကြတဲ့ ကျွန်တော်တို့လင်မယားဟာ အိမ်ထောင်သက် တစ်နှစ်ကျော်လာတဲ့ အချိန်ကစပြီး ဘာကြောင့်ရယ်လို့ အဖြေရှာမရဘဲ တကျက်ကျက်နဲ့ ဓမ္မာသောက အင်းဝရာဇာ ဖြစ်လို့လာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးမရနိုင်သေးတာလည်း တစ်ကြောင်းပါမှာပေါ့လေ။ နောက်တော့ တဖြည်းဖြည်း ကြာလေဆိုးလေဖြစ်လာပြီး၊ တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာပြီး မတည့်အတူနေ ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့လကတော့ လင်မယား အကြီးအကျယ်စကားများပြီး ကွာရှင်းမယ်အထိ ဖြစ်လာပြီး ဇနီးသည် အိမ်ပေါ်က ဆင်းသွားပါတော့တယ်။

ကျွန်တော်ကိုယ်တိုင်လည်း ဒီအိမ်ထောင်ကို စိတ်ကုန်နေတာကြောင့် ဇနီးသည်လာရင် အဆင်သင့်ဖြစ်အောင် ကွာရှင်းစာချုပ် လုပ်ပြီး ကြိုတင်လက်မှတ်ရေးထိုးပေးထားလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော် လုံးဝထင်မှတ်မထားတဲ့ ဖြစ်ရပ်တစ်ခု မကြာသေးခင်က ဖြစ်ပွားခဲ့ပါတယ်။ ဇနီးသည်ဟာ ကျွန်တော်မရှိတဲ့အချိန်မှာမှ ရုတ်တရက်ပေါက်ချလာပြီး သော့ဖွင့်ဝင်တယ်။ ပြီးတော့ အိမ်မှာရှိတဲ့ တီဗွီ၊ အောက်စက်နဲ့ ရွှေငွေ စတဲ့ အတွင်းပစ္စည်းရှိသမျှ အကုန်ယူချသွားပါတယ်။

ကွာရှင်းစာချုပ်မှာတော့ လက်မှတ်ရေးထိုးမသွားခဲ့ပါဘူး။

ကျွန်တော် ဒီကိစ္စကို အရမ်းဒေါသထွက်ပြီး ဇနီးသည်အပေါ် ရွှေငွေပစ္စည်းတွေခိုးမှုနဲ့ အမှုဖွင့် တရားစွဲချင်စိတ် ပြင်းထန်နေပါတယ်။ အဲဒါ ဥပဒေအရ ဒီလိုဆောင်ရွက်လို့ ရမရ သိချင်ပါတယ် ဆရာ။

အထူးကျေးဇူးတင်လျက်
**မောင်တင်အောင်**
ဗိုင်းဂနိုင်းရပ်၊ ပဲခူးမြို့။

ကိုတင်အောင်ခင်ဗျား . . .

သွေးမတော်သားမစပ်တဲ့ သူစိမ်းတွေ ပေါင်းဖက်နေထိုင်ကြမှတော့ စိတ်ဆန္ဒချင်းမတိုက်ဆိုင်တာ အဆန်းမဟုတ်တော့ပါဘူး။ တစ်အူထုံ့ဆင်း မောင်နှမအရင်းတွေတောင်မှ အမွေကိစ္စကြောင့် တစ်သက်လုံး မပြောနိုင်၊ မဆိုနိုင် ရှိနေကြသေးတာပဲဟာ။

ဒါပေမယ့် ကိုတင်အောင်တို့ဟာ ယခုအချိန်အထိ တရားဝင် မကွာရှင်းရသေးတဲ့ အကြင်လင်မယားအရာမြောက်နေကြတုန်းပဲ မဟုတ်လားဗျာ။ ဒီတော့ လင်မယားဆိုတာ အိမ်ထောင်ပစ္စည်းကို ဥပဒေအရ အတူပိုင်ဆိုင်ကြသူတွေပဲ။ လင့်ပစ္စည်း မယားပိုင်သလို၊ မယားပစ္စည်းကိုလည်း လင်က ပိုင်ဆိုင်ခွင့်ရှိတယ်လေ။

ဒါကြောင့် ကိုတင်အောင့်မေးခွန်းကို တရားစီရင်ထုံး အကိုးတစ်ခုနဲ့ ဖြေဆိုလိုက်ပါရစေ။ ၁၉၇၃၊ မတ၊ ဗဟိုတရားရုံး၊ ၂၀ စီရင်ထုံးမှာ -

"ပစ္စည်းများကို မိမိလည်း ပိုင်သည်ဟု ယုံကြည်၍ ယူသွားခြင်းဖြစ်ရာ မရိုးမဖြောင့်သော သဘောဖြင့် ယူသွားခြင်းမဟုတ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ခိုးမှုမမြောက်" လို့ ဆုံးဖြတ်ထားခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကိုတင်အောင်အနေနဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနဲ့အညီ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားဆောင်ရွက်မှသာ ပစ္စည်းကိစ္စကို ဖြေရှင်းနိုင်မှာ ဖြစ်ကြောင်း အကြံပြုဖြေကြားလိုက်ပါတယ်။

××× ××× ×××

**တရားရုံးတော်က တရားရှင်လွှတ်ရင် အမှုပြန်စွဲလို့ရသလား**

ဆရာခင်ဗျား . . .

ကျွန်တော်ဟာ ဦးစီးဌာနတစ်ခုက အငယ်တန်းအရာရှိတစ်ယောက် ဖြစ်ပါတယ်။ ခုတော့ ကျွန်တော်တို့ဌာနစုက အစိုးရပိုင်ပစ္စည်း အလွဲသုံးစားမှုနဲ့ အရာရှိတစ်စု အရေးယူခံရတဲ့ကိစ္စမှာ ကျွန်တော်ပါ ပါနေပါတယ်။

အမှန်တော့ ကျွန်တော် ဒီဌာနစုကိုရောက်တာ ရက်ပိုင်းပဲ ရှိသေးသလို၊ အလုပ်သဘော၊ လုပ်ထုံးလုပ်နည်းကိုလည်း ကောင်းကောင်းမကျွမ်းကျင်သေးပါဘူး။ ဒါပေမယ့် အများနဲ့ဖြစ်လာတော့ တစ်နွယ်ငင် တစ်စင်ပါဆိုသလို အမှုလမ်းကြောင်းပေါ် ရောက်နေလို့ နယ်ဘက်တရားရုံးမှာ တရားစွဲခံနေရပါတယ်။ ရာထူးကလည်း ခေတ္တအချုပ်ခံထားရပါတယ်။

တပ်ထားတဲ့ပုဒ်မကလည်း အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ် ကျခံရနိုင်တဲ့ အထူးဥပဒေ အ·ပ·က(၃) ဖြစ်ပါတယ်။ ဥပဒေနဲ့အညီ သတ်မှတ်ဆေးစာ တင်ပြနိုင်လို့လည်း အသီးသီး အချုပ်လွတ် ထုချေနိုင်ခွင့်ရကြပါတယ်။ တရားသူကြီးအနေနဲ့ ဌာနဆိုင်ရာ အရာရှိတွေဖြစ်နေလို့ အာမခံပေးလိုက်တာလည်း ပါနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆို ဒီအမှုမှာ ရိုးရိုးသားသား တာဝန်ထမ်းဆောင်ရင်း ဘုမသိ ဘမသိနဲ့ ပါခဲ့ရတာပါ။ ဒါကို အမှုမှာပါဝင်တဲ့ လုပ်ဖော်ကိုင်ဘက်တွေအားလုံး သိကြပါတယ်။ ဒါကြောင့်လည်း တရားရုံးတော်က ကျွန်တော့်ကို အမှုနဲ့ငြိစွန်းတဲ့ အထောက်အထားတွေ မခိုင်လုံလို့ဆိုပြီး အမှုက တရားရှင်လွှတ်ပေးလိုက်ပါတယ်။

ကျွန်တော်ကတော့ အနှောင်အဖွဲ့က စောစောလွတ်မြောက်သွားတာကို ပျော်တဲ့အပြင် အခြားလုပ်ဖော်ကိုင်ဘက်တွေထက် အရင်မူလ ရာထူးပြန်ရပြီး အလုပ်ပြန်ဝင်ရမှာကို ဝမ်းသာနေပါတယ်။

ဒါပေမယ့် တချို့ ဥပဒေနားလည်သူတွေက ပြောတယ်။ တရားရှင်လွှတ်ပြီးမှ တခြားအမှုနဲ့ ငြိစွန်းတဲ့သက်သေအထောက်အထားတွေ ပေါ်လာရင် ပြန်ဖမ်းခံရနိုင်တယ်တဲ့။ တရားသေလွှတ်တာမှသာ အမှုက ကွင်းလုံးကျွတ်လွှတ်တာဖြစ်လို့ ထပ်အရေးယူ မခံရနိုင်တော့ဘူးတဲ့။

အဲဒါကြောင့် ကျွန်တော့်ရဲ့ လက်တလောပျော်ရွှင်မှုတွေ လွင့်စဉ်ပျောက်ကွယ်သွားပြီး နေ့စဉ်နှင့်အမျှ ကျီးလန့်စာစား ဖြစ်နေရပါတယ်။ အဲဒါကြောင့် ဥပဒေအရ တရားရှင်လွှတ်တာနဲ့ တရားသေလွှတ်တာတွေ ဘယ်လိုကွာခြားမှုရှိတယ်ဆိုတာ အမြန်ဆုံးဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အစဉ်လေးစားစွာဖြင့်

**မောင်မောင်အေး**

လမ်းသစ်လမ်း၊ အင်းစိန်။

ကိုမောင်မောင်အေးခင်ဗျား . . .

ဒီအသေအရှင်ကိစ္စက သက်ရှိလောကမှာတင်မက သက်မဲ့လောကမှာပါ ရှိနေပါတယ်။ ဥပမာ-ငွေတိုးချေးစားနိုင်တဲ့ခေတ်က ကြွေးရှင်,ကြွေးသေ ဆိုပြီး ရှိခဲ့တာလို ဘဏ်လုပ်ငန်းမှာလည်း ငွေစာရင်းရှင်,ငွေစာရင်းသေဆိုတာ ရှိပါတယ်။ စာတိုက်လုပ်ငန်းမှာလည်း စာရှင်,စာသေ ရှိသလို၊ ပြစ်မှုဆိုင်ရာဥပဒေမှာလည်း တရားရှင်,တရားသေ ရှိနေပါတယ်။ တရားမတရားစီရင်ရေးမှာတောင် မီးသေဆုံးဖြတ်ချက် (Res Juticata) ဆိုတာ ရှိနေပါသေးတယ်။

ပြစ်မှုဆိုင်ရာဥပဒေမှာ ထောင်ဒဏ် ၆ လအထိ အပြစ်ပေးနိုင်တဲ့ (သမ္မန်မှုစစ်ဆေးနည်း)မှာ တရားရှင်,တရားသေ မရှိပေမယ့် ထောင်ဒဏ် ၆ လအထက်ပေးနိုင်တဲ့ (ဝရမ်းမှုစစ်ဆေးနည်း)မှာတော့ ရှိပါတယ်။

စွဲချက်မတင်မီ တရားရှင်လွှတ်တယ်ဆိုတာ တရားခံကို အပြစ်က ကွင်းလုံးကျွတ်လွှတ်တာမျိုး မဟုတ်ဘဲ အပြစ်ငြိစွန်းတဲ့ သက်သေခံချက်တွေ မခိုင်လုံလို့ လွှတ်ရ,တာသာ ဖြစ်ပါတယ်။ အကယ်၍ နောက်မှ ခိုင်လုံတဲ့သက်သေခံအထောက်အထားတွေ ပေါ်လာရင် တရားခံကို ပြန်လည်တရားစွဲဆိုနိုင်ခွင့်ရှိပါတယ်။

စွဲချက်တင်စစ်ဆေးပြီးမှ တရားသေလွှတ်တယ်ဆိုတာကျတော့ တရားခံကို ပြစ်မှုမထင်ရှားလို့ အမှုက အပြီးအပြတ်လွှတ်လိုက်တာမို့လို့ နောက်ထပ် ဒီအမှုနဲ့ပတ်သက်ပြီး တရားစွဲမခံရနိုင်တော့ပါဘူး။

ကိုမောင်မောင်အေးအနေနဲ့ အခုဗျာနစ်ကို ရောက်တာရက်ပိုင်းပဲရှိသေးပြီး အမှုမှာ ဘုမသိဘမသိနဲ့ ပါလာခဲ့တာရယ်၊ တရားရုံးတော်အနေနဲ့ကလည်း ကိုမောင်မောင်အေးပြစ်မှုကျူးလွန်စေမယ့် သက်သေအထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိတာရယ်ကြောင့်သာ တရားရှင်လွှတ်ပေးလိုက်တာဖြစ်ပါတယ်။

အဲဒီလို တရားရုံးတော်က တရားရှင်လွှတ်တာမျိုးဟာလည်း အင်မတန်နည်းပါးတတ်ပြီး ပြန်အရေးယူနိုင်ခြေရာခိုင်နှုန်းကလည်း အလွန်နည်းပါးတာကြောင့် စိတ်အေးချမ်းသာနဲ့ လုပ်စရာရှိတာ ဆက်လုပ်ဖို့ အကြံပြုလိုက်ပါရစေ။

အောင်မြင်ပါစေ

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# တောင်မှူးများအလိုရှိသည်

## အပိုင်း(၈၀)

### ထီးခမ်းမှ လက်နက်လုပြေးပွဲ

✦ ဗဟိုဇော

တူးတူးတို့ရေ…

မနေ့ညက ဆက်ရက်မင်းစည်းစိမ်ခံရင်း အပြတ်ဒေါင်းသွားတဲ့ ဦးလှိုင်သိန်းဟာ နောက်တစ်နေ့မနက် အောက်တိုဘာလ ၈ ရက်ကျတော့ အိပ်ရာက အစောကြီးနိုးနေတဲ့အပြင် တစ်နေ့တာ လှုပ်ရှားဖို့အတွက် တာထွက်မြင်းလို တက်တက်ကြွကြွ ဖြစ်နေတာ တွေ့လိုက်ရတယ်ဗျ။

ဒါဟာ…ကိုယ့်စိတ်ထဲမတော့ အံ့အားသင့်စရာပါ။ ညနေဘက် နေညို့ညို့ မီးထွန်းချိန်ရောက်ပြီဆိုမှဖြင့် သူ့စာအိမ်ထဲ အာမီရမ်ရောက်မလာသေးရင် နေမထိထိုင်မသာအောင် ဝေဒနာခံစားရရှာတဲ့ ဦးလှိုင်သိန်းဟာ မနက်မိုးလင်းတော့လည်း ညက ဘာမှမဖြစ်ခဲ့သူလို ပကတိလူကောင်းတစ်ယောက်ဖြစ်နေလို့ပါပဲ။ တကယ်တော့ အာမီရမ်ဆိုတာ အဲဒီအချိန်တုန်းက သူ့အတွက် မရှိမဖြစ်လိုအပ်နေတဲ့ သက်စောင့်ဆေးတစ်လက်လို ဖြစ်နေတယ်ထင်ပါရဲ့။

သူတစ်ခုကောင်းတာက တခြားအရက်သမားတွေလို ပစ်ကမိအပ်လို့ခေါ်တဲ့ မောနင်းပက်ချဖို့ မလိုတာပဲ။ တချို့ဆို ညကများသွားလို့ မနက်အိပ်ရာထမှာ မခံမရပ်နိုင်အောင် ခေါင်းကိုက်တတ်လေ့ရှိတယ်လေ။ အဲဒါကို ဝါရင့်ဆရာကြီးတွေက အရက်တစ်ပက်လောက်ကို ရေမရောဘဲ "နိ"သောက်ခိုင်းတယ်။ အဲလိုသောက်ပြီးတာနဲ့ တစ်



www.burmeseclassic.com

www.burmeseclassic.com

နာရီတိတိပဲ။

ကိုယ့်အဖို့ ပထမဆုံးလုပ်ငန်းကတော့ အချိန်အတန်ကြာပိတ်ထားခဲ့တဲ့ MD နဲ့ OA ငွေစာရင်းတွေကို ကိုယ့်နာမည်နဲ့ ဖွင့်ဖို့ပဲ။ ဘဏ်မန်နေဂျာကို ကိုယ့်ရဲ့ပြောင်းရွှေ့အမိန့်စာနဲ့ ငွေစာရင်းဖွင့်ဖို့ အမိန့်စာတွေကို ပေးအပ်လိုက်တယ်ဆိုရင်ပဲ လိုလိုလားလား ဆောင်ရွက်ပေးပါတယ်။ မနက် ၁၁ နာရီလောက်မှာ ဘဏ်ကိစ္စပြီးစီးသွားပါတော့တယ်။

အဲဒီနောက် ဘဏ်ရှေ့က မေရှမ်းစားတော်ဆက်မှာ နေ့လယ်စာအဖြစ် ကြေးအိုးစားကြတယ်။ ပြီးတာနဲ့ ပြည်နယ်ပညာရေးမှူးရုံးဆီ ခရီးဆက်ခဲ့ကြတယ်။ အဲဒီတုန်းက ပြည်နယ်ပညာရေးမှူးက ဦးခွန်ဘရင်ပါ။ ရန်ကုန်တိုင်းပညာရေးမှူးရုံးက လိုအပ်တဲ့ စာရွက်စာတမ်းတွေ အပြည့်အစုံပါလာတာရယ်၊ ကိုယ့်ရဲ့ ထီးခမ်းဘန်းကန်စိုက်ပျိုးရေးစခန်း ပြောင်းရွှေ့အမိန့်စာပါ တင်ပြနိုင်တာကြောင့်ရယ် ချက်ချင်း အရေးယူဆောင်ရွက်ပေးပါတယ်။

ပြည်နယ်ရုံးကိစ္စပြီးတော့ ရပ်စောက်မြို့နယ် ပညာရေးမှူးရုံး ပြေးရပြန်တယ်။ ကိုယ့်စခန်းက ရပ်စောက်မြို့နယ်ထဲ ဝင်နေလို့လေ။ ဟိုရောက်တော့ ခွေအုပ်ရုံးသွားပြီး ကိုယ်ထီးခမ်းစခန်းပြောင်းရွှေ့ရောက်ရှိကြောင်း သတင်းပို့[illegible]တယ်။ ပြီးမှ ရပ်စောက်အထက[illegible]ပညာရေးမှူး ဦးသာချုပ်နဲ့ သွားတွေ့ရတယ်။ ဆရာကြီးကလည်း ရုံးမှာရှိနေတော့ အဆင်ပြေသွားတာပေါ့ဗျာ။ သူက ဇနီးသည်ကို ကိုယ့်စခန်းက ငါးမိုင်ဝေးတဲ့ ပင်ဖြစ်ရွာ အလယ်တန်းကျောင်းမှာ တာဝန်ချပေးတယ်။

ဒါကြောင့် ရပ်စောက်ကအပြန်မှာ ပင်ဖြစ်အလယ်တန်းကျောင်းကို တစ်လက်စတည်း ဝင်ရတယ်။ ကျောင်းအုပ်ကြီးက ဦးမောင်ဟန်ပါ။ ဇနီးသည် ဒီကျောင်းမှာ တာဝန်ကျကြောင်း အမိန့်စာပေးတော့ သူက သင်ကြားရမယ့် အတန်းကို လိုက်ပြတယ်။ ကျောင်းတစ်ပတ် ပတ်ကြည့်ပြီး ပြန်လာတော့ ညနေ ၄ နာရီတောင် ခွဲပြီးနေပြီလေ။ စခန်းပြန်ရောက်တော့ အနောက်ဘက်တောင်စွယ်မှာ နေကွယ်လုနီးနေပါပြီ။

ဒီနေ့အဖို့ အပင်ပန်းဆုံးလူက ဦးလှိုင်သိန်းပါပဲ။ သူက တစ်လမ်းလုံး ကားမောင်းခဲ့ရတာလေ။ ခရီးက နည်းမှ မနည်းဘဲ။ တောင်ကြီးအသွားအပြန် မိုင် ၆၀ ကျော်၊ ရပ်စောက်အသွားအပြန် မိုင် ၇၀ ကျော်မို့လို့ တစ်နေ့လုံး မိုင် ၁၃၀ ကျော်လောက် မောင်းခဲ့ရတာလေဗျာ။ အဲလို ပင်ပန်းခဲ့သမျှ အမောပြေအောင် အသုံးတော်ခံခဲ့တာက ထုံးစံအတိုင်း အာမီရမ်ပဲပေါ့ဗျာ။

နောက်တစ်နေ့မနက်မှာတော့ အလုပ်လွှဲပြောင်း လက်ခံလုပ်ကြရတယ်။ လက်ရှိယာယီစခန်းကနေ အတွင်းဘက် နှစ်မိုင်လောက်စီမှာ ဆောက်လုပ်ထားတဲ့ အမြဲတမ်း အဆောက်အဦတွေအထိ သွားပြီး အသေးစိတ် စစ်ဆေးကြတယ်။ ထီးခမ်းစခန်းပြီးတော့ ဘန်းကန်စခန်းကို စစ်ကြတယ်။ စခန်းတစ်ခုမှာ အမြဲတမ်း အဆောက်အဦ ၁၆ လုံးစီ ဆောက်လုပ်ထားတာ တွေ့ရတယ်။

အမှန်တော့ ဒီစခန်းဟာ စီမံကိန်းဝင် ကော်ဖီစိုက်ပျိုးရေးစခန်းတွေပါ။ ၁၉၈၅-၈၆ ဘဏ္ဍာရေးနှစ်က စတင်ပြီး စခန်းတစ်ခုကို ရဲဘက်အင်အား တစ်ထောင်စီနဲ့ ကော်ဖီကေ တစ်ထောင်စီ စိုက်ပျိုးဖို့ စီမံကိန်းချခဲ့တာပါ။ (က) အဆင့်အကန်းရှိတဲ့ စခန်းကြီးဖြစ်ပြီး ထောင်ပိုင်အဆင့်(၁) တစ်ယောက်ကို တာဝန်ခံအရာရှိ ပေးထားပြီး ထီးခမ်းနဲ့ ဘန်းကန်စခန်းတွေမှာ ဒုတိယထောင်ပိုင်တစ်ယောက်စီ အုပ်ချုပ်စေတာပါ။

စစချင်း ရွှေညောင်-ရပ်စောက်ကားလမ်း မိုင်တိုင် ၁၉/၁ အနီးမှာ ယာယီစခန်းတွေ ဆောက်ပေးတယ်။ ထီးခမ်းတစ်ဖက်၊ ဘန်းကန်တစ်ဖက်ပေါ့။ အဲဒီစခန်းတာဝန်ခံတွေ ကွပ်ကဲပြီး အတွင်းဘက် မြေကေတစ်ကြောမှာ ရဲဘက်အင်အားနဲ့ ကော်ဖီကေ တစ်ထောင် စိုက်ပျိုးရတယ်။ ကော်ဖီစိုက်ခင်းတွေရဲ့ အဆုံးပိုင်း အနောက်ဘက်တောင်ခြေနားမှာ စောစောက ပြောတဲ့ အမြဲတမ်းအဆောက်အဦတွေကို ဆောက်လုပ်ရတယ်။

ဒီအဆောက်အဦတွေနဲ့ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းတွေဟာ တစ်နှစ်တည်းနဲ့ အကောင်အထည် မဖော်နိုင်ပါဘူး။ ငါးနှစ်စီမံကိန်းပါ။ အမြဲတမ်းအဆောက်အဦကို ဘဏ္ဍာရေးနှစ်အလိုက် ဆောက်လုပ်ရမှာတွေကို သတ်မှတ်လျာထားပါတယ်။ အဲလိုပဲ ကော်ဖီစိုက်ပျိုးရေးကိုလည်း တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ဆောင်ရွက်ရမှာတွေကို စနစ်တကျ စီမံချက်ရေးဆွဲပေးထားပါတယ်။ လုပ်ငန်းစီမံချက် ချမှတ်ပြီး ငါးနှစ်ပြည့်ရင် လျာထားချက်အားလုံး အောင်မြင်ပြီးစီးမယ်ပေါ့လေ။

ဒါပေမယ့် အစည်းအဝေးခန်းမထဲမှာရေးဆွဲခဲ့တဲ့ စီမံကိန်းဟာ တကယ်



www.burmeseclassic.com

www.burmeseclassic.com

မနက်လုံး ခေါင်းကိုက်နေတာဟာ နတ်ရေစင်သောက်လိုက်သလို တစ်မှုဟုတ်ချင်း ပျောက်သွားပါလေရောလားဗျာ။ အဲ...အစရှိအနှောင်နှောင် ဆိုသလို မနက်ခေါင်းကိုက်တိုင်း တစ်ပက်ချလိုက်နဲ့ နောက်ဆုံးတော့ တစ်ပက်ပြီးတစ်ပက် ဆက်သောက်ရင်း အရက်သမားလုံးလုံး ဖြစ်သွားရရှာတဲ့ အရာရှိဝန်ထမ်းတွေ ကိုယ်တို့ထောင်လောကမှာ နည်းမှ မနည်းဘဲဗျာ။

အဲဒီထဲမှာ...ထီးခမ်းစခန်းက ထောင်မှူးမြင့်စိန်တစ်ယောက်လည်း အပါအဝင်ပေါ့။ ကိုယ် ဒီစခန်းကို တမြန်နှစ်က သစ်ကိစ္စနဲ့ ရုံးချုပ်ထောက်ဌာနစုက စာရေးမောင်မောင်ကြီးနဲ့ တစ်ခါ ရောက်ခဲ့ဖူးတယ်။ အဲဒီတုန်းက မြင့်စိန်ရဲ့ အခြေအနေ တော်တော်လေးဆိုးတယ်။ လက်တွေ တဆတ်ဆတ်တုန်ပြီး အရက်ခွက်ကိုတောင် မကိုင်နိုင်တော့ဘူးတဲ့။ အဲဒါကြောင့် ခွေးလို လေးဖက်ထောက်ပြီး အရက်ခွက်ကို ပါးစပ်နဲ့တေ့ပြီး စုပ်သောက်ရသတဲ့။ ဒီတော့မှ နေသာထိုင်သာ ရှိသွားတယ်ဆိုပဲ။

သူ့ရုပ်ရည်ကလည်း နှစ်ရှည်လများ အရက်နာကျသူလို ပိန်ခြောက်ပြီး အသားအရေပါ ခန်းခြောက်နေတာလေ။ ကိုယ့်စိတ်ထဲ ဒီမောင်တော့ သက်ဆိုးမရှည်နိုင်လောက်တော့ဘူးလို့တောင် တွက်ဆမိခဲ့သေးတယ်။ ဒါပေမယ့် မယုံကြည်နိုင်လောက်အောင် အံ့ဩဖို့ကောင်းတာက ကိုယ်အခုတစ်ခေါက် တောင်ကြီးမြို့ပေါ်မှာတွေ့တော့ ဝဝဖြိုးဖြိုး။ စိုစိုပြည်ပြည် တွေ့လိုက်ရလို့ပဲ။ သူကပြုံးပြရင်း "ကျွန်တော် လုံးဝဖြတ်သွားပြီဆရာ"တဲ့။ အံ့ရော...။ ကိုယ့်အတွေ့အကြုံအရ ဒီလိုမျိုး အရက်နာကျပြီးမှ ပြန်ရှင်သန်လာတဲ့လူမျိုး မတွေ့ဖူးသလောက်ပဲဗျ။ မြင့်စိန်ကိုတော့ ရှားရှားပါးပါး လူစွမ်းကောင်းတစ်ယောက်လို ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ပြီး ဂုဏ်ပြုမိခဲ့သေးတယ်လေ။

"ဗိုလ်စော...ဒီနေ့ ဘယ်ကို အရင်သွားချင်လဲ"

မနက် ၈ နာရီလောက်ကျတော့ ဦးလှိုင်သိန်း ကိုယ့်အိပ်ခန်းဘက် ကူးလာပြီး မေးတယ်။ ကိုယ့်အမျိုးသမီးရဲ့ ကျောင်းပြောင်းကိစ္စကို မေးတာပါ။

"ပြည်နယ် ပညာရေးမှူးရုံးကို အရင်သွားရမယ် ထင်တယ်ဗျာ"

"ဒါဆို ခဏနေ တောင်ပေါ်တက်ကြတာပေါ့"

ဦးလှိုင်သိန်း ပြန်သွားတော့ ဇနီးသည်ရဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြင်ဆင်ပြီး သားသမီးသုံးယောက်ကိုပါ တောင်ပေါ်ခေါ်သွားဖို့ စီစဉ်ရတယ်။ မနက် ၈ နာရီခွဲလောက်မှာ ဌာနပိုင်ဟီးနိုးရိန်းဂျားကို ဦးလှိုင်သိန်းကိုယ်တိုင်မောင်းပြီး စထွက်ခဲ့တယ်။ ကားပေါ်မှာ ကိုယ်တို့နဲ့အတူ ဝန်ထမ်းမိသားစုတချို့လည်း ပါလာတယ်။

စခန်းကနေ ရွှေညောင်-ရပ်စောက် ကားလမ်းမကြီးပေါ် ထွက်လိုက်တော့ လမ်းဘေးမှာ ၁၉/၁ လို့ ရေးထားတဲ့ မိုင်တိုင်ကို တွေ့ရတယ်။ ကိုယ်တို့စခန်းနေရာဟာ ရွှေညောင်ကနေ ရေတွက်ရင် ၁၉ မိုင်နဲ့ ၁ ဖာလုံမှာ တည်ရှိတယ်ဆိုတာ သိလိုက်ရတယ်။ ရွှေညောင်ကနေ ရပ်စောက်အထိ ၃၆ မိုင်ကွာဝေးတော့ စခန်းကနေ ရပ်စောက်ထိ ၁၇ မိုင်လောက် ဝေးသေးတာပေါ့။

"ဒါက ဘန်းကန်ရွာ၊ ဟောဒါက တောင်နီရွာပဲ။ ဒီတောင်ကုန်းပေါ်မှာ ရွှေညောင်-ရပ်စောက် ရထားလမ်းဖောက်တုန်းက လက်ကျန်ကျောက်တွေ ရှိသေးတယ်။ အဲဒါကို ဆရာစော အမြန်ဆုံး သယ်ယူပြီး စခန်းအဝင်လမ်း ဖောက်တဲ့နေရာမှာ သုံးရလိမ့်မယ်"

ဦးလှိုင်သိန်းက လမ်းတစ်လျှောက် တွေ့သမျှ ရွာတွေကို ပြောပြရင်း စခန်းက ၁၀ မိုင်လောက်ဝေးတဲ့ တောင်နီရွာ တောင်ကုန်းပေါ်ကို လက်ညှိုးထိုးပြပြီး ရှင်းပြတယ်။ လမ်းမရဲ့ ညာဘက်မှာတော့ ရထားလမ်းက မျဉ်းပြိုင်လိုက်ပါလာတယ်။

မနက် ၉ နာရီကျော်လောက် ရွှေညောင်မြို့ကို ရောက်တယ်။ တောင်ပေါ်ကို ၁၂ မိုင်တက်ရဦးမယ်တဲ့။ အဲဒီတုန်းက ခုခေတ်လို တောင်တက်လမ်း အဆင်းတစ်လမ်း၊ အတက်တစ်လမ်း မဟုတ်သေးဘူး။ အဆင်းရော၊ အတက်ပါ တစ်လမ်းတည်းရှိနေသေးတယ်လေ။ အများဆုံး ၁၅ ပေလောက်ပဲ ရှိတဲ့လမ်းပေါ်မှာ အဆင်းအတက် ကားနှစ်စီး အတော်သတိထားပြီး ရှောင်ကြတိမ်းကြရတာပေါ့။ ကားလမ်းဘေးမှာက အသူတရာနက်တဲ့ ချောက်ကြီးနဲ့လေ။

"တောင်ကြီးမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ မိုင်"

မြို့အဝင် ဆိုင်းဘုတ်က နွေးထွေးစွာ ကြိုဆိုလိုက်တယ်။ ရှမ်းပြည်နယ်ရဲ့ အေးမြမှုက မြို့ပေါ်ရောက်လေ ပိုအေးလေပါပဲ၊ ကိုယ်တို့ကား မြန်မာ့စီးပွားရေးဘဏ်ခွဲရှေ့ရောက်တော့ မနက် ၁၀

www.burmeseclassic.com

လက်တွေ့ အကောင်အထည်ဖော်ကြတဲ့အခါ မှန်းချက်နဲ့ နမ်းထွက် အလွဲလွဲအချော်ချော် ဖြစ်ခဲ့တဲ့အပြင် ပြဿနာပေါင်းစုံက အမယ်ဘုတ်ကယ့် သူ့ချည်မျှင်လို ရှင်းမရ၊ လင်းမရအောင် ရှုပ်ထွေးခဲ့ပါရောလားဗျာ။

ရဲဘက်အင်အား မလုံလောက်တာတို့၊ ရဲဘက်ချင်းဖြစ်တဲ့ ပြဿနာရှင်းရတာတို့၊ ကျွမ်းကျင်ဝန်ထမ်းမရှိတာတို့စသဖြင့်ပေါ့ဗျာ။ ဒီကြားထဲ အရာရှိဝန်ထမ်းတွေရဲ့ လူမှုရေးရှုပ်ထွေးမှုတို့၊ အလုပ်တာဝန်မကျေပွန်မှု၊ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်မှုတို့ဟာလည်း စီမံကိန်းအောင်မြင်ရေးကို နှောင့်နှေးကြန့်ကြာစေခဲ့တယ်။

ဒီလိုနဲ့ နှစ်တွေသာ တစ်နှစ်ပြီးတစ်နှစ် ကူးလာတယ်။ ဘဏ္ဍာရေးနှစ်အလိုက် အမြဲတမ်းအဆောက်အဦလျာထားချက်ကလည်း တိုးလိုးတန်းလန်း၊ ကော်ဖီစိုက်ပျိုးရေး စီမံချက်တွေကလည်း ကျိုးတိုးကျဲတဲ။ ပိုးသာကုန်မောင်ပုံစောင်းမတတ်ဆိုသလို တစ်နှစ်တစ်နှစ် ဌာနဆိုင်ရာ အသုံးစရိတ်တွေသာ ကုန်ခန်းခဲ့ရတယ်။ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုကတော့ ယိုင်တိယိုင်တိုင် ဖြစ်လို့လာပါတယ်။

အဲလို ဘက်ပေါင်းစုံက ယိုယွင်းအားနည်းနေလို့ ဒီစီမံကိန်းကြီးကို ဘယ်လို ဆက်လုပ်ရမလဲဆိုပြီး လူကြီးတွေ ::ᵔᶜ·ခဲနေတုန်း ပဟေဠိကို အဖြေညှိနေစရ- ဘင် မလိုတော့ တစ်ချက်လွှတ်အမိန့် ချမှတ်ပေးလိုက်တဲ့ ဖြစ်ရပ်ဆိုးတစ်ခု မမျှော်လင့်ဘဲ ပေါ်ပေါက်လာပါတော့တယ်။ အဲဒါကတော့ . . . ရှစ်လေးလုံးအရေးအခင်းအလွန် နောက်တစ်နှစ်ဖြစ်တဲ့ ၁၉၈၉ ခုနှစ် ဆောင်းရာသီအဝင်မှာ နှင်းခါးအကြီးအကျယ် ရိုက်ခတ်ခဲ့တာပါပဲ။

ဒေသခံ တောင်သူတွေရဲ့ အဆိုအရတော့ သူတို့တောင် နှစ်ပေါင်း ၃၀ အတွင်း ဒီလောက်ဆိုးဝါးတဲ့ နှင်းခါးကျရောက် ရိုက်ခတ်တာကို မကြုံခဲ့ဖူးတဲ့ဗျာ။ ဒီနှင်းခါးရဲ့ဒဏ်ကြောင့် ပုံမှန်စိုက်ပျိုးဖြစ်ထွန်းနေကျ ပန်းနှမ်းနဲ့ ပြောင်းဖူးလို ဆောင်းသီးနှံတွေတောင် အတော်လေး ထိခိုက်ပျက်စီးခဲ့သတဲ့။

ဒီတော့ အစကတည်းကကို မပေါက်ချင်ပေါက်ချင် ဖြစ်နေတဲ့ ကော်ဖီပင်တွေကို ထည့်ပြောနေစရာတောင် မလိုတော့ဘူး။ ဒီထီးခမ်းနဲ့ ဘန်းကန်စခန်းတွေမှာ ကော်ဖီပင် ကေတစ်ထောင်စီ စိုက်ပျိုးခဲ့တယ်ဆိုတာကို နောင်လာနောက်သားတွေကို ပြဖို့ ကော်ဖီတစ်ပင်၊ ကော်ဖီသီးတစ်လုံးမှ မကျန်အောင် တစ်စပြင်ကြီးလို ဖြစ်ကျန်ရစ်ခဲ့တယ်ဆိုပဲ။

ဆိုတော့ လူကြီးတွေက ဒီကော်ဖီစီမံကိန်းကို မလွဲမသွေ ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်ကြပေမယ့် ငွေကုန်လူပန်းခံပြီး တည်ဆောက်ခဲ့တဲ့ ဒီစခန်းနှစ်ခုကို ဘယ်လိုဆက်လုပ်ကြမလဲ။ တချို့က အပြီးသတ် ဖျက်သိမ်းပစ်လိုက်ချင်ပေမယ့် အဓိက အဟန့်အတားဖြစ်နေတာက ယာယီစခန်းတွေရဲ့ အတွင်းဘက်နှစ်မိုင်ကွာ ဆောက်လက်စတန်းလန်းဖြစ်နေတဲ့ အမြဲတမ်းအဆောက်အဦတွေ ကိစ္စပဲ . . .။

၁၉၈၅-၈၆ ခုနှစ်ကတည်းက ဘဏ္ဍာရေးနှစ်အလိုက် တစ်နှစ်ချင်းလျာထားချက်အရ ဆောက်လုပ်ခဲ့တာဖြစ်လို့ အခုမှ ဖျက်ပစ်လိုက်ရင် သုံးမရတော့ဘဲ ထင်းဖြစ်သွားရုံပဲ ရှိမယ်။ ပြီးတော့ ဒါဟာ စီမံကိန်းရန်ပုံငွေနဲ့ ဆောက်လုပ်ထားတာမဟုတ်ဘဲ ဦးစီးဌာနရဲ့ ဘတ်ဂျက်ခွင့်ပြုချက်နဲ့ တည်ဆောက်ထားတာမို့လို့ ဖျက်သိမ်းရတဲ့အကြောင်းပြချက် မခိုင်လုံရင် ပြဿနာရှိနေတယ်။

နောက်ဆုံးမှာတော့ စခန်းနှစ်ခုကို ပေါင်းစပ်လိုက်ပြီး ရေရတဲ့ အနိမ့်ပိုင်းလည်းကျတဲ့ ထီးခမ်းစခန်းဘက် ကော်ဖီစိုက်ခင်းမြေတွေမှာ စပါးနဲ့ ကြက်ဆူပင်စိုက်ပျိုးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အမြဲတမ်းအဆောက်အဦတွေကိစ္စကိုတော့ ဝန်ကြီးဌာနတင်ပြပြီး အဆုံးအဖြတ်ခံယူဖို့ သဘောတူလိုက်ကြတယ်။

အဲဒီဆုံးဖြတ်ချက်အရ ၁၉၉၀-၉၁ ဘဏ္ဍာရေးနှစ်မှာ ဒုတိယထောင်ပိုင်တစ်ယောက်ကို စခန်းတာဝန်ခံအရာရှိခန့်အပ်ပြီး စပါးစိုက်ပျိုးစေခဲ့တယ်။ အဲဒီနှစ်မှာ မိုးကလည်းကောင်းတော့ စပါးတွေ တယ်ကောင်းဆိုပဲ။ ဒါပေမယ့် စပါးရိတ်သိမ်းချိန်မှာတော့ အကျဉ်းဦးစီးဌာနသမိုင်းမှာ ဖြစ်တောင့်ဖြစ်ခဲ ထူးခြားဖြစ်စဉ်တစ်ခု ဖြုန်းခနဲ ပေါ်ပေါက်လာပါတော့၏။

"ထီးခမ်း၊ ဘန်းကန် စပါးစိုက်ခင်းမှာ ရဲဘက်တွေ ဝန်ထမ်းဆီက သေနတ်တွေ လုယူပြီး ထွက်ပြေးလို့တဲ့"

(ဆက်လက်ဖော်ပြပါမည်။)



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၀၂

၃၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

®

Vital

Product of Myanmar.


ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၅၇၅

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်အသွယ်သွယ်

ခင်မောင်အေး(မန္တလေး)

မိုးရွာထားသည်မှာ တစ်ရက်ခွဲ ရှိနေပြီ။ မြေပြင်တွင် ဗွက်ပေါက်လျက် နွံဖြစ်နေသည်။ မိုးကာတဲအတွင်းမှာ ကျွန်တော်တို့တစ်တွေ ကြွက်ကလေးတွေလို တုတ်တုတ်ရွဲလျက်ရှိ၏။ တဲတွင်းရှိ အဝတ်အစား၊ အသုံးအဆောင်များအားလုံး စိုရွဲလျက်ရှိနေပြီဖြစ်ရာ ခါးဝတ်ခါးစားများအတိုင်း ငုတ်တုတ်ထိုင်လျက် မိုးလင်းရတော့မလို အခြေအနေက ဖန်တီးလျက် ရှိ၏။ မိုးအပြင်လေပါပါလာခဲ့သဖြင့် အအေးဒဏ်ကို အပြင်းအထန် ခံနေရသည်။ လေးယောက်သား အအေးသက်သာလို သက်သာငြား ကျောချင်းကပ်၍ ငုတ်တုတ်ထိုင်နေရသည်။ မီးဖိုလို့လည်း မရသဖြင့် တဆတ်ဆတ်တုန်နေသည်။ ခါတ်ဘူးထဲမှ ညပိုင်းဦးက အမှတ်မထင် ဖျောထည့်ထားခဲ့သည့် စူပါဝမ်းကော်ဖီမစ် လေးထုပ်ကို ကျွန်တော်တို့ သောက်ခဲ့ရ၍ ဝမ်းထဲမှာနွေးပြီး သည်မျှအအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခြင်း ဖြစ်ဟန်တူသည်။

နံနက်မိုးသောက် အလင်းရောက်လို့မှ မိုးက တိတ်မသွားလျှင် ခက်ခြိမ့်မည်။ သို့ပေမဲ့ ဘာမျှတော့ မတတ်နိုင်။ လောလောဆယ်တော့ သည်အတိုင်းပဲ မိုးလင်းဖို့ စောင့်နေတော့မည်လေ။ ဓါသနာဆိုသည်က အခက်သားကလား။ မုဆိုးအလုပ်ဆိုတာက သားကောင်ကို သတ်ဖို့။ သူ့အသက်ကို လိုချင်တော့ ကိုယ့်အသက်ထက်ဝက်ကို ရင်းရလိမ့်မည်။ ဘယ်ပစ္စည်းကမျှ အလကားရတာမျိုးမရှိ၊ အမြတ်လိုချင်လျှင် အရင်းအနှီးမပါဘဲ မဖြစ်ဘူးမဟုတ်လား။

အလုပ်ခွင်မှ အားလပ်ခွင့်ရသည်နှင့် ကျွန်တော်တို့ ပြောင်အုပ်သတင်း ရထားသည်နှင့် အံကိုက်ဖြစ်သွားသည်။ တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်ဆိုသလို ဖြစ်သည်။ မတ္တရာတောင်ခြေ ငွေအိုးတောင် တစ်ပိုက်မှာ ပြောင်တစ်အုပ် တောင်ပေါ်မှ ဆင်းသက်ရောက်ရှိ ကျက်စားနေသည်ဟူသော သတင်းကို ခတက်ချဉ်ရှာသားများက သတင်းပေးသွားကြ၏။ သို့ဖြစ်၍ မန္တလေးမှ ကားဖြင့် တက်လာခဲ့ကြပြီး ခတက်ချဉ်ရွာ ရောက်တော့ လှည်းဖြင့် တက်လာခဲ့ကြ၏။ ငွေအိုးတောင်ခြေမရောက်မီ စမ်းကျချောင်း နံဘေးမှာ မိုးကာတဲထိုးပြီး စခန်းချထားသည်။ ကျွန်တော်တို့ မုဆိုးအဖွဲ့မှာ လူငါးဦးသာပါ၏။ ကျွန်တော်နှင့်အတူ မန္တလေးမုဆိုးကျော် ကိုတင့်ဆွေ၊ ကိုဘသိန်း၊ ရေဝန်ရုံးစာရေးကြီး ဦးဖေမောင်နှင့် ဒဟတ်တောမှ ဝင်ခေါ်လာခဲ့သည့် မုဆိုးအဘိုးကြီး ဘဘိုးရဖြစ်သည်။ ဘဘိုးရက ငွေအိုးတောကို နှောကျေနေသည်ဖြစ်၍ လမ်းပြမခေါ်ဘဲ ကျွန်တော်တို့ချည်း ထွက်လာခဲ့ကြခြင်းဖြစ်ပါသည်။ စမ်းကျချောင်းနံဘေးမှာ တဲထိုးပြီး ယာယီစခန်းချရပ်ရန် တဲထိုးပြီးချိန်မှစ၍ မိုးကတဖြောက်ဖြောက် ရွာချခဲ့သည်။ တို့နောက် ယခုအချိန်အထိ တစ်ရက်ခွဲလုံးလုံး အဆက်မပြတ်ရွာလာခဲ့ရာ တောတစ်ခွင်လုံး ရေတွေ ဖုံးနေတော့သည်။

ဘိုးရက စခန်းသာရာနေရာ ရှာချဉ်းမည်ဆိုကာ ညနေစောင်းကပင် ထွက်သွားခဲ့သည်။ ညဦးနက်လေ မိုးကသည်း၊ လေကပါထန်ပြီး တစ်ညဦးလုံး ဝုန်းဒိုင်းကြဲအောင် ပြောင်းဆန်နေသည်ဖြစ်ရာ ဘိုးရတစ်ယောက် မိုးလေလွတ်ရာ တစ်နေရာရာမှာ ခိုနေမည်မှာ သေချာလှ၏။ အရုဏ်သို့ နီးလာသည့်အခါ မိုးနှင့်လေက တစ်စစ လျော့ပါးလာလေသည်။ အရှေ့ဆီမှ ရောင်နီပျို့သည်နှင့် မိုးရောလေပါ ရပ်သွားသည်။ ငွေအိုးတော တစ်ခွင်မှာ မိုးသောက်ရောင်ခြည်အောက်တွင် စွတ်စိုကြည်လင်စွာ ကျန်ရစ်ခဲ့ပြီဖြစ်၏။ အလင်းရောင်ပေါ်လာသည်နှင့် မီးတစ်ဖိုရရန် အပူတပြင်း ကြိုးစားကြရသည်။ မှန်အိမ်ထွန်းဖို့ ပါလာသော ဒီဇယ်ဆီကို အသုံးပြုလျက် မီးမွှေးရ၏။ ရေလွတ်သောသစ်ပင်မှ အခေါက်ကိုခွာ၍ မီးမွှေးလျက် ဒီဇယ်ဖျန်းလိုက်သောအခါ မီးဖိုတစ်ဖို ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ရောက်သမျှ သစ်ကိုင်းခြောက်များ ရှာဖွေကာ မီးရှိန်ကောင်းလာသည်နှင့် အဝတ်များကို အခြောက်ကင်ရင်း နွေးတ[illegible] တည်သည်။ ရေနွေးဆူပြီး [illegible]ဖျော်နေသည့်အချိန် ဘိုးရက [illegible] ပြန်လည်ရောက်ရှိလာ[illegible]

"ဟော . . . [illegible] coffee time [illegible] . . . လာ။ ကိုင်း . . . ညက ဘယ်တွေလျှောက်သွားပြီး ဘယ်နေရာမှာ ခွေနေသလဲ။ ပြောပြစမ်းပါဦး"

စာရေးကြီးကိုဖေမောင်က လှမ်းမေးလိုက်၏။ ဘိုးရက သူကိုင်နေကျ နှစ်လုံးပြူးသေနတ်ကို အင်ပင်အခြေတွင် ဂရုတစိုက်ထောင်လိုက်ပြီး ကျွန်တော်လှမ်းပေးလိုက်သော ကော်ဖီခွက်ကိုယူလျက် ဖူးခနဲမှုတ်၍ တစ်ရှူပ်သောက်လိုက်၏။

"စခန်းကောင်းတစ်ခု တွေ့လို့ဗျို့။ မိုးရွာချလို့ အဆင်ကြည့်ရတာ တိတ်မယ့်ပုံမပေါ်ဘူးဆိုပြီး ခိုနေလိုက်ရတယ်။ နို့မို့ရင်လား ကျုပ် ခင်ဗျားတို့ဆီ လက်ပစ်ကူးပြီး ပြန်လာရမှာ သေချာတယ်"

"စခန်းကောင်းဟုတ်လား။ ဆိုစမ်းပါဦးဗျာ၊ ဘယ်နေရာလဲ"

ကိုတင့်ဆွေက စိတ်ဝင်စားသွားပုံရ၏။ ဘိုးရေအား လှမ်းမေးလိုက်သည်။

"သိပ်တော့မဝေးလှဘူး။ ငွေအိုးတောင်ကြော မြောက်ဘက်ထိပ်နားမှာ။ လေမိုး စိတ်ချရတယ်။ စခန်းချဖို့ကောင်းပါတယ်။ နေပွင့်လာရင် ရွှေ့ကြတာပေါ့"

"ကောင်းတယ်ဗျာ . . . ကောင်းတယ်။ ရွှေ့ဆိုလည်း စောစောရွှေ့ကြတာပေါ့။ ဒီမှာတော့ ကြွက်စုတ်ပေ ဖြစ်နေကြပြီလေ"

ကိုဘသိန်းကလည်း ဝင်ရောက်လောဆော်လိုက်၏။ ကျွန်တော်တို့က ချက်ချင်းပင် ကော်ဖီကိုလက်စသတ်ပြီး မီးကာတဲကိုဖျက်၊ ပစ္စည်းပစ္စယများကို အမြန်သိမ်းလျက် စခန်းရွှေ့ဖို့ ပြင်ဆင်ကြ၏။

တောင်ကြောသည် ကျယ်ဝန်းပြန့်ပြူးသော လွင်ပြင်ဖြစ်သည်။ ညက ရွာထားသော မိုးက လမ်းခရီးတစ်လျှောက်လုံး ဗွက်ထအောင် ရွာထားခဲ့သည်ဖြစ်ရာ မြေပြင်တွင် ရွှံ့များဖြစ်လျက် နင်းလိုက်တိုင်း ရွှံ့များက ဖိနပ်တွင် အစိတ်သားလောက် ကပ်ပါလာပြီး တဗိုင်းဗိုင်းချော်လဲနေကြ၏။ ခဏအကြာတွင် ကျောက်ထူထပ်ရာ တစ်နေရာသို့ ရောက်ရှိလာကြသည်။ သည်တစ်ပိုက်မှာ ကျောက်တုံးများက အနှံ့အပြားရှိနေပြီး သစ်ပင်များ ဟိုတစ်ပင် သည်တစ်ပင်မျှသာ ခပ်ကျဲကျဲပေါက်လျက်ရှိသည်။ ကျောက်တုံးအချို့ကို ကျော်လွှားလျက် တစ်ဖက်ယ[illegible]သဖွယ် အုပ်မိုးလျက်ရှိသည့် ကျောက်တုံးများရှိရာ တစ်နေရာသို့ ဘိုးရက ကျွန်တော်တို့ကို ခေါ်သွားခဲ့ပြီး နေရာချပေးလေသည်။

"ကိုင်း . . . သည်နေရာဘက်ကောင်းတဲ့စခန်းတော့ ငွေအိုးကြောမယ် မရှိတော့ဘူး။ မိုးလုံလေလုံပဲ။ မိုးကာတဲသာ တစ်ဖက်ယပ်ထိုးလိုက်ပေတော့။ နောက်ဘက်က ကျောက်တုံးတွေနဲ့ကာပြီးသား။ ထမင်းချက်စားပြီး အမဲတွေနောက် ခြေရာခံလိုက်ကြရအောင်"

နံနက်ဆယ်နာရီမထိုးမီ ကျွန်တော်တို့ တဲထိုးချက်ပြုတ် စားသောက်ပြီးကြသဖြင့် ငွေအိုးတောတစ်ခွင်ကို ထုံးလိုခြေ၊ [illegible]နောက်နိုင်အောင် ကျွမ်းကျင်သည်ကို ဘိုးရက ကျွန်တော်တို့အား အခြေအနေကို ရှင်းလင်းပြောပြခဲ့၏။

"အခု ကျုပ်တို့စခန်းနေရာဟာ ငွေအိုးကြော မြောက်ဘက်ထိပ်ပဲ။ ဒီကနေ ရှေ့ကို ကျောအတိုင်း ဆင်းသွားရင် ကညင်ပင်ရေထွက်ကို ရောက်မယ်။ ဝါးသုန်းတောနဲ့ တောင်ကျော်ပျော ထူလို့ စိမ့်မြိုင်ကောင်းတယ်။ နွေဆိုရင်တော့ အမဲတွေချည်းပဲပေါ့ဗျာ။ ဒါပေမယ့် အခု ပြောင်အုပ်က ဒီထဲမယ် ရှိပုံမပေါ်ဘူး။ မိုးနိုပ်စက်လို့ လွင်ကိုလှုတ္ထက်မှာ အမှန်ပဲဗျ"

ဘိုးရက စကားကိုရပ်ပြီးမှ ဆက်ပြောပြန်သည်။

"လွင်သာယာဟာ ငွေအိုးကြောခုလတ်က ကျောက်[illegible]ကျင်းပဲ ရှိတယ်။ တောက်လျှောက် တောင်ကြောကိုတတ်ပြီး ဒီဘက် ကညင်ပင် ရေထွက်အထိပေါ့ဗျာ။ [illegible]ပေါ်ပါတယ်။ အလေ့ကျ ဝါးပိုးတွေပေါ်[illegible]၊ ဝါးပိုးမျှစ်က ခုမှထွက်စဆိုတော့ ပြောင်အုပ် ဒီထဲခိုနေမှာ အမှန်ပဲ။ အမဲလည်ဖို့ လူစုခွဲပြီး ထွက်ကြစို့"

"လမ်းကို ကျွန်တော်တို့က ကျွမ်းမှမကျွမ်းတာ။ [illegible] မလား ဘိုးရရဲ့"

ကိုတင့်ဆွေက မေးလိုက်၏။

"[illegible] သုံးဖွဲ့ခွဲပြီး လိုက်[illegible] နှစ်ဖွဲ့ အကွာချပါပဲ။ ကျောက်ဖျာဘက်ကို ဆင်းဖို့က ကျုပ်ရယ်၊ ကိုတင့်ဆွေရယ်ဗျာ။ ခုဒီစခန်းကနေ ပတ်ပြီး ကညင်ပင်ရေ

www.burmeseclassic.com

ထွက် ပြန်လှည့်ဖို့က မှုဆိုးနဲ့ စာရေးကြီးဗျ။ အဲ ...ကိုဘသိန်းကတော့ ကြောအတိုင်း တည့်တည့်ကြီး အပေါ်စီးက အရှောင်ပြဆင်းလာရင် အလိုက်သင့်ပဲ။ နောက်ဆုံး ကညင်ပင်ရေထွက်ကို ရောက်လာတော့မပေါ့။ ကိုင်း အချိန်ရှိတုန်း ထွက်ကြရအောင်''

ဘိုးရက အဖွဲ့လိုက်လုပ်ရမည့် အချက်များအား ရှင်းပြရင်း ပြောင်အုပ်ကို ပိုင်ပိုင်နိုင်နိုင် ပစ်ခတ်နိုင်ရေးအတွက် ပြင်ဆင်ခဲ့ကြ၏။

တစ်နေ့မနက်က မိုးသည်းထန်စွာ ရွာခဲ့လင့်ကစား ယခုအချိန်တွင်မူ နေသည် ကြည်ကြည်လင်လင် ပွင့်လင်းတောက်ပလျက် ရှိသည်။ ရေတစွတ်စွတ် မိုးတစိုစိုမှ ယခုလို ဥတုသာယာလာသည့် အခိုက်အတန့်မျိုးတွင် သားကောင်များ မြူးထူးပျော်ရွှင်စွာ လှုပ်ရှားကြမည်မှာ ယုံမှားစရာမရှိချေ။ စိုစွတ်စွာရှိသော မိုးရေအောက်တွင် မိုးလုံ၊ လေလုံ ချောက်ကြိုမြောင်းကြား တစ်နေရာတွင် ခိုအောင်းလျက် အစာရှာမထွက်ဘဲ အောင်းနေတတ်သော အမဲသားကောင်များက ရာသီဥတု ကြည်လင်သာယာသည်နှင့် တစ်ပြိုင်နက် အစာရှာထွက်ကြသည်မှာ သဘာဝပင် ဖြစ်ပေသည်။ ကျွန်တော်တို့ မုဆိုးများက ညှိနှိုင်းထားသည့်အတိုင်း အဖွဲ့သုံးဖွဲ့ခွဲလျက် ထွက်လာခဲ့ကြ၏။ ဘိုးရက ကိုတင့်ဆွေကိုခေါ်လျက် ကျောက်ဖျာဘက်သို့ လက်ဝဲဘက်တောင်ကြောမှ လှည့်၍ ဆင်းသွားကြ၏။ ကျွန်တော်နှင့် စာရေးကြီး ကိုဖေမောင်ကလည်း တောင်ကြော၏ လက်ယာဘက်မှလှည့်၍ ဆင်းလာခဲ့ကြ၏။ ကိုဘသိန်းကမူ နားနားနေနေ ကျန်ရစ်ခဲ့ပြီး ခဏကြာမှပင် တောင်ကြောပေါ်က လျှောက်လာမည် ဖြစ်ပါသည်။

ငွေအိုးတောင်ကြောသည် အလျားခြောက်မိုင်ခန့်၊ အနံလေးမိုင်ခန့်ရှိပြီး အင်တိုင်းတောဖြစ်သည်။ နေရာအနှံ့ ကျောက်တုံး ကျောက်လုံးများ ပေါများ၍ ကမ်းပါးယံနှင့် ချပ်ကြားများ ထူထပ်သည်။ ကညင်ပင်ရေထွက်မှ ဆယ့်နှစ်ရာသီပတ်လုံး ရေစမ်းက ရေမပြတ်သဖြင့် သီးပင်စားပင်များ မပြတ်စိမ်းစိုလျက်ရှိရာ ကြိုးအတွင်းရှိ သားကောင်များ အခါမလပ် ခိုအောင်းကျက်စားသော စားကျင်းတစ်ခု ဖြစ်လေသည်။ ငွေအိုးကြောနှင့် ဆက်လျက် ငွေအိုးလေး၊ ကုက္ကိုအိုင်၊ ပါပုစသည့်တောင်ကြောများ ဆက်စပ်လျက်ရှိသဖြင့် အမဲကြီးများ ဆင်းသက်ကျက်စား လှုပ်ရှားသော ခရီးလမ်းဖြစ်နေသည်။ ကျွန်တော်သည် အလေးချိန် ရှစ်ပေါင်ကျော်ရှိပြီး အမဲကြီးပစ်ရာတွင် အလွန်ကောင်းလှသော ဝတ်စတာနာအလစကန် ဒသမ ၃၇၅ အိပ်(ချ်)အဲန်အိပ်(ချ်) မက်ဂနမ်ရိုင်ဖယ်ကို ကျည်ငါးတောင့် ထိုး၍လွယ်ကာ စာရေးကြီးအား ခေါ်လျက် စခန်းမှ ထွက်ခွာခဲ့ကြ၏။ ကိုယ်ခန္ဓာ ပေါင်တစ်ရာ့တစ်ဆယ်ပင် မပြည့်တတ်သော ခပ်ပိန်ပိန်စာရေးကြီး ကိုဖေမောင်က သူကိုင်နေကျ နှစ်လုံးပြူး ပြောင်းရှည်တစ်လက်နှင့် လိုက်ပါလာသည်။

စထွက်သည်နှင့် ပြောင်းရင်းအတွင်းသို့ ဒသမ ၃၇၅ မက်ဂနမ်ကျည်တစ်တောင့်ကို မောင်းတုံးကို နောက်သို့ဆွဲလျက် ရှေ့သို့ပြန်လည်တွန်းပို့ထိုးသွင်းပြီး သော့ကို လက်မနှင့်ပိတ်လိုက်၏။ ပြီးနောက် သေနတ်ကို ပခုံးပေါ်တွင်တင်လျက် ကျွန်တော်က ရှေ့ဆောင်ကာ ထွက်လာကြသည်။ စာရေးကြီးက နောက်မှ ခပ်အေးအေးပင် လိုက်ပါလာသည်။ တောင်ကြော၏ ဆင်ခြေလျှောအတိုင်း ကျောက်တုံးများကို ကျော်နင်းဖြတ်သန်းလျက် တောင်ကြော၏ လက်ယာဘက်မှပန်း၌ ဆင်းလာခဲ့ကြသော ကျွန်တော်တို့အနေနှင့် တစ်နာရီခွဲခန့် ကြာသည်အထိ အမဲခြေရာခြေကြောင်း တစ်ခုတလေမျှ မတွေ့ကြရသေး။ မြေအနေအထားကတော့ ရှုပ်ထွေးလာသည်။ အင်ပင်ပေါက်များ ခပ်ကျဲကျဲပေါက်လျက် ဝါးရုံပင်များ တစ်ထောက်တစ်စများလာသည်။ မြင်ဆန်သော ကျောက်ဖျာနယ်နိမိတ်သို့ ချဉ်းကပ်လာသဖြင့် ရာသီက အေးစိမ့်စိမ့် ဖြစ်လာသည်။

ကျွန်တော်က စာရေးကြီးအား မျက်ရိပ်ပြလျက် တစ်ဦးနှင့်တစ်ဦး ကျဲကျဲခွာလျက် ရင်ပေါင်တန်း လျှောက်လှမ်းလာကြ၏။ မိုးရွာထားသော မြေပြင်တွင် မြေဇာမြက်ကလေးများ ခပ်ပါးပါးပေါက်၍ စိမ်းစိုနေသည်။ သားကောင်ခြေရာများ အနှံ့အပြားတွင် တွေ့မြင်ရ၏။ ခြေရာများက သားကောင်စုံခြေရာများ ဖြစ်၏။ ချေ(ဂျီ)၊ ဒရယ်နှင့် ဝက်ခြေရာများ ရှုပ်ထွေးနေသည်။ ကျွန်တော်က စာရေးကြီးအား ခေါင်းညိတ်၍ ခေါ်လိုက်ပြီး သူ၏နားဝသို့ကပ်ပြီး လေသံဖြင့် ပြောလိုက်ရ၏။

"အထဲဘက်ရောက်လေ အမဲအုပ်နဲ့ နီးလာလေလေပဲ ထင်တယ်။ ခြေရာတွေတော့ ရှုပ်လာနေပြီ။ ကျွန်တော်တို့ ခပ်ကျဲကျဲခွာပြီး ရှာကြ

www.burmeseclassic.com

လှမ်းမြင်အောင်လည်း သွားတာပေါ့။ ခြေရာတွေ့ရင် လက်ရိုးပြလိုက်။ ဟုတ်ပြီလား''

စာရေးကြီးက ခေါင်းကို ညိတ်ပြ၏။ ကျွန်တော်က စကားတစ်ခွန်း ထပ်ပြောလိုက်ရ၏။

''လမ်းက [illegible] မှားစရာမရှိဘူး။ ကျောရဲ့ညာဘက်က မြောက်ပြီးသွားကြမှာ။ ကျောက်ဖျာဆုံးရင် ကညင်ပင်ရေထွက် ရောက်လိမ့်မယ်။ ကိုင်း . . . သွားကြစို့''

ကျွန်တော်တို့က အမဲအုပ်ခြေရာ စိတ်ကျောင်းများကို မြေပြင်တွင် တငုံ့ငုံ့ ရှာဖွေရင်း ရှေ့သို့ လျှောက်လှမ်းလာကြ၏။ စာရေးကြီးကိုလည်း ခဏအကြာတွင် ဝါးရုံပင်များအကြားမှာ တကုန်းကုန်းဖြင့် တွေ့လိုက်ရ၏။ သို့နှင့်ကျွန်တော်လည်း စိတ်ချလက်ချဖြင့် ခြေရာများကို ရှာလျက်ရှိသည်။ ငြိမ်သက်လျက်ရှိသည့် လေသည် ဝါးရုံရွက်ကလေး တစ်ရွက်တလေကိုသော်မျှ လှုပ်ရှားခြင်း မရှိစေဘဲ မြဲနေပုံရ၏။ ကြသောင်းဝါးရုံများကို ကျိုးတိုးကျဲတဲ တွေ့ရပြီးနောက် ဝါးပိုးဝါးရုံးများ အတွင်းသို့ တစ်စထက်တစ်စ ကျွန်တော်တို့ ဝင်ရောက်လာခဲ့ကြသည်။ ပေါင်လယ်လောက်အထိ မရှိတတ်ရှိတတ် မျှစ်ရိုးကြီးများကို ဝါးရုံများအခြေတွင် တိုးလိုးထောင်ထောင် တွေ့မြင်ကြရ၏။ မျှစ်စို့များအထဲတွင် ဝါးပိုးမျှစ်သည် အလွန်းနူးညံ့၍ ချိုလှသည်။ မျှစ်စို့ကြီးများကို ဝက်၊ စိုင်နှင့် ပြောင် စသော အမဲကြီးများ အလွန်နှစ်သက်လှ၏။

ဝါးပိုးရုံတစ်ရုံကိုဖြတ်၍ ညာဘက်သို့ပန်း၍ တက်လိုက်မိသည်နှင့် ကျွန်တော်ရင်ခုန်သွားရ၏။ ဝါးရုံပင်အခြေ မြေပေါ်တွင် လတ်လတ်ဆတ်ဆတ် မျှစ်ကြောဖြူဖြူများ ကြဲပြန့်လျက်ရှိပြီး ခွာချွန်းချွန်းနှင့် အိမ်ကွဲခြေရာခန့် ခြေရာများကို ထင်းထင်းကြီး မြင်လိုက်ရ၏။ ခြေရာမှာ တစ်ကောင်တည်းသော အမဲခြေရာ ဖြစ်သည်။ အိနေသောမြေပေါ်တွင် ခြေရာက နက်နက်ထင်နေပြီး ဝါးရုံအခြေမှ ဝါးပိုးမျှစ်ကို စိမ်ပြေနပြေ မြုံ့၍စားသွားကြောင်း ငုတ်တိုသာ ကျန်ရစ်သည့် မျှစ်ကြောကလေးက သက်သေခံလျက်ရှိ၏။ ခြေရာသည် ငွေအိုးကြောအတိုင်း ကျောက်ဖျာဘက်သို့ ဦးတည်နေသည်။ ခတက်ချဉ်ရွာသားများက ပြောင်တစ်အုပ်တွေ့ခဲ့သော သတင်းကို အသေအချာ ပေးသွားခဲ့ရာ ယခုတွေ့ရသည့် ခြေရာအရဆိုလျှင် ပြောင်က တစ်ကောင်တည်း။ ကျန်အမဲများနှင့် ဒင်းက ဘာကြောင့် အတူမရှိရပါသလဲ။ ပြောင်ထီးပိုးလား၊ သင်းကွဲလား။ အတွေးမှမဆုံးသေးမီ ရှေ့အတော်လှမ်းလှမ်းမှ ဖြောင်းခနဲ အသံတစ်သံ ကြားလိုက်ရ၏။ သေချာပြီ။ ရှေ့မှာ သင်းကွဲပြောင်တစ်ကောင် မျှစ်ချိုးလျက်ရှိနေပြီ အမှန်ပင်။ စာရေးကြီးအား လှမ်းမျှော်ရှာကြည့်သော်လည်း အရိပ်အယောင်ကိုပင် မမြင်ရ။ သို့နှင့် ရိုင်ဖယ်လုံခြုံရေးသော့ကို တွန်းဖွင့်လျက် အသင့်အနေအထားဖြင့် သေနတ်ကိုကိုင်ကာ တစ်လှမ်းချင်းနင်း၍ ရှေ့သို့ချဉ်းကပ်သွား၏။ ဟိုတစ်ရုံသည်တစ်ရုံ ဆက်၍ ပေါက်ရောက်လျက်ရှိသည့် ဝါးပိုးရုံများကြောင့် မြင်ကွင်းက ကျဉ်းလှသည်။ ဆယ်ကိုက်ထက်ပို၍ ကြိုမမြင်ရ။ မြင်ရသည့်တိုင် ဝါးပိုးပင်များအကြားမှ ကျိုးတိုးကျဲတဲ မြင်ကွင်းဖြစ်၏။ ရှေ့သို့ တဖြည်းဖြည်း နီးလာလေလေ မျှစ်ကိုစားနေသည့် အသံက ကျယ်လာလေလေဖြစ်သည်။ မျှစ်စို့ ပေါက်များကို ဖြုန်းခနဲ၊ ဖြုန်းခနဲ ဆွဲနုတ်စားနေသံအပြင် တစ်ချက်တစ်ချက် ဖူးခနဲ နှာမှုတ်လိုက်သံကိုပင် ကြားရသည်။ ခြေသံလုံနိုင်သမျှ လုံအောင်နင်း၍ အသံကြားရာဆီသို့ ကျွန်တော်တိုးသွားသည်။ မြေကြီးကို ခွာဖြင့် ဂုတ်ခနဲ ခုတ်သံတစ်ချက် ကြားလိုက်ရပြီးနောက် အသံတိတ်သွား၏။ ထိုးပိုးကြီး လှုန့်ရသွားလေပြီလား မဆိုနိုင်။ ကျွန်တော်သည် ခပ်စောစောက နှာမှုတ်သံကြားလိုက်ရသော နေရာနှင့်နီးသည့် ဝါးပိုးရုံအတွင်းသို့ တိုးဝင်လျက် ရှေ့သို့ လှမ်းကြည့်လိုက်မိ၏။ ကျွန်တော်၏ ရှေ့ပေငါးဆယ်ခန့် အကွာအဝေးရှိ ဝါးပိုးရုံ တစ်ရုံ၏ အောက်၌ နက်မှောင်သော ကိုယ်လုံးကြီးဖြင့် ခွာအစုံကို ခပ်ကျဲကျဲကားလျက် ငူငူကြီးရပ်နေသည့် ပြောင်သင်းကွဲကြီးတစ်ကောင်ကို ထိပ်တိုက်တည့်တည့်ကြီး တွေ့လိုက်ရလေသည်။ တစ်ဖက်တစ်ချက် စွင့်ကားလျက်ရှိပြီး ပစောက်သဖွယ် ကြီးမားလှသော အဖျားပိုင်းတွင် ဖြူ၍ချွန်ထက်နေသည့် ဦးချိုကြီးကိုဝင့်၍ အကဲခတ်နေဟန်တူသည်။ ကျီးပေါင်းတက်နေသည့်နှယ် ဖြူညစ်ညစ် ကြာခွက်ကြီးအောက်ရှိ ကောက်ပြောင်လှသော မျက်လုံးအစုံနှင့် ကျွန်တော်မျက်လုံးချင်းဆုံ၍ ရင်ဆိုင်လိုက်ရသည့် [illegible] ဖူးခနဲ ကျယ်လောင်စွာ [illegible]သံတစ်ချက် ထွက်လာသည်။ တစ်ချိန်တည်းပင် ပြောင်ကြီးသည် ကြိမ်နှင့်တို့လိုက်သော မြင်းတစ်ကောင်လို ဝေါခနဲ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ထံသို့ ဦးတည်၍ ပြေးထွက်လာသည်။ 'ဒိုင်း'ခနဲ 'ဒိုင်း'ခနဲ သေနတ်သံနှစ်ချက် ဆက်တိုက်ကြားလိုက်ရ၏။

ကျွန်တော်သည် မီးရထားခေါင်းတွဲကြီး တစ်ခုအလား ကျွန်တော်ရှိရာသို့ တိုးဝင်လာနေသည့် ပြောင်ကြီးအား အသင့်ကိုင်ထားသော ရိုင်ဖယ်ဖြင့် ဒိုင်းခနဲ ဒိုင်းခနဲ ပြောင်းထိုးပစ်ချလိုက်၏။ တတိယအချက် ထပ်မံပစ်ခတ်ဖို့ မောင်းတံကို မ၍ နောက်သို့ ဆွဲထုတ်လိုက်သည့်အချိန်တွင် ပြောင်ကြီးက ကျွန်တော်ရှိရာ ဝါးရုံကို ဝင်ရောက်တိုက်ခိုက်လေသည်။ ကျွန်တော့်အခြေအနေမှာ ဝါးပိုးပင် နှစ်ဆယ်အစိတ်ခန့် ဝိုင်းပတ်ပေါက်ရောက်နေသည့် ဝါးရုံတွင်းမှာ ရောက်ရှိနေခြင်း ဖြစ်သဖြင့် ပြောင်ကြီးက ဝင်တိုက်လိုက်သည့်တိုင်ရှေ့တွင် ဝါးပိုးပင်ကြီးများ ခံနေခြင်းကြောင့် အခိုက်အတန့်မျှ လုံခြုံသည်ဟု ဆိုနိုင်ပါသည်။ သို့တိုင် ပြောင်ကြီးက အရှိန်ဖြင့်ဝင်ဆောင့်လိုက်သည့် အင်အားကြောင့် ထိတ်လန့်တကြား နောက်သို့ ဆုတ်လိုက်မိသည်။ နောက်သို့အဆုတ်မှာ မျှစ်စို့ပေါက်တစ်ခုကိုတိုက်လျက် နောက်ပြန်လဲကျသွားခဲ့ရ၏။ သေနတ်သည်လည်း လဲကျသွားသည့် အရှိန်ကြောင့် ဝါးပိုးပင်နှင့် ကန့်လန့်ရိုက်၍ လက်တွင်းမှ လွတ်ထွက်သွားလေသည်။ ရှုပ်ထွေးသော ဝါးပိုးပင်များအကြားသို့ လဲကျသွားရပြီး ဝါးပင်များနှင့်ညပ်ကာ ပြန်မထနိုင်သကဲ့သို့ အရှိန်နှင့်ပြေးဝင်လာသော ပြောင်ကြီးသည်လည်း ဝါးရုံပင်အကြားသို့ ရှေ့လက်တစ်ဖက်နှင့် ဦးခေါင်းပိုင်းကျွံလျက် ဝင်လာကာ ကြီးမားလေးလံသော ကိုယ်လုံးကြီးက ညွတ်ကျလာခဲ့ပေသည်။

ပြောင်ကြီးက ဝါးရုံကြားတွင် ညပ်နေရာမှ လက်တစ်ဖက်နှင့် ခေါင်းကို နှာတဖူးဖူးမှုတ်လျက် ရုန်းကန်နေသည့်တိုင် လွတ်အောင်မရုန်းနိုင်တော့ဘဲ တဖြည်းဖြည်း ညွတ်၍ကျသွားခဲ့၏။ ပြီးနောက် ပါးစပ်တွင်းမှရော နှာခေါင်းဖျားမှပါ ပွက်ခနဲ၊ ပွက်ခနဲ သွေးများအန်ကျလာသည်။ ပက်လက်လဲကျနေသော ကျွန်တော်၏ ရင်ဘတ်ပေါ်တွင် ပြောင်ကြီး၏ ပါးစပ်နှင့် နှာခေါင်းမှ ထွက်ကျလာသောသွေးများ ပုံနေသည်။ ရင်အထက် လက်တစ်လှမ်း အလွန်တွင် ပြောင်ကြီး၏ ဦးခေါင်းက ဝါးပိုးပင်များအကြား၌ ညပ်လျက်တင်နေသည်ဖြစ်ရာ လက်ကိုတစ်ဆုံး ဆန့်ထုတ်လိုက်သည်နှင့် ပြောင်ကြီး၏အောက်မေးဖျားကို စမ်းသပ်မိ၏။ သွေးတပွက်ပွက် ကျလာပြီးနောက် ပြောင်ကြီးက လှုပ်ရှားခြင်းမရှိတော့ဘဲ ငြိမ်သွားသည်။ လျှော၍ကျလာသည့် ပြောင်ကြီး၏ဦးခေါင်းက ဝါးပိုးပင်နှစ်ပင်ကြားမှ အောက်သို့ တအိအိကျလာသည်။ ခြေမလှုပ်သာ၊ ခေါင်းမလှုပ်သာသည့် အခြေအနေသို့ ကျွန်တော်ရောက်နေပေပြီ။ ပြောင်ကြီး၏ မေးအောက်မှ ပင့်မ၍ လက်နှစ်ဖက်ဖြင့် တွန်းထားရသည်။ တစ်စတစ်စနှင့် လေးလာသည်ဖြစ်ရာ ဇောချွေးများပြန်လာနေသည်။ သည်မျှအလေးချိန်ကို မည်မျှကြာအောင် ကျွန်တော်ခံနိုင်ပါမည်လဲ၊ ရင်ဘတ်ပေါ်သို့ အလေးချိန်ကြီးသော ပြောင်ခေါင်းကြီး တဖြည်းဖြည်း ဖိလာနေသည်ဖြစ်ရာ မျက်လုံးများဝေလျက် အသက်ရှူကျပ်လာသည်။

"ဟိုက် .. ဒုက္ခပါပဲ။ လက်ပြင်ကို ကျည်မတစ်တောင့်၊ ခြောက်လုံးကျည်တစ်တောင့် သွင်းထားတာတောင် ဒီကောင်ကြီး မလဲဘူးဗျာ။ နေဦး ... နေဦး၊ ကျွန်တော် ဝင်မထားပေးမယ်"

စာရေးကြီး၏ အသံကို တဝူးဝူး လေထွက်လျက်ရှိသည့် နားထဲမှ ကြားရ၏။ ချက်ချင်းပင် ကိုဖေမောင်သည် ဝါးရုံများအကြားသို့ ရောက်လာပြီး အသက်ကင်းမဲ့နေပြီဖြစ်သည့် ပြောင်ကြီး၏ခေါင်းကို ဝင်မလာသည်။ ခန္ဓာကိုယ်အလေးချိန် ပေါင်တစ်ရာတစ်ဆယ်ပင် မပြည့်တတ်သော ကြုံလှီသေးငယ်သည့် ခွန်အားဗလမျှဖြင့် အလေးချိန် ပိဿာသုံးရာထက်မနည်းသော ပြောင်တစ်ကောင်၏ ဦးခေါင်းကို လှုပ်ရန်ပင် မနည်းကြိုးစားရလိမ့်မည်။ အီးခနဲ၊ အီးခနဲ ခွန်အားကို အဆမတန် စိုက်ထုတ်လျက် မထားသည့်အတွက် ကျွန်တော်၏ ရင်ဘတ်ပေါ်တွင်ပိနေသော ပြောင်ခေါင်းကြီးက ထပ်မံ၍ပိမလာတော့ဘဲ အသက်ရှူရ အနည်းငယ်ချောင်လာသည်။ ကျွန်တော်ကိုယ်တိုင်လည်း သတိကို မလစ်စေဘဲ လက်နှစ်ဖက်ဖြင့် အားစိုက်၍ ပင့်မထားရ၏။ မျက်လုံးများက ဝေလျက်ရှိဆဲဖြစ်သည်။ အခြေအနေသည် အတော်ကြီးပင် ဆိုးဝါးလျက်ရှိ၏။ ကြုံလှီသော ခွန်အားဗလဖြင့် စာရေးကြီးကိုဖေမောင်က ပြောင်ကြီး၏ဦးခေါင်းကို မည်မျှကြာအောင် မထားနိုင်ပါမည်လဲ။ ကျွန်တော်က အဆုတ်တွင်းသို့ လေကို အားရပါးရ ရှူ၍သွင်းချင်သော်လည်း လောလောဆယ် အသက်ရှူကျပ်နေခြင်းကြောင့် ဆန္ဒမပြည့်ဝနိုင်၊ တစ်စထက်တစ်စ အသက်

www.burmeseclassic.com

ရှုရသည်မှာ ခက်ခဲလာနေသည်။

မှုန်ဝါးဝါးမျက်လုံးများ၏ အမြင်တွင် ဝါးပိုးပင်၏ ကိုင်းဖျားများက တဖြည်းဖြည်း လှုပ်နေသည်ကို တွေ့ရသည်။ ပြာသော ဟိုးအထက်ကောင်းကင်တွင် ဝါးပိုးပင်ကိုင်းဖျားများ ဘယ်ညာလှုပ်ယမ်းလျက်ရှိ၏။ ကိုင်းဖျားများက တအိအိလှုပ်ယမ်း ယိမ်းထိုးလျက်ရှိသည်နှင့်အမျှ အပင်ရင်းတွင်လည်း နှဲ၍နှဲ၍ ပြောင်ကြီး၏ခေါင်းကို ညှပ်သွင်းနေသလို ဖြစ်သည်။ အလေးချိန်က လူနှစ်ယောက်အင်အားဖြင့် ပင့်မထားသည့်တိုင် တိုး၍တိုး၍ လေးလံနေသည် ထင်ရ၏။ ကိုယ်ခန္ဓာ၏ ဘယ်ညာ တစ်ဖက်တစ်ချက်ရှိ ဝါးပိုးပင်များက ညှပ်လျက်ရှိသည့်အထဲ ရင်ဘတ်ပေါ်တွင် ပြောင်ကြီး၏ ဦးခေါင်းကပါ ဖိလာနေသဖြင့် နံရိုးများပင် ကျိုးလုမတတ် နာကျင်လာ၏။ လက်ဖဝါးနှစ်ဖက်ကလည်း တောင့်တင်းနာကျင် ကိုက်ခဲလာခဲ့၏။

လေထွက်၍ အူနေသည့်နားထဲမှ ကိုဖေမောင်၏ အသံတစာစာကို ကြားနေရသလိုရှိသည်။ ဘာတွေအော်နေသည်လဲ သဲသဲကွဲကွဲမကြားနိုင်။ နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုအတွင်းသို့ ကျဆင်းနေရသည့်နှယ် အသိစိတ်အတွင်း မကြာမီ အောက်ခြေသို့ ရောက်တော့မည်ကို အလိုလိုသိလာရ၏။ အောက်ဆုံးသို့ ရောက်လျှင် လင်းဆုံးသို့ရောက်တော့မည်သာဖြစ်ရကား အသိစိတ်က အထက်သို့ ပြန်တက်သွားလိုသည့် ဆန္ဒက ပြင်းထန်သည်ထက် ပြင်းထန်လာနေသည်။

သည်အခိုက် ရင်ဘတ်ပေါ်မှ လေးလံလှသော ဝန်ထုပ်ကြီး ရှုတ်တရက် ခွာထွက်သွားပြီးနောက် ကျွန်တော် သတိလစ်သွား၏။ အသက်ကို ဝအောင် ပြင်းပြင်းရှူနေရာမှ အသိပြန်ဝင်လာပြီး ပတ်ဝန်းကျင်ကို မျက်စိဖွင့်၍ ကြည့်လိုက်သည့်အခါ၌မူ ကျွန်တော့်မျက်နှာအထက်တွင် စာရေးကြီးနှင့် ကိုဘသိန်း၏ မျက်နှာနှစ်ခုကို ဝမ်းမြောက်ဝမ်းသာ မြင်လိုက်ရသည်။

"ဟော ... မုဆိုး သတိရပြီလား။ မထလိုက်နဲ့ဦးဗျာ။ ကျုပ်တို့ဖြင့် သွားရောအောက်မေ့တာပဲ။ ခဏမှိန်းနေလိုက်။ မကြာခင် ကောင်းသွားမှာပါ။ အသက်ကို ဝအောင်ရှူ၊ ဟုတ်ပြီ ... ဟုတ်ပြီ"

ကိုဘသိန်းက ဝမ်းသာအားရ ပြောလိုက်သည်။ စာရေးကြီး ကိုဖေမောင်ကလည်း –

"တော်ပါသေးရဲ့ဗျာ။ ကိုဘသိန်း မြန်းခနဲရောက်လာပေလို့။ ကျွန်တော်လည်း ကြံရာမရတာနဲ့ နိုင်သလောက် ဝင်မထားလိုက်ရတာ။ လက်လွှတ်လိုက်ရင် မုဆိုးတစ်ခါတည်း အသက်ရှူရပ်သွားမှာစိုးလို့။ ခုလို ကိုဘသိန်းလုပ်သလို ကုတ်တစ်ချောင်းနဲ့ ထိုးပြီးခံထားလိုက်ရင် ရမှာပဲလို့တော့ အောက်မေ့သား။ ကျွန်တော်ကလည်း တစ်ယောက်တည်းမို့လို့လေ"

"သေနတ်သံလေးချက် ဆက်တိုက်ကြားကြားချင်း ကြောထိပ်က ကျွန်တော် တန်းပြေးလိုက်လာတာ။ အကောက်ကို အမဲလှန်လာရင် ဆီးပစ်ရင် ပစ်ရအောင်လို့။ ပြောင်အုပ်လည်း မရောက်လာ၊ ဘာသံမှလည်း မကြားရလို့ မသင်္ကာတာနဲ့ ရပ်မနေတော့ဘဲ သေနတ်သံကြားတဲ့ဆီ ပြေးလာပေလို့သာပေါ့ဗျာ။ နို့မို့များဖြင့်တော့"

အန္တရာယ်အသွယ်သွယ်၊ အခက်အခဲအမျိုးမျိုးတို့အကြားမှ ကျွန်တော် ကံကောင်းစွာ ကျော်ဖြတ်လာနိုင်ခဲ့ပေပြီ။ သေမင်း၏ နှုတ်ခမ်းမှ လွတ်မြောက်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ နာရီဝက်ခန့် အချိန်အတွင်း ကျွန်တော်က မိမိကိုယ်ကိုမိမိ ပြန်လည်အားပြုလျက် ကောင်းစွာရပ်တည်လာနိုင်ခဲ့၏။ ဝါးပိုးပင်များအကြားတွင် ရှေ့ကိုယ်ခန္ဓာတစ်ပိုင်းလုံး ညပ်၍ အသက်ပျောက်နေပြီဖြစ်သော ပြောင်သင်းကွဲကြီးကို စစ်ဆေးကြည့်ရှုလိုက်ရာတွင် စာရေးကြီးကိုဖေမောင်က ပစ်ခဲ့သော နှစ်လုံးပြူးကျည်မတစ်လုံး၊ ခြောက်လုံးကျည်လေးလုံးက ပြောင်မကြီး၏လက်ပြင်ကို ဖောက်ထွင်း၍ စုပြုံဝင်သွားခဲ့ပြီး ကျွန်တော်ပစ်လိုက်သော ဒသမ ၃၇၅ မက်ဂနမ်ကျည်တစ်တောင့်က ညာမျက်လုံးကို ဖောက်ထွင်းဝင်ရောက်သွားသည်ကို တွေ့ခဲ့ကြရ၏။

မည်သို့ပင်ရှိစေ ပိဿာချိန် သုံးရာထက်မနည်း ကြီးမားသော သင်းကွဲပြောင်ကြီးကား ငွေအိုးတောင်ကြော၊ ကျောက်ဖျာစားကျင်းတွင် နောက်ဆုံးတိုက်ပွဲဆင်နွှဲရင်း ကျဆုံးသွားခဲ့ပြီ။ ကျွန်တော်တို့ မုဆိုးများအဖို့လည်း အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ကာ အခက်အခဲ အကျပ်အတည်းများကို ကျော်ဖြတ်၍ မုဆိုးနှင့် သားကောင်သူနိုင်ကိုယ်နိုင် ပညာပြိုင်ကြရင်းဖြင့် အောင်နိုင်သူက ဆုလာဘ်ကို ရယူစမြဲပင် မဟုတ်ပါလား။

(မန္တလေးမှ ရောင်းရင်းမုဆိုးများအား အမှတ်တရဖြင့် ...)

ခင်မောင်အေး(မန္တလေး)



www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး)



၂၀၁၃ ခုနှစ်၊ ဧပြီလ ပထမရက် သတ္တပတ်အတွင်းထုတ်ပြန်သော အင်တာနက်သတင်းတစ်ပုဒ်တွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သည်းထိတ်ချောက်ချားဖွယ် သတင်းကို ကျွန်တော်များ ဖတ်ရှုခဲ့ကြရသည်။

**"လူနာ ၃၀၀ အား သတ်ခဲ့သည့် ဆရာဝန်လူသတ်သမား"**

ဘရာဇီး။

၂၀၁၃၊ ဧပြီလ၊ ၂ ရက်။

တောင်အမေရိကတိုက်၊ ဘရာဇီးနိုင်ငံတွင် ဆေးကုသဆောင်မှ လူနာများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးရမှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်း၍ ပတ်ဝန်းကျင်လေ့လာမှု ပြုလုပ်နေသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဘရာဇီးနိုင်ငံတောင်ပိုင်း၊ စူရီတာဗီမြို့ ဆေးရုံမှာ အမျိုးသမီးဆရာဝန် ဗာဂျီနီယားဒီဆူဇာ ဆိုသူအား လူနာအများ သေဆုံးရမှုနှင့် ပတ်သက်၍ သင်္ကာမကင်းဖြစ်ခဲ့သဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ ဗာဂျီနီယားဒီဆူဇာမှာ အသက် ၅၆ နှစ်အရွယ်ရှိ မုဆိုးမတစ်ဦး ဖြစ်သည်။ စုံစမ်းစစ်ဆေးသူများမှ တာဝန်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောဆိုချက်အရ ဆရာဝန်ဒီဆူဇာသည် အရေးပေါ်ဌာနခန်း၌ လူနာခုနစ်ယောက်ကို သူကိုယ်တိုင် သတ်ပစ်မှုနှင့် သူကွပ်ကဲမှုအောက်မှ လက်ထောက်ဆရာဝန်နှင့် သူနာပြုသုံးယောက်တို့ကလည်း အလားတူ လူသတ်မှုများ ကျူးလွန်ခဲ့ကြသည်ဟု ဆိုသည်။

အထောက်အထား တွေ့ရှိထားချက်အရ ဒေါက်တာဒီဆူဇာနှင့် အဖွဲ့သည် အရေးကြီးသော လူနာများကို မူးယစ်ဆေး ထိုးသွင်းစေပြီး အောက်ဆီဂျင်များဖြတ်ကာ အကြောင်းမဲ့ သေစေအောင် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ၎င်းတို့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် လူနာများ အခြေအနေနှင့် ပတ်သက်၍ သူတို့အဖွဲ့သားအချင်းချင်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားမှုများကို ကြားဖြတ်ဖမ်းယူရာမှ ခြေရာခံမိခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကလည်း သတင်းမီဒီယာများကို ပြောပြခဲ့သည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်ဂလေ

Sixteen years later—police photograph of Mengele, taken in Buenos Aires during his brief detention in 1959.

Mengele's fingerprints, on file at the Argentine Federal Police and the secret police (DOPS) of Brazil.




ဥပဒေဝန်ထမ်းများနှင့် ဥပဒေအကျိုးဆောင်များကမူ ဆရာဝန်ဒီဆူဇာသည် လွန်ခဲ့သော ခုနစ်နှစ်ခန့်ကလည်း အလားတူ လူနာအများသေဆုံးမှုများ ရင်းတာဝန်ယူရသော ဆေးရုံများတွင် ကြုံတွေ့ရသည်ဟု ဆိုသည်။ အဘယ်ကြောင့် ဆရာဝန်မကြီး ဒီဆူဇာနှင့်အဖွဲ့သည် အပြစ်မဲ့လူနာများကို သေစေခဲ့သည်ဟု ဆိုသောအချက်ကိုမူ ရှင်းရှင်းလင်းလင်းမရသေးဟု သိရ၏။

အထက်ဖော်ပြပါ အင်တာနက်သတင်းကိုပင် စီအင်အင်ရုပ်သံလွှင့် အစီအစဉ်နှင့် ဘီဘီစီရုပ်သံလွှင့်အစီအစဉ်များက ထုတ်လွှင့်ကြေညာပေးခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခတ်ခဲ့သည့် သတင်းဖြစ်၏။ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော ဝါရှင်တန်ပို့(စ်)သတင်းစာ၊ ချီကာဂိုတရီဗြွန်သတင်းစာ၊ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်) သတင်းစာများတွင်လည်း ဤဖြစ်စဉ်နှင့် ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရသည်။ မှုခင်းသုတေသီအများကလည်း ထူးထူးခြားခြား စိတ်ဝင်စားခဲ့သည်။ မှုခင်းတစ်မှုဖြစ်ပွားရာ ကျူးလွန်ရသည့် ရည်ရွယ်ချက်ရှိရမည် ဖြစ်၏။ ဆရာဝန်မကြီး ဒီဆူဇာနှင့်အဖွဲ့သည် လူနာများအား အဘယ်ကြောင့် အကြောင်းမဲ့သတ်ခဲ့ကြသနည်း။ လောဘ၊ ဒေါသ၊ မောဟ ဇောတို့ကြောင့်လော။ ဆရာဝန်များ၊ သူနာပြုများသည် စိတ်ဖောက်ပြန်၍ သတ်ဖြတ်ခြင်းလော။ သူတို့သည် လူများကိုကုစားရန် ရယူထားသော လိုင်စင်အား လူအများကို အစုလိုက်အပြုံလိုက် သုတ်သင်ပစ်ရန် လိုင်စင်အဖြစ် ပြောင်းလဲပစ်ခဲ့သော ဆရာဝန်များ၊ သူနာပြုများ ဖြစ်ကြ၏။

ဆရာဝန်များမှာမူ ဆေးတက္ကသိုလ်များမှ ဆရာဝန်ဘွဲ့ ယူကြရသောအခါ ဂရိသမားတော်ကြီး ဟစ်ပိုကရေတီး(စ်)၏ ကျမ်းသစ္စာစကား "Hippo-ckates Oath" ကို ခံယူခဲ့ကြရသည်။ ထိုသစ္စာစကားတို့၏ တစ်စိတ်တစ်ပိုင်းတွင် အောက်ပါအတိုင်း ပါဝင်ခဲ့၏။

"ကျွန်တော်သည် သမားတော်ကြီး အပိုလိုကို အမှူးထား၍ ဤမှန်ကန်သော သစ္စာကို လေးနက်တည်ကြည်စွာ ကျိန်ဆိုပါသည်။

ကျွန်တော်သည် ကျွန်တော်သင်ယူထားသော ပညာဖြင့် ကျန်းမာခြင်းမရှိသောသူများအား တတ်စွမ်းသမျှကုသပါမည်။ ကျွန်တော်သင်ယူ၍ တတ်သိထားသော ပညာဖြင့် လူသားတို့၏ ဆိုးကျိုးကိုလည်းကောင်း၊ လူသားတို့၏ အနာတရဖြစ်စေသော ကိစ္စရပ်မျိုးကိုလည်းကောင်း မည်သည့်အခါမျှ မပြုလုပ်ပါ။

ကျွန်တော်သည် ကျွန်တော်၏ ပညာ၊ ကျွန်တော်၏ လုပ်ငန်း၊ ကျွန်တော်၏ ဘဝအား မကောင်းမှုများမှ ကင်းစင်စေပြီး ကောင်းမြတ်သောအဖြစ်မျိုးသာ ထာဝစဉ်တည်ရှိနေအောင် ကြိုးစားပါမည်။



www.burmeseclassic.com


www.burmeseclassic.com

အကယ်၍ ဤကျမ်းသစ္စာအား နိုင်မြဲအောင် ထိန်းထားနိုင်ပါက ကျွန်တော်၏ ဂုဏ်သတင်းသည် လူ့ဌာနေ၊ လူ့ရပ်နယ်မြေတွင် ထာဝရသင်းပျံ့မွှေးနေပါစေသတည်း။

အကယ်၍ ဤကျမ်းသစ္စာအား ဖောက်ဖျက်ခဲ့သော် ကျွန်တော်၏ဘဝသည် အဆိုးဝါးဆုံးသော ဘဝသို့ ကျရောက်ပါစေသတည်း"

ဤသို့ ကျမ်းသစ္စာကို ကျိန်ဆိုပြီးမှ ဆရာဝန်ဖြစ်လာကြရသော သူများသည် အဘယ်ကြောင့် လူအများအား အကြောင်းမဲ့ အစုလိုက်အပြုံလိုက် သတ်ခဲ့ကြသနည်း။ အမှန်အားဖြင့် ဤကဲ့သို့ အပြစ်ကင်းမဲ့သော လူအများအား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော ဆရာဝန်များမှာ ယခုမှ ပေါ်ပေါက်လာသော ရွှေကြာပင်မဟုတ်ကြ။ သမိုင်းအဆက်အဆက် လက်ဆင့်ချီး၍ ရေတွက်မရအောင် ရှိခဲ့ကြ၏။ ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်မှာ ဒုတိယကမ္ဘာစစ်ကြီးကာလနှင့် ယနေ့ထိ ဟိုးဟိုးကျော်ခဲ့သော ဆရာဝန်လူသတ်သမားတစ်ယောက်အကြောင်း ဖြစ်ပါသည်။ သူ့အကြောင်းရေးသားထုတ်ဝေသည့် စာအုပ်များမှာ ရေတွက်၍မရအောင် ရှိခဲ့ပြီး၊ ဆောင်းပါးများမှာလည်း ရာထောင်ချီ၍ ရှိခဲ့သည်။ သူ့အတ္ထုပ္ပတ္တိကိုလည်း ရုပ်ရှင်သရုပ်ဆောင်အမျိုးမျိုးနှင့် ရိုက်ကူးပြသပြီး ပြသဆဲ ဖြစ်၏။ မှန်ပါသည်။ သူသည် နိုင်ငံတကာထောက်လှမ်းရေးအဖွဲ့များက ယနေ့ထိ အလိုရှိနေသော လူသတ်သမား ဆရာဝန်ကြီး ဖြစ်သည်။ ဂျာမနီနိုင်ငံ စစ်ရာဇဝတ်တရားရုံးတော်ကမှ သူ့အား မျက်ကွယ်တွင် သေဒဏ်ချမှတ်ခဲ့ပြီး ဖြစ်သည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန် မလိုသော အစ္စရေးနိုင်ငံ၏ ကမ္ဘာကျော် မော့ဆက်ထောက်လှမ်းရေးအဖွဲ့က သဲသဲမဲမဲ အနံ့ခံလိုက်ခဲ့သော်လည်း ယနေ့ထိ ရှာမတွေ့ခဲ့ရ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတို့၏ ငရဲခန်းများဟု လူသိများသော ချွေးတပ်စခန်းများမှ ကံကောင်းထောက်မသဖြင့် အသက်မသေ ကြွင်းကျန်ရစ်သူ ဂျူးလူမျိုးများသည် "မမေ့နိုင်သူများ"ဟူသော အသင်းအဖွဲ့အများ ဖွဲ့စည်း၍ အထက်ဖော်ပြပါ လူသတ်သမားဆရာဝန်နောက် လိုက်ခဲ့ကြ၏။ အချို့ကလည်း နာဇီမနှသမှုဆိုးများဟု ဆိုကာ သူ့နောက်သို့ နည်းလမ်းအမျိုးမျိုးနှင့် အနံ့ခံ၍ လိုက်ခဲ့ကြသည်။ ပျောက်သော သူ ရှာလျှင်တွေ့ဟူသော ရှေ့လူပောင်းတို့ စကားရှိခဲ့သော်လည်း ယနေ့ထိ သူ့ကို ခြေရာခံမရ။ အပြစ်မဲ့ ဂျူးလူမျိုးများကို လူသားမဆန်သော နည်းလမ်းများဖြင့် ဆေးပညာစမ်းသပ်ခဲ့ပြီး အချို့ကိုမူ သူကိုယ်တိုင် ဆေးထိုး၍လည်းကောင်း၊ သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြင့်လည်းကောင်း အကျဉ်းသားအများရှေ့တွင် သတ်ခဲ့သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သော်လည်း သူကား ရာဇဝတ်ဘေးမှ ပြေးလွတ်လျက်ရှိသည်။



နိုင်ငံတကာ သတင်းမီဒီယာများကလည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် ၁၉၄၅၊ မေလကစ၍ သူ့အား ဂျာမဏီနိုင်ငံတွင် တွေ့ရသည်၊ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် တွေ့ရသည်၊ ဆွစ်ဇာလန်နိုင်ငံတွင် တွေ့ရသည်၊ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံတွင်လည်းကောင်း၊ ကိုလံဘီယာနိုင်ငံတွင်လည်းကောင်း၊ ဘရာဇီးနိုင်ငံ တောတွင်းတစ်နေရာတွင်တွေ့ရသည်ဟူ၍ သတင်းအမျိုးမျိုး ထွက်ပေါ်လာခဲ့၏။ မကြာခဏ ကွယ်လွန်သွားပြီဟူသော သတင်းမျိုးလည်း ထွက်ပေါ်လေ့ရှိရာ ကမ္ဘာ့သမိုင်းတွင် ထူးဆန်းသမျှ ထိပ်ခေါင်ဟု ဆိုရမည့် လူသတ်သမားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အား ဒေါက်တာဟင်ဂလေ ဆိုသူ ဖြစ်သည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီး ကာလတွင် အထူးခြားဆုံး ဒုစ္စရိုက်တစ်ပုဒ် ဖြစ်သည်ဟု သမိုင်းသုတေသီများက တညီတညွတ်တည်း ဆိုကြသည်။ သူ့နာမည်ကို နိုင်ငံတကာ ထောက်လှမ်းရေး၏ မှတ်တမ်းများတွင် တွေ့ရမည်ဖြစ်သည်။ အနောက်ဂျာမနီ နိုင်ငံ ရဲအဖွဲ့ကလည်း သူ့အား ဖမ်းဆီးရမိရန် သတင်းပေးနိုင်သူ၊ သို့မဟုတ် သူပုန်းအောင်းနေသည့်နေရာကို သတင်းပေးနိုင်သူအား ထိုက်တန်သော ဆုငွေ ပေးမည်ဟု ကြေညာချက်အမျိုးမျိုး ထုတ်ခဲ့သော်လည်း သူသည် ယနေ့ထိ ပန်းပန်နေဆဲ ဖြစ်သည်။ မှတ်တမ်းအရ ဆိုရလျှင် အသက်ကိုးဆယ်ကျော် သေမင်းနိုင်ငံ တံခါးဝသို့ ရောက်နေပြီ ဖြစ်၏။

သူ့ဝရမ်းပြေးဘဝတစ်လျှောက်လုံး ရင်သပ်အံ့ဩဖွယ်ရာ ကောလာဟလများ ပြည့်နေဆဲဖြစ်သည်။ ဤပုဂ္ဂိုလ် ဒေါက်တာဂျိုးဇက်(ဖ်)မင်ဂလေမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာမည်ဆိုးဖြင့် ဟိုးဟိုးကျော်ခဲ့သော အော့ဇဝစ်ငရဲခန်းမှ ဆရာဝန်များ၏ အကြီးအကဲ ဆရာဝန်ချုပ် ဖြစ်သည်။ [သူပါရာဂွေးနိုင်ငံတွင် ပုန်းအောင်းနေစဉ် ရိုက်ကူးထားသော ဓာတ်ပုံကို မိတ္တူကူးယူ ဖော်ပြထားပါသည်။]

အမှန်အားဖြင့် မင်ဂလေသည် ဉာဏ်ပညာထက်သူတစ်ဦး ဖြစ်သည်။ ဂျာမနီနိုင်ငံ၊ မြူးနစ်တက္ကသိုလ်မှ ဒိဋ္ဌ ပေဒပါရဂူဘွဲ့ထူး ရထားသူဖြစ်သည်သာမက ဖရန့်ဖတ်တက္ကသိုလ်မှ ဆေးပညာဘွဲ့လွန် ပါရဂူဘွဲ့ကိုလည်း ရထားသူ ဖြစ်၏။ ဆေးပညာရှင်များ လောကတွင် အောင်မြင်ပေါက်ရောက်သော ဆရာဝန် တစ်ဦးဖြစ်ပြီး ပြည်သူအများက လေးစားကြသည်။

သူသည် ပိုလန်နိုင်ငံ၊ အော့ဇဝစ်မြို့အနီးရှိ ငရဲခန်း၊ သို့မဟုတ် ချွေးတပ်စခန်းတွင် တာဝန်ယူထားကြသော ဆရာဝန်များ၏ အကြီးအကဲချုပ် ဖြစ်လာရာမှ ငရဲပြည်ပို့ဆောင်ပေးသည့် စေတမန်ဟု ဟိုးဟိုးကျော်လာခဲ့သည်။ သူသည် အထူးသဖြင့် ဂျစ်ပစီအမျိုးသားများကို မုန်းတီးသူဖြစ်ရကား သူ တာဝန်ယူထားသော စခန်းသို့ ရောက်လာသော ဂျစ်ပစီလူမျိုးနွယ် ထောင်ပေါင်းများစွာကို ရက်ရက်စက်စက် လူမဆန်သောနည်းလမ်းဖြင့် သတ်ပစ်ရန် အမိန့်ပေးခဲ့သည်သာမက သူကိုယ်တိုင်လည်း သတ်ဖြတ်ခဲ့သူ ဖြစ်၏။

ဩဇဝစ်ငရဲခန်းမှ ကံကောင်းထောက်မ၍ အသက်မသေ လွတ်မြောက်လာသူ အကျဉ်းသားများ၏ ထွက်ဆိုချက်အရ ဒေါက်တာမင်ဂလေသည် ဂျစ်ပစီကလေးငယ်တစ်ယောက်အား အရှင်လတ်လတ် မီးပုံအတွင်း ပစ်ချခဲ့သည်ဟု သိရ၏။

သူသည် ယင်းအကျဉ်းစခန်းတွင် ထောင်ပေါင်းများစွာသော ကလေးငယ်များနှင့် လူကြီးအများကို ဆေးပညာ စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ သူသည် အမြွှာပူးကလေးငယ်များအပေါ် စိတ်ဝင်စားသူဖြစ်သည်။ ထို့ပြင် ကလေးများအား အရိယာန်နွယ်ဖွားများ ကိုယ်ခန္ဓာနှင့် မျက်လုံးပြာများဖြစ်လာအောင် ခွဲစိတ်ကုသခြင်း၊ ဆေးထိုးခြင်းများ စမ်းသပ်ခဲ့သူ ဖြစ်သည်ဟုလည်း သိရ၏။

အော့ဇဝစ်ငရဲခန်းရောက် အကျဉ်းသားများထဲမှ လူ့စိတ်ကြိုက် ရွေးထုတ်၍ ယုန်များ၊ ပွေးများ၊ ကြွက်များကဲ့သို့ ဓာတ်ခွဲခန်းအတွင်း အရှင်လတ်လတ် ခွဲစိတ်ဖြတ်တောက်ခြင်းများ ပြုလုပ်သော ဆရာဝန်ကြီးဖြစ်သည်။ လူနာများ ချက်ချင်းသေဆုံးစေနိုင်ရန် ဖီနိုလစ် အက်ဆစ်ဘင်ဇိုင်း၊ သို့မဟုတ် လေများကို ကိုယ်ခန္ဓာအတွင်း ထိုးသွင်းသတ်ခဲ့သည်ဟု မျက်မြင်သက်သေများက တိတိကျကျ ထွက်ဆိုခဲ့သည်။ သူ၏ ရက်စက်မှု မှတ်တမ်းများမှာ ဖော်ပြရသူ အများ အံ့အားသင့်လောက်အောင် သည်းထိတ်ဖွယ် ဖြစ်ခဲ့သည်။ သူသည် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဂရိသမားတော်ကြီး ဟစ်ပိုကရေတီး(စ်)၏ ကျမ်းသစ္စာကို ကျိန်ဆို၍ ဆရာဝန် တစ်ယောက်ဖြစ်လာခဲ့ရသော်လည်း အဘယ်ကြောင့် လူသားမျိုးနွယ်များကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သနည်း။ သို့သော် သူ့အလှည့်ကျရောက်တော့မည်ဟု သိသည်နှင့် နည်းလမ်းအမျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ်လွှဲပြုလုပ်၍ အာဂျင်တီးနားနိုင်ငံသို့ ထွက်ပြေးကာ တောရိုင်းမြိုင်ခြေအတွင်း ပုန်းအောင်းနေခဲ့သည်။ သူ့နောက်သို့ တာဝန်ရှိသူများက အနှံ့ ခံကာ လိုက်ခဲ့သော်လည်း ယနေ့ထိ ဖမ်းဆီးရမိခြင်း မရှိသေးပြီ။

([illegible] ညွှာရေး)

ကျမ်းကိုး


(၁) အင်တာနက်

(၂) After-math By L.Farago



www.burmeseclassic.com

www.burmeseclassic.com



# ဟေ...

ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)

ကိုသီတာက ဝန်ထမ်းတစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း ဆိုသော်လည်း မိသားစုစားဝတ်နေရေး အဆင်ပြေအောင် တစ်ခါတစ်ရံ ပွဲစားလည်း လုပ်လိုက်သေးသည်။ အိမ်မှာလည်း ရေခဲထုပ်လုပ်ပြီး ရောင်းလိုက်သေးသည်။ မိန်းမကိုလည်း အအားမထားချင်သောကြောင့် အပ်ချုပ်စက်ကလေးတစ်လုံး ဝယ်ပေးပြီး စက်ချုပ်ခိုင်းလိုက်သေး။ ဤသို့ဖြင့် အပိုဝင်ငွေရအောင် ဖန်တီးနေရသော်လည်း မိသားစုများသောကြောင့် တစ်လနှင့်တစ်လ အလျှင်မိရုံသာ ရှိသည်။

အခုလည်း ကိုသီတာ အလုပ်အားရက် စာရေးစာဖတ်လုပ်ရင်း ရေခဲထုပ် ထရောင်းလိုက်၊ စာရေးလိုက်၊ ရေခဲထုပ်ရောင်းလိုက်၊ စာဖတ်လိုက် လုပ်နေရင်း ဇနီးသည် မရွှေနု နာမည်မေး၍ ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက်ဝင်လာသည်။ လက်ထဲမှာလည်း အထုပ်ကလေးတစ်ထုပ် ကိုင်ထားတော့ ကိုသီတာ သဘောပေါက်ပြီး အင်္ကျီအပ်ဖို့ဖြစ်မှာပဲဟု တွေးကာ မရွှေနုကို ခေါ်ပေးကာ ကိုသီတာက အပြင်ခဏ ထွက်ပေးလိုက်သည်။ မိန်းကလေးတွေ အင်္ကျီလာအပ်ရင် အပြင်ခဏထွက်ပေးဖို့ မရွှေနုက မှာထားသောကြောင့် ဖြစ်သည်။

နှစ်ပတ်လောက်ကြာတော့ ရုံးအားရက်တစ်ရက် ဖြစ်သည်။ ကိုသီတာ စာရေးနေတုန်း ဟိုတစ်နေ့က အင်္ကျီလာအပ်သော မိန်းကလေး ရောက်လာသည်။ ကိုသီတာ မှတ်မိနေသည်။ အင်္ကျီပြီး၍ လာရွေးဟန်တူသည်။ သိပ်မကြာလိုက် မရွှေနုနှင့်တွေ့ပြီး မိန်းကလေး ပြန်သွားသည်။ ပြန်သွားပြီးနောက် မရွှေနုတစ်ယောက် ဗျစ်တောက်ဗျစ်တောက် လုပ်နေသည်ကို ကြားရသောကြောင့် ကိုသီတာက

"မရွှေနု ဘာဖြစ်လို့လဲကွ ..."

"ဟိုဥစ္စာ ဘာလဲ ... ပြောမပြောချင်ပါဘူးရှင် ..."

"ဟေ ... ဘာဖြစ်လို့ မပြောချင်တာလဲ"

"ဩော် ... ရှင်ကလည်း ဘာဖြစ်လို့ ရှာရှာဖွေဖွေ သိချင်ရတာလဲ"

"သိချင်လို့တော့ မဟုတ်ပါဘူးကွာ မင်းက ဗျစ်တောက်ဗျစ်တောက် လုပ်နေလို့ ဘာများဖြစ်လို့တုံးပါ"

"ဒီလိုရှင့် ... မိန်းကလေးတွေ အင်္ကျီလာအပ်ရင် ခဏခဏ ပြန်ပြင်ချုပ်နေရလို့ အလုပ်ရှုပ်လို့ သူတို့ကို အတွင်းခံဝတ်လာပါလို့မှာတာ။ စောစောက ကောင်မလေးပေါ့။ ရပါတယ် အစ်မရယ်၊ ဖြစ်ပါတယ် အစ်မရဲ့ဆိုပြီး တိုင်းထွာသွားတာ သူ့ချုပ်ပြီးသား ဝတ်ကြည့်တော့ ပုံမကျဘူး ဖြစ်နေရော။ အဲဒီတော့ ပြန်ပြင်ချုပ်ရဦးမယ်။ ဒါကြောင့် အရင်ကချုပ်ပြီးသား အင်္ကျီအတိုင်း ပြန်ယူခိုင်းလိုက်တာ"

"ဟေ ... အရင်ချုပ်ပြီးတဲ့ အင်္ကျီအတိုင်း ယူတာထက် လူကိုယ်တိုင်တိုင်းတာက ပိုမကောင်းဘူးလား"

"အဲဒါပြောတာပေါ့ ... လူကိုယ်တိုင်တိုင်းရင် အတွင်းခံ ဝတ်ခဲ့ပါဆိုတာ။ လာအပ်တုန်းက အတွင်းခံမပါတော့ အခုဝတ်ကြည့်တော့ ပုံမကျဘူး ဖြစ်နေတာပေါ့။ သူတို့ခေတ်က ကျပ်ကျပ်သိပ်သိပ် ဝတ်တဲ့ခေတ်ဆိုတော့ ခက်နေတော့တာပေါ့"

"အတွင်းခံဆိုတာက ..."

"ရှင်ကလည်း နားဝေးလိုက်တာ ဘော်လီရှင့် ဘော်လီ ..."

"ဟေ ... ဒါဖြင့် လာအပ်တုန်းက ဘော်လီမပါဘူးပေါ့"

"မပါဘူး အဲဒါကြောင့်ပြောတာ"

"ဒါဖြင့် ဒီကောင်မလေးက"


"အပျိုရှင့် ... အပျို"

"ဟေ ... ဒါဆို နောက် ငါးအိမ်မှာ ရှိနေသင့်ပြီကွ ..."

"ရှင် ... နော် ... ရှင်"


ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကိုအာခံ ဝေယံကာတိုက်ပွဲ

(ယခင်လမှအဆက်)

■ ဖိုးကျော့

"လာဗျို့ . . . ဗိုလ်သိန်းကျော်၊ ကျွန်တော်က ခင်ဗျားကို မျှော်နေတာ"

ဗိုလ်သိန်းကျော်ကို မြင်သည်နှင့် ဗိုလ်ကျော်အေးက အားရဝမ်းသာ ကြို ဆိုစကားဆိုသည်။

"ကျွန်တော် အော်စီဆီက လာတာ"

"ဟုတ်တယ်။ ကျွန်တော်သိတယ်။ လာ . . . ထိုင်"

"ဘယ်လိုလဲဗျ။ ခင်ဗျားတို့ဟာက မကြာကောင်းမစည်ရာ"

"ဟဲ . . . ဟဲ၊ ကြဲကြီးစည်ရာ ပြောစမ်းပါ။ လူကြံရင် ဘာမဆိုဖြစ်ပါတယ်ဗျ ဗိုလ်သိန်းကျော်ရ။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ် စစ်အောင်နိုင်ရေးက ဒီနည်းပဲ ရှိတော့လို့ လူကြီးတွေနဲ့ ညှိနှိုင်းပြီးပြီ။ ဗိုလ်ကြီးမောင်မောင်ဝနဲ့လည်း ကျွန်တော်အားလုံး စီစဉ်ပြီးပြီ။ ကျွန်တော် ရန်ကုန်သွားလေ့လာတာလည်း သုံးလေးခါရှိနေပြီ။ ဖြစ်ကိုဖြစ်ပါတယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့ စွန့်စားရဲဖို့ပဲ။ ဘယ့်နှယ်လဲ . . . ဒါတော်လှန်ရေးအတွက်ပဲဗျာ။ အသက်စွန့်ပြီး ဆောင်ရွက်ကြရမှာပေါ့။ ဘယ့်နှယ်လဲ၊ ခင်ဗျားစိန်နိုင်တယ်မှတ်လား၊ ချရဲတယ်မှတ်လား"

ဗိုလ်ကျော်အေး၏ အပြောအဆို အမူအရာကို ကြည့်ခြင်းအားဖြင့် အတော်တက်ကြွနေမှန်း သိသာသည်။ သို့သော် ဗိုလ်သိန်းကျော်အနေမှာ အစီအစဉ်တွေကို ဂဃနဏ ဘာမှလည်း မသိရတော့ . . .

"ခင်ဗျားနဲ့ဆို ချတာကတော့ ချရဲပါတယ်။ ဒါပေမယ့် လေယာဉ်ပျံကို အစိုးရဆီက လုယူပြီး ဘဏ္ဍာတွေ၊ အမြောက်ကြီးတွေကို ထရန်စပို့ကိစ္စ အော်စီက ပြောတယ်။ ဘဏ္ဍာတွေ၊ အမြောက်ကြီးတွေကို အရှေ့တော်သူလေးတွေ နယ်မြေက သယ်ကြရမှာဆိုတော့ အရှေ့ကော်သူလေးနယ်မှာ လေယာဉ်ပျံကွင်းရှိလား။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာကော လေယာဉ်ပျံက ဘယ်ရွှံ့တောထဲ ဆင်းပြီး ဘဏ္ဍာတွေ၊ အမြောက်တွေကို သယ်ချကြရမှာလဲ။ ကျွန်တော် အဲဒါမရှင်းတာ"

"ဩော် . . အော်စီက ခင်ဗျားကို အဲဒီအပိုင်း မပြောလိုက်ဘူးကိုး"

"ခင်ဗျားသိတဲ့အတိုင်းပဲ။ သူက ချဖို့ချည်း ပြောနေတော့ ကျွန်တော်က သူ့ကို အသေးစိတ် မမေးရဲဘူးဗျ။ ဘာလဲ . . မင်းက ကြောက်လို့လားဆို ခင်ဗျားသိတဲ့အတိုင်းပဲ ကျွန်တော်က လည်း ခံချင်တာ မဟုတ်ဘူး။ သူပြောတာက ခင်ဗျားနဲ့တွေ့ရင် အားလုံးရှင်းသွားပါလိမ့်မယ်၊ ခင်ဗျားကိုပဲ အမြန်ဆုံး တွေ့လိုက်ပါပြောလို့ လာတာလေဗျာ"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ အားလုံး စီစဉ်ပြီးသားပါ။ လေယာဉ်ပျံကို ပြန်ပေးဆွဲလို့ ရလာဖို့ပဲ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ လေယာဉ်ကွင်းက အရှေ့ကော်သူလေးနယ် ဒေါနတောင်ခြေမှာ တစ်ကွင်းရှိတယ်လို့ ဗိုလ်ကြီးမောင်မောင်ဝေ မပြော သယ်။ ဒေါနတောင်ခြေဆို မြေပုံတောင် မလိုဘူးတဲ့။ အနောက်ကျတော့ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ ဆင်းဖို့မပဟုတ်ဘူး။ မြစ်ဝကျွန်းပေါ် ကွင်းတွေက ရန်သူ့လေယာဉ်ကွင်းတွေနဲ့ ရောထွေးနိုင်တယ်။ ပိုင်းလော့က ပုံမှားရိုက်ဆင်းလို့ ရန်သူ့လေယာဉ်ကွင်းထဲ ရောက်သွားရင် ကျွန်တော်တို့၊ ခင်ဗျားတို့ စတီးလက်ကောက်ကိုယ်စီ၊ မျက်နှာငယ်လေးတွေနဲ့ ရုံးထွက်ကြရမှာ။ အဲဒါကြောင့် မြစ်ဝကျွန်းပေါ်က ကွင်းတွေကို မရွေးဘူး။ အရင်က ကျွန်တော်တို့ စည်းရုံးရေးအောက်မှာ ရှိခဲ့ဖူးတဲ့ ဆေဘူးရွာနားက သဲသောင်ကွင်း ခင်ဗျားလည်း ရောက်ဖူးသားပဲ။ အဲဒီကွင်း သဲသောင်ဟာ အကောင်းဆုံးပဲလို့ ဗိုလ်ကြီးမောင်မောင်ဝေကလည်း ပြောတယ်။ သူနဲ့ ကျွန်တော်လည်း အခေါက်ခေါက်အခါခါ သွားလေ့လာထားကြပြီ။ အဲဒီသောင်က သဲတွေကျစ်နေလို့ မြေလည်းမာတယ်။ ကွင်းကိစ္စ ခင်ဗျားဘာမှမပူနဲ့ ဗိုလ်သိန်းကျော် ... ဟုတ်လား''

ဗိုလ်ကြီးကျော်အေး၏ စကားကို ကြားရသောအခါ ဗိုလ်သိန်းကျော်မှာ ချက်ချင်း အင်အားတွေပြည့်လာသလို တက်ကြွသွားသည်။ လေယာဉ်ပျံတစ်စင်းသာ သူတို့ရထားလျှင် ရန်သူ့နယ်မြေထဲ ပုံးကြ၍ပင် ရနိုင်သည်။ ဗိုလ်ကြီးမောင်မောင်ဝေလိုပင် အစိုးရလေတပ်တွင် လေယာဉ်ပျံမောင်းခဲ့သူတွေက သူတို့မြစ်ဝကျွန်းပေါ်မှာ ရှိသလို အရှေ့ကော်သူလေးတို့ဆီမှာလည်း ရှိသည်။ ဒေါနတောင်တန်းက လေယာဉ်ကွင်းနှင့် ဆေဘူးရွာကကွင်းကို လေယာဉ်ပျံက အခေါက်ခေါက် အခါခါ ပျံပြီး ဘဖူကာတွေ၊ အမြောက်ကြီး၊ အမြောက်ငယ်တွေ သယ်ချနေကြတာ ယခုပင် မျက်စိထဲ မြင်လာမိသလိုပင်။ ထို့ကြောင့်လည်း ဗိုလ်သိန်းကျော်မှာ ယခုတော့ အရမ်းကို တက်ကြွနေသည်။

"ဟုတ်ပါတယ်။ အဲဒီနေရာဟာ ဟို ၅၂ ခုလောက်က ကျွန်တော်တို့ ပိုင်ခဲ့တဲ့ နယ်မြေတွေပဲ။ မဟာမိတ်ဧရိယာ၊ ပြောက်ကျားဧရိယာလုပ်ထားကြတဲ့ သီးသန့်နေရာပဲ။ အဲဒီမှာ ကျွန်တော်တို့ စည်းရုံးရေးလည်း သိပ်ကောင်းခဲ့တာပဲ။ တကယ်အောင်မြင်ရင် အလုပ်လုပ်နိုင်တဲ့ နေရာဆိုတာ ကျွန်တော်လည်း လက်ခံပါတယ်။ တစ်ခုတော့ရှိတယ်ဗျ။ အဲဒီနေရာမှာ ကျွန်တော်တို့ကလည်း အမြဲတမ်း တပ်ချမထားနိုင်တော့ ပြောက်ကျားနယ်မြေဆိုပြီး သူရောက်၊ ကိုယ်ရောက်ပဲဗျ။ ဒီအထဲက မဟာမိတ်မဟုတ်တဲ့ ဟိုအောင်ပင်လယ် သိန်းဖေဆိုတဲ့ လက်နက်ကိုင်ပြောက်ကျားတွေလည်း တစ်ခါတစ်ခါတော့ ရောက်တတ်တယ်ဗျ။ အဲဒီငနဲကတော့ ကျွန်တော်တို့နဲ့ မတူဘူး။ ဒီငနဲက လစ်ရစ်လစ်သလို၊ ချောင်ရင်ချောင်သလို ချတယ်။ ကျွန်တော်တို့ သေနတ်တွေရော၊ ရဲဘော်ဖြူသေနတ်တွေရော၊ လူတွေရော ဆုံးပေါင်းတော့ များလှပြီ။ လစ်မယ်၊ ချောင်မယ်ဆို ဒီငနဲတော့ သတိထားကြရမယ်။ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူးလေ။ ဟိုအခါကျရင် တပ်ရင်းတစ်ရင်းနှစ်ရင်း သွားချထားရင် ဒီငနဲအနားမသီရဲပါဘူး။ ကျွန်တော်တို့တပ်တွေ အများကြီးရှိတာပဲ''

ဗိုလ်သိန်းကျော်မှာ ပိုပြီး အားမာန်အပြည့် ဖြစ်လာသဖြင့် ဗိုလ်ကျော်အေးကို သူသိထားသမျှ အကုန်ပြောပြလိုက်သည်။

"ဟုတ်ပြီလေ။ ခင်ဗျားသဘောပေါက်ပါတယ်။ နောက် ခင်ဗျားဘာသိချင်သေးလဲ''

"အော်စီ ကျွန်တော့်ကိုပြောတာက ကျွန်တော်တို့ ခင်ဗျားတို့ထဲ စကောမောလေးဆီက စောအငြိမ်းလည်းပါမယ့်သဘော ပြောတယ်၊ ဟုတ်လား''

"ဟုတ်ပါတယ်''

"ဒါဆို သုံးယောက်ပေါ့''

"ဒါပေါ့ဗျ။ သုံးယောက်ပေါင်းလောင်းကျော်ဆိုမှတ်လား။ ကျော်နှစ်ကျော်လုပ်တဲ့အလုပ် စောအငြိမ်းပါဆိုတော့ အတိတ်နဲ့ တဘောင်နဲ့ ငြိမ်းရမယ်၊ အောင်ရမယ် ပိစ်ပေါ့ဗျာ။ ဟုတ်လား''

"ဟုတ်ပါပြီ''

"မဟုတ်နဲ့ဦးဗျို့။ အရေးကြီးတဲ့ အသေးစိတ်ကိစ္စ စီစဉ်ရမယ်။ နှ ... ခင်ဗျား ဒီက ထမင်းစားပြီး ချောင်းမြိုးကို ပြန်တော့။ ခင်ဗျားအိမ်အပေါ်ထပ်က ပိုအဆင်ပြေတယ်။ အဲဒီမှာ ... ကျွန်တော်တို့ အရေးကြီးတဲ့ လက်နက်ကိစ္စ၊ ဘာကိစ္စ အားလုံးအသေးစိတ် စီစဉ်ကြမယ်''

"ဟုတ် ... စောအငြိမ်းကော၊ ခုဘယ်မှာလဲ။ သူရန်ကုန်ရောက်သွားပြီလား။ ခင်ဗျား သူ့ကိစ္စ ဘယ်လိုစီစဉ်ထားလဲ''

"ရန်ကုန် မသွားသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာရှိပါတယ်။ ခု စောစောကတော့ ဟိုဘက်အပိုင်းထွက်သွားတာ မြင်လိုက်တယ်။ ခင်ဗျားအိမ်ကပဲ စောင့်နေပါ။ ကျွန်တော်တို့ လာခဲ့မယ်။ ဒီကိစ္စက တော့စီးကရက်နော် ဗိုလ်သိန်းကျော်''

''ဟုတ်ကဲ့ပါ။ ကဲ ‥ ကျွန်တော် ပြန်မယ်ဗျာ''

''ဟာ ‥‥ မဟုတ်တာ။ စားပြီးမှ ပြန်ပါဗျ။ အေးအေးဆေးဆေးပြန်ရင်လည်း မိုးမချုပ်မီ ချောင်းရိုးရောက်မှာပါဗျ။ ဘာလဲ ‥‥ ကြယ်နီမှာ ဘယ်နှညတောင် ကြာခဲ့လို့ အိမ်လွမ်းတာလား ‥‥ ဟဲ ‥‥ ဟဲ''

''အိမ်လွမ်းလို့ မဟုတ်ဘူးဗျို့။ ခင်ဗျားစကားကြားရတော့ ကျုပ်ကခုတောင် သွားချင်နေပြီဗျ''

''အဲဒါကြောင့် ‥‥ အော်စီက ခင်ဗျားကိုရွေးတာ။ ကျုပ်ခုမှ သဘောပေါက်တော့တယ်။ ဘာပဲဖြစ်ဖြစ် ထမင်းစားပြီးမှ ပြန်ရမယ်ဗျာ။ ဒီကိစ္စကျုပ်က ကွန်မန်ဒါနော်။ ခင်ဗျား ခုကပင် ကျုပ်အမိန့်နာခံရမယ် ဗိုလ်သိန်းကျော်''

ဗိုလ်ကျော်အေးက စကားဖြတ်ပြီး မတ်တတ်ရပ်၊ ခါးထောက်လိုက်သည်ကို တမင်နောက်မှန်းသိသဖြင့် ဗိုလ်သိန်းကျော်က –

''ခင်ညား။ ဟုတ် ‥ ဗိုလ်ချုပ်''

ဟု ပြန်နောက်လိုက်သည်။

''ဗိုလ်သိန်းကျော်၊ ထမင်းစားပြီးမှ ပြန်ရမယ်။ ဒါ ကွန်မန်ဒါအမိန့် ‥‥ ဟား ‥‥ ဟား ‥‥ ဟား''

''ဟား ‥ ဟား''

နှစ်ယောက်သား အားတက်သရော ရယ်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် လှမ်းဖက်ထားလိုက်ကြသည်။

*** *** ***

ဗိုလ်သိန်းကျော်အိမ်တွင် သုံးယောက်သား ဆုံမိကြသည်။

''ကျွန်တော်တော့ တပ်ကိစ္စအားလုံး ဗိုလ်ထွန်းလူနဲ့ လွှဲခဲ့ပြီ။ ဗိုလ်သိန်းကျော်အခြေအနေ''

ဟု ဗိုလ်ကျော်အေးက စမေးသည်။

''ဟုတ်ကဲ့။ ကျွန်တော်လည်း အားလုံးစီစဉ်ခဲ့ပါပြီ''

''စောအငြိမ်း ‥‥ မင်းကိုတော့ ငါအထူးပြောစရာ မလိုတော့ဘူးထင်တယ်။ အရင် ငါပြောပြထားတဲ့အတိုင်းပဲ။ မင်းကို သတိထားဖို့ ပြောစရာတစ်ခု ရှိသေးတယ်။ ခုသတိရတုန်း ပြောထားမယ်။ လေယာဉ်ပေါ်မှာ ပိုင်းလော့တွေကို တို့က ခိုင်းတဲ့အခါကျရင် အမှတ်တမဲ့ သတိလစ်မနေဖို့ အရေးကြီးတယ်။ တတ်နိုင်ရင် ကိုင်စရာ လေယာဉ်ပျံပေါ်မှာ ပါပါတယ်။ ပိုင်းလော့တွေက ညစ်ပတ်ချင်ရင် လေယာဉ်ပျံကို ပြုန်းခနဲ ကျွမ်းထိုးမှောက်ခုံ ချာလပတ်လည်သွားအောင် လုပ်ပစ်လိုက်ရင် အထဲကလူတွေဟာ အကုန်အလဲလဲအပြိုပြိုဖြစ်ပြီး အကုန်အနေအထားပျက်ကုန်တာ ရှိတယ်။ မင်းတို့အခေါက်ခေါက်အခါခါ လေယာဉ်စီးဖူးတယ်ဆိုပေမယ့် သာမန်ခရီးသည်တွေကိုတော့ အဲသလို လုပ်စရာအကြောင်းမရှိဘူး။ မုန်တိုင်းမိတာတောင် ဒီလိုအခြေအနေဆိုးမျိုး မဖြစ်နိုင်ဘူး။ ငါတို့လုပ်ခါမှ အဲသလို လေသူရဲတွေက လုပ်ချင်လုပ်မယ်။ ဒါကိုလည်း ခင်ဗျားတို့ အထူးသတိထားကြရမယ်နော် စောအငြိမ်း''

ဗိုလ်ကျော်အေးက စောအငြိမ်းပါလာ၍လားမသိ။ ဗိုလ်သိန်းကျော်ကို ခပ်တည်တည်၊ ခပ်ထန်ထန် ပြောသည်။

''ပြီးတော့ ‥ ငါတို့ ရန်ကုန်ရောက်သွားတဲ့အခါ သူပုန်မှန်း၊ တောသားမှန်း မသိမရိပ်မိအောင် သေသေသပ်သပ်၊ ပိပိရိရိ နေထိုင်စားသောက်သွားလာနေတတ်ကြဖို့လည်း အရေးကြီးတယ်။ စောအငြိမ်း မင်းကတော့ ရန်ကုန်အနေများလား မသိဘူး''

''မများပါဘူး ဗိုလ်ကြီး။ ရန်ကုန်မှာ တစ်ပတ်ပြည့်အောင် ကျွန်တော် မနေရပါဘူး။ သွားလိုက်၊ လာလိုက်ပါပဲ''

''အေး ‥‥ နောက်တစ်ခုက အရက်သေစာကို အလွန်အကျွံ မသောက်ကြဖို့လည်း လိုတယ်။ မူးယစ်လာပြီး အရက်မူးမှ ကျွဲခိုးပေါ်ဆိုသလို လုပ်ငန်းစဉ်တွေကို တစ်စွန်းတစ်စ ဟမိတာနဲ့ စုံထောက်တွေဆီမှာ ကွိခနဲ မိတတ်တယ်။ ရန်ကုန်မှာ စုံထောက်တွေက မာဖီနဲ့ မြို့အနှံ့ရှိတယ်နော် စောအငြိမ်း။ ဒါတော့ မင်းက ပိုသိမှာပါ''

''ဟုတ်ကဲ့၊ စိတ်ချပါဗိုလ်ကြီး''

''ပြီးတော့ ဟိုမှာသုံးရမယ့် နာမည်တွေကို ငါပြောမယ်။ ကိုယ့်နာမည်ကို ကိုယ်သေသေချာချာ မှတ်ထားကြ။ လေယာဉ်ပေါ်တက်ဖို့ ခေါ်တဲ့အခါ ကိုယ့်နာမည်ကို မေ့နေရင် အဲဒါမှ သောက်ဂွ။ တို့က ခေါ်တာနဲ့ လေယာဉ်ပေါ်ကို အမြန်တတ်ကြရမယ်။ နေရာက နောက်ဆုံးထိုင်ခုံတွေမှာ ဦးအောင်နေရာယူရမယ်။ ဒါမှ တို့တာ

www.burmeseclassic.com

လုပ်တယ်ဆိုတာ လူတွေ မမြင်နိုင်မှာ။ နာမည်တွေပြောမယ်နော် ဗိုလ်သိန်းကျော်''

''ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်''

စောအငြိမ်းရှေ့မှီ ခပ်တည်တည် အမိန့်ပေးပြောကြားနေသော ဗိုလ်ကျော်အေးကို ဗိုလ်သိန်းကျော်က လည်း အလိုက်တသိ ဟုတ်ကဲ့လိုက်နေရ၏။

''ကျွန်တော်က ကိုမောင်မောင်၊ ဗိုလ်သိန်းကျော်က ကိုဘကျော်၊ စောအငြိမ်းက ကိုစိမ်း၊ မှတ်မိကြတယ်နော်''

''ဟုတ်''

စောအငြိမ်းက ချက်ချင်းမတ်တတ်ထ သတိဆွဲပြီး အော်လိုက်ရာ ဗိုလ်ကျော်အေးက ...

''ဟေ့ကောင်။ ဒါဘာလုပ်တာလဲ။ တို့က ခုရဲဘော်တွေ၊ ဗိုလ်တွေ မဟုတ်တော့ဘူးကွ။ စစ်တွေလေယာဉ်နဲ့ ရခိုင်သွားမယ့် ရခိုင်သားတွေ ဖြစ်နေပြီ။ အဲဒါ ကိုယ့်ကိုယ်ကို မှတ်ထားထိုင်ကွာ ...''

''ဟုတ်''

မချိမချဉ်မျက်နှာနှင့် ထိုင်ချလိုက်သည်ကို ဗိုလ်သိန်းကျော်က နှုတ်ခမ်းမဲ့၏။

''ဒီသောက်ပေါ်နဲ့ ဖြစ်မှဖြစ်ပါ့မလား''ဟု တွေးသွားပုံရသည်။

''ဟေ့ကောင် စောအငြိမ်း၊ ငါ ပြောဦးမယ်။ လေယာဉ်ခရီးသည်ဆိုတာက လူမျိုးစုံပါမှာ။ ကုန်သည်၊ ပွဲစား၊ ဆေးလာကုပြီး ရခိုင်ပြန်တဲ့လူတွေ၊ သားသမီးရှိလို့ ရန်ကုန်လာဘုရားဖူးကြတဲ့လူတွေ၊ ဒါတွေကတော့ ဘာမှ တို့အတွက် သည့်တွက်စရာမဟုတ်ဘူး။ ဒီလူတွေကတော့ တို့က ထိုင်ဆိုထိုင်၊ ထဆိုထမယ့် သာမန်အရပ်သားတွေ။ တို့အထူးသတိထားကြရမှာက စစ်ဗိုလ်၊ စစ်သားတွေလည်း ပါချင်ပါမယ်၊ ရဲအရာရှိ အကြပ်တပ်သားတွေလည်း ပါချင်ပါမယ်။ သူတို့တွေပါလာရင် လက်နက်လည်း သူတို့မှာ ပါချင်ပါမယ်။ အဲဒီတော့ သူတို့ကို ...''

''ကျွန်တော် တွေ့ဖူး၊ သိထားဖူးသလောက်တော့ လေယာဉ်ပျံထဲ ဘယ်လူမှ လက်နက်မယူရဘူး ပြောတာပဲ''

စောအငြိမ်းက သူ့အတွေ့အကြုံကို ပြောသည်။

''အဲ ... အဲဒါက ဥပဒေ။ ဒါပေမယ့် ခြွင်းချက်နဲ့ သူဌေးကြီးတို့၊ စစ်ဗိုလ်ကြီးတို့ဆို သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ အမြဲဆောင်ထားလို့ရတဲ့ လက်နက်ဥပဒေက ရှိချင်ရှိဦးမှာ။ တကယ်လို့ အဲဒါမျိုး တစ်ယောက်ယောက်ပါလာရင် အဲဒီလူကို ငါတို့က လက်ဦးထားဖို့ အရေးအကြီးဆုံးပဲကွ စောအငြိမ်းရ။ ငါပြောတာတွေ မှတ်မိပါတယ်နော်''

''ဟုတ်ကဲ့၊ မှတ်မိပါတယ်''

ဤတစ်ခါတော့ စောအငြိမ်းက စောစောကလို မတ်တတ်ရပ်၊ အလေးပြု၊ သတိဆွဲပြီး မပြောတော့သဖြင့် ဗိုလ်သိန်းကျော် မသိမသာ ပြုံးမိသွားသည်။

''အေး ... နောက်တစ်ခု''

''ဟုတ်ကဲ့''

''များသောအားဖြင့်တော့ ခရီးသည်တွေကို ပစ္စည်းစစ်ဆေးတဲ့အခါ သတိထားရမယ်။ ငါ့အတွေ့အကြုံအရကတော့ ရခိုင်သွားမယ့် ခရီးသည်တွေကို ထဘီ၊ လုံချည် ခါပြစစ်ဆေးတာသိပ်မတွေ့ရဘူး။ အထူးအစစ်အဆေးခံကြရတဲ့ ခရီးသည်တွေကတော့ ရှမ်းပြည်၊ တောင်ကြီး၊ လားရှိုး၊ ဟဲဟိုးနဲ့ ယိုးဒယားနယ်စပ် မော်လမြိုင်၊ သထုံ ခရီးသည်များကိုတော့ လဝက၊ ရဲထီးရဲမပါ တစ်ခါတစ်ခါ သီးသန့်တောင်ခေါ်ထုတ်သွားပြီး အခန်းထဲသွားစစ်တာ တွေ့ဖူးတယ်။ ငါမေးကြည့်တော့ ဘိန်းနဲ့ ရွှေချောင်းကိစ္စလို့ပြောတယ်။ တခြားပြည်တွင်းခရီးမှာတော့ အဲသလို ဖိဖိစီးစီးစစ်တာ မတွေ့ဖူးဘူး''

ဗိုလ်ကျော်အေးက စကားခဏ ရပ်ပြီး ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ကို စိုက်ကြည့်နေသည်။ ပြီးတော့မှ

''နောက်ဆုံး ခင်ဗျားတို့ကို အရေးအကြီးဆုံး ကျုပ်တို့ကိစ္စမှာ သုံးမယ့် ပစ္စည်းကို ပြောမယ်''

''ဟုတ်ကဲ့ပါ ကိုကိုမောင်မောင်၊ ပြောပါခင်ဗျား''

''မင်းကတော့ လုပ်ပြီ''

ဟုပြောပြီး စောအငြိမ်းကိုကြည့်ကာ ဗိုလ်ကျော်အေး ရယ်နေသည်။ ဤတစ်ခါတော့ ဗိုလ်သိန်းကျော်ပါ ပြုံးမိသွားသည်။ အတော်ပျော်ပျော်နေတတ်တဲ့ကောင်ပဲဟုလည်း တွေးမိလိုက်သည်။

''နာမည်တွေ မေ့သွားမှာစိုးလို့ပါ ဗိုလ်ကြီး''

ဟု ပြောပြီး သူလည်း ရယ်ဖြဲဖြဲလုပ်နေသည်။

''ဒီကိစ္စမှာ တို့ လက်ပစ်ဗုံးနှစ်လုံးနဲ့ ခြောက်လုံးပြူးသုံးလက် သုံးမယ်။ စောအငြိမ်း ... မင်းကတော့ လက်ပစ်ဗုံးမလိုဘူး။ ငါနဲ့ ဗိုလ်သိန်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်က သုံးရမှာ။ အဲဒီပစ္စည်းတွေ ဘိုတာယ်လိုသယ်သွားရမှာ၊ လေယာဉ်ပေါ်မှာ ဘယ်လိုအသုံးချကြရမှာကိုတော့ ရန်ကုန်ရောက်မှ လေ့ကျင့်ကြရမှာ စောအငြိမ်း''

''ဟုတ်ကဲ့ ဗိုလ်ကြီး''

''မင်းကို ပြောထားသလိုပဲ။ သွားရမယ့်ရက်၊ တို့ရောက်လာမယ့်နေရာ အပြောင်းအလဲမရှိဘူး။ ရန်ကုန်ကို မင်းစောစောသွားနှင့်။ ငါနဲ့ ဗိုလ်သိန်းကျော်က ထပ်ဆွေးနွေးစရာရှိသေးတယ်။ တို့တော့ ပုသိမ်က လေယာဉ်နဲ့ လာဖြစ်ဖို့များတယ်။ ဒါပဲ ‥ ရန်ကုန်မှာ ပြန်တွေ့ကြမယ်''

''ဟုတ်ကဲ့၊ စိတ်ချပါ ဗိုလ်ကြီး''

''ကဲ ‥‥ လာ ကိုသိန်းကျော်။ ခင်ဗျားနဲ့ကျွန်တော် ဦးထော်ဘိုနဲ့ ခဏသွားတွေ့ကြရအောင်''

ဟုပြောပြီး နှစ်ယောက်သား အိမ်ပေါ်က ဆင်းလာကြသည်။

အိမ်ပေါ်တွင် စောအငြိမ်းတစ်ယောက်တည်းသာ ကျန်ခဲ့၏။

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့ ယခုကိစ္စမှာ လက်နက်တွေကို မိမိတို့နှင့် အတူယူသွား၍ မဖြစ်။ အန္တရာယ်များသည်။ ထို့ကြောင့် စိတ်ချရသော ကုန်သည်တစ်ယောက်ယောက်နှင့် လက်နက်တွေကို ရန်ကုန်ပို့နိုင်ဖို့ကိစ္စ သွားဆွေးနွေးရန် ထွက်လာကြသည်။ ဦးထော်ဘိုက အရှေ့ပိုင်းခဏသွားသည်။ မကြာမီ ပြန်လာမည်ဆိုသဖြင့် အလုပ်ကိစ္စ တိုးတိုးတိတ်တိတ် တိုင်ပင်ရင်း ဦးထော်ဘိုကို စောင့်နေကြသည်။

ထိုအချိန်မှာပင် ဗိုလ်သိန်းကျော် မိန်းမ ပြုံးတုံးပြုံးတဲနှင့် ပြေးချလာသည်။

''ဘာလဲဟ''

ဗိုလ်သိန်းကျော်က သူ့မိန်းမကို မေးလိုက်သည်။

''စောအငြိမ်းရယ် ‥ ဘာဖြစ်နေတယ်မသိဘူး။ အိမ်အပေါ်ထပ်က ခြေသံကြားလို့ ကျွန်မတက်ကြည့်တော့ အိမ်ထဲမှာ ထီးဆောင်းပြီး လမ်းလျှောက်နေတာတွေ့လို့ ရှင်တို့ကို လာပြောတာ။ စောအငြိမ်း ဘယ်လိုဖြစ်သွားလဲ မသိဘူး''

''သောက်ငွပါလား''

ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့ ကမန်းကတန်း ပြေးလိုက်လာကြသည်။ အိမ်ပေါ် ပြေးတက်ကြည့်လိုက်ကြရာ သူတို့နှစ်ယောက်လည်း မျက်လုံးပြူးသွားကြသည်။

ဗိုလ်သိန်းကျော်မိန်းမ လာပြောသည့်မှာ အမှန်ပင် ဖြစ်နေသည်။

စောအငြိမ်းသည် အင်္ကျီသစ်၊ လုံချည်သစ်တွေဝတ်ပြီး အိမ်ပေါ်တွင် ထီးကြီးဆောင်းကာ အိုက်တင်အပြည့်နှင့် လမ်းလျှောက်၍ တွေ့ရ၏။

''ဟေ့ကောင် စောအငြိမ်း၊ မင်း ဘယ်လိုဖြစ်နေတာလဲ''

ဟု ဗိုလ်ကျော်အေးက အော်လိုက်သောအခါ စောအငြိမ်းက –

''ပွဲမဝင်ခင် အပြင်က ကျင့်ပဆိုမှုတ်လား ဗိုလ်ကြီးရာ''

''ဘယ်လို၊ ဘယ်လိုကွာ''

''ဩော် ‥‥ ကျွန်တော်တို့က ရန်ကုန်မှာ ကြာကြာမနေဖူးတော့ တောသားမှန်းမသိရအောင် ခုကပင် ရန်ကုန်သားစတိုင်နဲ့ လမ်းလျှောက်ကျင့်နေတာလေဗျာ။ ဗိုလ်ကြီးပြောသလိုဆို ရန်ကုန်မှာ နည်းနည်းကြာချင် ကြာတတ်တယ် ပြောလို့ပါ''

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့မှာ ရယ်ရအခက်၊ ပြုံးရအခက်နှင့် –

''ထီးကြီးကို ဖြန့်ဆောင်းထားတာ ကကောကွာ''

''ခု မိုးတွင်းလေ ဗိုလ်ကြီးရာ။ မိုးရွာလို့ ထီးဆောင်းပြီး မိုးရေထဲသွားကြတဲ့အခါ ရန်ကုန်သားတွေက ဒီလိုလျှောက်တယ်ဗျ။ ကျွန်တော်တို့ကတော့ တောမှာ ခမောက်ပဲဆောင်းကြတာဆိုတော့ ဒီလိုဒီလို လျှောက်တယ်မှုတ်လား။ အဲဒါကြောင့် ရန်ကုန်သားနဲ့တူအောင် ခုကပင် ကျွန်တော်လေ့ကျင့်နေတာ။ ကျွန်တော်တို့ကိစ္စက အတိမ်းအစောင်းမခံနိုင်ဘူးလေ ဗိုလ်ကြီး။ တကယ်ပြောတာ ကျွန်တော်တော့ ချက်ချင်းပဲသွားပြီး ချလိုက်ချင်တော့တယ်ဗျာ''

ရန်ကုန်သား မိုးရွာကြီးထဲ ထီးဆောင်း၍ လမ်းလျှောက်ပုံနှင့် တောသားတွေ ခမောက်ဆောင်းပြီး လမ်းလျှောက်ပုံတွေကို စောအငြိမ်းက လုပ်ပြသောအခါ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ကြရပြန်တော့သည်။

သို့သော် ဗိုလ်သိန်းကျော်ကတော့ စောအငြိမ်းကို စိတ်ချပုံသိပ်မရ။ ထို့ကြောင့် အိမ်ပေါ်က ပြန်ဆင်းလာကြပြီး ဦးထော်ဘိုအိမ်သို့ ပြန်လာကြရာ လမ်း၌ –

''ဗိုလ်ကျော်အေး၊ ခင်ဗျားအစီအစဉ်ပြန်လုပ်ဖို့ မလိုဘူးလား''

ဟု မေးလာ၏။

''ဘာကိုလဲဗျ''

''ဩော် ‥‥ ဟိုကောင်ကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com

က ရန်ကုန်ကြိုလွှတ်မယ်ဆိုတော့ ကျွန်တော်တော့ ပြင်စေချင်တယ်''

''ဘာဖြစ်လို့''

''ဘာဖြစ်လို့ဆို ခုပဲ ခင်ဗျား ကြည့်လေ။ ပေါပေါကြောင်ကြောင် လုပ်နေတာ။ ကျွန်တော်တော့ ဒီကောင်ကို သိပ်စိတ်မချဘူး''

''ဒီကောင်က လူငယ်ဖြစ်တော့ ဒီကိစ္စ သိပ်တက်ကြွနေတယ်ဗျ။ သူ ပြောတာက ခုတောင် သွားချလိုက်ချင်တယ်ဆို မှတ်လား။ ခင်ဗျားလည်း ဒီစကား ကျွန်တော့်ကို ပြောဖူးပါတယ်။ သိပ်ပြီး စိတ်တက်ကြွနေလို့ပါ။ အော်စီက ကျွန်တော့်ကို သေသေချာချာ မှာပါတယ်။ ခဝဲခြံတိုက်ပွဲအပြီးမှာ ဒီကောင် ကျုပ်တို့တပ်နဲ့ ပါလာတာတဲ့။ အဲဒီတုန်းက ဘာရှိဦးမှာလဲ။ ဆယ်နှစ်ကျော်ပဲ ရှိဦးမယ်။ အင်းစိန်သားလို့ ပြောတယ်။ လူက ပျော်ပျော်နေတတ်ပေမယ့် အမျိုးသားရေးစိတ်ဓာတ် အပြည့်ရှိတယ်၊ ရဲရင့်တယ်။ အဲဒါကြောင့် အော်စီက သူ့ကို စကောမော လေးဆီ ပို့ထားတာ ပြောတယ်။ မပူပါနဲ့။ ခင်ဗျားက ဒီကောင့်ကို ရန်ကုန်ကြိုလွှတ်တာ စိတ်မချဘူးဆိုတော့လည်း အတူသွားကြတာပေါ့ဗျာ၊ ဟုတ်လား''

''ကျွန်တော်ဟာ အတိမ်းအစောင်း တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါ။ ဒီကိစ္စက သာမန်တိုက်ပွဲတစ်ရာထက် အရေးကြီးတဲ့ကိစ္စ။ ကျွန်တော်တော့ ဘယ်သူ့အတွက်နဲ့မှ ဒီကိစ္စ အလွဲလွဲအချော်ချော် အဖြစ်မခံနိုင်ဘူးဗျာ။ အဲဒါကြောင့် စိုးရိမ်လို့ ပြောတာပါ''

''ဟုတ်ပါတယ်။ ဗိုလ်သိန်းကျော် စိတ်ဓာတ်ကို ကျွန်တော်သိပြီးသားပါ။ အဲဒါကြောင့်လည်း ခင်ဗျားကို အော်စီက ကျွန်တော်နဲ့ တွဲပေးလိုက်တာပေါ့။ စောအငြိမ်းကိုလည်း အတူခေါ်သွားကြတာပေါ့ဗျာ''

''အဲဒါပဲ ကောင်းပါတယ်။ ကိုယ့်မျက်စိအောက်မှာဆိုတော့ ထိန်းနိုင်တာပေါ့ဗျာ။ စိတ်က သိပ်တက်ကြွနေတော့လည်း လူငယ်ဆိုတာ သတိလက်လွတ် ဖြစ်တတ်တာကိုး။ နောက်တစ်ခုက အရေးကြီးတဲ့ကိစ္စအားလုံးကိုတော့ ဒီကောင့်ကို ဖွင့်မပြောထားနဲ့ဦး''

''အဲဒါကိုလည်း စိတ်ချပါ ဗိုလ်သိန်းကျော်။ ဒီကောင့်သာမဟုတ်ဘူး။ ခင်ဗျားကိုလည်း ရန်ကုန်ရောက်မှ ပြောရမယ့်စကား ရှိသေးတယ်။ ခု ‥ အဲဒီလျှို့ဝှက်ချက် ခင်ဗျားကိုတောင် ကျွန်တော် မပြောသေးဘူး။ ရန်ကုန်ရောက်မှ ပြောမယ်''

''ဟုတ်ကဲ့။ လိုတဲ့အချိန်ရောက်မှ ပြောတာ ကောင်းပါတယ်''

ဦးထော်ဘိုနှင့် လက်နက်ကိစ္စ ဆွေးနွေးပြီး ပြန်လာကြသောအခါ ဗိုလ်သိန်းကျော်အိမ်တွင် စောအငြိမ်းကို မတွေ့တော့။ ဗိုလ်သိန်းကျော် စိတ်ထဲကတော့ ''အဲဒါမှ သောက်ဂွ''ပဲဟု တွေးမိလိုက်၏။ သို့သော် စောအငြိမ်းနှင့် ပိုပြီးရင်းနှီးသလို စောအငြိမ်းအား တိုက်ရိုက်ညွှန်ကြားနေသူ ဗိုလ်ကျော်အေးကမူ –

''ခင်ဗျား ဒီကောင်ဘယ်လောက် စိတ်ဝင်စားနေလဲဆိုတာ အဲဒါသာကြည့်တော့။ ကျွန်တော်ညွှန်ကြားထားတဲ့အတိုင်း ထွက်သွားနှင့်ပြီလေ''

ဟု ဆိုသည်။

မည်သို့မျှ မတာတ်နိုင်တော့။ ကျွန်မန်ဒါမှာ ဗိုလ်ကျော်အေးသာ ဖြစ်သဖြင့် တပ်ထုံးစံအရ ဗိုလ်သိန်းကျော်ကလည်း ကောင်းအောင်သာ ကြည့်ပြောလိုက်ရတော့သည်။

''ဒီလောက် စိတ်ထက်သန်နေရင်တော့ စိုးရိမ်စရာ ရှိမှာမဟုတ်ပါဘူး''

ဟု။

''အော်စီက ခင်ဗျားသိတဲ့အတိုင်းပဲ။ ဒီလောက်အရေးကြီးတဲ့ကိစ္စ မသေချာရင်တော့ ဘယ်လွှတ်ပါ့မလဲဗျာ''

ဟု ဆိုသည်။

*** *** ***

ထိုစဉ်က ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ လနှင့်၊ နှစ်နှင့်ချီကြာနေသည်။ မင်္ဂလာရှိသော ပွဲများတွင် ရန်ကုန်၌ အစည်ကားဆုံးပွဲဟု ဆို၏။ တစ်ခါမှ ဗလာရုံဖွင့် မကခဲ့သော ရွှေမန်းတင်မောင်နှင့် စိန်အောင်မင်းတို့ ဇာတ်ပွဲသည်ပင် ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီးတွင် ဗလာရုံဖွင့် ကပြကြသည်။ ထိုပွဲမှာပင် ရွှေမန်းတင်မောင်ကို 'အလင်္ကာကျော်စွာ'ဘွဲ့ အစိုးရက ချီးမြှင့်သည်။ စိန်အောင်မင်းကိုလည်း 'ဝဏ္ဏကျော်ထင်'ဘွဲ့ ထိုပွဲမှာပင် ချီးမြှင့်သည်။

ရန်ကုန်တစ်မြို့လုံးနီးနီးရှိ ရပ်ကွက်တိုင်းမှာလိုလို တောကလာကြသော ဧည့်သည်များနှင့် ပြည့်နေသည်။ အထူးသဖြင့် စမ်းချောင်းနှင့် ကြည့်မြင်တိုင်တို့တွင် ဧည့်သည်မရှိသော အိမ်ဟူ၍ တစ်အိမ်မှ မရှိဟုဆိုသည်။ ထိုအရပ်ကလူများ ပြောကြသည်မှာ ရန်ကုန်၌ အစည်ကြီးသုံးစည်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် အစည်ဆုံးဖြစ်သည်။ ဒုတိယမှာ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

ချုပ်အောင်ဆန်း အသုဘဖြစ်ပြီး၊ တတိယမှာ ရုပ်ရှင်မင်းသမီး မေရှီမြှင့် အသုဘဟု စမ်းချောင်းနှင့် ကြည့်မြင်တိုင်ကလူများ ပြောနေကြသည်ကို ဗိုလ်သိန်းကျော်တို့ ရန်ကုန်ရောက်မှ ကြားကြ၊ သိကြရသည်။

သူတို့က လေယာဉ်ပျံလက်မှတ် မရ၍ အခေါက်ခေါက်အခါခါ အိမ်ပြန်လိုက်၊ လေယာဉ်ရုံးလာလိုက် ဖြစ်ခဲ့ကြရသည်မှာ ဆဋ္ဌသင်္ဂါယနာပွဲကြီး ရန်ကုန်မြို့တွင် ဆင်ယင်ကျင်းပနေရာ သံဃာတော်များကို ဦးစားပေးပို့ဆောင်ပေးနေရသဖြင့် ဖြစ်သည်။ ထိုစဉ်က ခရီးသည် လေကြောင်းပို့ဆောင်ရေး လေယာဉ်ပျံမှာ နှစ်မျိုးနှစ်စားသာ ရှိသည်။ ရွှေချိုးဖြူ လေယာဉ်ပျံအငယ်နှင့် ဒါကိုတာ လေယာဉ်ကြီးတို့ ဖြစ်သည်။

ဗိုလ်သိန်းကျော်တို့အဖွဲ့သည် ရွှေချိုးဖြူလေယာဉ်ပျံနှင့် ရန်ကုန်ကို လိုက်လာကြသည်။ ထိုစဉ် အရှေ့တောင်အာရှတွင် ဘယ်နိုင်ငံမှာမှ မရှိသေးသော အကောင်းဆုံး စံပြလေယာဉ်ကွင်းကြီး မင်္ဂလာဒုံလေဆိပ်ကို နံနက် ၁၀ နာရီကျော်ခန့်တွင် ရောက်ရှိလာကြသည်။

မင်္ဂလာဒုံလေယာဉ်ကွင်းမှ ယူဘီအေ ကားကြီးဖြင့် ရန်ကုန်မြို့ ယူဘီအေရုံးကြီးကို ပို့ပေးသည်။ သူတို့နှစ်ယောက်သည် ယူဘီအေရုံးမှဆင်းပြီး တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် နံနက်စာကို ဝင်ရောက်စားသောက်ကြသည်။ ထို့နောက် ဗိုလ်ကျော်အေးယခင်က တည်းခိုဖူးသော တရုတ်အမျိုးသား ကိုဝင်း၏ လမ်း ၂၀ ဆိုင်မှာ တစ်ညအိပ် တည်းကြသည်။ မနက်ခရီးထွက်မည့်အကြောင်းကိုလည်း ဆိုင်ရှင်ဦးဝင်းကို ပြောထားသည်။ ဗိုလ်ကျော်အေးမှာ ယခင်ကလည်း တည်းခိုနေကျမို့ ဦးဝင်းက ဘာမှထွေထွေထူးထူး မမေးပေ။

၂၃–၆–၅၄ နေ့က ယူဘီအေရုံး ဖွင့်အမီ လက်မှတ်ဝယ်ဖို့ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့ ယူဘီအေရုံးကြီးကို ရောက်လာကြသည်။ ခရီးသည်များထိုင်သောနေရာတွင် အများနည်းတူ မှင်သေသေနှင့် ဝင်ထိုင်ကြ၏။ ပထမတွင် နယ်ကလေဆိပ်များလိုယခင် ဆဋ္ဌသင်္ဂါယနာတင်အတွက် ရဟန်းသံဃာတော်များကိုသာ ပို့ဆောင်နေသလား၊ လူပုဂ္ဂိုလ်ခရီးသည်များအတွက် ပိတ်ထားလေသလား၊ ပြန်ဖွင့်ပြီလားနှင့် ဘယ်လိုင်း၊ ဘယ်မြို့ကို ဘယ်လေယာဉ်အမျိုးအစား သွားနေလဲ စသည်တို့ကို လေ့လာအကဲခတ်ကြသည်။ လက်မှတ်ဝယ်နေကြသော ခရီးသည်များကို အနီးကပ်ပြီး ကြည့်ရှုမေးမြန်း စုံစမ်းကြရသည်။

လေယာဉ်ရုံး အမှုထမ်းများသည် သူတို့၏ သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို အသီးသီး ဆိုင်ရာဆိုင်ရာ ဆောင်ရွက်နေကြသည်။ သက်ဆိုင်ရာ ခရီးစဉ်မြို့များသို့ သွားလိုသော ခရီးသည်များကို လက်မှတ်ရောင်းစာရေးများက လက်မှတ်ရောင်းပေးနေကြသည်။ လူပုဂ္ဂိုလ်များအား လေယာဉ်လိုင်းဖွင့်ပေးထားသည်မှာ သေချာသွားပြီဖြစ်သဖြင့် ဗိုလ်ကျော်အေးက ဗိုလ်သိန်းကျော်နားနားကပ်ပြီး –

"လေယာဉ်ပျံက ရွှေချိုးဖြူရယ်၊ ဒါကိုတာရယ် နှစ်မျိုးရှိတယ်ဗျ။ ချမယ့်ချ အကြီး ဒါကိုတာကို ချမယ်။ ရွှေချိုးဖြူက ငယ်တယ်။ ဘယ့်နှယ်လဲ . . ."

ဟု လေသံနှင့် တိုးတိုးပြော၏။

"အိုကေ"

ဟု ပြောလိုက်သောအခါ ဒါကိုတာလေယာဉ်ကို ဆုံးဖြတ်ပြီးသား ဖြစ်သွားသည်။

စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့များသို့သွားမည့် ခရီးသည်များအတွက် လက်မှတ်ရောင်းနေရာသို့ နှစ်ယောက်အတူ လျှောက်သွားကြသည်။ ထိုနေရာတွင် အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး မျက်နှာသွယ်သွယ်နှင့် မြန်မာအမျိုးသမီးလေးတစ်ယောက်၊ ဆံပင်ကောက်ထားသော ကပြားမလေးတစ်ယောက် လက်မှတ်ရောင်းနေကြသည်ကို တွေ့ရသည်။ အနားကို တိုးသွားကြပြီး –

"စစ်တွေသွားဖို့ လက်မှတ်သုံးနေရာ ရနိုင်ပါသေးလား ခင်ဗျာ"

ဟု မေးလိုက်ရာ ကပြားမလေးက –

"ဘယ်နေ့သွားဖို့အတွက်ပါလဲရှင်"

ဟု လှမ်းကြည့်ရင်း ပြန်မေး၏။

"ရနိုင်မယ်ဆိုရင် သန်ဘက်ခါ သွားချင်ပါတယ်။ မရနိုင်ရင်လည်း နောက်တစ်နေ့ဆို ဖြစ်ပါတယ်"

"သန်ဘက်ခါဆိုရင် ၂၅ ရက်ပေါ့။ ၂၅ ရက်အတွက်ဆို ခဏနေပါဦးရှင်။ ကျွန်မ ခရီးသည်လက်မှတ်စာရင်း သွားကြည့်လိုက်ပါဦးမယ်"

ဟု ပြောပြီး သူ့စာရင်းစာအုပ်ကို လှန်ကြည့်နေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

မိုးကျော

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ်)

ဒုတိယကမ္ဘာစစ် မဖြစ်မီက ဂန္ဓာရီဝိဇ္ဇာပညာနှင့် ဆက်နွယ်သော ဂိုဏ်းကြီးတစ်ဂိုဏ်း ရှိခဲ့သည်။

ဝင်းဂိုဏ်း။

ပွဲထိုးလက်ဖက်ရည်ဆောင်ထိုးပေးပြီး ဖြစ်စေသတည်းမျိုးဖြင့် ဂိုဏ်းဝင်ဂိုဏ်းတက်၍ မရ။

ဂိုဏ်းစည်းကမ်းကြီး သည်။ ဂိုဏ်းဝင်ရာတွင် လိုက်လာပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်း ခက်ခဲသည်။

ဂိုဏ်းဝင်မည့် ပုဂ္ဂိုလ်များကို အန္တိမဆရာများက ကာငါးပါးလုံခြုံအောင် ထိန်းသိမ်းနိုင်မှု၊ သီလဆောက်တည်မှု ကျင့်ကြံအားထုတ်မှု၊ ဂိုဏ်းစည်းကမ်း လိုက်နာနိုင်မှု စသည်များကို အထပ်ထပ် အခါခါ စစ်ကြောသည်။

ဂိုဏ်းဝင်ရန် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှသာ ဂိုဏ်းဝင်ဂိုဏ်းတက် စခန်း ဝင်ခွင့်ပြုသည်။




www.burmeseclassic.com

www.burmeseclassic.com

လူသူ ကင်းဝေးသည့် မြေပြန့်နေရာတွင် ရာဇမတ် ဝင်းကာပြီး ထောင်လေးထောင့် ငှက်ပျောလေးပင် စိုက်ရသည်။

ရာဇမတ်အကာအရံကို စည်းချမန္တန်ဖြင့် စည်းချရသည်။

ပြီးတော့မှ ဂါထာဖြင့် ပွဲထိုးရသည်။

ထိုပွဲရှေ့တွင် ပွဲတက်ဂိုဏ်းသား အကျင့်စခန်းဝင်မည့် နေရာကို စည်းပိုင်းချရသည်။

ပွဲတက်ဂိုဏ်းသားက ပိတ်ဖြူစင်ကြယ်ဝတ်၍ ထိုစည်းဝိုင်းအတွင်း၌ ထိုင်ပြီး ကိုးရက်အဓိဋ္ဌာန် ပုတီးစိပ်ရသည်။

အန္တိမဆရာက လိုအပ်သည်များကို ညွှန်ကြားပြသ၍ ကြီးကြပ်ပေးရသည်။

အသေးစိတ်လုပ်ဆောင်ချက်များကိုမူ ဖော်မပြတော့ပါ။

ဂိုဏ်းဝင်ခြင်း အစသည်ပင် မလွယ်ကူပါ။ အန္တိမဆရာအဆင့်အတွက် ကျင့်စဉ်စခန်းဝင်ရသည့် လုပ်ဆောင်ချက်များမှာ ထိုထက်ပင်ပို၍ ခက်ခဲနက်နဲပါသည်။

ဝင်းဂိုဏ်းကို မြန်မာဆေးဆရာများ အများဆုံး ဝင်ကြသည်။ သာမန်ပုဂ္ဂိုလ်လူများ အဝင်နည်းကြသည်။

မြန်မာဆေးဆရာများမှာ ဝင်းဂိုဏ်းဝင်၍ ဂိုဏ်းထက်ကြသည့်အတွက် ဆေးဝါးကုသရာတွင် ပို၍ထိရောက်မှုရှိသည်ဟု ယုံကြည်ကြသည်။

သီလ၊ သမာဓိ ထက်မြက်မှုကြောင့် ဆေးစွမ်းလည်း ထက်သည်။

ဝင်းဂိုဏ်းဝင် ပုဂ္ဂိုလ်များက အပေါအပြော မလုပ်။ စီးပွားရေးလုပ်ငန်းများနှင့် မရောထွေး။ မယှက်နွယ်။ အိမ်ထောင်ရေးပြဿနာ အထွေထွေ ကိစ္စများတွင် လုံးဝမပါ။ ထိုသို့သော အရှုပ်အထွေးကိစ္စများနှင့် ကင်းအောင်နေသည်။

သူတစ်ပါးအကျိုး ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေမည့် လုပ်ဆောင်ချက်များကို လုံးဝ မလုပ်။

ဒုတိယကမ္ဘာစစ်ပြီး နောက် ပေါ်လာသည့် ဂိုဏ်းများနှင့် ပေါလောပေါလောမှုမဟုတ်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပေါ်လာသော ဂိုဏ်းများမှာ ကနဦးအစတွင် သန့်စင်သည်။ သန့်ရှင်းသည်။

ကျင့်စဉ်ကိုသာ အလေးထားသည်။

လုပ်ငန်းပိုင်းဆိုင်ရာတွင် အကြံအဖန်မပါ။ အမှန်အကန်ကိုသာ လုပ်သည်။

နောက်ပိုင်းမှာတော့ ဆွမ်းဆန်ထဲ ကြွက်ချေးရော ဆိုသလို မဟုတ်မဟတ် လုပ်ဇာတ်တီထွင်သူများ၏ ကွန်ချက်ဖြန့်ရာ ဖြစ်လာသည်။

အမှန်အကန်ထက် အကြံအဖန်တွေ များလာသည်။

ပြကွက်တွေ လုပ်ကွက်တွေ တီထွင် ဖန်တီးလာကြသည်။

အကြားအမြင်အပေါ။

ဓာတ်စီးအပြော။

ဆေးဝါးစီရင် ချင်ခြင်း အထာသဘော။

စသည်များကို ဂိုဏ်း၏ အဓိက လုပ်ငန်းအသွင်ဆောင်၍ သူထက်ငါဦး တပည့်တပန်းတွေ စုဆောင်းပြီး အုပ်စုဖွဲ့ကြသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေသော အကြံအဖန်လုပ်ငန်းများထဲသို့ ရောထွေးယှက်ထင် ပါလာသည်အထိ စည်းဘောင်တွေ ကျော်လွန်လာကြသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက လျစ်လျူရှုထား၍ မရတော့သော အခြေအနေသို့တိုင် ရောက်ရှိလာကြသည်။

ထို့ကြောင့် ဘိုးတော်အမည်ခံ၍ ဘော်တိုးရေးကို အဓိကထားပြီး အရှုပ်အထွေး ဇာတ်အိမ်ဖွဲ့လာကြသူများကို အုတ်ရိုးအတွင်းဘက်သို့ ပို့ဆောင်ပေးခဲ့ရသည်အထိဖြစ်ခဲ့ရသည်။

သူများတွေကို ဘာဘာညာညာ အကြားအမြင် အပေါအပြော လုပ်နေကြသည့် ဘိုးတော်များမှာ ကိုယ့်အကြောင်းကျတော့ အကြားအမြင် မရဘူးထင်ပ။

ရှောင်ချိန်တိမ်းချိန်လေးသော်မှ မရဘဲ ပင့်ဖိတ်သူများနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြရသည်။

ဘိုးတော်လောကမှာ နောက်ဆုံးပေါ်လာပြီး လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သည့် ဘိုးတော်တင်ဦးပင်လျှင် အုတ်ရိုးအတွင်းလူအဖြစ်သို့ ရောက်သွားခဲ့သည်။

မေးချင်သည့် မေးခွန်းကို ရေးပြီး စာအိတ်နှင့် ထည့်၍ သူ့လက်ထဲပေးလိုက်။ သူက စာအိတ်ကို မဖွင့်ဘဲ လက်ဝါးရိုက်ပြီး ပြန်ပေးလိုက်မည်။

စာအိတ်ကိုဖွင့်ပြီး စာရွက်ကိုပြန်ကြည့်၊ မေးခွန်းအောက်မှာ **အဖြေရေးပြီးသား ပါလာမည်။**

**သူ၏ သမထအစွမ်းကို** အဲဒီ**လောက်အထိ အမွှမ်းတင်** ပြောဆိုကြသည်။

သူကလည်း ခေသူမဟုတ်။

ဘိုးတော်ခေတ်တစ်ခေတ်



www.burmeseclassic.com

www.burmeseclassic.com

ကို ဆန်းသစ်ခဲ့သူ။

ဘိုးတော်တင်ဦးဟူသော နာမည်တစ်လုံး ဟိန်းထွက်ကျော်စောလာစဉ်အချိန်က သူ့ထက်အရင်ပေါ် သမ္မာရင့် ဘိုးတော်တွေ အားလုံး နောက်ကောက် ကျကုန်ကြသည်။

သူမှသူဟူ၍ ဖြစ်လာသည်။

စာရွက်ထဲ မေးခွန်းကို ဖွင့်မကြည့်ဘဲ ချက်ချင်း အဖြေထုတ်ပေးနိုင်ပါသည် ဆိုသော ဘိုးတော်ကြီးမှာ ကိုယ့်ရှေ့ဖြစ် အကြောင်းကို အဖြေထုတ်မကြည့်မိလို့လား။ ဒါမှမဟုတ် သူများအကြောင်းကိုသာ ပြောနိုင်ပြီး ကိုယ့်ရှေ့ဖြစ်အကြောင်းကို ကိုယ်ဟာကိုယ် မပြောနိုင်လို့လား။ မသိလို့လား။ ကိုယ့်အား ဖမ်းဆီးတော့မည့် ကိုပင် မသိဘဲ တခြားဘိုးတော်တွေ ပါကုန်ပြီ ဆိုသည့်သတင်း ထွက်လာတော့မှ အပြေးအလွှား အရှောင်အတိမ်းလုပ်ရသည်။

သို့တစေ နောက်ဆုံးတွင် နေရာမှန်ကို သာ ရောက်သွားခဲ့သည်။

ထိုအချိန်ကစ၍ ဘိုးတော်ခေတ် ငုတ်လျှိုးသွားသည်။

ယနေ့ ပြန်လည်ခေါင်းထောင်လာသည်။

ဒါပေသိ ယခင်ကလို ဘိုးတော်အမည်ခံအစား သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဆရာလေး ဆရာကြီး အမည်သစ်များဖြင့် အသွင်တစ်မျိုး ပြောင်းလဲခဲ့သော်လည်း ရိုက်စားလုပ်နည်းလုပ်ဟန်နှင့် အလှည့်အပတ် ဖန်တီးချက်များမှာမူ ယခင်အတိုင်းသာပင်။

တကယ်တော့ အလှည့်အပတ် အသွင်အမျိုးမျိုးဖြင့် ခေတ်သစ်နေအေးတွေ ပေါ်ပေါက်နေသည်မှာ အလိမ်ခံမည့်သူတွေ တန်းစီ၍ အဆင်သင့်စောင့်နေကြသောကြောင့် ဖြစ်၏။

ရင်တော်ဗုဒ္ဓ၏ အကြောင်းအကျိုးတရား ဖြစ်မှုပျက်မှုတရား လမ်းကြောင်းမှန်ကြီး ရှိပါလျက် ဖန်တီးရှင်၊ တန်ခိုးရှင် ဖြစ်စေသတည်း။

ဆရာ အတုအယောင်သမားများနောက်သို့ တမ်းတမ်းစွဲ လိုက်နေလို့တော့ အချိန်ကုန် လူပန်းပြီး ပိုးသာကုန် မောင်ပုံစောင်းမတတ် အဖြစ်မျိုးနှင့် ဒက်ထိ တိုးလိမ့်မည်မှတစ်ပါး အခြားမရှိပါ။

သူတို့ကတော့ သူတို့တီထွင်ဖန်တီးထားသည့် လမ်းကြောင်းအတိုင်း ဆည်ဝကစောင့်သည့် ဗျိုင်းများသို့နှယ် ရှိနေပါလိမ့်မည်။

သူတို့၏ အစာမဖြစ်အောင် ရှောင်ရမည်မှာ ကိုယ့်တာဝန်။

အကြံအဖန်နှင့် အမှန်အကန် ဆိုသည်မှာ နေရာတိုင်းတွင် ရှိစမြဲ။

အရွေးတတ်လျှင် ကိုယ့်ဆီက မပါ။

အရွေးမတတ်လျှင် ကိုယ့်ဆီက ပါလိမ့်မည်။

အမှန်အကန်သမား တကယ် ကျင့်ကြံအားထုတ်နေသည့် ပုဂ္ဂိုလ်မှာ လူသိမခံ။

အကြံအဖန်သမားများမှာမူ လူသိများအောင် ထင်ပေါ်ကျော်ကြားအောင် အုပ်စုဖွဲ့၍ တပည့်တပန်းများနှင့် အထာဖွင့်ကြသည်။

သီလ စောင့်တည်မှု၊ သမာဓိ ထူထောင်မှု၊ ကိုယ့်ကျင့်သိက္ခာ ထိန်းသိမ်းမှုကို ဆန်းစစ်ကြည့်ရုံနှင့် သိနိုင်ရာ၏။

နာရီတွေကများ အချိန်မှန်နိုင်ပါ့မလား ဆိုရိုးစကားနှင့်အညီ ဘိုးတော်တွေ၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တွေကများ အမှန်အကန် ဖြစ်နိုင်ပါ့မလား။

ခေတ်ပေါ်ဆိုရိုး စကားနှင့်အညီ ရွေးနိုင်လွန်းပါမှ အလိမ်ခံရသူအဖြစ်မှ လွတ်ကင်းလိမ့်မည်ပါတည်း။

►►►►►

လွင်ဦးမှာ စန်းပွင့်ခဲ့သည်။

စန်းကလေး မဟုတ်။ စန်းကြီးပွင့်ခဲ့သည်။

ထိုစန်းကို ရာဟုသံဒေါင်စီးလာအောင် လုပ်ခဲ့သူမှာလည်း လွင်ဦးပင်ဖြစ်၏။

သိဒ္ဓိရှင် ဆရာလေး အမည်ခံ၍ ပြကွက်ကြွယ်ကြွယ် ဟိတ်ဟန်ထည်ထည်ဖြင့် ဓာတ်စခန်းဖွင့်၍ အကြံအဖန်လုပ်ကွက်များနှင့် ငြိမ့်ညောနေပြီ။

သူနှင့် ဒေါ်ခင်မေနတို့မှာ အများအမြင်တွင် သူစိမ်းပြင်ပြင်အသွင် ဆောင်ထားသော်လည်း အများမမြင်သည့် ညချမ်းအချိန်များတွင်မူ မမနှင့် မောင်လေးတို့ ဓာတ်ဝင်ခန်းမှာ ဘယ်လိုရှိလိမ့်မည်ကို စာဖတ်သူများ သရီးဒိုင်မေးရှင်း မျက်မှန်တပ်၍ ကြည့်လိုက်ကြပါကုန်။

သူတို့နှစ်ယောက်စလုံးက နှူးပြီးနပ်ပြီးသားတွေ။ အထာသဘာရင့်ပြီးသားတွေ။

ဝါယာရှော့ဖြစ်ရင် မီးတောက်တတ်သလို သူတို့နှစ်ယောက်လည်း ဝါယာရှော့ဖြစ်ကြသည်။

နှစ်နှစ်နီးပါးကာလသို့ တိုင်ခဲ့ပြီ။

မောင်လေးက မမနှင့် ပို့သည်။

www.burmeseclassic.com

မမနုက မောင်လေးကို ချီသည်။

မောင်လေးက မှီရသည်ကို ငြီးငွေ့လာသည်။

မှီရဖန်များတော့ ချီသူဖြစ်ချင်လာသည်။

မေသက်ကျော်။

တစ်အိမ်တည်း အတူနေကြသမို့ နီးစပ်မှုကလည်း ရှိနေသည်။

မေသက်ကျော်က အစိမ်း။

လွင်ဦးက အကျက်။

သူက ကွန်ပစ်ကျွမ်းသူ။ ငါးပွက်ရာကို ငါးစာ ဘယ်လိုချရမည်ကို နေကျသူ။

ဒီတော့လည်း ဘာခက်တာမှတ်လို့ဟု ဆိုရမည်သို့အောင်။ သူ့အတွက်တော့ လွယ်လွယ်ကူကူပင်။

သူတို့နှစ်ယောက် ဟန်းနီးမွန်းခရီးသစ် ထွက်ခဲ့ကြသည်။

ယမ်းပုံမီးကျ ဒေါ်သူပုန်ထ၍ 'တက်'တခေါက်ခေါက်ဖြစ်၍ ကျန်ရစ်ခဲ့ရသူမှာ မမနု။

ဒီလောက်တောင် အလိုလိုက်အကြိုက်အမျိုးမျိုးပေးပြီး အခန့်သား နေနိုင်သွားအောင် ဖန်တီးပေးထားပါလျက် ဒီလိုမျိုးထိအောင် သစ္စာမဲ့ရပါ့မလားဟု ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။

သူစိမ်းတစ်ရံဆံနှင့်ဆိုသည်းခံခွင့်လွှတ်နိုင်ဖွယ်ရာ ရှိသောလည်း ခုဟာက တစ်အိမ်တည်းအတူနေသည့် တူမမွေးစားသမီးကိုမှ ချိုင်ရက်လေခြင်းဟု ယူကြုံးမရ ဖြစ်နေရသည်။

ဒီလောက်တောင်မှပဲ ဟိုဒင်း သရမ်းရလေသလားဟု ဒေါမာန်ရှိပြီး တွေ့ကြသေးတာပေါ့ လွင်ဦးရယ်ဟု ကြုံးဝါးလိုက်သည်။

နည်းလမ်းကို အသုံးပြုပြီး မေသက်ကျော်တို့ ကိုယ့်လက်ထဲ ပြန်ရောက်ရေးတွက် အဓိက ထားပြီး လုပ်ရမည်ဖြစ်ကြောင်း၊ ပြီးတော့မှ လွင်ဦးကို အပြီးအပိုင် နှင်ထုတ်ပြီး လမ်းဘေး ပို့လိုက်ရင်ကိစ္စအားလုံး ပြီးပြတ်သွားမှာဖြစ်ကြောင်း နောက်ပိုင်း သူ့ကို ဘယ်လိုနည်းနှင့် သိက္ခာချမလဲ နည်းလမ်းတွေ အများကြီးရှိသည့် အကြောင်း ဒင်း အရှက်တကွဲအကျိုးနည်းဖြစ်ပြီ ထောင်ထဲ ရောက်စေရမည်။

ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်သည်။

သူမ သမီးကို ဖြားယောင်းသွေးဆောင်ပြီး မီးခံသေတ္တာသော့ကို ရအောင် ယူ၍ စိန်ရွှေရတနာတချို့နှင့် ငွေရှစ်သောင်းကျော်ကို ယူသွားရုံမက တူမသမီးကိုပါ သူနှင့်အတူ အပါခေါ်ဆောင်

## သိဒ္ဓိရှင်ဆရာလေးမှာ သိဒ္ဓိမြောက် သိဒ္ဓိပေါက်ပြီး ကိုယ်မပျောက်ဘဲ ထောင်ထဲ ရောက်သွားခဲ့ရသည်။

အချစ်ကြီးတော့ အမျက်ကြီးသည် ဆိုရိုးစကားအတိုင်း စိတ်လိုက်မာန်ပါ လုပ်လိုက်သည်။

ဒေါ်ခင်မမက စိတ်လိုက်မာန်ပါလုပ်ရင် ကျော်မကောင်းကြားမကောင်း ဟိုးလေးတကျော်ကျော် ဖြစ်ကုန်ရင် ကိုယ့်ဘက်ကသာ သိက္ခာကျမည်။ အထိနာမည်ဖြစ်ကြောင်း တိုးတိုးကိတ်ကိတ်ပြော၍ စိတ်လိုက်မာန်ပါ မလုပ်မိအောင် ထိန်းသိမ်းဖို့ တားမြစ်ခဲ့သည်။

ဒေါ်ခင်မေနုက ဘယ်လိုမှ လက်မခံ။

လမ်းဘေးရောက်သွားရုံဖြင့် မကျေနပ်နိုင်။

လွင်ဦးရောက်ရမည့်နေရာမှာ ထောင်မှတစ်ပါး အခြားမရှိဟု ဆုံးဖြတ်လိုက်သည်။

သွားကြောင်း ယူသွားသည့် ပစ္စည်းစာရင်းကို ဖော်ပြ၍ တိုင်ချက်ဖွင့်လိုက်သည်။

ရဲစခန်းက ပထမ သတင်းပေး တိုင်ချက်မှတ်တမ်း ယူထားလိုက်သည်။

ရဲစခန်းတွင် တိုင်ချက်ဖွင့်ပြီးသည်နှင့် ဆိုင်ရာပိုင်ရာ နိုင်ရာ ပုဂ္ဂိုလ်နှင့် ကိုမင်းသူကို ကိုင်လိုက်သည်။

ဘလိုင်းတော့ပတိုင်။



www.burmeseclassic.com

www.burmeseclassic.com

# တရားဥပဒေသည့် မမှန်မကန်လုပ်သည့် အကြံအဖန် သမားတို့အပေါ် သက်ညှာ၍ မရ။

သည်းခြေကြိုက် မက်လုံးပြပြီး ကိုင်လိုက်သည်။

လွင်ဦးကိစ္စဟူသမျှတွင် အညာနေရာမှပါရသူ မင်းသူ။

ခုကိစ္စမှာလည်း မင်းသူ ပါသည်ကို သေချာပေါက် တွက်လို့ရသည့်အတိုင်း အပိုင်ကိုင်လိုက်ခြင်း ဖြစ်၏။

မင်းသူကို သည်ကိစ္စထဲမှာ နှာထွေးမပါချင်ရင် ဆိုသော ခြောက်လုံးနှင့် တစ်ဖက်က မက်မက်မင်မင် ရှိစရာ မက်လုံးကိုပါ ပြလိုက်သောကြောင့် သူတို့နှစ်ယောက် ဘယ်မှာရှိမည်ဆိုသော နေရာကို ဒက်ခနဲ သိလိုက်သည်။

လိုက်ရမည့် နေရာမှာ သုံးနေရာတည်းသာ။

ဒေါ်ခင်မေနုက မူလတိုင်ချက် ဖွင့်ထားသည့် ရဲစခန်းကို အကြောင်းကြားပြီး ရဲစခန်းမှ လိုက်ပါမည့် ရဲများကို သူမကားနှင့် ခေါ်ပြီး လိုက်ကြသည်။

ကိုမင်းသူပြောလိုက်သည့် ပထမနေရာ တောင်ငူက မြို့ငယ်လေးမှာ မတွေ့ရ။

နယ်မြေခံ ရဲအကူအညီဖြင့် သူတို့တည်းခိုသွားသည့် အိမ်ကို စစ်ဆေးလိုက်သည့်အခါ မနေ့က မနေ့လယ်ဖက်တွင် ထွက်သွားကြကြောင်း ထွက်ဆိုသည်။

ဒုတိယနေရာသို့ လိုက်ကြသည်။

ကျောက်ဆည်က ကိုမင်းသူ၏ ဦးလေးအိမ်မှာ ပက်ပင်း သွားတိုးသည်။

သိဒ္ဓိရှင်ဆရာ မင်းဇော်ထက်အဖြစ် မဟူရာအသွေးထင်သည့် စိပ်ပုတီးအမြဲ ပတ်ထားလေ့ရှိသည့် လွင်ဦး၏ လက်ကောက်ဝတ်မှာ ဘော်ငွေရောင်လက်ထိတ်ကွင်းနှင့် မိတ်ဆက်ပြီးသား ဖြစ်သွားသည်။

ဒေါ်ခင်မေနုနှင့်အတူ ပြန်လည်လိုက်ပါသွားရသည့် မေသက်ကျော်၏ ထွက်ချက်ကို ဒေါ်ခင်မေနုက သူမ လိုချင်သည့် လမ်းကြောင်းအတိုင်း ပုံဖော်ပေးခဲ့သည်။

လွင်ဦးဘက်က ရပ်တည်ပေးမည့်သူ၊ အမှုကိစ္စတွင် ပါဝင် ဆောင်ရွက်ပေးမည့်သူ တစ်ယောက်မှမရှိ။

ဒေါ်ခင်မေနုက ငွေလမ်းခင်းပြီး လိုက်ခဲ့သည်။

အဓိက သက်သေနှစ်ဦးဖြစ်သည့် မေသက်ကျော်နှင့် ကိုမင်းသူတို့၏ ထွက်ဆိုချက်မှာ တိကျသည်။ ခိုင်လုံသည်။ ပြည့်စုံသည်။

အဓိက သက်သေနှစ်ဦး ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုသည့် လိုပြသက်သေများ၏ ထွက်ဆိုချက်မှာ ကလိမ်ကကျစ်လုပ်ဇာတ်အမျိုးမျိုး တီထွင်ပြီး လိမ်လည်ခဲ့သူ၊ ရှုရီဖိုးတွမ်ဘီး ခေါ် မဟာလူလိမ်ကြီးတစ်ယောက် ဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ပေါ်လွင်ထင်ရှားစေခဲ့သည်။

အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့စဉ်ကကလည်း မမှန်မကန် လုပ်ခဲ့မှုကြောင့် ဌာနဆိုင်ရာ၏ အရေးယူခံရခဲ့ပုံကိုပါ ထွက်ဆိုခဲ့သည်။

တရားဥပဒေသည် မမှန်မကန်လုပ်သည့် အကြံအဖန်သမားတို့အပေါ် သက်ညှာ၍ မရ။

ဖြစ်မှု ထင်ရှားလျှင် အပြစ်ပေးရမည်သာ ဖြစ်သည့် အတိုင်း ဥပဒေ၏ အဆုံးအမကို ခံယူလိုက်ရသည်။

အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်။

► ► ► ► ►

သိဒ္ဓိရှင်ဆရာလေးမှာ သိဒ္ဓိမြောက် သိဒ္ဓိပေါက်ပြီး ကိုယ်မပျောက်ဘဲ ထောင်ထဲရောက်သွားခဲ့ရသည်။

အလည့်အပတ် အမျိုးမျိုး လှည့်ဖြားမှုအဖုံဖုံ လိမ်နည်းပေါ့ အသွယ်သွယ်ဖြင့် ကျော်ကြားထင်ရှားလျှင် တစ်ခဏမျှသာ။

ထာဝရလမ်းကြောင်းသည် အကြံအဖန်မဟုတ် အမှန်အကန် ဖြစ်သည်ကို သတိမူနိုင်ကြပါစေဟု ဆန္ဒပြုလျက် . . . ။

(ပြီးပါပြီ)

ကျော်မြသန်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အားကစား နှင့် အမျိုးသားရေးတာဝန်

ရွှေဘိုဘာမထီခွင်မဲ့အောင်

အခန်း(၁)

ဟေမန္တဆောင်းရာသီမို့ မြူနှင်းတွေ ဝေနေလေသည်။ ဘယ်နေရာကို ကြည့်ကြည့် မသဲကွဲ ...။

အရှေ့မြောက်လေ ဝှေ့လိုက်လေတိုင်း နှင်းဥကလေးများ လေနှင့်အတူ ပါလာတော့သည်။

တမာရွက်ကလေးများအပေါ်တွင် နှင်းမှုန်ကလေးများ ယီးလေးခိုလျက် ...။

ရွှေဘိုမြို့ရှိ လူကြီးလူငယ်မရွေး၊ အပျို့အအိုမရွေး နံနက်စောစောထ၍ လမ်းလျှောက်နေကြ၏။ တချို့က မြို့အရှေ့ဘက် ကျောက်မြောင်းလမ်းဘက်၊ အချို့က မြို့၏မြောက်ဘက် မဟာနန္ဒာကန်တော်ကြီးဘက်ဆီသို့ ခပ်သုတ်သုတ်ကလေး လမ်းလျှောက်နေကြလေသည်။ အနွေးထည် ရောင်စုံ၊ ဘောင်းဘီရှည်ရောင်စုံတွေနှင့်ရယ် ...။

တချို့သော အားကစားသမားကတော့ အားကစားဝတ်စုံကို ဝတ်ထားကြ၏။

ဘောလုံးကွင်းကြီးအတွင်းမှာလည်း အားကစားမျိုးစုံကို လေ့ကျင့်နေသူတွေလည်း ဒုနှင့်ဒေး။ အားကစားပြိုင်ပွဲရုံကြီး၏အတွင်း အရှေ့မြောက်ထောင့်မှာ တည်ရှိသော ပေ ၂၀ ပတ်လည်ရှိ လက်ဝှေ့ကြိုးဝိုင်း၌ အရိပ်ကြည့် လက်ဝှေ့လေ့ကျင့်မှု



www.burmeseclassic.com

www.burmeseclassic.com

Shadow Boxing အထိုး လေ့ကျင့်နေသည့် အသက် ၆၀ ရှိ ဦးဝင်းအောင်နှင့် အသက် ၂၃ နှစ်ခန့်ရှိ မြန်မာ့လက်ရွေးစင် လက်ဝှေ့ကျော် (ရန်အောင်)တို့ သားအဖ ဝတ်ဆင်ထားသော အားကစားဝတ်စုံသည် ချွေးတို့နှင့် အိစွဲလို့နေလေသည်။

ဦးဝင်းအောင်နှင့် ရန်အောင်သည် နံနက် ၅ နာရီကတည်းက လက်ဝှေ့လေ့ကျင့်မှုများကို တစ်မျိုးပြီးတစ်မျိုး လေ့ကျင့်လျက် ရှိနေ၏။ အမောခံနိုင်အောင် သားအဖနှစ်ယောက် တစ်မိုင်ကျော်ကျော် ပြေးခဲ့ပြီးလေပြီ။ ခေတ္တခဏနားပြီးသည်နှင့် ကြိုးဝိုင်းတွင် သုံးမိနစ်ထိုး၊ ၃၀ စက္ကန့်နား၊ ငါးချီ အရိပ်ကြည့် လက်ဝှေ့ထိုး၏။ ပြီး ... သုံးမိနစ်ထိုး၊ ၃၀ စက္ကန့်နား၊ လေးချီလေးမောင်း သဲအိတ်အထိုး လေ့ကျင့်ပြန်သည်။

"သား ... ဖြောင့်လက်သီး ထိုးချက်တွေ လေးနေတယ်။ မြန်မြန်သွက်သွက် ထိုးစမ်း"

အဖေဖြစ်သူက သားအား ညွှန်ကြားနေပြန်သည်။

သဲအိတ် လေးချီ ထိုးပြီးသည်နှင့်တစ်ပြိုင်နက် သုံးမိနစ် ကြိုးခုန်၊ ၃၀ စက္ကန့်နား၊ လေးကြိမ်လေးလား ကြိုးခုန်စေပြန်ပါသည်။

"ကဲ ... သား ခြေရွှေ့တိမ်းရှောင်မှု Foot Work လေ့ကျင့်ရေး သုံးမိနစ် သုံးချီ လုပ်ရမယ်။ ကဲ .. စ"

ရန်အောင်သည် မဆိုင်းမတွ သူ့ဖခင်ညွှန်ကြားသည့်အတိုင်း ခြေရွှေ့ တိမ်းရှောင်မှုကို ခပ်သွက်သွက် လေ့ကျင့်သည်။

ဦးဝင်းအောင်သည် သူ့သားအား အကဲခတ်လိုက်သည်။ ပြီး ... တစ်ချက်ပြုံးလိုက်၏။ ကျေနပ်သည့်အပြုံး ...

"သား ... ကနေ့ နံနက်ခင်း လေ့ကျင့်မှုစုံပါပြီ။ တော်ပြီ။ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်မှု EHERCISE ၇ မျိုးလုပ်တော့။ ဖေဖေနဲ့အတူ လုပ်ကြမယ်"

သားအဖနှစ်ယောက် နံနက်ခင်း လေ့ကျင့်ရေး Morning Training အပြီး ခေတ္တနားကြစဉ်ဝယ် ... တစ်ခေတ်တစ်ချိန်သောကာလက ဝါးလုံးထောက် မြန်မာ့လက်ရွေးစင် ဦးထွန်းဝေနှင့် စစ်ကိုင်းတိုင်း ဘောလုံးလက်ရွေးစင် ဦးမောင်မောင်ကြီးတို့က ဦးဝင်းအောင်နှင့် ကိုရန်အောင်အား သိလိုတာလေးတွေကို မေးတော့သည်။

"ကိုဝင်းအောင်ကြီး Training လုပ်နိုင်သေးသားပဲ။ သွက်တုန်းပဲဗျို့ ဟင်း ... ဟင်း ..."

အသားဖြူလွလွ၊ အရုပ်အမောင်းကောင်းလှသော အသက် ၆၀ အရွယ်ရှိ အားကစားကျော်ဟောင်းကြီး ဦးထွန်းဝေကြီးက အားတက်သရော ပြောလိုက်ရာတွင် ...

"ဟဲ ... ဟဲ ... နည်းနည်းပါးပါးတော့ ကျန်သေးတယ် ဆိုပါတော့ ကိုထွန်းဝေရယ်"

"ကျုပ်တို့အမြင် ခင်ဗျား မကျသေးပါဘူးဗျ။ တော်တော် ကြံ့ခိုင်နေသေးတာပဲ။ ကျုပ်တို့ ခင်ဗျားလောက် မရတော့ဘူး"

ဦးဝင်းအောင်က ပြုံးထေ့ထေ့နှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ခံနိုင်ရည်ရှိတဲ့ အကျိုးအာနိသင်က ဆေးလိပ်၊ အရက်၊ ကွမ်း၊ မိန်းမပျက်ကို ရှောင်ခဲ့လို့ပဲပေါ့ဗျာ"

"ဟုတ်တယ် ... ဟုတ်တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးလည်း အဲဒီအကျင့်စရိုက်ဆိုးတွေကို ဝေးဝေးကရှောင်ခဲ့လို့ ကျန်းမာနေသေးတာဗျ။ ကိုဝင်းအောင်ရဲ့စကားကို ကျွန်တော် ထောက်ခံတယ်"

ဦးမောင်မောင်ကြီးက အားရပါးရ ထောက်ခံလိုက်၏။

"ဒီလူကြီးက သွားကျိုးတာကလွဲလို့ အားလုံးကောင်းသေးတယ် ကိုဝင်းအောင်ရေ့ ... မယုံမရှိနဲ့"

ဦးထွန်းဝေကြီးက ဂင်တိုတို ပုက္ကွကွ၊ အသားမည်းကျုတ်ကျုတ်နှင့် ဦးမောင်ကြီးအား ထုံးစံအတိုင်း နောက်လိုက်၏။ သူ့စကားကြောင့် လေးယောက်သား တဟားဟားနှင့် ရယ်လိုက်ကြလေသည်။

"ဒါနဲ့ ... ရန်အောင်၊ မင်းက ဘယ်ပွဲထိုးဖို့ လေ့ကျင့်နေတာလဲကွ"

"ကျွန်တော် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ဖို့ လေ့ကျင့်နေတာပါဦး"

"ဘယ်ဝိတ်တန်းက ပြိုင်မှာလဲကွ"

"၆၀ ကီလိုဝိတ်တန်းက ပြိုင်ရမှာပါခင်ဗျ။ ကျွန်တော့်ဝိတ်တန်းမှာ ကျွန်တော်နဲ့ ရန်ကုန်က ခင်မောင်အေး နှစ်ဦးအရွေးခံထားရပါတယ်။ ခင်မောင်အေးက အရန်ပါဦး"

"လူရွေးထားပြီးပြီပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်။ ၆၀ ကီလိုဝိတ်တန်းက လက်ဝှေ့သမား ၇ ဦးရှိတဲ့အနက် ကျွန်တော်နဲ့ ခင်မောင်အေးက ဖိုင်နယ်မှာ တွေ့ကြရပြီး ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်အေးကို ပထမအချီမှာပဲ အလဲထိုးပြီး ဗိုလ်စွဲခဲ့ပါတယ် ..ဦး''

ဦးထွန်းဝေနှင့် ဦးမောင်မောင်ကြီးတို့က အားရပါးရ ပြုံးလိုက်ကြသည်။ အရက်အမောင်း ၅ ပေ ၈ လက်မရှိပြီး ကိုယ်ခန္ဓာအချိုးအဆစ်အားကစားပီသသော အသားအရည်ဖြူလွလွ။ မျက်နှာလေးထောင့်နှင့် လက်ဝှေ့ကျော် ရန်အောင်သည် ရဲရင့်သလောက် ဖျတ်လတ်သူဖြစ်သလို ညာလက်သီး အလွန်ပြင်းထန်လှသူဖြစ်သဖြင့် သူ့ဖခင်ကလည်း နိုင်ငံအတွက် အားထားနေပေသည်။

"အေးကွာ ... နိုင်ငံတော်ရဲ့ ဂုဏ်ကို မြှင့်တင်နိုင်အောင် နိုင်ငံတော်အတွက် ရွှေတံဆိပ်တွေရအောင် မင်းအစွမ်းကုန်ကြိုးစားကွာ။ အလောင်းဘုရားရဲ့ မျိုးနွယ်ပီသပလေ့စေဟေ့။ မင်းရဲ့အဖေကြီးဟာ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့ဗိုလ်လုပွဲတုန်းက သူ့ပြိုင်ဘက်တွေကို နောက်ကောက်ချည့်ထိုးချပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုကြီးကို ရယူပေးခဲ့တာကွ။ မင်းလည်း မင်းအဖေလို ပြိုင်ဘက်တွေကို နောက်ကောက်ချနိုင်အောင် ကြိုးစားစမ်း"

"ဟုတ်ကဲ့ပါ .. ဦး။ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်ခင်ဗျ"

ရန်အောင်က ရိုကျိုးစွာ အဖြေပေး၏။

"ကျွန်တော်ထိုးခဲ့တဲ့ အရှေ့တောင်အာရှ လက်ဝှေ့ပွဲတုန်းက ပထမဆုက ယိုးဒယား၊ အခုခေတ် အခေါ် ထိုင်းက (စွပ်ဒါ)ကို တတိယအချီမှာ နောက်ကောက်နဲ့ နိုင်ခဲ့တယ်။ ဒုတိယညမှာတော့ ကမ္ဘောဒီးယားနိုင်ငံက (ပုံကင်ပက်ရှ)ကို ပထမအချီမှာပဲ ဒိုင်ပွဲရပ်နဲ့ အနိုင်ယူလိုက်တယ်။ ဖိုင်နယ် တတိယပွဲစဉ်မှာတော့ ဖိလစ်ပိုင်နိုင်ငံက (တိုရဲယို)ကို (၃-၂)နဲ့ အနိုင်ရဗိုလ်စွဲခဲ့တယ်ပေါ့''

"ကျွန်တော့်တိုင်းပြည်နဲ့ လူမျိုးအတွက် ရွှေတံဆိပ်ဆုကြီးကို ရယူပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော် ဝမ်းသာလုံးဆို့ခဲ့ရတယ်။ ကျွန်တော် ရွှေတံဆိပ်ဆွတ်ခူးလို့ နိုင်ငံတော် အမျိုးသားသီချင်းကိုလွှင့်တော့ ပရိသတ် ၆၀၀၀ ကျော်ကျော် မတ်တတ်ရပ်နေပေးကြရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဝမ်းသာလွန်းလို့ မျက်ရည်တွေတွေကျခဲ့ရတယ် ကိုမောင်မောင်ရယ်''

လေးယောက်စလုံး ခေတ္တတွေဝေငြိမ်သက်သွားကြသည်။

"ဂုဏ်ယူစရာပါ ကိုဝင်းအောင်ရယ်။ ခင်ဗျားဟာ အရှေ့တောင်အာရှဗိုလ်လုပွဲကြီးမှာ အမျိုးသားရေးစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ပြီး အမျိုးသားရေးစိတ်ဓာတ်နဲ့ လက်ဝှေ့တက်ပြိုင်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့ သိထားကြတယ်။ နိုင်ငံချင်း ယှဉ်ပြိုင်အနိုင်လုကြပြီဆိုရင် အမျိုးသားစိတ် ရှိကိုရှိအပ်တယ် မဟုတ်လား''

"ဟုတ်တယ် ကိုမောင်ကြီး။ ကျွန်တော့်နိုင်ငံဂုဏ်သိက္ခာ မကျစေရေးအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်ရယ်လို့ ခံယူချက်နဲ့ ထိုးခဲ့တာဗျ''

ဤသည်တွင် နားစိုက်၍ နားထောင်နေလေသော ဦးထွန်းဝေကြီးက သူ့အနား၌ရပ်နေသည့် ကိုရန်အောင်အား လက်တို့၍ ...

"ကိုင်း ... ကြားရဲ့မဟုတ်လား ရန်အောင်။ မင်းအဖေရဲ့ ခံယူချက်အတိုင်း မင်းထိုးသတ်ရတော့မယ် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့ဗိုလ်လုပွဲကြီးမှာ အမျိုးသားရေး စိတ်ဓာတ်နဲ့ နိုင်ငံတော်အတက် အပြတ်ချပေတော့။ အလောင်းဘုရားရဲ့သွေး ပြခဲ့စမ်းကွာ ...''

လက်သီးနှစ်လုံးကိုဆုပ်၊ အံကိုတင်းနေအောင်ကြိတ်ထားသော လက်ဝှေ့ကျော် ရန်အောင်သည် စိတ်လိုက်မာန်ပါ ကတိပေးလိုက်ပေသည်။

"ကျွန်တော့်ပြိုင်ဘက် ပြည်ပလက်ဝှေ့ကျော်တွေကို အဖေ့နည်းတူ အလဲအကွဲထိုးပြီး တိုင်းပြည်အတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်ရအောင် အစွမ်းကုန်ကြိုးစားပါ့မယ်လို့ ဖေဖေနဲ့ ဦးဦးတို့ကို ကတိပေးပါတယ်ခင်ဗျာ''

"ကိုထွန်းဝေနဲ့ ကိုမောင်မောင်ကြီးတို့က အခုလို သားကို ရဲရဲတောက်စကားတွေပြောပြီး အားပေးအားမြှောက်ပြုတာကို ကျေးဇူးတင်ပါတယ်။ သူအခုလကုန်ရင် နေပြည်တော်ကို သွားရတော့မယ်။ CAMP ဝင်ရတော့မယ်။ လက်ဝှေ့ဗိုလ်လုပွဲကြီးကတော့ တစ်နှစ်ခွဲ လိုပါသေးတယ်။

ပြည်ပနိုင်ငံနဲ့ JOINT TRAINING လုပ်ရမယ်တဲ့။ အားကစားဝန်ကြီးဌာနက စေလွှတ်မှာ။ အခု သူ ရွှေဘိုမှာရှိတုန်းရှိခိုက် အခုလို သွေးထိုးပေးကြပါဗျာ။ ကျေးဇူးတင်ပါတယ်''

"ကဲ ... တို့လမ်းမခွဲခင် တစ်ခုပြောခဲ့မယ်။ ရန်အောင် ... မင်းကို နိုင်ငံတော်ကိုယ်စားပြု နိုင်ငံတော်က ရွေးထားတာ။ ရွေးချယ်ထားတဲ့ မြန်မာ့လက်ရွေးစင်တစ်ယောက်ပါ။ ဒါ

www.burmeseclassic.com

ကြောင့် မင်းဟာ နိုင်ငံ့တာဝန်ကို လက်ဝှေ့ထိုးပြီး ထမ်းရွက်ရမှာဆိုတာကို မင်းကျပ်ကျပ်သတိထား။ မင်းရဲ့ အသည်းတစ်နေရာမှာ စွဲမှတ်ထားပေတော့ ရန်အောင်''

ဟု ဦးထွန်းဝေကြီးက လက်ညှိုးငေါက်ငေါက်ထိုး၍ မှာကြားလေသည်။

အားကစားဝတ်စုံ အနီရဲရဲတွေကို ဝတ်ဆင်ထားသည့် သူတို့သားအဖသည် ရဲရဲတောက်စကားရပ်တွေ ကြားရသဖြင့် ရဲသွေးရဲမာန်တွေ ထနေလေတော့သည်။

## အခန်း(၂)

သားအဖနှစ်ယောက်သည် ဦးထွန်းဝေနှင့် ဦးမောင်မောင်ကြီးတို့အား နှုတ်ဆက်ပြီး ရန်ကြီးအောင် အားကစားကွင်းမှ သက်သာပန်းတောင်းရပ်ကွက်ရှိ နေအိမ်သို့ ဆိုင်ကယ်စီး၍ ပြန်လာကြ၏။

''စိမ်းရေ ... ကိုလေးတို့ ပြန်ရောက်ပြီ''

ထုံးစံအတိုင်း ဦးဝင်းအောင်ကြီးက သူ၏ချစ်ဇနီး စိမ်းအား ပြန်ရောက်ကြောင်းလှမ်း၍ သတင်းပို့လိုက်သည်။

''ဟုတ်ကဲ့ ကိုလေး။ စားဖို့သောက်ဖို့ အဆင်သင့်ပဲ ကိုလေး''

''အေး ... တို့သားအဖ ရေချိုးပြီးမှ စားကြမယ်''

နှစ်ယောက်သား ကိုယ့်အခန်းကိုယ်ဝင်၍ အားကစားဝတ်စုံ နီရဲရဲကို လဲကြ၏။ ပြီး ... ချွေးသုတ်ပြီး ရေချိုးခန်းတွင် တစ်ယောက်တစ်လဲ ရေချိုးကြချေသည်။

အိမ်ရှင်မ စိမ်းမမအောင်နှင့် သမီးဖြစ်သူ စကားဝါစိမ်းအောင်တို့က စားပွဲပေါ်၌ နွားနို့ နှစ်ခွက်၊ ပေါင်မုန့်လေးချပ်၊ ဖီးကြမ်းငှက်ပျောသီး နှစ်လုံးစီနှင့် အားဆေး နှစ်လုံးကို အရန်သင့်ချထား၏။ ထိုသည်မှာ နေ့စဉ်အလုပ်။ အလျား ၅ ပေ၊ အနံ ၃ ပေရှိသော စားပွဲခင်း အပြာနုရောင်ကို သပ်သပ်ရပ်ရပ် ခင်းထား၏။ စားပွဲအနီးတွင် ရေခဲသေတ္တာက ရပ်လျက်တည့်။ အိမ်၏ အခန်းအစည်းများသည် ဦးဝင်းအောင် နှစ်သက်လှသော အစိမ်းရင့်ရောင်ဖြင့် တန်ဆာဆင်ထားသည်။ တစ်ထပ်အိမ်ကလေးသည် သပ်ရပ်လှပေသည်။ ဦးဝင်းအောင်တို့ စိမ်းတို့က သပ်သပ်ရပ်ရပ်နေတတ်ကြသည်။

သားအဖနှစ်ယောက်သား ဆာဆာနှင့် အားရပါးရ စားသောက်နေကြသည်။ စားသောက်အပြီးတွင် ... ဦးဝင်းအောင်က သူ့သားရန်အောင်အား ...

''သား .. မင်းကို ဖေဖေ့သူငယ်ချင်း ကိုထွန်းဝေနဲ့ ကိုမောင်မောင်ကြီးတို့ကတော့ စိတ်ဓာတ်ရေးရာတွေကို စိတ်ထဲ၊ အသည်းထဲက အသံနဲ့ ပြောကြပြီးပြီ။ တကယ်ပဲ စိတ်ဓာတ်တက်ကြွစေတဲ့ လှုံ့ဆော်မှုတွေပဲကွ။ သိပ်အားရစရာ ကောင်းတာပဲ။ အားကစားဆိုတာ ဘယ်အားကစားဖြစ်ဖြစ် စိတ်ဓာတ်တက်ကြွနေမှ၊ ရည်ရွယ်ချက်ရင့်သန်နေမှ၊ 'နိုင်ရမယ်'ဆိုတဲ့ ဆုံးဖြတ်ချက် ထားရှိပါမှ အောင်ပွဲခံနိုင်တာ သားရဲ့။ ဖေဖေကလည်း သားကို စိတ်ဓာတ်ရေးရာနဲ့ ပတ်သက်လို့၊ အမျိုးသားရေးနဲ့ ပတ်သက်လို့ တကယ့်အဖြစ်အပျက် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြရဦးမယ်။ အဲဒါ ဘားမားမောင်သောင်း အကြောင်းပဲကွ။ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ကို သူတစ်ယောက်တည်း ကြေးစားလက်ဝှေ့သတ်ပွဲ သွားရောက်ထိုးသတ် အနိုင်ယူခဲ့တဲ့ ဇာတ်လမ်းပေါ့။ ဗမာ့သွေး၊ ဗမာ့သတ္တိ၊ ဗမာ့ဇာတိမာန်ကို ရဲရဲတောက်ပြနိုင်ခဲ့တဲ့ ဘားမားမောင်သောင်းအကြောင်းက အင်မတန် အတုယူစရာပါပဲကွာ။ ဗမာ့ဒေါင်းအလံ ဝတ်ရုံနီကြီးကို ခြုံပြီး အမျိုးသားစိတ်ဓာတ်အပြည့်နဲ့ အင်္ဂလိပ်မျက်နှာဖြူ လက်ဝှေ့ချန်ပီယံဖြစ်တဲ့ ဒေါက်ဂလပ်(စ)မင် ဆိုသူကို အင်္ဂလိပ်မျက်နှာဖြူလူမျိုးတွေချည့် ကြည့်ကြတဲ့ လန်ဒန်ရွှေမြို့တော်ကြီးမှာ ဘားမားမောင်သောင်းက ဒေါက်ဂလပ်(စ်)မင်ကို ၉ ချီအရောက် အဆုတ်ကွဲ၊ သေပွဲဝင်သည်အထိ ထိုးသတ်ခဲ့တဲ့ တကယ့်ဇာတ်လမ်းတစ်ပုဒ်ကို ဖေဖေပြောပြမယ်ကွ။ ဒီဇာတ်ကြောင်းတွေကို ဖေဖေသိထားတာ ၁၉၆၆ ခုနှစ်ကတည်းကပဲ။ ဖေဖေ ရန်ကုန်အောင်ဆန်းကစားကွင်းမှာ အပတ်စဉ်–၁ လက်ဝှေ့နည်းပြဆရာ သင်တန်းကို သွားရောက်ခဲ့စဉ်က အားလပ်တဲ့ တနင်္ဂနွေရက်မှာ မင်္ဂလာတောင်ညွန့် လမ်း ၁၂၀၊ အိမ်အမှတ် (––)မှာနေတဲ့ ဆရာမောင်သောင်းဆီကို သွားရောက်မိတ်ဆက်တော့ ... ဆရာမောင်သောင်းက ဖေဖေ့ကို အင်္ဂလန်ပွဲနဲ့ ပတ်သက်လို့ စီကာပတ်ကုံး ပြောပြခဲ့တာ။ ဖေဖေက လက်ရေးတိုတတ်တော့ လက်ရေးတိုနဲ့ လိုက်မှတ်ထားတာပေါ့ကွာ။ တစ်နေ့နေ့ ဘားမားမောင်သောင်းအကြောင်း ဝတ္ထုဆင်ရေးလို့ရအောင်ပေါ့ သားရယ်''

''ပြောပြပါ ဖေဖေရယ် ... သားသိချင်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com

ကိုရန်အောင်က စိတ်ပါလက်ပါ ဖြင့် သူ့အဖေအား တောင်းဆိုနေတယ်။ တကယ်ပဲ သူတက်ကြွနေတယ်။ လွန်စွာမှ သူသိချင်နေပုံရသည်။ သူ့အဖေက တစ်ချက် ပြုံးလိုက်သည်။

"အေး ...ဟုတ်ပြီ။ မင်း တကယ်နားထောင်ချင်ပုံရတယ် ...။ ဘားမားမောင်သောင်း ထိုးသတ်ခဲ့တဲ့ပွဲ ဟာ အမျိုးသားရေး ပွဲပဲဗျ။ သူ အင်္ဂလန်မှာထိုးစဉ်က တို့နိုင်ငံ လွတ်လပ်ရေး မရသေးဘူး။ အင်္ဂလိပ် မျက်နှာဖြူ အစိုးရရဲ့ ကိုလိုနီကျွန်ဘဝ ပဲ ရှိနေသေးတဲ့ အချိန်အခါ ၁၉၄၇ ခုနှစ်ကပါ။ ကဲ ... နားထောင် သား။ သေသေချာချာ နားထောင်စမ်း ... ဖေဖေပြောပြမယ်"

## အခန်း (၃)

"ကျုပ်သူနဲ့ လက်စွဲနှုတ်မဆက် နိုင်ဘူး။ ဒီလူဟာ ဗမာလူမျိုးဖြစ်တယ်။ ဗမာလူမျိုးတွေဟာ ကျုပ်တို့ အင်္ဂလိပ် လူမျိုးတွေရဲ့ ကျွန်ပဲ။ ကျွန်နဲ့သခင်ဟာ လက်ဆွဲနှုတ်ဆက်စရာ အကြောင်း မရှိဘူး ..."

ဗြိတိန်နိုင်ငံ လိုက်ဝိတ်တန်း လက်ဝှေ့ချန်ပီယံ ဒေါက်ဂလပ်(စ)မင် ပြောလိုက်သည့် စကားသံကြောင့် ကြေးစားလက်ဝှေ့ဖြစ်မြောက်ရေး ကော်မရှင်တစ်ဖွဲ့လုံး အံ့အားသင့်၍ သွားလေသည်။

ဘားမားမောင်သောင်း၏ မျက်နှာသည် ပန်းနုရောင်သန်းသွား၏။ ကော်မရှင် ဥက္ကဋ္ဌဖြစ်သူက ...

"မင်း ... အဲသလိုတော့ ပြောဖို့ မသင့်ဘူးထင်တယ်။ ဒါ .. အားကစား အလုပ်ပဲ။ လူမျိုးရေးကို ထိပါးပုတ်ခတ် ပြီးပြောတာကို တို့မလိုလားပါဘူး"

"ဟုတ်တယ် မင်းစကားပြော တာ လွန်လွန်းတယ်"

ဘားမားမောင်သောင်း၏ မန်နေဂျာဖြစ်သူ မစ္စတာဂျိုးဇက်ဟင်ရဝီက ဝင်ရောက်ထောက်ခံ၏။

"ပြောသင့်လို့ ပြောတာပဲ၊ ကျုပ်တို့လူမျိုးတွေရဲ့ ကျေးကျွန်ဖြစ်တဲ့"

"ဟိတ်ကောင် ... မင်းပါးစပ်ပိတ်လိုက်စမ်း။ မင်း ငါ့လူမျိုးနဲ့ ငါ့တိုင်း ပြည်ကို ထိပြီးမပြောနဲ့။ ငါမခံနိုင်ဘူး။ တို့ဗမာလူမျိုးတွေဟာ ကျွန်မဟုတ် ဘူး။ သခင်ဘုရင် အမျိုးအနွယ်ကွ။ သခင်လူမျိုးကွ၊ နားလည်လား။ မင်း ကောင်းကောင်းသတိထား။ မင်းနဲ့ငါ ကနေ့ညထိုးသတ်ရမယ့်ပွဲဟာ ငွေရဖို့ မဟုတ်တော့ဘူး။ ငါ့လူမျိုး၊ ငါ့တိုင်း ပြည်အတွက် ထိုးသတ်မှာ ဖြစ်တယ်။ မင်းတို့အင်္ဂလိပ်လူမျိုးတွေဟာ တို့ဗမာ ပြည်ကို လက်နက်အားကိုးနဲ့ အနိုင် ကျင့်ပြီး လုယူခဲ့တယ်။ ဗမာနဲ့ အင်္ဂလိပ် တစ်ယောက်ချင်းချင်း စီးချင်းယှဉ် သတ်ပွဲမှာ ဗမာ့သတ္တိ၊ ဗမာ့စွမ်းရည် ဟာ မင်းတို့အင်္ဂလိပ်တွေထက် အဆ တစ်ရာ သာတယ်ဆိုတာ ငါ့လက်သီး နှစ်လုံးက ကနေ့ည သက်သေပြ မယ်။ မင်းကို အသေထိုးသတ်ပစ် မယ်။ မင်းသေဖို့သာပြင်"

မောင်သောင်းက ဒေါက်ဂလပ်(စ) မင်ကြီးအား လက်ညှိုးငေါက်ငေါက်ထိုး ၍ တစ်လုံးချင်း ပြတ်သားရဲရင့်စွာ ပြောဆိုလိုက်သည်။ ဒေါက်ဂလပ်(စ) မင်အား မောင်သောင်းက မျက်ထောက် နီကြီးနှင့် စူးစူးဝါးဝါး စားတော့မတတ် စိုက်၍ကြည့်၏။ ဒေါက်ဂလပ်(စ)က

**ပရိသတ်များသည် မောင်သောင်းအား လက်ခုပ်တီး၍ အားမပေးကြလေ။ သို့တစေ... မောင်သောင်းကတော့မှု မထိချေ။ သူ့လုပ်နည်းလုပ်ထုံးအတိုင်း အံကိုတင်းနေအောင် ကြိတ်ထားသည်။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး၊ လက်တစ်ဖက်ကို မြှောက်ပြ၏။**

လည်း မောင်သောင်းအား မထီလေး စား ဟန်အသွင်ဖြင့် ခါးထောက်ကာ ကြည့်နေပြန်သည်။ သူတို့နှစ်ဦးသည် ဒေါသမီး တောက်နေသည်ကတော့ အမှန်။

နှစ်ဖက်သော လက်ဝှေ့အဖွဲ့ ခေါင်းဆောင်တို့က ဆွဲဖယ်ဖျန်ဖြေကြ သည်။ သူတို့နှစ်ဦးသည် အဲလ်ဘတ် လက်ဝှေ့ အားကစားပြိုင်ပွဲရုံအတွင်း တွင် ဆေးစစ်၊ ကိုယ်အလေးချိန်ပြီး သည်၏နောက် နှစ်ဖက်သော သဘော တူစာချုပ်အပြီး နှစ်ဖက်သော ကော် မရှင်လူကြီးများ ရှေ့မှောက်ဝယ် သက် မှတ်ရေးထိုးကြ၏။ ပရိသတ်တော် တော်များများလည်း ရှိနေစဉ် လက် ဆွဲ နှုတ်မဆက်နိုင်ရေး ပြဿနာကား မထင်မှတ်ဘဲ ပေါ်ပေါက်လာလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်နေတော့သည်။ အင်္ဂလိပ်ကို ထိ သာတော့လည်း မခံနိုင်ဖြစ်ပုံရသည်။ ဗမာဆို၍ မောင်သောင်း တစ်ယောက်တည်း ရှိပေမင့် လုံးဝထည့်မတွက်။ မကြောက်မလန့်ပါပဲ ...။ ရဲဝံ့စွာ မောင်သောင်းက ခွန်းတုံ့ပြန်နေပေသည်။

"လက်ဝှေ့ပွဲကနေပြီး လူမျိုးရေးပွဲအဖြစ် ဖန်တီးလိုက်ကြတာတော့ မကောင်းလှဘူးဗျာ။ ဒီစကားတွေ ဒီမှာတင်ရပ်ကြပါလို့ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်"

အရပ်အမောင်း ခြောက်ပေကျော်ကျော်ရှိ အင်္ဂလိပ်မျက်နှာဖြူ ကြေးစားလက်ဝှေ့ပွဲသွင်းသူ မစ္စတာဟူးဘက်စတုန်းက တောင်းပန်နေရှာသည်။ မောင်သောင်းသည် တိုင်းပြည်နှင့် လူမျိုးကို ဆတ်ဆတ်ထိမခံဘဲ နာကြည်းနေတော့၏။ ဗမာ့သွေး၊ ဗမာ့ဇာတိမာန် ပြင်းထန်သည့် မောင်သောင်းသည် အင်္ဂလိပ်လူမျိုးတို့၏ပြည်၊ အင်္ဂလန်ပြည်၊ အင်္ဂလိပ်လူမျိုးတို့၏ မြို့၊ လန်ဒန်မြို့တွင် အင်္ဂလိပ်လူမျိုး အသိုင်းအဝိုင်းကြား တစ်ယောက်ထီးတည်း ဖြစ်နေသော်ငြားလည်း(တစ်ကောင်တည်း ခြင်္သေ့)အသွင်နှင့် ရဲရဲတောက်ရပ်တည်လျက်တည်း။

**တကယ်တော့ အမျိုးသားရေး သွေးရှိသူသည် နယ်မရွေးချေ ...။**

မြန်မာပြည်ကြီး လွတ်လပ်ရေးရ တော့အံ့ဆဲဆဲ ...၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်က ဇာတ်လမ်း၊ ဇာတ်ကွက် ဖြစ်သဖြင့် ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရ ကျွန်ဘဝက မလွတ်ကျွတ်သေးချိန်ပါတည်း ...။

"မင်းတို့ ဗမာလူမျိုးတွေဟာ တို့ အင်္ဂလိပ်လူမျိုးတွေရဲ့ ကျွန်ကွ"

ဟု ဒေါက်ဂလပ်(စ)မင်က ရင့်ရင့်သီးသီးပြောလိုက်သည့် စကားကြောင့် မောင်သောင်းက ဒေါက်ဂလပ်(စ)မင်အား အသေပေါက်ပေါက်သွားငေါက်ငေါက်ပန်းသည်အထိ ရက်ရက်စက်စက်ထိုးတော့ရန် ဆုံးဖြတ်ချက် ချတော့သည်။

## အခန်း (၄)

ပွဲထိုးသည့်ည။

အင်္ဂလန်ပြည်၊ လန်ဒန်မြို့၊ သိမ်းမြစ်ကမ်းဈေးတွင် တည်ထားသော အဖြူထည် အယ်(လ)ဘတ်အားကစားရုံကြီးသည် လှပခန့်ညားလှပေစွ။ မာကျူရီမီးသီးများဖြင့် လင်းထိန်လျက်။ ရုံကြီး၏ ပြင်ပဝန်းကျင်သည် မြက်စိမ်းပင်များကြောင့် စိမ်းစိုနေ၏။ မြက်ခင်းပြင်ပေါ်၌ စိုက်ထားသော ထင်ရှူးပင်တွင် မီးသီးရောင်စုံများကို ထွန်းညှိထားလေသည်။ လက်ဝှေ့ကြည့်ပရိသတ်တို့၏ ကိုယ်ပိုင်ကားများကို အားကစားရုံကြီး၏ တောင်ဘက်၌ သီးသီးသန့်သန့် အစီအရီ ထားစေသည်။

ရွှေပွဲလာပရိသတ် သုံးသောင်းကျော်ကျော်သည် ပေ ၂၀ ပတ်လည်ရှိ ကြိုးဝိုင်းစင်၏ လေးဘက်လေးလံတွင် နေရာယူလျက် ရှိနေကြလေသည်။ လက်ဝှေ့ကြိုးဝိုင်းစင် RING ကြီးသည် ၁၀၀၀ ဝပ် မီးသီးကြီးတွေကြောင့် ဝင်းထိန်နေပေသည်။ ပရိသတ် သုံးသောင်းကျော်သည် တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောနေကြလေသည်။

"တို့ ဝင်ကြေးရှုံးမကွ။ ဗမာ့လက်ဝှေ့သမား ခပ်စောစောအချိန်မှာပဲ နောက်ကောက်ကျမှာ သေချာတယ်" ဟူ၍လည်းကောင်း ...

"ဒေါက်ဂလပ်(စ)မင်က ကမ္ဘာ့ချန်ပီယံပဲလေ။ ဒီဗမာလေး ကျွမ်းပြန်သွားနိုင်တယ်။ အခုလောင်းကြေးက ၁၀ လေး ၁ လေးတဲ့ ... ဟာ ... ဟ ... ကွာမှကွာသနဲ့ ..."

သို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် အတောအတွင်း ည ၉း၀၀ နာရီတိတိထိုးသည်နှင့် လက်ဝှေ့သတ်ပွဲစရန် ပြင်ဆင်ကြတော့သည်။

အခမ်းအနားမှူးဖြစ်သူက စကားပြောခွက်ကိုကိုင်၍ ကြေညာတော့သည်။

"ရွှေပွဲလာ ပရိသတ်များခင်ဗျာ၊ အခုလက်ဝှေ့ကြိုးဝိုင်းပေါ်ကို တက်ရောက်လာတဲ့ ပုဂ္ဂိုလ်ကတော့ ရွှေပွဲလာတို့ရဲ့ အချစ်တော် အင်္ဂလန်ပြည် လိုက်ဝိတ်တန်းနဲ့ ဥရောပဖယ်သာဝိတ်တန်း ချန်ပီယံ ဒေါက်ဂလပ်(စ)မင် ဖြစ်ပါတယ် ခင်ဗျား ..."

ပရိသတ်အားလုံးက တစ်ခဲနက် တစ်ပြိုင်နက်တည်း အားပေးလိုက်ကြသည်။ တသောသော တဝေါဝေါနှင့်။

"ဒေါက်ဂလပ်(စ)မင်က အမေရိကန်၊ ဩစတေးလျား၊ စပိန်၊ ပြင်သစ်၊ ဖင်လန်၊ ကနေဒါနိုင်ငံတွေက လက်ဝှေ့ ချန်ပီယံတွေကို အလဲပွဲ၊ ဒိုင်ပွဲရပ်နဲ့ အနိုင်ယူခဲ့သူပါ။ ကမ္ဘာ့ကြေးစား လက်ဝှေ့ပွဲပေါင်း ၉၀ ကျော်ကို ထိုးထားပါတယ်။ ကျွန်တော်တို့ အင်္ဂလန်ပြည်ရဲ့ လက်ဝှေ့သူရဲကောင်း ခြင်္သေ့ကြီးပါပဲ။ အလဲပွဲ နောက်ကောက်ထိုးအားအလွန်ကောင်းလှသူမို့ ... ကနေ့ညပွဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ သူ့ပြိုင်သတ်ဘက်ကို ဘယ်လို ထိုးချမယ်ဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်ကြပါစို့လားခင်ဗျား …”

ပရိသတ်အများက ဒေါက်ဂလပ်(စ)မင်အား ဂုဏ်ပြုလက်ခုပ်သြဘာ ပေးလိုက်ကြသည်မှာ မိုးမွှန်နေလေသည်။ ပရိသတ်အားလုံးသည် မျက်နှာဖြူအင်္ဂလိပ်နှင့် မျက်နှာမည်းကပ္ပလီတွေချည်း ကြည်း။

ဗမာကတော့ မောင်သောင်း တစ်ယောက်တည်း …။ ဝတ်ရုံအပြာရင့်ရောင်ကို ဝတ်ဆင်ထားသော အရပ် ၆ ပေ၊ ကိုယ်အလေးချိန် ပေါင် ၁၃၀ ရှိ ဒေါက်ဂလပ်(စ)မင်က အပြာထောင့်မှာ နေရာယူ၏။ သူ့ပရိသတ်ကြီးအား ရယ်ရယ်မောမောနှင့် လက်နှစ်ဖက်ကိုမြှောက်၍ ပြနေသည်။ သူ့အသားအရေက ဖြူဖွေးဖွေး၊ ဆံပင်ကတော့ ရွှေရောင်အတိ၊ ဘောင်းဘီတို အပြာ၊ လက်ဝှေ့ထိုးဖိနပ်က အနက်၊ ခြေအိတ်ကတော့ အဖြူ၊ အပေါ်ပိုင်း စွပ်ကျယ်မပါ ဗလာ။ ကြေးစားလက်ဝှေ့ပွဲမို့ စွပ်ကျယ်မဝတ်ရပေ။

ဘားမားမောင်သောင်းသည် ကတ္တီပါ ကြက်သွေးရောင် ဝတ်ရုံကြီး၏ ကျောပိုင်းတွင် BURMA-MG THAUNG ဟူသော စာလုံးကို ကတ္တီပါ အစိမ်းရင့်ရောင်ဖြင့် ခြယ်လှပ်ရေးထားပြီး၊ စာလုံး၏အောက်နားတွင် ဗမာ့ကျက်သရေဆောင်သော တစ်ခေတ်တစ်ချိန်က “ဗမာ့ဒေါင်းအလံ” အစိမ်းရင့်ရောင်ကို အဝါရောင်ဖြင့် စီခြယ်ချုပ်လုပ်ထားသည့် ဝတ်ရုံကြီးကို ဝတ်ဆင်ကာ လက်ဝှေ့ကြိုးဝိုင်း အနီထောင့်၌ ကြွခြေရရ၊ တည်တည်တံ့တံ့ ရပ်ရုံသော ဗမာ့ယောက်ျားအသွင်နှင့် တက်လာ၏။ သူသည် ဘောင်းဘီတို အနီ၊ လက်ဝှေ့ထိုးဖိနပ် အနီ၊ ခြေအိတ်က အဖြူ ဝတ်ဆင်ထား၏။ အပေါ်ပိုင်းကတော့ စွပ်ကျယ်မပါ၊ ဗလာ။ အရပ် ၅ ပေ၊ ၈ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၃၀ ရှိ၏။ သူ့အသားအရေက မဖြူမညို …။

“ရွှေပွဲလာ ပရိသတ်များခင်ဗျာ၊ ယခု အနီထောင့်က တက်လာသူကတော့ ဗမာပြည်က ဘားမားမောင်သောင်း ဖြစ်ပါတယ်။ အင်္ဂလန်ပြည် လိုက်ဝိတ်တန်းက လက်ဝှေ့ကျော်ခြောက်ဦးစလုံးကို နောက်ကောက်နဲ့ ချည့် အနိုင်ရထားသူပါ။ သူ့မှာလည်းပဲ ပွဲသိမ်းလက်သီးရှိထားသူမို့ ပွဲကောင်း ဖြစ်လာနိုင်ပါတယ်။ အိန္ဒိယနိုင်ငံက ချန်ပီယံအားလုံးကို အနိုင်ယူခဲ့သူဖြစ်လို့ ပွဲကြီးပွဲကောင်း ဖြစ်လာမယ်လို့ ကျွန်တော် ယူဆပါတယ်ခင်ဗျာ။ သူတို့နှစ်ဦးရဲ့ သတ်ပေါက်ကို အကဲခတ်ကြပါစို့”

ပရိသတ်များသည် မောင်သောင်းအား လက်ခုပ်တီး၍ အားမပေးကြလေ။ သို့တစေ … မောင်သောင်းကတော့မှု မထီချေ။ သူ့လုပ်နည်းလုပ်ထုံးအတိုင်း အံကို တင်းနေအောင် ကြိတ်ထားသည်။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး၊ လက်တစ်ဖက်ကို မြှောက်ပြ၏။

ခခယယ အသွင်မဆောင် …။

ပွဲစရန် စက္ကန့်ပိုင်းမျှ အလိုတွင် ရှေ့ဆုံးတန်း ပရိသတ်ထဲမှ စူးစူးဝါးဝါး ဟစ်လိုက်သံတစ်သံကြောင့် … မောင်သောင်း ယမ်းကုန်မီးကုန် ဒေါသထွက်တော့သည်။

“ဟော့ … ဒီဗမာကို အသေထိုးပြီး သူ့အလောင်းကို ဗမာပြည်ပို့လိုက်” ဟူ၍ …။

ပွဲက စလေပြီ …။

မောင်သောင်းသည် ပွဲလွှတ်ခေါင်းလောင်း ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဒေါက်ဂလပ်ကို ကျွဲခတ်သလို တရကြမ်း ဝင်သတ်တော့သည်။ ဒေါက်ဂလပ်၏ အသည်းနှင့် ကျောက်ကပ်တည်နေရာကို သဲသဲမဲမဲဖိ၍ ထိုးနေသည်။ ပင့်လက်သီးနှင့် ပိုက်လက်သီး ထိုးချက်နှင့်အတူ ညာဝိုက်လက်သီး ထိုးလုံးများကို ဦးစားပေး ထိုးနေ၏။ ဒေါက်ဂလပ်ကလည်း ဘယ်ညာပင့်လက်သီးနှင့် ပူးကပ်သတ်ရာတွင် ထိုးရသည့် ထိုးချက်များဖြင့် မောင်သောင်း၏ထိုးကွက်ကို ဖျက်ပစ်နေသည်။ နှစ်ဦးစလုံးသည် တိုက်စစ်ကို ဆင်၍ ဘတစ်ပြန်၊ ကျားတစ်ပြန် ပူးကပ်ထိုးသတ်နေ၏။ ပရိသတ်များက ကျေနပ်ခါ အားရပါးရ အားပေးနေကြသည်။ နှစ်ဦးသား ပူးကပ်သတ်ပြိုင်နေကြသည်မှာ ကျားနှစ်ကောင် တစ်ကောင်နှင့်တစ်ကောင် သဲသဲမဲမဲ ခဲနေသည့်ပမာနှယ် …။

ထိုးချိန် သုံးမိနစ် အချိန်စေ့သဖြင့် (ပထမ)အချီပြီးသည်။ တစ်မိနစ်နားနေစဉ် မောင်သောင်း၏ နည်းပြဆရာက ကြိုးဝိုင်းပေါ်သို့တက်၍ အမောဖြေပေးရင်း အကြံပေး၏။

“လောမကြီးနဲ့”ဟု သတိပေး၏။

ဒုတိယအချီ စသည်နှင့် တစ်ပြိုင်နက် မောင်သောင်းက သူ့ထောင့်မှနေ၍ အလျှင်အမြန်ထွက်ပြီး ဒေါက်ဂလပ်၏ အသည်းနှလုံးနေရာကို တစ်အားကုန် ပစ်က :ေါက်ရာ “ဟီး”

www.burmeseclassic.com

ဟုမြည်ရင်း အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့သည်။ ဒေါက်ဂလပ် လဲကျသွားသဖြင့် ပရိသတ်အားလုံး အံ့အားသင့်နေကြ၏။ ကြိုးဝိုင်းဒိုင်က လဲကျနေသော ဒေါက်ဂလပ်(စ)မင်အား အမှတ်စဉ်ရေတွက်ရာ အမှတ်(၈)တွင် ပြန်ထလာသည်။ နောက်ပြီး ပွဲဆက်လွှတ်သည်။ ပွဲလွှတ်လျှင်လွှတ်ချင်း နှစ်ဦးသား ပူးပြီး ထိုးသတ်ကြပြန်သည်။ ဒေါက်ဂလပ်(စ)သည် အထိနာနေ၍ တုန့်ပြန်မထိုးဘဲ ခံစစ်အသွင်ဆောင်သည်။ သူ့ကိုယ်ပိုင်းကို အထူးဂရုစိုက် ကာကွယ်ထား၏။ များမကြာမီ ဒုတိယအချီ ပြီး၏။ ပထမအချီ၌ သရေ၊ ဒုတိယအချီမှာ မောင်သောင်းနိုင်သည်။ တတိယအချီ၊ စတုတ္ထအချီ၌ ဒေါက်ဂလပ်က သာ၏။ ပဉ္စမအချီအရောက် မောင်သောင်း၏မေးရိုးကို ညာဖြတ်လက်သီး Right Cross တစ်လုံး ထိလိုက်ရာ မောင်သောင်း ဝုန်းခနဲလဲကျသွားသည်။ ထိုစဉ် အင်္ဂလိပ်ပရိသတ်ကြီးက "ဒေါက်ဂလပ် ... ဒေါက်ဂလပ်"ဟု တစ်ခဲနက် အားပေးကြသည်။ အမှတ်စဉ်(၄)တွင် မောင်သောင်း ပြန်ထ၏။ ဒေါက်ဂလပ်က မရပ်မနား ဖိထိုး၏။ ထိုအချိန် ပြီးခါနီးဝယ် ဒေါက်ဂလပ်၏ မျက်ခုံး စုတ်ပြတ်ကာ သွေးချင်းချင်းနီနေသည်။

အင်္ဂလိပ်မျက်နှာဖြူ၏ သွေးမြေကျ၍ ကျေနပ်နေသော မောင်သောင်းက မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။ လက်ဝှေ့သမားတို့၏ ညာဉ်အတိုင်း ထိုးပြိုင်ဘက်၏သွေးကို မြင်၍ ... မောင်သောင်းအဖို့ ထိုးအားပိုလာသည်။

ဒေါက်ဂလပ်(စ)မင် အထိနာသော်လည်း ထိုအချိန်တွင် မောင်သောင်းရှုံး၏။ ဆဋ္ဌမအချီ လွှတ်လိုက်လျှင် မောင်သောင်းက ရဲရဲဝံ့ဝံ့ ဝင်သတ်၏။ ပူးကပ်မိသည်တွင် ဘယ်ညာလက်သီးများကို အားပါးတရ ပစ်ထိုးနေကြရာ ဒေါက်ဂလပ် ကြိုးတန်းပေါ် လန်နေချေသည်။ သာကွက်ကို ရနေပြီဖြစ်၍ ဒေါက်ဂလပ်၏ နံဘေးနှစ်ဖက်ကို ကွဲခတ်သလို ခတ်တော့သည်။ ပူးတွဲလက်သီးထိုးချက် ၈ လုံးမက ပစ်သွင်းလိုက်ပြီး နောက်တစ်လှမ်း အဆုတ်လိုက်ဝယ် အင်္ဂလန်ခြင်္သေ့ကြီးခင်ဗျာ ကြမ်းပြင်သို့ မှောက်လျက်လဲကျသွားလေသည်။ ထိုဆဋ္ဌမအချီ အချိန်စေ့ရန် တစ်မိနစ်မျှ လိုပါသေးသော်လည်း ခေါင်းလောင်းကို ဂျူရီဥက္ကဋ္ဌက ထိုးလိုက်ချေသည်။ မောင်သောင်းကို အင်္ဂလိပ်တို့က ဝိုင်း၍ ညစ်ကြလေပြီ။ ထိုအချီ၌ မောင်သောင်းကနိုင်၏။ သတ္တမအချီအရောက်ဝယ် တိုက်စစ်သမား မောင်သောင်းက အတင်းဝင်ပူးသတ်သည်။ ဒေါက်ဂလပ်က အပူးမခံ။ ဝိုင်းလယ်တွင် ရွှေ့ပြောင်းကာ ခံစစ်မှနေပြီး တန်ပြန်ထိုးနေသည်။

"ဒေါက်ဂလပ် .. ဒေါက်ဂလပ်"

"မဆုတ်နဲ့ မဆုတ်နဲ့"

ပရိသတ်အားလုံးကား ဒေါက်ဂလပ်ဘက်က ရှိနေသည်။ တို့ဗမာ မောင်သောင်းအား အားပေးမယ့်သူ တစ်ယောက်မှမရှိ၊ သို့ရာတွင် ငိုနေသူ တစ်ယောက်တော့ရှိ၏။ ထိုသူလေးကတော့ အသက် ၁၅ နှစ်ခန့်ရှိ မာရီယာ မောင်သောင်း၏နည်းပြဆရာ ဂျိုးရက်ဟင်နစီ၏ တစ်ဦးတည်းသော သမီးလေး မောင်သောင်းက နှမရင်းလေးသဖွယ် ချစ်ရသူ။

ထိုအချီတွင် ဒေါက်ဂလပ်(စ)မင်၏ မျက်နှာသည် စိုးရိမ်စိတ် ပြေးနေချေသည်။ တကယ်တော့ သူအထိနာနေပြီလေ။ သတ္တမအချီ ပြီးခါနီး၌ ထောင့်တစ်နေရာတွင် မောင်သောင်းက ဘယ်ဝိုက်လက်သီးနှင့် ညာပင့်လက်သီးနှစ်လုံး ပူးတွဲသုံးလိုက်ရာ နှစ်လုံးစလုံး ထိလိုက်သဖြင့် ဒူးညွတ်ကျသွားသည်။ သို့သော် ပွဲပြီးခေါင်းလောင်းက သူ့ကို ကယ်လိုက်ပြန်ပါသည်။ မောင်သောင်း အနိုင်ရသည့်အချီ ...။

အဋ္ဌမအချီဝယ် မောင်သောင်း

**တို့ဗမာ မောင်သောင်းသည် အလဲပွဲဖြင့် အနိုင်ရကာ ဗမာ့သွေး၊ ဗမာ့သတ္တိ၊ ဗမာ့စွမ်းရည်ကို အင်္ဂလိပ်မျက်နှာဖြူတို့၏ တိုင်းပြည်၊ အင်္ဂလိပ်လူမျိုးတို့၏ ရှေ့မှောက်တွင် ဗမာပီပီ ဘာမထီစိတ်ထားနှင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရဲရဲတောက် ပြနိုင်ခဲ့လေသည်။ ထိုည ၁၁း၀၀ နာရီတွင် ဒေါက်ဂလပ်(စ)မင် အဆုတ်ကွဲ၍ သေသွားရရှာသည်။**



www.burmeseclassic.com

www.burmeseclassic.com

က တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် အတင်းတရကြမ်းဝင်မွှေ၏။ သူ့နံဘေးနှစ်ဖက်ကို ဒေါက်ဂလပ်က လက်မောင်းဖြင့် ကာကွယ်ထားရင်း ပြေးထိုးနေ၏။ ယင်းသို့ ကာကွယ်ထားသည့်ကြားမှ ဒေါက်ဂလပ် ကြိုးဝိုင်းထောင့်၌ ညပ်နေသည်။ မောင်သောင်းက သည်းကြီးမည်းကြီးနှင့် ဖိထိုးနေစဉ် အတောအတွင်း အလစ်တွင် ညာပင့်လက်သီးတစ်ချက်က မောင်သောင်း၏နှာခေါင်းကို တိုက်ရိုက်ထိသွား၏။ ပြင်းထန်လှသည့် ထိုးအားကြောင့် မောင်သောင်းနှာခေါင်း စုတ်ပြတ်သွားသည်။ သူ့မျက်နှာတစ်ပြင်လုံး သွေးလွှမ်းသွားသည်။

လက်ဖွေ့ပရိသတ် အားလုံးက ဒေါက်ဂလပ် ...ဒေါက်ဂလပ်နှင့် အားကစားရုံကြီး ပြိုလဲမတတ် အားပေးနေကြသည်။ မောင်သောင်း အထိနာပြီး တုံ့အသွား ဘယ်ညာထောက်လက်သီးနှစ်လုံး ဝင်လာပြန်သည်။ သွေးသည် ရင်ဘတ်ပေါ်၌ အိရွှဲနေသည်။ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းလှသည့်ပွဲ။

နဝမအချီ လွှတ်လျှင်လွှတ်ချင်း မောင်သောင်းက အတင်းတရကြမ်း နံဘေးနှစ်ဖက်ကို ဝင်မွှေတော့သည်။ တွဲလက်သီး ၄၊ ၅၊ ၈ လုံး ဝမ်းဗိုက်နှင့် နံဘေးဆီသို့ အားကုန်ပစ်ကျုံးလိုက်သည်၌ ဒေါက်ဂလပ်(စ)မင် နောက်လန်သွားကာ ကြိုးတန်းပေါ်သို့ တင်နေသည်။ အခွင့်ကောင်းကို လက်မလွှတ်ဘဲ တအားဖိ၍ အဆက်မပြတ်ပစ်ပစ်သွင်းလိုက်သည်တွင် အင်္ဂလိပ်မျက်နှာဖြူ အင်္ဂလန်ခြင်္သေ့ကြီးသည် လက်နှစ်ဖက်ကိုမြှောက်လျက် မှောက်လျက် လဲခွေ၍ ကျသွားရချေသည်။

ကြိုးဝိုင်းအလယ်ဝယ် မှောက်ခုံကြီးလဲကျနေလေသော ဒေါက်ဂလပ်(စ)မင်အား ကြိုးဝိုင်းဒိုင်၏ အမှတ်စဉ် (၁)မှ (၁၀)အထိ ရေတွက်ပါသော်လည်း လူပ်ပင် မလှုပ်နိုင်တော့ပါဘဲ နောက်ကောက်ဖြင့် ပွဲသိမ်းသွားလေတော့သည်။ တို့ဗမာ မောင်သောင်းသည် အလဲပွဲဖြင့် အနိုင်ရကာ ဗမာ့သွေး၊ ဗမာ့သတ္တိ၊ ဗမာ့စွမ်းရည်ကို အင်္ဂလိပ်မျက်နှာဖြူတို့၏ တိုင်းပြည်၊ အင်္ဂလိပ်လူမျိုးတို့၏ ရှေ့မှောက်တွင် ဗမာပီပီ ဘာမထီစိတ်ထားနှင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရဲရဲတောက် ပြနိုင်ခဲ့လေသည်။

ထိုည ၁၁း၀၀ နာရီတွင် ဒေါက်ဂလပ်(စ)မင် အဆုတ်ကွဲ၍ သေသွားရရှာသည်။

## အခန်း (၅)

"ကဲ ...သား ...အခု အဖေပြောပြတဲ့ဇာတ်လမ်းဟာ ဘားမားမောင်သောင်းရဲ့ တကယ့်ဇာတ်လမ်းဝတ္ထုပဲကွ။ ဆရာသောင်းဟာ အင်္ဂလိပ်မျက်နှာဖြူတွေရဲ့ နိုင်ငံ၊ အင်္ဂလိပ်မျက်နှာဖြူတို့ရဲ့မြို့၊ အင်္ဂလိပ်မျက်နှာဖြူတွေချည့် အားပေးတဲ့ ပရိသတ်ရှေ့မှောက်မှာ အင်္ဂလိပ်မျက်နှာဖြူ လက်ဝှေ့ချန်ပီယံကြီးနဲ့ ထိုးသတ်ရတာကွာ"

"ဂျူရီအဖွဲ့ အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင်တွေကလည်းပဲ ဒေါက်ဂလပ်(စ)မင်ဘက်က။ မောင်သောင်းမှာတော့ တစ်ယောက်တည်းရယ်။ 'တစ်ကောင်တည်း၊ ဒါပေမယ့် ခြင်္သေ့'' ဆိုတာလိုပေါ့ကွာ။ လုံးဝဆို လုံးဝအားမငယ်ဘဲ ဗမာ့သတ္တိသွေး၊ ဗမာ့ဇာတိမာန်ကို ကမ္ဘာက သိရစေ့ပဟော့ဆိုတဲ့ အမျိုးသားရေးတာဝန်ကို ရင်ဝယ်ပိုက်ပြီး ထိုးသတ်ခဲ့တာပဲ သားရဲ့။ သားအားမကျဘူးလား"

"အားကျလို့ မဆုံးအောင်ပါပဲ အဖေရယ်။ ဆရာသောင်းကို သနားလည်း သနားမိတယ်၊ အားလည်း အားကျမိတယ် အဖေ ..."

"အေး ...မင်း ဆရာသောင်းကို အားကျရင် မင်းရှေးနှစ်မှာ နိုင်ငံကို ကိုယ်စားပြုပြီး ထိုးသတ်ယှဉ်ပြိုင်ရမယ်။ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့ဗိုလ်လုပွဲကြီးမှာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆု မရရအောင် ကြိုးစားပါ။ ဆရာသောင်းရဲ့ ပွဲစဉ်ကို ပြောပြရတာက ဆရာသောင်းလို ကျင့်ကြံစေချင်လို့ပဲကွ။ သားက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေရဲ့ ရှေ့မှောက်မှာ ထိုးရမှာပါကွာ။ သိပ်အားရစရာ ကောင်းလှပါတယ်။ နိုင်ငံတော် အားကစားဝန်ကြီးဌာနက လိုလေသေးမရှိ ကူညီထောက်ပံ့နေတာပဲဟာ။ ဘာတစ်ခုမှ အားငယ်စရာ မလိုဘူး။ ဘားမားမောင်သောင်းရဲ့ ဘဝဇာတ်လမ်းကို နမူနာယူပြီး နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို လက်ဝှေ့ကြိုးဝိုင်းကနေပြီး မြှင့်တင်ပေးစမ်းပါ သားရယ်"

"ဖေဖေ ...သားနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆု ရကိုရရစေ့မယ်။ ဖေဖေ့ကို သားဂတိပေးပါတယ် ဖေဖေ"

"အေး ...ဒါမှ ငါ့သားကွ။ ဗမာ့သတ္တိကို ရဲရဲတောက်ပြလိုက်စမ်း"

**ရွှေဘိုဘာမထီခင်အောင်**



www.burmeseclassic.com


၉၆



# မင်းဟိန်းထိပ်

## အသက်တစ်ချောင်းကြောင့် ပျောက်သွားသည့်မြှား (၅)

(ယခင်လမှအဆက်)

ထို့နောက် ထမင်းစားကြသည်။ တောထမင်း၊ တောဟင်း စားကောင်းသည်ကိုမူ အထူးဆိုဖွယ်မရှိပေ။ တောထမင်း၊ တောဟင်းကို စားဖူးသူတိုင်း သိကြ၏။ ဟင်းမကောင်းလျှင်ပင် စားကောင်းခြင်းသဘော ရှိ၏။ ယခု အထူးစပါယ်ရှယ် ချက်ပြုတ်စီမံထားသော ထမင်းဟင်းများကို စားသောက်ရသောအခါ ပို၍သာ၍ပင်စားကောင်းလေသည်။

ထမင်းဟင်း စားသောက်ပြီးသောအခါ ကော်ဖီဖျော်ရန် ရေနွေးမရှိ၍ မောင်အေးချမ်းသည် ယုမေအား မီးဖိုခိုင်းပြီး အနီးအနားတွင်ရှိသော ဝါးရုံမှ ဝါးတစ်လုံးကို ခုတ်ယူပြီး ဝါးလုံးခေါင်းတွင် ရေထည့်၍ လေးငါးလုံးမျှ ရေနွေးတည်လိုက်၏။ ထို့ကြောင့် မိနစ်ပိုင်းအတွင်းမှာပင် ရေနွေးရလေသည်။

ကျန်သော ဝါးဆစ်များကို မတ်ခွက်ပြုလုပ်၏။ မတ်ခွက်ပြုလုပ်ရာ၌ ဦးစွာ ဝါးပိုင်းကို မတ်ခွက်အရွယ်အစားဖြစ်အောင် အဆစ်ခံပြီး ထိပ်ဝကိုလည်း လုံးလုံးလေးဖြစ်အောင် ဓားဖြင့်ချောရသည်။ ထို့နောက် အဆစ်ခံသည့်ဘက်က ဝါးကြောကို ဓားဖြင့်လှန်ပြီး အလယ်တွင် ဓားဖြင့်ထစ်ကာ လှန်ထားသော ဝါးခေါက်လေးကို ဓားထစ်ထားသည့်နေရာတွင် ထိုးစိုက်လိုက်ရ၏။ ထိုအခါ လက်ကိုင်ကွင်းကလေး ဖြစ်သွားလေသည်။ ပန်းကလေးများဖြစ်အောင်လည်း ဓားဖြစ်ရစ်၍ ပုံဖော်လိုက်သည်။

''ဟယ် ... လှလိုက်တာ''

ယုမေက မောင်အေးချမ်းလုပ်လိုက်သော ဝါးမတ်ခွက်ကလေးကို ကိုင်ကြည့်ပြီး သဘောကျနေ၏။ လက်ကလေးဖြင့် ပွတ်သပ်၍လည်း ကြည့်၏။ မြှောက်၍လည်း ကြည့်၏။ သောက်ဟန်လည်းပြုကြည့်နေ၏။

''အန်တီ ကြည့်စမ်း။ ဦးလေး ဝါးကိုလုပ်လိုက်တာ တကယ့်မတ်ခွက်ကလေးကျနေတာပဲ။ ဦးလေးက တကယ်တော်တာပဲ''ဟု ဆို၏။ မခင်တင့်လည်း လှမ်းယူပြီး ကိုင်ကြည့်နေ၏။ ထို့နောက် ... မောင်အေးချမ်းအား စိုက်ကြည့်ပြီး –

''သူက တောကျွမ်းကြီးပဲ၊ လုပ်တတ်မှာပေါ့''ဟု ပြုံးရောင်သန်းသော အမူအရာဖြင့် ပြော၏။ မခင်တင့်၏မျက်နှာသည်လည်း ကြောက်စိတ်၊ လန့်စိတ်များ ပြေပျောက်သွား၍ ပကတိအားဖြင့် ကြည်လင်လာလေသည်။

မောင်အေးချမ်းတို့ ရေနွေးထိုင်သောက်နေစဉ်မှာပင် ကျောက်ကမ်းပါးထိပ်တွင် လူကြီးတစ်ယောက် လာရပ်၏။ အရပ်မြင့်မြင့်၊ အသားညိုညို၊ နှုတ်ခမ်းမွေး ထူလပျစ်ဖြင့် ပုဆိုးကို ခါးတောင်းကျိုက်ထားသည်။ ထိုးကွင်းမင်ကြောင်များလည်း ပြောက်ပြောက်ကျားကျားရှိသည်။ လေးကြီးကို ယာဘက်လက်တွင် ကိုင်ထားပြီး မြားဆူးဘူးကို နောက်ကျောတွင် လွယ်ထားသည်။ တောရှင်းဓားကြီးကိုလည်း ခါးမှာချိတ်ထားသည်။

သူ၏ပုံကို မြင်ရုံဖြင့် တောလိုက်မုဆိုးတစ်ယောက်ဟု မောင်အေးချမ်းသိလိုက်သည်။ သူသည် မောင်အေးချမ်းတို့လူစုကိုကြည့်လိုက်၊ တောတောင်ပတ်ဝန်းကျင်များကို ကြည့်လိုက်နှင့် ထီးတည်းကြီးရပ်နေသည်၊ တောနက်ထဲတွင် မောင်အေးချမ်းတို့လူစုကို အမှတ်မထင်တွေ့လိုက်ရ၍ အထူးအဆန်းဖြစ်နေပုံရသည်။

မောင်အေးချမ်း မတ်တတ်ထရပ်လိုက်သည်။ မခင်တင့်နှင့် ယုမေတို့က ကြောက်လန့်နေကြ၏။ ဟိုဟိုသည်သည် တစ်အောင့်မျှ စူးစမ်းကြည့်လိုက်ပြီး

www.burmeseclassic.com

မောင်အေးချမ်းတို့ဘက်ကို ဆင်းလာနေသည်။ သူ၏မျက်နှာတွင် ရန်လိုမည့် ပုံရိပ်လက္ခဏာမျိုးကို မတွေ့ရသောကြောင့် မောင်အေးချမ်းလည်း သာမန်အားဖြင့်သာ ရပ်ကြည့်နေလိုက်သည်။

"နင်တို့ ဘယ်ကလဲ"

သူက စတင်၍ မေးသည်။ ထို့ကြောင့် မောင်အေးချမ်းက ပြောပြလိုက်သည်။

"ကျွန်တော်က ဒီဆင်ခုံတိုင်စခန်းက အလုပ်သမားခေါင်းဆောင်ပါ။ သူတို့နှစ်ယောက်ကတော့ အမ်းမြို့၊ မြို့မပွဲရုံက၊ ပျော်ပွဲစားလာရင်း ဒီဆင်ခုံတိုင်ကျောက်တောင်ကြီးကို တက်ကြည့်ကြတာပါ"

သူသည် ဘာမျှမပြောသေးဘဲ မောင်အေးချမ်းတို့ စားသောက်ပြီး ပြန့်ကြဲထားသော ထမင်းကျန်၊ ဟင်းကျန်များကိုသာ ကြည့်နေသည်။ ထို့နောက် ရေနွေးတည်ထားသော ဝါးလုံးကျည်တောက်ကို လက်ညှိုးထိုးပြပြီး –

"ရေနွေးတစ်ခွက်လောက် သောက်ချင်တယ်"ဟု စိုင်တောင်ချင်းစကားသံဝဲဝဲဖြင့် ပြောသည်။

"သောက် ... သောက်။ ရေနွေး ပေါပါတယ်။ ရေနွေးပဲသောက်မလား၊ ထမင်းစားချင်ရင်လည်း ရပါတယ်။ ထမင်းဟင်းတွေ ကျန်သေးတယ်"

"ထမင်းဟင်းရရင် ပိုကောင်းတာပေါ့။ ငါလည်း ဒီမနက် ဘာမှမစားရသေးဘူး။ အမဲလည်း တစ်ကောင်မှ မရသေးဘူး။ ခါတိုင်းဆို ဒီကျောက်တောင်မှာ ဆတ်၊ ချေ၊ တောဝက်နဲ့ တောင်ဆိတ်ဘူ ပေါတယ်။ အခုတော့ နင်တို့ရှိနေလို့နဲ့တူတယ်။ တစ်ကောင်မှ မတွေ့ရဘူး"

"ဟုတ်မယ်။ ကျွန်တော်တို့ တောင်ခြေကိုရောက်စက တောင်ဆိတ်တစ်အုပ် ရေဆင်းသောက်ပြီး တောင်ပေါ်ပြန်တက် ပြေးသွားကြတာ တွေ့လိုက်ရတယ်"

"ဒါဆိုရင် ငါထမင်းစားမယ်"

"ဟုတ်ကဲ့၊ စားပါ။ ဟိုမှာ ဆွမ်းတင်ထားတာရော၊ နတ်တင်ထားတာရော ရှိတယ်။ ခုလောက်ဆို စွန့်ပြီးစားလို့ရပါပြီ"

မောင်အေးချမ်း၏ စကားအဆုံးတွင် သူသည် ဆွမ်းတင်နှင့် နတ်စာကျွေးထားသော ကျောက်စွန်းသို့သွားပြီး၊ မောင်အေးချမ်းတို့ နားမလည်နိုင်သော စကားများဖြင့် ပြောဆိုပြီး ဆွမ်းတင်နှင့် နတ်တင်စာများကို စွန့်ယူကာ ဦးစွာစား၏။ ထို့နောက် မခင်တင့်နှင့် ယုမေတို့ ပြင်ဆင်ပေးသော ထမင်းဟင်းများကိုပါ ဆက်၍စားသည်။

"ဆရာကြီး .. အဆင်ပြေရဲ့လား"

ဟု မောင်အေးချမ်းက မေးလိုက်ရာ –

"အင်း ... ပြေတယ်"

ဟု ဆိုသည်။

သူသည် အတော်လေးပင် ဗိုက်ဆာနေပုံရသည်။ တစ်အောင့်လေး စားလိုက်ရုံဖြင့် ထမင်းဟင်းများ ကုန်သွားလေသည်။ သိပ်ပြီး ဝဟန်ပင်မတူပေ။ မောင်အေးချမ်းတို့ကလည်း အကျန်ဖြစ်၍ ထိုမျှသာ ကျွေးနိုင်ကြသည်။ ထို့နောက် မောင်အေးချမ်းက မီးဖိုတွင် တည်ထားသော ရေနွေးကျည်တောက်ကို လှမ်းယူပြီး ငှဲ့ပေးလိုက်သည်။

"ရော့ ... ဆရာကြီး၊ ရေနွေး သောက်ပါဦး"

"အင်း ... သောက်မယ်"

"ဆရာကြီးက မုဆိုးလား"

"အေး ... ငါက မုဆိုးပ။ ဒါပေမယ့် အမြဲတမ်း မုဆိုးချည်းလုပ်နေတာတော့မဟုတ်ဘူး။ စားလောက်သောက်လောက်ရုံ ပိုရင်လည်း ဝေငှရုံလောက်ပဲ လုပ်ပါတယ်။ အမြဲတမ်း မုဆိုးလုပ်လို့လည်း ဖြစ်နိုင်မယ်မထင်ဘူး။ ရလာမယ့် အသားကို ဘယ်သွားရောင်းမှာလဲ။ ဒီနေရာက ရိုးမဒေသဆိုတော့ အမြဲမုဆိုးလုပ်လို့ အဆင်မပြေနိုင်ဘူး"

"ဒါဆိုရင် မုဆိုးကြီးက အခု ဟင်းစားရှာရင်း ထွက်လာတာပါလား"

"အေး ... ဟင်းစားလေး အမဲတစ်ကောင်တလေများ ရမလားလို့ပ။ အခုတော့ ရမယ်တောင်မထင်ဘူး"

"ကျွန်တော်တို့က မုဆိုးကြီးအလုပ်ကို အနှောင့်အယှက်ပေးလိုက်သလို ဖြစ်သွားပြီထင်တယ်"

"ရပါတယ်။ နင်တို့ပြန်သွားတော့ အမဲတွေရောက်လာကြမှာပါ"

မောင်အေးချမ်းနှင့် စကားပြောနေကြစဉ်မှာပင် အူအူ .. အအ အသံများကို ကြားလိုက်ရ၏။ ထို့ကြောင့် မုဆိုးကြီးက မောင်အေးချမ်းအား စကားမပြောရန် တားလိုက်ပြီး အသံကြားရာဘက်ကို စိုက်ကြည့်နေ၏။ မောင်အေးချမ်းက တိုးတိုးလေး မေးကြည့်လိုက်သည်။

"ဘာသံတွေလဲ မုဆိုးကြီး"

"အသာနေစမ်း။ တောင်ဆိတ်သံတွေပဲ။ ဒါပေမယ့် တောင်ဆိတ်တွေ ဘာကောင်နဲ့ ရန်ဖြစ်နေကြသလဲ မသိဘူး။ တောဝက်နဲ့လား၊ ဆတ်နဲ့လား။ တောင်ဆိတ်တွေက အုပ်ကောင်းလို့ တော်ရုံတန်ရုံ ဘာကောင်မှ မတိုးနိုင်ဘူး။ ဟော .. ဟော ... ဒီဘက်ကို ကျွံထွက်လာပြီ"

တစ်ဆက်တည်းပင် ချေတစ်ကောင်သည် ကျောက်ကမ်းပါးမှ တစ်ဆင့်နိမ့်သောနေရာသို့ ခုန်ဆင်းလာ၏။ တောင်ဆိတ်တစ်ကောင်လည်း ခုန်ဆင်းပြီး လိုက်လာ၏။ မောင်အေးချမ်းတို့နှင့် အလံနှစ်ဆယ်ခန့်သာ ဝေးသည်။ ထိုနေရာ၌ မြက်ပင်လေးများက သိပ်ပြီး မမြင့်၍ ချေနှင့် ဆိတ်ကို ကောင်းစွာမြင်နေရသည်။

ချေနှင့်ဆိတ်က ရန်ဖြစ်လာကြဟန် ရှိသည်။ သို့သော်လည်း တစ်ကောင်နှင့် တစ်ကောင် တင်းတင်းရင်းရင်း ရှုံးနိုင်

www.burmeseclassic.com

ရန်ဖြစ်ပုံမျိုး မဟုတ်ပေ။ ချေက ရှေ့မှ နှေးနှေးလေး သွားနေပြီး ဆိတ်ကလည်း အစာကောက်လိုက်၊ မနှေးမမြန်လိုက် သွားလိုက်နှင့် ရှိနေလေသည်။ ထို့ကြောင့် ချေနှင့်ဆိတ်တို့သည် ရန်ဖြစ်ခြင်းအစစ် မဟုတ်ဘဲ ဆိတ်က သူတို့အုပ်ထဲသို့ ချေဝင်လာသည်ကို မနာလိုဖြစ်ပြီး မောင်းထုတ်နေခြင်းသာ ဖြစ်မည်ထင်သည်။

မုဆိုးကြီးလည်း ရသောအခွင့်အရေးကို လက်မနှေးဘဲ လေးကိုကောက်ကိုင်ကာ နောက်ကျောတွင် လွယ်ထားသော မြားဆူးနှစ်ချောင်းကို ဆွဲယူပြီး ဦးစွာ ချေကိုပစ်၏။ ချေကျယ်လောင်စွာဖြင့် အော်ပြီးလဲသွားသည်ကို ဆိတ်က ထွက်မပြေးဘဲ ကြောင်ကြည့်နေ၏။ ထို့ကြောင့် မုဆိုးကြီး၏ နောက်မြားဆူးတစ်ချောင်းသည် ဆိတ်၏ အသည်းပုံသို့ စိုက်ဝင်သွားပြန်လေသည်။ နှစ်ကောင်လုံး နေရာမှာပင် အော်လဲပြီး အသက်ထွက်သွားကြလေသည်။ တခြားအကောင်များလည်း ဆူဆူညံညံဖြင့် ပြေးထွက်သွားကြသံကို ကြားလိုက်ရသည်။

မုဆိုးကြီးသည် ချေနှင့် ဆိတ် နှစ်ကောင် အော်လဲသွားပြီး အသက်ငင်နေကြသည်ကို တစ်အောင့်မျှစိုက်ကြည့်နေပြီး ရေနွေးကိုသာ ဆက်သောက်နေလေ၏။ ထို့ကြောင့် မောင်အေးချမ်းတို့အုပ်စုက အထူးအဆန်းသဖွယ်ဖြစ်ကာ မောင်အေးချမ်းက မုဆိုးကြီးအား မေးကြည့်လိုက်သည်။

"ဟ ... မုဆိုးကြီး၊ ဟိုအမဲတွေ သွားမကောက်ဘူးလား"

"ကောက်မှာပေါ့၊ ရေနွေးသောက်ပြီးမှလေ"

"ဒီတော့ ထပြေးသွားရင်ကော"

"ပြေးမလဲလေ။ ငါ့မြားဆိပ်ကို ငါစိတ်ချတယ်" ဟု ပြောပြီး မုဆိုးကြီးသည် ရေနွေးကိုသာ ဆက်၍သောက်နေလေသည်။ ဟုတ်သည်။ ချေနှင့် ဆိတ်သည်လည်း လုံးဝမလှုပ်တော့ပေ။ ထို့ကြောင့် မုဆိုးကြီး၏ မြားဆိပ် မည်မျှအထိအဆိပ်ပြင်းသည်ကို သိလိုက်ကြသည်။

"နေနှင့်ကြဦး။ ငါ ဟိုနှစ်ကောင်ကို သွားကောက်လိုက်ဦးမယ်"ဟု ဆိုကာ မုဆိုးကြီးသည် ခပ်ပြေပြေ ကျောက်ကမ်းပါးအတိုင်း လျှောက်ပြီးလိုက်သွားသည်။ ထို့နောက် ချေနှင့်ဆိတ် နှစ်ကောင်လုံးကို နံတောင်းကြားမှဖက်ပြီး ယူလာကာ မောင်အေးချမ်းတို့၏အနားတွင် ချထားလိုက်သည်။ မောင်အေးချမ်းတို့သာဆိုလျှင် တစ်ကောင်ကိုပင် သယ်မ၍နိုင်ရန် လွယ်မည်မဟုတ်ပေ။ ချေနှင့်ဆိတ်တွင် ဆိတ်က ပိုကြီးသည်။ နီစပ်စပ်အရောင် ရှိသည်။

"ဒီနှစ်ကောင်မှာ နင်တို့တစ်ကောင် ယူသွားကြ"

"ဟာ ... မုဆိုးကြီးကလည်း အားနာစရာဖြစ်ရပြီ"

"အားမနာနဲ့။ ငါလည်း အမဲ မတွေ့ဘဲ ပြန်လာတာ။ နင်တို့နဲ့သာ မတွေ့ရင် ဒီကောင်တွေကို ရမှာမဟုတ်ဘဲ လက်ချည်းပြန်ရမှာ။ အခုတော့ နင်တို့ကျွေးတာ စားသောက်နေလို့ ဒီကောင်တွေနဲ့တိုးတာ။ ဒါကြောင့်လည်း နင်တို့အတွက်ပါ ရည်ရွယ်ပြီး နှစ်ကောင်ပစ်လိုက်တာ။ ငါ့အနေနဲ့လည်း နှစ်ကောင် မလိုပါဘူး။ တစ်ကောင်ဆိုရင် စားလောက်ပါတယ်။ နောက်လိုတော့လည်း လာပစ်ရုံပဲ"

"ဒီလိုဆိုလည်း ချေပဲပေးပါ။ ကျွန်တော့်မှာလည်း ငွေနှစ်ဆယ့်ငါးကျပ်ပါတာကို မုဆိုးကြီး ဆေးသောက်၊ ကွမ်းစားပေးပါ့မယ်" ဟု ဆိုရာ မခင်တင့်ကလည်း

"ငါ့မှာလည်း ဆယ့်ငါးကျပ်ပါတယ်"ဟု ဆို၏။ ထို့ကြောင့် မောင်အေးချမ်းက –

"ဒါဆိုပေး။ ရော့ ... မုဆိုးကြီး၊ မုဆိုးကြီးရဲ့ ချေက ခြောက်ဆယ်လောက်တန်ပေမယ့် ကျွန်တော်တို့မှာ ဒီလောက်သာပါလို့ ဒါလေးပဲ ယူထားလိုက်ပါ"

"ရပါတယ်။ ငွေလေးဆယ်ဆို နည်းလား။ ဒီချေကို ငါထမ်းသွားလည်း ဟိုကောင်တွေ (သူ့အပေါင်းအသင်းများ) က တစ်ပြားတောင်ပေးကြမှာ မဟုတ်ပါဘူး"ဟုပြောပြီး မုဆိုးကြီးသည် မောင်အေးချမ်းပေးသော ငွေလေးဆယ်ကို လှမ်းယူကာ –

"ကဲ ... နင်တို့ ရေနွေးသောက်နေကြဦး။ ငါ ဒီအကောင်ကို ဖျက်ပေးလိုက်မယ်"ဟု ဆိုကာ မုဆိုးကြီးသည် ရရာကိုင်းခြောက်၊ ဝါးခြောက်များကို စုပုံမီးရှို့ပြီး ချေသေကို မီးဖြိုက်လေသည်။ မုဆိုးကြီးကား အလွန်ကျွမ်းကျင်သည်။ ချေသေကို မီးတောက်ပေါ်တင်ပြီး ဟိုဘက်လှိမ့် သည်ဘက်လှိမ့် ဝါးခြမ်းတစ်ခုဖြင့် ပုတ်ခြစ်ရင်းက ချေတစ်ကောင်၏ မီးဖြိုက်ခြင်းကိစ္စ ပြီးသွားလေ၏။

ထို့နောက် အနားတွင်ရှိသော စမ်းအိုင်လေးထဲသို့ ချေသေကို ပစ်ချပြီး လေးပေါင်လေးလက်ချ၏။ ကလီစာများကိုလည်း သူ့မှာပါလာသော ဓားမြှောင်ဖြင့် ထိုးခွဲပြီး သန့်စင်လိုက်သည်။ ဆယ်မိနစ်အတွင်းမှာပင် ပြီးသွားပြန်သည်။

"ကဲ ... ပြီးသွားပြီ။ ငါ့ဘာလုပ်ပေးရဦးမလဲ။ ငါ့မှာလည်း တောင်ဆိတ်တစ်ကောင် ရှိနေသေးတော့ ငါလည်း နှစ်ကောင်လုံးကို နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီချေသားကို နင်တစ်ယောက်တည်း နိုင်မလား။ ငါနှစ်ခေါက်သယ်ပေးရမလား"ဟု မောင်အေးချမ်းအား မေးသည်။

"ရပါတယ် မုဆိုးကြီး။ ကျွန်တော် တစ်ယောက်တည်း နိုင်ပါတယ်"

"ကဲ ... ဒါဆိုရင် သွားကြ



www.burmeseclassic.com

www.burmeseclassic.com

အောင်။ နေမွန်းစောင်းနေပြီ”

“မုဆိုးကြီးပဲ ရှေ့ကသွားနှင့်ပါ။ ကျွန်တော်တို့ နောက်က လိုက်လာခဲ့မယ်”

“အေး ... ဒါဆိုရင် ငါသွားပြီ” ဟု ဆိုကာ မုဆိုးကြီးသည် တောင်ဆိတ်၏ချိုင်းက ကြိုးတစ်ချောင်း၊ ခါးက ကြိုးတစ်ချောင်း သိုင်းချည်ပြီး တောင်ဆိတ်သေးကို ယာဘက်ပခုံးက လွယ်၍ လေးနှင့်မြားဆူးဘူးကို ဘယ်ဘက်ပခုံးကလွယ်ကာ ရှေ့မှထွက်သွားလေသည်။ နွားပေါက်စတစ်ကောင်ခန့်ရှိသော တောင်ဆိတ်တစ်ကောင်ကိုပင် အလွယ်တကူ ကောက်လွယ်သွားနိုင်သောကြောင့် မုဆိုးကြီး၏ သန်မာထွားကျိုင်း ကျွမ်းကျင်ခြင်းကိုလည်း နားလည်နိုင်လေသည်။

မုဆိုးကြီး ထွက်သွားပြီးနောက် မောင်အေးချမ်းက ချေသားကိုထမ်းကာ မခင်တင့်နှင့် ယုမေတို့က အိုးခွက်တောင်းကိုရွက်ပြီး ခပ်မှန်မှန်လျှောက်လာကြသည်။ စခန်းသို့ရောက်လျှင် ချေသားကို မခင်တင့်နှင့် ယုမေတို့အား တစ်ပေါင်ပေးလိုက်ပြီး မောင်အေးချမ်းက တစ်ပေါင်ယူသည်။ ကျန်သော ချေသားများကို လမ်းပိုလ် လမ်းမင်းတို့အား ဝေပေးလိုက်သည်။

မခင်တင့်နှင့် ယုမေတို့ကို ပြန်ပို့ပေးရန် ကားစုံစမ်းကြ၏။ ကားတစ်စီးမျှမရှိပေ။ အားလုံး ကျောက်တင်နေကြ၏။ ထို့ကြောင့် ကားစောင့်ခေါ်ရန် ပါယာချောင်းတံတားဘက်သို့ ထွက်လာကြသည်။ ပါယာချောင်းတံတားသည် ဆင်ခုံတိုင်စခန်းကြီး၏ အနောက်မြောက်ဘက် အစပ်တစ်နေရာတွင် ရှိသည်။

ဆင်ခုံတိုင် တောင်ကျချောင်းကြီး၏ ခွဆုံတစ်နေရာဖြစ်၍ သာယာပြီး ရှုခင်းလည်း ကောင်းသည်။ ပျဉ်းကတိုးသစ်သားများဖြင့် ထိုးလုပ်ထားသော ပါယာချောင်းတံတားကြီးက ထီးတည်းကြီး ရှိနေသည်။ တံတားပေါ်ကကြည့်လျှင် ချောင်းဖျားချောင်းဝ အတော်အဝေးသို့တိုင်အောင် မြင်ရသည်။

ယုမေကား တံတားကြီးပေါ်တွင် ဟိုလျှောက်သည်လျှောက် တစ်အောင့်မျှလုပ်နေခဲ့ပြီးနောက် တံတားအောက်က ချောင်းထဲသို့ဆင်းကာ ချောင်းကမ်းနဖူးတွင် အစီအရီရှိနေကြသော ပန်းကလေးများကို ချူးပြီး ဖက်ကတော့ဖြင့် ထည့်နေလေ၏။ တချို့ပန်းပွင့်ကလေးများကို ရေထဲမျှောချ၏။

ကျောက်ခဲလေးများဖြင့် ရေထဲသို့ ပစ်ပေါက်၏။ တံတွေးဖြင့်လည်း ထွေး၏။ တစ်ယောက်တည်းစကားပြောပြီး တခစ်ခစ်ဖြင့်လည်း ရယ်၏။ ခရုခွံနှင့် ကျောက်ခဲဖြူဖြူ ဝါဝါ၊ ပြာပြာလေးများကိုလည်း ကောက်စုနေသည်။ လွတ်လပ်ပျော်ရွှင်ခြင်းကို ခုံမင်သော မြီးကောင်ပေါက်အရွယ်လေးတို့ သဘာဝအတိုင်း ယုမေသည် ပျော်၍မဆုံးဖြစ်နေဟန် ရှိသည်။

ထိုင်နေရင်း မခင်တင့်က မောင်အေးချမ်း၏ကိုယ်ပေါ်သို့ လှဲချလိုက်သည်။ တစ်အောင့်လေး ငြိမ်နေပြီးနောက်၊ မောင်အေးချမ်း၏ လက်များကို ဆုပ်ထားသည်။ မောင်အေးချမ်း ငုံ့ကြည့်လိုက်ရာ မခင်တင့် မျက်စိမှိတ်ထား၏။ ထို့ကြောင့် မောင်အေးချမ်း ပြုံးလိုက်မိသည်။

“မောင်လေး ...”

မောင်အေးချမ်း မထူးပေ။

“ချစ်ကလေး”

“... ... ...”

“အသည်းလေး”

မောင်အေးချမ်း ပြုံးလိုက်သည်။

“ထူးလေကွယ်၊ ဘာလို့မထူးတာလဲ”

“အတူတူနေရင်းက ခေါ်နေတာပဲ”

“အတူတူနေရင်းက ခေါ်တယ်ဆိုတာ ချစ်လို့ပဲလေ။ မောင်လေးက မမကို မချစ်ဘူးလား”

“ကျွန်တော်က ကလေးပဲ ရှိသေးတယ်”

မခင်တင့် ကိုယ်တွေတုန်အောင် အသံတိတ်ရယ်လိုက်၏။

“အသက်နှစ်ဆယ် ပြည့်တော့မယ်။ ဒါကလေးလား”

“မမက သုံးဆယ်ပြည့်တော့မယ်”

“ဟုတ်တယ်လေ။ မမက ကလေးလို့ မပြောပါဘူး။ အသက်သုံးဆယ်ပြည့်ဖို့ လေးလပဲ လိုတော့တယ်”

“ကျွန်တော့်ထက် ဆယ်နှစ်တောင်ကြီးတော့ ချစ်ရင် ငရဲကြီးမှာပေါ့”

မခင်တင့် အသံတိုးတိုးရယ်ပြန်သည်။

“မောင်လေးက အဆုံးတိုင်အောင် တွေးတာပဲကွယ်။ ငရဲကြီးမှာတဲ့ ... ဟိ”

“ချစ်ရာကနေ လင်မယားဖြစ်သွားရင် နေ့တိုင်း ငရဲကြီးနေမှာ”

မခင်တင့် အသံတိုးတိုးနှင့် ရယ်လိုက်ပြန်သည်။

“တကယ့် လူဆိုးလေးပဲ။ တစ်သက်လုံး ငရဲကြီးနေမှာတဲ့။ ဒီထက်မက အသက်ကြီးပြီး လင်မယားဖြစ်နေကြတဲ့ လူတွေကျတော့ ဘယ်လိုလုပ်မှာလဲ”

“သူတို့လည်း နေ့တိုင်း ငရဲကြီးနေမှာပဲ။ ငရဲက ရှောင်မှာမဟုတ်ပါဘူး”

သည်တစ်ကြိမ်တွင် မခင်တင့် အသံထွက်အောင်ရယ်လေသည်။ မောင်အေးချမ်း၏နဖူးကို သူ၏လက်သီးဆုပ်ဖြင့် ယမ်းထု၍လည်း ဖမ်းဆုပ်ထားလိုက်ရ၏။ မောင်အေးချမ်းကမူ မရယ်ဘဲ မခင်တင့်၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။ ထို့နောက် မခင်တင့်သည် ထထိုင်ပြီး ဖရိုဖရဲဖြစ်နေသော သူ၏ဆံပင်များကို ခေါင်းဖြီးဖြင့် ဖြီး၍ ပြန်ထုံးလိုက်သည်။ လျော့



www.burmeseclassic.com

www.burmeseclassic.com

နေသော အကျီကိုလည်း ဆွဲချလိုက်သည်။

မောင်အေးချမ်းက မခင်တင့်၏ အမူအရာများကို မပြတ်တမ်းစိုက်ကြည့်နေသည်။ မခင်တင့်သည် မောင်အေးချမ်းအား ပြုံးတုံ့တုံ့အမူအရာဖြင့် ခေါင်းဆုံး၊ ခြေဆုံး စိုက်ကြည့်နေသည်။ သူ၏ အကြည့်များက စူးရှလွန်းသည်။ လေ့လာခြင်း၊ စူးစမ်းခြင်း၊ အကဲခတ်ခြင်းများလည်း ပါဝင်နေသည်။

"မောင်လေးက ရုပ်အလှကြီးတော့ မဟုတ်ပါဘူး။ အရပ်ကလေး ခပ်ပြတ်ပြတ်နဲ့ ဖြူဖြူတုတ်တုတ် ဝကစ်ကစ်လေးဖြစ်လို့ ချစ်စရာကောင်းတယ်။ ပြီးတော့ စွဲမက်စရာလည်း ကောင်းတယ်။ အနေတည်တဲ့အတွက် လေးစားလောက်တဲ့ ကောင်လေးတစ်ယောက်ဆိုလည်း မမှားပါဘူး။ ဒါကြောင့် တွေ့ဖန်မြင်ဖန်များရင်တော့ ချစ်မိကြမှာပဲ"

မောင်အေးချမ်း ဘာမျှမပြောပေ။ ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး။ သူ့စကားကို နားထောင်ပြီး စိုက်ကြည့်၍သာနေသည်။

"ဒါကြောင့် အမှန်ကိုဝန်ခံရရင် မမလည်း ချစ်မိလာတာပဲ။ အစကတော့ မမလည်း အပျိုကြီးနေမလို့ပါ။ အပျိုကြီးနေမယ်ဆိုတဲ့ အစီအစဉ်ရှိခဲ့လို့လည်း တက္ကသိုလ်မှာကပင် စာပေးသူ၊ ရည်းစားစကားလိုက်ပြောဖူးသူ ကောင်လေးတွေကို ငြင်းပယ်ခဲ့တယ်။ ပြီးတော့ စီးပွားရေးကို စောက်ချလုပ်ကိုင်ခဲ့တယ်၊ ခြံကိုလည်း အကျယ်ကြီး ဖန်တီးပြီး ပွဲရုံလုပ်ငန်းကိုလည်း တိုးချဲ့ခဲ့တယ်။ စီးပွားရေးအခြေခိုင်လာပြီးနောက် ညီအစ်ကိုမောင်နှမသားချင်းတွေထဲက ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နိုင်တဲ့သူ ရှိလာတဲ့အခါ ခြံထဲသွားနေလိုက်၊ စီးပွားရေးလုပ်ငန်းတွေဆီ ပြန်လာလိုက်၊ ခြံထဲသွားနေတဲ့အခါ ပုတီးလေးစိပ်လိုက်၊ တရားဘာဝနာလေး ပွားများလိုက်ပေါ့။ ဒီလိုပဲ အေးအေးနေသွားမယ်ဆိုတဲ့ အစီအစဉ်ရှိခဲ့တာပါပဲ၊ နောက်တော့ ဒီကောင်လေးက ကိုယ့်ဆိုင်လာပြီး အကြွေးယူရင်းက ..."

"အကြွေးယူတာ ဆုံးမှာစိုးလို့ အာရုံစိုက်ရင်းက ..."

"ဟုတ်တယ်။ အကြွေးကို အာရုံစိုက်ရင်း တွေ့ဖန်မြင်ဖန်များလာရင်းက ချစ်လာမိတာပဲ"

"ဒါဆိုရင် ကြွေးအချစ်ပဲ နေမှာပေါ့"

"ဟုတ်တယ်လေ။ ဒါအမှန်ပဲ။ ဒါကြောင့် အချစ်ကို အကြွေးမထားချင်လို့ အစက အမူအရာတွေ ပြခဲ့တယ်။ အမူအရာတွေကို အကြိမ်ကြိမ်ပြခဲ့ပေမယ့် ဒီကောင်လေးက တုန့်လှုပ်တိမ်းညွှတ်ခြင်းမရှိတဲ့အတွက် အခုလို ဘွင်းဘွင်းကြီး ဖွင့်ပြောရတဲ့အဆင့်ကို ရောက်တော့တာပဲ။ အသည်းနုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားကို မနားတတ်ဘူးလား၊ ပြောလေ ..."

"ကြွေးချစ်နဲ့ ငရဲပေးတာတော့ ကြောက်တယ်"

"ဟင့်အင်း။ ကြွေးချစ်မဟုတ်တော့ဘူး။ လက်ငင်းချစ်ဖြစ်သွားပြီလေ။ ဒါကြောင့် အချစ်စစ်၊ အချစ်မှန်နဲ့ ကြည်ကြည်ဖြူဖြူ လက်တွဲကြမှာမို့လို့ ငရဲလည်း မကြီးတော့ပါဘူး"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်သည်။

"မောင်လေး စဉ်းစားနော်။ ကြားလား အချစ်ကလေး။ ကြီးရင်မို၊ ငယ်ရင်ချီဆိုတာ ကြားဖူးတယ်မဟုတ်လား။ ပြီးတော့ သူချစ်ကိုရှာတဲ့"

ထိုအခိုက်မှာပင် ဆင်ခုံတိုင်ချောင်းဝဘက်ဆီမှ ကျောက်အပြည့်ဖြင့် မောင်းလာသော ကားတစ်စီးကို တွေ့လိုက်ရသည်။ အနားသို့ရောက်၍ ကြည့်လိုက်ရာ ဦးမြကြိုင်၏ ကားဖြစ်နေသည်။ ဦးမြကြိုင်လည်း မောင်အေးချမ်းကိုမြင်၍ ကားကို ရပ်လိုက်သောကြောင့် နောက်မှပါလာသော ဖုန်လုံးကြီးသည် ကားကို လွှမ်းခြုံ၍သွားလေ၏။

ဖုန်မှုန့်များ အဝေးသို့ လွင့်သွားပြီးမှ ဦးမြကြိုင်က သူ့သွားခေါ်ကြီးဖြင့် ပြုံးပြ၏။ ဖုန်မှုန့်များ အလိမ်းလိမ်းကပ်နေသော သူ၏ နေကာမျက်မှန် နက်နက်ကြီးကို ချွတ်၍ လည်မှာပတ်ထားသော အညာတဘက်ဖြင့် သုတ်ပစ်ရင်း –

"ဘယ်လိုတုံး။ ဆင်ခုံတိုင်ကျောက်တောင်ကြီးကို ပျော်ပွဲစားသွားတယ်ဆို။ ပြန်ခဲ့ပြီလား ..."

"ဟုတ်တယ်။ သူတို့ကို ပြန်ပို့မလို့ ဦးမြကြိုင်ကားကို စောင့်နေတာ"

"ဟာ ... သိပ်ရတာပေါ့။ ဆီပိုလေးတွေ သိမ်းသိမ်းထားတာ၊ ကုသိုလ်လိုချင်နေတာနဲ့ အတော်ပဲ"

"ဆီခိုးရောင်းတာ ကျွန်တော်မြင်ရင် ဖမ်းမှာနော်"

"မလုပ်ပါနဲ့။ ပေါက်ကျော်တို့၊ ငတက်ပြားတို့လို စိတ်ရှိလို့တော့မဟုတ်ပါဘူး။ လစာနှစ်ရာလေးနဲ့ ဘယ်လိုမှ စားမရလို့ပါ။ ဒါကြောင့် ဆရာလေးမမြင်အောင်ပဲ ထုပါမယ်။ နေဦး .. ကျွန်တော် ကျောက်သွားသွန်လိုက်ဦးမယ်"ဟု ပြောထားခဲ့ပြီး ဦးမြကြိုင် ကားကို ရှေ့ဆက်မောင်းသွားလေ၏။

ယုမေသည် တဲတားကြီးအောက်မှ ပြေးတက်လာ၏။ လက်မှာလည်း ဖက်စိမ်းဖြင့်ထုပ်ထားသော အထုပ်ကလေးသုံးလေးထုပ် ပါလာသည်။ ထိုအထုပ်ကလေးများကို မောင်အေးချမ်းနှင့် မခင်တင့်တို့အား ဖွင့်ပြသည်။ ပန်းပွင့်ကလေးများနှင့် အရောင်စုံသည့် ကျောက်ခဲလေးများ၊ ခရုခွံလေးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း ဦးလေး၊ သမီးရူးလာတဲ့ ပန်းပွင့်လေးတွေ မလှဘူးလား။ ပြီးတော့ ဒီမှာ ကျောက်ခဲလေးတွေနဲ့ ခရုခွံလေးတွေ"

"လှတာပေါ့ ယုမေရဲ့။ ပန်းလေးတွေလှသလို ယုမေလည်း လှပါတယ်"

ယုမေသည် ပခုံးလေးနှစ်ဖက် ကျုံ့လျက် ရယ်ပြီးသဘောကျနေသည်။

"ကဲ . . . ယုမေ၊ ပစ္စည်းတွေသိမ်းကွယ်။ တော်ကြာ ကားလာတော့မယ်"

မောင်အေးချမ်းက ယုမေအား ပြောနေစဉ်မှာပင် ဦးမြကြိုင်၏ ကားဝါကြီး ဆိုက်ရောက်လာလေသည်။ ယုမေနှင့် မခင်တင့်တို့လည်း ပစ္စည်းများကို ကပျာကယာ တင်ကြလေသည်။

"ကဲ . . . မခင်တင့်၊ ကျွန်တော် မလိုက်တော့ဘူး။ ရတယ်မဟုတ်လား"

"ရပါတယ် မောင်လေးရဲ့။ ဒီတော့ မောင်လေး နောက်ဘယ်နေ့လောက် မမတို့ဆီ ပြန်လာမလဲ"

"စားနပ်ရိက္ခာလိုတဲ့နေ့။ နောက်လေးငါးရက်လောက်ဆိုရင်ပေါ့"

"ကောင်းပြီ။ တာ့တာ . . ."

ဦးမြကြိုင်လည်း "တို့ဆရာလေးက သိပ်ကိုလိမ္မာတယ်။ ဒါကြောင့် ချစ်ရတာ"ဟု ပြုံးဖြဲဖြဲဖြင့် ပြောသည်။ သူ၏ ဆီကျနံထုရန်ကိစ္စကို ရည်ရွယ်ပြီးပြောကြောင်းကို မောင်အေးချမ်းနားလည်လိုက်သည်။ နောက် ဦးမြကြိုင်သည် ကားကို အရှိန်ဖြင့် မောင်းထွက်သွားလေသည်။

မခင်တင့်နှင့် ယုမေတို့ စီးသွားသော ကားကြီး မြင်ကွင်းက ကွယ်သွားမှ မောင်အေးချမ်း စခန်းသို့ တစ်ယောက်တည်း လျှောက်လာခဲ့၏။ တဲရုံကြီးသို့ ရောက်လျှင် လုပ်ဖော်ကိုင်ဘက်၊ စားဖော်သောက်ဘက် တစ်ယောက်မျှမရှိ၍ ကိုယ်တိုင် အိုးခွက်ကိုကိုင်ပြီး ချက်ပြုတ်ရ၏။

သည့်တဲရုံကြီးတွင် မောင်အေးချမ်း တစ်ယောက်တည်း နေခြင်းမဟုတ်ပေ။ အခြား ကန်ထရိုက်လုပ်ငန်းရှင်များ၊ ကားသမားများနှင့် မောင်အေးချမ်း၏ သူငယ်ချင်းအချို့တို့လည်း ရံခါ လာရောက်နေထိုင်ကြသည်။ သည်နေ့တွင် တစ်ယောက်မျှ မတွေ့ရပေ။ ဘယ်ဆီကို ထွက်သွားနေကြသည်မသိ။

ထို့ကြောင့် မောင်အေးချမ်းကိုယ်တိုင်ပင် အိုးတောခွက်တောကို ဝင်ရလေ၏။ ထမင်းအိုးကို ဦးစွာတည်ထားလိုက်ပြီး၊ ချေသားကို ဆီပြန်တစ်အိုးချက်သည်။ အရိုးအရင်းများကို သပြုသီးနှင့် ချဉ်ရည်ကျိုသည်။ ဘူးညွှန့်ပြုတ်ပြီး ငရုတ်သီးတစ်ခွက်ထောင်းသည်။ ဟင်းကား ထိုမျှသာ ဖြစ်သည်။

မောင်အေးချမ်းသည် ချက်ပြုတ်ပြီးနောက် အပြင်ကို မျှော်ကြည့်ပြန်သည်။ တစ်ယောက်မျှ လာနေသည်ကို မတွေ့ရပေ။ ထို့ကြောင့် တစ်ယောက်တည်းပင် ထမင်းပွဲကိုခင်းပြီး စားသောက်လေ၏။ ချေသားဟင်းပါသောကြောင့် ထမင်းမြိန်သည်။ ချေသားဟင်းကို မည်ကဲ့သို့ချက်စားသည်ဖြစ်စေ အရသာရှိသည်။

ချိုသောကြောင့် ဟင်းရည်သောက်ချက်လျှင်လည်း အလွန်အမင်းကောင်းသည်။ ယခု အရိုးသပြုသီးဟင်းသည်ပင် အတော်လေး သောက်ကောင်းနေသည်။ ထို့ကြောင့် မောင်အေးချမ်းလည်း သူငယ်ချင်းများကိုမျှော်ရင်း စားချလိုက်ရာ ထမင်းဟင်းအိုး တစ်ဝက်ကျွတ်လေသည်။

စားသောက်ပြီးနောက် အိုးခွက်ပန်းကန်များကို သိမ်းဆည်း ဆေးကြောသည်။ မိုးလည်းချုပ်လေပြီ။ သူငယ်ချင်းများ မရှိကြ၍ စကားပြောမည့်သူလည်း မရှိပေ။ ထို့ကြောင့် သွားတိုက်၊ စာတစ်အောင့်ဖတ်ပြီး အိပ်ရာဝင်လာခဲ့သည်။ နေ့ခင်းက ပျော်ပွဲစားသွားခဲ့သည့်အကြောင်းကို ပြန်ပြောင်းစဉ်းစားနေမိသည်။

တသီတတန်းကြီး စဉ်းစားရင်းက မခင်တင့်ဆီကို ရောက်သည်။ မခင်တင့်သည် မောင်အေးချမ်းအား နှစ်နှစ်ကာကာ ချစ်နေမိသူ ဖြစ်သည်။ မောင်အေးချမ်းက မိမိထက် အသက် ၁၀ နှစ်နီးပါး ကြီးသူဖြစ်၍ တုံ့ပြန်ချစ်ရန် စိတ်ကူးမရှိခဲ့ပေ။ ထို့ကြောင့်လည်း သူက မည်မျှအထိပင် နီးစပ်မှုရှိလာနေသည့်တိုင်အောင် တုန်လှုပ်ခြင်းကင်းစွာဖြင့်ပင် နေထိုင်လာခဲ့သည်။

သို့သော်လည်း တွေ့ဖန်၊ မြင်ဖန်၊ ထိတွေ့ဖန် များလာသောအခါ အိပ်ပျော်နေသော မောင်အေးချမ်း၏ နှလုံးသားသည် အသက်ဝင်စပြုလာသယောင် ရှိ၏။ အသိအမှတ်ပြုချင်လာ၏။ အတွေး၌လည်း မခင်တင့်ဟူသော နေရာလေးတစ်ခု ယူစပြုလာနေ၏။ သို့သော် အသက်ချင်း မညီမျှဟူသော အသိစိတ်က သာ၍နေရာကျယ်ကျယ်ယူထား၏။

ဤမျှသော အသက်ကွာဟမှု ပမာဏသည် ယောကျ်ားလေးကကြီးပြီး၊ မိန်းကလေးကသာ ငယ်နေပါမူ သိပ်ပြီးပြောစရာမရှိပေ။ ထိုအတိုင်းအတာမျှ အသက်ကွာဟသော အိမ်ထောင်ရှင်များသည်လည်း များစွာပင်ရှိကြသည်။ ထိုမျှကွာဟသော အိမ်ထောင်ရှင်များကိုလည်း စကားအနေအားဖြင့် ပြောဆိုသည်ကိုပင် သိပ်ပြီး မကြားမိပေ။

မိန်းကလေးကကြီးပြီး ယောကျ်ားလေးကသာ ငယ်နေပါမူ ညားသည်မှ သေသည်အထိ မြေးမြစ်များတိုင်အောင်ပင် ပြောဆိုလေ့ရှိတတ်ကြသည်။ ထို့ကြောင့် မောင်အေးချမ်းက စဉ်းစားနေခြင်း ဖြစ်သည်။ ကြာကြာစွဲ၍ အပြောခံနေရမည့် ကိစ္စကြီးကို ရှောင်ကြဉ်သည်က အကောင်းဆုံးဟုလည်း မှတ်ယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com

မခင်တင့်သည် မောင်အေးချမ်းထက် အသက်ကြီးသည်ကလွဲလျှင် အခြားပြောဆိုစရာ မရှိပေ။ ရုပ်ရည်လေး သင့်သည်။ ဖြူဖြူချောချော၊ မိန်းမပီသသည်။ မိန်းမတစ်ယောက် ရှိသင့်သော ရုပ်လက္ခဏာများရှိသည်။ စိတ်ရင်းလည်းကောင်းသည်။ စီးပွားရေးကို ကြည့်လျှင်လည်း ကိုယ်ပိုင်ပွဲရုံကြီးနှင့် ဆိုင်ခန်းလည်း လေးငါးခန်းပိုင်ဆိုင်သည်။ သီးပင်စားပင်များပြည့်စုံသည့် ခြံကျယ်ကြီး(ဥယျာဉ်)လည်းရှိသည်။

သို့သော်လည်း မောင်အေးချမ်းသည် မိန်းမဘက်မှ ပါလာမည့် ဥစ္စာနေကို စိတ်မဝင်စားပေ။ ယောကျ်ားပီပီကိုယ်တိုင်သာ လုပ်ကျွေးချင်သည်။ လုပ်ကျွေးနိုင်သော အစွမ်းအစလည်းရှိသည်။ လက်ရှိတွင်လည်း လူပေါင်းတစ်ထောင်ကျော်ကို ဦးစီးဦးရွက်ပြုပြီး အစိုးရလမ်းစီမံကိန်းကို လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ငွေလည်းရွှင်သည်။

ခက်သည်က မခင်တင့်သည် မိမိထက် အသက်ကြီးသည်ဟူသော အတွေးက ကြီးမားဖိစီးလျက်ရှိသည်။ နှောင့်ယှက်လျက်ရှိသည်။ အဟန့်အတားဖြစ်နေရသည်။ မောင်အေးချမ်းအား အမြဲတမ်းလည်း ခြောက်လှန့်လျက်ရှိသည်။ တစ်သက်ပတ်လုံး စွဲတည်မည့် ခြောက်လှန့်ခြင်းမျိုး ဖြစ်သည်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းသွားမည့် ခြောက်လှန့်ခြင်းမျိုးလည်း ဖြစ်သည်။

မခင်တင့်ပြောသွားသည့် စကားများထဲမှ နှစ်ခွန်းကို မှတ်မိနေသည်။

"ကြီးလျှင်မို၊ ငယ်လျှင်ချီ"တဲ့။

"သူချစ်ကိုရှာ"တဲ့။

သူ့စကားများက မဆန်းသော်လည်း ရိုး၍မသွားသော စကားတစ်ရပ်သာ ဖြစ်သည်။ မှန်ကန်ပြီး ရိုးစင်းသည်။ လူသုံးများသည်။ ခေတ်အဆက်ဆက်မရိုးသောစကားလည်းဖြစ်သည်။ ယောကျ်ားငယ်၍ မိန်းမကြီးသော အိမ်ထောင်ရှင်အားလုံးနီးပါး သည်စကားအဆိုနှင့် ညီညွတ်မှုရှိကြသည်ကိုလည်း တွေ့ဖူးသည်။

မောင်အေးချမ်းသည် ယခင်အခါများက သည်အတွေးမျိုး ခေါင်းထဲသို့ မဝင်ရောက်ဘဲ ရှိလာခဲ့ရာ ယခုအခါ ခေါင်းထဲ၌ နေရာတစ်ခုသဖွယ် အသက်ဝင်စပြုလာမိ၏။ အဘယ်ကြောင့်နည်း။ မခင်တင့်၏ ယုယမှုကြောင့်လား။ မကြာခဏပင် မခင်တင့်က ထိတွေ့သိုင်းဖက်နမ်းရှုပ်နေခြင်းကြောင့်လား။ မခင်တင့်၏ အချစ်နှင့်စပ်သော စကားများကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုလာခြင်းကြောင့်ပင်လား။

မောင်အေးချမ်း မခွဲခြားတတ်ပေ။ နားလည်နိုင်စွမ်းလည်း မရှိပေ။ ထိုထိုအတွေးများသည်လည်း မောင်အေးချမ်း၏ အစဉ်းစားဉာဏ်ထဲသို့ ဝင်ရောက်လာနေမိပြီ၊ သည်နေ့မှစ၍ ဝင်ရောက်လာနေသော ထိုအတွေးသည် မည်မျှကြာအောင် စွဲ၍ တည်နေလေမည်နည်း။ တဒင်္ဂလား။ ထာဝရလား။

သို့သော်လည်း မိမိထက် အသက်ပိုင်းခြား ကွာဟနေမှုတည်းဟူသော အသိစိတ်သည် ကြီးစွာသော အဟန့်အတားကြီး ဖြစ်နေ၏။ ထိုအတွေးကို ချိုးနှိမ်ပြီး ဝင်ရောက်ဆဲ စိတ်ကူးကို ပုံဖော်၍ ထိုသို့သော လမ်းခရီးကို လျှောက်လှမ်းပါမူလည်း အဆိုပါ အရိပ်မည်းကြီးသည် အသက်ရှင်နေသမျှကာလပတ်လုံး အသက်ဝင်၍နေပေလိမ့်မည်။ အချိန်ရှိတိုင်းလည်း အတွေးပေါ်ပြီး ပြောဆို၍နေပေလိမ့်မည်။

ထိုအရိပ်မည်းကြီး၏ ထက်ကြပ်မကွာလိုက်ပါလျက် ပြောဆိုခြင်း၊ ခြောက်လှန့်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း စသည်တို့ကို မောင်အေးချမ်း ခံစားနိုင်ပါမည်လား။ သတ္တိဗျတ္တိနှင့် ထိုက်သင့်သောဘုန်းလက်ရုံးတို့ ရှိတန်သလောက်ရှိနေပါလျက် မိမိ၏ အစွမ်းအစကို အားမကိုးဘဲ၊ အလံမလွှင့်ဘဲ၊ တန်ဖိုးမထားဘဲ တစ်ဖက်သူ၏ ကမ်းလှမ်းခြင်းနှင့် ပွင့်လင်းစွာ ပြောဆိုသိမ်းသွင်းခြင်းတို့ကို အားနာနာဖြင့် ပထမအရွယ်၏ ဘဝမဏ္ဍိုင်ကို ဤတွင် တစ်ခန်းရပ်လိုက်တော့မှာလား။

မောင်အေးချမ်းတွေးရင်းက ခေါင်းပူလာ၏။ ရှုပ်ထွေးလွန်းသောကြောင့် စိတ်၏ထွက်ပေါက်များကို ဆို့ပိတ်ရိုက်ချိုးခံရသကဲ့သို့လည်း ရှိလာ၏။ သည်အတွေးနှင့် အတွေ့အထိတို့သည် တစ်ကြိမ်တစ်ခါမျှ မရှိ၊ မကြုံဖူးသောကြောင့် ဖယ်ရှားတတ်ခြင်းလည်း မရှိပေ။ ငယ်သူတို့၏ စိတ်ဦးနှောက်သည် နုသောကြောင့် ထိခိုက်လွယ်၏၊ စွဲ၏၊ နှစ်၏။

မောင်အေးချမ်းအနေဖြင့် မခင်တင့်နှင့် ကင်း၍လည်း မရနိုင်ပေ။ လုပ်သားများစွာတို့၏ စားရေးသောက်ရေးကို အဓိကအားဖြင့် မခင်တင့်၏ ပွဲရုံကသာ အကြွေးယူပြီး ကျွေးမွေးနေရသည်။ တစ်လအတွင်း သုံးလေးကြိမ် အကြွေးယူထားသည်ကို လကုန်ပြီးတိုင်း သွားရှင်းရသည်။ ထိုသို့ သဘောရှိ၍ မခင်တင့်နှင့် ကင်းကင်းနေ၍လည်း မရနိုင်ပေ။

တစ်လတွင် သုံးလေးကြိမ် အရောင်းအဝယ်၊ အပေးအယူ ပြုလုပ်နေရသောကြောင့် မခင်တင့်က ထိုထိုစကားများကို နောက်တွင်လည်း အကြိမ်ကြိမ်ပြောဆိုနေဦးမည်ဖြစ်၍ မောင်အေးချမ်း အဘယ်သို့ နားလည်ပေးမည်နည်း။ အဖြေတစ်ရပ်အနေဖြင့်ကား ရှိ၏လော။ ထိုအဖြေသည် အဘယ်သို့သဘော ရှိလေသနည်း။

(နောက်လဆက်ရန်)

**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

## စလင်း-ဦးအောင်သိန်း

မြန်မာနိုင်ငံတရားစီရင်ထုံးများ Digest (ပြစ်မှုတရားမ) (၁၉၉၉-၂၀၁၀)ကို ပြုစုထုတ်ဝေခဲ့ရာ ဝယ်ယူအားပေးသူများကို အမှန်တကယ် ကျေးဇူးတင်ပါသည်။ ဒုတိယအကြိမ်ထုတ်ဝေရန် အကြံပြု တိုက်တွန်းသူများလည်း ရှိပါသည်။ ထုတ်ဝေရန် အစီအစဉ်လည်း ရှိပါသည်။ လောလောဆယ်တော့ မဟုတ်သေးပါ။ နှစ်စဉ်ထုတ်သည့် မြန်မာနိုင်ငံတရားစီရင်ထုံးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၁၁ ထိသာ ထုတ်နိုင်ပါသေးသည်။ ထပ်မံဖြည့်စွက်ရန် နည်းပါးနေသေးသည့်အတွက် ဒုတိယအကြိမ်ထုတ်ရန်ဆိုင်းငံ့ထားခြင်း ဖြစ်ပါသည်။ ပထမအကြိမ်ထုတ်ဘွင် ထုတ်ပြန်သည့် စီရင်ထုံးများက ကိုးကားသည့် စီရင်ထုံးများကို အောက်ခြေမှတ်စု (Foot Mote)တွင် ထည့်သွင်းဖော်ပြရန် ကျန်ရှိခဲ့ပါသည်။ ဒုတိယအကြိမ် ထုတ်ဝေသည့် အခါမှသာ ဖြည့်စွက်နိုင်တော့မည် ဖြစ်ပါသည်။

စာရေးသူသည် အမှုများ လိုက်ပါဆောင်ရွက်ရင်း တစ်ဖက်မှ ဝါသနာအလျောက် စာပေများရေးသားနေခြင်း ဖြစ်ပါသည်။ တရားစီရင်ရေးနယ်ပယ်တွင် ကျင်လည်နေရာ လူငယ်ရှေ့နေ မောင်မယ်လေးများနှင့်လည်း ထိတွေ့နေရပါသည်။ လူငယ်ပီပီ သွက်သွက်လက်လက်ဖြင့် တရားခွင်တွင် လိုက်ပါဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။ အပြောအဆိုလေးတွေလည်း ကောင်းကြပါသည်။ အမှုသည် လက်ခံအောင် ပြောနိုင်ဆိုနိုင်ကြပါသည်။ သို့သော် ဥပဒေဗဟုသုတတော့ အားနည်းနေကြသည်ကို တွေ့ရပါသည်။ အတွေ့အကြုံလည်း နည်းကြသေးတော့ ခွင့်လွှတ်နိုင်ပါသည်။

အတွေးအခေါ် အယူအဆ လွဲမှားမှုများလည်း ရှိနေပါသည်။ ရှင်းပြပါမည်။

စာရေးသူတို့ (အများသိကြသည့် မဆလခေတ်-မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်)အမှုလိုက်ပါ ဆောင်ရွက်သည့်အချိန်က အဖွဲ့ဖြင့် တရားစီရင်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြပါသည်။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း အဆင့်အလိုက် ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ ပါတီကော်မတီများကလည်း အဆင့်အလိုက် ကြီးကြပ်နေပါသည်။ တရားသူကြီးများသည် ဥပဒေ တတ်ကျွမ်းသူများမဟုတ်ပါ။ အချို့မှာ အတန်းပညာအားဖြင့် မူလတန်းအဆင့်သာ ရှိသူများ ဖြစ်ကြပါသည်။ နယ်မြို့လေးများတွင် ဖြစ်ပါသည်။ လယ်သမားများ၊ ကျပန်းလုပ်သားများလည်း ပါရှိသည်။ မြို့ကြီးပြကြီးများတွင်တော့ ထိုသို့ ဟုတ်ချင်မှ ဟုတ်ပါမည်။ ဥပဒေကျွမ်းကျင်သော တရားရေးအကြံပေးများ ခန့်ထားပါသည်။ ထိုစဉ်က တရားရေးအကြံပေးအချို့မှာ မည်သည့်တွဲ့မှ မရသူများ ရှိပါသည်။ တရားရုံးတွင် စာရေးဝန်ထမ်းလုပ်နေရာမှ ဌာနတွင်း စာမေးပွဲအောင်ပြီး အကြံပေးလုပ်နေသူများ တွေ့ရပါသည်။ ဥပဒေကိုတော့ ကျွမ်းကျင်ကြသည်ကို တွေ့ရပါသည်။

အလျဉ်းသင့်၍ ကိုယ်တွေ့လေးတစ်ခု တင်ပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေပေါက်စဘဝ ကျောက်တံခါးမြို့နယ် တရားရုံးတွင် ဖောက်ထွင်းခိုးမှု တစ်ခုလိုက်ပါခဲ့ရသည်။ အစအဆုံး လိုက်ပါခဲ့ခြင်း မဟုတ်ပါ။ ပဲခွယ်ကုန်းမြို့မရပ်ကွက် တရားသူကြီးမှာ စာရေးသူနှင့်ခင်မင်ပြီး တရားခံဖနီးမောင်နှံ့အတွက် အကျိုးဆောင်အဖြစ် ကူညီလိုက်ပါ ဆောင်ရွက်ပေးရန် ပြော၍ လိုက်ပါခဲ့ခြင်း ဖြစ်သည်။

ရှေ့နေကိုယ်စားလှယ်လွှဲစာ (Criminal Power) ရုံးသို့တင်သောအခါ "အပြီးသတ်လျှောက်လဲချက် အဆင့်ရောက်နေပြီ အကျိုးဆောင်ကြီး" ဟု လက်မခံလို (သို့မဟုတ်)ဆောင်ရွက်ရန် မရှိတော့၍ မတင်စေလိုသည့်သဘော ပြောဆိုပါသည်။ စာရေးသူလည်း "ဟုတ်ကဲ့ . . . လျှောက်လဲချက်အတွက် တင်ခွင့်ပြုပါ" ဆိုပြီး တင်ခဲ့ပါသည်။

တရားခံသုံးဦးတွင် ဖောက်ထွင်းသူ တရားခံနှစ်ဦးနှင့် ခိုးရာပါပစ္စည်းလက်ခံသူ ဖနီးသည်ကို တရားခံအဖြစ် ထည့်သွင်းစွဲဆိုထားခြင်း ဖြစ်သည်။

စာရေးသူမှာ ဥပဒေဝမ်းစာ မပြည့်ဝ။ အတွေ့အကြုံကလည်း မရှိ။ လုပ်သက်ကလည်း စလုံးရေ စပဲရှိသေးသည့် အချိန်။ ညောင်လေးပင်မြို့နယ်တရားရုံးမှာ တရားရေးဝန်ထမ်းအဆင့်-၄ နဲ့ အကြံပေး လုပ်နေသူ။ အိမ်နားနီးချင်းထံ အကြံဉာဏ်တောင်းရပါသည်။ သူသည် လုပ်သက်အတော်အသင့်ရှိပြီး ဥပဒေကို အထူးလေ့လာသူလည်း ဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ-၂၇ ကို ကိုးကားပြီး လျှောက်လဲတင်ပြခဲ့ပါသည်။ ဖနီးဖြစ်သူ အပြီးအပြတ် လွတ်သွားပါသည်။

တရားစီရင်ရေးအဖွဲ့ကို တစ်ပြားမှ မပေးရပါ။ လက်ဖက်ရည်လည်း မတိုက်ရပါ။ ထိုကာလက ဥပဒေတင်ပြနိုင်လျှင် ရုံးတော်က ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ပါသည်။ ထို့ကြောင့် အကျိုးဆောင်များ ဥပဒေကို လေ့လာကြရပါသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း တရားစီရင်ရေးစနစ် ပြောင်းသွားသည်။ အများသိကြသည့်အတိုင်း လာဘ်ပေးလာဘ်ယူမှုတွေ များလာသည်။ ဝင်နိုင်ထွက်နိုင်၊ ဝင်တတ်ထွက်တတ်ဖို့ အဓိက ဖြစ်လာသည်။ တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်လာသည်။ ထိုကာလအတွင်း ရှေ့နေလောကသို့ ဝင်ရောက်လာသူများသည် ဥပဒေကို သာမန်လုပ်စားကိုင်စား၍ ရရုံမျှ သဘောထားပြီး လာဘ်ပေးလာဘ်ယူက အဓိကဟု သဘောပိုက်လာသည်။

မမှန်ကန်သော နည်းလမ်းသည် ရေရှည် အကျိုးမရှိနိုင်။

ယနေ့ ဒီမိုကရေစီခေတ်ပြောင်းကာလတွင် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်အောင် ထိန်းကျောင်းမှုများ ဘက်ပေါင်းစုံမှပြုလုပ်လာရာ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာပြီဟု ဆိုနိုင်ပါသည်။ လူငယ်ရှေ့နေ မောင်မယ်လေးများ အပြောင်းအလဲကာလတွင် လိုက်လျောညီထွေ ချက်ချင်းပြောင်းလဲ မလိုက်နိုင်သည်ကို တွေ့ရပါသည်။ ဤဟာကွက်ကို စာရေးသူ တွေ့မြင်နေပါသည်။ စာရေးသူ တွေ့မြင်နေသည်ကို သူတို့လေးတွေ အသုံးတည့်အောင် တတ်နိုင်သမျှ ရေးသားပြုစုရန် စာအုပ်ထုတ်ဝေရန် စီစဉ်ထားပါသည်။

လမ်းလျှောက်တတ်စကလေးကို လူကြီးက ထိန်းကျောင်းပေးရသကဲ့သို့ နည်းလမ်းမမှန်သည်ကို မှန်အောင် အတွေ့အကြုံရင့်ကျက်သော လူကြီးများက လူငယ်မောင်မယ်လေးများကို လမ်းညွှန်မှု ပြုရပေမည်။ ထိုတာဝန်ကျေပွန်မှသာ အနာဂတ်ရှေ့နေလောက ထွန်းပြောင်နိုင်ပေလိမ့်မည်။

မူလလမ်းကြောင်း ဥပဒေဘက် လှည့်ကြစို့။

"အမှားကိုရှောင်-အမှန်ဆောင်နိုင်ပါစေ" ဟု တရားရုံးများ မှားယွင်းဆုံးဖြတ်မှုများကို တင်ပြခြင်းမှာ တရားသူကြီးများလည်း မှန်စေ၊ ဥပဒေအရာရှိများ၊ ရှေ့နေ ရှေ့ရပ်များကလည်း အမှားကို ထောက်ပြနိုင်ကြစေရန် ရည်သန်တင်ပြခြင်း ဖြစ်ပါသည်။ မှားယွင်းဆုံးဖြတ်မှုများဟု ဆိုရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း မှားယွင်းမှု၊ ကျင့်ထုံးနှင့် မကိုက်ညီမှုများကို အဓိက ဆွေးနွေးတင်ပြပါသည်။ အမှုဖြစ်အကြောင်းခြင်းရာအပေါ် အယူအဆ မကိုက်ညီမှုများကိုမူ လိုအပ်မှသာ ဆွေးနွေးတင်ပြပါသည်။

၂၀၀၁ ခုနှစ် တရားစီရင်ထုံးများ စာမျက်နှာ-၂၄ ပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မနီနီစိုးပါ-၂ အမှုကို ဆွေးနွေးတင်ပြပါမည်။

မနီနီစိုး၏ခင်ပွန်း ကိုရီသန်း နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ရန် ငွေကြေးလိုအပ်သဖြင့် ၎င်းတို့ဇနီးမောင်နှံသည် ဒေါ်မိုးမိုးအေးထံ သွားရောက်ပြီး အကူအညီတောင်းသည်။ ငွေကျပ် သိန်းနှစ်ဆယ်ကျော်ကို အထိထိ

www.burmeseclassic.com

ရယူခဲ့သည်။ နိုင်ငံခြားမှ ပြန်ရောက်လျှင် ပေးဆပ်ပါမည်ဟု ပြောဆိုခဲ့သော်လည်း လက်တွေ့တွင် ပေးဆပ်ခြင်း မပြုသည့်အတွက် ရာဇဝတ်မှုစွဲဆိုသည်။ သဃ်န်းကျွန်းမြို့နယ် တရားရုံးမှ ငွေရလိုမှုဖြစ်၍ တရားမကြောင်းအရ စွဲဆိုရမည့် အမှုဖြစ်သည်ဟု သုံးသပ်ပြီး တရားခံများကို အပြီးအပြတ် လွှတ်ခဲ့သည်။

ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်သို့ အယူခံဝင်သည်။

တရားရုံးချုပ်မှ ထောင်ဒဏ်လေးနှစ်စီ ကျခံစေသည့်အမိန့် ချမှတ်သည်။ ထိုအမိန့်သည် ဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ ဆုံးဖြတ်နိုင်ရန် တရားရုံးချုပ်မှ အထူးအယူခံမှု ဖွင့်လှစ်သည်။ တရားခံများက အထူးအယူခံဝင်ခွင့် တင်သွင်းခြင်း မဟုတ်ပါ။

သဃ်န်းကျွန်းမြို့နယ် တရားရုံးတွင် အမှုလက်ခံစစ်ဆေးသော တရားသူကြီးသည် ပထမတန်း အာဏာရ တရားသူကြီးဖြစ်သည်။

အမှုတွင် ပေါ်ပေါက်ချက် အကျဉ်းချုပ်မှာ ဤမျှသာ ဖြစ်သည်။

အထူးအယူခံမှု ဖွင့်လှစ်ရခြင်းမှာ တရားခံများအပေါ် ပြစ်ဒဏ်သတ်မှတ်ချက်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၃(၃) နှင့် ကိုက်ညီမှုရှိမရှိ သုံးသပ်နိုင်ရန်သာ ဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိချက် မှန်မမှန်အပေါ် အယူခံ တင်သွင်းခြင်း မဟုတ်ပေ။

နိုင်ငံတော်အတွက် လိုက်ပါသည့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးမှ မူလမှုစစ်သော တရားသူကြီးသည် ပထမတန်း အာဏာရတရားသူကြီး ဖြစ်၍ ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်သည့် အာဏာသာရှိကြောင်း တရားရုံးချုပ်မှ ထောင်ဒဏ်လေးနှစ်စီ ကျခံစေရန် ပြစ်ဒဏ် စီရင်ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၃(၃) နှင့် ကိုက်ညီမှုမရှိကြောင်း စီရင်ထုံးပါ ကိုးကား၍ လျှောက်လဲတင်ပြသည်။

အယူခံတရားခံများ၏ အကျိုးဆောင်က အရပ်စကားနှင့် ဆိုရလျှင် အဆစ်တောင်းသည်ဆိုရမည် ထင်သည်။ တရားရုံးချုပ်မှ ပြစ်ဒဏ်လေးနှစ်စီ ကျခံစေခြင်းသည် ဥပဒေနှင့်မကိုက်ညီကြောင်း မူလရုံးအမိန့်ကို အတည်ပြု၍ အပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်လဲသည်။

အထူးအယူခံအတွက် ကြားနာရန်မှာ တရားရုံးချုပ်၏ ထောင်ဒဏ်လေးနှစ်စီ ကျခံစေရန် ချမှတ်ခြင်းသည် ဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ တင်ပြရန်သာ ဖြစ်ပါလျက် အပြီးအပြတ် လွှတ်သင့်ကြောင်း လျှောက်လဲချက်ပေးခြင်းသည် မလိုအပ်ဘဲ တစ်နည်းအားဖြင့် မဆိုင်ဘဲ တင်ပြနေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အထူးအယူခံရုံးတော်က မှတ်ချက်ပြုလိုက်ခြင်း ဖြစ်သည်။

ပထမတန်း အာဏာရ တရားသူကြီးအမိန့်နှင့် တရားရုံးချုပ်အမိန့်သည် ဆန့်ကျင်ဘက် အစွန်းတစ်ဖက်စီ ဖြစ်နေသည်။ အကြောင်းခြင်းရာအပေါ် သုံးသပ်ချက် မတူသည်မှာ သဘာဝကျပါသည်။ အမြင်ချင်းထပ်တူကျချင်မှ ကျပါမည်။ သို့သော် ဥပဒေလုပ်ထုံးလုပ်နည်းပိုင်းတွင်တော့ အတွေးအခေါ် မလိုအပ်ပါ။ ဆင်ခြင်သုံးသပ်ရန် မရှိပါ။ ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ ယခုဆောင်းပါးများသည် လုပ်ထုံးလုပ်နည်း ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု ရှိမရှိကို အဓိကထား တင်ပြခြင်း ဖြစ်ပါသည်။

ဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့်အတိုင်း တရားရုံးများက လိုက်နာဆုံးဖြတ်ရန် ဖြစ်ပါလျက် ပျက်ကွက်ခြင်း၊ လွဲမှားကျင့်သုံးခြင်းသည် ကျင့်ထုံးကို မကျေညက်ဟုသာ ဆိုရပါမည်။ အောက်ရုံးများက မှားသည်ကို အလွယ်တကူ လက်ခံနိုင်ပါသည်။ အတွေ့အကြုံ နုနယ်သေး၍ ဖြေတွေး၍ ရပါသည်။ တရားရုံးချုပ်အဆင့်က မှားယွင်း၍ အထူးအယူခံမှု ဖွင့်ရသည့် အဖြစ်မျိုးတော့ မဖြစ်သင့်ဟုထင်သည်။ လုပ်ထုံးလုပ်နည်းမဟုတ်ဘဲ အခြားခက်ခဲသည့် ဥပဒေပြဿနာမျိုးကိုတော့ မဆိုလိုပါ။

မဆလခေတ် ပဲခူးတိုင်းတရားရုံးတွင် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်တုတ်၏ ဥပဒေကို အလေးထားကြောင်း ယခုဆောင်းပါးတွင် တင်ပြရန် နေရာမရတော့၍ နောက်ဆောင်းပါးတွင် ဆက်လက်ဖတ်ရှုကြပါရန် အမှာပါးလိုက်ရပေသတည်း။

*စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ ...။*

**စလင်း–ဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ・ဆ・ပ・လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည် ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂/၇၀၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင်
# မြန်မာ့မှတ်တမ်းပုံရိပ်များ

ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

**ထွက်ပြီ**

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

**ဖြန့်ချိရေး**

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

# သွေးချောင်းက လျှို

## မြဝတီ

(အခန်းဆက် ဝတ္ထုရှည်)

အသာ ဦးထွန်းရုံကိုယ်တိုင်ကပင် ကျွန်တော့်ကို သားသမီးအရင်းသဖွယ် လိုက်လျောမှုတွေ ရှိနေပါသည်။

ဥပမာ -

ထိုနေ့ည ရရှိသော ထမင်းဟင်းများကို သူတို့ မိသားစုနှင့်အတူတူ ပေါင်း၍ စားသောက်ရသည်။

ထမင်းမှာ ဆန်လုံးညိုဖြစ်ပြီး အောက်စော်နံကာ ရှိနေ၏။ သည်အထဲတွင် မိုးကလေး ရွာချလိုက်သောကြောင့် ထမင်းမှာ ပျော့ထွက်သွားသည်။

ချွေးတပ်အလုပ်သမား အားလုံးအား ပန်းကန်ပြားများ မပေးနိုင်သောကြောင့် အင်ဖက်ကြီးများ နှုးကာ ထမင်းချက်သောနေ့ရာနှင့် မကွာသော စမ်းချောင်းကလေး ဘေးတွင် တန်းစီ စားသောက်ကြရ၏။

အင်ဖက်များနှင့် အလုပ်သမားများ စားသောက်နေစဉ်ကာလဝယ်ကျွန်တော်က အသာ ဦးထွန်းရုံတို့ မိသားစုနှင့်အတူ စားသောက်ရသည်။ သူတို့မိသားစုကို အခွင့်အရေး ပေးထားခြင်းမှာ သီးသန့် ဆန်နှင့်အသားများကို အိမ်ထောင်သည်များအား ထုတ်ပေးရန် စခန်းမှူးကြီးက အမိန့်ပေးထားသောကြောင့်ဟု သိရ၏။

အနန်းကွင်း စခန်းတွင် စခန်းမှူး ၆ ဦးရှိရာ ထိုစခန်းမှူး ၆ ဦးတွင် ကျွန်တော်တို့ မြင်းခြံ လက်ရုံးတပ်ခေါ် ချွေးတပ်ကို တာဝန်ခံ လက်လွှဲယူလာသော မာစတာကြီးသည် ထိုစခန်းမှ စခန်းမှူးတစ်ဦး ဖြစ်ပါလေသည်။

ကျွန်တော့်အား အသာ ဦးထွန်းရုံက သူတို့နှင့်အတူ ထမင်းစားသောက်ရန်ပြောခဲ့သည်။ မခင်မွှေးနှင့် ညီမလေး မခင်အေးတို့က ထမင်းဟင်းများ ချက်၍ ထားသည်မှာ ဆာလာသော ကျွန်တော့်အတွက် ပို၍ ဆာလောင်စေသည်။

မှန်သည်။ အားလုံးသော ချွေးတပ်သားများအတွက် ချက်ထားသော ထမင်းမှာ အဝေးကပင် နံလှချေသည်။ ထို့အတူပင် ချက်ထားသော ဟင်းမှာလည်း အပုပ်နံ့ထွက်နေသော အမဲသားဟင်း ဖြစ်သောကြောင့် စားသောက်သူတိုင်းပင်လျှင် နှာခေါင်း တရှုံ့ရှုံ့ ဖြစ်လျက် ရှိနေချေသည်။

ကိုဘကျော်မှာ ကျွန်တော်တို့ ထမင်းဝိုင်းသို့ စားဖို့မှ ဟင်းနှင့် ထမင်းများယူလာသည်။ အမှန်တော့ သူယူလာသော ထမင်းနှင့် ဟင်းများမှာ စားနိုင်စရာ မရှိအောင်ပင်ဖြစ်နေသည်။

ထမင်းမှာ မိုးရေနှင့်ထိ၍ ပျော့နေပြီး အောက်စော်နံ့သလို အမဲသားဟင်း အပုပ်နံ့ကလည်း လုံးဝ မပျောက်ချေ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင်ကျော်ကလည်းတော် ဒီအမင်း ဒီဟင်းတွေ ယူလာရသေးတယ်။ ဒီမှာ ကျုပ်တို့ ချက်ထားတာကိုပဲ စားရော့ပေါ့"

"ဟုတ်သားပဲ မောင်ကြီးရဲ့ ဒီထမင်းတွေက သိပ်နံတာပဲ"

ဤသို့ ပြောလိုက်သောကြောင့် သူတို့ ညီအစ်မ နှစ်ဦးစလုံးကပင် ကျွန်တော့်ကို ပြုံး၍ ကြည့်လိုက်သည်။

ထိုအခိုက် အောင်သန်း ရောက်လာသည်။ သူ၏ လက်ထဲတွင် ထမင်းပန်းကန်ကြီးကို ကိုင်ထားသည်။

"အရီး ဘာဟင်းချက်လဲ"

"မင်းတို့ စားတဲ့ ဟင်းပေါ့ဟ၊ အောင်သန်းရေ လာလာ"

ဦးထွန်းရုံသည် ထမင်းတစ်လုတ်ကို ပါးစပ်တွင်း သွင်းရန်ဆဲဆဲမှ ခေါ်လိုက်ခြင်းဖြစ်၏။

အထူးသဖြင့် အညာ ငရုတ်သီးထောင်း ဆားဖြူး ဆီဆမ်းထားသော ငရုတ်ထောင်း ငါးပိကလေးမှာ ဟင်းကောင်း ဟင်းမွန်ပိုင်းကြီး ထင်ရအောင် အရသာ တွေ့လှသည်။

ထမင်းစားသောက်နေစဉ် "စားကောင်းရဲ့လား မောင်အောင်နိုင်၊ မင်းပါးတော်တော်နာနေသေးလား" ဟု အဘဦးထွန်းရုံက မေးလိုက်၏။

"ဘာပြုလို့လဲ အဖေ"

"မောင်အောင်နိုင်က ငမဲကြီးကို ပြန်ပြောတဲ့အတွက် ဂျပန်တပ်ကြပ်ကြီးက ပါးရိုက်ခဲ့တာပေါ့"

"ဟင်··တော်တော်နာသွားသလား မောင်ကြီး"

မခင်မွေးသည် ကျွန်တော့်အား စိုးရိမ်သံကလေးဖြင့် မေးလိုက်သည်။

ကျွန်တော်က ပါးရိုက်ခံရသော အကြောင်းကို မခင်မွေးတို့အား ပြောမပြခဲ့ပေ။ ကျွန်တော်၏ ဘဝတစ်သက်တာတွင် ဤကဲ့သို့ပါးရိုက်ခံခဲ့ရခြင်းသည် ပထမအကြိမ်ပင် ဖြစ်ချေသည်။

မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ မြန်မာများ၏ ခံယူထားချက်မှာ ဦးခေါင်းပိုင်းသည် အမွန်အမြတ် ရတနာတစ်ပါးဖြစ်သည်။

မြန်မာ့ဦးစွန်းဟု ဆိုအပ်သော ဆံပင်ကို ကိုင်ခြင်းသည်ပင် ကြီးမားသော စော်ကားချက်တစ်ရပ် ဖြစ်သည်။ ပါးကို ရိုက်လျှင် အဘယ်ကဲ့သို့ ဆိုအံ့ပါမည်နည်း။ ထို့ကြောင့် မြန်မာတို့၏ ယဉ်ကျေးမှု ခံယူချက်နှင့် ဂျပန်စစ်သားအရိုင်းတို့၏ ခံယူချက်တို့သည် မိုးနှင့်မြေပမာ ကွာခြားနေသည်။ မြန်မာအမျိုးသားတို့၏ ရှေ့မှာပင် ဂျပန်စစ်သားတို့ ကိုယ်တုံးလုံးချွတ်၍ ရေချိုးခြင်း၊ ကျင်ငယ်ကို လူသူရှေ့တွင် စွန့်ခြင်းစသော မဖွယ်ရာသည့် ရိုင်းပျသော အကျင့်များကို ဂျပန်စစ်သားများက အများဆုံး ပြုလုပ်ခြင်းဖြစ်၏။

ဂျပန်တို့အား အရှေ့တိုင်းသားတစ်ဦးဖြစ်ပြီး အရှေ့တိုင်း စက်မှုထွန်းကားသော တိုင်းပြည်အဖြစ်နှင့် ဂုဏ်ယူမိခြင်း၊ သိပ္ပံအား ကြွယ်ဝမှုနှင့် စစ်ရေးပြိုင်ဆိုင်မှုများတွင် အင်္ဂလိပ်နှင့် အမေရိကန်တို့ကိုပင် ထိုးစစ် ဆင်နွှဲအောင်ပွဲခံယူနိုင်ခြင်း စသည်တို့ကား မြန်မာတို့အပေါ်ဝယ် အထင်ကြီးစေသော အချက်အလက်များဖြစ်သည်။

ပြီး···ဂျပန်တို့၏ သိမ်မွေ့သော ယဉ်ကျေးမှုများကို ကြားသိထားခဲ့ရသော မြန်မာများအဖို့ ဂျပန်တို့ကို မြန်မာတို့ထက်ပင် ယဉ်ကျေးမှု ရှိသူများအဖြစ်ဖြင့် လက်ခံထားမိကြသည်။

ယင်းကြောင့်လည်း မြန်မာ့နယ်မြေစစ်ပွဲတွင် ဂျပန်တို့နှင့် ပူးပေါင်းကာ အရင်းရှင်နယ်ချဲ့ အင်္ဂလိပ်အစိုးရစစ်တပ်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ တိုက်ပွဲပြီး၍ မကြာသေးမီ ဂျပန်စစ်သားများသည် စစ်ဘီလူး အသွင်သို့ ထင်ရှားစွာ သရုပ်ပြလာကြသည်။

ဂျပန် စစ်သားတိုင်းတွင် ဂျပန်လူမျိုး၏ ယဉ်ကျေးမှုကို ရှာဖွေမတွေ့နိုင်အောင် ပျောက်ကွယ်နေပြီး စစ်အရာရှိများကလည်း စစ်ဝါဒီကြီးများပီပီပင် တွေ့လာရသည်။

ယနေ့တော့ ကျွန်တော်တို့အဖို့ ဘာများ တတ်နိုင်ပါမည်နည်း။ စစ်ဘီလူးတို့အား ကျွန်တော်တို့ လက်ခံထားခဲ့ရချေပြီ။ ထိုစစ်ဘီလူးတို့၏ ရက်စက်မှုအောက်ဝယ် ကျွန်တော်၏ ဘဝသည် လက်တွေ့ ခံစားနေရချေပြီ။

ကျွန်တော့်ကို ဂျပန်တပ်ကြပ်ကြီးက ပါးရိုက်လိုက်သဖြင့် တင်းခံနိုင်စေ

www.burmeseclassic.com

ကာမှ ဝမ်းထဲမှာ ငိုကြွေးနေမိ၏။ ကိုယ့်ဘဝ၏ ဒေါသအဟုန်ဖြင့် အစွမ်းရှိသလောက် တုံ့ပြန်ချင်ပါ၏။ သို့တစေ ကျွန်တော်တို့ လက်ထဲဝယ် အပ်တစ်ချောင်း ရှိပါသလော။

မှန်သည်။ "ကျွန်တော်တို့ အမျိုးသားများအပေါ် ဂျပန်စစ်သားများ မည်မျှအထိ လွှမ်းမိုးထားနိုင်မည်နည်း။ ကျွန်တော်တို့၏ အလှည့် ရောက်ခဲ့သော်ကား ဤမြေပြင်မှ ပြေးနိုင်အံ့ မထင်ပါချေ။

မခင်မွေး၏ မျက်နှာကလေးသည်သာ ကျွန်တော်၏ ပူလောင်သော အသည်းနှလုံးပေါ်တွင် အေးမြသော ရေစင်ဖျန်းနေချေသည်။ သူ၏ အပြုံးပွင့်ကလေးများသည်ပင် ကျွန်တော်၏ ဘဝယာတွယ်တာမိသည့် ကြယ်ပွင့်ကလေးများ ဖြစ်နေပါချေသည်။

* * *

ထမင်းများ စားသောက်ပြီးသော အချိန်မှာပင် ဦးမဲကြီးနှင့် သူ့တပည့် တစ်ဦး ရောက်ရှိလာသည်။

"ကြွပါ ဆရာကြီး၊ ကြွပါ"

ဦးထွန်းရုံက ပျာပျာသလဲ ခေါ်လိုက်ကာ နေရာပေးသည်။

ဦးမဲကြီးက မထိုင်သေးခင် ကျွန်တော့်အား မျက်လုံးများ ရွှေ့ကာ ကြည့်သည်။ ကျွန်တော်ကမူ သူ ကြည့်သည်ကို အရေးမစိုက်ဘဲ ခပ်အေးအေး ထိုင်နေမိသည်။ ဦးမဲကြီး ရောက်လာသောကြောင့် မခင်မွေးတို့မှာ အနီးသို့ မကပ်တော့ဘဲ ခပ်ဝေးဝေး သွား၍ ထိုင်နေသည်။

"ဟဲ...ဟဲ...ဟဲ ကျုပ်တို့ အဘိုးကြီးတော့ ကံ ထလာပြီဗျို့ အရေးကြီးတဲ့ သတင်းကလေး ပြောချင်လို့ဗျ"

ဦးမဲကြီးက ထိုင်ထိုင်ချင်းပင် တဟဲဟဲ ရယ်မောကာ ပြောလိုက်၏။

အဘ ဦးထွန်းရုံမှာ ထိုစကားကြောင့်ပင် ပြုံးပြုံးကြီး ဖြစ်သွားသည်။

ကျွန်တော်ကတော့မူ ဦးမဲကြီး၏ ပြောစကားသည် ဘီလူးတစ်ကောင်၏ ပဲ့တင်ဟီသံဟုပင် ထင်ရသည်။

"ဘယ်လိုများပါလိမ့် ဆရာကြီးရဲ့"

"ဒီလိုဗျ။ ဒီစခန်းကို အုပ်ချုပ်တဲ့ ဂျပန်မာစတာရဲ့ ထမင်းချက် ဟင်းချက်ဖို့အတွက် အမျိုးသမီးတွေ လိုနေတယ်။ သူတို့ကို ဂျပန်မာစတာကြီးက အထူး အခွင့်အရေး ပေးတယ်။ လခဆိုရင် အလုပ်သမားတွေထက် ပိုရတယ်။ ပြီးတော့ အဝတ်အစားဆိုတာတော့ မပြောနဲ့"

ဦးမဲကြီးက ဤသို့ပြောရင်းက မခင်မွေးတို့ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။

"ဘယ့်နယ်လဲဟေ့ ကလေးမ၊ နင်တို့ ရုပ်ရည်ကလေးနဲ့ဆိုရင် မာစတာကြီးက သိပ်သဘောကျမှာပဲ။ ဟဲ... ဟဲ...ဟဲ ဒီမှာ ဦးထွန်းရုံ ခင်ဗျားသမီးတွေလို ဖျတ်ဖျတ်လတ်လတ်ကလေး လုပ်တတ်တဲ့သူတွေဆိုရင် အခု ဒီမှာ ခိုင်းထားတဲ့ မွှန်မကလေးတွေထက် မာစတာကြီးက ပိုပြီး သဘောကျမှာ ပေါ့ဗျ ဟဲ...ဟဲ"

ကျွန်တော့်မှာ ဦးမဲကြီး၏ စကားကို ကြားရသဖြင့် နားခါးလှပါသည်။ အဘ ဦးထွန်းရုံကမူ ခပ်စောစောက ဝမ်းသာ အားရ ပြုံးသွားမိသလောက် ယခု အခါတွင် တည်ငြိမ်သော အသွင်ဖြင့် ရှိနေသည်။ ပြီး...စဉ်းစဉ်းစားစား ချိန်ဆ နေဟန်လည်း တူပါသည်။

"ကျုပ်ကတော့ ခင်ဗျားတို့ သားအဖတွေ ကောင်းစားဖို့ ပြောနေတာပဲ ဦးထွန်းရုံရဲ့"

"အင်း...ကျုပ် သမီးတွေက ဒီလိုအလုပ်မျိုးတွေလည်း လုပ်ခဲ့ဖူးတာလည်း မဟုတ်ဘူး ဦးမဲရဲ့ ကျုပ်သမီးတွေက အောက်သူတွေလိုလည်း လည်လည်ပတ်ပတ် ပြောတတ်ဆိုတတ်တာ မဟုတ်လေတော့ အမှားပါလာတဲ့အခါမှာ ဒုက္ခဖြစ်မှာ စိုးရပါသေးတယ်ဗျာ။ ကျုပ်တို့ ဗုဒ္ဓဘာသာမှာ မင်းနားခစား ကမ်းနားသစ်ပင်လို့ ဆိုတယ် မဟုတ်လားခင်ဗျာ၊ ကျုပ်သမီးတွေဆိုတာ အညာထမင်း အညာချက်ကလွဲလို့ မည်မည်ဖွယ်ဖွယ် ချက်တတ်တာ မဟုတ်လို့ ကျုပ်တော့ စိတ်မချပါဘူး။ ဖြစ်မယ်လည်း မထင်ပါဘူးဗျာ"

အဘ ဦးထွန်းရုံ ပြောလိုက်သော စကားသည် မှန်သောစကားကို ဆိုခြင်း ဖြစ်သည်။

သူတို့ ဘဝပေးသည် အညာမြေ တစ်ခွင် ယာခင်းတွင်းမှာပင် ကြီးပြင်းကြ



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ သဲကုန်းမြေဝယ် လူအား နွား အားဖြင့် ရင်းနှီးကာ လုပ်နိုင်ပါမှ ထမင်း တစ်လုတ် ဖြောင့်ဖြောင့် စားသောက်နိုင်ကြသည့် ဘဝတွင် ရပ်တည်လျက် ရှိနေသည် မဟုတ်ပါလား။

ယခုလို စစ်အတွင်းကာလတွင် လယ်ယာများကို မည်သူက ကြိုးကြိုးပမ်းပမ်း လုပ်နိုင်ပါမည်နည်း။ ဤသို့ မလုပ်နိုင်ခြင်းမှာလည်း ခိုးသား ဓားပြဘေး၊ စစ်လေယာဉ်ပျံတို့၏ ဘေးနှင့် မျိုးပဲပြောင်းများ မရနိုင်ခြင်းများ စသောဖြစ်ရပ်များက အညာဒေသ ယာသမားဘို့အား ဆင်းရဲတွင်းကို ပိုမို နက်ရှိုင်းစေပါဘိသည်။

ယင်းကြောင့်လည်း ရေကြည်ရာ မြက်နုရာဆိုသလို လုပ်ငန်းကိုင်တာကောင်းသည့် လုပ်ငန်းကလေးများအား ရှာဖွေ လုပ်ကြရသည်။ ဤသို့ လုပ်ကိုင်စားရသော ဘဝပေးအခါမျိုးတွင် ဂျပန်လေတပ်ရှိသော လေယာဉ်ကွင်းများကို ပြင်ရခြင်းနှင့် ချွေးတပ်တွင်း လိုက်ပါကာ အလုပ်လုပ်ကြရခြင်း ဖြစ်၏။

ဦးထွန်းရုံတို့ ချွေးတပ်တွင်း လိုက်ပါလာကြခြင်းမှာ အခြားသူများနှင့် ခြားနားပေ၏။ များသောအားဖြင့် တစ်ရွာလျှင် ချွေးတပ်သား ၁၀ ယောက်မှ ၁၅ ယောက်အထိ စုဆောင်းကာ ချွေးတပ်များဖွဲ့၍ ဂျပန်စစ်ဘက်သို့ သူကြီးများနှင့် မြို့ပိုင်၊ နယ်ပိုင်များက အပ်ကြရသည်။ ထိုသို့ ချွေးတပ်များ ဖွဲ့စည်းရာတွင် လိုက်ချင်အောင်လည်း မြို့ပိုင်၊ နယ်ပိုင် နှင့် သူကြီးတို့က တရားဟောကြရသည်။ အချို့ ရပ်ရွာများက ငွေကြေး စုဆောင်းခါဖြင့် အငှားလိုက်ပါသူများ ရှာဖွေပေးကြရသည်။

အချို့ မြို့များတွင် ချွေးတပ်လိုက်ပါသူများအား အမျိုးသမီးများက ပန်းကုံးကြီးများ စွပ်၍ ကြိုဆိုကာ မြို့မျက်နှာဖုံးများက ဂုဏ်ပြုလျက် ငွေကြေးများပင် ထောက်ပံ့ကြသည်။ သို့တစေ သူတို့၏ သားသမီးများကိုကား ချွေးတပ်တွင်းသို့ လုံးဝ ထည့်သွင်းပေးခြင်း မရှိချေ။

များသောအားဖြင့် ရွာတိုင်းလိုလိုပင် အငှားလိုက် ချွေးတပ်သားများနှင့် ကြောက်ရွံ့၍ လိုက်ပါရသူများ၊ တကယ်အလုပ်ကို လုပ်ချင်သောကြောင့် လိုက်ပါလာသူများ၊ အခြေအနေအရ မိမိရပ်ရွာတွင် မနေနိုင်သောကြောင့် ချွေးတပ်တွင်း လိုက်လာသူများ ရှိကြသည်။

ဦးထွန်းရုံတို့ကား အလုပ်အကိုင်ရှားပါးလှသဖြင့် တစ်အိမ်ထောင်လုံး လိုက်ပါလာသူများ ဖြစ်သည်။

ဤအထဲတွင်ကျွန်တော်၏ အဖြစ်မှာကား မတရား စွပ်စွဲကာ လိုက်ပါလာရခြင်းဖြစ်ရာ၊ အငှားလိုက် ချွေးတပ်သားများကဲ့သို့ ထွက်ပြေးလျှင် ဖြစ်နိုင်သော်လည်း ဤသို့ မပြေးနိုင်သော အခြေအနေက ဖန်တီးလျက် ရှိနေသည်။

ကျွန်တော့် ဘဝပေးသည် ဦးထွန်းရုံတို့ မိသားစုတွင်းသို့ ရောက်လာခြင်းကပင် ချွေးတပ်အတွင်းမှ ထွက်ပြေးရန် လက်လျှော့လိုက်ရပြီ ဖြစ်ချေသည်။

ယခု မျက်မှောက်တွင် ဖြစ်ပျက်နေသော အခြေအနေမှာမူ ကျွန်တော်တို့အတွက် အန္တရာယ်သည် နက်ရှိုင်းလာသည်ဟု ထင်ရသည်။

"မောင်မဲရယ် ငါ့ သမီးတွေဟာ ဘာမှ နားလည်တာတွေ မဟုတ်ဘူး။ အမေကိုယ်တိုင်က မမာတော့ အမေ့ကို ပြုစုရတာရယ်၊ သူ့အဖေ အလုပ်ဆင်းတဲ့အခိုက် စားဖို့သောက်ဖို့ကလေး လုပ်ရတာတွေနဲ့ပဲ အချိန်ကုန်တာပါကွယ်"

အရီး ပန်းမြသည် အသံများ တုန်လျက် ပြောင်းဖူးဖက် ဆေးလိပ်ကို ဖွာရင်းက ပြောလိုက်သည်။

"ကျုပ်ကတော့ အရီး ပန်းမြတို့ ကောင်းစားဖို့ ပြောတာပါ။ ဒီထက် အလုပ်သက်သာတာတို့၊ အခွင့်အရေး ရတာတို့ မရှိတော့ဘူး။ မာစတာကြီးရဲ့ အိမ်မှာ ခိုင်းထားတဲ့ ကောင်မလေးတွေ ဆိုရင် အဝတ်အစား တောင့်နေတာပဲ။ ပြီးတော့ သူတို့အဖေတွေ အစ်ကိုတွေ ဆိုရင်လည်း အလုပ်မဆင်းရဘဲ ပိုက်ဆံ ရနေတယ်။ ဒီထက် ကောင်းတာ ဘာများရှိဦးမှာလဲ အရီး ပန်းမြရ"

ကျွန်တော့်မှာ ဦးမဲကြီး စကားကို ကြားနေရသည်နှင့် ရင်တွင်းကို ပို၍ ပူလာသည်ဟု ထင်မိပါ၏။

ကျွန်တော်သည် ဤနေရာတွင် ရင်တွင်းမှ ဗလောင်ဆူပွက်လာသော



www.burmeseclassic.com

www.burmeseclassic.com

ဒေါသအရှိန်ကို မထိန်းနိုင်အောင် ဖြစ်နေမိသည်။

ဦးမဲကြီး၏ စကားများသည်လူသား တစ်ဦး၏ ကြင်နာပါသည်ဆိုသော စကားကို အရောင်တင်ကာ အတွင်းမှ ပုပ်ပွ ဆိုးဝါးလှသော အညှီအဟောက် ဆန်လှသည့်အသွင်သည် ထင်ရှားစွာ ပေါ်လွင်နေပါသည်။

အမဲပုပ်ကို ရောင်လွှဲနိုင်လင့်ကစား ဤလို ယုတ်မာသော လူယုတ်မာ တစ်ဦး၏ ဘေးမှ အဘယ်ကဲ့သို့ ရှောင်လွှဲနိုင်ပါမည်နည်း။

ထိုကဲ့သို့ မိုက်မဲယုတ်မာသော လူတစ်ယောက်၏ ပါးစပ်မှ ထွက်လာသော စကားများသည် အမဲပုပ်အနံ့ ထက်ပင် ဆိုးဝါးလှချေသည်တကား။

ကျွန်တော့်အား ဦးမဲကြီးက ရန်သူကြည့် ကြည့်လျက် ရှိနေသည်ကိုလည်း ကျွန်တော် သိပါသည်။ ဘာကြောင့် ကျွန်တော့်ကို ဦးမဲကြီးသည် ဤမျှ အငြိုးထားရပါသနည်း ဟူသော အတွေးကို ထပ်မံတွေးစရာ မလိုတော့ပါချေ။

မခင်မွှေးတို့ ညီအစ်မနှင့် ပတ်သက်လာမည်ဟု ကျွန်တော် ထင်သည်။ ဖြစ်နိုင်စရာလည်း ရှိနေသည်။

"အဟမ်း・・・ကျုပ်က ခင်ဗျားတို့ မိသားစုကို စေတနာကောင်းနဲ့ပြောတာ။ ခင်ဗျားတို့ မလိုက်နာလည်းနေပေါ့။ ကျုပ်ကတော့ ကိုယ့်နယ်က လူတွေ ကောင်းစားတာကို မျက်စိထဲ မြင်ချင်လို့ ပြောတာပဲ"

ထိုသို့ပြောကာ ဦးမဲကြီးနှင့် သူ့ တပည့်တို့ ထွက်သွား၏။

အဘ ဦးထွန်းရုံသည် ဦးခေါင်းကို ယမ်းလျက် -

"ဒီကောင်ရဲ့ စကားကို ငါ တစ်သက်လုံး မယုံတော့ဘူး မောင်အောင်နိုင်၊ ဒီကောင်ဟာ လူ့စိတ်ရှိတဲ့အကောင် မဟုတ်ဘူး။ အမြဲတမ်း မကောင်းစိတ် မွေးနေတဲ့ ကောင်ပဲ"

အဘ ဦးထွန်းရုံက စိတ်ပျက်သံကြီးဖြင့် ကျွန်တော့်ကို ပြောလိုက်သည်။

"ဟုတ်တယ် အဖေ၊ ကျွန်မတော့ ဒီလူကြီးကို မြင်တိုင်း သိပ်မုန်းတာပဲ"

ညီမငယ် မခင်အေးက ပြောလိုက်သည်။

အရီး ပန်းမြကမူ -

"ငမဲဟာ တို့နယ်မှာ လူဆိုးတစ်ယောက်ကွယ်၊ အင်္ဂလိပ်သခင်ကြီးတွေ ရှိတုန်းက သူဟာ လူသတ်မှု ကျူးလွန်ပြီး ထောင်ကျဖူးတဲ့ဟာပဲ"

"ညည်းပြောတာ မှန်တယ်ကွ။ ဒီကောင်ဟာ အဲဒီစိတ်တွေအတိုင်း ခပ်ရိုင်းရိုင်း ကြံနေသေးကွာ"

အဘ ဦးထွန်းရုံသည် ဇနီးဖြစ်သူ ဒေါ်ပန်းမြ စကားကို ထောက်ခံပြောလိုက်လေသည်။

ဤအချိန်တွင် (၈)နာရီတီတီ သံချောင်းခေါက်သံများ ပေါ်ထွက်လာပေ၏။

ကျွန်တော်နှင့် ကိုအောင်သန်း၊ ကိုစိန်သန်း၊ ကိုဘကျော်တို့ အတွဲမှာ မခွဲဘဲ ရှိနေသလို အရီးပန်းမြတို့ အခန်းနှင့်ကပ်လျက် အခန်းတစ်ခန်း ယူကာ အိပ်ဖို့အတွက် ပြင်ဆင်ကြသည်။

ထိုအခိုက် ကျွန်တော်တို့ နေထိုင်သော ဝါးတန်းလျားကြီးနှင့် ကပ်လျက်ရှိသော အလုပ်သမား တန်းလျားကြီးမှ ဆူဆူညံညံ အသံကို ကြားရသည်။

ကျွန်တော်နှင့် ကိုဘကျော်တို့ ပြေး၍ကြည့်ရာ ကျွန်တော်တို့ တပ်စိတ်မှ လုဖေတစ်ဦး အူယားဖားယား ပြေးလာသည်ကို တွေ့ရ၏။

ပထမတော့ လုဖေမှန်း မသိပါ။ အနီးရောက်မှ လုဖေဖြစ်နေကာ "တို့ကို ပုလိပ်ဖမ်းလို့ကွ၊ မင်းတို့ မသွားနဲ့၊ မင်းတို့ပါ ဝိုင်းထဲပါတယ်ဆိုပြီး ရောဖမ်းသွားဦးမယ်"ဟု အလောတကြီး ပြောလိုက်၏။

ထိုသို့ပြောရင်းက သူသည် ရှေ့ဆုံးမှပြေးကာ ကျွန်တော်တို့ လက်ရုံးတပ်များ စခန်းချရာ ဝါးတန်းလျားကြီး၏ အတွင်းသို့ တက်ပြေး၏။

ကျွန်တော်တို့လည်း သူ့နောက်မှ လိုက်ပြီးလျှင် ဝါးတန်းလျားကြီး၏ အတွင်းသို့ တက်ပြေးသွားရသည်။

ကျွန်တော်တို့ ဝါးတန်းလျားကြီး ပေါ်သို့ တက်ပြေးခြင်းသည် အချိန် မနှောင်းသေးပါ။ လုဖေ ပြောသော စကား မှန်လေသည်။

ကျွန်တော်တို့တွင်မက ကျွန်တော်တို့နှင့်အတူပါလာသော ရွှေးတပ်သား



www.burmeseclassic.com

www.burmeseclassic.com

အားလုံးပင် ဆူညံသော အသံများကြောင့် ထွက်ပေါက်များတွင် မတ်တတ်ရပ်လျက် အခြေအနေကို စောင့်ပြီးကြည့်နေခဲ့သည်။

ယူနီဖောင်းဝတ် လက်နက်ကိုင်များက လူ တော်တော်များများကို ဖမ်းသွားသည်ကို တွေ့ရ၏။

"ဟေ့...ဟေ့ ကိုယ်နဲ့မဆိုင်ဘဲ ကြည့်မနေနဲ့ မနက်စောစော တန်းစီကြရမယ်။ အိပ်ကြ"

တစ်ထောင်အုပ် တရုတ်ကပြား စိန်ကြည်၏ အော်သံ ပေါ်လာ၏။

ကျွန်တော်တို့လည်း လုဖေ အိပ်သောဘက်သို့ ထွက်ခဲ့သည်။ လုဖေနှင့် လူတစ်ယောက် စကားပြောနေသည်။

လုဖေနှင့် စကားပြောနေသူမှာ ကျွန်တော်တို့ တပ်စိတ်ထဲဝယ် အသက်ငယ်လှသော အောင်မြင့် ဆိုသူဖြစ်၏။

"ဘယ်လိုလဲဗျ၊ ပြောပါဦး"

လုဖေ အနီးသို့ကပ်၍ ကျွန်တော်ကမေးလိုက်၏။ အောင်သန်းနှင့် ကိုဘကျော်တို့ကလည်း ဘေးမှဝိုင်း၍ ထိုင်နေ၏။

"ဖဲရိုက်ကောင်းနေတုန်း စခန်းမှူးက ခန့်ထားတဲ့ ပုလိပ်တွေ တက်ဖမ်း [illegible] ကျွန်လည်း ဒီည ငါးရာလောက်နိုင်နေတုန်း [illegible] လွတ်ရန်းပြေးခဲ့ရတယ်။ ငွေတွေလည်း ထွက်ကျကုန်တာပဲ ကိုအောင်နိုင်"

သူက အိတ်ထောင်ထဲမှ ဂျပန်ငွေစက္ကူ ဆယ်တန်၊ ငါးကျပ်တန်များကို ဆွဲထုတ် ရေတွက်ရင်းက ပြောလိုက်သည်။

"ခင်ဗျားလည်း သတိထားလုပ်ဗျာ၊ ဂျပန်တွေက ရက်စက်တဲ့ နေရာတော့...

"ဖမ်းသွားတဲ့ အကောင်တွေတော့ မသက်သာဘူး။ အသတ်ခံချင် ခံရမှာ"

ချွေးတပ်သားတစ်ဦးက လှမ်း၍ ပြောလိုက်၏။

"ဘာဖြစ်လို့ သတ်ရမှာလဲဗျ"

ကျွန်တော်က လှမ်း၍ မေးလိုက်ပါသည်။

"ခင်ဗျားတို့ မကြားဘူးလား၊ ဖဲရိုက်တဲ့လူတွေကို အသတ်ခံရမယ်လို့ အမိန့်ထုတ်ထားတာ။ ခင်ဗျားတို့ သတိထားကြပေတော့"

ထိုလူကပင် ပြောလိုက်သဖြင့် လုဖေက "ဟုတ်တယ်ဗျ၊ စခန်းမှူးက အမိန့်ထုတ်ထားတယ်။ အခုဖမ်းသွားတဲ့ လူတွေလည်း အသတ်ခံရမလား မသိဘူး"ဟု ပြောလိုက်၏။

ကျွန်တော်သည် ထိုအမိန့်ကို မကြားရသေးသောကြောင့် လုဖေ တစ်ယောက် လွတ်မြောက်လာသည်ကိုပင် ဝမ်းသာနေရတော့သည်။

ပြီး...အဖမ်းခံသွားရသော ချွေးတပ်သားများအတွက်လည်း ကျွန်တော် သနားနေမိပါသည်။ သူတို့တစ်တွေလည်း ဖဲရိုက်သော အပြစ်ဒဏ်ကလေး တစ်ခုအတွက် သေဒဏ်များ အပေးခံရလေတော့မလားဟု စိုးရိမ်ပူပန်မိခြင်းဖြစ်၏။ ကျွန်တော်တို့၏ အိပ်ရာသို့ ပြန်လာသောအခါဝယ် အဘ ဦးထွန်းရုံက သူ့အခန်းမှ ထွက်၍ "ဘာဖြစ်တာလဲကွ" ဟု မေးလိုက်သည်။

ကျွန်တော်က ချွေးတပ်သားတွေ ဖဲရိုက်တာကို စခန်းမှူးရုံးမှ ခန့်ထားသော ပုလိပ်များက ဖမ်းဆီးခြင်းဖြစ်ကြောင်းကို ပြောပြလိုက်ရ၏။

ထိုနေ့ညတွင် ကျွန်တော်၊ အောင်သန်းနှင့် ဘကျော်တို့သည် ရှေ့တွင်ဖြစ်ပေါ်လာမည့် အခြေအနေကို တိုင်ပင်ရသည်။

ကျွန်တော်က တကယ့်အန္တရာယ် နီးကပ်လာသော အခါမျိုးတွင်တစ်ဦးနှင့် တစ်ဦး ကူညီနိုင်ရန်အတွက် အမြဲတမ်း အသင့်ရှိနေဖို့လိုကြောင်း၊ ဥပမာ ဦးမဲကြီးသည် ကျွန်တော့်ကို အလွန်မုန်းတီးနေသည်။ ထိုသို့ မုန်းတီးနေခြင်း အကြောင်းသည် ကျွန်တော်က သူ့အား ကြောက်ရွံ့ခြင်း မရှိဘဲ မှန်လျှင် မှန်သလို ခေါင်းညိတ်ခံနေတတ်သော်လည်း မမှန်လျှင် မမှန်သည့်အတိုင်း ပြန်၍ တွယ်တတ်ခြင်းအတွက် ဖြစ်ကြောင်း။

ပြီး...ဦးမဲကြီးသည် အဘ ဦးထွန်းရုံ၏ သမီးများကို ဂျပန်လက်ထဲသို့ ထိုးအပ်ပြီး သူ ကောင်းစားရေးအတွက် ဖန်တီးနေသည် ထင်ကြောင်းနှင့် ထိုသို့ ဖန်တီးရာတွင် ကျွန်တော်တို့လို လူငယ်တွေရှိနေသဖြင့် သူ၏ အကြံမှာ အဘ ဦးထွန်းရုံနှင့် မခင်မွေ့တို့အား ဆွဲဆောင်မရနိုင်အောင် ဖြစ်နေကြောင်း၊ ထို့ကြောင့်

www.burmeseclassic.com

ကျွန်တော်တို့အား ဦးမဲကြီးသည် တစ်နည်းနည်းဖြင့် အန္တရာယ်ပြုဖို့ရာ ကြံစည်နေမည်ဖြစ်ကြောင်း၊ အထူးသတိထားရန်နှင့် အကယ်၍ အလုပ်လုပ်သောအခါတွင် ကျွန်တော်တို့ချင်း ညီညီညွတ်ညွတ်ရှိဖို့လိုကြောင်းကို ပြောပြရ၏။

အောင်သန်းက -

"ကိုအောင်နိုင် ပြောတာ ကျုပ်သဘောကျတယ်ဗျာ။ ကျုပ်တို့ဆီမှာ ဒီအကောင်ကြီးက လူမိုက်ကြီးဗျ၊ ကျုပ်တို့လည်း အရင်က ကြောက်နေရတာပဲ၊ အခုလို သူက အာဏာရှိနေတော့ ပိုကြောက်ရမလို ဖြစ်နေတယ်။ ဒါပေမဲ့ ဒီလိုအနေအထားမျိုး ဖြစ်လာမှတော့ သေသေပေါ့ဗျာ။ မတရားတာ ဆိုရင်တော့ ပြန်တီးဖို့ပဲ ကျွန်တော် ဆုံးဖြတ်ထားတယ်"

"ဟာ···ကိုရင်သန်းက ကျုပ်တို့ထက် ရာထူးကြီးတဲ့ ငမဲကြီးကို အာခံရင် ကျုပ်တို့ပဲ ခံရမှာပဲ မဟုတ်လား"

ကိုဘကျော်က စိုးရိမ်သံဖြင့် ဝင်၍ ပြောလိုက်ခြင်းဖြစ်သည်။

"အစ်ကိုကြီးကလည်းဗျာ စိုးရိမ်ရန်ကော၊ ကျုပ်တို့မှာ လက်နက်မရှိပေမယ့် လူ့အင်အား ရှိပါတယ်ဗျ။ လူ့အင်အား၊ စိတ်ဓာတ်အင်အားဟာ ဒီလက်နက် ကိုင်သမားတွေကို ကြောက်စရာ မလိုပါဘူး။ ဟုတ်လား ကိုအောင်နိုင်"

ကျွန်တော်မှာ အောင်သန်း၏ အဆင့်အတန်း မြင့်လှသော စကားကြောင့် အလွန် သဘောကျသွား၏။ အောင်သန်းသည် တကယ်တော့ ပေါ့ပေါ့တန်တန် လူငယ်တစ်ဦးမဟုတ်ကြောင်း သူ၏ ပြောဆိုပြုမူချက်များက ထင်ရှားလာရ၏။

ပြီးမှ အောင်သန်း အကြောင်းကို စပ်စုရပြန်၏။ သူသည် မြင်းခြံအရှ လူငယ် အသင်းသားတစ်ဦး ဖြစ်ပြီးလျှင် နဂါးနီစာအုပ်များကို အများအပြား ဖတ်ခဲ့ဖူးကြောင်းပင် ဖြစ်၏။

"ဒါနဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီချွေးတပ်ထဲ လိုက်လာခဲ့တာလဲ"

"ကျွန်တော်တို့က သိပ်ဆင်းရဲတယ်ဗျ၊ ကျွန်တော်တို့ အမေ အဖေတွေဟာ မုန့်ကလေးရောင်းပြီးတော့ အသက်မွေးရတယ်။ အဘ ဦးထွန်းရဲ့ဟာ ကျွန်တော့် အဖေရဲ့ ညီတစ်ဝမ်းကွဲတော်တယ်။ ဒါနဲ့ ကျွန်တော်က ငွေ ၃ ရာနဲ့ အငှားလိုက်ခဲ့ရတယ်။ ငွေ ၃ ရာကို ကျွန်တော့်မိဘတွေကို ပေးထားခဲ့ပြီး ကျွန်တော် စျေးသုံးဖို့လောက်ကလေး ယူလာတယ်။ ဒီလို လိုက်လာခဲ့တာကလည်း ကျွန်တော် တို့ဘကြီး ပါလာလို့ ဒီအထိရောက်လာ ခဲ့တာပေါ့ ကိုအောင်နိုင်ရာ"

ဤသို့ အောင်သန်းက ပြောလိုက်သကဲ့သို့ စိန်သန်းကလည်း -

"ကျုပ်ကတော့ အငှားလိုက်တာ မဟုတ်ပါဘူး။ ရွာမှာ အလှည့်ကျလိုက်ရလို့ အခု ကျွန်တော့်ကို သူကြီးက ထည့်လိုက်တာပဲ။ ကျွန်တော်ကလည်း အဘတို့နဲ့ဆိုတော့ မရောက်ဖူးတဲ့ဒေသကို ရောက်ဖူးချင်တာနဲ့ လိုက်ခဲ့တာပါပဲ ကိုအောင်နိုင်၊ ကျွန်တော့်အဖို့ သံယောဇဉ်တွယ်တာစရာဆိုလို့ မိဘရေနမရေမရှိပါဘူး။ ဒါကြောင့် စွန့်စွန့်စားစား လိုက်ခဲ့တာပဲ"

"ကြိုက်ပြီဗျာ၊ ကျွန်တော်ကလည်း ဒါမျိုးကြိုက်တယ်။ ဒါပေမဲ့ သတိတော့ ထား ကိုစိန်သန်း။ ခင်ဗျားတို့ အညာသားတွေအထဲမှာ ဦးမဲကြီးဟာ လူလည်ပဲ၊ သူက ဘွန်တိုက်ချိုရအောင် ကြိုးစားလာတာ ကြည့်လေ"

"သူ့ကို မြို့ပိုင်က ခန့်လိုက်တာဗျ၊ ခက်တာက လူမိုက်တွေဆိုရင် ကျုပ်တို့အထဲမှာ ချွေးတပ်မိုလ်တွေ ဖြစ်လာကြတာပဲဗျ"

"အင်း···နယ်မှာ အုပ်ချုပ်ရတာ သက်သာသွားအောင် မဲဇာ ပို့လိုက်တာနဲ့ တူပါတယ်ဗျာ"

ကျွန်တော်တို့ စကားပြောနေစဉ်ပင် ၁၀ နာရီတီတီ သံချောင်းခေါက်သံ ပေါ်ထွက်လာပေ၏။

ဤအချိန်တွင် မိုးသည် တဝေါဝေါဖြင့် ရွာချလာရာ ကျွန်တော်တို့မှာ ဂုန်နီအိတ်ကို အောက်မှာခင်း၍ အဘဦးထွန်းရုံကပေးသော အညာ နစ်ထပ်စောင်ကို ခြုံကာ အိပ်လိုက်ရသည်။

မိုးသံ လေသံများနှင့်အတူ သစ်ပင်ကြီးများ၏ သစ်ကိုင်းချင်း ထိခိုက်သံများကို ကြားယောင်ကာ မျက်လုံးများကို ကြိုးစားမှိတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် အိပ်မပျော်သေးချေ။ ကျွန်တော်၏ ဘေးမှ အောင်သန်းသည်လည်း ချောင်းဆိုးလိုက်ကာ "အင်း‥ အိပ်ရာပြောင်းနေရတော့ အိပ်မပျော်ဘူး ထင်တယ်ဗျာ၊ ကိုဘကျော်ကြီးကတော့ တခေါခေါနဲ့ အိပ်ပျော်နေပြီ" ဟု ခပ်တိုးတိုးပြောလိုက်၏။

မှန်သည်။ ကိုဘကျော်နှင့်စိန်သန်းတို့မှာ အိပ်ပျော်သွားခဲ့ချေပြီ။ ဝါးတန်းလျားကြီး၏ ခေါင်မိုးတွင် တပြောင်းပြောင်း တဖြုန်းဖြုန်းကျနေသော မိုးပေါက်သံများသာလျှင် တိတ်ဆိတ်ခြင်းကို လွှမ်းမိုးလျက်ရှိနေပါချေသည်။

* * *

အခန်း [၄]

## သွေးနှင့် ချွေးနှင့်

နံနက်စောစော သံချောင်းခေါက်သံက စူးရှစွာ ပေါ်ထွက်လာသည်။

"အားလုံး တန်းစီကြ"

လက်ရုံးတပ် ခေါင်းဆောင်များ၏ အော်သံသည် ဆူညံစွာ ပေါ်လာသည်။

ကျွန်တော့်မှာ ကပျာကယာ လူးလဲ၍ အိပ်ရာမှ ထလိုက်ပြီးနောက် ရေအိုးဆီ သွား၍ လျင်မြန်စွာ မျက်နှာသစ်ရသည်။

"ဟေ့‥‥ရေအိုးမှာ မျက်နှာမသစ်ကြနဲ့၊ ရေစည်မှာ သွားပြီး မျက်နှာသစ်ကြ"

ထိုကဲ့သို့ အော်လိုက်သူမှာ ဦးမဲကြီး၏ အသံဖြစ်သည်။

ကျွန်တော်လည်း အိပ်ရာမှ ကမန်းကတန်း ထလာသော အောင်သန်း၊ စိန်သန်း၊ လှဖေတို့နှင့်အတူပင် ထမင်းဖို အနီးတွင်ရှိသော ရေပေပါစည်များတွင် သွားကာ မျက်နှာသစ်ရ၏။

ထမင်းချက်ဖိုမှ လူများသည် ဆန်ပြုတ်များ ပြုတ်လျက် ရှိနေကြ၏။

ထိုဆန်ပြုတ်များမှာ ကျွန်တော်တို့ အလုပ်မဆင်းမီ ကျွေးဖို့ဟု သိရသည်။ လူပေါင်း ၃ဝဝဝ ခန့်ရှိသော လက်ရုံးတစ်တပ်လျှင် ကိုယ့်တပ်နှင့်ကိုယ် ထမင်းများ ချက်ပြုတ် စားသောက်ကြရ၏။

ထမင်းများ ချက်ရန်အတွက် တပ်စိတ်တိုင်းမှ လူတစ်ယောက်စီ ပေးထားရလေရာ ကိုဘကျော်ကြီးမှာ ထမင်းချက်တာဝန် အမြဲတမ်း ကျနေပါတော့သည်။

လူပေါင်း ၃ဝဝဝ ခန့်ရှိသော လက်ရုံးတပ်ကြီး ၃ တပ်သည် အနန်းကွင်းစခန်းမှာပင် ရှိနေလေရာ စုစုပေါင်း ၉ဝဝဝ ကျော် ရှိနေသည်ဟု ဆိုလျှင် မများပါချေ။

လူပေါင်း ၁ဝဝဝ လျှင် စစ်ကနေချာတစ်ဦး အုပ်ချုပ်ကာ လူပေါင်း ၃ဝဝဝ လျှင် ဂျပန်အခေါ် "ခန္တီကန်" စခန်းမှူး မာစတာလက်ရုံး ဗိုလ်မှူးများက အုပ်ချုပ်ကြသည်။ လူပေါင်း ၉ဝဝဝ ခန့် တန်းစီနေသော ကွင်းပြင်မှာ ကျယ်ဝန်းလှသည်။ တန်းစီသော အချိန်မှာ နံနက် ၅ နာရီခွဲ နေပြီ။

ကျွန်တော်တို့ တန်းစီရသည့်မှာ လူပေါင်း ၁ဝ ယောက်တွဲ တန်းစီခြင်း မပြုရတော့ဘဲ ၅ ယောက်တစ်တွဲ တန်းစီကြရသည်။

ထိုကဲ့သို့ အလုပ်သမားများ ၅ ယောက်တစ်တွဲ တန်းစီကြရာတွင် မြင်ကွင်းမှာ ကျယ်ပြန့်လှသည်။

ဟန်ချိုနှင့် ဘွန်တိုက်ချိုများက ရှေ့မှ တန်းစီကာ မိမိတို့လူများ စာရင်းကို အသစ်ပြုလုပ်၍ စစ်ကနေချာခေါ် လူ ၁ဝဝဝ အုပ်ဗိုလ်ထံ စာရင်းပေးကြရ၏။

စစ်ကနေချာကမှ တစ်ဆင့် "ခန္တီကန်"ခေါ် လူပေါင်း ၃ဝဝဝ အုပ် မာစတာ ဗိုလ်မှူးကြီးများထံ စာရင်းပေးသတင်းပို့ရသည်။

ထိုသို့ တန်းစီကာ ရှိနေစဉ်မှာ ဂျပန်တပ်ကြပ်များ၊ တပ်သားများ ရောက်လာသည်။ သူတို့သည် "ခန္တီကန်" ခေါ် စခန်းမှူးများနှင့် သွား၍ စကားပြောဆိုနေသည်။

ဤအချိန်တွင် အင်္ဂလိပ် စစ်သုံ့ပန်းများသည် လွှရှည်ကြီးများနှင့် ရဲခင်းများ၊ ပေါက်တူးများကို ထမ်းလျက်လာရောက် တန်းစီလျက် ရှိနေသည်ကိုလည်း တွေ့ရလေသည်။

ဤအချိန်တွင် ဟန်ချိုများအား ဘွန်တိုက်ချိုခေါ် တစ်ရာအုပ်များက ခေါ်ယူကာ ဂျပန်စစ်သားများနှင့် စကားပြောလျက် ရှိနေပါသည်။ ကျွန်တော်တို့ တပ်စိတ်မှူး အဘ ဦးထွန်းရဲ့ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

သောအခါတွင် ကျွန်တော်တို့မှာ နံပါတ် ၇၀ အဖွဲ့နံပါတ်ပေး၍ မီးရထားလမ်းတွင် တာဝန်ကျကြောင်း ပြောပါသည်။

မကြာမီ ဘွန်တိုက်ချို တစ်ရာအုပ်များက အမြန်ဆုံး ပြန်၍ ဆန်ပြုတ်သောက်ရမည်ဖြစ်ကြောင်း၊ ဆန်ပြုတ်သောက်ပြီးသော အခါတွင်မှ ပြန်လည်တန်းစီကာ အလုပ်သွားရမည့်အကြောင်းကို ပြောဆိုလိုက်ပါသည်။

"ကံကောင်းတယ်ဟေ့၊ တို့တွေက လူသစ်တွေ ဖြစ်နေတော့ ဆန်ပြုတ်သောက်ရမှာ မသိကြဘူး။ အချို့တပ်သားဟောင်းတွေကတော့ စောစောစီးစီး ထပြီးတော့ ဆန်ပြုတ်သောက်ထားကြပြီ။ ဒါကြောင့် တို့ကို ဆန်ပြုတ်သောက်ဖို့ ပြန်လွှတ်တာပဲ။ ဆန်ပြုတ်သောက်ပြီးရင် အလုပ်ဆင်းကြရမယ်ကွယ့်"

အဘ ဦးထွန်းရှံ ပြောလိုက်သည့်အတိုင်းပင် မှန်ကန်လှပါသည်။

ကျွန်တော်တို့လည်း ထမင်းဖိုသွားကြသည်။ အဘ ဦးထွန်းရှံက ဆန်ပြုတ်များကိုထည့်၍ သောက်ရန်အတွက် ပါလာသော သံပန်းကန်များနှင့်ဇွန်းများပေးသောကြောင့် ကောင်းမွန်စွာ သောက်ရလင့်ကစား၊ အချို့သော အလုပ်သမားများမှာ ပေးထားသော သံပန်းကန်ပြားများ မလုံလောက်သောကြောင့် ဝါးပိုးဝါးကို ဖြတ်၍ အလယ်မှ ခွဲပြီး ဆန်ပြုတ်များ ထည့်၍ သောက်ကြရ၏။ ခွဲထားသော ဝါးပိုးဝါးခွက်များသည် ခွေးစားခွက်နှင့် မခြားလှချေ။ အလျား တစ်တောင်ခန့် ရှိပါသည်။ အလုပ်သမားတိုင်းလိုလိုပင် ဇွန်းများမရှိသောကြောင့် ဝါးကိုဖြတ်၍ ဇွန်းပြုလုပ်ကာ ဆန်ပြုတ်ကို ဝါးဆစ်ခွက်တွင်းမှတရှုးရှုးကော်၍ စားသောက်ကြရသည်။

အလုပ်သမားများမှာ နံနက်မိုးလင်းလာသည်နှင့် တစ်ပြိုင်နက်မှာပင် မည်သည့် သရေစာမျှ မစားရသဖြင့် ဆာလောင် ငတ်မွတ်နေလေရာ ရရှိသော ဆန်ပြုတ်ကိုပင် အားရပါးရ စားသောက်ကြရတော့သည်။

ကျွန်တော်တို့ ဆန်ပြုတ်သောက်ရသည်မှာ အလွန် ကျေနွှေ့ရနေပါသေးသည်။ အဘ ဦးထွန်းရှံက ဆန်ပြုတ်သောက်ရန်အတွက် ထမင်းချက်ဖိုတွင် တာဝန်ကျနေသော ဘကျော် လာပို့ထားကြောင်းပြော၏။

ဆန်ပြုတ် သောက်စားနေသည့်အချိန်တွင် လုဖေက ကျွန်တော်တို့အား ညက မသိရသေးသော စကားကို ပြောခဲ့ပါသည်။

"ကိုအောင်နိုင်ကို ကျွန်တော် မပြောရသေးတဲ့ စကားတစ်ခွန်း ရှိသေးတယ်ဗျ။ ဒါကတော့ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားရတာပဲ"

"ဘာလဲဗျ"

"အင်း…ကျွန်တော် အလုပ်စခန်းရောက်မှ ပြောတော့မယ်ဗျာ။ ဒီမှာ ပြောလို့ ကြားသွားရင် တော်တော် ဒုက္ခများသွားနိုင်တယ်ဗျ"

"ဘယ်လိုအကြောင်းများလဲ"

"ဟိုရောက်တော့ သိမယ်ဗျာ"

ကျွန်တော်တို့ စကားပြောနေချိန်တွင် မနီးမဝေးမှာ စိန်သန်းနှင့် အောင်သန်းတို့က ရှိနေကြသည်။ အောင်သန်းမှာ ဆန်ပြုတ်ကို သောက်ပြီး၍ မခင်မွေးအား သံပန်းကန်ပြားကို ပေးလျက် ကျွန်တော်နှင့်အတူပင် တန်းစီသောကွင်းသို့ ထွက်လာသည်။

ကျွန်တော်တို့ တပ်အား ထုံးစံအတိုင်း ဘွန်တိုက်ချို တစ်ရာအုပ် ဦးမဲကြီးက ခေါင်းဆောင်လျက် အလုပ်လုပ်ရာမီးရထားလမ်းဆီသို့ ဂျပန်စစ်သား နှစ်ဦးနှင့် ထွက်လာကြပါ၏။

ဂျပန်စစ်သားများမှာ တစ်လိုင်းတစ်ပွင့် တပ်ကြပ်နှင့် တပ်သားကျော်ခေါ် ကြယ်သုံးပွင့်တို့ ပါလာကြသည်။

သူတို့သည် ဟန်ချိုများ အပါအဝင် ကျွန်တော်တို့ လူပေါင်း ၁၀၀ကို ပစ္စည်းများထားရာ စတိုရုံသို့ ခေါ်သွားပြီးလျှင် ပေါက်ချွန်းများနှင့် ပေါက်တူးများ၊ ရဲဒင်းများ ထုတ်ပေးလျက် ဆက်လက်ခေါ်သွားသည်။

ချွေးတပ် အသီးသီးအား တာဝန်ခွဲလိုက်သောအခါတွင် တာဝန်ကျရာ ထွက်ခွာသွားကြသည်မှာ ပျော်စရာကြီး ဖြစ်နေပြန်သည်။

သို့စေကာမူ ဂျပန်များက တော်ရုံဒဏ်ရာရသူများ၊ အဖျားအနာ စွဲနေသူများကို ခေါ်ဆောင်လာသောကြောင့်ပင် ရင်ထဲဝယ် ခံပြင်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမဲကြီးသည် ကျွန်တော်တို့ကို ခေါ်ဆောင်လာစဉ်မှာပင် မကြာခဏ ကျွန်တော့်အား စောင့်ငဲ့ကြည့်လျက် ရှိနေသည်ကို တွေ့ရသည်။

သူ၏ ကြည့်ပုံမှာ မိတ်ဆွေတစ်ဦး၏ ကြည့်ပုံမျိုး မဟုတ်ဘဲ ရန်သူတစ်ဦး၏ကြည့်ပုံမျိုးအတိုင်းပင် ဖြစ်ပါသည်။ ယင်းကြောင့်လည်း စိန်သန်းတို့အား ကျွန်တော်က သတိပေးရသည်။

ချွေးတပ်သားများအား ဂျပန်စစ်သားများက ကြပ်မတ် ခေါ်ဆောင်သွားသည်က များပါသည်။

အနန်းကွင်းတွင် မီးရထားလမ်းခွဲများ အတော်များများ ရှိနေပါသည်။ မီးရထားလမ်းခွဲများ ထားရခြင်း အကြောင်းမှာ ဂျပန်များသည် မီးရထားခေါင်းတွဲ နှင့် ရိက္ခာဂိုဒေါင်များကို လိုဏ်ခေါင်းများတူး၍ ထားခြင်းပင် ဖြစ်ပါ၏။

အချို့ မီးရထားလမ်းခွဲများသည် တနင်္သာရီ ရိုးမတောင်တန်းကြီး အတွင်းဘက်သို့ ရောက်သည့်အထိ ဝင်သွားပါသည်။

အလုပ်သမားများအား -

၁။ ကားနှင့် ကုန်သယ်ခြင်း
၂။ ရထားဖြင့် လိုက်ကာ ပစ္စည်းများ သယ်ယူခြင်း
၃။ မီးရထားလမ်း ဖောက်လုပ်ရာတွင် တောရှင်းခြင်း
၄။ နိုင်းနမိုင်းခွဲခြင်း
၅။ ထင်းခုတ် ဝါးခုတ်ခြင်း
၆။ ဧလီဖားတုံးများ သယ်ဆောင်ခြင်း
၇။ တံတားဆောက်ခြင်း
၈။ သံလမ်းများ ခင်းခြင်း
၉။ မြေများ သယ်ယူခြင်း

စသည်ဖြင့် များပြားလှသော တာဝန်အသီးသီးကို ခိုင်းစေလျက် ရှိပါလေသည်။

ကျွန်တော်တို့မှာ မီးရထားလမ်းခွဲ တစ်ခွဲကို ဖောက်လုပ်ရာတွင် တာဝန်ကျလျက် ရှိနေပါသည်။

ကျွန်တော်တို့ ရောက်သွားသော အချိန်တွင် "ဒိုင်း၊ ဝုန်း" ဟူသော အသံက ဆူညံနေပါချေသည်။

ကျွန်တော်တို့ တပ်စိတ်အား ဧလီဖားတုံးများကို ထမ်း၍ သံလမ်းခင်းရာ ရှေ့သို့ ဦးမဲကြီးက ပို့စေပါသည်။

ဧလီဖားတုံးများကို မော်လမြိုင် သစ်စက်များမှ ပို့ပေးသည်ဟု သိရပါသည်။

မီးရထား လမ်းခွဲများမှာ ရုပ်ပွေလှသည်။ သစ်တင်တွဲများကို ဆွဲ၍လာသော တွဲများ၊ ဧလီဖားတုံးများနှင့် ပစ္စည်းမျိုးစုံ တင်ဆောင်လာသော ရထားများသည် မီးရထားလမ်းခွဲများတွင် တစ်စင်းပြီးတစ်စင်း ဝင်ရောက်လျက်ရှိနေသည်။

နိုင်းနမိုင်းခွဲသံများ ဆူညံနေသလောက် သစ်ပင်ကြီးများ လဲပြိုသံတို့ကလည်း ဆူညံနေချေသည်။

ကျွန်တော်တို့အား တပ်စိတ်လိုက်ခွဲ၍ တာဝန်ချရာတွင် ဦးမဲကြီးက ကျွန်တော်တို့ တပ်စိတ်ကို ဧလီဖားတုံးများပုံထားသော အပုံမှ ဧလီဖားတုံးများကိုယူစေသည်။ ထိုသို့ ယူပြီးလျှင် သံလမ်းခင်း နေရာသို့ ပို့စေသည်။

ကျွန်တော်တို့ကို အုပ်ချုပ်သော ဦးမဲကြီးသည် ကျွန်တော်တို့ လူပေါင်းတစ်ရာအား ခွဲ၍ တာဝန်ပေးရာတွင် ကျွန်တော်တို့မှာ အပင်ပန်းဆုံး နေရာသို့ ရောက်နေလေသည်။

"ဟိုအဘိုးကြီး ဘာရပ်ကြည့်နေတာလဲ၊ ခင်ဗျား ဝင်ပြီး ထမ်းပါလား"

ကျွန်တော်တို့ပင် ထိုစကားကြောင့် အံ့အားသင့်သွားပေသည်။

ဦးမဲကြီးသည် ဘေးမှ ရပ်၍ ကျွန်တော်တို့ လုပ်ကိုင်နေသည်ကို ကြည့်နေသော အဘ ဦးထွန်းရုံအား ရင့်ရင့်သီးသီး ပြောလိုက်ခြင်းပင် ဖြစ်သည်။

ဟန်ချို့ခေါ် တပ်စိတ်မှူးများသည် တကယ်တော့ မိမိတို့ တပ်စိတ်အား ကြည့်၍ ခိုင်းရသည်ကလွဲပြီး အလုပ်မလုပ်ရပါ။

ပထမတော့ အဘ ဦးထွန်းရုံသည်ပင် အံ့အားသင့်နေပါချေသည်။

"ဒီမှာ ဦးထွန်းရုံ၊ ခင်ဗျားတို့ ဟန်ချို့တွေက ခေါင်းဆောင်ပြီးလုပ်မှ အလုပ်သမားတွေကလည်း လုပ်မှာပဲဗျ။ ခင်ဗျားတို့လို မတ်တတ်ရပ်ကြည့်နေတဲ့ ဟန်ချို့တွေပေါင်း တစ်ရာရှိရင် ဧလီဖားတုံးတစ်ရာဟာ သံလမ်းခင်းတဲ့ဘက် ရောက်မှာ မဟုတ်ဘူး။ ဟန်ချို့တစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရင် သစ်တုံးတစ်ရာဟာ ရောက်သွားပြီတော့ အလုပ်သမားတွေလည်း သက်သာတာပဲ မဟုတ်လား"

"ခင်ဗျား လူကြီးပဲကွယ်၊ မင်းတို့ ခိုင်းရင် အဘတို့ လုပ်ကြရမှာပေါ့"

"အံမယ် ကျုပ်က ခိုင်းချင်လို့များ ခင်ဗျားက ထင်နေသလား၊ ဟား... ဟား ကျုပ်က သာပြီး မခိုင်းချင်သေးတယ်။ ဒါပေမဲ့ ဒီသံလမ်းပြီးဖို့အတွက် မာစတာတွေက ဟန်ချီတွေပါ လုပ်ပါဆိုပြီး အမိန့်ပေးထားတာဗျ။ ခင်ဗျားတို့ မလုပ်ရင် ကျုပ်မှာ အပြစ်ရမယ် ဦးထွန်းရုံ"

ဦးမဲကြီး၏စကားမှာ တမင်ပင် လိမ်နေခြင်းဖြစ်သည်။ ပြီး ကျွန်တော်တို့အပေါ် ညှဉ်းပန်းလိုရေးနှင့် သူက ဂျပန်စစ်သားများအပေါ်တွင် မျက်နှာရလိုရေးများကြောင့်သာ ဤသို့ ခိုင်းခြင်းဖြစ်ကြောင်း ကျွန်တော် သိလာရသည်။

မှန်သည်။ ဂျပန်စစ်သားများကို ဦးမဲကြီးက တွန်းလိုက်သောကြောင့်ပင် ဟန်ချီခေါ် တပ်စိတ်မှူးများ ကိုယ်တိုင်ပင် အလုပ်လုပ်ရသော အခြေသို့ ရောက်ရှိလာရသည်။

အချို့ ဟန်ချီများက ဦးမဲကြီးအား ပြန်၍ ပြောသောကြောင့် ဂျပန်ကြီးကြပ်ရေးမှူး စစ်သားများက ထို ဟန်ချီများအား ပါးများရိုက်ခြင်း၊ ထင်းချောင်းများဖြင့် ရိုက်ခြင်းတို့ဖြင့် ဝင်ရောက်ကာ လုပ်စေပါသည်။ အဘ ဦးထွန်းရုံမှာ ဦးမဲကြီး၏ ခိုင်းစေမှုကြောင့် ကျွန်တော်တို့နှင့် အတူတူ ဇလီဖားတုံးကို ဝင်၍ ထမ်းရတော့သည်။

ဇလီဖားတုံး တစ်တုံးမှာ အတော်လေးလှသည်။ ကျွန်တော်တို့ သန်မာသော ယောက်ျားများအတွက် မထောင်းတာလှသော်လည်း အဘ ဦးထွန်းရုံလို အသက်ကြီးသူများအတွက်မူ ဇလီဖားတုံးတစ်တုံး ထမ်းလိုက်ရသောအခါ လျှာထွက်မတတ် မောလှသည်။

ဂျပန်စစ်သားများက အလုပ်တွင် နှေးနှေးကွေးကွေး လုပ်နေခြင်းကို သဘောမကျလှချေ။

"မြန်မြန်နော မြန်မြန်၊ ဟိုမှာ"

"လေယာဉ်ပျံ လာမယ်၊ ဘန်းဘန်း ရှိတယ်က မကောင်းဘူး"

ကြီးကြပ်ခိုင်းနေသော ဂျပန်စစ်သားက ကျွန်တော်တို့အား လာရောက်ပြောဆိုလျက် ရှိနေပါချေသည်။

အဘ ဦးထွန်းရုံသည် ကျွန်တော်တို့လောက် မြန်မြန်ဆန်ဆန် မထမ်းနိုင်သောကြောင့် "အဘိမ္မော ဟန်ချီ၊ မြန်မြန်နော် မြန်မြန်" ဟု အော်ဟစ်ခိုင်းနေပါသည်။

ကျွန်တော်သည် အဘ ဦးထွန်းရုံအတွက် စိတ်မကောင်းလှချေ။ အဘ ဦးထွန်းရုံသည် ဒုတိယ ဇလီဖားတုံး၊ တတိယ ဇလီဖားတုံးများ ထမ်းပြီးသောအခါတွင် မျက်နှာများ ပျက်နေချေပြီ။

အသက်အားဖြင့် ၅၀ အရွယ်ရှိပြီး ဤမျှ ကြမ်းတမ်းသော အလုပ်ကို မလုပ်ကိုင်ဖူးသည့်အပြင် လူတစ်ယောက်ကို စက်ရုပ်ပမာ ခိုင်းစေနေသော ဤနေရာမျိုးဝယ် အဘဦးထွန်းရုံအတွက် သေမင်းနှင့် ရင်ဆိုင်နေသည်မှလွဲပြီး အခြားလမ်း မရှိတော့ချေ။

အချို့ မောပန်း၍ထိုင်မည်ကြံသော အလုပ်သမားများအား ဂျပန်စစ်သားများက အော်ဟစ်ကာ ထင်းချောင်းများနှင့် ရိုက်နှက်သောကြောင့် သံလမ်းပေါ်ဝယ် မှောက်လျက် လဲကျသွားပေ၏။ ဤသို့ သံလမ်းပေါ်တွင် မှောက်လျက် လဲသွားခြင်းကို ဖြည်းဖြည်းသက်သာ ထူခြင်းမျိုး မဟုတ်ဘဲ စစ်ဖိနပ်ဖြင့် စုံကန်ပစ်ကာ ဆွဲထူ၍ အလုပ်လုပ်ခိုင်းသည်။

ထိုအလုပ်သမားတွင် မျက်နှာတစ်ခုလုံး သွေးများ ခြင်းခြင်းနီနေကာ မလှုပ်နိုင် လှုပ်နိုင်ဖြင့် အခြားသော အလုပ်သမားနှင့် အတူပင် သံလမ်းများကိုမ၍ လမ်းခင်းနေရသည်။

"ဘာကဲရိုး နန်ဒား"

"ဘန်းဘန်း" ဟူသော အသံနှင့်အတူ "အမယ်လေးဗျ" ဟူသော အော်သံနှင့် လူတစ်ယောက် လဲကျသွားပေ၏။

ဂျပန်စစ်သားသည် ဒေါသကြီးလှစွာဖြင့် ထင်းချောင်းဖြင့် ဆင့်ကာဆင့်ကာ ထိုအလုပ်သမားကို ရိုက်နှက်နေပြန်သည်။

"ဘာဖြစ်တာလဲဗျ"

"သူက ဇလီဖားတုံး သယ်ပြီးတော့ နောက်ဖေသွားတာ တစ်နာရီလောက်ကြာတယ်ဗျ။ ဒါကြောင့် ရိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

လွန်လွန်းလှချည်လား"

ကျွန်တော်က အလုပ်သမားတစ်ဦး အားပြောလိုက်သည်။

ဂျပန်၏ ရိုက်နှက်ခြင်း ခံလိုက်ရသော အလုပ်သမားမှာ အသက် ၃၀ အရွယ်လောက်ပင် ရှိပါမည်။ အတော်ပင်မသက်သာလှချေ။ သတိမေ့နေသည်ကို လမ်းဘေးဆွဲကာ ပစ်ထားစေပါသည်။

ဤကဲ့သို့ ရက်စက်မှုမျိုးသည်ပင် ဂျပန်တို့၏ ယုတ်မာ ကြမ်းတမ်းသော စိတ်ဓာတ်ကို ဖော်ပြနေခြင်းနှင့် မခြားလှပါချေ။

"မြန်မြန်လုပ်ပါက၊ မြန်မြန်လုပ်ပါ"

ဂျပန် တပ်ကြပ်ကြီးက ကျွန်တော်တို့အား အတင်းခိုင်းနေသည်။

ကျွန်တော်သည် ယခုတစ်ခါတွင် ဂျပန်စကားကို မသုံးမဖြစ်တော့ချေ။ သုံးရပေတော့မည်။ ဂျပန်တပ်ကြပ်ကြီးကို ကျွန်တော်က ဂျပန်ဘာသာစကားဖြင့် ပြောလိုက်ရသည်။

"မာစတာ၊ ဒါ ကျွန်တော်တို့ ဟန်ချိုကြီးပဲ။ သူဟာ ကျွန်တော် အိုရှိစ် အသက်လည်း ကြီးတယ်၊ ကျွန်တော်တို့ အပေါ် အုပ်ချုပ်လာတာပဲ။ သူဟာ နိပွန် တပ်မတော်အတွက် အများဆုံး အကူအညီ ပေးခဲ့ပါတယ် မာစတာ၊ ဒါကြောင့် ကျွန်တော်တို့ သူ့အစား တစ်တုံး ပိုပြီး ထမ်းပါ့မယ်"

ထိုအချိန်တွင် အဘ ဦးထွန်းရှံမှာ ဇလီဖားတုံးကို ထမ်းရာမှ လဲကျသွားသောကြောင့် ကျွန်တော်တို့က လျင်မြန်စွာဆွဲထူရချေသည်။

ထိုအခိုက် ဂျပန်တပ်ကြပ်ကြီးက ကျွန်တော်ပြောသော ဂျပန်စကားကြောင့် အတော်ကလေး အံ့အားသင့်သွားပုံရပါသည်။ ကျွန်တော့်ကို စကားပြောရန် ပြင်ဆင်စဉ်မှာပင် ခပ်ဝေးဝေးမှ ဂျပန်စစ်ဗိုလ်တစ်ဦး၏ လှမ်းခေါ်သံကြောင့် ဂျပန်တပ်ကြပ်ကြီးသည် ရုတ်တရက် ပြေးထွက်သွားရ၏။

ကျွန်တော်တို့မှာ အဘ ဦးထွန်းရှံ လဲကျသွားသောကြောင့် ဝိုင်းဝန်းပြုစုရသည်။ သို့တစေ အချက်ရှာနေသော ဦးမဲကြီးအား ကျွန်တော့်ထံသို့ ရောက်လာကာ ရုတ်တရက် သူ၏ လက်ထဲတွင် ကိုင်ထားသော ထင်းချောင်းဖြင့် ကျောပြင်ကို ဖြတ်၍ ရိုက်လိုက်သည်။

"ဟေ့ကောင် သွားထမ်းချည်၊ မြန်မြန်သွားစမ်း"

နောက်ထပ်တစ်ချက် ကျွန်တော်၏ ကျောပြင်ပေါ်သို့ ကျလာပြန်သည်။ ကျွန်တော်တွင်မကဘဲ စိန်သန်းနှင့် လှဖေတို့၏ ကျောပေါ်သို့လည်း ဦးမဲကြီး၏တုတ်ချက် ကျသွားပြန်၏။

ကျွန်တော်၏ ကျောပြင်မှာ ပူခနဲ ဖြစ်သွားသလို အောင့်၍ သွားပေသည်။

ရုတ်တရက် ပေါက်ကွဲလာသော ဒေါသကြောင့် ကျွန်တော်သည် မြန်းခနဲ မတ်တတ်ရပ်လိုက်မိ၏။

"ခွေးမသား၊ မင်းက ငါ့ကို လူမိုက်ကြည့် ကြည့်တာလားဟင်"

ကျွန်တော့်ပါးအား ညာလက်ဝါးဖြင့် အားကုန်လွှဲ၍ရိုက်လိုက်သောကြောင့်ပင် လည်၍ထွက်သွားပေ၏။ မျက်လုံးများတွင် သီတင်းကျွတ် မီးထွန်းပွဲများ ပမာပင် ကျွန်တော် တွေ့လိုက်ရသည်။

ရုတ်တရက် ဦးနှောက်များ ဆူပွက်ကာ မျက်စိများအတွင်း မှောင်ရိပ်များ သန်းသွားသည်။

ကျွန်တော်သည် ဦးမဲ၏ ရက်စက်ယုတ်မာမှုများကို လက်တွေ့ခံစားနေရချေပြီ။

"ဟေ့ကောင် ပြိတ္တာကောင်လို မှိုင်မနေစမ်းနဲ့၊ မြန်မြန်ထမ်းစမ်း"

"ခူးဒါး"

နောက်ထပ် ဂျပန်စစ်သားတစ်ဦး၏ အော်သံကြောင့် ကျွန်တော့်မှာ ကမန်းကတန်းပင် ဇလီဖားတုံး တစ်တုံးကို ထမ်းလိုက်ရ၏။

"ဒီမှာ ဦးမဲကြီး၊ ကျုပ်တို့ အဘကို ခင်ဗျား မခိုင်းနဲ့၊ ကျုပ်တို့ အဘထမ်းမယ့် ဇလီဖားတုံးကို ကျုပ်တို့ ပိုပြီးထမ်းမယ်"

စိန်သန်းက ပြောလိုက်သည်။

"ဘာကွ၊ မင်းက ဦးထွန်းရှံအတွက် ပိုထမ်းမယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ် အခု နှစ်တုံးထမ်းမယ်"

"အေး…ခွေးမသား ပိုထမ်းနိုင်ရင်ထမ်း၊ မထမ်းနိုင်ရင်တော့ကွာ"

ကျွန်တော်က ရှေ့သို့ ဇလီဖားတုံးကို ထမ်းသွားစဉ်တွင် စိန်သန်းအား



www.burmeseclassic.com

www.burmeseclassic.com

ဦးမဲကြီး၏ တပည့်နှစ်ဦးက နောက်ထပ် ဇလီဖားတစ်တုံးကို ပခုံးပေါ်သို့ ထပ်မံ တင်ပေးပြန်သည်။

စိန်သန်းမှာ အတော် ခွန်အားဗလ ကောင်းသူဖြစ်သော်လည်း ဇလီဖားတုံး ၂ တုံးကို ထပ်၍ထမ်းရသောကြောင့် အတော်ပင် မသက်မသာ ဖြစ်နေသည်ကို ကျွန်တော် တွေ့ရသည်။

ဇလီဖားတုံး အပုံနှင့် ရထားလမ်း ခင်းသော နေရာမှာ ကိုက် ၅၀ ကျော် ကျော်ခန့်ဝေးသည်။ ထို ခရီးကို ထမ်းရခြင်းမှာ သက်သာသည်တော့ မဟုတ်ပါချေ။

ဦးမဲကြီးသည် ဂျပန်စစ်သားနှင့် ခပ်တိုးတိုး စကားပြောနေသည်။ ဤအချိန်တွင် အဘ ဦးထွန်းရှံအား အထိုင်ခိုင်းထားကာ အောင်သန်းနှင့် လှဖေတို့ကို ဇလီဖားတုံးများ ဆက်လက် ထမ်းစေသည်။

ဇလီဖားတုံး ထမ်းကြသော အလုပ်သမားများမှာ ကျွန်တော်တို့ တပ်စိတ် တစ်စိတ်ထဲ မဟုတ်ချေ။ တပ်စိတ် သုံးစိတ်ရှိပြီး လူပေါင်း ၁၅ ယောက် ဖြစ်သည်။

အမှန်တော့ လူပေါင်း ၃၀ ရှိရမည်ဖြစ်သော်လည်း ထွက်ပြေးသော အလုပ်သမားများကြောင့် ဤမျှ လူအင်အားနည်းပါးသွားခြင်းပင် ဖြစ်သည်။

ကျွန်တော်၏ နောက်မှ လိုက်ပါလာသော စိန်သန်းတို့ ဇလီဖားတုံးကို ပစ်ချရန် ကူညီရသေး၏။ ကျွန်တော်တို့ ထမ်းလာသော ဇလီဖားတုံးများကို ရထားသံလမ်းခင်းသော အလုပ်သမားများက ယူ၍ အစီအရီ ခင်းရသည်။ သံလမ်းချသူက ချသည်။ တစ်ဖန် သံမှိုရိုက်၊ မူလီတပ် စသော အလုပ်သမားများလည်း အဆင့်ဆင့် လုပ်ကြသည်။

ကျောက်များကို တင်လာသော လော်ရီကားများက တံခါးဖွင့်ကာ ရထားလမ်းဖောက်မည့် မြေညှိထားကာ လမ်းရာ ပေးထားသော နေရာဝယ် ကားတံခါးဖွင့် လောင်းချ၏။ အလုပ်သမားများက လိပ်သဲကျောက်များကို ပေါက်ပြား၊ ဂေါ်ပြားများဖြင့် ညှိရသည်။

လိပ်သဲကျောက်များ ညှိပြီးသည်နှင့် တစ်ပြိုင်တည်းမှာပင် ရတ်တရက် ဇလီဖားတုံးများကို ချလာရ၏။ ဇလီဖားတုံး ချမည့်နေရာများကို ဂျပန်အင်ဂျင်နီယာတပ်မှ ဂျပန်စစ်သားများက ကြည့်ရှုခိုင်းနေသည်။

အလုပ်မှာ မြန်ဆန်လှသည်။ သံမှိုစွဲသော အလုပ်သမားများရော ဇလီဖားတုံးခင်းသော အလုပ်သမားများပါ အလွန်ပင်ပန်းကြသည်က များပါသည်။

မီးရထားသံလမ်း ခင်းသွားမည့် ရှေ့ကိုက်ပေါင်း တစ်ထောင်ခန့်လောက်ဝယ် စစ်သုံ့ပန်းများနှင့် အလုပ်သမားများက သစ်ပင်ကြီးများကို လှဲဖြတ်ပစ်နေကြရသည်။

သစ်ကိုင်းများအား လွှများ၊ ရဲခင်းများဖြင့် ဖြတ်တောက်ကြပြီးနောက် လှည်းများပေါ်သို့ တင်ကြသည်။

လှည်းများမှာ ကက်အိမ် မရှိ၊ လှည်းမြီးငုံးတိုများ ဖြစ်၏။ ထိုကဲ့သို့ သစ်သားများတင်သော လှည်းများကို သုံ့ပန်းများနှင့် အလုပ်သမားတို့က ဆွဲကာ အခြားတစ်နေရာသို့သွားရောက်ပုံရသည်။

သစ်ပင်ကြီးများမှာလည်း အလွန်ပင်မြင့်သကဲ့သို့ လုံးပတ်များကလည်း ကြီးလှသည်။ ထို သစ်ပင်ကြီးများအား လှဲဖြတ်ရသော လွှများမှာ ၁၅ ပေခန့် ရှည်ပြီး နောက်ဆွဲ မဟုတ်ဘဲ ရှေ့ဆွဲ လွှကြီးများသာ ဖြစ်ပါချေသည်။

ထို လွှကြီးများသည် အလျားရှည်လှသည်။ ပျော့ပျောင်းလှသောကြောင့် သစ်ပင်လှဲသူများအဖို့ အလွန်ခက်ခဲကြရသည်။

ထိုအကြောင်းကို ကျွန်တော်တို့ ကြားနေရလင့်ကစား ယခုမှပင် လက်တွေ့မြင်နေရသည်။

အင်္ဂလိပ် စစ်သုံ့ပန်းများကို ဂျပန်စစ်သားများ ကိုယ်တိုင်ပင် ဘေးမှ ကြည့်၍ ခိုင်းနေသည်ကို တွေ့ရသည်။

အလုပ်သမားများထက် စစ်သုံ့ပန်းများအား ဂျပန်များက ရက်ရက်စက်စက် ခိုင်းနေခြင်းကို တွေ့ရသောအခါမှာတော့ ကျွန်တော်တို့ ခံစားနေရသော ဝေဒနာများသည် သူတို့လောက်ပင် မပြင်းထန်သေးပါကလားဟု မြင်လာရတော့သည်။

ရှေ့လဆက်ဖတ်ပါရန် . . .

||| မြဝတီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဟောင်ကောင် စင်ရိုင်းမောင်မောင် နှင့် ရေဘဝဲအမှုကြီး (၁)

မြန်မာမြည်

## (ယခင်လမှအဆက်)

ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်သော ရေဘဝဲ သင်္ဘော(M/V octopus)ကား ခုစရိုက် မြို့တော်ဟောင်ကောင်မှနေ နံနက် ၄ နာရီကျော် ပင်လယ်ဒီရေတက်ချိန်နှင့် အတူ ဘန်ကောက်မြို့ပပါတိုင်း (Papa Daung Port) ဆိပ်ကမ်းသို့ ရွေးရှုထွက်ခွာလာခဲ့တော့သည်။ ဟောင်ကောင်ဆိပ်ကမ်းတွင် ရှိစဉ်က မူးယစ်ဆေးဝါးဂိုဏ်းသားများ ဆက်သွယ်လှုပ်ရှားမှု မရှိမတွေ့ရပဲ ငြိမ်သက်နေကြ၏။ မြန်မာစားပွဲထိုး လေး မောင်ချစ်ဦးပိုအား လူမှားသတ်ခဲ့သော အမှုကြောင့် ထင်ရ၏။

ဟောင်ကောင်တရုတ်အမျိုးသား တတိယအရာရှိနှင့်မောင်ချစ်ဦးပိုတို့ အမှတ်မထင် ရုတ်တရက်ဆိုပါက လူမှားနိုင်ပါသည်။ ပြီးတော့ လူသတ်သမားတို့က တရုတ်တတိယ အရာရှိ(Third Mate)အား သူ၏အခန်းသို့ သတ်ရန်အရောက် အခန်းထဲတွင် မောင်ချစ်ဦးပိုက အခန်းသန့်ရှင်းရေး လုပ်ကိုင်နေခဲ့၏။ တံခါးခေါက်သံကြောင့် တံခါးအဖွင့်တွင် သတ်သွားခြင်းပါပေ။ တတိယအရာရှိကား ထွက်ပြေးပုန်းရှောင်သွားခဲ့ပြီဖြစ်၏။

ဟောင်ကောင်ရဲတပ်ဖွဲ့က တတိယအရာရှိ၏ မိသားစုအား လူသတ်သမားများ၏ ဓားစာခံပြုလုပ်မှု ကင်းဝေးစေရန်အတွက် အချိန်မီ ကယ်တင်နိုင်ခဲ့ပေသည်။ နို့မဟုတ်ပါက တတိယအရာရှိ၏ မိခင်ကြီး၊ ဇနီးနှင့်ကလေးနှစ်ယောက်တို့အား ဓားစာခံဖမ်းဆီးကာ တတိယအရာရှိ ပေါ်ထွက်လာစေရန်အတွက် မူးယစ်ဆေးဝါးဂိုဏ်းသားများက ကြိုးစားမည်မလွဲချေ။

ရဲတပ်ဖွဲ့က တတိယအရာရှိ မိသားစုကို လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရောက်သည့် အရပ်ဒေသမှ တတိယအရာရှိ ဆက်သွယ်လာမည့်အချိန်ကိုစောင့်ရ

www.burmeseclassic.com

တော့၏။ သူ၏ဇနီးသည်အား တယ်လီဖုန်းဖြင့် ဆက်သွယ်မည်ဟု ဆိုခဲ့၏။ တယ်လီဖုန်းဆက်သွယ်လာသည့်အခါ လာရောက်အဖမ်းခံပြီး အစိုးရသက်သေပြုကာ ဖြစ်ရပ်မှန်အမှုအား ဖော်ထုတ်စေရန်ဖြောင်းဖြပြောစေရန် ပြောထားရ၏။

ဟောင်ကောင်တရားဥပဒေအရဆိုပါက မူးယစ်ဆေးဝါးရောင်းဝယ်သူတို့အား အမြင့်ဆုံးအပြစ်ဒဏ်များ အမိန့်ချမှတ်လေ့ရှိ၏။ သေဒဏ်အထိပင် အမှုထင်ရှားပါက ကျခံရဖွယ်ရှိပေသည်။ မူးယစ်ဆေးဝါးကား တစ်မျိုးသားလုံး၏ အန္တရာယ်ကြီးပင် မဟုတ်ပါလား။ တိုင်းရင်းသားပြည်သူအပေါင်းကပါ ဝိုင်းဝန်းဖော်ထုတ်ကြရန် လိုအပ်ပေသည်။

ရေဘဝဲသင်္ဘောစတင်ထွက်ခွာသည်နှင့်မောင်မောင်က သူ့တာဝန်ဝတ္တရားအတိုင်း ရာသီဥတုသတင်းအချက်အလက်ရယူကာ ဂရမ်ကွန်တိုပြမြေပုံပါတဲ့စင်(Wheel House)ထက်ရှိ မာလိန်မှူး(Captain)ထံ သွားရောက်ပေးအပ်၏။ ဟောင်ကောင်ပိုင် စိမ်းလန်းကျွန်း (Green island) အကျော်တွင်တော့ ရေဘဝဲ သင်္ဘောကြီးသို့ မော်တော်ဘုတ်တစ်စီး ကပ်ကုန်မောင်းနှင်ကာ လိုက်ပါလာခဲ့တော့သည်။

မာလိန်မှူးကဆိုသည်ကို သိရှိသည်နှင့်အပြုံးမျက်နှာဖြစ်သွားပြီး သင်္ဘောလှေကား(Gang Way)ပါ ချရန် အမိန့်ပေးလိုက်၏။ ထိုသည်က ထူးခြားမှုပါပေ။ အကောင်းတော့မဟုတ်နိုင်ပေ။ ဟောင်ကောင်ရဲတပ်ဖွဲ့မှ အနံ့ခံခွေးကြီးများနှင့်ပါ သင်္ဘောထွက်ခွာခါနီးအချိန်က မူးယစ်ဆေးဝါးများအား ရှာဖွေခဲ့သေး၏။ မသင်္ကာစရာတစ်ခုမှ မတွေ့သဖြင့် သင်္ဘောထွက်ခွာခွင့်ပြုခဲ့ပေသည်။

အခုတော့ ဖုံးဖိဟန်ဆောင်မှုများ ကွာကျလာပေတော့၏။ မော်တော်ဘုတ်ထဲတွင်တော့ အနောက်တိုင်းဝတ်စုံဝတ်လူသုံးယောက် နေကာမျက်မှန်မည်းကြီးများ တပ်ထားကြသည်ကို တွေ့ရ၏။ ကျန်နှစ်ယောက်မှာတော့ ရိုးရိုးဘောင်းဘီ၊ ဂျင်းဂျက်ကက်များဝတ်ဆင်ထား၏။ မာလိန်မှူးက မောင်မောင့်အား ရှုတည်တည်ကြည့်ကာ သူနှင့်လိုက်ခဲ့ရန်ခေါ်၏။

သင်္ဘောသားတို့က စက္ကူသေတ္တာနှစ်ထုပ်အား သင်္ဘောပေါ်သို့ သယ်ယူနေကြသည်ကို တွေ့ရပြီး သင်္ဘောပေါ်သို့ အနက်ရောင်ဝတ်စုံဝတ် လူသုံးယောက်က သင်္ဘောလှေကားမှတစ်ဆင့် တက်ရောက်လာကြတော့၏။ သူတို့၏အပေါ်ဖုံး ကုတ်အင်္ကျီမှာ လေတိုက်သဖြင့် ဟလန်သွားချိန်တွင်တော့ စလွယ်သိုင်းကြိုးများဖြင့် လက်နက်များပါရှိကြောင်း တွေ့မြင်လိုက်ရ၏။

သဘောက သူတို့အား နှောက်ယှက်ဟန့်တားသူများအား လက်နက်ဖြင့် ဖြေရှင်းလိုက်မည့် သဘောပါပေ။ ဟုတ်တော့လည်းဟုတ်၏။ ပင်လယ်ပြင်ထဲ သတ်ပြီးပစ်ချလိုက်ပါက အစအနပင်ပေါ်မည်မဟုတ်ပါချေ။ သင်္ဘောပေါ်တက်ရောက်လာကြပြီး မောင်မောင့်အား သူတို့တွေ့မြင်သွားကာ

"သူက ဆက်သွယ်ရေး အရာရှိလူသစ်လား"

"ဟုတ်ပါတယ်"

"အေး..သူ့ပါခေါ်လာခဲ့"

အနက်ရောင်ဝတ်စုံဝတ် တစ်ယောက်က ပြောပြီး သူ့အိမ်သဖွယ် အရာရှိ စားသောက်ခန်း(Officer Mess Room)သို့ ရှေ့မှ ဦးဆောင်ကာ ထွက်ခွာသွားပေသည်။ မာလိန်မှူးက အစထိုသူအား ကြောက်ရွံ့ရိုသေရကြောင်း သတိပြုမိ၏။ အခန်းထဲသို့ မာလိန်မှူးပြီးတော့ မောင်မောင်နှင့် အနက်ရောင်ဝတ်စုံဝတ် သုံးဦးတို့သာ အခန်းထဲတွင်ရှိ၏။ တစ်ယောက်က အခန်းပေါက်ဝတွင်သာ ရပ်လျက်နေသည်။ ထိုသူအား ခေါင်းဆောင်လုပ်သူ ဝတ်စုံနက်က အချက်ပြလိုက်သည်နှင့် လက်နက်ထုတ်ကာ အပြတ်ရှင်းမည့် သဘောပါပေ..။

"သည်မှာ..ခင်ဗျားဘာမြင်သလဲဗျ..ဟင်း.."

"ဘာမှ မမြင်ပါဘူးဗျာ"

"ဟုတ်ပြီ..ကိုယ့်အလုပ်ကိုယ်လုပ်ဟုတ်လား..အကန်းလိုနေရင်တော့ ခင်ဗျားအသက်ဆက်ရှင်နိုင်မှာ သိရဲ့လား"

"သဘောပေါက်ပါပြီ ခင်ဗျာ"

www.burmeseclassic.com

အချိန်အခါမရွေး အသက်အန္တရာယ်ကြုံလာနိုင်သည့်ဖို့ ကြက်အိပ်ကြက်နိုးသာ အမြဲနိုးကြားနေကြရပေသည်။ သတိတရားကို လက်ကိုင်ထားကြရ၏။ အိပ်ရာထက်မှာ အသာထကာ တံခါးနားကပ်ပြီး အပြင်မှအသံကို နားစွင့်မိသည်။

"ကဲ..ကြိုက်ရာရွေး.."

ထိုသူက သေနတ်ကျည်ဆံအနည်းငယ်နှင့် ငွေစက္ကူအထုပ်နှစ်ထုပ်အား မောင်မောင်၏ ရှေ့စားပွဲပေါ်သို့ တင်လိုက်ပြီး ရွေးခိုင်း၏။ ကျည်ဆံကိုရွေးချယ်ပါက ကျည်ဆံသာရမည်ဖြစ်ပြီး၊ ပိုက်ဆံရွေးချယ်ပါက သူတို့နှင့်ပူးပေါင်းသည်ဟု ယူဆပေမည်ဖြစ်၏။ မောင်မောင်က မဆိုင်းမတွပင် ငွေစက္ကူထုပ်အား ရွေးယူလိုက်တော့၏။

"အဟတ် ဟား..ခင်ဗျားက သဘောပေါက်လွယ်သားပါလားဗျ ဟင်..အေး..နို့မို့ရင်လည်း ဟိုစားပွဲထိုးလေးလို အသတ်ခံရမှာ အသေချာပဲ..တောက်..ကျုပ်တို့က ဟိုကောင် သစ္စာဖောက်ကိုရှင်းခိုင်းခဲ့တာ လူမှားသွားတော့ သည်ကောင်ကလွတ်သွားခဲ့တယ်..ဟင်း..ထားပါတော့ လေမာလိန်မှူး ပစ္စည်းတွေကို ထုံးစံအတိုင်း လုံခြုံတဲ့နေရာမှာ ဝှက်ထားပါ..ပြီးရင် အဆက်အသွယ်ထံပို့ဖို့ ကျုပ်တို့အကြောင်းကြားမယ် ဟုတ်လား.."

"ဆက်သွယ်ရေးအရာရှိ မစ္စတာမောင်မောင်..ကျုပ်တို့ရဲ့ သတင်းပို့ချက်အတိုင်း မှန်မှန်ကန်ကန်ဆောင်ရွက်ပါ ဟုတ်ရဲ့လား"

"စိတ်ချပါ ခင်ဗျာ"

"ဟုတ်ပြီ..ကဲ ကျုပ်တို့သွားတော့မယ်..ကောင်းသောခရီးဖြစ်ပါစေဗျာ"

"ဟုတ်ကဲ့..ကျေးဇူး"

**မောင်မောင်နှင့်မှူးယစ်ဆေးဝါးပိုဏ်း**

ထိုဝတ်စုံနက်တို့ သင်္ဘောမှပြန်သွားကြသည်နှင့် မာလိန်မှူးက တာဝန်မရှိတော့ပြီမို့ မိမိအခန်းသို့ပြန်ခွင့်ပြုလိုက်၏။ မောင်မောင်က အချိန်မဆိုင်းမတွပင် တရားဥပဒေဘက်တော်သားမို့ ဟောင်ကောင်ဌာနခွဲ အင်တာပိုတပ်ဖွဲ့သို့ ဆက်သွယ်သတင်းပို့လိုက်ပါတော့၏။

"ကောင်းကင်..ကောင်းကင်ကြားလား..ဆင်ရိုင်းခေါ်တယ်ကြားလား ကြားတယ် ဆင်ရိုင်းသတင်းပို့ပါ.."

"ဝတ်စုံနက်သုံးယောက် မော်တော်ဘုတ်နဲ့ စိမ်းလန်းကျွန်းဘက် ပြန်သွားပြီ လက်နက်များကိုင်ထားတယ်၊ သတိထားပါ..ခြေရာခံဖမ်းဆီးပါ.."

သူတို့က ရောဘဝဲကို ပစ္စည်းတွေလာပို့တယ်.."

"ကောင်းပြီ ဆက်လုပ်ပါ ဆင်ရိုင်း"

"ဒါထက်..တောင်းထားတဲ့ အရေးပေါ်အတွက် လုပ်ထားပြီလား"

"လုပ်ပြီးပါပြီ.."

"ဒါပဲ..စက်ပိတ်ပြီ"

BURMESE CLASSIC .com

မောင်မောင်သတင်းပို့ချက် အချိန်မီပါစေလို့သာ ဆုတောင်းမိပါတော့သည် အချိန်မီပါက မူးယစ်ဆေးဝါးဂိုဏ်း၏ တစ်စိတ်တဒေသနှင့် ဂိုဏ်းသားများကို ဖော်ထုတ်အရေးယူနိုင်မည်ပေ။ မောင်မောင်တောင်းဆိုထားသည်မှာ အကယ်၍ သင်္ဘောပေါ်မှ စွန့်ခွာရန်အကြောင်းကိစ္စပေါ်ပေါက်လာပါက ပင်လယ်ပြင်ထဲ ဆက်လက်အသက်ရှင်သန်ရန်အတွက် တည်း။

ထိုသည်က လိုက်ထရပ်(Life Trapt)ခေါ် ရော်ဘာအသက်ကယ်လှေပင်တည်း။ ထိုသည်ကို သင်္ဘောဝမ်းအောက်ရှိ ဟားလ်(Haw)ရေယက်ရန် သံဒရက်တန်းတွင် ချည်နှောင်ထားပေးရန်ပါပေ။ ထိုရော်ဘာလှေအား ဆွဲကြိုးဆွဲလိုက်သည်နှင့် လေထိုးစရာ မလိုဘဲရော်ဘာလှေ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် လိုက်ပါနိုင်ပေသည်။ ထို အသက်ကယ်ရော်ဘာလှေလေးတွင် ရေငုပ်ဝတ်စုံနှင့်အောက်ဆီဂျင်ဘူး အလတ်တစ်လုံး၊ ပင်လယ်ပြင်ထဲ မျောပါပါက စားသောက်ရန် ဘီစကွတ်မုန့်သုပ်များ ရေပုလင်းနှစ်လုံး၊ ဝီစကီတစ်လုံးစသည်ဖြင့် ထားရှိထား၏။

များသောအားဖြင့် သင်္ဘောသားတို့သည် သေမင်းတမာန်မုန်တိုင်းမိသဖြင့် အသက်ဘေးမှသင်္ဘောစွန့်ခွာကြရသည့်အခါ အသက်ကယ်လှေလေးများဖြင့် လွတ်မြောက်စေရန် ကြိုးစားကြရပေသည်။ ထိုအခါ သောက်ရေ(Drinking Water)၊ မုန့်ခြောက်ထုပ်များ(ဘီစကွတ်(စ်)၊ ခေါက်ဆွဲခြောက်ထုပ်များစသည်ဖြင့်) အစားအစာများ ပင်လယ်ပြင်ထဲ ကမ်းမမြင်လမ်းမမြင်မျောပါနေစဉ် အသက်ရှင်သန်ရေးအတွက် လိုအပ်ပေသည်။ အရက်ပုလင်းမှာလည်း ဆောင်ကြရခြင်းမှာ အကြောက်အလန့်ကြောင့် သွေးလေချောက်ချားကာ စိတ်ပုံမှန်မရှိသူများကို အရက်တိုက်ကာ ခေတ္တလောကကြီးကို မေ့နေစေရပေသည်။

ရောဘဲမှထွက်ခွာသွားကြသော ဝတ်စုံနက်များ လိုက်ပါသွားသော မော်တော်ဘုတ်အား အင်တာပိုရဲတပ်ဖွဲ့နှင့်ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ စောင့်ကြည့်နေကြတော့၏။ ရောဘဲသင်္ဘောပေါ်မှ ဆက်သွယ်ရေးအရာရှိ၏ သတင်းပေးပို့ချက်ကား ထိရောက်အရေးပါလှ၏။ ထိုဝတ်စုံနက်တို့သည် မော်တော်ဘုတ်ဖြင့် စိမ်းလန်းကျွန်း(Green Island)သို့ ဆိုက်ကပ်ပြီး တရုတ်သင်္ချိုင်းသို့ ဦးတည်သွားနေကြောင်း သတင်းရတော့၏။

တရုတ်လူမျိုးတို့သည် ရှေးရိုးရာဓလေ့ ထုံးစံအရ သားသမီးများ လက်ထပ်မင်္ဂလာပြုကြစဉ်ပင် မိဘအမွေများ ခွဲပေးရုံမက မြုပ်နှံရန် သင်္ချိုင်းမြေနှင့်အခေါင်းတလားပါ တစ်ပါတည်း လက်ဖွဲ့လေ့ရှိကြပေသည်။ သူဌေးသူကြွယ်ငွေရှင်ကြေးရှင်များ သေဆုံးသည့်အခါတွင် သူတို့၏ ပိုင်ဆိုင်သမျှအားလုံးကျေးကျွန်များပါမကျန် တစ်ပါးတည်းမြုပ်နှံသော အလေ့ရှိသဖြင့် ဂူသင်္ချိုင်းအား ကြီးကျယ်ခမ်းနားစွာ တည်ဆောက်မြုပ်နှံကြကြောင်း သိရ၏။ တချို့ဂူကြီးများမှာ တိုက်အိမ်တစ်လုံးမက ကျယ်ဝန်းကြပေသည်။ ယခုခေတ်အခါတွင်တော့ စတီသဘောမျိုးဖြင့် သူဌေး၊ သူကြွယ် လူကုံတန်တန်တို့ ကွယ်လွန်သောအခါတွင် လူရုပ်ကလေးများ တိုက်များ၊ လယ်များ၊ ကားရုပ်လေးများ စသည်ဖြင့် ထည့်သွင်းကြပေသည်။ ရွှေစက္ကူများ မီးရှို့ကာ ကောင်းရာသုဂတိဘုံဆိုလား ရောက်စေရန် ဆုတောင်းကြလေ့ရှိ၏။

အိမ်ထောင်ဦးစီးဖြစ်သော မိဘများ ကွယ်လွန်ခြင်းကြောင့် သားသမီးများမှာ အားကိုးအားထားရာမဲ့လေပြီ ဟူသော အယူအဆဖြင့် ဖျဉ်းကြမ်းအဝတ်များ ဝတ်ကာဂုန်နီအိတ်ခေါင်းစွပ်ဖုံးပြီး ဆင်းရဲမွဲတေသွားဟန်ကို ပြုလုပ်ကြရပေသည်။ ထိုသို့ ဂူသင်္ချိုင်းများတွင် မသမာသူများက ဂူဖောက်ထွင်းခိုးယူလေ့ရှိတတ်ပါသည်။

ဝတ်စုံနက်သုံးယောက်ကား မော်တော်ဘုတ်ဖြင့် ကမ်းကပ်ပြီးသော် ကိုယ်ပိုင်ကားတစ်စီးက အသင့်စောင့်ကြိုရာသို့ လိုက်ပါပြီး ဂူသင်္ချိုင်းများဘက်သို့ ထွက်ခွာသွားကြကြောင်း သတင်းပို့ချက်အရ ရဲတပ်ဖွဲ့ဝင်အချို့အား၊ ဝတ်စုံနက်များဝတ်ဆင်စေကာ သင်္ချိုင်းမြေသို့စေလွှတ်ခဲ့တော့သည်။ ဝတ်စုံနက်ဝတ်ဆင်ကြခြင်းမှာ ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြောပြခြင်းပါပေ။ ဝတ်စုံနက်ဝတ်ရဲတပ်ဖွဲ့ဝင် အယောက်နှစ်ဆယ်အား ကိုယ်ပိုင်ကားများဖြင့် သင်္ချိုင်းမြေထဲသို့ ဝင်ရောက်စေခဲ့၏။ ကျန်ရဲတပ်ဖွဲ့တို့အား သင်္ချိုင်းအပေါက်ဝပတ်လည်တွင် ဝိုင်းရန်စောင့်ကြည့်စေကာ အသင့်အနေအထားစောင့်စားစေသည်။ အဆက်မပြတ် တယ်လီဖုန်းစကားပြောစက်များဖြင့် သတင်းမပြတ်ပို့ပေးစေပါသည်။

ဝတ်စုံနက်သုံးယောက်တို့ မော်တော်ကားသည် အသုဘအခမ်းအနားတစ်ခုသို့ ရောက်ရှိသွားကြသည်ကို သတင်းပို့ချက်ရရှိသည်နှင့် အပေါက်ဝတွင် စောင့်ကြပ်နေသော ရဲတပ်ဖွဲ့များအား ရဲကားများဖြင့် ဝင်ရောက်စေကာ ထိုအသုဘအခမ်း



www.burmeseclassic.com

www.burmeseclassic.com

အနားပြုလုပ်ရာနေရာ တစ်ဝိုက်အား ဝိုင်းရံထားစေသည်။ ဝတ်စုံနက် ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင် အယောက်နှစ်ဆယ်တို့ ကိုယ်ပိုင်ကားများဖြင့် ထိုအသုဘအခမ်းအနားတွင် ကျင်းပရာသို့ ဝင်ရောက်သွားကြတော့၏။

အသုဘအခမ်းအနား ဟန်ပြပြုလုပ်ထားခြင်းတည်း။ သင်္ချိုင်းကနုလုပ် သရုပ်ပါလှတော့၏။ မျက်နှာစိမ်း ဝတ်စုံနက်ဝတ်အယောက်နှစ်ဆယ် ဝင်ရောက်လာခြင်းကြောင့် ထိုအသုဘအခမ်းအနားမှာ ရုတ်ရုတ်သဲသဲ ဖြစ်လာရတော့သည်။ အမှန်က မူးယစ်ဆေးဝါးဂိုဏ်းသားများ စုဝေးကာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များပြုလုပ်နေခြင်းတည်း။ သူတို့မှာ လူစိမ်းအယောက်နှစ်ဆယ်ဝင်ရောက်ခြင်းကြောင့် သူတို့ကိုယ်ပေါ်မှ လက်နက်များထုတ်သူက ထုတ်ကာဖြစ်ကုန်ကြပေတော့သည်။

ထိုအချိန်တွင်မှ ဝိုင်းထားသော ရဲတပ်ဖွဲ့များထံမှ အသံချဲ့စက်လက်ကိုင်ဖြင့် လက်နက်ချ အညံ့ခံရန် အော်ပြောကြားချက် ထွက်ပေါ်လာတော့၏။ မူးယစ်ဆေးဝါးဂိုဏ်းသားတို့ အငိုက်မိသွားကြတော့၏။ တချို့က ခုခံရန်ကြိုးစားကြသော်လည်း ရဲတပ်ဖွဲ့ဝင်များတွင် လက်ဖြောင့်တပ်သားများပါသည်မို့ မလွယ်မှန်းသိရှိသွားကာ အညံ့ခံအဖမ်းခံကြတော့၏။ ဝတ်စုံနက်ဝတ်ရဲတပ်ဖွဲ့ဝင် အယောက်နှစ်ဆယ်က အဓိက ခေါင်းဆောင်များအား အသင့်ယူဆောင်လာသည့် လက်ထိပ်များဖြင့်ခတ်ကာ ဖမ်းဆီးလိုက်တော့၏။ ထိုခေါင်းတလားကြီးထဲတွင် လူသေရုပ်ကလာပ်မရှိဘဲ ထည့်သွင်းထားသော မူးယစ်ဆေးဝါးများသာတည်း။ ဂူသင်္ချိုင်းထဲတွင်လည်း တရားမဝင်လက်နက်များနှင့် မူးယစ်ဆေးဝါးများပါထပ်မံ သိမ်းဆည်းရမိ၏။

ရေဘဝဲမှ မထင်မှတ်သည့် သတင်းပို့ချက်အရ လိုက်လံစောင့်ကြပ်ကြည့်ရှုမှနေ မူးယစ်ဆေးဝါးဂိုဏ်းခွဲတစ်ခုအား ဖမ်းဆီးအရေးယူဖော်ထုတ်လိုက်နိုင်ခြင်းတည်း။ မူးယစ်ဆေးဝါးသယ်ဆောင်လာသော ရေဘဝဲသင်္ဘောကြီးကား ထိုအဖြစ်အပျက်ကို ဂရုမပြုလေဟန်ဖြင့် ဆက်လက်ခုတ်မောင်းသွားနေဆဲပါပေ။ ပင်လယ်သမုဒ္ဒရာပြင်ကား မှုယာမာယာကြွယ်လှသော မိန်းမလှလေးနှင့်တူနေ၏ ရာသီဥတုသာယာနေပြီး လှိုင်းအနည်းငယ်သာ ရှိပေသည်။ သင်္ဘောသားတို့မှာလည်း မိမိတို့တာဝန်ကိုယ်စီပုံမှန်အတိုင်း လှုပ်ရှားဆောင်ရွက်နေကြကုန်တော့သည်။

**ဆင်ရိုင်းကိုဖမ်းကြပြီ**

မောင်မောင်က ဟောင်ကောင်တွင် သူ၏သတင်းပေးပို့ချက်ကြောင့် မူးယစ်ဆေးဝါးဂိုဏ်းခွဲကြီးတစ်ခုအား ဖမ်းဆီးရမိကြောင်း မသိရှိသေးသော်လည်း ရေဘဝဲမာလိန်မှူးကတော့ နိုင်ငံတကာ ဆက်သွယ်နိုင်သော လက်ကိုင်ဖုန်းဖြင့် ထိုသတင်းကိုသိရှိထားခဲ့ပြီဖြစ်၏။ ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်များထဲတွင် မူးယစ်ဆေးဝါးဂိုဏ်းနှင့်အဆက်အသွယ်ရှိသော ရဲတပ်ဖွဲ့ဝင်အချို့ရှိနေခြင်းကြောင့်တည်း။

ရေဘဝဲမှ မည်သူမည်ဝါသတင်းပို့လိုက်ခြင်းကိုတော့ မသိရသေးသဖြင့် မာလိန်မှူးက ဖော်ထုတ်ခြင်းမပြုသေးပေ။ သို့သော် မသင်္ကာစရာအကောင်းဆုံးသူမှာ လူသစ်ဆက်သွယ်ရေးအရာရှိမောင်မောင်ပေတည်း။ နောက်တစ်နေ့ ထုံးစံအတိုင်း ပွဲစင်(Bridge) ပေါ်သို့ နံနက်က ဖမ်းယူရရှိခဲ့သော မိုးလေဝသသတင်းပို့ချက်အား မာလိန်မှူးထံ ယူဆောင်သွားခဲ့ရာ..

"ကောင်းသောနံနက်ခင်းပါကက် (Capt!)"

"အား..ကောင်းပါတယ်ဗျာ.. ဒါထက် စပတ်.."

"ဟုတ်ကဲ့ ပြောပါ"

"ခင်ဗျားမှာ လက်ကိုင်ဖုန်းတွေ ဘာတွေယူလာသလားဗျ"

"ဟင့်အင်း..ဘာဖြစ်လို့လဲကက်"

"အော်..ကျွန်တော့်လက်ကိုင်ဖုန်းအတွက် ဘထရီဓာတ်ခဲပိုလိုချင်လို့ပါဗျာ"

"မပါပါဘူးခင်ဗျာ..ဒါပေမယ့် သင်္ဘောပေါ်က ဆက်သွယ်ရေးစက်နဲ့ တွဲသုံးယင်တော့ ရနိုင်ပါတယ်ကက်"

"အော်ဟော..ရပါတယ် ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

မရှိပါဘူး‥ကျွန်တော်က လိုရမယ်ရ မေးကြည့်တာပါဗျာ‥၊ စင်ကာပူ ရောက်သည်အထိတော့ ခုတ်ခဲ ခံနိုင်ကောင်းပါရဲ့၊ အင်း‥ဆက်သွယ် စကားပြောစရာလည်း သိပ်မရှိပါဘူး လေ‥ရမှာပါ‥"

"ဟုတ်ကဲ့ ခင်ဗျာ"

"ခင်ဗျားကို သတိတော့ပေးရ ဦးမယ်‥ကျုပ်တို့က ကျုပ်တို့အဖွဲ့ကို ထိခိုက်အောင်လုပ်လာရင်တော့ ချမ်းသာပေးမှာ မဟုတ်ဘူးနော်‥"

"ဘယ်သူကထိခိုက်မှာလဲဗျာ‥ ငွေရနေရင်ပေါ့ မဟုတ်ဘူးလား‥"

"အင်း‥ခင်ဗျားသွားနိုင်ပါပြီ"

မောင်မောင်စိတ်ထဲတွေးတော စရာတွေ ကပ်ငြိပါလာခဲ့တော့၏။ မာလိန်မှူးက မျက်နှာမကြည်မသာ ဖြင့် မိမိအားမယုံသင်္ကာသလို ရှု တည်တည်နှင့်သတိပေးစကားပြောလာ ခဲ့၏။ တစ်ခုခုတော့ ဖြစ်လာပြီထင် ၏။ မိမိအပေါ် သံသယဖြစ်လာစေ ခြင်းက မဟုတ်မှလွဲရော် ယောင်ကောင် တွင် သဘောမတက်ခင် ဒုစရိုက်မှု များပါ ဝင်နှိမ်နင်းဆောင်ရွက်ခဲ့ခြင်း ကြောင့် မိမိအပေါ်ရိပ်စားမိလာဟန် တူ၏။

မိမိတို့ ဥပဒေဘက်တော်သား များအဖို့ သားရဲတွင်းကိုလည်း ဆင်း သင့်ပါက ဆင်းဝံ့ရပေမည်။ မိမိတို့ အသက်ကို နိုင်ငံတော်တွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ အေးချမ်းစွာနေထိုင်နိုင် ရေးအတွက်ပင်တည်း။ ဒုစရိုက်ဂိုဏ်း သားများအတွက်တော့ မိမိတို့မှာ ရန်သူများအဖြစ်သာ မြင်ကြမည်ပေ။ ကိစ္စတော့ မရှိ၊ မိမိတို့က မကောင်းမှု ကို ရှုံ့ရှာသည့် ဥပဒေဘက်တော်သား များမို့ မှုခင်းဒုစရိုက်များ ပပျောက် ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ် ပေသည်။

မောင်မောင်က အိပ်ရာဝင်နေ သည် ထင်မှတ်စေရန် အခန်းတွင်း မီးများကို ပိတ်ပစ်လိုက်၏။ အခန်း တံခါးများကို ပင်လယ်တွင်း သင်္ဘော ထွက်ခွာနေချိန်တွင် သော့ခတ်မပိတ် ထားရပါချေ။ ရုတ်တရက်သင်္ဘော ကြီး မီးလောင်၍သော်လည်းကောင်း၊ တခုခုဖြစ်ပွား၍သော်လည်းကောင်း အခန်းသော့ခတ်ပိတ်ထားခြင်းကြောင့် အခန်းတွင်းမှ ထွက်မရဘဲပိတ်မိက အသက်အန္တရာယ်ထိခိုက်စေနိုင်ခြင်း ကြောင့်ပါပေ။

မောင်မောင်အား မသင်္ကာနေပြီ မို့ အခန်းတွင်းသို့ အသာဖွင့်ကာ မိမိ တကယ်အိပ်နေခြင်းရှိမရှိအား လာ ရောက်စစ်ဆေးသလို တစ်စုံ တစ်ယောက် တံခါးဖွင့်ကာ ချောင်း မြောင်းကြည့်လာခဲ့၏။ အပြင်ဘက် မီးရောင် အခန်းတွင်း ဝင်လာခြင်း ကြောင့် မိမိသိပါသည်။

ထိုလူက တံခါးကိုအသာပြန် ပိတ်ကာ ထွက်ခွာသွားတော့သည်။ မိမိတို့အတွက် အချိန်အခါမရွေး အသက်အန္တရာယ်ကြုံလာနိုင်သည်မို့ ကြက်အိပ်ကြက်နိုးသာ အမြဲနိုးကြား နေကြရပေသည်။ သတိတရားကို လက်ကိုင်ထားကြရ၏။ အိပ်ရာ ထက်မှာ အသာထကာ တံခါးနား ကပ်ပြီး အပြင်မှအသံကိုနားစွင့်မိ သည်။ ဘယ်သူမှ မရှိ၊ လှုပ်ရှားသံ မကြားရမှ တံခါးဝမှ အသာခွာကာ မိမိ၏ စာကြည့်စားပွဲရှိ မီးထွန်းကာ အင်တာပို ဌာနခွဲသို့ စကားပြောစက် မီးခြစ်ဖြင့် ဆက်သွယ်ရတော့၏။

"ကောင်းကင်‥ကောင်းကင်‥ ကြားလား‥ဆင်ရိုင်းခေါ်တယ် ကြား လား‥"

"ကြားတယ်‥သတင်းပို့ပါ"

"သူတို့ ဆင်ဖမ်းဖို့လုပ်နေကြပြီ ဗျ"

"အေး‥ပိုက်ထဲဝင်တိုးလိုက်ပါ"

"ဗျာ‥"

"မင်းရဲ့သတင်းပို့ချက်အရ ငါ တို့မူးယစ်ဆေးဝါးဂိုဏ်းခွဲကို ဖမ်းဆီး ရပြီကွ‥ဒါပေမယ့် မင်းရဲ့သတင်းကို ငါတို့တပ်ဖွဲ့ထဲက မူးယစ်ဂိုဏ်းလူက မင်းရဲ့အကြောင်း ဖွင့်ပြောလိုက်တယ် ‥‥သတိနဲ့နေပါ‥"

"ကောင်းပြီ‥စင်ကာပူမှာ သူတို့ မူးယစ်ဆေးဝါးရောင်းဝယ် မယ် ‥"

"ရပြီ‥ပေးပို့ချက်ရပြီ‥ငါတို့ တပ်ဖွဲ့ဌာနခွဲကို ဆက်သွယ်သတင်း ပို့ပါ‥"

"သဘောပေါက်ပြီ‥ဒါပဲ"

"အေး‥အောင်မြင်ပါစေ‥ဒါပဲ"

မောင်မောင်ယောင်ကောင်ဌာနခွဲ နှင့် ဆက်လက်ဆက်သွယ်စရာမလို တော့ပေ။ စင်ကာပူနိုင်ငံရှိ အင်တာပို



www.burmeseclassic.com

www.burmeseclassic.com

ဌာနခွဲနှင့်သာ ဆက်လက်ဆက်သွယ်ရတော့မည်ဖြစ်၏။ ဟောင်ကောင်မှာတုန်းက စက္ကူသေတ္တာဖြင့် အထုပ်ကြီးသုံးသေတ္တာတင်ဆောင်လာခဲ့၏။ စင်ကာပူနိုင်ငံသည် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်ရာ ဆိပ်ကမ်းကြီးတစ်ခုမို့ မူးယစ်ဆေးဝါးများရောင်းဝယ်သယ်ယူရန် အချက်အချာကျလျက်ရှိ၏။ နိုင်ငံသည် ကျွန်းနိုင်ငံပေမို့ တစ်ချိန်တည်း သင်္ဘောကြီးပေါင်း အစင်း ၄၀၀ကျော်ခန့် တစ်ပြိုင်နက်ဆိုက်ကပ်နိုင်ရန် နိုင်ငံ၏ ပတ်လည်ဆိပ်ကမ်းများအဖြစ် ဆောက်လုပ်ထားပေသည်။ နိုင်ငံတကာသွား သင်္ဘောကြီးများသည် စင်ကာပူဆိပ်ကမ်းတွင် ရိက္ခာများ(Provision)၊ ဆီ(Bunkering) ရေများ တင်ဆောင်ဖြည့်တင်းကြပေသည်။ စင်ကာပူနိုင်ငံသည် အကောက်ခွန်ကင်းမဲ့ဆိပ်ကမ်း (Duty Free Port)ဖြစ်ခြင်းကြောင့်ပေ။

မောင်မောင်က စင်ကာပူနိုင်ငံရှိ အင်တာပိုဌာနခွဲသို့ ဆက်လက်သတင်းပို့ရ၏။ ရှေ့ဆက်လုပ်ရမည့် တာဝန်များအား ညှိနှိုင်းရပေသည်။ မိမိအတွက် အန္တရာယ်က လက်တစ်ကမ်းမှာရှိနေပြီဖြစ်၏။ မိမိအား ရန်သူတို့က အထူးရဲတပ်ဖွဲ့ဝင်မှန်းသိရှိထားကြပြီဖြစ်ရာ လှုပ်ရှားမှုတိုင်း စောင့်ကြည့်နေတော့၏။ ဟောင်ကောင်မှ စင်ကာပူနိုင်ငံသို့ ရာသီဥတုသာယာပါက ရှစ်ရက်မျှသာ ခုတ်မောင်းရောက်ရှိနိုင်ပေသည်။ အားကောင်းပါက ခြောက်ရက်ခန့်မျှနှင့်ပင် ခုတ်မောင်းရောက်ရှိမည်ဖြစ်၏။

မောင်မောင်နှင့်သင်္ဘောသားအချို့နှင့် ပြဿနာတက်ရပါသေး၏။ အကြွေးစနစ်ဖြင့် ရောင်းချသော (Bond Store)အရက် စီးကရက်များ ပင်လယ်ပြင်တွင်း ရောင်းချပေးရသည်။ အချို့က မူးယစ်ဆေးဝါးသုံးစွဲသူများမို့ မိမိမှာမရှိကြောင်းရှင်းပြသည်ကို မပေးချင်လို့ထင်မှတ်ကာ ရန်ပြုလာကြတော့၏။ ထိုအခါမှ တတိယအရာရှိလူသစ်(ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်)က ဝင်ရောက်ရှင်းပြဖြန်ဖြေပေးပါမှ ပြဿနာမတက်၏။ မာလိန်မှူးထံတွင် ဝယ်ယူနိုင်ကြောင်း သိသွားကြတော့၏။

မူးယစ်ဆေးဝါးဂိုဏ်းများကား မိမိတို့၏ လူများအား ထိန်းချုပ်နိုင်ရန် မူးယစ်ဆေးဝါးစွဲစေအောင် ပြုလုပ်ထားကြ၏။ ဟောင်ကောင်စားသောက်ဆိုင်တွင် မောင်မောင်ပါဝင်ဖြေရှင်းခဲ့ရသော လူကုန်ကူးမှုတွင်လည်း မိန်းကလေးများအား ဘိန်းကျွေးကာ ထိန်းချုပ်ထားကြောင်း သိရှိခဲ့ရပေသည်။ မူးယစ်ဆေးဝါးကား လူသားများ မျိုးနွယ်ပါ အညွန့်တုံးစေသည့် သေမင်းတမန်ပါတည်း။

မူးယစ်ဆေးဝါးအသုံးစွဲရပါက ထိုသူတို့သည် လွန်စွာအန္တရာယ်ကြီးမားသူများဖြစ်ပြီး အသက်ကိုပါ ရန်ရှာတတ်ကြပေသည်။ သူတစ်ပါးမလုပ်ရပါက မိမိကိုယ်မိမိရန်ရှာတတ်သော ရာပေါ် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲသူများကို မောင်မောင်တွေ့ကြုံခဲ့ရဖူးပါသည်။ နိုင်ငံများစွာ ပူးပေါင်းကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ဆောင်ရွက်နေကြ၏။

မိမိတို့ ဥပဒေဘက်တော်သားများမှာလည်း အသက်ကိုပမာဏမထားဘဲ စွန့်စားတာဝန်ထမ်းဆောင်နေကြရကုန်၏။ ပွင့်သောပန်းတိုင်း မွှေးကြိုင်သင်းပျံ့စေလိုလှ၏။ လူငယ်လူရွယ်များသည် နိုင်ငံ၏ သားကောင်းသမီးပျိုများဖြစ်ပြီ တစ်ချိန်တွင် တိုင်းပြည်၏ ခေါင်းဆောင်ကောင်းများဖြစ်လာကြမည်ပေ။ မျိုးဆက်သစ်များကား ခေတ်ရေစီးကြောင်းအတိုင်းမျောပါလျက်ရှိ၏။ ထိုရေစီးကြောင်းထဲက မူးယစ်ဆေးဝါးအမှိုက်များလွင့်မျောမပါစေရန်အတွက် မိမိတို့ရဲတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေကြရသည်ဖြစ်ပေသည်။

ရှေ့လဆက်ရန်...

**မောင်မောင်(မြန်မာပြည်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဝိဘက်ကြမ္မာ ပြေးမလွတ်သာ

* ဝင်းသောင် (ရမည်းသင်း)

BURMESE CLASSIC .com

ဦးလှဆောင်၊ ဒေါ်အုန်းမြတို့ စိုက်ကွင်းသည် သိမ်ကုန်းရွာနှင့် မနီးမဝေး ရွှေထုတ်ကျ ချောင်းဘေးတွင်ရှိသည်။ သူတို့အိမ်သည် ရွာထဲတွင်ရှိသော်လည်း ပန်းစိုက်ကွင်းနှင့်နီးအောင် ရွှေထုတ်ကျ ချောင်း၊ ကမ်းနဖူးပေါ်တွင် မိသားစု တဲထိုးနေကြသည်။ ဂေါ်ဖီ၊ မုံလာစိုက်သူများ စပျစ်စိုက်သူများအနေဖြင့် ရွှေထုတ်ကျချောင်းရေကို အားထားစိုက်ပျိုးစားရသူများမို့ ရွာထဲမှ ရွာပြင်ထွက်ကာ မိမိတို့ စိုက်ခင်းနဲ့ နီးသည့် ရွှေထုတ်ကျချောင်းဘေး တဲထိုးနေထိုင်ကာ လုပ်ကိုင်စားသောက်ကြသဖြင့် ချောင်းရိုးတစ်လျှောက် ရွာတန်းရှည်လေးသဖွယ် ဖြစ်နေသည်။

ရွှေထုတ်ကျချောင်းဟု အများက အမည်မှည့် ခေါ်ပြောနေသည့်ချောင်းမှာ ယခင်က ထိုအမည် မဟုတ်ပါ။ လွတ်လပ်ရေးရပြီးစက မြို့မှာနေထိုင်သူများ ရွှေမြင်တင်တောင်သို့ ဘုရားဖူးသွားရင်း ချောင်းပေါ်မှ ကားနဲ့အဖြတ် ကားပေါ်မှ လူရွယ်တစ်ဦး မတော်တဆ ချောင်းထဲ ကျသေဆုံးခဲ့သဖြင့် ထိုလူရွယ်၏ နာမည်ကို အစွဲပြုခေါ်ဆိုခြင်းဖြစ်ကြောင်း သိရပါသည်။

ရမည်းသင်းလို မြေလတ်ဒေသသည် နွေရာသီဆိုလျှင် ချောင်းကန်များ ရေခမ်းလေ့ရှိကြသည်။ မြို့ဂုဏ်ဆောင် ရောမကျီးနီကန် (ကြေးနီကန်)ကြီးပင်လျှင် ရေနည်းသွားကာ ကန်အတွင်း နေရာတချို့ ရေများခမ်းခြောက်ကာ အုကြောင် အုကြောင် (ဖေါင်ကြောင်း)ဟု ဒေသသားများက ခေါ်သည့် အုကြောင်းကြီးတစ်လျှောက်မှာသာ ရေရှိတတ်ချိန်မျိုးတွင် ရွှေထုတ်ကျချောင်းက ရေနည်းလျှင်သာ နည်းမယ် ရေကတော့ စီးမြဲပဲ၊ ဒါကြောင့် ဂေါ်ဖီ၊ မုံလာ၊ မုံညှင်းစိုက်သမား ပန်းစိုက်သမားများ အပါအဝင် စပျစ်ခြံ စိုက်ပျိုးကြသူတွေအထိ ဒီချောင်းလေးကို အားကိုးနေရတာ။

ရွှေထုတ်ကျချောင်းသည် ရှမ်းရိုးမတောင်တန်းမှ မြစ်ဖျားခံ၍ ရွှေယင်မြင် (ခေါ်) ရွှေမြင်တင်တောင်နှင့် ရွှေယင်မိတောင်ကြားကို ကွေ့ပတ်စီးဆင်းလာသော အဖိုးတန် ချောင်းတစ်ချောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အကြောင်းမှာ ထိုချောင်းကိုမှီ၍ ချောင်းရိုးတစ်လျှောက် ပန်းစိုက်တောင်သူများ ဂေါ်ဖီ မုံလာစိုက် တောင်သူများနှင့် စပျစ်ခြံစိုက်ပျိုးကြသူများ စားဝတ်နေရေး အဆင်ပြေနေကြ၍ဖြစ်သည်။ ရွှေထုတ်ကျချောင်းကို အားကိုးအားထားပြုကြသူများအနက် ဦးလှဆောင်၊ ဒေါ်အုန်းမြတို့ မိသားစုလည်း ပါကြသည်။ သူတို့မိသားစုက သူတို့စိုက်ကွင်းတွင် သပြေကို အဓိကစိုက်ပျိုးပြီး စိန်ခြယ် ရွက်လှ ဂန္ဓမာပန်းတွေကို တအုံတမ စိုက်ပျိုးကြသည်။ သစ္စာပန်းကိုတော့ ဆောင်းဦးရာသီမှ စိုက်ပျိုးသည်။ ပန်းဆိုတာကလည်း ရာသီရွေးတယ်လေ။ သူ့ရာသီနဲ့သူမှ စိုက်ပျိုး အောင်မြင် အကျိုးကျေးဇူးများတာကို ပန်းစိုက်တောင်သူတွေသိကြပါတယ်။

အဲ့ဒီလို ပန်းစိုက်တောင်သူ လုပ်နေရင်းက သားကြီးမြမောင် (၁၆)နှစ်အရွယ်မှာ ဦးလှဆောင်တစ်ယောက် ငှက်ဖျားရောဂါဖြင့် ဆုံးသွားရာ ဒေါ်အုန်းမြတစ်ယောက် ရွှေတောင်ကြီး ပြိုကျသွားသလို ခံစားလိုက်ရသည်။ အေးလေ တစ်သက်လုံး ဦးလှဆောင်ကိုပဲ အားကိုးအားထားပြုနေလာတော့ ရှေ့ဆက်ရမယ့် ခရီးအတွက် ဘယ်လိုလုပ်ရပါ့မလဲတွေးပြီး ရင်ထဲ ဘလောင်ဆူမိတာမဆန်းပါဘူး။

အသက် (၁၆)နှစ်သားကတည်းက ဘခင် ဦးလှဆောင်နဲ့တွဲ ပန်းစိုက်တောင်သူလုပ်လာတဲ့ သားကြီးမြမောင်က ဘခင်ရှိစဉ်က နောက်လိုက်လုပ်ခဲ့ပေမယ့် ခုတော့ မိသားစုတာဝန် ဦးဆောင်ရတော့မပေါ့။ သူ့အသက်က (၂၀)ကျော်ပြီမို့ ဒီတာဝန်ကိုလည်း သူကျေပွန်အောင် ဆောင်ရွက်နိုင်မှာပါ။ ဘာကြောင့်လည်းဆိုတော့ ဘခင်ဦးလှဆောင်ရှိစဉ်ကတည်းက၊ ပန်းစိုက်တောင်သူ့အလုပ်ကို ဘခင်နဲ့အတူ လုပ်ခဲ့တဲ့ အတွေ့အကြုံရှိလို့ပဲ။

"အမေ ဘာမှအားမငယ်နဲ့ ကျွန်တော် အသက်ထက်ဆုံး အမေ့ကိုလုပ်ကျွေးပါ့မယ်။ ညီလေးမြအောင်ကိုလည်း အမေဖြစ်စေချင်တဲ့ ကျောင်းဆရာလေးဖြစ်အောင် (၇)တန်းအောင်တဲ့အထိ ကျောင်းဆက်ထားပေးပါ့မယ်။ ဒီသီတင်းကျွတ်မှာ ကျွန်တော်နဲ့ခင်ချစ် လက်ထပ်မယ့်ကိစ္စလည်း ခင်ချစ်ကိုတောင်းပန်ပြီး ဖျက်လိုက်တော့မယ်။ ခင်ချစ်လည်း နားလည်သဘောပေါက်မှာပါ အမေ"

(၁၉၅၆/၅၇)က (၇)တန်းအောင်လျှင် မူလတန်းကျောင်းဆရာ အငယ်တန်းစာရေးအလုပ်များခန့်ပါသည်။ ယခုတင်ပြ ရေး သားသည့် ဖြစ်စဉ်ကလည်း (၁၉၅၇)ခုနှစ်က ဖြစ်စဉ်ဖြစ်ပါသည်။

"သားရယ် မင်္ဂလာ အစီအစဉ်တော့ မဖျက်ပါနဲ့ကွယ်။ မင့်အဖေရှိစဉ်ကတည်းက ခင်ချစ်ကို မင့်အဖေကိုယ်တိုင်သဘောတူပြီး စီစဉ်ခဲ့တာကွဲ့၊ သူတို့ခမျာလည်း အမေတစ်ခု သမီးတစ်ခုဆိုတာလို ဘာအားကိုးအားထားမှ မရှိရှာဘူးကွဲ့၊ ကိုယ်လည်း ပန်းစိုက်တောင်သူ သူတို့လည်း ပန်းစိုက်တောင်သူ တစ်ဦးနဲ့တစ်ဦး အတွင်းသိ အဆင်းသိ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေလို့ရတဲ့ မိသားစုတွေပဲ သားရဲ့ မင်္ဂလာပွဲ ဘာမှဖျက်စရာမလိုပါဘူး။ သီတင်းကျွတ်ရောက်ရင် အမေကြည့်စီစဉ်ပါ့မယ်"

သားကြီး မြမောင်ရဲ့ သိတတ်တဲ့ စိတ်ဓာတ်ကို မိခင် ဒေါ်အုန်းမြ ဝမ်းတွင်းက ချီးကျူးအသိအမှတ်ပြုကာ ကျေနပ်ဝမ်းသာမိသည်။ သို့သော် သားဖြစ်သူနှင့် ခင်ချစ်တို့မင်္ဂလာပွဲကိုတော့ မပျက်စီးစေလို။ ဒါကြောင့် သားဖြစ်သူမြမောင်၏ပြောစကားကို ကျေနပ်သော်လည်း မင်္ဂလာပွဲဖျက်မယ့် အစီအစဉ်ကို လက်မခံလိုက်ခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

* * *

ပန်းစိုက်သမားများ အလုပ်က နောက်နေ့ နံနက်စောစော ပို့ရမည်က ပန်းများကို ဒီနေ့ညနေတွင်ခူး ရေဆေးသန့်စင် အရေအတွက်အတိုင်း စည်းနှောင်ခြင်းပြုကာ ခြင်းသွင်းအသင့်ပြင်ရသည်။ ပန်းစည်းကို အလွတ်စည်းနှောင်ပို့သည်ဖြစ်စေ၊ ခြင်းသွင်းပို့သည်ဖြစ်စေ မညှိုးမနွမ်း မကျိုးမကျေရအောင် အထူးဂရုပြုဆောင်ရွက်ရသည်။ နံနက်လင်းခါနီး (၃)နာရီအရောက် ဈေးကြိုကား



www.burmeseclassic.com

www.burmeseclassic.com

ဂိတ်သို့ ပန်းခြင်းများ ဂိုဂွင် ကြို့ပို့ယာဉ်နောက်လိုက်သည် ဘယ်ပန်းခြင်း ဘယ်ပန်းဒိုင်ပို့ရမည်ကို ခြင်းအမှတ်အသားများအရ သိပါသည်။ ဈေးကြို့ပို့ကားမှ ဒိုင်လွဲများပို့လျှင် ရောက်သည့် ပန်းဒိုင်ကလက်မခံ သက်ဆိုင်သည့် ဒိုင်သို့ သွားပို့ရန် ညွှန်လိုက်ပါသည်။ ဒါက ဈေးသည်လောကမှ ချစ်စရာ ဓလေ့များဖြစ်သည်။

"သားကြီးရေ အမေ ဒီနေ့နေမကောင်းချင်ဘူး။ နေရတာ မအီမလည်ဖြစ်ပြီး တကိုယ်လုံး ကိုက်ခဲနေတယ်"

ဒေါ်အုန်းမြသည် ရွှေထုတ်ကျချောင်းအတွင်း ဂန္ဓမာပန်းနှင့်သစ္စာပန်းများရေဆေးသန့်စင်နေရင်းက ခပ်လှမ်းလှမ်းတွင် သူနှင့်အတူ အလုပ်လုပ်နေတဲ့ မြမောင်ကို ပြောလိုက်သည်။

"အမေ ချောင်းထဲဆင်းတာကြာသွားလို့ အအေးပတ်ပြီထင်တယ်။ အမေ ပြန်နှင့် ကျွန်တော် ဒီပန်းတွေလက်စသိမ်းပြီးလာခဲ့မယ်။ အမေ အိမ်ပြန်ရောက်ရင် ညီလေးကို ရွာထဲက မဖွားမေဆိုင်မှာ ငန်းဆေးတစ်ထုပ်နဲ့ ကျွန်တော့်အတွက် နဂါးနက်ဆေးပေါ့လိပ် (တစ်မတ်)ဖိုးဝယ်ခဲ့လို့မှာလိုက်ပါ။ သူရွာထဲမသွားခင် အမေ ဆေးသောက်ဖို့ ရေနွေးတစ်အိုး တည်ထားခဲ့ဖို့နဲ့ လက်နှိပ်ဓာတ်မီးလည်း ယူသွားဖို့ သတိပေးလိုက်ပါဦး။ သူရွာထဲကပြန်တဲ့အခါ မှောင်လောက်ပြီ။ ဆောင်းတွင်းက နေ့တာတိုတော့ ညီလေးကို မြန်မြန်သွားပြီး မြန်မြန်ပြန်လာဖို့လည်း မှာလိုက်ပါ အမေ"

"အေး… အေးသားကြီးလည်း မြန်မြန်လက်စသတ်ပြီး ပြန်ခဲ့တော့။ အမေ ထမင်းဟင်းတွေ နွေးထားလိုက်မယ်"

"အမေမလုပ်ပါနဲ့ ခင်ချစ်ကို အသံပြုလိုက်ပြီး ခေါ်ခိုင်းရင်ပြီးတာပဲ"

မိခင်နေမကောင်းကြောင်း ကြားလိုက်တဲ့ မြမောင်သည် မိခင်ဖြစ်သူကို အိမ်အရင်ပြန်ခိုင်းပြီး မှာစရာရှိတာမှာလိုက်သည်။ မြမောင်နဲ့ မြအောင်တို့ ညီအစ်ကိုသည် မိဘများကို ကြောက်ချစ်ရိုသေကြသူများဖြစ်သည်။ ဖခင်ကြီး ကွယ်လွန်ပြီးနောက် မိခင်ကြီးကို ပို၍ ပို၍ အလေးထား ဂရုစိုက်ကြသည်။ မိခင်ကြီး စိတ်ငြိုငြင်မှာ စိတ်မကောင်းဖြစ်မှာ အလွန်စိုးရိမ်တတ်သူများဖြစ်သည်။

* * *

ရွာနဲ့ ဒေါ်အုန်းမြတဲက သိပ်မဝေးလှပါ။ တခေါ်လောက်သာ ဝေးပါသည်။ ယောကျ်ားခြေလှမ်းနဲ့ လှမ်းသွားလျှင် (၁၅)မိနစ်ဆို ရောက်ပါတယ်။ ပန်းစိုက်ကွင်းက ရွာထဲသွားမည်ဆိုပါက သူကြီးဦးဝိုင်းအိမ်ရှေ့ကသွားလျှင် ခြေခင်းလက်ခင်းသာပါသည်။ သို့သော် နည်းနည်းဝေးသည်။ ရွာဦးကျောင်းပေါက်ဖြတ်လမ်းကသွားလျှင် နီးပါသည်။ သို့သော် ကျောင်းဝိုင်းကျော်လျှင် နဘူးချုံများကြားကဖြတ်သွားရမယ်ဖြစ်ရာ ခြေခင်းလက်ခင်းမသာသည့်ပြင် လဆုတ်ပက္ခဖြစ်သဖြင့် မှောင်မိုက်လွန်းလှသည်။

"အမေ့အတွက် ဆေးဝယ်ရမှာ အမေကလည်း မြန်မြန်သွား မြန်မြန်ပြန်လာလို့မှာတယ်။ မှောင်မှောင်မည်းမည်း ငါ့မှာ လက်နှိပ်ဓါတ်မီးပါတာပဲ ဖြတ်လမ်းကပဲသွားမယ်"

မြအောင်တစ်ယောက် ဖြတ်လမ်းကိုရွေးပြီး ဖြတ်လမ်းအတိုင်း ဓါတ်မီးတစ်ဝင်းဝင်းထိုးကာ လျှောက်လာခဲ့သည်။ ရွာဦးကျောင်းသို့ ကပ်မိသည်နှင့် ကျောင်းအောက်ကခွေးများ ပြေးထွက်ပြီးမြအောင်ကို ရန်ပြုရန် ဦးတည်လာကာ မြအောင်က ကျားကြီးမဲမှောင် နီမ ငါပါကွလို့ အသံပြုလိုက်မှ ရန်ပြုကိုက်တော့မယ့်အရှိန်ကို တုံ့ကနဲရပ်၍ မြအောင်ကို ပွတ်သပ်နမ်းရှုံ့ကာ ကျောင်းထွက်ပေါက်သို့ လိုက်ပို့ကြသည်။

ဤမြင်ကွင်းသည် သူစိမ်းတရံစာများအတွက် အထူးအဆန်း ဖြစ်ကောင်းဖြစ်ကြမည်။ လူရင်းများအတွက်မူ မထူးဆန်းပါ။ အကြောင်းမှာ မြအောင် မြမောင်တို့ ညီအစ်ကိုသည် ရှင်ပြုကိုရင်ဝတ်ကြစဉ်က ဤကျောင်းမှာဝတ်၍ ဤကျောင်းထွက်များဖြစ်သည့်အပြင် မကြာခဏ ကျောင်းဝိုင်းထဲက ဖြတ်သွားဖြတ်လာပြုရင်း ကျောင်းထဲမှခွေးများကို ကြံ့

www.burmeseclassic.com

လှုင်ကြုံ သလို ထန်းလျက် သွားရည်တာ မှန်...ချွေးလားကြဲ၍ဖြစ်ပါသည်။

"ဆေးသီး ဘယ်လောက်လဲကွ ခါတ်မီးထိုး လက်သရမ်းနေတာ ဆေးချင်လို့လား" အသံကြြာင့် မြအောင်မင်တက် မိပြီးရပ်နေမိသည်။

"ဟော့ကောင် မင်းသေချင်သလားလို့ပြောတာ မကြားဘူးလား နားပင်းနေသလားဟင်"

"ဗျာ"

"ဗျာမနေနဲ့ ပေးစမ်း မင့်လက်ထဲက ဓါတ်မီး··ဖျောင်း··ဖျောင်း"

မြအောင်သည် နဘူးချုံအတွင်း ပုန်းအောင်းသူက အလစ်အငိုက် အနိုင်ကျင့်ခံလိုက်ရပြီး သတိဝင်ကာ နဘူးတောတိုး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ မြအောင်က (၄)တန်းကျောင်းသား (၁၀)နှစ်သားအရွယ်မို့ နဘူးချုံအတွင်း မှောင်ရိပ်ခိုနေသူနှင့်တော့ မယှဉ်ပုံခဲ့ပါ။ မှောင်ရိပ်ခို ပုန်းအောင်းနေသူသည် မြအောင် ခပ်လှမ်းလှမ်းက လာနေတာကို ကြိုမြင်နေပုံရပြီး လူငယ်ကလေးရွယ်ဆိုတာ သိပုံရသည်။ ဒါကြောင့် ဒီလို လက်ရဲ ဇက်ရဲ ပြုမူသည်ဟု ယူဆနိုင်ပါသည်။

* * *

"ညီလေး ကြာလိုက်တာကွာ ဘယ်လမ်းက သွားတာလဲ"

"ရွာဦးကျောင်း ဖြတ်လမ်းကသွားတာပါ အစ်ကို"

"ဖြတ်လမ်းက သွားတယ်ပြောသေးဘာကြောင့် ဒီလောက်ကြာတာလဲ ဘယ်ဝင်နေတာလဲကွာ၊ ကဲ··ကဲ ဆေးထုပ်ဖေါက် အမေ့ကို ဆေးတိုက်ရအောင်"

မြမောင်သည် မြအောင်ဆေးသွားဝယ်တာ ကြာသဖြင့် မေးမြန်းပြောဆိုရင်း မိခင်ကို သူကိုယ်တိုင် ဆေးဖျော်တိုက်သည်၊ ပြီးတော့ နွေးနွေးထွေးထွေးဖြစ်အောင် အိပ်ရာတွင် အိပ်၍ သက်တောင့်သက်သာနေစေပြီး စောင်ခြုံပေးထားလိုက်သည်။ ဒေါ်အုန်းမြသည် သားများရဲ့ မေတ္တာစေတနာကြောင့်လား ဆေးတန်ခိုးကြောင့်လားမသိ၊ အပူရှိန်ကျကာ မေးကနဲ အိပ်ပျော်သွားလိုက်တာ မိုးစင်စင်လင်းမှပင်နိုးတော့သည်။

"ဟဲ့ သားကြီး ပန်း··ပန်းတွေ"

"ဟုတ်ကဲ့အမေ ဒီနေ့ ဒိုင်တွေက ငွေချေမယ့်နေ့ ခင်ချစ်တို့လည်း ငွေထုတ်ကြမှာ ကျွန်တော်တို့ပန်းတွေလည်း ခင်ချစ်က ဒိုင်တွေဆက်ပို့ပေးပြီး ငွေလည်း သူပဲထုတ်ခဲ့လိမ့်မယ်"

"အော်···အေးအေး အဆင်ပြေသွားတာပေါ့ကွယ်"

"ခင်ချစ်ကို နို့ဆီ ကာဖီမှုန့် ထန်းလျက်နဲ့ ပျော့ဘွယ်မုန့်ကြွပ် ဝယ်ခဲ့ဖို့ မှာလိုက်တယ်အမေ"

"ဘာလုပ်ဖို့လဲ သားရဲ့"

"အမေ့အတွက် အဟာရဖြစ်အောင် ကာဖီဖျော်တိုက်မယ်လေ၊ ညီလေးကလည်း တစ်ခါတလေ သောက်ချင်တယ်တဲ့။ ကာဖီကို ထန်းလျက်နဲ့ ဖျော်တာ ပိုပြီးအရသာရှိတယ်၊ ကျန်းမာရေးနဲ့ညီညွတ်တယ်လို့ ခင်ချစ်က ပြောတယ်။ ဘယ်လိုဖျော်ရတယ်ဆိုတာ သူ သင်ပေးမယ်လို့လည်း ပြောတယ်။ ကာဖီနဲ့ ပျော့ဘွယ်မုန့်ကြွပ်က သိပ်လိုက်ဖက်ပြီး သက်ကြီးရွယ်အိုတွေအတွက် အားပြည့်လွယ်သတဲ့အမေ"

"အမေ့အတွက် အဲဒီလောက်မလိုပါဘူး သားကြီးရယ်၊ ပျော့ဘွယ်မုန့်ကြွပ်ဆိုတော့ မုန့်တစ်ခါစားဖို့ ပျော့ဘွယ်ကို တောင် သွားဝယ်ရမှာ တကူးတကကွယ်"

"ပျော့ဘွယ် သွားမဝယ်ရပါဘူး အမေ။ ရမည်းသင်း မြို့မဈေးကြီး အတွင်းက မဟီမုန့်မျိုးစုံဆိုင်မှာ ဝယ်လို့ရပါတယ်"

"ဒါနဲ့ ညီလေး ဓါတ်မီးကော"

"ဒီမှာ အစ်ကို"

မြအောင်သည် အစ်ကိုမြမောင်၏ အမေးကို ဖြေသည်နှင့်ပြီး မြမောင်ကို တဲအပြင်ထွက်ခဲ့ရန် မျက်စပစ်အချက်ပြကာ အစ်ကိုကို သည်းသည့် နှုတ်ခမ်းကို လက်ညှိုးကပ်ထောင် အချက်ပြ၍ လက်ယပ်ခေါ်လိုက်သည်။ သဘောမှာ အမေမသိအောင် ပြောစရာရှိကြောင်း အချက်ပြသည့် သဘောဖြစ်သည်။ အစ်ကိုဖြစ်တဲ့

www.burmeseclassic.com

မြမောင်ကလည်း သဘောပေါက်သဖြင့် တဲပြင်ထွက်သွားလိုက်သည်။

"ဘာလဲ ခါတ်မီးမေးတာ ဘာတွေ လုပ်ပြနေတာလဲကွ"

"အဲဒီအကြောင်း ပြောမလို့ပါ အစ်ကို"

မြအောင်သည် ညဦးက သူကြုံ ကြိုက်ခဲ့ရတဲ့အကြောင်း အသံကိုနှိမ့်ကာ အစ်ကိုဖြစ်သူ မြမောင်ကို ပြောပြလိုက်သည်။

"တောက်ခွေးကောင် ညဦးကတည်း ကမပြောဘဲ ခုမှပြောတော့ အဲဒီကောင် ကိုဘယ်သွားရှာမလဲ၊ ငါတော့ မင်းနရင်း ကို ဟိုကောင်ရိုက်တာထက် ဆယ်ဆ သာအောင် ရိုက်ပစ်ချင်တယ်"

"အဲဒါပဲ အစ်ကို အဲဒါပဲ ညဦး ကတည်းက ကျွန်တော် မဆင်မချင် အစ်ကို့ကို ပြောပြလိုက်ရင် အစ်ကို ဒေါ်ပွပြီး ဟိုလူကိုချက်ချင်းလိုက်ရမယ်၊ ပြဿနာကြီးမလား၊ သေးမလား မသိ နိုင်ဘူး။ ကျွန်တော်က အစ်ကို့နောက် လိုက်ရမလား၊ အမေ့အနားမှာပဲ နေခဲ့ရ မှာလား မဝေခွဲတတ်ပဲ စိတ်ပူနေရမှာ အမေမေးရင်လည်း ကျွန်တော် မဖြေ တတ်ဘူး၊ အဲဒီလူနောက်လိုက်သွားတယ် လို့ အမေ့ကို ပြောလိုက်ပြန်လဲ အမေ ဖျားနေပေမယ့် ထမီစွန်တောင်ဆွဲပြီး အစ်ကို့နောက်လိုက်မှာ နေမကောင်းတဲ့ ကြားက သောကတွေ အမေများတော့ မယ်။ ချက်ချင်းပြောလို့ တစ်ကွက်မှ ကောင်းကွက် မမြင်ဘူးအစ်ကိုဒါကြောင့် ကျွန်တော် ချက်ချင်း မပြောပြတာပါ"

"အေး ငါ့ညီအတွေးမှန်တယ်၊ အစ်ကို ဒေါသဖြစ်လွန်းလို့ ပြောမိတာ အစ်ကို့ကို စိတ်မဆိုးနဲ့ ညဦးကသာ အစ်ကိုသိခဲ့ရင် ငါ့ညီကို ကိုယ်ထိလက် ရောက် အနိုင်ကျင့်စော်ကားခဲ့တဲ့ အဲဒီ ကောင်ကို သတ်မိမှာ၊ ကဲ ကဲ ညီလေး ကျောင်းသွားတော့"

* * *

"ဦးကံရှိန်ရဲ့ စပျစ်ခြံအေးမှာ အလောင်းတစ်လောင်း တွေ့လို့တဲ့"

"ဘယ်သူများလဲ ကွယ်တို့"

"ဒီရွာကတော့ မဟုတ်ဘူး မျက်နှာ စိမ်းပဲ"

"ကျေးရွာ ရဲကင်းမှူး သိပြီလားကွဲ"

"ဟုတ်ကဲ့ သိပြီးပါပြီ မြို့က ရဲဌာန အုပ်ကြီးတို့လည်း ကင်းမှူး သတင်းပို့ ချက်အရ ကြည့်ရှုစစ်ဆေးဖို့ ထွက်လာ ပြီတဲ့ မကြာမီ ရောက်ပါလိမ့်မယ်။ ဘကြီးလှိုင် (ယခင်က ယခုစခန်းမှူး ရဲအုပ်အဆင့်ကို ဌာနအုပ်ဟုခေါ်ပါ သည်။)

ဘကြီးလှိုင်သည် ရွာ၏ ရပ်မိရပ်ဖ တစ်ဦးဖြစ်သည်။ ရပ်ရေးရွာရေးတွင် ဩဇာတိက္ကမ ရှိသူဖြစ်သည်။ ထို့ကြောင့် ယောက်ျားအလောင်း တစ်လောင်းတွေ့ သည့်ကိစ္စနှင့်ပတ်သက်၍ ပြောဆိုမေး မြန်းနေခြင်းဖြစ်သည်။ အလောင်းလက်ရှိ အနေအထားကြည့်တော့ ပြင်ပဒဏ်ရာ ဒဏ်ချက်မရှိဘဲ သေဆုံးနေတာမို့ လူသတ်မှုဟုလည်း မဆိုသာပေ။ ဘာကြောင့် သေပါလိမ့်ဟု သို့လော သို့လောတွေးကာ တစ်ယောက်ကစ တစ်ရာ ဆိုတာလို ရွာသူရွာသားများ ဝိုင်းအုံကြည့်နေကြသည်။

"ဌာနအုပ်ကြီးတို့အဖွဲ့ ရောက်လာ ပြီ ဘေးကို ရှဲပေးကြပါ"

"ဆရာ ဘသိုက် သေသူကို သိသလား"

"မသိပါဘူးဆရာ ဒီလူက ဒီရွာက မဟုတ်ဘူး။ ရွာစဉ်လှည့်ပြီး စောင်နဲ့ အထည်ကြမ်း ထမ်းရောင်းတဲ့ ဟောဒီ ကိုဆင်ကြီးတောင် မသိဘူး။ ကိုဆင်ကြီး ဟာ ဒီအနီးအနားရွာတွေက လူတော် တော်များများကို သိတယ်။ သူ့ကိုလည်း အများကသိကြတယ်ဆရာ"

ဌာနအုပ်ကြီးက မေးလိုက်ရာ ကျေးရွာ စခန်းကင်းအုပ် ရဲတပ်ကြပ်ကြီး ဘသိုက်က အဖြေပေးလိုက်သည်။

"ရဲမှူးခင်း ဓာတ်ပုံဆရာ သေသူကို လက်ရှိ အနေအထားအတိုင်း ဓာတ်ပုံ ရိုက်ပါ။ ပြီးတော့ အပေါ်ပိုင်း အဝတ် အစားတွေ ချွတ်လိုက်ကွာ"

လူဆိုးထိန်း ရဲတပ်ကြပ်ဝင်းကြည် သည် ဌာနအုပ်၏ ညွှန်ကြားချက် အတိုင်း ချက်ချင်း ဆောင်ရွက်ပေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှေ့ပိုင်းမှာလည်း ဒဏ်ရာ ဒဏ်ချက်မရှိဘူး။ ခရီးသွားရင်း ရောဂါတစ်ခုခုကြောင့် သေတာလား မသိဘူးနော်"

"ညာဘက် ခြေထောက် ခြေဖမိုးက ဒူးဆစ်အထိ ညိုမဲရောင်ရမ်းနေတာ တွေ့တယ်။ မြွေကိုက်တာ ဖြစ်မယ်။ သေသေချာချာ ကြည့်ကြစမ်း"

"ဟော...ဟောဒီမှာ အစွယ်ရာ အပေါက်လေး နှစ်ပေါက်"

ဌာနအုပ်ကြီးက ထင်မြင်ချက်ပေးပြီး ရှာဖွေခိုင်းလိုက်ရာ ကင်းအုပ်ဘသိုက်နဲ့ လူဆိုးထိန်း ဂင်းကြည်တို့ ဂယဏန ရှာဖွေကြည့်လိုက်စဉ် အစွယ်ရာနှစ်ပေါက်ကို ညာဘက် ခြေမျက်စိအောက်၌ တွေ့လိုက်သည်။

"ကဲ ဘကြီးလှိုင် သေဆုံးရခြင်းအကြောင်းတော့ သိလိုက်ရပါပြီ။ သေသူအနီးကတွေ့တဲ့ ပစ္စည်းတွေ ဥပဒေနဲ့အညီ မှတ်တမ်းတင်ရဦးမယ်။ ဘကြီးလှိုင်က သက်သေပေါ့"

"ဟုတ်ကဲ့ ဌာနအုပ်ကြီး သင့်သလို လုပ်ပါ"

**သေဆုံးသူ အမည်မသိ အလောင်းအနီးမှ တွေ့သည့် ပစ္စည်းစာရင်း**

(၁) ချည်လွယ်အိတ်ဟောင်း (၁)လုံး
(၂) စွပ်ကျယ်ဟောင်း (၁)ထည်
(၃) ပုဆိုးကြမ်းအဟောင်း (၁)ထည်
(၄) သုံးတောင့်ထိုး ဓါတ်မီး (၁)လက်

"ဆရာ...ဆရာ...အဲ...အဲဒါ ကျွန်တော့်ဓါတ်မီးပါ"

"သေဆုံးသူနဲ့ မင်းက အသိလားဟင်"

"ဟင့်အင်း"

"ဒါဆို မင့်ဓါတ်မီးက သေသူဆီ ဘယ်လိုရောက်နေတာလဲကွဲ့"

"ဒီလိုပါခင်ဗျာ"

မြအောင်သည် ရွာထဲတွင် တစ်ယောက် တစ်ပေါက် ပြောနေကြသည့် သတင်းစကားကြောင့် ဦးကံရှိန် စပျစ်ခြံဘေးရှိ အမည်မသိ အလောင်းတွေ့သည့်နေရာသို့ကျောင်းမှသူငယ်ချင်းများနှင့်သွားကြည့်ရာ စခန်းမှူးသိမ်းဆည်းနေသော ပစ္စည်းများထဲတွင် ညဉ့်က သူ့ဆီက သေသူအနိုင်ကျင့် ယူသွားသော သူ့ဓါတ်မီးကို မြင်မိသဖြင့် အားရဝမ်းသာပြောလိုက်သည်။ ဌာနအုပ်ကြီးနဲ့ ဘကြီးလှိုင်ကိုလည်း သူ့ရဲ့ မနေ့ညဉ့်က အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ကဲ ကလေး မင်း ဓာတ်မီးဆိုတာ ဘာသက်သေပြမလဲဟင်"

"မနေ့ မနက်ကမှ ဓါတ်ခဲအသစ် လဲထားပါတယ်။ ရှေ့ဓါတ်ခဲနှစ်လုံးက နေရှင်နယ် နောက်ဓါတ်ခဲက အဲဗားရယ်ဒီ ပါခင်ဗျာ"

"ဟုတ်ပါတယ် ဘကြီးလှိုင်"

"ကဲ ကလေးရေ ဓါတ်မီးက မင့်ဓါတ်မီးမှန်ပေမယ့် ခုတော့ ပြန်ပေးလို့ မရသေးဘူးကွဲ့။ ဥပဒေနဲ့အညီ ရှင်းလင်းပြီးမှ ဘကြီးလှိုင်ကတဆင့် မင့်ကို ပြန်ပေးလိုက်မယ်နော်"

မြအောင် နှုတ်က မဖြေဘဲ ခေါင်းညိမ့်အဖြေပေးလိုက်သည်။

ဌာနအုပ်ကြီး ရဲဌာနပြန်ရောက်လျှင် သေသူမည်သူ မည်ဝါဖြစ်ကြောင်း လုပ်ထုံးလုပ်နည်းနဲ့အညီ နောက်ကြောင်း ပြန်လိုက်တော့မည်။ အဲဒီလိုနဲ့ သေသူသည် လူသတ်မှု၊ ခါးပြမှု၊ မုဒိမ်းမှုများနဲ့ (၃)ကြိမ် ထောင်ကျခဲ့ဘူးပြီး နောက်ဆုံး မယားပါသမီးငယ်ကို မတရားကျင့်ကာ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး ဒရယ်ဖိုရွာသား တင်ဖြစ်တယ် ဆိုတာ သေချာပေါက် သိကြမှာဖြစ်သည်။

ဒီအကြောင်း သိမ်ကုန်းရွာက ဘကြီးလှိုင်နှင့် ရွာသူရွာသားများ သိကြလျှင်...

"ဒီလိုကောင်မျိုး သေမှကောင်းတယ်"ဟု ပြောကြမည်လားမသိ။

ဝင်းသောင် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# တောင်းပန်ရုံဖြင့် ပြစ်ဒဏ်မှ လွတ်သင့်သလား

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

ကျွန်တော်တို့ မြန်မာလူမျိုးများသည် သည်းခံစိတ်ရှိကြသည်။ ဗုဒ္ဓဘာသာဝင်များပီပီ နောင်သံသရာကိုလည်း ကြောက်ကြ၏။ မည်သည့်ကိစ္စမဆို ရှေ့ကိုလည်း မျှော်ကြည့်၏၊ နောက်ကြောင်းလည်း ပြန်ကြည့်၏။ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ပြုလုပ်ရန် ဝန်လေးကြ၏။ ထိုသို့သော မနောရှိသူ ဘေးရှိလျှင်လည်း ရှားပေသည်။ နောင်သံသရာနှင့် ပတ်သက်၍ ရေရေရာရာ သိရှိကြခြင်း မဟုတ်သော်လည်း ဇာတိ ဗုဒ္ဓဘာသာဝင် အရပင် ရှုံ့ကြပေသည်။ ကျွန်တော်တို့၏နိုင်ငံသည် ဗုဒ္ဓဘာသာ ပြည်ထောင်စုဖြစ်သောကြောင့် ဘာသာရေးအသိကို နိုဒါန်းချီနေမိခြင်း ဖြစ်ပါသည်။ ကျွန်တော်တင်ပြလိုရင်းသည် ဥပဒေရေးရာမျှသာ ဖြစ်ပေ၏။

တောင်းပန်လျှင် ကျေနပ်ခဲ့ကြသည့် ကျွန်တော်နေထိုင်သည့် ရပ်ကွက်တွင်းမှ ဇာတ်လမ်းတစ်ပိုင်းတစ်စကို ခရီးသွားဟန်လွှဲ တင်ပြချင်သေးသည်။ ဝါပဆွမ်းလောင်းပွဲအတွက် ဓမ္မာရုံဝင်းအတွင်း ဝေယျာဝစ္စ လူငယ်များ လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ညဥ့်လယ်ယံအချိန်ဖြစ်သော လူသံတိတ်ဆိတ် အိပ်ကောင်းကြချိန် ဖြစ်သည်။ သို့သော် ဝေယျာဝစ္စလူငယ်တို့ကား နက်ဖြန်အရုဏ်တက်ချိန်အတွက် ပြင်ဆင်ကောင်းတုန်း ဖြစ်ပေသည်။

ထိုစဉ် ရပ်ကွက်အတွင်း နေထိုင်သော အသက် ၅၀ ခန့် လူနှစ်ဦး ဓမ္မာရုံဝင်းအတွင်း လူငယ်များထံ ရောက်လာကြသည်။ ထိုသူများထံမှ ပျံ့လွင့်လာသော အရက်နံ့သည် ဝင်းတစ်ခုလုံး ဖြန့်ကြက်သည်သို့ ရှိ၏။ ထိုသူများက လူငယ်များအား ရန်စကား စဆိုသည်။ စိန်ခေါ်၏။ လူငယ်များအနေဖြင့် ကုသိုလ်ရေး ဆောင်ရွက်ရင်းမှ အကုသိုလ်တံတားပေါ်သို့ တက်ရမည်သို့ ရှိနေသည်။ ရပ်ကွက်

www.burmeseclassic.com

ဓမ္မာရုံ လူကြီးများအား ဖုန်းဆက်ခေါ် [illegible] မှုသို့ ဖုန်းဖြင့် အကြောင်းကြားသူက ကြား၏။ ထိုကာလအတွင်း အမူးသမားတို့က စားပွဲထိုင်ခုံတို့ကို ရိုက်ချိုးခဲ့သည်။ ညစ်ညစ်ညမ်းညမ်း ဆဲဆိုခဲ့ကြရသည်။

နောက်တစ်နေ့နေ့လယ် မရောက်မီ ဓမ္မာရုံဝင်းအတွင်း အမူးသမားနှစ်ဦး ဝင်ရောက်ရမ်းကားမှု သတင်းသည် တစ်ရပ်ကွက်လုံး ပျံ့နှံ့သွားသည်။ ရပ်ကွက်လူထုသည် တစ်ရပ်တည်းနေသူချင်း ဖြစ်သော်လည်း အမူးသမားတို့ အပေါ် နှာခေါင်းရှုံ့ခဲ့ကြသည်။ ထို့ထက် ဓမ္မာရုံလူကြီးများ၏ သည်းခံနိုင်မှုစွမ်းအားအပေါ် ပို၍ရှုံ့ခဲ့ကြပေသည်။

တကယ်ဆိုလျှင် ဓမ္မာရုံလူကြီးများသည် ထိုအမူးသမားတို့အား နောင်ကြဉ်ဟန့်တားစေရန် ရဲစခန်း၌ အမှုဖွင့် တိုင်ကြားရပေမည်။ ဘာသာသာသနာအကျိုး ဆောင်ရွက်သူတို့၏ အနာဂတ်လုံခြုံရေးကို ရှေးရှုဆောင်ရွက်ရပေမည်။ ဓမ္မာရုံလူကြီးများကား ခွင့်လွှတ်ခဲ့ကြသည်။ သည်းခံခဲ့ကြသည်။

ဓမ္မာရုံလူကြီးတို့၏ သည်းခံမှုကို ရပ်ကွက်လူထုက ခေါင်းရှောင်သည်ဟု မြင်ကြသည်။ အမူးသမားများက ဓမ္မာရုံလူကြီးများအား တောင်းပန်၍ ကျေအေးခြင်းလား၊ ခွင့်လွှတ်ခြင်းလား ဆိုသည်ကို ရပ်ကွက်လူထု ဘာမျှမသိခဲ့ကြ။ အမူးသမားတို့ ကျူးလွန်ခြင်းသည် ရဲအရေးပိုင်သော ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု၊ ဆဲဆိုရမ်းကားမှုများ ဖြစ်နေပေသည်။

ဓမ္မာရုံဟူသည် ဘာသာရေး အဆောက်အအုံဖြစ်ကြောင်း အားလုံးသိကြလေသည်။ ဓမ္မာရုံ၏ အသက်ဝင်လှုပ်ရှားရေးကား ဓမ္မာရုံ၏ အကျိုးဆောင်လူကြီးများအပေါ်၌ အခြေတည်လျက် ရှိပေသည်။ သို့နှယ် အခြားသော အဖွဲ့အစည်း၊ ရုံး၊ ဌာနတို့သည်လည်း ထိုအဖွဲ့ဌာန၏ ဦးဆောင်ပုဂ္ဂိုလ်များအပေါ်၌ ရှင်သန်ခြင်း၊ ဖွံ့ဖြိုးခြင်း၊ ကျရှုံးခြင်း ဖြစ်ပေသည်ဟု မှတ်ယူမိပေသည်။ ကျွန်တော် ဆက်လက်တင်ပြပေးမည့် စီရင်ထုံးသာဓကများ မှတ်သားဖွယ် ကောင်းလေသည်။

"မမှားသောရှေ့နေ၊ မသေသောဆေးသမား"ဟု မြန်မာစကားပုံကို လူတိုင်းသိပြီး ဖြစ်ပေသည်။ ဆိုလိုသည်မှာ အလျှောက်အလဲ မမှားဖူးသော ရှေ့နေ၊ လူနာမသေဘူးသော ဆေးသမား၊ ဆရာဝန်မရှိဟု ဖြစ်ပေသည်။ သို့သော် "မမှားသော တရားသူကြီး"ဟူ၍တော့ စကားပုံ မရှိပေ။ မှားသည့်အခါလည်း မှားပေမည်။ အောက်ရုံးတရားသူကြီး၏ အမှားကို ပြင်ဆင်တည့်မတ်ပေးနိုင်စေရန် အဆင့်ဆင့်သော တရားသူကြီးများကို ခန့်အပ် တာဝန်ပေးထားခြင်း ဖြစ်ပေသည်။ အမှုသည်တို့ကသာ အယူခံ၊ ပြင်ဆင်မှုများ တင်သွင်းလျှောက်ထားခြင်းဖြင့် ဝါရင့် သမ္မာရင့် အဆင့်မြင့် တရားသူကြီးများရှေ့မှောက် ကြားနာစစ်ဆေးခွင့်ရသောအခါ အမှု၏ အမှန်တရား အစစ်အမှန် အဖြေ ရရှိနိုင်ပေသည်။ အမှုရှုံးသည်နှင့် ဆုံးဖြတ်သည့် တရားသူကြီးကို အပြစ်ပုံချ တိုင်စာများ ရောက်တတ်ရာပို့ခြင်းကား တလွဲဆံပင်ကောင်းခြင်းဟုသာ ဆိုရပေမည်။

ဦးသိန်းကြည်က ဒေါ်သိန်းရင် ပါ-၃ ဦးတို့အပေါ် အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုကို ပြည်နယ်တရားရုံးတွင် တရားစွဲဆိုသည်။ ထိုရုံးက ဦးသိန်းကြည်သည် အမွေပုံပစ္စည်း၏ လေးပုံနှစ်ပုံကို ခွဲဝေရထိုက်ကြောင်း ပဏာမ ဒီကရီ ချမှတ်ပေး၏။ ထိုပဏာမ ဒီကရီကို ဒေါ်သိန်းရင်တို့က မကျေနပ်။ တရားရုံးချုပ်သို့ အယူခံသည်။ တရားရုံးချုပ်က ဦးသိန်းကြည်စွဲဆိုသည့် အမှုကို ပလပ်သည့် အမိန့်ချ၏။ ဦးသိန်းကြည်က မကျေနပ်ပြန်။ တရားရုံးချုပ်သို့ ဦးသိန်းကြည်က တရားမအထွေထွေလျှောက်လွှာ(အထူး) တင်သွင်းသည်။ ပလပ်ခံရ၏။ ဤအမှုသည် ၂၀၀၃ ခုနှစ်တွင် မွေးဖွားခဲ့ခြင်း ဖြစ်ပေသည်။

၂၀၀၃ ခုနှစ်၌ပင် ဒေါ်သိန်းရင်က ပြည်နယ်တရားရုံး၌ ဦးသိန်းကြည်အပေါ် မြေနှင့် မြေပေါ်ရှိအိမ်မှ ကျူးကျော်သူအား နှင်ထုတ်၍ အိမ်မြေ လက်ရောက်ရလိုမှု စွဲသည်။ ပလပ်ခံရ၏။ ဒေါ်သိန်းရင်က တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းသည်။ အနိုင်ဒီကရီရသည်။ ဦးသိန်းကြည်က မကျေနပ် ...။ တရားမအထွေထွေ လျှောက်လွှာ(အထူး) တင်သွင်းသည်။ ပလပ်ခံရသည်။

ဦးသိန်းကြည် စွဲဆိုသည့်အမှုနှင့် ဒေါ်သိန်းရင်စွဲဆိုသည့် အမှုတို့သည် ၂၀၀၃ ခုနှစ်တွင် မရှေးမနှောင်း ပြန်လည်စွဲ ဆိုကြခြင်း ဖြစ်ပေသည်။ တရားမ အထွေထွေလျှောက်လွှာ တင်သွင်းရာတွင်လည်း ၂၀၀၆ ခုနှစ် အမှုအမှတ်စဉ် ရှေ့နောက်ဖြစ်သည်ကို တွေ့ရှိရသည်။ တူညီသော အဖြေ



www.burmeseclassic.com

www.burmeseclassic.com

ကား ဦးသိန်းကြည်၏ တရားမအထွေထွေ လျှောက်လွှာ(အထူး)နှစ်မှုလုံး ပလပ်ခံရခြင်း ဖြစ်ပေသည်။ ဤတွင် ဦးသိန်းကြည် ပေါက်ကွဲလေတော့၏။

တရားသူကြီးချုပ်ထံ တိုင်ကြားစာပို့သည်။ ဦးသိန်းကြည်၏ တိုင်စာအရ စုံစမ်းစစ်ဆေးမှု ပြုလုပ်၏။ ဦးသိန်းကြည် အမှုရှုံးနိမ့်သည်ကို မကျေနပ်၍ တရားရုံးချုပ် တရားသူကြီးများက လာဘ်ငွေရယူပြီး အမှုကို ဆုံးဖြတ်ခဲ့သည်ဟု မတရားစွပ်စွဲ တိုင်ကြားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိသည်။ ဦးသိန်းကြည်သည် မမှန်မကန် တိုင်စာတွင် ဖော်ပြစွပ်စွဲခဲ့သည်။ တရားရုံးချုပ် တရားသူကြီးများ၏ ဂုဏ်သိက္ခာကို ထိခိုက်ပြီး တရားရုံးများအပေါ် မထီမဲ့မြင်ပြုရာရောက်သည်ဟု တရားရုံးချုပ် လက်ထောက်ညွှန်ကြားရေးမှူးက ဦးသိန်းကြည်အပေါ် တရားရုံး မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ-၃ အရ အရေးယူပေးရန် လျှောက်ထားသည်။

တရားရုံးချုပ်က လျှောက်ထားသူ လက်ထောက်ညွှန်ကြားရေးမှူးနှင့် လျှောက်ထားခံရသူ ဦးသိန်းကြည်၏ ရှေ့နေတို့နှင့်အတူ ရုံးသဟာယအဖြစ် ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးတို့၏ လျှောက်လဲမှုများကို ကြားနာသည်။

ရုံးသဟာယကလည်း ဦးသိန်းကြည်၏ တိုင်စာပါ အသုံးအနှုန်းများသည် တရားရုံးချုပ်၏ ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်အား စော်ကားပုတ်ခတ်ခြင်း ဖြစ်သည်ဟု ထောက်ပြသည်။ တရားရုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အရေးအသားများ၊ တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသည့် အရေးအသားများ ဖြစ်သည်ဟု တင်ပြသည်။

လျှောက်ထားခံရသူ ဦးသိန်းကြည်၏ ရှေ့နေက ဦးသိန်းကြည်၏ တိုင်စာ၌ တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သည့် စကားအသုံးအနှုန်း တစ်စုံတစ်ရာ ပါရှိခြင်းမှာ မတော်တဆ သဘောရိုးဖြင့် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည့်အတွက် ခွင့်လွှတ်သင့်ကြောင်းနှင့် ခြွင်းချက်မရှိ ဝန်ချတောင်းပန်ကြောင်း လျှောက်လဲတင်ပြသည်။

၁၉၂၆ ခုနှစ် တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ-၃ ၏ ခြွင်းချက်အရ တရားရုံးကို ကျေနပ်အောင် ဝန်ခံတောင်းပန်လျှင် ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။

၁၉၅၄ ခုနှစ်တွင် ထုံးဖွဲ့ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် (၁) ဦးစီးဖေတင်၊ (၂) ဦးအေးဖေ၊ စီရင်ထုံးတွင် တရားလွှတ်တော်ကို ထိခိုက်နစ်နာစေရန် လုံးဝအခြေအမြစ်မရှိဘဲ စွပ်စွဲ၍ မထီလေးစားပြုကြောင်း ထင်ရှားလျှင် တောင်းပန်ခြင်းကို လုံးဝလွှတ်ငြိမ်းခွင့်တစ်ရပ်အနေဖြင့် လက်မခံနိုင်ကြောင်း ထုံးဖွဲ့ထားသည်ကိုလည်း တွေ့ရသည်။

နိုင်ငံတော် တရားရုံးချုပ်က ဦးသိန်းကြည်၏ တိုင်စာပါ အရေးအသားများသည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် တရားရုံးချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေသော အခြေအမြစ်မရှိသည့် အရေးအသားများဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိရာ ၎င်း၏ တောင်းပန်ခြင်းကို လက်ခံ၍ ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပြုရန် သင့်မြတ်လျော်ကန်ခြင်းရှိမည် မဟုတ်ဟု ကောက်ယူခဲ့ပေသည်။

လူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရား တစ်စုံတစ်ခုသော်လည်းကောင်း၊ အလုံးစုံသော်လည်းကောင်း ပိုက်ထွေးမိပါက မှားမိကြပေမည်။ အမှားတိုင်းအတွက် တစ်ဖက်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနအား ဝန်ချတောင်းပန်၍ ရနိုင်မည်မဟုတ်သည်ဟု သတိချပ်သင့်ပေသည်။

ဆရာတော်တစ်ပါး ဟောကြားသည့် တရားတစ်ပုဒ်မှ မှတ်သားဖွယ်တစ်ခုဖြင့် ဤစာစုအား နိဂုံးချုပ်လိုပေသည်။ ဆရာတော်က "မေ့ကြည့်၊ ငုံ့ကြည့်၊ အတည့်မြင်မယ်"ဟု မိန့်ခဲ့ပေသည်။ မှားပြီးမှ ဝန်ချတောင်းပန်၍ ရခြင်းထက် အတည့်မြင်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုက်ရပေသည်။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)**

<u>ကိုးကား</u>

- ၁၉၂၆ ခုနှစ် တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေ
- ဒေါ်သန်းသန်းလွင်နှင့် ဦးသိန်းကြည် (၂၀၀၇ မ. တ. စ. ၁၁၂)
- ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် (၁) ဦးအေးတင်၊ (၂) ဦးအေးဖေ (၁၉၅၄ မ. တ. စ. ၁၁၀၊ လွှတ်တော်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



– ၁ –

လူတို့သည် လောကသို့ စတင်ဝင်ရောက်သည့် မွေးဖွားခြင်းမှ သေဆုံးသည့်တိုင် လောကဓာတ်ခုံပေါ်တွင် ကံဓာတ်ဆရာ၏ ဓာတ်ကွက်၊ ဓာတ်လုံးများပေါ်တွင်မူတည်၍ ကပြကြရသည်မှာ မှေတာပင် ဖြစ်သည်။

ကံကြမ္မာ၏ စေခိုင်းချက်အရ လူ့ဘဝတွင် ငို၍လည်းကောင်း၊ ရယ်၍လည်းကောင်း၊ ရှိုက်၍တစ်ဖုံ နည်းမျိုးစုံဖြင့် လှုပ်ရှားနေသော အချိန်ကာလပေါ်၌ လူတို့သည် ပင်ပန်းနွမ်းနယ်၍ သရုပ်ဆောင်ကြရပေသည်။ ဤသို့အားဖြင့် လူတို့၏ ဘဝနိဂုံးပိုင်းသို့ ရောက်၍ ဓာတ်သိမ်းသည့်အခါတွင်လည်း၊ နှစ်ပါးသွားဟန်ဖြင့် ပျော်ရွှင်စွာ ဓာတ်ပေါင်းကြလေသတည်းဟု ဘဝဓာတ်လမ်းအား မသိမ်းကြရပေ။ ယှဉ်ကျိုးမရခြင်းများစွာ၊ ဝမ်းနည်းပူဆွေးငိုကြွေးခြင်းများဖြင့်သာ ဓာတ်သိမ်းလျက် လူတို့၏ ဘဝဓာတ်ခုံသည် အလိုအလျှောက် ပျောက်ကွယ်သွားရမြဲပင် ဖြစ်ပေသည်။

ထိုနည်းတူစွာပင် သာရင်နှင့် သာခင် ညီအစ်ကိုတို့သည်လည်း ဆယ်ကျော်သက်အရွယ်ကပင် ကြမ်းတမ်းခက်ထန်သည့် လူ့လောကဘဝဓာတ်ခုံ၌ ပတ်ကြမ်းတိုက်ခံရခြင်းဖြင့် လောကဓံကို ရင်ဆိုင်ခြင်းဖြင့် ဓာတ်လမ်းအစပြုခဲ့ရသည်ဆိုပါက များမည်မထင်ပါပေ။

သာရင်နှင့် သာခင် ညီအစ်ကိုသည် မိဘနှစ်ပါး၏ စီးပွားရေးပေါ်၌ အဓိကထား၍ ပညာမသင်နိုင်ရှာ။ သို့သော် အုပ်ဖိုရွာ ရှာဦးဘုန်းကြီးကျောင်းဆရာ

www.burmeseclassic.com

တော် ဦးနန္ဒမာလာ၏ ကျောင်း၌ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ကြပါ၏။ အချို့ သွမ်း ... ညွှဲသွမ်းများအား ခန့်နေဦး ပဋ္ဌင်းတာပိုင်း ကိုရင်တစ်ပါးတို့ဖြင့်အကူ ဆွမ်းခံထွက်ရလေ့ရှိပါ၏။ ဆွမ်းကော်စွန်နှင့် ဝေယျာဝစ္စများ လုပ်ဆောင်ပြီးသည်နှင့် ကျောင်းထိုင်ဆရာတော်ကြီးမှ လောကီ၊ လောကုတ် နှစ်ဖြာအကျိုးရှိစေမည့် မင်္ဂလာတရားတော်များ၊ ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်များအား အလွယ်ရွတ်ဆိုနိုင်သည့်တိုင် သင်ကြားပေးခဲ့ပါ၏။

သာရင်နှင့် သာခင် ညီအစ်ကိုနှစ်ယောက်သည် ရွာဦးကျောင်းဆရာတော်ထံတွင် ဘုန်းကြီးကျောင်းသားများအဖြစ်ရှိနေစဉ်ကာလများ၌ သူတို့၏ဖခင် ဦးသူတော်သည် ရွာလယ်ရှိ ဦးသောင်းမြေ၏ လယ်ယာ၌ လယ်စာရင်းငှားအဖြစ် ဆောင်ရွက်လျက်ရှိပေ၏။ သူတို့ညီအစ်ကိုနှစ်ဦး ဘုန်းတော်ကြီးကျောင်းသားအဖြစ် ကုသိုလ်လည်းရ၊ စာလည်းတတ်စေရန် ဖခင်ကိုယ်တိုင် ရွာဦးဆရာတော်ထံတွင် အပ်နှံပေးခဲ့ခြင်းဖြစ်သည်။ မိခင်ဖြစ်သူဒေါ်တင်မိမှာ ရိုးရိုးအေးအေးဖြင့် အိမ်မှုကိစ္စများဖြင့်သာ အလုပ်ရှုပ်နေသကဲ့သို့ ဖခင်ဦးသူတော်သည်လည်း လယ်ထဲချောင်းထဲ၌သာ အချိန်ပြည့်ရှိနေတတ်သည်။

ရက်တစ်ရက်၏ အချိန်တစ်ခု၌ သာရင်နှင့် သာခင် ညီအစ်ကိုအဖို့ ကံဆိုး မိုးမှောင်ကျရသည့်ပမာ ရွှေတောင်ကြီးပြိုကျသွားခဲ့ရသည့်နယ် ဖြစ်ခဲ့ပေတော့သည်။ ရွာနောက်ပိုင်းမှ ဖိုးထယ်တစ်ယောက် အပြေးတစ်ပိုင်းဖြင့် သူတို့ညီအစ်ကိုရှိရာ ရွာဦးကျောင်းသို့ ကသောကမျော ရောက်ရှိလာခဲ့ပြီး ...

"သာရင်နဲ့ သာခင်ရေ ... မင်းတို့ အဖေ လယ်ထဲမှာ ပိုးထိလို့တဲ့"

သာရင်နှင့် သာခင်တို့ ကထိတ်ကလန့်ဖြင့် ပြေး၍ပြောလာသော ဖိုးထယ်၏ စကားသံကြောင့် ...

"ဟာ"၊ "ဟင်" ဟူ သော အာမေဋိတ်သံများ အသီးသီးထွက်ပေါ်လျက် ဆရာတော်ကိုပင် မလျှောက်ထားနိုင်တော့ပေ၊ သူတို့၏ နေအိမ်သို့ စိုးရိမ်သောကများ ရင်တွင်ပိုက်လျက် "အဖေ၊ အဖေ ဘာမှမဖြစ်ပါစေနဲ့"ဟူ၍ ရင်ထဲတွင် ကိုယ်စီကိုယ်ငှ ဆုတောင်းလျက် ကဆုန်စိုင်း၍ ပြေးခဲ့လေသည်။

သူတို့၏ နေအိမ်ရှေ့၌ ရွာသူရွာသားများ စုရုံးနေကြပေသည်။ အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ ငြိမ်သက်နေသော ဖခင်၏ ခန္ဓာကိုယ်အား ပွေ့ပိုက်လျက် မိခင် ဒေါ်တင်မိမှာ ဦးသူတော်အား တမ်းတခေါ်ငင်လျက် ငိုကြွေးနေပေသည်။ ဖခင် ဦးသူတော်မှာ သူလုပ်ကိုင်သော လယ်ယာမြေနှင့် နေအိမ်မှာ အလှမ်းကွာဝေးခဲ့ခြင်းကြောင့် ပိုးထိသောဒဏ်ရာအား အချိန်မီ မကုစားနိုင်ခဲ့သဖြင့် ဆေးရုံသို့ပင် မရောက်၊ လမ်းတွင် နလုံးသွေးရပ် ဆုံးပါးသွားခဲ့ခြင်း ဖြစ်သည်။ ကိုသူတော်ဆုံးပါးခြင်းကြောင့် တစ်ရွာလုံး စိတ်မကောင်းကြပါပေ။

သာရင်၊ သာခင် ညီအစ်ကိုနှစ်ယောက်မှာ မိမိတို့ရှေ့၌ ဖခင်နှင့် မိခင်တို့၏ ရင်နင့်ဖွယ်ဖြစ်ရပ်ကြောင့် ရင်ဆို့သွားရတော့သည်။ သာခင်မှာ မိခင်ထံမှ အသက်ငင်ငင်ကင်းမဲ့နေသော ဖခင်အား ဆွဲယူပွေ့ပိုက်လျက် ...

"ဖြစ်မှဖြစ်ရလေ အဖေရာ။ ကျွန်တော်တို့ကို ထားခဲ့ပြီလားအဖေရာ .. အဖေ ... အဖေ"

သာခင်၏ ငိုသံရောစွက်သော ကြေကွဲမှုသံစဉ်များကြောင့် ကြားရသူ လူအများ အလွန်စိတ်မကောင်းဖြစ်ကြပေသည်။ မိခင်ဖြစ်သူ ဒေါ်တင်မိမှာလည်း ခင်ပွန်းသည်တစ်ယောက် မမျှော်လင့်ပါဘဲ သေဆုံးခဲ့သည့်အဖြစ်အား နှမြောတသစွာ ငေးကြည့်လျက်မှ ရင်ဘတ်စည်တီး အော်ဟစ်ငိုကြွေးခဲ့လေသည်။ မိခင်ဒေါ်တင်မိအား သားကြီးဖြစ်သူ သာရင်တစ်ယောက် ငိုကြွေးလျက်မှ ...

"အမေ ... မငိုပါနဲ့တော့ဗျာ။ အမေဆက်ပြီးငိုလေ ကျွန်တော်လည်း ပိုဝမ်းနည်းပြီး အဖေ့အတွက် ငိုရလေပဲဗျာ။ အဖေကံဆိုးလို့ သေခဲ့ပေမဲ့ အမေ့ရဲ့ သားတွေဖြစ်တဲ့ ကျွန်တော်တို့ညီအစ်ကို ရှိပါသေးတယ် အမေရ။ အဖေ့ကိုယ်စား ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အလုပ်လုပ်ပြီး ပြုစုမယ်၊ စောင့်ရှောက်မယ် အမေရာ။ အမေ မငိုပါနဲ့တော့ ... မငိုပါနဲ့တော့ အမေရယ်"

မည်သို့ပင်ဖြစ်စေ မိခင်ဒေါ်တင်မိအား အားပေးနှစ်သိမ့်လျက်မှ သာရင်နှင့် သာခင် ညီအစ်ကိုတို့မှာ ကြေကွဲလို့မဆုံး။ ငိုကြွေးလို့မဆုံးနိုင်တော့ပေ။

ယင်းသို့ဖြင့်ပင် မိခင်ဒေါ်တင်မိသည်လည်း လင်သေမုဆိုးမဘဝသို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားရသကဲ့သို့ သာရင်နှင့်သာခင်တို့မှာလည်း ဖခင်မဲ့ဆိုးများ ရုတ်ချည်းဖြစ်သွားရတော့သည်။ မည်သို့ပင်ဖြစ်စေ သာရင်နှင့်သာခင်တို့သည် မိခင်ကြီးစိတ်ချမ်းသာစေရန် အထူးပင် ကြိုးစားဆောင်ရွက် ဖြည့်ဆည်းရန်အတွက် ရွာဦးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ခွင့်ပန်လျက် မိခင်ကြီးထံသို့ ပြန်လာခဲ့ရပေသည်။

ယင်းနောက်ပိုင်း ညီအစ်ကိုနှစ်ဦးမှာ လယ်သမားလုပ်ငန်းအား ကျွမ်းကျင်ပိုင်နိုင်စွာ ... သားသော်လည်း နွားကျောင်းခြင်း၊ နွားမြက်ရိတ်ခြင်း၊ ကောက်လှိုင်းစည်းခြင်း ပဲနုတ်ခြင်း စသည်များကို ကြိုးစား၍ လုပ်ကိုင်ခဲ့ပါ၏။ မည်သို့မျှ မျှော်လင့်မထားသော ညီအစ်ကိုနှစ်ယောက်၏ လုံ့လအား ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com

များမှ တအံ့တသြ ဖြစ်ကြရသည်။ တချို့ လူကြီးပိုင်းမှလည်း ...

"ဒါကွာ၊ ကိုသူတော်တစ်ယောက် ဆုံးကာသွားရော သူ့သားနှစ်ယောက် ဒီလောက်အဖြစ်မရှိလောက်ဘူးလို့ ထင်ထားတာ၊ အခုတော့ကွာ ... သားနှစ်ယောက်ရဲ့ တက်တက်ကြွကြွ လုပ်ဆောင်ချက်တွေက သူတို့အမေ တင်မိအတွက် ကျေနပ်စရာဖြစ်နေရပြီပဲကွာ"

သာရင်နှင့်သာခင် ညီအစ်ကိုနှစ်ယောက်မှာ နေ့စဉ်ဆိုသကဲ့သို့ပင် အလုပ်ထွက်လုပ်နေကြသဖြင့် အိမ်တွင် အမြဲရှိမနေတတ်ပေ။ သို့ဖြင့် သူတို့နှစ်ယောက်အတွက် ကြမ္မာဆိုးတစ်ခုသည် မဖိတ်ခေါ်ပါဘဲ အိမ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည့်အခါတွင် ...။

– ၂ –

တစ်နေ့သောအခါတွင် သာရင်နှင့်သာခင် ညီအစ်ကိုနှစ်ယောက်၏ မိခင် ဒေါ်တင်မိသည် အမျိုးသမီးများနှင့် ပတ်သက်သည့် သွေးဆုံးကိုင်သောရောဂါ ဖြစ်ပေါ်လာ၍ ကိုယ်လက်ကိုက်ခဲနာကျင်သည့်ဝေဒနာ ဖြစ်ပေါ်ခဲ့ပါ၏။ ဒေါ်တင်မိအနေဖြင့် ဆေးမြီးတိုများဖြင့် မိမိကိုယ်မိမိ ကုသပါသော်လည်း ရောဂါပျောက်၍ မသွားခဲ့ပေ။ နောက်ဆုံး မခံရပ်နိုင်သည့်အဆုံး အိမ်နီးနားချင်းဖြစ်သော မအုန်းကျင်အား အကူအညီတောင်းရတော့သည်။

"အုန်းကျင်ရေ ... ငါနေထိုင်မကောင်းဖြစ်လို့ အကိုက်အခဲပျောက်ဆေးလေး ဘာလေး မရှိဘူးလားအေ။ ရွာထဲကဆိုင်မှာက ဆေးကုန်နေလို့တဲ့။ သာရင်တို့ရှိရင်လည်း မြို့တက်ဆေးဝယ်ခိုင်းရရင် အကောင်းသား။ သူတို့က အလုပ်သွားနေကြတော့ ငါ့မှာ အကူအညီမရှိဘူး ဖြစ်နေတယ်"

မအုန်းကျင်သည် ဒေါ်တင်မိထံလာရောက်၍ ခြေထုပ်လက်နယ်ပြုလျက်မှ

"ကျွန်မမှာ ဘာဆေးမှမရှိဘူး အစ်မရဲ့၊ ဟိုဘက်ရွာမှာတော့ မြန်မာဆေးရော၊ အင်္ဂလိပ်ဆေးရော ကုနေတဲ့ ဆရာတစ်ယောက်တော့ရှိတယ်။ သွားပင့်ရင်လာတယ်။ အဲဒီတော့ အိမ်ကိုပင့်ပြီး ဆေးထိုးကြည့်ပါလား။ အိမ်ကလူကို သွားပင့်ခိုင်းလိုက်မယ် အစ်မ"

"ကျွတ် .. ကျွတ် ... ဒီလိုဆိုလည်း ကျေးဇူးတင်ပါတယ်ဟယ်။ ငါ ဘယ်လိုမှ မခံစားနိုင်တော့တာမို့ သွားခေါ်ပေးပါဟယ် ... အား ... ကျွတ်ကျွတ် ကျွတ် ..."

မအုန်းကျင်၏ယောက်ျား ကျော်အေးမှ သွားရောက်ပင့်ခေါ်ခဲ့ရာ ဆေးဆရာ ပါလာခဲ့ပေသည်။ ထိုဆေးဆရာကား ဒေါ်တင်မိ ငယ်ရွယ်နုပျိုသောဘဝကာလများဆီက ဒေါ်တင်မိအား တစ်ဖက်သတ် ပိုးပန်းခဲ့ဖူးသော ဦးစိန်မောင် ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ယခုလောလောဆယ်တွင် ဆေးဆရာဦးစိန်မောင်၏ ဆေးကုသပေးမှုကြောင့် ဒေါ်တင်မိ၏ ရောဂါပျောက်ကင်းသက်သာလာခဲ့ပေသည်။

ဒေါ်တင်မိတစ်ယောက် သက်သာကျန်းမာလာသော်လည်း ဆေးဆရာ ဦးစိန်မောင်မှာ ဒေါ်တင်မိထံသို့ အသွားအလာမပျက်ခဲ့ပေ ...။ အကြောင်းမရှိ အကြောင်းရှာ၍ နေ့စဉ်ဆိုသလို ဒေါ်တင်မိအိမ်သို့ ရောက်လာစမြဲပင်။ ဒေါ်တင်မိမှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဦးသူတော်နှင့် အိမ်ထောင်ကျခဲ့ရပေသည်။ သို့တိုင် ယခုထိ ဒေါ်တင်မိမှာ အရွယ်တင်ဆဲပင်ဖြစ်ပေရာ မုဆိုးဖို ဦးစိန်မောင်သည်လည်း ဒေါ်တင်မိအား တစ်ကျော့ပြန် ပိုးပန်းလာခြင်းဟု ဆိုရပေတော့မည်။

ထိုမှတစ်ဆင့် သာရင်နှင့်သာခင် ညီအစ်ကိုနှစ်ယောက် အိမ်၌ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဦးစိန်မောင်သည် အတင့်ရဲကာ ဒေါ်တင်မိထံသို့ သွားလာဝင်ထွက်နေတော့သည်။ ဦးစိန်မော်မှ မိမိတို့၏ မိခင်အား ဆေးကုသပေးသော ဆရာအဖြစ် ပထမတွင် ရိုသေလေးစားခဲ့သော်လည်း ဦးစိန်မောင်မှ မိမိတို့၏မိခင်အား ရဲတင်းစွာ ပြောဆိုဆက်ဆံလာမှုများသည် သာရင်နှင့်သာခင် ညီအစ်ကိုအတွက် သံသယဖြစ်စရာ ကြုံလာခဲ့ရသည်။ နောက်ပိုင်း ကာလကြာလာသည်နှင့်အမျှ မိခင်ဒေါ်တင်မိနှင့် ဆေးဆရာ ဦးစိန်မောင်တို့၏ ဆက်ဆံရေးအခြေအနေအား ပတ်ဝန်းကျင်မှ ဝေဖန်ပြောကြားလာသော စကားရပ်များကြောင့် ညီအစ်ကိုနှစ်ယောက်၏ သံသယတို့သည် ပိုမို၍ ခိုင်မြဲလာရတော့သည်။

"သာရင်နဲ့သာခင်က သူတို့အဖေ မရှိလို့သာ အလုပ်ထွက်လုပ်နေရတာ။ လူ့လောကအကြောင်း ဘာဆိုဘာမှ သိသေးတာမဟုတ်ဘူး။ ဒီသူငယ်တွေက ကလေးသာသာတွေဆိုတော့ ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိနိုင်မှာလဲ။ သူတို့အမေက လင်သေမုဆိုးမဆိုပေမဲ့ အရွယ်ကောင်းတုန်းဆိုတော့ ဒီလိုကိစ္စကို မစဉ်းစားဘူး။ စိတ်မကူးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ တစ်နေ့ စဉ်းစားလာမှာပဲ"

"ငါတို့လည်းထင်တာပဲလေ။ ဆေးဆရာ ဦးစိန်မောင်ကြီးတစ်ယောက် ဘာကိုလိုလို့ ဝဲနေတယ်ဆိုတာလည်း ကောင်းကောင်းသဘောပေါက်တာပေါ့ကွာ ...။ ဦးစိန်မောင်ကြီးဆိုတာကလည်း သူ့မိန်းမဆုံးခါမှဆုံးရော ပွေ့လိုက်တဲ့မိန်းမက အယောက်တစ်ရာ မကဘူး။ သိက္ခာ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ဆေးဆရာ၊ ဆရာဝန် မဟုတ်ဘဲ ကြားဖူးနားဝနဲ့ ဆေးကုနေတဲ့ ဒေါက်တာရမ်းကုဆိုတော့ ဒိုက်ကောင်းတွေ့ရင် ချိုင်တတ်တဲ့ဝလေ့ဆိုးက ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

လေတော့ ဟိုညီအစ်ကိုကို သနားတယ်။ ဘာပဲပြောပြော ဒေါ်တင်မိကြီး ဆုံးဖြတ်ချက်မမှားဖို့ပဲ အရေးကြီးတယ်''

အချို့အချို့ တိုင်ပင်ညီစွာ ရွာသား များ၏ ဝေဖန်သံများကြောင့် သာရင်နှင့်သာခင်မှာ သည်းခံနိုင်ခြင်းမရှိတော့။ သို့ဖြစ်ခြင်းကြောင့် ဦးစိန်မောင်နှင့်ပတ်သက်သော ပြဿနာများအား ညီအစ်ကိုနှစ်ယောက်နှုံး မိခင်ဒေါ်တင်မိ ပွင့်ပွင့်လင်းလင်း စကားပြောရတော့သည်။ သားကြီးဖြစ်သူ သာရင်မှ မိခင်အား –

''အမေ ... ရွာထဲကလူတွေက ဦးစိန်မောင်ကြီး အိမ်ကိုဝင်ထွက်နေတာနဲ့ ပတ်သက်ပြီး ဝေဖန်သံတွေ ကြားနေရတယ်။ ကျွန်တော်တို့မရှိတုန်း အဲဒီလူကြီး အိမ်ကို လာတာ၊ သွားတာ လက်မခံပါနဲ့ အမေ။ အဲဒီ လူကြီးကိုလည်း အမေ ညှိထောင့်ငံပြီး စကားပြောမနေပါနဲ့။ ဦးစိန်မောင်ကြီးက အမေ့ကို သဘောကျပြီး အိမ်ကိုဝင်ထွက်နေတာလို့ ပြောနေကြပြီ အမေ။ အမေ့အနေနဲ့ ဟုတ်တာပဲဖြစ်ဖြစ်၊ မဟုတ်တာပဲဖြစ်ဖြစ် ကျွန်တော်တို့နှစ်ယောက် လက်မခံနိုင်ဘူးအမေ''

ယင်းကိစ္စနှင့်ပတ်သက်၍ သားနှစ်ယောက်၏ စိုးရိမ်ပူပန်မှုကို သဘောပေါက်သည့်အတွက် ဒေါ်တင်မိမှာ သားများအား နှစ်သိမ့်ပါ၏။

''ပတ်ဝန်းကျင်ဆိုတာ သူတစ်ပါးရဲ့ အကြောင်းကို ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အလုပ်မရှိ အလုပ်ရှာပြီး ပြောကြတာက တော့ အကျင့်တစ်ခုလို ဖြစ်နေတာကွဲ့။ ဘယ်သူဘာပဲပြောပြော ကိုယ်ကောင်းဖို့သာ အဓိကပါပဲ ...''

မိခင်၏ ပြောစကားအား သားငယ်ဖြစ်သူ သာခင်မှ ခေါင်းဘယ်ညာရမ်းလျက် ...

''မဟုတ်သေးဘူးအမေ၊ အကြောင်းအရှိ အကြောင်းရှာပြီး အိမ်ကိုလာလာနေတဲ့ ရမ်းကုကြီးကို အိမ်လာတာ လက်မခံဖို့ သားတို့ပြောနေတာပျ။ ဒီလူကြီး အမေ့အပေါ် ဆက်ဆံတဲ့ပုံစံတွေကို သားတို့ မကြိုက်ဘူးအမေ။ နောက်ပြီး လမ်းမှာတွေ့တိုင်း ကျွန်တော်တို့ကို သားလို့ခေါ်တာ မကြိုက်ဘူး''

သားကြီးဖြစ်သူ သာရင်မှလည်း မိခင်အား –

''ဘာပဲဖြစ်ဖြစ်ပေါ့ အမေရယ်။ ဒီလူကြီးကို နောက်ကို အိမ်ကိုမလာဖို့ အမေပြောပေးပါ။ ဒီလူကြီး ဒီထက်ဆိုးလာရင်တော့ သားတို့ကို အဆိုးလို့မထင်ပါနဲ့။ သားတို့စိတ်မထိန်းနိုင်ရင်တော့ တစ်ခုခုလုပ်မိလိမ့်မယ်အမေ''

မိခင်ဒေါ်တင်မိသည် သူမ၏ဆံပင်အား လက်ဖြင့် တဖျစ်ဖျစ်ကုတ်လျက် စိတ်ပျက်လက်ပျက်သော လေသံဖြင့် –

''အေးပါကွယ် ... အမေပြောလိုက်ပါ့မယ်။ သားတို့တွေ ဘေးစကားတွေ နားယောင်ပြီး မဟုတ်တာလုပ်ခဲ့ရင် နင်တို့တွေ ဒုက္ခရောက်လိမ့်မယ်။ နင်တို့ တစ်ခုခုဖြစ်ရင်လည်း အမေရင်ကွဲရလိမ့်မယ်။ အမေပြောတာ နားထောင်ကြပါဟယ် ...''

သာရင်နှင့်သာခင်သည် မိခင်ဖြစ်သူအား သနားစိတ်ဖြင့် ဆက်လက်၍ မပြောကြားပါလေတော့။ မိခင်သည် မိမိတို့ညီအစ်ကိုအား လွန်စွာချစ်သည်ကြောင့် ရွာသားများပြောကြားလေသော စကားအတင်းအဖျင်းများအား ဂရုမစိုက်ပါလေတော့။

မည်သို့ဆိုစေ သားနှစ်ယောက်၏ ပြောစကားများသည် မှန်သင့်သလောက် မှန်ပါ၏။ ဒေါ်တင်မိ၏သားများကွယ်ရာတွင် ဒေါ်တင်မိအား ဦးစိန်မောင်မှ မိမိနှင့်ပေါင်းဖက် အိမ်ထောင်ပြုရန် ပြောကြားနေခဲ့သည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့၊ ဒေါ်တင်မိမှလည်း သားနှစ်ယောက်၏မျက်နှာကို ထောက်ရှု၍ အကြိမ်ကြိမ်အခါခါ ငြင်းဆိုခဲ့သည်ချည်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဒေါ်တင်မိ တစ်ယောက် သားနှစ်ယောက်နှင့် အဆင်မပြေလေတိုင်း ဦးစိန်မောင်၏ဆန္ဒကို လိုက်လျောမိတော့မည်ကဲ့သို့ ဖြစ်တတ်ပေသည်။ ထို့ပြင် ပုထုဇဉ်တစ်ဦးသာဖြစ်သည့် ဒေါ်တင်မိအနေဖြင့် ဦးစိန်မောင်အား မသိစိတ်ဖြင့် လက်ခံလိုသော ဆန္ဒများရှိသော်လည်း သိစိတ်အရမူ အရွယ်ရောက်နေပြီဖြစ်သော သားနှစ်ယောက်အား ဥပေက္ခာပြုလိုသည့် ဆန္ဒများ မရှိခဲ့ပေ။

– ၃ –

ဒေါ်တင်မိ၏ စိတ်ခံစားမှုများအား မှန်းဆမိလေသော ဆေးဆရာဦးစိန်မောင်သည် မိမိထောင်ထားသော ပိုက်ကွန်ထဲသို့ အလိုအလျောက် တိုးဝင်လာတော့မည့် သားကောင်ပမာ ဒေါ်တင်မိအား သဘောထားလိုက်လေ၏။ ဦးစိန်မောင်အနေဖြင့် အကျပ်အတည်းတစ်ခု တွေ့ရသည်မှာ ဒေါ်တင်မိ၏သား သာရင်နှင့် သာခင် ညီအစ်ကိုနှစ်ဦးအား မည်သို့စည်းရုံးရမည်ကို တွေးတော၍မရနိုင်အောင် ဖြစ်နေရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပည့်ဖြစ်သူ ဖိုးလုမှ ...

''ဆရာကြီးရယ် ... ကလေးတွေပဲဟာ။ ကလေးတွေကို အနုနည်းနဲ့ စည်းရုံးပေါ့ဗျာ။ ပေးကာကမ်းကာ အကျွေးအမွေးနဲ့ပြီး စည်းရုံးပေါ့ ဆရာကြီးရယ်။ ဒီကောင်လေးတွေ ဘာသားနဲ့ထုထားတာမို့လဲ။ အဲဒီလိုမှမဟုတ်ရင် တစ်နည်းနည်းနဲ့ ဆုံးပြတ်လိုက်ပေါ့ ဆရာကြီးရာ''

ယုတ်စွာအသုံး ဖိုးလုပြောသည့် တစ်နည်းနည်းနဲ့ ဆုံးမပြလိုက်ဆိုသည်ကို ဦးစိန်မောင် သဘောပေါက်ပါ၏။ သို့သော် ထိုသို့သော တစ်နည်းနည်းသည်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မိနှင့် သက်ဆိုင်နေသည်မို့ လုံးဝ မဖြစ်နိုင်ပါချေ။ အကယ်၍သာ ဦးစိန်မောင်အနေဖြင့် ဒေါ်တင်မိမှ မိမိထောင်ထားသော ပိုက်ကွန်ထဲသို့ သူမ၏ဆန္ဒအလျောက် တိုးဝင်ခဲ့မည်ဆိုပါက သာရင်နှင့်သာခင်ကိစ္စသည် အလိုအလျောက် ပြီးစီးသွားမည်ဟု သူယူဆခဲ့ပေသည်။ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် သာရင်နှင့်သာခင် မရှိသည့်အခိုက် ဒေါ်တင်မိထံသို့ လာရောက်၍ ဦးစိန်မောင်သည် လိမ္မာပါးနပ်သောစကားများဖြင့် စည်းရုံးနေတော့သည်။

"မတင်မိရယ် ... မောင်တစ်ကိုယ်ပင်ရှိပေမဲ့ လင်ယောက်ျားမရှိတဲ့ မိန်းမဟာ မတင့်တယ်ဘူးဗျ။ အဲဒီလိုပဲ သားတွေ ဘယ်လောက်ရှိရှိ အချိန်တန်လို့ သားတွေ သူ့လမ်းသူလျှောက်ကြပြီဆိုရင်ဖြင့် မိခင်ဖြစ်တဲ့ မတင်မိတ်တစ်ယောက်တည်း အထီးကျန်ဆန်မယ်ဆိုတာ မတင်မိ မသိလေရော့သလားဗျာ"

စူးစူးစိုက်စိုက်ဖြင့် ကြည့်၍ပြောနေသော ဦးစိန်မောင်အား ဒေါ်တင်မိ မျက်နှာချင်းမဆိုင်။ မျက်နှာကို တစ်ဖက်လွှဲ၍ သားများအားထောက်ရှုလျက် ...

"ကျွန်မသားတွေက မိခင်တစ်ယောက်ပေါ်မှာ ရက်ရက်စက်စက်ဥပေက္ခာပြုမယ့်သူတွေ မဟုတ်ပါဘူးရှင်။ ကိုစိန်မောင်ရဲ့ ဆန္ဒမပြည့်တာနဲ့ ဘာမှမဆိုင်တဲ့ ကျွန်မရဲ့သားတွေကိုတော့ ပုံမချပါနဲ့။ ကျွန်မတို့ ဒီအသက်အရွယ်ကျမှ နောက်အိမ်ထောင်ထူတယ်ဆိုတာ အများကြားလို့မှ မသင့်တော်ပါဘူးရှင်"

မျက်နှာတစ်ခုလုံး နီရဲသွားရသော ဦးစိန်မောင်မှ ...

"မတင်မိရဲ့သားတွေကို ပြောချင်လို့ပြောတာ မဟုတ်ပါဘူးဗျာ။ ကျွန်တော် မတင်မိကို ဟိုးအခါကတည်းက သံယောဇဉ်ရှိခဲ့တယ်ဆိုတာ သိမှာပါ။ ကျွန်တော့်ကိုတော့ ဒီအရွယ်ကျမှ ယယ်စိတ်ဝင်တယ်လို့ မထင်စေချင်ဘူးဗျာ။ ကျွန်တော်နဲ့ မတင်မိ အိမ်ထောင်ထူလိုက်ရင် ဆေးပေးမီးယူဖြစ်ကြပြီး သာရင်နဲ့ သာခင်ကို ကျွန်တော့်သားအရင်းလို သဘောထားမယ်ဆိုတာ မတင်မိ စဉ်းစားကြည့်ဖို့ကောင်းတယ်"

သူ၏ လိုဘကိုသာ ပြောနေသော ဦးစိန်မောင်အား ဒေါ်တင်မိမှ မျက်စောင်းထိုးလျက် –

"ကျွန်မသားတွေမရှိတုန်း ရှင်က လာတယ်။ ရှင်ပြောတဲ့စကားတွေက ကလေးကလားတွေနဲ့ ကျွန်မ နားရှက်တယ်။ ရွာထဲကလူတွေက ကျွန်မတို့ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး မဟုတ်မဟတ်တာတွေ ပြောကြမယ်ဆိုတာ ဦးစိန်မောင် သိဖို့ကောင်းပါတယ်။ နောက်ဆုံး ကျွန်မပြောနိုင်တာတစ်ခုကတော့ ကျွန်မတို့အသက်အရွယ်တွေက ထောက်လာကြပြီဆိုတော့ ရှင့်ရဲ့စကားတွေကို ကျွန်မသဘောမတူနိုင်ပါဘူး။ နောက်ဆုံး ပြောမယ်ရှင်။ ကျွန်မတို့အိမ်ကို ရှင်မလာဖို့ တောင်းပန်ပါတယ်"

ဦးစိန်မောင်သည် ဒေါ်တင်မိအား ရာဂလွှမ်းသော မျက်လုံးများဖြင့်ကြည့်လျက် ...

"ဘာပဲဖြစ်ဖြစ် ကျုပ်ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဗျာ။ မတင်မိ ကျုပ်ကို ယူလိုက်လို့ ဘာအကျိုးမှမယုတ်ပါဘူး။ ကျုပ်မှာ လယ်တွေ၊ နွားတွေရှိတယ်။ ကျုပ်ရဲ့ ဆေးကုတဲ့အလုပ်နဲ့ ခင်ဗျားတင်မကဘူး။ ခင်ဗျားသားတွေကိုလည်း တင်ကျွေးထားမှာပေါ့ဗျာ"

ပြောပြောဆိုဆိုဖြင့် ဒေါ်တင်မိ၏ ကိုယ်လုံးအား ဖက်တွယ်လျက် ကွပ်ပျစ်ပေါ်သို့လှဲချရန် အားထုတ်လေတော့သည်။ ဒေါ်တင်မိမှာ ထိတ်လန့်တကြားဖြင့် ရုန်းကန်လျက် ...

"ကိုစိန်မောင် ... ရှင်နော်ရှင်။ မကြံသင့် မစည်ရာ။ ဒီလိုအောက်တန်းကျတဲ့အကျင့်နဲ့ ကျွန်မကို မယုတ်မာပါနဲ့။ ကျွန်မသည်းခံမှာမဟုတ်ဘူးနော်"

ဦးစိန်မောင်သည် ဒေါ်တင်မိအား အတင်းအဓမ္မဖြင့် စော်ကားရန် ကြံစည်ပေတော့သည်။

"ဒီအချိန်မှာတော့ မိုးပေါ်က သကြားမင်း ဆင်းပြီးတားလည်း မရတော့ဘူး မတင်မိရေ။ မဖြစ်ဖြစ်တဲ့နည်းက ဒီတစ်နည်းပဲ ရှိတော့တာမို့ မရုန်းပါနဲ့ဗျာ"

ဒေါ်တင်မိသည် ပတ်ဝန်းကျင်မှ ရွာသားများသိ၍ အရှက်တကွဲအကျိုးနည်းရမည်ကို စိုးရိမ်သည်ကတစ်ကြောင်း၊ သားများရောက်ရှိလာပါက မဖြစ်သင့်တာ ဖြစ်ပေါ်လာနိုင်သည်မို့ ကျိတ်၍ရုန်းကန်နေခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ ယောက်ျားအားကိုမလှန်နိုင်သော ဒေါ်တင်မိမှာ ဦးစိန်မောင်အား အလျှော့ပေးရတော့မည်ကဲ့သို့ ဖြစ်လာပေသည်။

ထိုစဉ် အိမ်အောက်သို့ ရောက်ရှိနေသော သာရင်နှင့်သာခင် ညီအစ်ကိုသည် မိခင်အားစော်ကားရန် ကြိုးစားနေသော ဦးစိန်မောင်အား နောက်ဘက်မှနေ၍ ပါလာသော နွားချည်သောကြိုးဖြင့် လည်ပင်းကို ရစ်ပတ်လျက် ညီအစ်ကိုနှစ်ယောက် အင်နှင့်အားနှင့် လွန်ဆွဲသကဲ့သို့ ဆွဲ၍ညှစ်ထားလိုက်သည်။ ဦးစိန်မောင်မှာ တအအအဖြင့် ရုန်းကန်နေပေသည်။

"ငါတို့အမေကို စော်ကားချင်တဲ့ လူယုတ်မာကြီး။ လူ့လောကမှာ ရှိနေရင်လည်း တွေ့တဲ့သူတိုင်းကို ဒီလိုပဲ စော်ကားနေမှာပဲ။ သတ်ပစ်လိုက်တာပဲ ကောင်းပါတယ်ကွာ"

ဒေါ်တင်မိမှာ လူးလဲထ၍ သားနှစ်ယောက်အား တားမြစ်နေပေသည်။

"သားတို့ရယ် ... မလုပ်ပါနဲ့တော့။ သူတစ်ခုခုဖြစ်ရင် မင်းတို့ဒုက္ခရောက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်နော်။ မလုပ်ပါနဲ့သားတို့ရယ် ...''

ဒေါ်တင်မိတစ်ယောက် မျက်ရည်ခံထိုး၍ တောင်းပန်စကားမှ သာရင်နှင့်သာခင်တို့မှာ ပြောမရလေတော့။ ဘီလူးသရဲစီးနေသည့်အသွင်ဖြင့် ရှိနေပြီး သာခင်သည် သူ့၏ခါးကြားထဲ၌ အသင့်ဆောင်လာသော အရိုးအသွား ခုနစ်လက်မရှိ ဓားမြှောင်ဖြင့် ဦးစိန်မောင်၏ ခန္ဓာကိုယ်အားပိုက်၍ နှလုံးသားရှိရာသို့ အားကုန် ထိုးစိုက်ချလိုက်တော့သည်။ ဦးစိန်မောင်မှာ ဓားဒဏ်ရာ၊ ကြိုးဖြင့်လည်ပင်းညှစ်သည့် ဒဏ်ရာများဖြင့် မချိမဆံ့ခံစားလျက် အသက်ထွက်လေတော့သည်။

သာရင်နှင့်သာခင်သည် အိမ်ပေါ်တက်၍ သူတို့၏မိခင်အား စော်ကားရန်ကြိုးစားလေသော ဦးစိန်မောင်အား ကိုယ်ထိလက်ရောက် သတ်ဖြတ်ကျူးလွန်ခဲ့သော်လည်း ထွက်ပြေးတိမ်းရှောင်ခြင်းမရှိပါ။ တဏှာရာဂကြီးမားသော လူယုတ်မာတစ်ယောက်အား လူ့လောကမှ အပြီးနှင်ထုတ်လိုက်ရသည့်အတွက် အလွန်ပင်အားရကျေနပ်နေလေသည်။

ဒေါ်တင်မိမှာ လူသတ်မှုကျူးလွန်ခဲ့သော သားနှစ်ယောက်အားဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိသည်။

''သားတို့ရယ် ... မလုပ်ပါနဲ့လို့ အတန်တန်တောင်းပန်နေတဲ့ကြားက အမေ့စကား နားမထောင်ဘူး။ အခုတော့ အမေတစ်ယောက်တည်း ဖြစ်ပြီပေါ့။ အမေတားတာက ဦးစိန်မောင်ကို ကရုဏာရှိလို့ တားတာမဟုတ်ဘူး။ သားတို့ရာဇဝတ်ပြစ်ဒဏ်သင့်မှာစိုးလို့ အပြစ်ကျမှာစိုးလို့ တားနေတာပါ သားတို့ရယ်''

သာရင်နှင့်သာခင်တို့သည် ဆန့်ဆန့်ကြီးအသက်ပျောက်နေပြီဖြစ်သော ဦးစိန်မောင်အား ရွံရှာမုန်းတီးစွာတစ်ချက်ကြည့်လိုက်ပြီး မိခင်ဒေါ်တင်မိအား သာခင်မှ –

''ကိုယ်လုပ်ရင် ကိုယ်ခံရပါတယ်အမေ။ ကိုယ့်အမေတစ်ယောက်လုံးကို စော်ကားဖို့ကြံတဲ့ လူယုတ်မာကြီးကို ဒီအတိုင်း လက်ပိုက်ကြည့်နေရမလားဗျာ။ လူ့လောကက အပြီးအပိုင်ထွက်ခွာခွင့်ပေးလိုက်တာဟာ အကောင်းဆုံးပေါ့အမေရယ်။ သည်လူယုတ်မာကြီးကို သတ်လိုက်ရလို့ ကျွန်တော်တို့ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူးအမေ''

သို့ဖြင့် သာရင်နှင့်သာခင်သည် ကျေးရွာလူကြီးထံ လူသတ်မှုကျူးလွန်သည့် လက်နက်ပစ္စည်းများအပ်နှံလျက် မိမိတို့ လူသတ်မှုကျူးလွန်ကြောင်း ဝန်ခံခဲ့ပေသည်။ ကျေးရွာလူကြီးမှ မြို့ပေါ်ရဲစခန်းရှိ မြို့နယ်စခန်းမှူးအား အကြောင်းကြားလိုက်သည့်နောက် ရဲစခန်းမှူးနှင့်နယ်ထိန်းရဲအရာရှိ တပ်ဖွဲ့ဝင်များ ရောက်လာကြပေသည်။ ဆေးမှတ်ချက်ရယူနိုင်ရန် အလောင်းအား မြို့ဆေးရုံသို့ လှည်းဖြင့်တင်ပို့လိုက်ပြီးနောက် လူသတ်မှုကျူးလွန်သည့် သာရင်နှင့်သာခင် ညီအစ်ကိုအား လက်ထိတ်ခတ်လျက် ရဲစခန်းသို့ခေါ်ဆောင်သွားတော့သည်။

မိခင်ဒေါ်တင်မိမှာ သားနှစ်ယောက်အတွက် ပဏ္ဍမြေလူး ရင်ဘတ်စည်တီးငိုကြွေး၍မဆုံးနိုင်တော့ပေ။ အမှုမှတ်တမ်း၊ ရဲစက္ကူစာချုပ်များ၊ ဆေးမှတ်တမ်းများ ရယူပြည့်စုံသည်နှင့် လူသတ်မှုအား မြို့နယ်တရားရုံးသို့ တင်ပို့လိုက်ပါသည်။ မြို့နယ်တရားသူကြီးမှ သာရင်၊ သာခင်ညီအစ်ကိုနှစ်ဦးအား သေဒဏ်ချမှတ်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သာရင်၊ သာခင် ညီအစ်ကိုနှစ်ယောက်မှာ ဗဟိုတရားရုံးမှတစ်ဆင့် သမ္မတထံ တင်ပြအယူခံရာမှ သေဒဏ်မှလွတ်ကင်း၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်သို့ပြောင်းလဲချမှတ်ခြင်းခံရပေသည်။

သာရင်၊ သာခင် ညီအစ်ကိုနှစ်ယောက် ထောင်မှလွတ်မြောက်လာသည့်အခါတွင် မိခင်ဒေါ်တင်မိသည် လူကြီးရောဂါဖြင့် အနိစ္စရောက်ခဲ့သည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်၏။ ထိုညီအစ်ကိုနှစ်ယောက်သည် မိခင်အားသဂြိုဟ်သည့် သုသာန်သို့ သွားရောက်ကန်တော့ခဲ့လေသည်။

မည်သို့ဆိုစေ ... အသက် ၁၈ နှစ်ခန့်အရွယ်၌ ထောင်ကျခဲ့ရာ လွတ်မြောက်သည့်အချိန်တွင် အသက်သုံးဆယ်ပင် မပြည့်တတ်သေးချေ။ သာရင်၊ သာခင် ညီအစ်ကိုသည် မဟုတ်လျှင်မခံတတ်သည့်မို့ မိမိတို့၏ဆွေမျိုးဉာတိများအား စော်ကားလေသောသူမှန်သမျှအား အပြတ်သုတ်သင်ရန် တူညီသောဆုံးဖြတ်ချက်များ ချထားပြီးဖြစ်လေတော့သည်။ သို့သော်လည်း မိမိတို့၏ဆွေမျိုးများအား သာရင်နှင့်သာခင် ညီအစ်ကို၏ နာမည်ကျော်ကြားမှုများကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ လက်ဖျားနှင့်ပင် မတို့ခဲ့ကြပါချေ။ ယင်းသို့ဖြင့် သာရင်နှင့်သာခင် ညီအစ်ကိုနှစ်ယောက်သည် အရွယ်ရောက်၍ အသီးသီးအိမ်ထောင်ကျသွားခဲ့ကြပြီး အသက်ခုနစ်ဆယ်ကျော်သည့်နောက် ညီအစ်ကိုနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူကြီးရောဂါများဖြင့် အနိစ္စရောက်သွားခဲ့ပေတော့သည်။

(လွတ်လပ်ရေးမရခင် ဖိုးကုန်းမြို့နယ်၌ အမှန်တကယ် ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန်မှုခင်းအား ဆီလျော်စွာ ပြန်လည်ရေးဖွဲ့ပါသည်။)

**မောင်သာမန်(ဖိုးကုန်း)**






www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်လျှင် လေဖြတ်ခြင်းလျော့နည်း



လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်လျှင် လေဖြတ်ခြင်းလျော့နည်းစေသည်ဟု ဆိုသည်။ အထူးသဖြင့် ၎င်းနှစ်မျိုးစလုံးကို အချိန်မှန်မှန် ဒိုင်းယက်(Diet)အဖြစ် သောက်လျှင် လေဖြတ်မှုလျော့နည်းစေကြောင်း သုတေသနတစ်ခုတွင် တွေ့ရှိချက်ကို အမေရိကန်နှလုံးအသင်းဂျာနယ် (Journal of the American Heart Association) တွင် ဖော်ပြသည်။

"ဒီတစ်ကြိမ်မှာတော့ အကြီးစားလေ့လာမှုတစ်ခုက ကော်ဖီနဲ့ လက်ဖက်ရည်ကြမ်းသောက်လို့ လေဖြတ်တဲ့ ရောဂါဘယ်လိုဖြစ်တယ်ဆိုတာ စစ်ဆေးဖို့ဖြစ်ပါတယ်"ဟု ယိုရှီဟီရိုကိုကူဘို (Yoshihiro Kokubo) ဆိုသူ နာမည်ကျော် စာရေးဆရာက တွေ့ရှိချက်များကို ဂျပန်အမျိုးသားရောဂါနှင့် နှလုံးသွေးကြောကဌာန (National Celebral and Cardiovascular Centre) မှ ပြောကြားသည်။ ၎င်းက ဆက်လက်၍ "အသေးစားတွေ့ရှိချက်ဖြစ်ပေမယ့် အပေါင်းလက္ခဏာဆောင်တဲ့ လူနေမှုစတိုင် အပြောင်းအလဲဖြစ်ပြီး လေဖြတ်တာနည်းပါးစေအောင် အထောက်အကူပြုဖို့ နေ့စဉ် လက်ဖက်ရည်ကြမ်းနဲ့ ကော်ဖီ(ဒိုင်းယက်)တို့ သောက်ဖို့လိုပါတယ်"ဟု ပြောသည်။

သုတေသီများသည် ဂျပန်သက်ကြီးရွယ်အို ၈၃၂၆၉ ဦးတို့အား လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်ခြင်း အလေ့အကျင့်များ ပျမ်းမျှ ၁၃ နှစ်ကြာ သောက်သုံးမှုတို့ ပါဝင်သည် ဆို၏။ ၎င်းတို့ တွေ့ရှိချက်တွင် လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်သူများသည် လေဖြတ်မည့်အန္တရာယ် ပိုနည်းပါးသွားကြောင်း တွေ့ရ၏။ တစ်နေ့လျှင် ကော်ဖီတစ်ခွက်စီ သောက်သူသည် လေဖြတ်ခြင်းမှ ၂၀ ရာခိုင်နှုန်း နည်းပါးစေပြီး၊ နေ့စဉ် လက်ဖက်ရည်ကြမ်း နှစ်ခွက်မှ သုံးခွက်အထိ သောက်သူသည် လေဖြတ်ရန် ၁၄ ရာခိုင်နှုန်း နည်းပါးစေ၏။ ထို့ပြင် လေးခွက်သောက်သူသည် ၂၀ ရာခိုင်နှုန်း လျော့နည်းစေသည်ဆို၏။

ထို့ပြင် နေ့စဉ် အနည်းဆုံး ကော်ဖီတစ်ခွက်၊ သို့မဟုတ် လက်ဖက်ရည်ကြမ်းနှစ်ခွက် သောက်သူသည် ဝမ်းကိုက်ရောဂါနှင့် ဆက်စပ်မှုမှ ၃၂ ရာခိုင်နှုန်း လျော့နည်းသည် ဆို၏။ ကော်ဖီနှင့် လက်ဖက်ရည်ကြမ်းသောက်သူများနှင့် မသောက်သူတို့ နှိုင်းယှဉ်ဖော်ပြထားခြင်း ဖြစ်သည်။ ဝမ်းကိုက်ရောဂါပိုးနှင့် ဆက်စပ်၍ သွေးကြောပေါက်ကွဲသည့်အခါ ဦးနှောက်အတွင်း သွေးများထွက်လာသည်။ ဝမ်းကိုက်ရောဂါကြောင့် ၁၃ ရာခိုင်နှုန်းခန့်သည် လေဖြတ်ခြင်း ဖြစ်သည်ဆို၏။ လေ့လာရေး အစမ်းသပ်ခံများတွင် ပါဝင်သူများသည် အသက် ၄၅ နှစ်မှ ၇၄ နှစ်အတွင်းဖြစ်ပြီး ယောကျ်ား၊ မိန်းမ ခွဲခြားထားသည်။ ၎င်းတို့သည် ကင်ဆာနှင့် နှလုံးသွေးကြောကျဉ်းရောဂါမှ ကင်းလွတ်ကြောင်း တွေ့ရသည်ဆို၏။ ၁၃ နှစ်ကြာ စမ်းသပ်မှုများလုပ်နေစဉ် သုတေသီများက အစမ်းသပ်ခံများ တက်ရောက်ကုသနေသော ဆေးရုံမှ ဆေးမှတ်တမ်းများနှင့် သေဆုံးမှုအချက်အလက်များ၊ နှလုံးရောဂါနှင့် ပတ်သက်သော အချက်အလက်များ၊ လေဖြတ်ခြင်း ဖြစ်ရခြင်းနှင့် သေဆုံးမှုတို့ကို စုဆောင်းရသည်။ တွေ့ရှိချက်များကို အခြားတွေ့ရှိချက်များတွင် အသက်အပိုင်းအခြား၊ ယောကျ်ား၊ မိန်းမနှင့် နေထိုင်မှု ဘဝအကြောင်းအရာများ ဖြစ်သည့် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် ကိုယ်အလေးချိန်၊ ဒိုင်းယက်နှင့် လေ့ကျင့်ခန်းများ ပါဝင်သည် ဆို၏။

လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်ခြင်းတို့သည် ကမ္ဘာပေါ်တွင် ရေပြီးလျှင် လူသိပိုအများဆုံး ဖြစ်သည်။ ဤရလဒ်များက အမေရိကန်ပြည်ထောင်စုနှင့် အခြားတိုင်းပြည်များတွင်လည်း လက်ဖက်ရည်ကြမ်းနှင့် ကော်ဖီသောက်ဖို့ အကြံပြုထားသည်။ သုတေသီများက လက်ဖက်ရည်ကြမ်းသည် လေဖြတ်ခြင်းကို ဘယ်ပုံဘယ်နည်း ထိရောက်မှုရှိသည်ကိုမူ အထင်အရှား မသိရသေးဟု ဆိုသည်။

**မောင်မောင်စန်းထွေး**

***REF: XINHUA***


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကြေညာမောင်းခတ်ကာ ပြောလိုက်ချင်သည်

မင်းနော်

ပင်ဒိုင်၏ အကျည်းတန် အရုပ်ဆိုးလှသော ကိုင်းဖျားများပေါ်တွင် ရွက်နုလေးများက ပြန်လည်ဆန်းသစ်၏။ အလှဆင်ထားသည့် ငှက်ကျေးကလေးများ သည်လည်း ဟိုမှ ဒီမှ ကူးကာ ပျော်မြူးပျံဝဲနေကြသည်။ နွေနံနက်ခင်း၏ အလှအပများကို ကျွန်တော်သည် ပြတင်းပေါက် တစ်နေရာမှ ကြည့်ရှုခံစားခနေသည်။ တစ်ဖန် ကျွန်တော့် မျက်လုံးအစုံက နံရံတွင် ချိတ်ဆွဲထားသော နာရီဆီသို့ ရောက်သွားသည်။ အချိန်ကား ၉ နာရီပင် ကျော်လွန်ခဲ့ပေပြီ။ ယနေ့ Sunday ရုံးပိတ်ရက်သည်းဖြစ်နေသဖြင့် ကျွန်တော် နှပ်နှစ်ရှိက်မြိုက် အိပ်ပျော်သွားခြင်း ဖြစ်ပေလိမ့်မည်။ ယခင် ရုံးသွားရက်များတွင် ၆ နာရီကျော်သည်နှင့် အိပ်ရာမှနိုးနေသည့် ကျွန်တော်သည် ညည်ခန်းထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် စားပွဲပေါ်တွင် အသင့်ဟင်ထားသော ဓရခရားထဲမှ ရေနွေးအား ဖန်ခွက်ထဲသို့ ငှဲလိုက်သည်။ ပြီး စားပွဲပေါ်တွင် ရောက်ရှိနေပြီးဖြစ်သော နေ့စဉ် သတင်းစာအား ကောက်ကိုင်လိုက်သည်။ ကျွန်တော်သည် သတင်းစာထဲတွင် ပါလာခဲ့သော သတင်းတစ်ခုကြောင့် အိမ်နောက် မီးဖိုချောင်တွင် တကုပ်ကုပ်ဖြင့် အလုပ်ရှုပ်နေရသော ဇနီးဖြစ်သူကို လှမ်းအော်ခေါ်လိုက်မိသည်။

"ငင်းရေ့ ဆလာလောက် လာပါဦးကွာ"

ကျွန်တော်၏ အော်ခေါ်လိုက်သော အသံကြောင့် မီးဖိုချောင်မှ ဇနီးဖြစ်သူက အသံပြုလိုက်သည်။

"အရေးမကြီးရင် ခဏလေးနော်။ ပန်းကန်တွေ ဆေးလက်စမို့ အဝင်း ထွက်လာခဲ့ပါ့မယ်"

မကြာမီ ဇနီးဖြစ်သူသည် လက်မှ စိုနေသော ရေများအား လက်သုတ်ပဝါဖြင့်သုတ်ရင်း ထွက်လာခဲ့သည်။

"ဘာများလည်း အစ်ကိုရယ်။ ဒီလောက် အရေးတကြီး"

"ဒီမှာလေ အဝင်းရယ်။ အစ်ကို့ သူငယ်ချင်း ကျော်သိန်း ဆုံးပြီတဲ့ကွာ။ နာရေးကြော်ငြာမှာ ပါလာတယ်လေ"

ကျွန်တော်သည် ဇနီးအား နာရေးကြော်ငြာတွင် ပါလာခဲ့သော သတင်းအား လက်ညှိုးဖြင့် ထောက်ပြရင်း သတင်းစာအား ကမ်းပေးလိုက်သည်။ ဇနီးက ကမ်းပေးလိုက်သော သတင်းစာအား လှမ်းယူကာ မျက်လုံးအဝိုင်းသားဖြင့် ဖတ်နေရင်း သက်ပြင်းရှည်တစ်ပုဒ်ကို အသားအယာ ချလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်ကို ကျွန်တော်ကြားလိုက်ရသည်။

"ကလေးတွေက မိခင်နှင့် ကွဲကွာနေခဲ့တာလည်း ကြာနေပြီ။ အခု ကိုကျင်သိန်း ဆုံးပြန်ပြီဆိုတော့ ကျန်ရစ်ခဲ့တဲ့ ကလေးတွေတော့ သနားပါတယ် အစ်ကိုရယ်။ အခေါ်ဖြစ်သူတွေကလည်း ကလေးတွေကများပြီး သိပ်ပြေလည်ကြတဲ့သူတွေ မဟုတ်ဘူးလေ"

"အင်း ... အဝင်းပြောတာလည်း ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမယ့် သတ္တဝါတစ်ခု ကံတစ်ခု။ သဗ္ဗေသတ္တာ ကံမသကာလို့သာ မှတ်ယူရတော့မပေါ့။ ဘယ်တတ်နိုင်မလဲကွယ်"

ဇနီးဖြစ်သူ ကျွန်တော်ပြောသည့်စကားများကို နားစိုက်ထောင်ရင်း သူပြောလိုသော စကားအား စဉ်းစားလိုက်သည်။

"အစ်ကိုပြောသလို သတ္တဝါတစ်ခု ကံတစ်ခုဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ စဉ်းစားမိတယ် အစ်ကို။ လူကြီးသူမတွေ ပြောဆိုခဲ့တဲ့ စကားတစ်ခုလေ"

ကျွန်တော်သည် ဇနီးမျက်နှာအား စူးစိုက်စွာကြည့်ကာ အလျှင်းသင့်လိုဖြင့် စကားအား ဝင်ထောက်လိုက်မိသည်။

"ကဲ ... အဝင်း ပြောချင်တဲ့ စကားတစ်ခုဆိုတာ ဘာလဲ"

"ဒီလိုလေ အစ်ကို။ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်တဲ့ အစ်ကိုရဲ့။ အသိတရားနဲ့ သတိမထားကြတော့ လောကမှာ မသေသင့်ဘဲ သေသွားကြတဲ့ လူတွေလည်း အများကြီးဘဲ မဟုတ်လား။ အခုလည်း ကိုကျင်သိန်းတစ်ယောက် အသိတရားနဲ့ သတိမထားဘဲ အရက်ကို အလွန်အကျွံသောက်သုံးမိတဲ့အတွက် မသေသင့်ဘဲနဲ့ သေခဲ့ရပြီမဟုတ်လား။ သူ့အသက်အရွယ် ဘယ်လောက်ရှိသေးလို့လဲ။ ဟိုး တစ်လောကပဲကြည့်။ သူ့ထက်ငယ်တဲ့ ကိုကိုဆွေတစ်ယောက်ကော အရက်ကြောင့်ပဲ သေသွားရတယ်မဟုတ်လား။ အဲဒီတုန်းကလည်း ကိုကိုဆွေအသုဘကို လိုက်ပို့ရင်း ညီမလေး သစ်သစ်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်မိလိုက်တာ။ သစ်သစ်က သူ့မောင်တွေကို အရမ်းချစ်၊ အရမ်းအလိုလိုက်တာ အစ်ကိုရဲ့။ အစ်မကြီး အမိရာ ပီသပါပေတယ်"

ဇနီး၏ ပြောသောစကားများ အဆုံးတွင် ကျွန်တော်သည် သက်ပြင်းတစ်ချက်ကို မသိမသာချရင်း ...

"အင်း ... တရားသဘောနဲ့ ပြောရရင် တွေ့ဆုံကြကွဲ ဖြစ်မြဲမမှတာ တည်းကွဲ။ လောကလူသားတွေ အားလုံးဟာ တွေ့ဆုံကြပြီး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သေကွဲမကွဲ၊ ရှင်ကွဲ ကွဲကွာသွားကြမှာပဲလေ။ မဟုတ်ဘူးလား။ အေးလေ ... ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျရင်တော့ ကျင်သိန်းကြီးရဲ့ နောက်ဆုံးခရီးကို အစ်ကိုတို့ သင်မယားတွေ လိုက်ပို့ပေးရအောင်ကွာ"

"အစ်ကိုရယ် ... ဒါများ ပြောရသေးတယ်။ အရင်းနှီးဆုံး သူတွေပဲ။ လိုက်ပို့ပေးရမှာပေါ့"

ဇနီး၏ စကားအဆုံးတွင် ကျွန်တော်သည် သူငယ်ချင်းအတွက် စိတ်မကောင်းစွာဖြင့် တွေးရင်း ...

"တို့သူငယ်ချင်းတွေ လူပျိုဘဝတုန်းက အရက်မပြောနဲ့ ဆေးလိပ်၊ ကွမ်းတို့ ဆိုတာတောင် စားကြသောက်ကြတာ မဟုတ်ဘူး။ အခု ကိုကျင်သိန်းကြီးတစ်ယောက် အရက်သမားကြီးလုံးလုံး ဖြစ်သွားတာ အစ်ကိုဖြင့် အံ့ဩလို့မဆုံးပါဘူး။ ဒီကောင်ကြီး မိန်းမနဲ့ကွဲသွားထဲက အဲဒီလို ဖြစ်သွားတာ။ သူ့မိန်းမကြောင့်ပဲ ဖြစ်မှာပဲ"

ကျွန်တော်၏ ပြောလိုက်သောစကားကြောင့် ဇနီးဖြစ်သူက ကျွန်တော့်အား မကျေနပ်သောမျက်နှာဖြင့် မျက်လုံးလေးအား ဒေါင့်ကပ်ကြည့်ကာ အောက်နှုတ်ခမ်းလေးအား မသိမသာရွဲ့ရင်း ...

"ဟင် ... အစ်ကိုက ပြောရင်း ဖောက်လာပြန်ပြီ။ အစ်ကို့လူက သူ့မိန်းမနဲ့ မကွဲခင်ထဲက အရက်ကို သောက်နေတာ ရှင်ရေ့"

"အစ်ကိုလည်း သိပါတယ်ကွာ။ သူ့မိန်းမ မရှိတုန်းက အခုလိုလည်း အရက်ကို အလွန်အကျွံ သောက်နေတာလည်း မဟုတ်ပါဘူး"

ကျွန်တော်၏ ပြောလိုက်သောစကားကြောင့် ဇနီးဖြစ်သူက မျက်နှာကိုမဲ့ကာ လက်တစ်ဖက်က ရင်ဘတ်ကိုဖိပြီး ကျန်လက်တစ်ဖက်က သွက်သွက်ခါရင်း ...

"အမလေး ... လေး ... လေး သူ သူ့သူငယ်ချင်း အရက်သမားကြီးဘက်ကနေ အရှုံးနေလိုက်နေရလိုက်တာ။ အစ်ကိုတို့ ယောက်ျားတွေကသာ အရက်သောက် ကြပြီးသားကိုရှင့် မိန်းမတွေကြောင့် သောက်ရတာပါ။ စိတ်ညစ်လို့ သောက်ရတာပါ။ သူငယ်ချင်း မိတ်ဆွေတွေနဲ့ တွေ့တုန်း ဆုံတုန်းမို့ သောက်ရတာဆိုတာ ချည်းပဲလေ။ ဟင်း ... မိဝင်းတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

အရက်သမား ဆင်ခြေကန်စကားတွေက ရှိနေပြီတော်ရေ့''

ဖနီး၏ ပြောဆိုလိုက်သော အမူအရာကိုကြည့်ရင်း ကျွန်တော်က သဘောကျကာ ရယ်လိုက်မိသည်။

''အဝင်းရယ် ... မင်းပြောမှပဲ အစ်ကိုက အရက်သမားကြီး ကျနေတာပဲ''

''အရက်သမားကြီး မဟုတ်ပေမယ့် တစ်ခွက်သောက်တာလည်း အရက်ပဲ။ နှစ်ခွက်သောက်တာလည်း အ ရက်ပဲလေ။ တစ်ခွက်ပဲ သောက်သောက်၊ နှစ်ခွက်ပဲ သောက်သောက် အရက်သောက်ရင် အရက်သမားပဲပေါ့။ ဒီလိုပဲပေါ့ ... ပျင်းလို့ပဲ ဖဲကစားတာပဲဖြစ်ဖြစ် အပျော်အနေနဲ့ပဲ ဖဲကစားတာပဲဖြစ်ဖြစ် ဖဲကစားတော့ ဖဲသမား၊ လောင်းကစားသမားပဲပေါ့။ အဝင်းပြောတာ မဟုတ်ဘူးလား ...။ အစ်ကိုပဲ တစ်ခါတုန်းက အဝင်းကို ပြောခဲ့ဖူးတယ်လေ။ ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် ကိုယ်ပြုသမျှက ကိုယ့်ကံဆို။ မည်သူမပြု မိမိမှုရယ်လို့ အစ်ကိုပဲ ပြောခဲ့ဖူးတယ်လေ''

ဖနီး၏ ပြောလိုက်သော စကားကြောင့် ကျွန်တော့်မျက်နှာသည် သော်တာလဝန်းကဲ့သို့ ရွှင်လန်းကာ သဘောကျစွာဖြင့် ရယ်လိုက်မိသည်။

''ဟဲ .. ဟဲ .. ဟဲ .. ဟဲ ... အစ်ကိုပြောခဲ့တဲ့ စကားတွေ အဝင်းက မှတ်မိနေသားပဲ။ ဒါကြောင့် အစ်ကို့ မိန်းမကို အူထဲ အသည်းထဲ ကျောက်ကပ်ထဲကကို ချစ်နေမိတာ''

''တော်ပါ။ ဟင်း ... ကိုသဲပို အပိုတွေ လာပြောမနေနဲ့''

ကျွန်တော်တို့ ဖနီးမောင်နှံ သဘောကျစွာဖြင့် ရယ်လိုက်မိကြသည်။ ထို့နောက် ဖနီးဖြစ်သူက သူ ပြောလိုသော စကားအား စတင်လိုက်ပြန်သည်။

''ကျွန်မ တစ်ခုစဉ်းစားမိတယ် အစ်ကို''

''အဝင်းက ဘာများ စဉ်းစားမိလို့လဲ ပြောစမ်းပါဦး''

''ဒီလိုလေ အစ်ကို။ ကျန်းမာရေးဦးစီးဌာနကပဲ တရားမမျှတတာလား။ ဘယ်ကပဲ တရားမမျှတတာလဲတော့ ကျွန်မမသိတော့ဘူး။ တရားမမျှတတာတော့ တရားမမျှတဘူးပဲ''

ဖနီး၏ ပြောလိုက်သော စကားကြောင့် ကျွန်တော်သည် မျက်စိအဝိုင်းသားနှင့် ဖနီး၏မျက်နှာအား စူးစိုက်စွာကြည့်ရင်း ...

''ဘာတွေ တရားမမျှတတာလဲ။ အဝင်းပြောတာ ရှုပ်နေတာပဲကွာ''

''ဒီလို အစ်ကိုရဲ့ ဒီလို။ ကျွန်မက စီးကရက်ထုတ်လုပ်တဲ့ ကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးဆို ပြောမိမှာ အစ်ကိုရဲ့ သိလား''

ဖနီး၏စကားကြောင့် ကျွန်တော်က ပြုံးလိုက်မိသည်။

''ကဲ ... ဆိုစမ်းပါဦး။ အဝင်းက ဘာများပြောချင်လို့လဲ''

''အစ်ကိုပဲ စဉ်းစားကြည့်လေ။ စီးကရက်ဘူးခွံတွေဘေးမှာ ရေးထားတာ အစ်ကိုတွေ့မိတယ်မဟုတ်လား''

''အင်း ... တွေ့မိတယ်လေ။ ဆေးလိပ်သောက်ခြင်းသည် ဆိုးဝါးစွာ ကျန်းမာရေးကို ထိခိုက်စေပါသတဲ့ အဲဒါဘာဖြစ်လဲ''

''အဲဒါ ဘာဖြစ်ရမလဲ အစ်ကိုရဲ့။ ဆေးလိပ်ဘူးခွံတွေမှာ အဲဒီလိုရေးထားရင် အရက်ပုလင်းတွေရဲ့ဘေးမှာလည်း အဲဒီလို ရေးထားရမှာပေါ့''

ဖနီး၏စကားကြောင့် ကျွန်တော်က ပြုံးလိုက်ရင်း ...

''ကဲ ... အဝင်းက ဘယ်လိုများ ရေးစေချင်လို့လဲ''

''အဝင်းကတော့ အရက်ပုလင်းတွေဘေးမှာ 'အရက်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် သေရွာသို့လည်း အမြန်ရောက်စေပါသည်' ဟု ရေးလိုက်ချင်တာ သိလား''

ဖနီး၏ ပြောလိုက်သော စကားကြောင့် ကျွန်တော်က သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်လေး ရယ်လိုက်မိသည်။

''ဘာလဲ ... အဝင်းပြောတာ မဟုတ်လို့လား''

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ အလွန်ပြောင်မြောက်တဲ့ စာသား။ အဝင်း ပြောချင်၊ ရေးချင်တဲ့စာကို ကျန်းမာရေးဆိုင်ရာကို တင်ပြလိုက်ပြီး တစ်နိုင်ငံလုံး ထုတ်ပြည့်အောင် ကြေညာပေးဦးမှာ ... သိလား''


ကျွန်တော်၏စကား ဆုံးသည်နှင့် နှစ်ဦးသား သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ကြမိတော့သည်။ တကယ်တော့ အရက်သောက်ခြင်းသည် ဗုဒ္ဓဘာသာ တရားတော်အရ ကံငါးပါးမှ တစ်ပါးကို ချိုးဖောက်ခြင်းပဲ မဟုတ်ပါလား။

မင်းနော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်မှ တစ်ချက်ထဲ။

✢ မျိုးသစ် ✢

(၁)

မစည်ကားအပ်သော အရပ်ငါးပါးတွင် ပွဲလမ်းသဘင်၊ သေရည် သေရက်ဆိုင်၊ လွှတ်ရုံး၊ ကစားဝိုင်း၊ သုသာန်သင်းချိုင်းဟု သတ်မှတ်ထားလင့်ကစား နာဖျားမကျန်းဖြစ်နေသူ ဒဏ်ရာအနာတရဖြစ်နေသူတို့ကို ကုစားရာ (ဆေးရုံ)နှင့် ရာဇဝတ်မှုခင်း အကြောင်းကြောင်းတို့ကြောင့် အသွားအလာတို့ဖြင့် ထူပြောနေသည့်(ရဲစခန်း)များမှာလည်း မစည်ကားအပ်သော သဘောပင်ဖြစ်မည်ဟု ထင်မြင်မိပါသည်။

သို့သော် ဝင်တိုးထွက်လူစည်ကားနေရာများဖြစ်နေသည်ကိုမူ ငြင်းဆန်၍ မရ။ လူ့ဘောင် လူ့လောကအတွင်း မကင်းနိုင်သည့် နေရာဒေသတို့ဖြစ်နေခဲ့၏။

ကိစ္စကြီးငယ် အသွယ်သွယ်ဖြင့် မရောက်ဘူးသူမရှိ။ ရှိသော်မှ ရှားပါလိမ့်မည်။ ရေးအခါက (တို့များရှုပ်ရှုပ်ရှက်ရှက်ဆိုလို့ တစ်ခါဖူးမှ လူကြီးအိမ်တောင် မရောက်ဖူးပါဘူး။) ဟု ရင်ကော့ခေါင်းမော့ ပြောတတ်သူများ ယခုအခါတွင် အနည်းဆုံးတော့ ညှော်စာရင်းတိုင်ရုံ့ ဖြစ်စေရောက်ခဲ့ကြမည်ပင်။

လူတိုင်းအသက်တစ်ရာ မနေရသည့်တိုင် အမှုတစ်ရာမက တွေ့ကြုံဖူးကြလိမ့်မည်။ ငါသနားအရ စာရေးနေချိန်တွင် မှုခင်းပြစ်မှုဖြစ်ရပ်မှန်အကြောင်းရပ်တို့ကိုမှ ရေးသားနေသည့် စာရေးသူတို့မှာ သည်အရပ်သည် ဒေသများသို့ အမြဲတစေဝင်ထွက်သွားလာနေရမည်မှာမလွဲ။ (စာရေးသူကိုယ်တိုင်ပင် အသွားအလာရှိခဲ့၏။) ပြည်သူသို့ အသိပေးလိုသောအကြောင်းရပ်များမှာ စားပွဲပေါ်မှပေါက်ဖွားမလာပါ။ မှုခင်းဖြစ်ရပ်များနှင့် ထိတွေ့နေမှ သဘာဝကျကျ ယုတ္တိဗေဒရှိရှိ တင်ပြနိုင်မည်ဖြစ်ပါသည်။

တစ်ခါက ဘာသာရေး စာပေ (ဂါထာ) များ ရေးသားနေသူတစ်ဦးက မှုခင်းစာပေများမှာ (အနိဋ္ဌာရမ္မဏ- အနိဋ္ဌာရုံ) ရေးသားမှုဟု စာရေးသူကို တိုက်ရိုက်မဟုတ်သော်လည်း တစ်ဘက်လှည့် ပုတ်ခတ်စကားဆိုဖူးပါသည်။ သူနှင့် တိုက်တိုက်ဆိုင်ဆိုင်တွေ့သောအခါအနိဋ္ဌာရုံဟု မည်သည့်အကြောင်းအချက်ဖြင့်ဆိုနိုင်ကြောင်း မေးမြန်းခဲ့သည်တွင် ပုဒ္ဓအရ အပြစ်ဒဏ်ချပြီးနောက် ပြောင်းလဲသွားခြင်းတည်းဟူသော(ဣဋ္ဌာရမ္မဏ-ဣဋ္ဌာရုံ) ဖြစ်ရပါသည်ဟု ဝေ့လည်ကြောင်ပတ်စကား ဆိုပြန်၏။ စာရေးသူမှာ သူ့စကားကိုအထွန့်မတက်၊ (ဘယ်မှုခင်းရေးသူပဲဖြစ်ဖြစ်၊ မှုခင်းတစ်ပုဒ်ရေးသားရာမှာ လူသတ်သည်ထက် ပိုသတ်လာအောင်၊ ခိုးပြတိုက်သည်ထက် ပိုတိုက်လာအောင်၊ နိုးသည်ထက် ပိုနိုးလာအောင်ရေးသားမှုမျိုးတွေတွေ့ဖူးပါသလား)ဟု ရယ်ရယ်မောမောမေးခဲ့ရာ စကားပြန်မရတော့။ သူနှုတ်ဆိတ်သွားသည်။ သူလိုလူစားကလည်း အခက်သား။

www.burmeseclassic.com

မှုခင်းပါ အကြောင်းအရာကို့မှာ-စာရေးသူများတွင် ထားအပ်သည့် (MA-SSAGE) သတင်းပေးမှုတစ်ရပ် ဆိုသည့် သူသဘောမပေါက်သေးပါပဲလား။ မှုခင်းတွင် အကြောင်းခံတစ်ရပ်ကိုဖော်ထုတ်၍ တိုက်ရိုက်ဆုံးမပုံ နည်းလမ်းအရ ဆုံးမခြင်း၊ ပုံပြင်ခြင်းမျိုးမဟုတ်ဘဲ သွယ်ဝိုက်သော သဘောဖြင့် အသိပညာပေးခဲ့ခြင်းက များသည်။

တစ်နေ့ရဲစခန်းသို့ ကျောင်းသားတစ်ယောက် ထောက်ခံစာကိစ္စဖြင့် ရောက်သွားသည်။ သိကျွမ်းနေသူများဖြစ်သောကြောင့် လွယ်လင့်တကူ ချောချောမောမော ရခဲ့ပြီးနောက် ... ပြန်တော့မည်အပြုတွင်-ရဲစခန်းသို့ ဒုရဲအုပ်တစ်ဦးနှင့် ရဲသားနှစ်ယောက်က ဖမ်းဆီး ခေါ်ဆောင်လာသည့် တရားခံတစ်ဦးရောက်လာပါသည်။ နယ်ဘက်မှ ကောင်စီဝင်များ ဖြစ်ပုံရသူနှစ်ဦးလည်း ပါလာ၏။ စာရေးသူတို့ ထုံးစံအတိုင်း စပ်စုမိရာ တူအရင်းဖြစ်သူကိုရိုက်နက်မိခဲ့သည့် ဦးလေး(အရင်း)ဖြစ်ကြောင်း သိလာရသည်။ အရိုက်ခံရသူမှာ ဆေးရုံတွင် ခုထက်တိုင်သတိမရသေး။ ဦးလေးဖြစ်သူနှုတ်မှ တစ်ဖွဖွပြောနေသည့် စကားမှာ-

*(ကျုပ်တစ်ချက်ထဲမှ တစ်ချက်ထဲ ရိုက် လိုက်မိတာပါဗျာ)* တဲ့လေ။ သူကိုယ်တိုင်က ကျူးလွန်ခဲ့မိသည့် အမှားပေါ်တွင် တဖြစ်တောက်တောက် စိတ်ဆင်းရဲနေပုံလည်းရသည်။ ဖြစ်စေလိုသည့် ဆန္ဒမရှိသည်မှာသေချာပါ၏။

ထို့နောက် ဆေးရုံမှာစာရေးသူနှင့် အလာမ်းမဝေးသောကြောင့် ရောက်ခဲ့ပြန်ပါသည်။ စိတ်မကောင်းစရာ ဝတ်ဒဏ်ရာဖြင့် ဆေးရုံရောက်နေသူမှာ တစ်နာရီလောက်ကပင် ကွယ်လွန်ခဲ့ပေပြီ။ ဝမ်းနည်းပက်လက်ငိုကြွေးနေသူ တစ်စုပြန်သွားခါ ဆေးစစ်ချက်ယူ၍ ပြီးသည့်နောက် အလောင်းကို ရွာသို့ သယ်ယူမည့်ကားနှင့် ရွာသားများစောင့်နေသူ အရွယ်ခပ်ကြီးကြီးတစ်ယောက် သာကျန်ခဲ့၏။ အလောင်းမှာလည်း ထုံးစံအတိုင်း ရင်ခွဲရုံအတွင်း ပို့လိုက်ပြီဖြစ်သည်။ အရွယ်ခပ်ကြီးကြီး ပုဂ္ဂိုလ်မှာ တစ်ယောက်ထဲ ကြောင်တိကြောင်တောင်။ သို့ဖြင့် ထိုပုဂ္ဂိုလ်ကို လွှက်ရည်ဆိုင်ခေါ်ပြီးအကျိုးအကြောင်းမေးမိ၏။

"ဆရာလေးရယ် တကယ့် စိတ်မကောင်းစရာကိစ္စပါ။ ပြောမယ်ဆိုရင် သေသွားတဲ့ မောင်တင့်အောင်နဲ့ အဖမ်းခံရတဲ့သူ့ဦးလေးဟာ တူအရီးဆိုတာထက် သားအဖတွေလို နေခဲ့ကြတာ တစ်ရွာလုံးအသိပါ။"

"ဒါဖြင့် ဘယ်လိုကဘယ်လို ဖြစ်ရတာလဲဗျာ။"

"အပြီးသတ်တော့ တရားခံဟာ အရက်ပဲပေါ့။"

"ဘယ်လိုကြောင့် ဆိုတာလည်း ပြောပါဦး။"

"ပြောပြရမယ်ဆိုရင်တော့ ဟိုအစထဲက သူတို့ဘဝ၊ သူတို့အကြောင်း ပြောပြမှဆရာ လေးသဘောပေါက်မယ်။ ဒီလိုဗျ။"

◆◆➢◆◆

(၂)

မောင်တင့်အောင် အသက်သုံးလေးနှစ် အရွယ်လောက်ကတည်းက ဖခင်ဖြစ်သူ ကိုမင်းသူနှင့် မိခင် မကြင်လေးတို့အိမ်ထောင်ကွဲသည်။မကြင်လေး အဖို့ ကိုမင်းသူဆိုးပေသမျှ ဒဏ်ကို ခြောက်နှစ်နီးပါး ခံစားလိုက်ရ၏။

မိဘများ ရေ့ဆင့် နောက်ဆင့် ကွယ်လွန်ချိန်တွင် မကြင်လေးနှင့် မောင်ငယ်စိုးညွန့် မောင်နှမသာ ကျန်ခဲ့သည်တိုင် ဆွေမျိုးညီအစ်ကိုမောင်နှမများမှာ တစ်ရွာလုံးလက်ညှိုး ထိုးမလွဲ။ အရွယ်ရောက်နေပြီဖြစ်သည့် မကြင်လေးနှင့် လူပျိုပေါက်သာသာ မောင်စိုးညွန့်တို့နှစ်ယောက်ထဲ မိဘလက်ငုတ်လက်ရင်းလယ်နှင့်ခြံတို့ကို နိုင်နိုင်နင်းနင်းလုပ်ခဲ့ကြ၏။ ဆွေမျိုးစုအားကလည်း ရှိပေသကိုး။

အေးချမ်းနေသည့် သူတို့ဘဝလေးအတွင်း ချင်းနင်းဝင်ရောက်လာသူက ကိုမင်းသူ။ ထိုစဉ်က ကိုမင်းသူမှာ စပါးဒိုင်စာရေးလေးအဖြစ်မှ မရမက မကြင်လေးအချစ်ကို ရယူလိုက်နိုင်သဖြင့် ဆွေဆွေမျိုးမျိုးနှင့် ရပ်ကွက်၏ စီစဉ်ပေးမှုကြောင့် အိမ်ထောင်ကျခဲ့ရသည်။ တစ်နှစ်ခန့်ကုပ်ကုပ် ရုပ်ရုပ် နေခဲ့သည့် ကိုမင်းသူ၏ မူလဇာတိရုပ် ပြလာ၏။ အသောက် အစားလေး တစ်ခံ ဝါစ်၏ ... အစားလည်း ဖက်လာခဲ့သည်။ စပါးဒိုင်မှငွေများ အလွဲသုံးစားလုပ်ခဲ့သဖြင့် လင်-ထောင် မကျရေးအတွက် မကြင်လေးမှာ ကိုက်

www.burmeseclassic.com

လျော့ခဲ့ရသည်ပင် မနည်းလှ။ စပါးဒိုင် အလုပ်မှထွက်ခဲ့ရပြီး စီးပွားရေးလုပ်ငန်း ဘာတစ်ခုမှ လောက်လောက်လားလား မထူထောင်နိုင်ခဲ့ပေ။ အိမ်အလုပ် ကိုလည်း စိတ်မဝင်စား။ သူ့အလုပ်မှာ နေ့စဉ်မှန်မှန်သောက်နိုင်ဖို့၊ ပြီး・・・ ကြုံလာမည့် ကျိတ်ဝိုင်းလေးများတွင် ထိုင်နိုင်ဖို့သက်သက်။

တစ်ဖြည်းဖြည်း လင်မယား ကတောက်ကဆတ်ဖြစ်လာ၏။ အရွယ် ရောက်ပြီဖြစ်သည့် မောင်စိုးညွန့်နှင့် ကလည်း တဇောင်းစေးနှင့် မျက်ချေး။ မိသားစုများက အလုပ်အကိုင်တစ်ခုကို သေသေဝပ်ဝပ် လုပ်ကိုင်စေလိုသော် လည်း သူကဦးမဆောင် နောက်မလိုက်၊ ကန့်လန့်ဖြင့် လွယ်အိမ်လိုပေါ့စား။ ဒီကြားထဲ-အ ပျော်အပါးက မကင်းသူ။ သူ့ကိုယုံ၍ စီးပွားရေးအလုပ်လုပ်ရန် အကြောင်းပြချက်ဖြင့် ပေးရငွေတို့မှာ ဖျာပေါ်တွင် ဖျောက်ခဲ့သည်ပင် အကြိမ် ကြိမ်ရှိခဲ့ပေပြီ။

ကြာတော့-မကြင်လေးကိုယ်တိုင် ပင် သူ့ကိုစိတ်ကုန်လာသည်။ ငယ်လင် ငယ်မယားမို့ သားသမီးမျက်နှာကြောင့် သံယော ဇဉ်တွယ်နေခဲ့ရပေမင့် သူ့ကို စေတနာမရှိလှ။ ကိုမင်းသူမှာ သူတို့ အတွက် လူပိုတစ်ယောက် ဖြစ်လာ၏။ ကိုမင်းသူ-ဇနီးမယားကို မကြင်နာ သလို သားသမီးကိုလည်း မခင်တွယ် သလောက် မောင်စိုးညွန့်မှာ တူကလေး မောင်တင့်အောင် ကို ချစ်ရသည်က အမော။ အားနေလျှင် သူ့လက်ကပင် မချ။ ချီဟယ် ပွေ့ဟယ်ဖြင့် ချစ်လိုက်ရ သည်မှတုန်လို့။ ကလေး အဖေကို မျက်နှာကြောမတည့်သော်မှ ကလေး ငယ်အတွက်ဆို လိုလေသေးမရှိစေရ။ အစားကိုပင် အန်ကျွေးမည့်အဖြစ်မျိုး။ သူသွားလေရာနောက် ကလေးက တစ်ကောက်ကောက်။

တစ်နေ့-ကိုမင်းသူနှင့်မကြင်လေး အကြီးအကျယ် စကားများကြ၏။ ကိုမင်းသူမှာ ဇနီးသားတို့ကို မိမိပိုင် ငွေဖြင့် တစ်ပြားတစ်ချပ် မထောက်ပံ့ နိုင်လင့်ကစား ဇနီးပိုက်ဆံဖြင့် အငယ် အနှောင်းထားလိုသေးသည်။ တီးတိုး သတင်းစကားများအရ မသင်္ကာနေသူ မကြင်လေးမှာ ကြားလူမှတဆင့်ပေး နိုင်းလိုက်သည့် စာတစ်စောင်မိရာမှ အချင်းများကြရသည်။ ပထမပိုင်း လှည့် ပတ်ညာဖြန်း၍ မှုံလာဥလုပ်လိုသော် လည်း တိတိကျကျ မိထား-သိထား ပြီးမို့ မငြင်းသာ・・・

"အေး・・・ဟုတ်တယ်ကွာ၊ ယောက်ျားကောင်း မောင်းမ တစ် ထောင်တဲ့-မင်းမကြားဖူးဘူးလား။"

"အောင်မယ်ရှင်က လာ-လာသေး။ ရှင်ဟာ ယောက်ျားကောင်းတဲ့လား။ မယားထမိန် နားခိုစားနေတဲ့လူကလေး။ ရှင်လုပ်စာပင်စင်နဲ့ တစ်သောင်း။ ယူယူ ပေါ့ ခုဘာအလုပ်မှ မလုပ်ဘဲ တစ်နေ့ တစ်နေ့ အရက်တမြမြဖဲဝိုင်းက ဖင်မကြွ ချင်တဲ့လူစား။ ကျုပ်တို့က ကိုယ်ကျင့် တရားကောင်းတာပဲ လိုလားတယ်၊ ရှင် ရဲ့ မောင်းမတစ်ထောင်ထဲမှာလည်း မပါ နိုင်ဘူး။ မိကောင်းဖခင်သားသမီးရှင့်"

"ကဲ-မင်းဘာဖြစ်ချင်တာလဲ၊ ပြော။ ငါ့ကို ဒီလိုစော်ကားနေတာ ခေါင်းငုံ့ မခံနိုင်ဘူး၊ ဒီတော့ မင်းနဲ့ငါလမ်းခွဲကြရုံပဲ ရှိတယ်။"

"ကြွ・・ ကြွ ကြိုက်ရာလမ်းကကြွ၊ ရှင်မရှိလို့ ဒီအိမ်မှာ အကုန်အကျ သက်သာတာကလွဲလို့ ဘာအကျိုး အမြတ်မှမရှိဘူး။ ဘာဝင်ငွေမှ တိုး မလာဘူး။"

"မင်း တော်-တော့နော်။ ကြာရင် ငါလက် ပါလာမိလိမ့်မယ်။"

"ခင်ဗျားသတ္တိရှိရင်၊ ကျုပ်အစ်မကို လက် ဖျားနဲ့ တို့ကြည့်လိုက်စမ်း။"

ခက်ခက်ထန်ထန်ဖြင့် အစ်မနှင့် ယောက်ဖကြား ဝင်လာသူက・・・ မောင်စိုးညွန့်။

"မပြောဘူးဆိုပြီး ထောက်ထား ရမယ့် မျက်နှာတွေကြောင့် အောင့်အီး သည်းညည်းခံ လာတာကြာပြီ၊ ခင်ဗျား လုပ်ပေါက်ကဘာလဲ၊ အလုပ်လည်း မလုပ်အရက်ကလေးတမြမြ အလောင်း ကစား အပျော်အပါးက မကင်းဘူး။ ဒါ့ အိမ်ထောင်ဦးစီးယောက်ျား အလုပ် လား။ ခင်ဗျားမရှက်ဘူးလား။"

ထိုနေ့မှစ၍- ကိုမင်းသူအိမ်ပေါ်မှ ဆင်းသွားသည်။ သတင်းအစအနပင် မကြားရ။ တစ်ရွာတကျေးတွင် ဆုံး ကြောင်း သန့်သန့်ကြားရသော်လည်း မှုလထဲက သေစာရင်းသွင်းထားသူမို့ မကြင်လေးတို့မိသားစုတွင် ခံစားမှုမရှိ- နတ္ထိ။

www.burmeseclassic.com

နှစ်တို့မှာ အလီလီပြောင်း၍ ကြာညောင်းခဲ့ပါပြီ။

မောင်တင့်အောင်ပင် အသက်ဆယ့်ရှစ်နှစ်ကျော်ကျော် လူပျိုဖါးဖါးကြီးဖြစ်လာခဲ့ပြီဖြစ်သည်။ အရွယ်ရှိသော်လည်း မကြင်လေး အိမ်ထောင်မပြုသလို၊ မောင်စိုးညွန့်မှာ အစ်မနှင့်ဘူကလေးသံယောဇဉ်ကြောင့် အသက်သုံးဆယ်ကျော်သည်အထိ အိမ်ထောင်မပြု၊ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့်ပင်။

မိသားစု-တစ်စည်းတစ်လုံးတည်းပျော်ပျော်ပါးပါး လုပ်ကိုင်စားလာရာတစ်မျိုးဖောက်လာသူက-မောင်တင့်အောင်။ အလယ်တန်း ကျောင်းတက်နေရာမှ ရှစ်တန်းနှစ်နှစ်ကျပြီး ကျောင်းထွက်ခဲ့သည့်နေ့ ... စကောစက ပညာလေးနှင့် အရွယ်က မရောက်တရောက်၊ အရိုးလျှောက်ပြီး လည်ရာပြန်စားဖြစ်နေခဲ့၏။

"သား-ကျောင်းမတက်တော့ရင် အိမ်အလုပ်ဝိုင်းကူလုပ်ပေါ့။ လတ်လျားလတ်လျားဖြစ်နေတာ မေမေ မကြိုက်ဘူးကွယ်။"

"မမကလည်း ကလေးက ငယ်ပါသေးတယ်။ ကျွန်တော်တို့ အိမ်အလုပ်နိုင်နင်းပါတယ်။ ကလေးကို မလုပ်ခိုင်းပါနဲ့။ သူကြိုက်သလိုနေပါစေ။"

မိခင်ဖြစ်သူ ဒေါ်ကြင်လေးက သားကိုဆုံးမရာတွင် ကိုစိုးညွန့် ကာဆီးကာဆီး ဝင်ပါလာသည်။ ကိုစိုးညွန့်ဆန္ဒမှာ သူ့တူပျော်ပျော်ပါးပါး နေစေချင်၏။

"အင်း မင်းက မင်းတူကိုချစ်တာ၊ တစ်နေ့နှစ်သလိုဖြစ်နေမယ်၊ ယောကျ်ားဆိုတာ အရွယ်ရောက်လာရင်ကိုယ့်အားကိုယ်ကိုးလုပ် တတ်ဖို့လိုတယ်ကွဲ့။"

"တူကြီးက ကြီးလာတော့ ကျွန်တော်တို့ကို လုပ်ကျွေးမှာပါ မမရယ်။ မဟုတ်ဘူးလားကွာ။ ပြောလိုက်လေ။"

"ဟုတ်တာပေါ့ လေးဖေဖေရဲ့။"

မောင်တင့်အောင် . . ငယ်စဉ်ကတည်းက ကိုစိုးညွန့်ကို ချစ်စနိုးဖြင့် ဦးလေးဖေဖေ(လေးဖေဖေ)ဟု နှုတ်ကျိုးခဲ့ရာယနေ့အထိခေါ်တုန်း။ ဒေါ်ကြင်လေးမှာ မောင်ဖြစ်သူ၏ စိတ်စေတနာ စိတ်ရင်းကြောင့် မပြောသာဘဲ ရှေ့နှုတ်ပိတ်နေခဲ့သောလည်း အချိုးမတိုးသည့်သားအပေါ်တွင် စိတ်တိုင်းမကျလှ။ ရောင့်တက်လာမှာ စိုးသည်က-အမှန်။

(ပါပသို့ ရမတီမနော) စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည် ဆိုစကားအတိုင်း အလုပ်မရှိ အကိုင်မရှိ စိတ်လွတ်ကိုယ် လွတ်သွားလာတတ်သူ မောင်တင့်အောင်မှာ အပေါင်းအသင်းများများခဲ့၍ သောက်စားတတ် ပျက်စီးစပြုလာ၏။ ဆွေရိပ်မကင်းမျိုးရိပ်မကင်း သူတို့၏ သတိပေးစကားများ ဒေါ်ကြင်လေး နားဝလျှံခဲ့ပြီပဲ။ သားအတွက် သောကဖြင့် မျက်ကလဲဆန်ပျာ၊ မောင်ဖြစ်သူအား ဖွင့်ဟတိုင်ပင် လိုက်သည်။

"မဖြစ်နိုင်ပါဘူး မမရယ်။ တူကြီးလည်း ခေတ်ပညာအထိုက်အလျောက် တတ်တာပဲဟာ ဒါလောက် မမိုက်နိုင်ပါဘူး။ ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်။"

ကိုစိုးညွန့် အလုပ်များနေရာမှ ထခဲ့ရပြီး တူလိုသားလိုမို့ သူမနေနိုင်ခဲ့ပေ။အလုပ်ထဲတွင်နှစ်နေ၍ ကိုစိုးညွန့် တစ်ယောက်မောင်တင့်အောင်အကြောင်း တစ်စွန်းတစ်စ မကြားခဲ့သော်လည်း။ တကယ်စုံ စမ်းလာသောအခါ ရင်နှင့် စရာသတင်းစများ မှာနား နှင့် မဆန့်။ သူရင်ကွဲလုမတတ် ခံစားရသည်၊ စိတ်မကောင်းဖြစ်ရသည်။

("မိုက်လိုက်တဲ့အကောင် အလိုလိုက်လို့အမိုက်စော်ကားတာ၊ ဒင်းအဖေလို အရက်သမား ဖဲသမား အဖြစ်မခံနိုင်ဘူး၊ ဒင်း-ကိုတားမှဖြစ်မယ်။")

ရင်နှင့်အမျှ ငယ်စဉ်ကပင် ချစ်ခင်လာရသူမို့ ဒေါသလဲပွမိ၏။ ကိုစိုးညွန့် တစ်ရွာလုံး ဒေါင်းတောက်အောင်ရှာဖွေခဲ့ရာ၊ တွေ့မယ့်တွေ့တော့ အရက်သမားချက်ကြီး အိမ်နောက်ဖေးတွင် အပေါင်းအသင်းများနှင့် လူမှန်းမသိအောင် မူးနေကြသည်။

"ဟော့ကောင် . . ထစမ်း။"

"အာ . . လေးဖေဖေ-ပါလား၊ လာလေ သောက်ပါဦး။"

မခန့်ပက်စက် အပြောကြောင့် ဒေါသဖြင့် . . . သူတို့ရှေ့မှစားပွဲကိုခြေထောက်နှင့် ကန်ပစ်လိုက်၏။ စားပွဲပေါ်တွင်တင်ထားသည့် ပုလင်းဖန်ခွက်နှင့် အမြည်းပန်းကန်တို့မှာ ကျွမ်းထိုးမှောက်ခုန် လွင့်စင်ကုန်သည်။ အားလုံးကလည်း မျက်စေ့ပျက်-မျက်နှာပျက်။



www.burmeseclassic.com

www.burmeseclassic.com

"ငါကတော့ အဓိန္နိရှည် မစင်သေးတဲ့ အရှယ်မှတ်နေတာ မင်းက မင်းအဖေရဲ့အမွေဆိုးခံပြီးအရက်သမား-ဖဲသမားလုပ်မလို့ပေါ့လေ။ ဒါလူ့အလုပ်မဟုတ်ဘူး။ခွေးအလုပ်ကွ။ခွေး-အလုပ်"

မောင်တင့်အောင် ယိုင်ထိုး-ယိုင်နဲ့ဖြင့် ထလာ၏။ သူ့ကိုယ်သူမှ မနည်းတာစူနေရပုံရသည်။ သူ့တွင် ရှိသေလေးစားရကောင်းမှန်း အသိတရားတို့မရှိပါလေ။

"ကျွန်တော်က ခွေး・・ဆိုရင် လေးဖေဖေ က ခွေးဦးလေးပေါ့နော်။"

ကိုစိုးညွန့်၏ ဒေါသတရားတို့ အထွဋ်အထိတ် ရောက်သွား၏။ သို့သော်-မလုပ်ရက်။

"ဒီကောင် ငါသတ်မိတော့မယ်-နော်။"

ငယ်ကတည်းက နှီးတစ်ချောင်းကိုး အောင်မရိုက်ခဲ့ဘူးသူ ဖြစ်သော်လည်း ဒေါသ နှင့်ယှဉ်လာသောအခါ အားနှင့်ဆောင့်တွန်းလိုက်သဖြင့် အိမ်အောက်သစ်ဟောင်းပုံနား လဲသွား၏။

"မင်းတို့ဒီကောင့်ကို အိမ်အရောက်လိုက်ပို့-မင်းတို့နဲ့ပေါင်းမှပျက်စီးတာ။"

သောက်စားနေသူများမှာ ကိုစိုးညွန့် ဒေါသကို သိသဖြင့် တုတ်တုတ်မျှ မလှုပ်။ ကိုစိုးညွန့်ပြန်မည်ဟု အလှည့် ဘယ်အချိန်ထလာသည်မသိ၊ မောင်တင့်အောင်က နှစ်တစ်လက်မရိုက်တန်ကောင်း တုတ်တစ်ချောင်းဖြင့် ဝင်ရိုက်ပါတော့သည်။ ငုံ့လိုက်မိသူ-ကိုစိုးညွန့်မှာ တစ်ဘက်သား ရိုပ်ကနဲရိုက်ချက်ကို မြင်သောကြောင့် တုတ်ချက်မှာ ပခုံးစောင်းပေါ်သို့သာကျသွား၏။ တုတ်ကိုလည်း ဖမ်းလုလိုက်ရာ-ကိုစိုးညွန့်လက်တွင်းရောက်လာသည်။

"အောင်မာ-မင်းကငါ့ကို ရိုက်တယ်ပေါ့ ကဲ-ကွာ။"

ကိုစိုးညွန့်ရိုက်ချက်မှာ သတိတရားနှင့်ယှဉ်၍ ကျောပြင်သို့ ပစ်မှတ်ထားခဲ့သော်လည်း ဟပ်ထိုး-ဟပ်ထိုးဖြစ်နေသူ မောင်တင့်အောင် ခေါင်းနောက်ပိုင်းသို့ဖြတ်၍ရိုက်မိသဖြင့် မောင်တင့်အောင် မြေပေါ်စိုက်လဲသွားရာ၏။ ကိုစိုးညွန့်မှာ ငေးကြောင်လျက်။ သူ့ရိုက်ချက်မှာ တစ်ချက်ထဲ၊ ကြက်သေသေ နေသူများ ပွဲချိုမကြသည်အထိ မောင်တင့်အောင်မှာ သတိမလည်သေး။ နာခေါင်းနှင့် ပါးစပ်မှ တစ္စီးစီးအသံတို့ဖြင့် မထိတ်သာမလန့်သာ။ သို့ဖြင့်-အမြန်ဆုံး ဆေးရုံပို့ရန်ပြင် ရပါတော့သည်・・・။

◆◆➤◆◆

(၄)

"အဲဒါပါပဲ ဆရာလေးရယ်၊ ကိုစိုးညွန့် သူ့အစ်မကို ကန့်တော့ပြီး-ကိုယ်တိုင်ရဲစခန်းမှာ သွားအဖမ်းခံတယ်။ သူ့အစ်မလည်း ပတ္တု မြေလူးပေါ့၊ ခုမောင်တင့်အောင်ဆုံးသွားပြန်ပြီ၊ သားသေပြီး-မောင်အဖမ်းခံရတဲ့ မိန်းမတစ်ယောက်ရဲ့ အပူမီးကို စဉ်းစားသာကြည့်ပါတော့။"

"အင်း ခင်ဗျားပြောတာကြားရရုံနဲ့တင် စိတ်ဆင်းရဲစရာကြီးဗျာ။ ဒီကိစ္စတွေ့ရဲ့တရား ခံလက်သည်ဟာ အရက်ပေါ့။ အရက်ရဲ့ ဆိုးကျိုးတွေကတော့ ပြောလို့မကုန်လောက် အောင်ပါပဲ။"

"ဟုတ်တယ်-ဆရာလေးရေ မောင်တင့်အောင် ဖခင် လက်ထက်ကလည်းအရက်ကြောင့် မိသားစုတွေပြိုကွဲခဲ့ရတယ်။ သူ့လက် ထက်ရောက်တော့ အဖေလိုချစ်တဲ့ ဦးလေးလည်းအဖမ်းခံရ၊ သူလည်းသေရတဲ့ အဖြစ်ဆိုးပါ။"

စာရေးသူပြန်လာချိန်မှာ နေ့လယ်နှစ် နာရီပင်မထိုးတတ်သေး။ လမ်းတစ်လျှောက်လုံး မောင်တင့်အောင်၏ အကြောင်းမှာ တွယ်ငြိပါလာပါသည်။ သေသူက သေသွားခဲ့သည့်တိုင် ဦးလေးဖြစ်သောကိုစိုးညွန့်မှာ သာမန်ရိုက်နှက်မှု မဟုတ်မှုပဲ ကြုံတွေ့ရတော့မည် လူသတ်မှုအပြစ်ဒဏ်။ ပူဆွေးသောက ဗျာပါဒတို့ဖြင့် မိခင်ကြီးဒေါ်ကြင်လေး သူတို့・・・ သူတို့အတွက် စာနာစိတ်ဖြင့် စိတ်မကောင်း ရှုမှုတစ်ပါး-

မင်္ဂလာသုတ်ပျို့တွင် ယစ်မျိုးဆယ်ပါး၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို ပယ်ပစ်ရှောင်ကွင်း။ စောင့်ရှောက်ခြင်းကား၊ တစ်ပါး ခေါ်ဆိုဟူ၍ရေးသားခဲ့သည်ပဲမဟုတ်ပါလား။

မျိုးသစ်

(ကာယရှင်များ၏ အမည်နာမ လွှဲပြောင်း ရေးသားထားသည်မှတစ်ပါး-ဟသ်ာတခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်တစ်ပုဒ်ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ညဆိုး

ရွှေန်ကျော်ဦး

မကောင်းမှု အကျင့်စရိုက်တွယ်မိလျှင် ဖျောက်နိုင်ဖို့ အလွန်ခဲယဉ်းသည်။ ခုလည်း ... ကြည့်။ ဒီအကျင့်စရိုက်ဆိုးကြောင့် ထွေးရှိန်သေဆုံးခဲ့သည်။ ထွေးရှိန်သေဆုံးခဲ့သည်ကို အများသူငှာက သနားဖို့ဝေးစွ။ "သေတာပဲကောင်းတယ်။ ဒီညဥ့်ဆိုးက သူ့ကို တုံ့ပြန်တာ" ဟူသော စကားသံများက ထွေးရှိန်သေဆုံးပြီးစကတည်းက တီးတိုးပေါ်လာခဲ့ခြင်း ဖြစ်သည်။ ထွေးရှိန်အကျင့်စရိုက်ကလည်း လူတကာ နှာခေါင်းရှုံ့ချင်စရာ၊ ကဲ့ရဲ့ချင်စရာ ဖြစ်ခဲ့သည်။

"ထွေးရှိန်မိန်းမ ယဉ်လှကတော့ သနားစရာပါ။ သူ့ခမျာ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့တာ"

တချို့ကလည်း ထွေးရှိန်အဖြစ်ကို ရှုတ်ချပြီး၊ ပြောဆိုသော်လည်း ထွေးရှိန်မိန်းမ ယဉ်လှနှင့် ကလေးနှစ်ယောက်ကို ကရုဏာသက်ကြသည်။ ခုလည်းကြည့်။ ရှေ့ဆုံးမှ ကြေးစည်သံလေး တနောင်နောင်ရိုက်ခတ်ပြီး ထွေးရှိန်၏ နောက်ဆုံးခရီးလမ်းကို လိုက်ပို့ကြခြင်း ဖြစ်သည်။ လိုက်ပို့သည့်လူများက များများစားစား မဟုတ်။ ထွေးရှိန်၏ မိဘဆွေမျိုးနှင့် ရင်းနှီးခင်မင်ကြသည့်လူများသာ။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် ရွာသို့ ပြန်ရောက်ပြီး ဆယ်ရက်ခန့်ပင် ရှိသေးသည်။ ထွေးရှိန် ရုတ်တရက်ဆုံးပါးခဲ့ခြင်း ဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော်ရွာပြန်ရောက်ပြီး နောက်နေ့ ထွေးရှိန်နှင့် တွေ့ဆုံခဲ့သည်။

ကျွန်တော် ထွေးရှိန်နှင့်တွေ့ဆုံခဲ့သည့်နေရာက ရွာစွန်ထန်းတော ဖြစ်သည်။ ထွေးရှိန်က ထန်းတောကွင် နေလိုင်ပြီး ထန်းတက်နေခြင်း ဖြစ်သည်။ ငယ်စဉ်ကတည်းက ထန်းရည်ခါးခါးကို ခုံမင်ခဲ့သူ။ ယခုလို ထန်းတက်နေရခြင်းက ထွေးရှိန်အဖို့ ရောက်အသင့် ကြာအသင့် ဖြစ်နေသည်။

"မောင်ဦး ... ထန်းရည်သောက်လေကွာ။ မင်းလာတာ ဝါဝမ်းသာတယ်ကွာ။ မင်းကိုညှော်ခံစရာက ထန်းရည်ပဲရှိတယ်။ ဟောဒီမှာ အမဲခြောက်ဖုတ်"

"ကျေးဇူးပဲ သူငယ်ချင်း။ ငါ ထန်းရည်မသောက်တတ်မှန်း မင်းသိပါတယ်ကွာ။ ငါအမြည်းတော့ စားမယ်။ မင်းကို သတိရလို့ လာတွေ့တာကွ။ မင်းခုလို ကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာတယ်ကွာ"

"မင်းစကားကြီးကလည်းကွာ။ ငါ ကျန်းကျန်းမာမာတော့ ဟုတ်ပါပြီ။ ချမ်းသာတာလေးလည်း ထည့်ပြောစမ်းပါဦးကွာ"

ထွေးရှိန်က ကျွန်တော့်ကို ထန်း



www.burmeseclassic.com

www.burmeseclassic.com

ရှည်နှင့် ညှော်ခိသည့်ဆံပင်သော်လည်း သူ့ကချည်း စကားတဖောင်ဖောင်ပြောရင်း ထန်းရည်သောက်နေခြင်း ဖြစ်သည်။

“ဒါ မင်းအတွက် ချမ်းသာပါစေ [illegible] [illegible]တယ်ကွာ”

ကျွန်တော်က [illegible]အလိုအတိုင်း ပြောရင်း [illegible] အမဲခြောက်ဆီဆမ်းကို [illegible] စားကာ [illegible] ကျွန်တော် [illegible]ကြည့်ပြီး သနားမိသည်။ ကြည့်လေ၊ ငယ်စဉ်က မိဘများ ချမ်းသာခဲ့၍ အစအနေရာရာ ပြည့်စုံခဲ့သည့်ဘဝ။

ခုတော့ ကျွန်တော် နှစ်အတန်ကြာပင် ရွာနှင့် ကင်းကွာသွားပြီး အလည်ပြန်ရောက်တော့ ထွေးရှိန်အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်ဖခင် ဖြစ်နေသည်။ ပြီး … အလုပ်အကိုင်က မိဘလက်ငုတ်ဖြစ်သည့် ထန်းတောတစ်ခုသာ ကျန်တော့သည်။ သည်ထန်းတောတွင် ထွေးရှိန်နေရင်း ထန်းတက်ပြီး ထန်းရည်ရောင်းနေရသည့်ဘဝ။

“မင်းဆုတောင်းစကားကို ငါကြားရလို့ ဝမ်းသာပါတယ်ကွာ။ ငါ့ဘဝကတော့ မင်းမြင်တဲ့အတိုင်းပဲ။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ မင်းနဲ့တွေ့ရတာ နောက်ဆုံးလို့ထင်တယ်”

ထွေးရှိန်က ထန်းရည်မူးမူးနှင့် ပြောလိုက်သည့်စကားကြောင့် ကျွန်တော် စိုးထိတ်သွားမိသည်။

“ထွေးရှိန် … မင်းထန်းရည်မူးပြီး ဘာတွေပြောနေတာလဲ။ မင်းက ငါနဲ့တွေ့တာ နောက်ဆုံးဟုတ်လား။ မင်းဘယ်ကို ခရီးသွားမလို့လဲ”

ကျွန်တော့်စကားကြားတော့ ထွေးရှိန်က အုပ်အုပ်ဆိုင်းဆိုင်း တွေ့မြင်နေရသည့် ထန်းပင်များကို မော့ကြည့်ပြီး သက်ပြင်းရှည်ကြီးကို ချနေသည်။

“ခုတလော ငါ့စိတ်ထဲမှာ တစ်ခုခု ခံစားနေရသလိုပဲကွာ”

“မင်းအတွေးလွန်ပြီး စိတ်ချောက်[illegible]နေတာ ဖြစ်မှာပါကွာ။ မင်းက ငါ့ထက် ကျန်းမာရေးကောင်းပါတယ်ကွာ”

ကျွန်တော်က ထွေးရှိန်ခန္ဓာကိုယ်ကိုကြည့်ပြီး ပြောလိုက်သည်။ ထွေးရှိန့်ခန္ဓာကိုယ်က ရာသီဥတုကို ကြံ့ကြံ့ခံပြီး လှုပ်ရှားသွားလာနေရသည်မို့လားမသိ။ အသားအရေက ညိုမောင်းသော်လည်း ဖုထစ်နေသည့် ကြွက်သားများနှင့် ပြည့်တင်းနေသည့် ခန္ဓာကိုယ်။

“ဟော … ငါ့ဖောက်သည်တွေလာနေပြီ၊ ငါရောင်းလိုက်ဦးမယ်။ လာတဲ့သူတွေက ထန်းရည်ခါးခါး ပင်ကျရည်ကို ကြိုက်တာကွ။ မင်း အေးအေးဆေးဆေး နေဦးကွာ။ ငါ့မိန်းမ ချက်ပြုတ်နေတယ်”

ထွေးရှိန်က ထန်းတောထဲသို့ ဝင်လာသည့်လူများကို တွေ့လိုက်ရ၍ ကျွန်တော့်ကိုပြောပြီး ထန်းတဲလေးထဲမှ ထွက်သွားသည်။ ကျွန်တော် ထွေးရှိန်ကိုကြည့်ရင်း ဇဝေဇဝါဖြစ်နေမိသည်။ ထွေးရှိန်စကားကို ကြားယောင်မိပြီး စိတ်ထဲတွင် စိုးထိတ်နေမိသည်။ အမှန်တော့ ထွေးရှိန်၏ လက်ငင်းဘဝက ထန်းတက်ပြီး ထန်းရည်ရောင်းသူ။ ထွေးရှိန် ထန်းရည်မူးမူးနှင့် ထန်းပင်ပေါ်က လိမ့်ကျလျှင်ဟူသော ကျွန်တော့်အတွေးစက ပေါ်လာပြီး ထွေးရှိန်အတွက် ပိုပြီး စိုးရိမ်သွားမိသည်။

❒

“အစ်ကို … ရေနွေးကြမ်း[illegible]ပါဦး။ ထမင်းနဲ့ဟင်းက ချက်ပြီးပါပြီ။ ကိုထွေးရှိန်က သူပြန်လာမှ အစ်ကိုနဲ့အတူ ထမင်းစားမယ်လို့ ပြောထားလို့ပါ”

ကျွန်တော် ထွေးရှိန်အကြောင်း မည်မျှ စဉ်းစားမိရင်း အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေသည့် ထန်းတောကြီးကို ကြည့်နေမိသည်မသိ။ ထွေးရှိန်မိန်းမ စကားသံကြားမှ အတွေးရပ်သွားမိသည်။ ထွေးရှိန်မိန်းမက [illegible] ရှုပ်ရှည်ရှိပြီး ခန္ဓာကိုယ်က [illegible]လျသည်။ ကျွန်တော့်ကို ညှော်ဝတ်စကားပြောဆိုနေသော်လည်း တစ်စုံတစ်ခုကို မျိုသိပ်ခံစားနေရသည့် အလား မျက်နှာက ညှိုးငယ်နေရှာသည်။

“ညီမယောကျ်ားထွေးရှိန်နဲ့ အစ်ကိုက ငယ်သူငယ်ချင်းတွေပါ။ အစ်ကိုက မြို့ပြောင်းသွားတာ နှစ်အတော်ကြာသွားတော့ ထွေးရှိန်အိမ်ထောင်ကျမှန်း မသိခဲ့ဘူး။ ခုရွာအလည်ပြန်ရောက်တော့ ထွေးရှိန်ကို သတိရပြီး လာတွေ့တာ။

“အစ်ကိုလာတာကို ကိုထွေးရှိန်က သိပ်ဝမ်းသာနေတာ။ အစ်ကို့သူငယ်ချင်းကိုလည်း ကြုံတုန်းပြောပေးခဲ့ပါဦး။ ကျွန်မကတော့ နေ့တိုင်း သူ့ဝဋ်ကြွေးကို ဆပ်နေရတာ”

“ညီမက ထွေးရှိန့်ဝဋ်ကြွေးကို ဆပ်နေရတယ် … ဟုတ်လား”

ထွေးရှိန့်မိန်းမ ယဥ်လှ၏ ထူးထူးခြားခြားစကားကြောင့် ကျွန်တော် အံ့အားသင့်သွားပြီး ကြည့်လိုက်မိသည်။ ထွေးရှိန်မိန်းမက စိတ်ထဲတွင် မည်မျှ သိုဝှက်ပြီး ခံစားထားရမှန်းမသိတော့။ မျက်ရည်လေးဝဲရင်း ငိုရှိုက်သံမှုန်မှုန်က ပေါ်လာသည်။

“ဒီလိုပါ အစ်ကိုရယ် … အစ်ကို့သူငယ်ချင်း အကျင့်ပါ။ ကျွန်မ ဘယ်လိုပြောပြောမရဘူး။ ခုလည်း ကျွန်မ ကလေးနှစ်ယောက်ကိုခေါ်ပြီး မိဘရပ်[illegible] ပြန်ဖို့ စိတ်ကူးနေတာ။ [illegible] ကိုထွေးရှိန်က သိသွားလို့ [illegible] ကျွန်မကို [illegible] ရိုက်နှက်ရိုက် လုပ်ခဲ့သေးတာ”

ထွေးရှိန့်မိန်းမ [illegible] မှ ကျွန်တော် [illegible] ကြည့်လိုက်မိသည်။ [illegible]နေသည့် ပါးနှစ်ဖက်။ သို့ကိုင် လူသိမှာစိုး၍လား။ ထွေးရှိန်ကို ကြောက်ရွံ့၍လားမသိ။ အရိုက်ခံထားရသည့် ပါးနှစ်ဖက်ပေါ်သို့ သနပ်ခါးထူထူ



www.burmeseclassic.com

www.burmeseclassic.com

ကြီး လိမ်းထားသည်ကို တွေ့လိုက်ရသည်။

"အတော်ခက်တဲ့ ထွေးရှိန်ပါလား။ ဒီကောင် ဆိုးမှန်းသိရင် ထွေးရှိန်ရဲ့ ဆွေမျိုးသားချင်းတွေကို တိုင်ပါလား"

"ကျွန်မ ဘယ်လိုတိုင်တိုင် မရဘူး အစ်ကို။ သူ့ဆွေမျိုးတွေက ကိုထွေးရှိန်နဲ့ ဆွေမျိုးတော်ရတာ ရှက်တယ်လို့ပြောတယ်။ ပြီးတော့ ကျွန်မကိုလည်း သည်းခံနိုင်သမျှ သည်းခံပါတဲ့။ သည်းမခံနိုင်တဲ့ အဆုံး နှင့်မိဘတွေဆီ ပြန်သွားလို့ ပြောထားလို့ ကျွန်မခက်နေတာ"

ထွေးရှိန်မိန်းမက အပူရုပ်ကို ဟန်လုပ်ပြီး ပြောဆိုနေသော်လည်း ကျွန်တော် တွေးတော၍မရနိုင်ဘဲ ဖြစ်နေသည်။ ကျွန်တော် ထွေးရှိန်နှင့် ငယ်စဉ်ကတည်းက ပေါင်းလာသူဖြစ်၍ ထွေးရှိန်၏ အကျင့်စရိုက်ကို သိသည်။ ထွေးရှိန် ငယ်စဉ်က အရက်၊ ထန်းရည်မပြောနှင့် ဆေးလိပ်ပင် မဖွာခဲ့။ ကျွန်တော် ဖျတ်ခနဲ သတိရသွားမိသည်။

"ဒါဆို .. ထွေးရှိန် မိန်းမကိစ္စ မဟုတ်လား"

"ဟုတ်တယ် အစ်ကို။ ကျွန်မနဲ့ အိမ်ထောင်မကျခင်က သူ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးခဲ့တာ ကျွန်မ မသိခဲ့ဘူး။ ခုလည်း ကျွန်မက ကလေးနှစ်ယောက်တောင် ရနေပြီ၊ ဆင်ခြင်ပါပြောလည်း မရဘူး။ မိန်းကလေးတွေဘက်က မိဘမောင်ဖွားတွေက တစ်နေ့နေ့ ကိုထွေးရှိန်ကို အသက်အန္တရာယ်ပေးမှာ ကျွန်မ စိုးရိမ်တယ်"

ထွေးရှိန်မိန်းမက ကျွန်တော့်ကို ပြောရင်း မျက်ရည်ဝဲနေရှာသည်။ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ ထွေးရှိန်က မိန်းမချောချောဆိုလျှင် စိတ်ဝင်စားတတ်သည့်အကျင့်။ သည်တော့ ကျွန်တော်နှင့် မတည်း။ အခါခါ စကားများဖူးခဲ့သည်။ ထိုစဉ်က မခင်ပွားဆိုသည့် မိန်းကလေးကို ကြိုက်ပြီး စကားပြောခဲ့သည်။ သည်အဖြစ်ကို မခင်ပွားမိဘနှင့် မောင်ဖွားများက တုတ်ဓားဆွဲ၊ ဓားဆွဲဖြစ်လာကြသည်။ ထွေးရှိန်မိဘများက အချိန်မီသိ၍ ထွေးရှိန်ကံကောင်းပြီး အရိုက်မခံရ။ ခုလည်း လာချေပြီ၊ ထွေးရှိန်မဖျောက်နိုင်သည့် အကျင့်စရိုက်။

"ထွေးရှိန်က ဘယ်မိန်းမနဲ့ ရှုပ်နေတာလဲ ညီမ"

"ပျဉ်းမရွာက အပျိုကြီးဆီကို သွားသွားနေတာ အစ်ကို။ ထန်းရည်ရောင်းသမျှပိုက်ဆံလည်း ကျွန်မကို အကုန်မအပ်ဘူး။ ကျွန်မက သူ့အတွက် နေ့စဉ်စိတ်ပူနေရတာ။ ပြီးတော့ ထန်းတောကထွက်သမျှ ထန်းရည်ဆိုလည်း သူ့အပေါင်းအသင်းတွေခေါ်ခေါ်ပြီး သောက်နေတာ။ အဲဒါ အစ်ကိုပြောပါဦး။ အစ်ကို သူငယ်ချင်းဆိုတော့ ဖျောင်းဖျပြောရင် ရမှာပါ။ ဪ ... အစ်ကို့ကို ပြစရာရှိတယ်"

ထွေးရှိန်မိန်းမက တဲအတွင်းသို့ ဝင်သွားပြီး ပြန်ထွက်လာကာ ကျွန်တော့်ကို ပြသည့် စာရွက်ခေါက်ကလေး။ ကျွန်တော် ဖတ်ကြည့်လိုက်မိသည်။

"အစ်ကို ထွေးရှိန် ...

လပြည့်ည လာခိုးပါ။ စောင့်နေမယ်"

မညီမညာ လက်ရေးဖြင့် ရေးသားထားသည့် စာရွက်လေးဖြစ်သည်။

"ဒီစာကို ဘယ်သူရေးတာလဲ ညီမ"

"ဘယ်သူရေးရမှာလဲ အစ်ကိုရယ်။ သူယူမယ့် အပျိုကြီးပဲ ဖြစ်မှာပေါ့။ အဲဒါ သူထန်းရည်မူးနေတုန်း ပုဆိုးကြားက ထွက်ကျတာတွေ့လို့ ကျွန်မ သိမ်းထားတာ။ သူ့ကိုပြရင် ကျွန်မကို ရိုက်ဦးနှက်ဦးမှာ အစ်ကို ..."

ကျွန်တော့်အဖို့ ရွာသို့ အလည်ပြန်ရောက်ရောက်ချင်း သူငယ်ချင်းထွေးရှိန်အဖြစ်ကို သိခွင့်ရလိုက်၍ စိတ်မကောင်းဖြစ်သွားမိသည်။

"ညီမရယ် ... ဖြစ်ခဲ့တာတွေကို တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့။ အစ်ကိုလည်း ရွာမှာ နေဦးမယ်ဆိုတော့ ထွေးရှိန်ကို ဖျောင်းဖျပြီး ပြောကြည့်ပါဦးမယ်။ ညီမအဆင်ပြေအောင် အစ်ကိုကြိုးစားပါ့မယ်"

"ကျွန်မဝမ်းသာလိုက်တာ အစ်ကိုရယ်။ ကျွန်မက သူကလွဲပြီး ဘယ်သူမှ အားကိုးရာမရှိတဲ့ဘဝ ဖြစ်နေတာပါ။ ဪ ... အစ်ကိုလည်း ထမင်းဆာရောပေါ့"

"ထွေးရှိန်လာမှ အစ်ကို အတူစားမယ် ညီမ"

"စောင့်မနေပါနဲ့ အစ်ကို။ သူ့စကားကို မယုံနဲ့။ ခုလည်း အစ်ကို့ကို ပြောပြီး သူ့ဖောက်သည်တွေနဲ့ စကားပြောရင် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေမှာ မလွဲဘူး"

ထွေးရှိန်မိန်းမ ယဉ်လှပြောလည်း ပြောစရာပင်။ ကျွန်တော် ထွေးရှိန်နှင့် အတူ ထမင်းစားရန် နာရီအတန်ကြာ စောင့်ကြည့်မိသည်။ ထွေးရှိန်က လုံးဝ ပေါ်မလာတော့။ ထွေးရှိန်မိန်းမပြင်ထားသည့် ထမင်းဝိုင်းတွင် ကျွန်တော်တစ်ယောက်တည်း ထမင်းစားနေမိသည်။ ထန်းရည်သောက်သူများနှင့် စကားတဖောင်ဖောင်ပြောနေသံက ထန်းတောဘက်ဆီမှ တိုးဝှေ့လာသည့် လေနှင့်အတူ ပေါ်လာနေဆဲ ဖြစ်သည်။

❒

"သူငယ်ချင်း ... ထွေး .. ထွေးရှိန် ဆုံးသွားပြီ"

ရုတ်တရက် ကြားလိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရွှေ၏ စကားသံက မယုံနိုင်စရာဖြစ်ခဲ့သည်။ ကုန်လွန်ခဲ့သည့် လေးငါးရက်က ကျွန်တော် ထွေးရှိန်ထန်းတောသို့ ရောက်ခဲ့ပြီးဖြစ်သည်။

"ထွေးရှိန် ဘယ်လိုဖြစ်တာလဲ ကြီးရွှေရာ။ ငါ့ကို ပြောစမ်းပါဦး"

ကျွန်တော် စိတ်လှုပ်ရှားစွာဖြင့် ကြီးရွှေကို မေးလိုက်မိသည်။ ကြီးရွှေက ကျွန်တော့်အမေးစကားကို မဖြေနိုင်။ ငူငူကြီးထိုင်နေဆဲ ဖြစ်သည်။ ကျွန်တော်၊ ထွေးရှိန်၊ ကြီးရွှေက ငယ်သူငယ်ချင်းအရင်းတွေ ဖြစ်သည်။ ကျွန်တော်က မြို့မှာနေသော်လည်း ထွေးရှိန်နှင့် ကြီးရွှေက ရွာမှာ ကျန်ခဲ့သည်။ ထွေးရှိန်က ထန်းတက်သလို ကြီးရွှေက ခြံလုပ်သည်။

"မင်းသိတဲ့အတိုင်းပဲ ငါနဲ့သူက ရွာမှာ အတူနေကြပေမဲ့ ဒီကောင့်အကျင့်စရိုက်ကို ငါမကြိုက်လို့ ခပ်ခွာခွာနေခဲ့တာ မောင်ဦး။ ဒီကောင်က ထန်းတောကိုင်မှ အရက်အပြင် ထန်းရည်လေးတမြမြ ဖြစ်နေတာ။ ခုအဖြစ်က ကြားလို့တောင် မကောင်းဘူးကွာ။ ပြီးတော့ ဒီကောင် ခုသေရတာ အသေဆိုးသေရတာ"

ကြီးရွှေက စကားအလျဉ်မပြတ် ပြောဆိုနေ၍ ကျွန်တော် နားထောင်ရင်း ဇဝေဇဝါ ဖြစ်သွားမိသည်။

"ငါ့ကို နားရှင်းအောင် ပြောစမ်းပါဦး ကြီးရွှေရာ။ ထွေးရှိန် အသေဆိုးနဲ့ သေတာ ထန်းရည်မူးလွန်ပြီး ထန်းပင်ပေါ်ကကျတာလား"

"ထွေးရှိန် … ထန်းပင်ပေါ်က ကျသေတာက နားထောင်လို့ကောင်းသေးတယ် မောင်ဦး။ ခု ထွေးရှိန်သေတာက မိန်းမကိစ္စကွ … မိန်းမကိစ္စ"

ကျွန်တော် ကြီးရွှေစကားကို ကြားလိုက်ရ၍ အံ့ဩတကြီး ဖြစ်သွားမိရင်း တုန်လှုပ်သွားမိသည်။ သည်တော့မှ ကျွန်တော့်ကို ထွေးရှိန်မိန်းမ ယဉ်လှပြခဲ့သည့် စာရွက်လေးကို သတိရသွားမိသည်။

"မို … ပျဉ်းမရွာက အပျိုကြီးလား ကြီးရွှေ"

"မဟုတ်ဘူး မောင်ဦး။ ရွာအနောက်ဘက်မှာ ခြံလုပ်နေတဲ့ မောင်ငယ်မိန်းမနဲ့ ချိန်းတွေ့နေတုန်း မောင်ငယ်က မိုန်းနဲ့ထိုးလို့ ထွေးရှိန် မိုန်းတန်းလန်းကြီးနဲ့ ထွက်ပြေးရင်း ရွာစွန်ရောက်မှ သေတာ"

မကြံကောင်း မကြံအပ်သည်ကို ကြံစည်ခဲ့၍ အသေဆိုးနှင့် ကြုံတွေ့ခဲ့ရသည့် ထွေးရှိန်အဖြစ်။ ဖြစ်ရလေ ထွေးရှိန်ရယ်ဟု ကျွန်တော်အခါခါ ရေရွတ်မိရင်း စိတ်မကောင်းဖြစ်သွားမိသည်။

"မောင်ငယ်က အစက ထွေးရှိန်နဲ့ သူ့မိန်းမအဖြစ်ကို မယုံဘူးကွ။ မယုံဆိုလည်း မောင်ငယ်ဆီကို ထွေးရှိန်က အမြဲတမ်းလာပြီး စားအိမ်သောက်အိမ် ဖြစ်နေတာ။ ပြောရရင်တော့ကွာ … မောင်ငယ်မိန်းမက အချောအလှဆိုတော့ ထွေးရှိန်အကျင့်လည်း မင်းသိသားပဲ၊ မိန်းမချောချောလှလှဆို အပျိုအအို လက်မရွေးတတ်တဲ့ စရိုက်မဟုတ်လား"

ကြီးရွှေစကားက ရှေ့မဆက်နိုင်တော့။ ငယ်စဉ်ကတည်းက အမြစ်တွယ်ခဲ့သည့် ထွေးရှိန်အကျင့်စရိုက်က ပိုးဖလံမျိုးနှယ် မီးရောင်ကို ဝင်တိုးခဲ့သည့်အဖြစ်။ သည်အကျင့်ကို ထွေးရှိန် အိမ်ထောင်ကျပြီး သားသမီးရသည့်တိုင် မဖျောက်ဖျက်နိုင်ခဲ့။ ကျွန်တော် ဖျတ်ခနဲ သတိရသွားမိသည်။ ကျွန်တော် ထွေးရှိန်နှင့် ဆုံတွေ့ခဲ့စဉ်က ထွေးရှိန် ကန်းရည်မူးမူးနှင့် ပြောခဲ့သည့်စကားသံ။ ကျွန်တော် ကြားယောင်မိရင်း ကြက်သီးထသွားမိသည်။

ထွေးရှိန်ဘဝ အဖြစ်ဆိုးနှင့် ကြုံတွေ့မည်ကို သိထား၍ နိမိတ်စကားပြောခဲ့လေသလား။ သို့တိုင် ကိုယ်တိုင်ပြုမူခဲ့သည့် မကောင်းမှုကံ မထိန်းသိမ်းနိုင်၍ လူ့သက်တမ်းတိုခဲ့ရသည့် အဖြစ်။ ကျွန်တော် ထွေးရှိန်၏ နောက်ဆုံးခရီးကို စိတ်မကောင်းကြီးစွာဖြင့် လိုက်ပို့ခဲ့သည်။

ထွေးရှိန်မိန်းမ ယဉ်လှ၏ ယူကျုံးမရ နှလုံးသားဖြင့် ငိုရှိုက်နေသည့်အသံကို ကြားနေရဆဲ ဖြစ်သည်။ ရှေ့ဆုံးမှ သွားနေသူများ၏ ရိုက်ခတ်လိုက်သည့် ကြေးစည်သံလေးက လွှင့်ပျံနေဆဲပင်။ ကျွန်တော် ထွေးရှိန်၏ မြေပုံမို့မို့လေးကိုကြည့်ပြီး ဆို့နင့်ကြေကွဲစွာ ခံစားနေမိသည်။ ကျွန်တော့်ရင်ထဲမှ တိုးတိုးလေးပြောလိုက်မိသည်။

ကျွန်တော့်စကားသံကို ထွေးရှိန် ရောက်ရာဘုံဘဝမှ ကြားနိုင်ပါစေဟု ဆုတောင်းလိုက်မိသည်။ ကျွန်တော် ဆုမတောင်းလို့မဖြစ်ပါ။ ဘဝကုသိုလ်ကံ အရှိန်အဟုန်ကြောင့် လူ့ဘဝ လူဖြစ်ခိုက်၊ မကောင်းမှုစရိုက်ဆိုးဖြင့် ကျင်လည်နေလျှင် နောင်သံသရာခရီးလမ်းအတွက် ကွေးဝှံ့စရာမရှိတော့။


"ထွေးရှိန်ရေ … မင်းဘဝသစ်မှာ မကောင်းမှု စရိုက်ဆိုးကို ဆက်မပါပါစေနဲ့လို့ ငါဆုတောင်းပါတယ်ကွာ။ ခုဘဝမှာ မင်းပြုလုပ်ခဲ့တဲ့ အကျင့်စရိုက်ကြောင့် မင်းအဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတာကို မင်းသိပါစေကွာ … သိပါစေ"

ကျွန်တော်၏ စကားသံကို ထွေးရှိန် ကြားမကြား၊ သိမသိတော့ပါ။ ကျွန်တော် ထွေးရှိန်မြေပုံလေးနှင့်အတူ အုတ်ဂူသစ်၊ အုတ်ဂူဟောင်း၊ မြေပုံသစ်၊ မြေပုံဟောင်းများနှင့်အတူ လူ့ဘဝ၏ အနိစ္စရဲ့ သုသာန်တစ်ခု မြင်ကွင်း။ မမြဲသော အနိစ္စတရားနှင့်အတူ သေသားမှန်သမျှ နောက်ဆုံး နားခိုရာနေရာလေးတစ်ခုပင် မဟုတ်ပါလော။

■ ဇလွန်ကျော်ဦး

www.burmeseclassic.com

# ဇနီးသည်ဟောင်း အာချောင်သဖြင့် 'ကရစ်ဘီယံက ပင်လယ်ဓားပြ' မင်းသား၏ လျှို့ဝှက်ချက်ပေါက်ကြားခဲ့ရ



USA မှ စူပါစတား ဂျော်နီဒတ် (၅၀ နှစ်)သည် ကိုင်လီရိုစ် (၁၄ နှစ်)၊ ဂျက် (၁၁ နှစ်) သားများရှိပြီး၊ ဇနီးသည် ဗီနီဆာပါရာဒစ်စ်နှင့် ကွာရှင်းထားသူဖြစ်သည်။ မင်းသားသည် ရုပ်ရှင်ကားအမြောက်အမြား ရိုက်ကူးခဲ့သော်လည်း သူ၏လျှို့ဝှက်ချက်ကို မည်သူမျှ (ဇနီးကလွဲ၍) မသိရပေ။ ကရစ်ဘီယံက ပင်လယ်ဓားပြကဲ့သို့ စိတ်ဝင်စားဖွယ် စွန့်စားခန်းရုပ်ရှင်ကြောင့် တစ်ဟုန်ထိုး ကျော်ကြားခဲ့ရာမှ ယခုအခါတွင် အမေရိကတိုက်တွင် ကနဦးရှိနေနှင့်သည့် ရက်အင်ဒီယန်းတို့၏ ဘဝသရုပ်ဖော် စွန့်စားခန်း လူနီသူရဲကောင်း 'တွန်တို'အဖြစ် သရုပ်ဆောင်ခဲ့သည်။ ပီပြင်စွာ သရုပ်ဆောင်နိုင်ရန် လူနီအင်ဒီယန်း လူ့အဖွဲ့အစည်းများသည့် နယူးမက္ကဆီကို၊ ကိုမင်ချီ လူနီလူမျိုးစုတို့ထံ သွားရောက်၍ ထဲထဲဝင်ဝင် လေ့လာခဲ့သည်။ ရက်အင်ဒီယန်းတို့၏ ရှေးရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၏ ဖြူစင်သန့်ရှင်းပုံကို လေ့လာခဲ့သည်။ ထိုကားရိုက်စဉ်အတွင်း ဇနီးဟောင်း ဗီနီဆာပါရာဒစ်ဇ်၏ အာချောင်မှုကြောင့် ''ဂျော်နီဒတ်သည် မျက်လုံးတစ်ဖက်သာမြင်ကြောင်း'' အတင်းအဖျင်းသတင်းသမားတို့ ရသွားသည်။ ထို 'သည်လုံးရင်ဂျာ'ဇာတ်ကား ပရီမီးယားပွဲတွင် မင်းသားက ၎င်း၏မျက်လုံးတစ်ဖက်သည် တစ်ပေခန့်မြင်ကွင်းကိုသာ မြင်ရကြောင်း၊ သို့ရာတွင် အကောင်းပကတိ မျက်လုံးကဲ့သို့ ထိုမမြင်ရသော မျက်လုံးက ပုံပေါ်နေသဖြင့် အများတကာ၏အမြင်တွင် မျက်စိနှစ်လုံးအကောင်းဟု ယူဆနေကြကြောင်း၊ ရုပ်ရှင်ရိုက်လျှင် ဆရာဝန်ပေးထားသော နောက်ပုံစံ ဆေးမျက်မှန်ကိုချွတ်ပြီး သရုပ်ဆောင်ခဲ့ကြောင်း၊ ရိုက်ကွင်းမရှိက မျက်မှန်ပြန်တပ်ထားရကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ မြင်ကွင်းတစ်ဖက်သာ မြင်ရ၍ ရုပ်ရှင်သရုပ်ဆောင်ရာတွင် အလွန်ပင်ပန်းကြောင်း၊ အထူးသဖြင့် ဓားခုတ်၊ လှံထိုးအခန်းများတွင် အတော်ဂရုစိုက်ရကြောင်း၊ သို့ရာတွင် မည်သူကမျှ သူ့လျှို့ဝှက်ချက်မသိကြောင်း ပြောကြားခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူ့မိတ်ဆွေများနှင့် ရုပ်ရှင်ချစ်သူများကတော့ မြင်ကွင်းတစ်ဖက်တည်းဖြင့် ဤမျှ သည်းထိတ်ရင်ဖို စွန့်စားခန်းများကို သရုပ်ဆောင် အောင်မြင်ခြင်းအတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ဇနီးသည် အာချောင်၍ လျှို့ဝှက်ချက် ပေါက်ကြားခဲ့သော်လည်း ဂျော်နီဒတ်စ်အချစ်သစ် ရုပ်ရှင်မင်းသမီး အင်ဘာဟတ်ဒ်ကို အချစ်လျော့မသွားဘဲ နှစ်ဦးဆုံရန် ဒိတ်လုပ်ထားသည်ဟု ဆိုသည်။


**ညီမြင့်လွင်(မော်ကျွန်း)**

*Ref:- Internet News, 29.6.13*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အညံ့ပန်းကို ပန်မိသူ

မောင်မောင်စိန်လင်း(နတ်မောက်)

(၁)

"စားကြပါ၊ သောက်ကြပါ။ ဘာမှ အားနာစရာမလိုဘူး။ ရွှေညီအစ်ကိုတွေပဲ။ ရိက္ခာအပြည့် လိုလေသေးမရှိ"

"ကဲ ...ကဲ ... အဓိကသော့ချက်ကို ဆွေးနွေးချင်တယ်ဗျာ"

"ပြောပါ၊ ဆွေးနွေးပါ ဆရာကြီး"

"ဒီလိုဗျာ ... သူ့မွေးနေ့မှာ သူကျွေးတာမွေးတာ စားသောက်ပြီး ဟန့်တားပိတ်ပင်ရတာ အားလည်းနာတယ်၊ ခင်လည်းခင်ပါတယ်။ ကျွန်တော်ကတော့ မကြည်ဖြူနဲ့ ယူမှာကို သဘောမတူဘူး"

"ဟာ ... ဆရာကလည်း၊ ခုမှ ကိုမျိုးက အသက်(၅၀)ကျော်ပဲ ရှိသေးတာ။ သူ့မှာ လူ့အခွင့်အရေးတွေ အများကြီးရှိသေးတယ်လေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ့မှာ သားသမီးလေးယောက်ရှိတယ်လေ။ ကလေးတွေ မျက်နှာငယ်ရမယ်။ မိထွေးဆိုတာ ဂေါတမီကလွဲရင် ဘယ်မိထွေးမှ မကောင်းဘူးဗျ"

စာပေလောကတွင် ထင်ရှားကျော်ကြားသော ပုံနှိပ်နှင့် စာပေဖြန့်ချိရေးလုပ်ငန်းရှင် ကိုမျိုးခိုင်၏ မွေးနေ့ပွဲမှာ ဖြစ်သည်။ စာရေးဆရာကြီးများ၊ ပုံနှိပ်လောက၊ ထုတ်ဝေရေးလောကနှင့် ဂျာနယ်လစ်ကြီးများ၊ စာပေမီဒီယာကြီးများ စုံလင်လှသည်။ ကျွေးမွေးညှိခံသော ယမကာများ၊ အမြည်းများ၊ စားဖွယ်များလည်း အစုံအလင်။ မှဆိုးဖို ကိုမျိုးခိုင်၏ အိမ်ထောင်ပြုသင့် မပြုသင့် ပြဿနာကို ဝိုင်းပြီးဝေဖန်ဆွေးနွေးနေကြခြင်းဖြစ်သည်။ ညီအစ်ကိုများကဲ့သို့ ချစ်ခင်ကြသူများ ဖြစ်ကြ၍ မိသားစုစိတ်ထားဖြင့် ဝေဖန်၊ လေကန် ဆွေးနွေးကြခြင်း ဖြစ်ပေသည်။

"ဒီလိုရှိတယ်ဗျာ။ ဒီကနေ့ အခြေအနေမှာ သမီးရည်းစား တစ်ဝမ်းကွဲတို့၊ လင်မယားတစ်ဝမ်းကွဲတို့ လစ်ဗင်းတူဂဲသားတို့ ခေတ်စားနေချိန်ဖြစ်တယ်။ ပုတ်နဲ့၊ ခြင်းနဲ့ လှောင်ထားဖို့ မလိုတော့ပါဘူးဗျာ"

"ဟုတ်တယ်ဗျာ။ သူ့အကျိုး၊ ကိုယ့်အကျိုး မျှတတာ အတ္တဲ့ဟိတ, ပရဟိတပဲ။ ဒါပေမဲ့ လမ်းခေါ်ပျော်မှည့် ဆိုတာမျိုးတော့ မဖြစ်ဖို့လိုတယ်"

နောက်ထပ်အိမ်ထောင်ပြုလိုသော မှဆိုးဖို ဦးမျိုးခိုင်အား ဟန့်တားပိတ်ပင်မှု၊ အိမ်ထောင်မပြုဖို့ တားဆီးသူများဘက်မှ အားသာသောကြောင့် အိမ်ထောင်ပြုရန် စိတ်ကူးများ ပျက်ပြားသွားခဲ့ရလေပြီ၊ သားသမီးများလည်း ဝမ်းသာအားရဖြစ်ကြရလေသည်။

(၂)

သောကြာ၊ စနေ၊ တနင်္ဂနွေ (၃) ရက်ဆက်တိုက် ရုံးပိတ်ရက်ဆုံသော၊ စနေနေ့ညနေ (၃)နာရီခန့်တွင် ဖြစ်သည်။ စာပေလောကသား အပေါင်းအသင်း ရောင်းရင်းများ ဆုံစည်းနေကျ ဘီယာဆိုင် တစ်ဆိုင်တွင် ဝိုင်းတော်သားများ အပန်းတော်ဖြေနေကျသည်။ ဟိုအကြောင်း၊ ဒီအကြောင်း၊ အနီးအကြောင်း၊ သန်ရာသန်ရာ ဆွေးနွေးကြသည်။ သဘောထားအမြင်ချင်း ဖလှယ်နေကြသည်။

စာရေးဆရာကိုရွှေမြို့သည် သူ၏ ပရာဒိုကားကြီးဖြင့် ရောက်ရှိလာသည်။ ကားပေါ်တွင် ဆရာနှစ်ဦးလည်းပါလာသည်။ အနည်းငယ်ထွေလာကြသည်။

"ကဲ .. ဆရာတို့၊ ကျွန်တော်တို့ ငယ်ချစ်ဟောင်းကို အောက်မေ့တဲ့ ခံစားချက်၊ ငယ်စဉ်ဘဝခံစားခဲ့ရမှုတွေကို ပြန်လည်ခံစားလိုတဲ့အနေနဲ့ ကာရာအိုကေက မြန်မာသံစဉ် သီချင်းသည်မလေးတွေရဲ့ သီဆိုမှုကို သွားပြီးခံစားကြမယ်၊ ဒကာခံမယ့်ပုဂ္ဂိုလ်ကြီးလည်း ပါတယ်"

"ကျွန်တော်တို့ ကိုယ်တိုင်ဆိုလို့ မရဘူးလားဆရာ"

"စုံတွဲဆိုချင်တဲ့သူ့တွေကတော့ အဲဒီကသီချင်းသည်မလေးတွေကို အဖော်ရှာပြီး ဆိုလို့ရပါတယ်"

"ကဲ ... ဝါသနာပါသူတွေ ကားပေါ်တက်"

ကိုရွှေမြို့နှင့် အပေါင်းအသင်း ရောင်းရင်း စာပေလောကသားများသည်



www.burmeseclassic.com

www.burmeseclassic.com

ဂီတရသကို ခံစားကြရန်အတွက် အလှတစ်ရာ၊ အပြုံးတစ်ရာ စင်တင်တေးဂီတနှင့် စားသောက်ဆိုင်ကြီးသို့ တစ်ညတာအနားယူအပန်းဖြေရန် သွားရောက်ကြလေသည်။ ကုက္ကိုပင်ကြီးများ၊ တောင်သန်းပင်များတွင် မီးရောင်စုံစီချယ်ထားသော မြေကြီးအတွင်းသို့ ကားရောက်ရှိလာသည်နှင့် –

"ဒီမှာရပ်ပါ ဆရာ"

"ကြွပါ ဆရာတို့၊ ကြွပါ ..."

ကားပါကင် စီစဉ်ပေးသူကပေး၊ ဖိတ်မန္တကပြုသူကပြုဖြင့် လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ကြသည်မှာ လူကုံထံတို့၏ မင်္ဂလာအခမ်းအနားကြီးကဲ့သို့ပင်။

"ဘာသုံးဆောင်ကြမလဲ ဆရာတို့"

"လောလောဆယ် ... ဘီယာတစ်ဂျား၊ ကြက်ကြွပ်ကြော်၊ ဆိတ်မွကြော်၊ ဝီစကီရွှေပတ်တစ်လုံး ပေးကွာ"

စာပေနယ်ပယ်သားတွေက မြန်မာအစဉ်၊ မြန်မာတေးဂီတများကို သာယာနာပျော်ဖွယ် ခံစားလိုကြသောကြောင့် လာရောက်ခံစား အားပေးကြတာဖြစ်ကြောင်း၊ သီချင်းသည်မလေးများထံ ရောက်ရှိသွားသည်။ ကိုယ်ကြိုက်ရာ၊ ကိုယ်ပိုင်ရာသီချင်းများကို တစ်ယောက်ပြီး တစ်ယောက် ခံစားချက်အမူအရာများဖြင့် သီဆိုကြသည်။

ခံစားချက်၊ ရင်တွင်းဖြစ်၊ သဒ္ဓါ စကို ဂွမ်းဆီထိ ခံစားရသော စာရေးဆရာများသည် မိမိကြိုက်ရာ ရွေးချယ်ပြီး နံကိုးများစွပ်ကာ ဆုချကြသည်။ လက်ခုပ်ပွဲနှုတ်ဆက်ကြသည်။ သီချင်းသည်မလေးများ အဆိုတော်မလေးများကလည်း ကတ်ဆက်စာ၊ နာမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပေးကြသည်။ ဝါသနာအိုးကြီးများကလည်း လိပ်စာကဒ်များပေးကြသည်။

ဂီတ၊ ရသ ခံစားကြသော ဆရာများအနက်မှ ကိုယ်တိုင်သီဆိုတတ်သူများကလည်း စုံတွဲသီချင်းများကို တစ်တွဲပြီး တစ်တွဲ ဆိုကြသည်။ ကဲကြသည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာကဲ့သို့ ချစ်ခင်ရင်းနှီးခဲ့ကြသည်။

(၃)

"ဟယ်လို အမိန့်ရှိပါ၊ ကျွန်တော် ကိုမျိုးခိုင်ပါ ..."

"သမီး စုစုစံပါ။ သတိရလို့ သူများလက်ဦးသွားမှာစိုးလို့ ဖုန်းဆက်တာပါ ဦး"

"ဦး စုစုစံကို ခင်ပါတယ်။ ဦးက တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆို ပိတောက်ပါ"

"ဝမ်းသာပါတယ် ဦး။ သမီးက ဦးအတွက်ဆိုရင် စနေလည်းအားတယ်၊ တနင်္ဂနွေလည်းအားတယ်၊ အဆင်သင့်ပဲ ဖော့ ဆိုသလိုပါပဲ ဦးရယ်"

စင်တင်တေးဂီတမှ သီချင်းသည်မလေး စုစုစံနှင့် စာပေလုပ်ငန်းရှင် ဦးမျိုးခိုင်တို့ကား သမီးရည်းစားတစ်ဝမ်းကွဲ ဖြစ်နေကြပြီ ဖြစ်လေသည်။ ပုရိသယောက်ျားတို့အား ဖမ်းစားတတ်သော စုစုစံနှင့် မဆိုဖို ဦးမျိုးခိုင်တို့သည် 'ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး' ဆိုသကဲ့သို့ တဏှာလမ်းသို့ လျှောက်လှမ်းနေသူများ ဖြစ်ကြလေသည်။

"ဟယ်လို ပြောပါရှင့် ..."

"ဩော် ... စုစံလား။ အတော်ပဲ။ မနက်ဖြန် (၁၀)နာရီ သံရုံးရှေ့လာခဲ့။ မှတ်ပုံတင်လည်း ယူလာခဲ့။ ဓာတ်ပုံ(၂)ပုံ ရိုက်ခဲ့။ စုစံအတွက် ဟန်းဖုန်းဝယ်ပေးမလို့"

"ဟုတ်ကဲ့ ဦး။ ဝမ်းသာလိုက်တာ ဦးရယ်"

ဦးမျိုးခိုင်နှင့် စုစုစံတို့သည် ဟန်းဖုန်းဝယ်ပြီးနောက် ဟိုတယ်တွင် အနားယူ အပန်းဖြေ နားနေကြလေသည်။

× × × × ×

"ဟယ်လို ... အမိန့်ရှိပါရှင်။ ဩော် ... ဦးလား၊ ပြောပါဦး ...။ ချောင်းသာလား၊ ငွေဆောင်လား ဦး။ ဩော် ... ဟုတ်ကဲ့၊ ဦးသဘောပါ။ စုစံ အသင့်ပြင်ထားပါမယ် ဦး"

စုစုစံ၏ တဏှာညွှတ်ကွင်းတွင် သက်ဆင်းနေသော ဦးမျိုးခိုင်သည် သောက်လေသောက်လေ ဝတ်မပြေဆားငန်ရေသို့တည်း ဆိုသကဲ့သို့ ချောင်းသာကမ်းခြေရှိ ဟိုတယ်ကြီးတစ်ခုတွင် စည်းစိမ်အမျိုးမျိုး ခံစားလိုက်၊ ပင်လယ်ရေချိုးပြီး၊ ပင်လယ်အစားအစာများစားလိုက်၊ ပင်လယ်လေကောင်းလေသန့် ရှူရှိုက်ရင်းဖြင့် အနားယူအပန်းဖြေနေကြလေသည်။

(၄)

ဦးမျိုးခိုင်သည် သားကောင်အပေါ်၌ တို့၏ အသွေးအသားကို ဖောက်ထုတ်စားသုံးတတ်သော၊ ရက်စက်ကြမ်းကြုတ်ခက်တန်သော ခြသေ့်၌ ခြေလက်လေးဖက်၊ နှုတ်သီးဟူသော လက်နက်ငါးပါးရှိသကဲ့သို့ ထိုအတူ မိန်းမတို့တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော လက်နက်ငါးပါးရှိ၏ဆိုသော အချက်ကို သတိမရှိခဲ့၊ အသိမရှိခဲ့။

ဣတ္ထိဝက်ကျမ်းအလိုအရ မိန်းမတို့၏ သဘောသဘာဝသည် ကာမဂုဏ်အာရုံငါးပါးတို့၌ ယောက်ျားတို့ထက် အဆ(၈)ဆ သာသည်၏ အဖြစ်ကြောင့် ဆိတ်ကွယ်ရာဝယ် ရောက်ရှိပါက ကာမဂုဏ်အာရုံငါးပါးနှင့် ပတ်သက်၍ ဖောက်ပြန်လွယ်သော သဘောရှိသည်။

မည်မျှပင် အသက်ကြီးစေကာမူ၊ မည်မျှပင် သမာဓိတည်ကြည်စေကာမူ၊ ကာမဂုဏ်တို့ဖြင့် ဖြားယောင်းသွေးဆောင်ခံရသော် ဖောက်ပြန်လွယ်တတ်သည်။ ထိုကာမဂုဏ်အားလုံးကို အကြောင်းပြု၍ ယောက်ျားလင်သားတို့ကို အလွယ်



www.burmeseclassic.com

www.burmeseclassic.com

တကူ ဖျက်ဆီးတတ်သည်။ ပျက်စီးစေတတ်သည်။

ဆိုသော သတိတရား၊ အသိတရားများလည်း မေ့ပျောက်နေသည်။ စုစုစံ၏ မိန်းမမာယာ သဲကိုးဖြာဖြင့် ဖြားယောင်းထားသည်ဆိုသော အချက်တို့ကိုလည်း သတိမမူ၊ ဂုမမြင် ဆိုသကဲ့သို့ ဖြစ်နေသည်။

"ဦး . . စုစံမှာ သားအိမ်မှာ အလုံးရှိနေတယ်။ ခွဲစိတ်ကုသရမယ်လို့ ဆရာဝန်ကပြောတယ် ဦး။ ဒီမှာဆေးမှတ်တမ်းစာအုပ်"

"ခွဲဆိုလည်း ခွဲလိုက်ပေါ့ကွာ။ ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ"

"ဆယ်သိန်း၊ ဆယ့်ငါးသိန်းလောက် ကုန်မယ်လို့ပြောတယ် ဦး"

"ဒါဆိုလည်း ငွေယူသွား။ ခွဲဖို့စီစဉ်လိုက် စုစံ။ လိုအပ်တာရှိရင် ဖုန်းဆက်"

စုစုစံသည် ဦးမျိုးခိုင်ထံမှ ငွေတစ်ဆယ့်ငါးသိန်းပိုက်ကာ ပြန်ခဲ့လေသည်။

(၁၅)ရက်ခန့်ကြာသော် . . .

"ဦး . . . သမီးစုစံပါ။ မော်လမြိုင်မှာနေတဲ့အမေ အသည်းအသန်ဖြစ်လို့ ဆေးရုံတင်ရတယ်။ ဆေးရုံမှာ ဆုံးသွားတယ်။ အသုဘလည်းချပြီးခဲ့ပါပြီ။ ဒါကြောင့် ဦးပေးတဲ့ (၁၅)သိန်း ကုန်သွားပြီ။ အလုံးကိုလည်း မခွဲရသေးဘူး။ ဒါကြောင့် နောက်ထပ် (၁၅)သိန်းလောက် ပေးပါဦးနော်"

"ငါမတတ်နိုင်တော့ဘူး။ မပေးနိုင်တော့ဘူး။ နင့်ဟာနင် ခွဲချင်ခွဲ မခွဲချင်နေ။ ငါ့ဆီ ဖုန်းလည်းမဆက်နဲ့တော့၊ လာပြီးလည်း မတွေ့နဲ့တော့။ နင့်ကို မုန်းလိုက်ပြီ"

အမှန်အားဖြင့် စုစုစံ၏မိခင်ကြီးကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ရှိခဲ့ပြီ။ လိမ်ပြီး အကြောင်းအမျိုးမျိုးပြကာ ငွေချူနေခြင်း ဖြစ်သည်ဆိုသောအချက်ကို အတွင်းသိ၊ အဆင်းသိ စင်တင်စားသောက်ဆိုင်ကြီးမှ ဝန်ထမ်းလေးများပြောပြတော့မှ သိရခြင်းဖြစ်လေသည်။

(၅)

"တီး . . . တောင်၊ တီး . . . တောင်"

"ဒါ ဦးမျိုးခိုင်တို့ အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်။ ကျွန်တော် ဦးမျိုးခိုင်ပါ"

"ကျွန်တော် သမ္မန်စာ လုလင်ပါ။ သမ္မန်စာလာပေးတာပါ။ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးပါခင်ဗျာ"

ဦးမျိုးခိုင်သည် တရားရုံးမှ ဆင့်ခေါ်သောစာကို ဖတ်ကြည့်လိုက်သည်။ စုစုစံဆိုသော မိန်းကလေးက ပြစ်မှုပုဒ်မ (၄၁၇) ကာမကို လိမ်လည်လှည့်စားရယူမှုအတွက်ဆိုပြီး တရားစွဲဆိုခြင်းဖြစ်သည်။ ဦးမျိုးခိုင်သည် ရှေ့နေစာရေးဆရာ၊ စာရေးဆရာရှေ့နေ အသိုင်းအဝိုင်းဖြစ်သော စိန်ဘုရားသားဉပဒေအကျိုးဆောင်ဂရုထံသို့ အပြေးအလွှားသွားပြီး ဦးတိုက်ရလေသည်။

"ဟာ . . . ဘော့စ် ဦးမျိုးခိုင်၊ ကြွပါဗျာ . . . ကြွပါ။ မလာစဖူး၊ အလာထူးပါလား။ ကဲ . . ဆို၊ ဘာလုပ်ပေးရမလဲဆရာ"

"ဟောဒီ သမ္မန်စာကိုသာ ဖတ်ကြည့်ပါတော့ ဆရာတို့ရယ်"

"ဩော် . . . မစိုးရိမ်ပါနဲ့ ဆရာရယ်။ မိန်းမပေါ့လေးတစ်ယောက်က ဆရာ့ကို ချူစားတာ မရတော့လို့ အမှုစွဲတာပါ။ သူ့အကြောင်း၊ သူ့စရိုက်၊ သူနဲ့ပျော်ဖူးသူတွေရဲ့ အထောက်အထားတွေနဲ့ ရှင်းလိုက်ရင် ပြီးသွားမှာပါ။ ကျွန်တော်တို့လည်း ဝိုင်းကူပေးပါမယ်။ စိတ်အေးအေးထားပါ"

"အားကိုးပါတယ် ဆရာတို့ရယ်။ အကျိုးဆောင်ခလည်း အများနည်းငြ ပေးပါ့မယ်"

"မလိုပါဘူးဗျာ၊ မလိုပါဘူး။ ညွှန်းရင် ပြီးတာပါပဲ ဆရာမျိုးရယ်"

ပြစ်မှုပုဒ်မ(၄၁၇) ပြစ်မှုကြီးအမှတ် (၀၀၇/၂၀၁၂)ကို ရုံးတော်မှ တရားလိုနှင့် သက်သေများ၊ တရားလိုဘက်မှ တင်သွင်းသော အထောက်အထားများ၊ တရားခံနှင့် တရားခံဘက်မှ သက်သေများ၊ အထောက်အထားများကို စစ်ဆေးစွဲချက်တင်ခဲ့ပြီးဖြစ်သည်။ ရုံးတော်မှ အမိန့်ချရန် ဒုတိယအကြိမ် ချိန်းဆိုခြင်းဖြစ်၍ ရုံးချိန်းတွင် အမိန့်ချဖြစ်လိမ့်မည် ဖြစ်သည်။

တရားခွင်စာရေးမှ အမှုခေါ်သည်။ တရားလိုနှင့် အကျိုးဆောင်များ၊ တရားခံနှင့် အကျိုးဆောင်များ ရုံးရှေ့ရောက်ရှိနေကြပြီ ဖြစ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာပြီဖြစ်သည်။

"အမိန့်"

တရားလို၏ ထွက်ဆိုချက်၊ တရားလိုတင်သွင်းသော ညစ်ညမ်းစီဒီခွေ၊ ညစ်ညမ်းဓာတ်ပုံတို့အရနှင့် တရားခံဘက်မှ တင်သွင်းသော သက်သေခံညစ်ညမ်းစီဒီခွေ၊ ညစ်ညမ်းဓာတ်ပုံများအရလည်းကောင်း၊ နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက်အရလည်းကောင်း တရားလိုစုစုစံသည် တရားခံနှင့် ဖိုမကူးလူးဆက်ဆံမှုရှိသကဲ့သို့ အခြားအခြားသော ပုဂ္ဂိုလ်များဖြင့်လည်း ဖိုမကူးလူးဆက်ဆံမှုရှိကြောင်း မငြင်းနိုင်ပေ။ တရားခံနှင့် ငွေကြေးအလို့ငှာ ကူးလူးဆက်ဆံခြင်းဖြစ်ကြောင်း တွေ့ရသည်။ တရားခံက ကာမကို လိမ်လည်လှည့်စားခြင်းမရှိကြောင်း မြင်သာထင်ရှားသည်။ ထို့ကြောင့် တရားခံအား ဤအမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။


လူ့ပြည်မှာ အမှုမပေါ့ကြပါနဲ့။

**မောင်မောင်စိန်လင်း(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တင်းပုတ်ထုချက်

# ဖြောင့်ချက်ထွက်ဆို

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က ဖြစ်လေသည်။ ကြည့်မြင်တိုင်ဘူတာအနောက်ဘက် ရထားလမ်းတစ်လျှောက် ကာရံထားသော အုတ်တံတိုင်းနှင့်ကပ်လျက် ဆိုင်ခန်းများရှိ ကြလေသည်။ ထိုဆိုင်များသည် ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချ၍လည်း ကြည့်မြင်တိုင်ညဈေးဟု ရန်ကုန်မြို့တွင် ထင်ရှားလေသည်။ ဈေးတန်းသည် ရှည်လျားပြီး အဆုံးဘက်တွင် အထည်ဟောင်းရောင်းသော ဆိုင်များရှိသည်။ အထည်ဟောင်းဆိုင်ဟုအမည်တွင်သော်လည်း အမှန်မူ ဘိန်းစား၊ သူခိုး၊ ခါးပိုက်နှိုက်၊ အလစ်ဆွဲသမားများယူလာသော ပစ္စည်းများကို သူခိုးဈေး(ဈေးနှိမ်)မျှသာ ပေးပြီး ဝယ်ယူခြင်းဖြစ်သည်။ တစ်ခါတစ်ရံ လက်ကြီးသမားများ (ခိုးရာပါ၊ ဓားပြတိုက်ရာပါ)ထံမှ အဖိုးတန်ပစ္စည်းများရရှိပါက မြိုးမြိုးမြက်မြက်စားရလေသည်။

ဟိန်းဇေယျာ(စံမြင့်မြတ်)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော မွန်းလွဲ ၃ နာရီခန့်အချိန်တွင် ဆိတ်သိုး ထံသို့ ပွဲစားငပွားက လူတစ်ယောက်ခေါ်လာလေသည်။

"အစ်ကိုကြီး၊ ဒါ နယ်က ဧည့်သည်ပါ"

ငပွားသည် နယ်မှ ဒုစရိုက်သမားများနှင့် အဆက်အသွယ်ရှိသည်။ ဆိတ်သိုး၏ ဩဇာခံတစ်ဦးဖြစ်ပြီး ငယ်ကြောက်လည်း ဖြစ်ပေသည်။ တစ်ခါက ဧည့်သည်တစ်ဦးကို ဆိတ်သိုးထံခေါ်လာခြင်းမပြုဘဲ ပြိုင်ဘက်ဂေါင်းကြီးဆိုသူထံ ခေါ်သွားမိသဖြင့် ပါးတစ်ချက်တည်း အရိုက်ခံရရာ သွားတစ်ချောင်း ကျွတ်ဖူးခဲ့လေသည်။

ဆိတ်သိုးသည် ငပွား ခေါ်လာသူ ဧည့်သည်ကို စူးစိုက်ကြည့်လေသည်။ ဆိတ်သိုး၏ အသံက ခပ်ပြတ်ပြတ်။

"မိတ်ဆွေရဲ့ ပစ္စည်း များသလား"

ဧည့်သည်ကလည်း တုံးတိတိ ဖြေလေသည်။

"များတယ်"

"အိမ်သွားကြရအောင်"

ဆိတ်သိုးသည် ငပွားကို ဆိုက်ကားခေါ်ခိုင်းလိုက်သည်။ ဆိုက်ကားဖြင့် သွားကြရာ ဗားကရာလမ်းအောက်ဘက် လှိုင်မြစ်ကမ်းနံဘေးတွင် သဲကွင်းဟုခေါ်သော ရပ်ကွက်ရှိလေသည်။ ထိုရပ်ကွက်ထဲတွင် အရက်ပုန်းဆိုင်များ၊ ဖဲဝိုင်းများ ရှိလေသည်။ လမ်းထိပ်အရောက်တွင် ဆိုက်ကားပေါ်မှ ဆင်းပြီး ကျဉ်းမြောင်းသော လမ်းအတိုင်း ဝင်ခဲ့ကြရာ သူစိမ်းကို သို့လော သို့လော ထင်ရန်ဖြစ်သော်လည်း ရွာခံဆိတ်သိုးပါလာသဖြင့် ရဲဘက်က လူဖြစ်ဟန်မတူသည်ကို သဘောပေါက်လေသည်။ ဆိတ်သိုးအိမ်သို့ရောက်သောအခါ သူစိမ်းသည် ဘေးဝန်းကျင်သို့မျက်စိကစားအကဲခတ်လေရာ ဆိတ်သိုးက . .

"ခင်ဗျားအတွက် . . . အန္တရာယ်မရှိစေရဘူး၊ စိတ်ချ"

ပြောလိုက်သည်နှင့် ဝတ်ထားသော ကုတ်အင်္ကျီ၏ အတွင်းဘက်ကို လက်နှိုက်ပြီး အထုပ်တစ်ထုပ်ယူလိုက်လေသည်။ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော အထုပ်ကိုဖြေလိုက်ရာ ရွှေဘီး၊ ဆွဲကြိုး၊ လက်ကောက်၊ ဘယက်များကို တွေ့ရလေသည်။

ဆိတ်သိုးသည်နယ်ဘက်မှ ဓားသူငွေးထံမှ ဓားပြတိုက်ပစ္စည်းဖြစ်ကြောင်း တွေးမိလေသည်။ ဆိတ်သိုးသည် နှုတ်မှ လွှတ်ခနဲ . .

"ဘယ်နယ်ကလဲ"

ဟု မေးမိလေရာ သူစိမ်းက အသံခပ်မာမာဖြင့် . .

"မင်းအလုပ်မဟုတ်ဘူး။ ဘယ်လောက်ရမလဲ ပြော"

သူစိမ်း၏ စကားကြားရသော ဆိတ်သိုးသည် ထောင်းကနဲ ဒေါသထွက်မိလေသည်။

အခြေအနေအရ ငြိမ်သက်ကုပ်နေရသော လက်မရွံ့ဆိတ်သိုးကို ဒင်းမသိသေးလို့ပါ။

ထိုသို့တွေးရင်း စိတ်ကိုလျှော့ပြီး-

"အလေးချိန် ဘယ်လောက်လဲ"

"အားလုံး ၃၀ သားတိတိပဲဗျ"

ဆိတ်သိုးက သူပေးနိုင်သော ဈေးကို ပြောလိုက်သည်။

"မရောင်းဘူး"

တိုတောင်းစွာပြောပြီး ရွှေထုပ်ကို ကောက်ယူပြီး ကုတ်အင်္ကျီအတွင်းအိတ်တွင်းသို့ ပြန်ထည့်လိုက်လေသည်။ အိမ်ပေါ်မှ ကတိုက်ကရိုက်ဆင်းသွားရာနောက်သို့ ငပွားလည်း ထပ်ကြပ်မကွာ လိုက်သွားလေသည်။

× × ×

သူစိမ်းသည် ငပွားကို ဆိုက်ကားငှားခိုင်းလေသည်။ ငပွားနှင့် သူစိမ်းသည် ညဈေးသို့ ပြန်ရောက်သောအခါ သူစိမ်းသည် မြောက်ဘက်ရှိ ဈေးတန်းဘက်သို့ လျှောက်သွားလေသည်။

ထိုဘက်ပိုင်းသို့ ငပွား ဆက်ပြီးမလိုက်ရဲတော့ပေ။ သူ့ဆရာ ဆိတ်သိုးနှင့် စီးပွားပြိုင်ဘက် ရန်ငြိုးရန်စရှိသူ ဂေါင်းကြီး၏အပိုင်အတွင်း ဖြစ်သောကြောင့်တည်း။

× × ×

ဆိတ်သိုးနှင့် သူစိမ်း ဈေးမတည့်သောကြောင့် ပွဲစားငပွားသည် အရက်သောက်ရန် ကမ်းနားဈေးသို့ ထွက်လာလေသည်။ ကြည့်မြင်တိုင်ကန္တားဈေးကြီးအနောက်တွင် အရက်ပုန်းဆိုင်များ ရှိလေသည်။ မှောင်ရိပ်ဝင်နေသဖြင့် ငပွားသည် ချိုင့်၊ ခဲလုံးများရှောင်ပြီး အမေမှင်ဆိုင်သို့ အရောက်လှမ်းလာရသည်။

"ဟဲ့ . . ငပွားလား"

အမေမှင်က လှမ်းအော်သည်။

"စောလှချည်လား၊ ဈေးသိမ်းပြီလား"

"ဒီကသောက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

သိမ်းဖို့သွားမယ်။ ကဲ . . အမေရေ၊ တစ်စိပ်နဲ့ အမဲကြော် လုပ်ဗျာ"

ငပွားသည် အမေမှင်က ပြန်ပြောသော စကားကြောင့် မျက်ခုံးနှစ်ဖက်ပင့်တက်သွားသည်။

"ဂေါင်းကြီးနဲ့ သူ့အဖော် လာသောက်ကြတာအမဲကြော်၊ ကြက်ကြော်အကုန် ကုန်သွားတယ်။ သူစိမ်းက တော်တော်စားနိုင်တယ်ဟေ့"

ငပွားသည်သေချာအောင် ထပ်မေးလေသည်။

"ဂေါင်းကြီးနဲ့ပါလာတာ ကုတ်အကျႌနဲ့လူ ဟုတ်လား"

"ဟုတ်ပါ့"

ငပွားသည် အရက်ကို အမြန်သောက်လေသည်။ ဂေါင်းကြီးလူလည်ကျပြီး သူ့ဆရာ ဆိတ်သိုးပေးသည့် ဈေးထက်ပိုပေးကြောင်း သိလိုက်သည်။ သည်လို မကြာခဏ ဖြတ်စားသည်ကို ဆိတ်သိုးအား အသိပေးရန် ဖြစ်သည်။

× × ×

ညဈေးတန်းသည် ည ၉ နာရီတွင် စတင်သိမ်းဆည်းကာ ၁၀ နာရီကျော်ကျော်တွင် ဆိုင်တစ်ဆိုင်နှစ်ဆိုင်သာ ဆိုင်ပိတ်ရန် ကျန်နေလေသည်။ တစ်ဆိုင်မှာ ဂေါင်းကြီး၏ ဆိုင်ဖြစ်လေသည်။ ဂေါင်းကြီးသည် လူကောင်သေးသော်လည်း အရက်ကို သောက်နိုင်သူ ဖြစ်သည်။ ဆိုင်နှင့်အိမ်မှာ မဝေးလှပေ။ ဟံသာဝတီဂုံးကျော်ပြီး နာနတ်တော ရပ်ကွက်ရောက်လျှင် ဂေါင်းကြီးအိမ်ကို လှမ်းမြင်ရသည်။ ဂေါင်းကြီးသည် အဖော်တစ်ဦးနှင့် ဟံသာဝတီ ဘူတာရုံဘက်လျှောက်လာလေသည်။ ဂေါင်းကြီးသည် အနည်းငယ်ယိမ်းထိုးပြီးလာနေသည်ကို တွေ့မြင်ရလေသည်ကို ဘူတာရုံတွင် ကြိုစောင့်နေသူ ဆိတ်သိုးက တွေ့မြင်နေလေသည်။ ဂေါင်းကြီးတို့နှစ်ဦး ပြောသံစကားများတွင် မိမိ၏ အမည်ဆိတ်သိုးအသံကိုလည်း တစ်ချက်တစ်ချက်ကြားရလေသည်။ ဆိတ်သိုးသည် အရပ်အမောင်းကောင်းပြီး ဗလတောင့်သည်။ ကိုယ်ခံပညာ၊ သိုင်းပြောင်းပြန်လည်းတတ်သဖြင့် တော်ရုံလူမယှဉ်နိုင်ပေ။ ဆိတ်သိုးသည် သူစိမ်း၏ ရှေ့လက်ဝတ်လက်စားများကို အမှတ်ရပြီး ဂေါင်းကြီးကို နှပ်နှပ်စင်းပစ်ချင်နေသည်။ ငပွား၏ စကားများကြောင့်လည်း ဒေါသထွက်နေသည်။ တဖြည်းဖြည်းနှင့် ဂေါင်းကြီးတို့နှစ်ဦး စကားတပြောပြောနှင့် ဘူတာရုံနား ကပ်လာသည်။ ဘူတာရုံထဲတွင် မှောင်နေသဖြင့် ဆိတ်သိုးကို တွေ့သော်လည်း တခြားလူတစ်ယောက်ဟုသာ ထင်ကြလေသည်။ ဘူတာရှေ့ ရထားလမ်းကို ဖြတ်ကျော်မည့်ဆဲဆဲတွင် ဆိတ်သိုး၏ အသံက ဟိန်းထွက်လာသည်။

"ဟေ့ကောင် ဂေါင်းကြီး၊ သိပ်လက်သွက်နေတယ်ပေါ့"

ဆိတ်သိုး၏အသံကြောင့် အန္တရာယ်ရှိနေကြောင်း ဂေါင်းကြီးသိလိုက်သည်။ ဘေးမှ အဖော်သည် ဆိတ်သိုးကိုမြင်သည်နှင့် ကြောက်ဒူးတုန်နေလေသည်။ ဂေါင်းကြီးသည် လှည့်ပြီးပြေးရန် ပြင်လိုက်သည်။ ဆိတ်သိုး၏လက်ထဲမှ ပစ္စည်းကိုသိသောကြောင့်ဖြစ်သည်။ ဆိတ်သိုးသည် ပြေးရန် ဟန်ပြင်လိုက်သော ဂေါင်းကြီး၏မျက်နှာဆီသို့ အဖြူရောင်အရည်ကို လှမ်းပက်လိုက်လေရာ ဂေါင်းကြီးသည် ငယ်သံပါအောင် အော်ရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ကမူးရှူးထိုး ထွက်ပြေးလေတော့သည်။ သူ့အဖော်လည်း ဂေါင်းကြီး၏ လက်မောင်းကို ဆွဲပြီး နာနတ်တောရပ်ကွက်အတွင်းသို့ ပြေးဝင်သွားလေသည်။ ဆိတ်သိုးသည် ကျေနပ်သွားပြီး လက်ထဲမှ ပုလင်းကို ချုံထဲသို့ ပစ်လိုက်လေသည်။

ဆိတ်သိုပက်လိုက်သော အက်ဆစ်ရည်ကြောင့် ဂေါင်းကြီးသည် နှစ်လခန့် ဆေးကုရလေသည်။ ရင်ဘတ်နှင့်မျက်နှာတစ်ခုလုံး မီးလောင်ဒဏ်ရာကဲ့သို့ ဖြစ်နေသည်။ ကံကောင်းသဖြင့်သာ မျက်လုံးကို ထိခိုက်ခြင်းမရှိပေ။ ဂေါင်းကြီးသည် ဆိတ်သိုးနှင့် မျက်နှာချင်းဆိုင် ရင်ဆိုင်ထိုးကြိတ်ရန် မဖြစ်နိုင်သည်ကို သိသည်။ အလစ်တွင် လုပ်ကြံရန်စိတ်ကူးလေသည်။ ဂေါင်းကြီးသည်လည်း သူ့အဖွဲ့တွင်ခေါင်းဆောင်နေရာယူထားရာ ၎င်းကိစ္စသည် သူ့အတွက် အရှက်ရစေသည်။ သိက္ခာကျသည်ဟု ခံစားမိလေသည်။ ရှက်ဒေါသသည် အထွတ်အထိတ်သို့ရောက်နေသဖြင့် ဂေါင်းကြီးသည် ဒုစရိုက်သမားတို့၏ ညဥ့်အတိုင်း ကလဲ့စားချေရေးသာ အာရုံထားပြီး အချိန်ကိုစောင့်စားနေလေသည်။

× × ×

ဂေါင်းကြီးသည် ဆိတ်သိုး၏ အသွားအလာကို စုံစမ်းလေသည်။ ထိုနေ့သည် စနေနေ့ဖြစ်လေရာ တစ်နေ့လုံး . .

www.burmeseclassic.com

မိုးစွေနေသည်။ လမ်းမီးထွန်းချိန်ရောက်သည့်တိုင် မိုးတဖွဲဖွဲကျနေသည်။ ဆိတ်သိုးသည် ကမ်းနားဈေးရှိ အမေမှင်၏ အရက်ဆိုင်ဆီသို့ ညဈေးမှ ဆိုက်ကား စီးသွားလေသည်။ အသွားအလာကို စောင့်ကြည့်နေသော ဂေါင်းကြီး၏တပည့် တစ်ဦးမြင်သွားပြီး သတင်းပို့လိုက်သည်။

ဆိတ်သိုးသည် အမေမှင်ဆိုင်တွင် အရက်သောက်ရာ ရေချိန်လွန်သွားသည်။ ရာသီဥတုကလည်း အေးသဖြင့် အသောက် လွန်ကဲသွားခြင်း ဖြစ်လေသည်။

ဆိုင်ထဲမှ လမ်းမဆီသို့ ဒယီး ဒယိုင်ချော်မလဲအောင် လျှောက်လာလေသည်။ ကမ်းနားဈေးဘက်မှ ဗားကရာဆိပ်ကမ်းဘက်သို့ သိုင်းကွက်နင်း လျှောက်လာသည်ကို ဂေါင်းကြီးတွေ့ရလေသည်။ သဲကွင်းထိပ် ကုက္ကိုပင်ကြီးဘေးတွင် ကပ်နေရာမှ အပြင်သို့ လှမ်းထွက်လိုက်သည်။ လမ်းမီးမှာ လေပြင်းတိုက်ထားသဖြင့် မီးမလင်းပေ။ ဂေါင်းကြီးရှေ့ထွက်လိုက်စဉ် ဆိတ်သိုးသည် ဦးခေါင်းစိုက်ကျပြီး ရှေ့ငါးပေခန့် ကျော်တက်သွားသည်။ ဂေါင်းကြီးသည် ကုတ်အင်္ကျီထဲမှ ဓားမြှောင်ကို ညာလက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ရှေ့မှသွားနေသော ဆိတ်သိုး၏ လည်ပင်းဆီသို့ ဓားမြှောင်ကို တအားထိုး စိုက်လိုက်သည်။

"အား"

အသံနက်ကြီးပေါ်ထွက်လာပြီး လဲကျသွားလေသည်။ ဆိတ်သိုးသည် သတိကောင်းသူဖြစ်ရကား ချက်ချင်းမသေဘဲ ဂေါင်းကြီးကို ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။ ဂေါင်းကြီးသည် သတ်ချင်သောစိတ်ပြင်းထန်ခဲ့သော်လည်း နဖူးတွေ့ ဒူးတွေ့ ဆိတ်သိုး၏ ပြူးထွက်နေသော မျက်လုံးကို မြင်ရသည့်အခါ တုန်လှုပ်ချောက်ချားပြီး ကြက်သီးတဖြန်းဖြန်းထလေသည်။

ဘေးဝန်းကျင်တွင် မှောင်ရိပ်ကြောင့်လည်းကောင်း၊ မိုးအေးသဖြင့်လည်းကောင်း၊ လူသွားလူလာပြတ်လပ်ပြီး ကားအသွားအလာရှင်း၍နေလေသည်။ ဂေါင်းကြီးသည် ဆိတ်သိုးကို ပြန်မကြည့်ရဲတော့ဘဲ ထိုနေရာမှ သုတ်ခြေတင်ထွက်ခဲ့လေသည်။

× × ×

ဆိတ်သိုး အသတ်ခံရကြောင်း သဲကွင်းဈေးကလေးရပ်ကွက်တွင်လည်းကောင်း၊ ညဈေးတွင်လည်းကောင်း ပျံ့နှံ့နေရာ အထူးသဖြင့် သေသည့်တိုင် မျက်လုံးပွင့်နေကြောင်း ပြောစမှတ်ဖြစ်နေလေသည်။

အိုးဘိုရဲစခန်းမှ စခန်းမှူး ဦးလှသောင်းသည် သေမှုသေခင်း အမှုဖွင့်ပြီး လူသတ်တရားခံကိုအပူတပြင်း စုံစမ်းထောက်လှမ်းနေလေသည်။ ဆိတ်သိုး အသတ်ခံရသောနေ့တွင် ဂေါင်းကြီးခရီးထွက်နေကြောင်း ၎င်း၏တပည့်များကပြောကြားသော်လည်း ဂေါင်းကြီးအား စစ်ရန်လိုအပ်လေသည်။ သို့သော် ဂေါင်းကြီးသည် ရှောင်တိမ်းနေလေသည်။ ဂေါင်းကြီးသွားတတ်သည့်နေရာများကို လိုက်သော်လည်းမတွေ့ရပေ။ တစ်နှစ်မျှကြာခဲ့လေသည်။

× × ×

သဲကွင်းဈေးကလေးရပ်ကွက်တွင် နှစ်စဉ်ဘုရားပွဲကျင်းပလေသည်။ ဘုရားပွဲမကျင်းပမီ ရှေးရိုးရာအစဉ်အလာအတိုင်း ဦးရှင်ကြီးပွဲကို ကျင်းပရသည်။ ဦးရှင်ကြီးပွဲ ပသပြီးမှ သာလျှင် ဘုရားပွဲကိုစတင်ကျင်းပလေသည်။ ထိုသို့ အစဉ်အလာအရ ကျင်းပလာသည်မှာ နှစ်ပေါင်း ၁၀၀ မက ရှိခဲ့ပြီ။ ပြာသိုလဆန်းပိုင်းတွင် ဦးရှင်ကြီးပွဲကို စတင်ကျင်းပလေသည်။ ယခုနှစ်တွင်လည်း ဦးရှင်ကြီးပွဲကျင်းပရန် ဗုဒ္ဓဝိဟာရ မဏ္ဍာရုံရှေ့တွင် စင်ထိုးရလေသည်။ ပေ ၂၀ ပတ်လည်စင်ကြီး နှစ်ခုကို မျက်နှာချင်းဆိုင် ဆောက်ထားပြီး အလယ်တွင် ၁၀ ပေခန့်ခြားကာ လူသွားလမ်းထားရှိလေသည်။ ပြာသိုလဆန်း ၅ ရက်နေ့တွင် ဦးရှင်ကြီးပွဲ ကျင်းပတော့မည်ကို ရပ်ကွက်ဝန်းကျင်က သိလေသည်။ ထိုနေ့ည ၈ နာရီခန့်အချိန်တွင် ဦးရှင်ကြီး ကိုးမြို့ရှင်တို့ကို ပသရန် ပင့်ဖိတ်မည်ဖြစ်လေသည်။

ဦးရှင်ကြီးဆွမ်းတင်သောည . . ။

ခေါင်းရင်းဘက် ငါးပေအမြင့်ရှိသော စင်၏ အလယ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိပြီး ကန်တော့ပွဲများထိုးကာ အချိုပွဲ ကပ်လှူထားသည်။ ဆင်းတုတော်ဘယ်ဘက်တွင် ငါးပေအရွယ်ခန့်ရှိ အဘကိုးမြို့ရှင်သည် ရှမ်းဘောင်းဘီ အနက်ဝတ်လျက် ရှမ်းဦးထုပ်ဆောင်းထားပြီး လက်နှစ်ဖက်တွင် ဓားကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပကတိလူကဲ့သို့ပင်။ အဆိုပါ ရုပ်တုရှေ့တွင် ခမောက်နှင့် ဓားနှစ်လက်ကို ချထားလေသည်။ ဆင်းတုတော်၏ ညာဘက်တွင်ကား အမြင့်ငါးပေခန့်ရှိ စောင်းတော်ကို ပိုက်လျက် စီးတော်ကျားနှင့်အတူ ရှိနေသော ရေငန်ပိုင်ဦးရှင်ကြီးကို တွေ့ရသည်။ ၎င်း၏ ရှေ့တွင် လေးပေခန့်အရွယ်ရှိ ကျားရုပ်သုံးကောင်တို့တွေ့ရသည်။ ၎င်းရုပ်တုတို့ရှေ့တွင် ရပ်ကွက်အလှူရှင်များက ပေးပို့ထားသော ပန်းအိုးများကို ထားရှိလေသည်။ ပန်းအိုးချင်းမမှားရန် လိပ်စာများရေးပြီးစာကပ်ထားကြရလေသည်။ ထိုပန်းအိုးများကို နေ့လယ် ၃ နာရီမှစ၍ ပို့ထားကြရသည်။ ခြေရင်းဘက်စင်ကြီးပေါ်တွင် မြန်မာ့ဆိုင်းဝိုင်းကြီး အခန့်သားခင်းနေရာယူထားသည်။ ပွဲတော်စတင်နေသဖြင့် ဈေးကလေးလမ်းမတစ်လျှောက် မုန့်ဆိုင်များ အစီအတန်းရှိလေသည်။

မှောင်စပျိုးသည်နှင့် ဈေးကလေးရပ်ကွက်ဘေးဝန်းကျင်ဖြစ်သော အိုးဘို၊ ချင်းချောင်းခြံ၊ ထီးတန်းဈေးကြီးတို့မှ လူကြီးလူငယ်၊ မိန်းကလေးကြီးငယ်စုံတို့သည်လာရောက်ကြည့်ရန် စောစောနေရာယူထားကြသည်။ ဦးရှင်ကြီးစင်၏ ဘေးဝန်းကျင်တွင် ကြိတ်ကြိတ်တိုးစည်ကားနေလေသည်။ ဦးရှင်ကြီးပင့်ပြီးလျှင် ၎င်း၏နောက်တော်ပါးများ ဖြစ်ကြသော သရဲ၊ ကျား၊ မိကျောင်းဝင်ပူးကပ်သည်ကို ကြည့်ရှုရန်ဖြစ်လေသည်။ ဦးရှင်ကြီးစင်ပေါ်တွင် ဝင်ရောက်ပူးကပ်ခံကြရမည့်သူများသည် ကန်တော့ပွဲထိုးထားသော ခုံတန်းရှေ့တွင် အစီအရီထိုင်ကြရလေသည်။

ည ၈ နာရီထိုးသည်နှင့် ဆိုင်းဝိုင်း စတီးလေသည်။ ဆိုင်းသံကြားသည်နှင့် လူများလည်း တိုးဝှေ့ပြီး စင်နားသို့ကပ်ကြလေသည်။ ဦးရှင်ကြီးရုပ်တုရှေ့တွင် ရွှေတောင်ပြုန်းရွှေတိုက်စာရင်းဝင် ဦးဒီပါသည် ဘုရားကန်တော့ပန်းဂါထာကို ရွတ်ဆိုနေသည်။ ဆိုင်းဝိုင်းမှလည်း ထိုဂါထာအတိုင်း တီးမှုတ်ပေးလေသည်။ ဦးဒီပါသည် ပန်းရောင်ခေါင်းပေါင်း၊ ပန်းရောင်ပဝါရှည်၊ ပန်းရောင်ဘန်ကောက်လုံချည်ဝတ်လျက် ဇာတ်မင်းသားဟန်ဖြင့် ရွတ်ဆိုပူဇော်နေသည်။ ပရိသတ်ကား ငြိမ်သက်ခြင်းမရှိ။ သူ့အစုနှင့်သူ ထွေရာလေးပါးပြောနေကြသည်။ ဦးဒီပါက စတင်ပြီး အဘကိုးမြို့ရှင်အား ပင့်သည့်ဂါထာရွတ်လေသည်။ ဂါထာတစ်ပုဒ်ပြီးလျှင် ဆိုင်းကတစ်ခါတီးလေသည်မှာ အတိုင်အဖောက်ညီလေသည်။

"ကြွတော်မူပါ အဘကိုးမြို့ရှင်ခင်ဗျား"

ဦးဒီပါသည် အသံကို ဆွဲလျက် ဆိုလိုက်လျှင် ဆိုင်းဝိုင်းမှ ရှမ်းသိုင်းထုံပေထုံ . . ထုံပေထုံ တီးလေသည်။ ထိုစဉ် စင်ပေါ်တွင် ထိုင်နေသူ ဈေးထဲမှ အထမ်းသမားဘအေးသည် ဝုန်းကနဲ မတ်တတ်ရပ်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ပြီးလျှင် ကိုးမြို့ရှင်ရုပ်တုရှေ့သွားပြီး လက်ညှိုးထိုးလေသည်။ နတ်ထိန်းများ ၎င်း၏ ခါးတွင် ကြိုးအနီစည်းပေးသည်။ ရှမ်းခမောက်ဆောင်းပေးပြီး ၎င်း၏ လက်ထဲသို့ ဓားနှစ်လက်ထည့်ပေးလိုက်လေသည်။ လူကြောက် ဘအေးသည် သိုင်းမကစားတတ်မှန်းတစ်ရပ်ကွက်လုံးသိသည်။ယခုတော့ အလွန်ထက်သော ဓားနှစ်လက် ကိုင်ကာ ဓားကို လည်ပင်းပေါ်တင်လိုက်၊ ပခုံးပေါ် ဆွဲလိုက်နှင့် အသည်းယားဖွယ် ကနေလေသည်။ ဘအေးအကြောင်းသိသူများကလည်း လွန်စွာအံ့သြ

လူကြောက် ဘအေးသည် သိုင်းမကစားတတ်မှန်း တစ်ရပ်ကွက်လုံး သိသည်။ ယခုတော့ အလွန်ထက်သော ဓားနှစ်လက်ကိုင်ကာ ဓားကို လည်ပင်းပေါ် တင်လိုက်၊ ပခုံးပေါ်ဆွဲလိုက်နှင့် အသည်းယားဖွယ် ကနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နေမိလေသည်။ ပွဲကြည့် ပရိသတ်အချို့မှာ ကိုးမြို့ရှင်ကို ထိုင်ပြီးကန်တော့ကြလေသည်။ မကြာခင် ဘာအေးလည်း အကရပ်ပြီး ပျော့ခွေသွားစဉ် နတ်ထိန်းများက ပြုစုပြီး ထိုင်ခိုင်းထားလေသည်။ ဆိုင်းကလည်း ခဏရပ်နားလိုက်သည်။

အစဉ်အလာအရ ဦးရှင်ကြီးပင့်ပြီးလျှင် မွေးနီဆိုသောသရဲကိုခေါ်ရန် ဖြစ်လေသည်။ ထိုသို့မခေါ်မီ မွေးနီသရဲအဖြစ် ဝင်ပူးရန် အမဲသားရောင်းသူ ခေါ်တောကို အရက်အနည်းငယ်တိုက်၊ ဘောင်းဘီတိုသာဝတ်စေပြီး တစ်ကိုယ်လုံးတွင် ထုံးနှင့်မီးသွေးကို အသုံးပြုပြီး ခြယ်သထားရသည်။ သရဲနှင့်တူအောင် ခါးတွင်သစ်ရွက်များ သီ၍ ပတ်ထားပေးရသည်။ ခေါ်တောနှင့် ကာလသားတစ်သိုက်သည် ရပ်ကွက်၏ထိပ် သရဲခြောက်သည်ဆိုသော ကုက္ကိုပင်အောက်တွင် စုဝေးပြီး အခေါ်ကိုစောင့်နေရသည်။ မွေးနီသည် ဈေးကလေးသားဖြစ်ပြီး လှိုင်မြစ်အတွင်း ရေနစ်၍ သေခဲ့သည်။ မကျွတ်မလွတ်ဖြစ်ကာ ရပ်ကွက်ကို စောင့်ရှောက်သည်ဟု ရှေးလူကြီးများက ဆိုသည်။ ဦးရှင်ကြီးပွဲတင်တိုင်း ဝင်ပူးလေ့ရှိရာမှ အစဉ်အလာဖြစ်ကာ ယခုတိုင် မွေးနီသရဲကို ဖိတ်ပြီး ပျော်စေလေသည်။

ဦးဒီပါသည် ရေငန်ပိုင် ဦးရှင်ကြီး၏ ဇာတ်လမ်းကို စတင်ပြီး ရွတ်ဆိုလေသည်။ ဆိုင်းမှလည်း သီချင်းအတိုင်း တီးပေးနေသည်။

× × ×

ပြည်ဘက်သို့ ရှောင်တိမ်းနေသော ဂေါင်းကြီးသည် ပြည်ရထားနှင့်အတူ ကြည့်မြင်တိုင်ဘူတာသို့ ရောက်လာလေသည်။ မည်ကဲ့သို့ဖြစ်သည် မသိ။ ဒီနေ့မှ အိမ်သို့ပြန်ချင်သည့်စိတ်ကို တားမရသဖြင့် ပြည်ရထားစီးခဲ့ခြင်း ဖြစ်လေသည်။ ဘူတာသို့ရောက်လျှင် ဘူတာသို့ရောက်လျှင် အိမ်သို့ပြန်ရန်ဖြစ်သော်လည်း ဆိုင်းသံကြားနေရလေသည်။ နှစ်တိုင်း သွားကြည့်နေကျ ဈေးကလေး ဦးရှင်ကြီးတင်ပွဲဖြစ်၍ အလိုလိုခြေလှမ်းမိလေတော့သည်။

နတ်ကတော် ဦးဒီပါသည် ဇာတ်လမ်းဆုံးပြီဖြစ်သဖြင့် ကျောင်းဆောင်ပေါ်ပင့်ရန် စတင်ရွတ်ဆိုလေသည်။

"ပုလဲငွေမှို့ သဲရေဗို့ ပဲခွေမြို့အပိုင်၊ အောက်ခရိုင်၌၊ ကျောက်တိုက်ဘက်၊ နေမင်းအတိ၊ရေစာရင်းညှိလိုက်တော့၊ ရေကင်းအထိပိုင်ပေသော၊ နတ်ဦးအရှင်ခင်ဗျား . .

. . . . . . . . .

. . . . . . . . .

ရေငန်မင်းတစ်ကျွန်းပိုင်၊ ထွန်းအဆိုင်မှာ၊ ဆွမ်းထိုင်လို့သုံးပါရန်၊ ဘုန်းရှိတဲ့ နတ်ရာဇာ၊ ကြွတော်မူလှည့်ပါ ခင်ဗျား"

ဦးဒီပါရွတ်ဆိုမှုဆုံးသည်နှင့် အသောက်အစားကင်းသူ ဦးဘသော်ဂေါပကလူကြီးကို ဝင်ပူးရာ ဦးရှင်ကြီးရုပ်တုကို မျက်တောင်မခတ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်ကို လူအားလုံးတွေ့ရလေသည်။

ကိုယ် ရှေ့တိုးနောက်ဆုတ် ယိမ်းထိုးနေသည်။ နှုတ်မှ မည်သည့်စကားကိုမှမဆိုပေ။ လက်တွင် အုန်းရည်ဖန်ခွက်ကို ကိုင်ထားသည်။ ဦးဒီပါက ဦးဘသော်ရှေ့တွင် မုန့်ဆန်းပန်ကန်ကို ဆက်ရင်း . .

"မိန်းမလှခေါ်ညွန်း၊ စံတော်ကွန်းက၊ ကျွန်းညှိလုံးပိုင်ခင်ဗျား . . တင်ဆွမ်းမယကာကို ရှင်လန်းစွာဘုဉ်ပေး၊ သုံးဆောင်တော်မူပါကျွန်းညှိသခင် နတ်ဦးရှင်ခင်ဗျား"

ရွတ်ဆိုလျှောက်ထားရာ ဦးရှင်ကြီးသည် မုန့်ဆန်းပန်းကန်ကို စားသည့်သဖွယ် ဟန်လုပ်ပြီး ယိမ်းထိုးနေလေသည်။ ထိုစဉ် စင်ပေါ်ရှိ လူအချို့သည် မိကျောင်း၊ ကျားဝင်ပူးကြလေသည်။ မိကျောင်းပူးကပ်သူတို့မှာ ချထားသော ရေဇလုံကို ပါးစပ်ဖြင့်ကိုက်၍ အပေါ်သို့ ပစ်မြှောက်ကစားလေသည်။ မိကျောင်းသဖွယ် စင်ပေါ်တွင် လူးလှိမ့်နေသည်။ ကျားဝင်ပူးကပ်သူတို့မှာ ရှေ့ကျွမ်း နောက်ကျွမ်းပစ်ကစားသည်မှာ ယုံနိုင်စရာပင်မရှိပေ။ နောက်ကျွမ်းပစ်ဖို့ရာလေ့ကျင့်ထားမှသာ ပြုလုပ်နိုင်သော်လည်း ယခုဝင်ပေါ်တွင် ဆိုက်ကားနင်းသူ တင်ညွန့်သည် ကျွမ်းပစ်လိုက်၊ ငှက်ပျောတစ်ဖီးကို ပါးစပ်ကိုက်ပစ်ခေါင်းယမ်းလိုက်သည်မှာ ပရိသတ်အတွင်းရောက်ရှိလေသည်။ လွင့်ကျလာသော ငှက်ပျောသီးကို ဝိုင်းလုကြသည်မှာ ပျော်စရာပင်။ ဦးရှင်ကြီး၏ နောက်တော်ပါးများစတင်ပျော်သည်နှင့် ဦးဒီပါသည် စပီကာမှ . .

"ပျော်ရန်တလီ မောင်မွေးနီရေ . . ."

ဟုခေါ်လေသည်။ ခေါ်သံစောင့်နေသော ကုက္ကိုပင်အောက်မှ လူစုသည် တင်းပုတ်ကြီးကို မွေးနီဖြစ်မည့်ခေါ်တော

www.burmeseclassic.com

လက်ထဲထည့်ပေးပြီး ဝိုင်း၍ ညာသံပေးဟစ်ကြွေးလေသည်။

"မွေးနီလာပြီဟေ့"

အုပ်စုလိုက်အော်ပြီး လမ်းမအတိုင်း ဦးရှင်ကြီးစင်ရှိရာသို့ လာကြလေသည်။ ပရိသတ်လည်း သရဲလာပြီဟေ့ အသံကြားသဖြင့် ဟိုကြည့် ဒီကြည့်ဖြင့် ဘယ်နေရာက ပေါ်လာမည်ကို တထိတ်ထိတ်ကြည့်ရသည်။ ဘာမဆိုင် ညာမဆိုင် တင်းပုတ်ဖြင့် အထုခံရပါက လျော်ကြေးရမည် မဟုတ်ပေ။

ဂေါင်းကြီးသည် လူများတိုးဝှေ့ခြင်းခံရသဖြင့် ဆိုင်းဝိုင်းစင်ဘေး သရဲစင်ပေါ်တက်မည့် လမ်းပေါ်ရောက်နေလေသည့် ခေါ်တောမွေးနီသည် တင်းပုတ်ကို ဝှေ့ရမ်းလျက်လာရာ သူ့လူများက လမ်းရှင်းပေးရသည်။ လမ်းတစ်လျှောက်တွင် တင်းပုတ်ကို ပတ်ချာလှည့်သဖြင့် ထိမှာစိုးသောကြောင့် လူများ ရှောင်ပေးရလေသည်။ ဆိုင်းဝိုင်းမှလည်း ဗိန်းဗောင်းတိုက်တီးနေသဖြင့် သရဲအုပ်စု၏ အော်သံကို သဲကွဲစွာ မကြားရချေ။ မွေးနီသရဲသည် ဂေါင်းကြီးနှင့်တဖြည်းဖြည်းနီးလာလေသည်။ ဂေါင်းကြီးသည် အနောက်သို့ အားတင်းပြီးဆုတ်သော်လည်း လူအုပ်ကြီးမှ ပြန်တွန်းထားသဖြင့် နောက်သို့ ဆုတ်ရန် အခွင့်မသာချေ။ သရဲဝင်နေသည်ဟု ဆိုသော ခေါ်တောကို ဂေါင်းကြီးသည် တစ်ခါဘူးမျှမတွေ့ဘူးချေ။ လူလုံးကွဲသည့်နေရာသို့ ရောက်လျှင် မွေးနီသရဲကို မြင်လိုက်ရာ ဂေါင်းကြီးသည် ထိတ်လန့်ပူထူသွားပြီး ကြက်သီး ဖြန်းကနဲ ထသွားလေသည်။ သူတွေ့မြင်ရသည်မှာ သူသတ်ခဲ့သော ဆိတ်သိုး၏ မျက်နှာနှင့် မျက်လုံးပင်တည်း။ ဆိတ်သိုးမသေခင် သူ့ကိုကြည့်ခဲ့သော မျက်လုံးအစုံပင်ဖြစ်လေသည်။ ဆိုင်းဝိုင်းသံ ဆူညံနေသော်လည်း "ဆိတ်သိုးကွ၊ ဆိတ်သိုးကွ"ဟု အော်ပြီး ငင်းရှေ့အရောက်တွင်တင်းပုတ်ဖြင့် ထုလေသည်။

သူတွေ့မြင်ရသည်မှာ သူသတ်ခဲ့သော ဆိတ်သိုး၏ မျက်နှာနှင့် မျက်လုံးပင်တည်း။ ဆိတ်သိုးမသေခင် သူ့ကိုကြည့်ခဲ့သော မျက်လုံးအစုံပင်ဖြစ်လေသည်။

ဂေါင်းကြီးမှာ ခန္ဓာကိုယ်သေးသဖြင့် တင်းပုတ်ဒဏ်မခံနိုင်ဘဲ လဲကျသွားလေသည်။ ဘေးမှ အထိန်းများက ဝိုင်းဆွဲပြီး ဦးရှင်ကြီးစင်ပေါ်အတင်းဆွဲတင်ရလေသည်။ လှေကားထိပ်တွင်စောင့်ကြည့်နေသော နတ်ကတော်ဦးဒီပါသည် ဝင်ပူးလာသူမှာ မွေးနီမဟုတ်မှန်းသိသဖြင့် နှုတ်မှ တတွတ်တွတ်ရွတ်ဆိုရင်း ခေါ်တော၏ ဖက်ပိုးကို ညာလက်ဖြင့် ဖြောင်းခနဲမြည်အောင် ရိုက်ချလိုက်သည်။ ထိုအခါမှ မွေးနီကွဟု အော်ရင်း တင်းပုတ်ကို ချကာ မုန့်ဆန်းပန်းကန်ကို လက်တစ်ဖက်စီတွင် တင်လျက် အပေါ်အောက် မြှောက်ကာ ကစားသည်မှာ ဆပ်ကပ်ပြနေသည့်အလား ထင်ရလေသည်။ လူအုပ်ကြီးမှာလည်း မွေးနီနှင့်ကျားများ၊ မိကျောင်းများကစားသည်ကို ငေးမောနေကြလေသည်။

တင်းပုတ်ထုခံရသော ဂေါင်းကြီးကို ခမွာရုံအတွင်းပြုစုကြလေသည်။ လုံခြုံရေးတာဝန်ကျနေသော အိုးဘိုရဲစခန်းမှူး ဦးလှသောင်းလည်း ရောက်လာပြီး လူနာကိုကြည့်ရှုလေသည်။

"ဟေ့ကောင် ဂေါင်းကြီး"

ဦးလှသောင်းက အသံမာမာဖြင့် ခေါ်လိုက်သည်။

"ဗျာ . . ဆရာ"

ဂေါင်းကြီး၏အမူအရာပျက်၍နေလေသည်။ မလွတ်မှန်းတော့သိနေလေပြီ။

"ဆရာ၊ ကျွန်တော်မေးချင်တာ မေးပါရစေဆရာ"

"မေးစမ်းကွာ၊ ပြော . . ဘာမေးမလဲ"

ထိုစဉ် ဦးဒီပါ၏ ဦးရှင်ကြီးအား ကျွန်းညိုသို့ ပြန်ပို့သော ရွတ်သံကိုကြားရသည်။

"နေအဝင်<br>ရွှေကညင်သာတဲ့လမ်းကို<br>နတ်နန်းပျော်၊<br>စောင်းတော်မပြီး<br>အပေါင်းအဖော်တို့နှင့်<br>ကျောင်းတော်က<br>ကြွတော်မူပါ<br>ရေငန်တစ်ရိုး ပိုင်အုပ်စိုးပါတဲ့<br>ဒေဝါသခင်၊<br>နတ်ဦးရှင်ခင်ဗျား"

ဆိုင်းဝိုင်းက ဖြောခေါက်နေလေပြီ။

"မွေးနီ သရဲဝင်ပူးတာဘယ်သူလဲ ဆရာ"

"မင်းသတ်ခဲ့တဲ့ ဆိတ်သိုးရဲ့ အမြှာပူးညီပေါ့ကွာ"

- ဟိန်းဇေယျာ(စံမြင့်မြတ်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သံတုတ်ပြောင်ကြီး

## ✤ ပန်းတနော်နောင်လတ်

(၁)

ကယားပြည်နယ်တွင် ညှော်သည် အဖြစ်ရောက်ရှိနေသော ကျွန်တော့်ကို လွိုင်ကော်မြို့သား ကိုခင်မောင်မြင့်က ဘီလူးချောင်းနံ့ဘေးရှိ "ရွှေငါးလေး စားသောက်ဆိုင်"၌ ညှော်ခံကျွေးမွေးပြီး "ဆရာ ငွေတောင်ကိုသွားမယ်" ဟုပြောသည်။

"ဒွေးမယ်နော်တို့ ပျော်စံရာကို ရောက်ဖူးတာပေါ့ဗျာ"

ကျွန်တော့်စကားအဆုံးတွင် ကိုခင်မောင်မြင့်က သူ့စီးတော် ဆိုင်ကယ်ပေါ်ခွသည်။ ကျွန်တော်က သူ့နောက်တွင်ထိုင်သည်။

အလှကျက်သရေဝေဖြာနေသော ငွေတောင်ကို မရောက်သေး။ ငွေတောင်၏အလှကိုတော့ အဝေးမှမြင်နေရသည်။ မြစိမ်းပုဝါ ခြုံထားသော မင်းသမီးလေးလိုပါတကား။

ကိုခင်မောင်မြင့်က ဆိုင်ကယ်ကို "ရွှေအုန်းပင်" ကွမ်းယာဆိုင်ရှေ့တွင် ရပ်သည်။ "ရွှေအုန်းပင်" ကွမ်းယာဆိုင်သည်လူမျိုးမရွေး ဘာသာမရွေး ကွမ်းယာကြိုက်သူတိုင်း စွဲမက်သောကွမ်းယာဆိုင်ဖြစ်သည်။ ဆိုင်ရှင်များက သဘောကောင်းသည်။ အပြောချိုသည်။ မျက်နှာပြုံးရွှင်သည်။ ကွမ်းယာ အစပ်အဟပ်ကောင်းသည်။ ပေါင်းသင်းဆက်ဆံရေးကောင်းသည်။ထိုအကြောင်းများကြောင့် ကွမ်းယာသမားများလက်မလွှတ်နိုင်၊ အားထားကြရသော ဆိုင်ဖြစ်နေသည်မှာမဆန်း။

"ရွှေအုန်းပင်"ဆိုင်မှ ပြန်ထွက်ပြီး ခဏအကြာ၌ ဆိုင်ကယ်ကဗွေဖောက်လာသည်။ ဟုတ်ဟုတ် ဟုတ်ဟုတ်ကနေ မဟုတ်မဟုတ်မဟုတ် ဖြစ်လာသည်။ တော်သေးသည်။ ဆိုင်ကယ်က "မိသားစုဆိုင်" ရှေ့မှာဖြစ်လို့။

နှစ်ယောက်သား ဆိုင်ကယ်ပေါ်မှ ဆင်းသည်။ ကိုခင်မောင်မြင့်က ဆိုင်ကယ်ကို "မိသားစုဆိုင်ကယ်ပြုပြင်ရေးနှင့် ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်" ထဲ တွန်းဝင်လိုက်သည်။

"ဆိုင်ကယ်ဘာဖြစ်လို့လဲ ကိုခင်မောင်မြင့် လာဗျာ"

ဆိုင်ရှင်က ကိုခင်မောင်မြင့်နှင့် ကျောင်းနေဘက်သူငယ်ချင်း "နာမည်ကမင်းသူ"၊ ကိုခင်မောင်မြင့်ကဆိုင်ကယ်ခွထောက်ထောက်ပြီး ကိုမင်းသူရှိရာလာသည်။ ကျွန်တော်က သူ့ဘေးက ပါလာသည်။

"ဘာဖြစ်မှန်းမသိဘူး ကိုမင်းသူ ကြည့်ပြီးလိုအပ်သလို ကောင်းအောင် ဆောင်ရွက်ပေးပါဦး"

"ထိုင်ကြပါ လက်ဖက်ရည်သောက်ပါ"

ကိုမင်းသူက သူ့အလုပ်သမားတစ်ယောက်ကို ခေါ်ယူတာဝန်ပေးပါသည်။

"ပြောင်ကြီးရေ ငါ့သူငယ်ချင်းရဲ့ ဆိုင်ကယ်ကို သေသေချာချာ စစ်ဆေးကြည့်ပြီးကောင်းအောင်လုပ်ပေးလိုက်ပါ"

အလုပ်သမားများက ဆိုင်ကယ်ပြင်သူကပြင်၊ ဆိုင်ကယ်အပိုပစ္စည်း ရောင်း



www.burmeseclassic.com

www.burmeseclassic.com

သူကရောင်း၊ အလုပ်ရှုပ်နေသည်။ ဆိုင်ကယ်ပြင်သူထဲမှ လူတစ်ယောက် ချက်ခြင်းရောက်လာသည်။ သူ့ဟန်အမူအရာက ဖျတ်ဖျတ်လတ်လတ်၊ တည်တည်ငြိမ်ငြိမ်၊ သူ့မျက်နှာက အိန္ဒြေရရ၊ သူ့ခေါင်းထက်ရှိ ဆံပင်များက အတော်ရှည်သည်။ ယည်ပင်းကုတ်ထောက် သာသာရှိသည်။

"စိတ်ချပါဆရာ"

ပြောင်ကြီးဟု အခေါ်ခံရသူက ချက်ခြင်း နောက်ပြန်လှည့်သွားသည်။

ကျွန်တော်နှင့် ကိုခင်မောင်မြင့်က ပြောင်ကြီးကို ကြည့်သည်။ ဖျတ်လတ်သွက်လက်စွာလမ်းလျှောက်သောကြောင့် ပြောင်ကြီး၏ ဆံပင်ရှည်များက ကျောပေါ်မှနေ၍ဖွာခနဲ ဖွာကနဲ ထထခုန်နေသည်။

(၂)

"ဆရာနဲ့ ကိုမင်းသူကို မိတ်ဆက်ပေးရမယ်"ဟုပြောပြီး ကိုခင်မောင်မြင့်က ကျွန်တော်နှင့် ကိုမင်းသူကို မိတ်ဆက်ပေးပါသည်။

ကိုမင်းသူက "မိသားစုဆိုင်" ပိုင်ရှင်ဖြစ်ကြောင်း"မိသားစု ဆိုင်ကယ်ပြုပြင်ရေးနှင့် ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး" ဆိုင်ရှိ သူများမှာ တကယ်တော့ ဆွေမျိုးရင်းချာများ မဟုတ်ကြကြောင်း၊ ဆွေမျိုးဝမ်းကွဲများလည်းမတော်စပ်ကြောင်း တစ်မိမ်းတစ်ရံစာများဖြစ်ကြသော်လည်း အားလုံးက တစ်စိတ်ဝမ်း တစ်လက်ညီ ညီရင်းအစ်ကိုလို သဘောထား၍ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံကြရကြောင်း၊ ကျွန်တော်က စာနယ်ဇင်းများတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး ပုံပြင်၊ ပြဇာတ်၊ ရုပ်ပြဇာတ်လမ်းစသည်တို့ရေးသည်မှာ ကြာပြီဖြစ်ကြောင်း မိတ်ဆက်ပါသည်။

ကိုမင်းသူက ကျွန်တော်လက်ကို ဆွဲကိုင်လှုပ်ရမ်းပြီး"ဆရာ့စာတွေ ကျွန်တော်ဖတ်ရပါတယ်၊ ဆရာ" ဟုဆိုကာ "ဆရာကိုရေးဖို့ ဇာတ်လမ်းတစ်ပုဒ်ပေးရဦးမယ်" ဆိုပြီး စကားရပ်လိုက်သည်။

"ခင်ဗျားကိုယ်တွေ့လား ကိုမင်းသူ"

"မဟုတ်ဘူး ကိုခင်မောင်မြင့် ပြောင်ကြီးရဲ့ဇာတ်လမ်း"

ကိုခင်မောင်ကြီး၏ အမေးကို ကိုမင်းသူက ပြောင်ကြီးရှိရာ လက်ညှိုးညွှန်၍ ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်က မေးလိုက်ရသည်။

"ကိုပြောင်ကြီးရဲ့ ဇာတ်လမ်းက သူ့ကိုယ်တွေ့လား"

"ကိုယ်တွေ့မှ သူ့ကိုယ်တွေ့၊ သူ့အဖြစ်အပျက်၊ သူ့ဘဝ တစ်စိတ် တစ်ပိုင်းဆရာရေ့"

ကျွန်တော်နှင့် ကိုခင်မောင်မြင့်က ပြောင်ကြီးအလုပ်လုပ်နေသည်ကို လှမ်းကြည့်သည်။ ပြောင်ကြီးက ဆိုင်ကယ်ပြင်ပြီးသွားပြီးထင်သည်။ လက်တွင်ပေကျံနေသော ဆီချေးများကိုပင် အဝတ်ပောင်းနှင့် သုတ်နေပေပြီ။

"ပြောင်ကြီးရေ အဲဒီဆိုင်ကယ်ပြင်ပြီးရင် ခဏလာဦးဟေ့"

"ဟုတ်ကဲ့ပါဆရာ"

တကယ်တော့ ဆိုင်ရှင်သည် ဘာဆရာမှမဟုတ်၊ ဆရာမဟုတ်မှန်းသိသော်လည်း ပြောင်ကြီးအပါအဝင် ဆိုင်ရှိ အလုပ်သမားအားလုံးက ရိုသေခင်မင်လေးစားစွာ ဆရာဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုသို့ ခေါ်သည်ကိုလည်း ကိုမင်းသူက မငြင်း။

"ထိုင်ကွာ ဟောဒီစာရေးဆရာကို မင်းဒီဆိုင်ကို ရောက်မလာခင်တုန်းက အကြောင်း ပြောလိုက်ပါဦး"

ပြောင်ကြီးက သူ့ဆရာထိုင်ခိုင်းသောခုံအလွတ်တွင် ဝင်ထိုင်သည်။ ကျွန်တော်က ရေနွေးကြမ်းတစ်ပန်းကန်ငှဲ့ပေးသည်။ အလျှူလက်ဖက်နှင့် မျက်နှာလုပ်သည့်သဘော။

"သောက်ပါဦး ကိုပြောင်ကြီး"

"ကျေးဇူးတင်ပါတယ် ဆရာ"

(၃)

ကျွန်တော့်နာမည် အရင်းကို "မောင်မောင်အေး"လို့ခေါ်ပါတယ်၊ ဒါပေမယ့် ငယ်ငယ်ကတည်းက မပေါက်တဲ့နောက်စေ့နေရာတဝိုက်က ဆံပင်မရှိတာကြောင့်"ပြောင်ကြီး" လို့နောက်ပြောင်ခေါ်ရာကနေ"ပြောင်ကြီး"အမည်တွင်ခဲ့တာပါ။ နောက်စေ့နေရာတဝိုက်မှာ ဆံပင်မပေါက်ပေမယ့် ခေါင်းပေါ်က ဆံပင်တွေကတော့ မြင်တဲ့အတိုင်း နက်ပြီးရှည်နေတော့ အခုကျွန်တော့်နောက်စေ့ပြောင်နေတာဘယ်သူမှ သတိမထားမိတော့ဘူး။ ငယ်ငယ်ကတော့နောက်စေ့ပြောင်နေတာပဲ၊ ဘယ်အရွယ်လောက်အထိလဲဆိုတော့ အသက်ဆယ့်ခြောက်နှစ်ကျော်တဲ့အထိ အသက်ဆယ့်သုံး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကျော်လို့ ဆယ့်ငါးနှစ်ထဲဝင်စ လူပျိုပေါက်အရွယ်မှာ ကျွန်တော် ပြဿနာ ဖြစ်ခဲ့တာပါပဲ။

အဲဒီအကြောင်းကို မပြောခင် ရွာအကြောင်း အရင်ပြောပါမယ်။ ကျွန်တော်တို့ မြို့နယ်ထဲမှာ ငှက်ပျောတော၊ သရက်တော၊ မရမ်းတော၊ ပေါက်တော၊ ထန်းတောစတဲ့ သဘာဝပေါက်ပင်တွေနဲ့ စိုက်ပျိုးပင်တွေ နာမည်ပေးထားတဲ့ ရွာတွေများတယ်။ ကျွန်တော်တို့ ရွာက အုန်းတော။

ကျွန်တော့်အသက်ဆယ့်လေးနှစ်ကျော် ဆယ့်ငါးနှစ်ထဲဝင်စ လူပျိုပေါက်အရွယ်မှာ ကောင်းမလေးတစ်ယောက်ကိုကြိုက်ခဲ့ဖူးတယ်။ သူ့နာမည်က "မွှေးမွှေး"၊ "မွှေးမွှေး"နေတာက ငှက်ပျောတောရွာ၊ ကျွန်တော်တို့ရွာနဲ့ ရွာနီးချင်း။ "နှင်းနှင်းခိုင်" ဆိုတဲ့ ကောင်မလေးက သူ့ သူငယ်ချင်း။

မိသားစု ကိုးယောက်ရှိတဲ့ ကျွန်တော်တို့ မိသားစုရဲ့ စားဝတ်နေရေးကို တွေးပြီး ရွာကျောင်းဆရာတော်က ကျွန်တော့်ကို ငယ်ငယ်ကတည်းက ခေါ်ပြီးမွေးတယ်။ ကျွေးတယ်။ အဝတ်အထည်ဆင်တယ်တဲ့ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ဖူးတဲ့ ကျွန်တော် ပြောခဲ့တဲ့အတိုင်း အသက် ဆယ့်လေးနှစ်ကျော်တော့ ဘုန်းကြီးကျောင်းသား မဖြစ်တော့ဘူး။ သင်္ဘောသားဖြစ်ခဲ့တယ်။

အဲဒီတုန်းက ဘုန်းကြီးကျောင်းကို လူတစ်ယောက်ရောက်လာတယ်။ သူက ကျွန်တော်တို့ရွာကလူ၊ ကိုသူတော်တဲ့ ကိုသူတော်က စက်မောင်းတတ်တယ်။ စက်ပြင်တတ်တယ်။ ဟိုတုန်းက ဆလင်ကြီးလုပ်ခဲ့ဖူးတယ်ဆိုပဲ။ သူနဲ့ လူတစ်ယောက်ပါလာတယ်။ ပါလာတဲ့ လူက လူရည်သန့် မြို့ကို ကျွန်တော်တို့ ရွာက ပြောင်းသွားတာကြာတဲ့လူ၊ သူက သူဌေး။

"ဆရာတော် ကျန်းမာပါရဲ့လား ဘုရား"

"အိမ်း . . . အနိစ္စရုပ်ကို ဒုက္ခနယ်ထဲ မြုပ်မျောမမျောခင် သံယောဇဉ်အမျှင် မဖြတ်နိုင်ခင်မှာတော့ ဒီလိုပဲနေရသေးတာပဲ သံသရာဝဲကလွတ်အောင် ရုန်းကန်နိုင်မှ ကျန်းမာချမ်းသာခြင်း အစစ်ကိုရရှိတယ်လို့ ဆိုရလိမ့်မယ် ဒကာရဲ့"

"တပည့်တော်က ဆရာတော်ရဲ့ တပည့်ကြီး ဦးကင်မြင့်ရဲ့သား မောင်ထွေးပါဘုရား ဖေဖေတို့ ဆုံးပြီး မြို့ကိုပြောင်းလို့စီးပွားရေးလုပ်ရာက အဆင်ပြေတာနဲ့ တပည့်တော်တို့ မြို့လေးနဲ့ ခရိုင်မြို့ကို နေ့ချင်းပြန်သွားတဲ့ သင်္ဘောတစ်စင်း ဝယ်ယူထားပါတယ်ဘုရား၊ အဲဒါ သင်္ဘောအတွက် စက်ဆရာလိုတာနဲ့ ကိုသူတော်ကို လာခေါ်တာပါဘုရား"

အဲဒီတင်ပဲ ဆရာတော်က ကျုပ်ကို ခေါ်တယ်။

"ဟဲ့ ပြောင်ကြီး လာဦး"

"တင်ပါ့ဘုရား" ဆိုပြီး မြန်မြန်သွားခဲ့ရတာပေါ့။

ဆရာတော်က ကျုပ်ကို ပြပြီးတော့ ပြောတယ်။

"ဒီကောင်ကို ငယ်ငယ်လေးကတည်းက ကျုပ်ကမွေးထားတာ၊ သူ့ကို ဘုန်းကြီးကျောင်းသားဘဝနဲ့ပဲ သူ့ဘဝ မဆုံးစေချင်ဘူး။ သူ့ကြည့်ရတာ စက်မှုဝါသနာပါပုံရတယ်၊ အဲဒါ ဒကာကြီး ဖြစ်နိုင်ရင် ပြောင်ကြီးဆိုတဲ့ ဒီကောင့်ကို သင်္ဘောမှာလိုတဲ့ နေရာသုံးရင်း စက်ပညာလေးဘာလေး သင်ပေးဖို့ခေါ်သွားစေချင်တယ်၊ လခတွေဘာတွေ မလိုပါဘူး။ ထမင်းကျွေး အဝတ်အစားဆင်၊ တစ်ခါတစ်ခါ မုန့်ဖိုးနည်းနည်းပေး၊ ဒီလောက်ဆိုတော်ပါပြီ"

ဦးမောင်ထွေးဆိုတဲ့ သူဌေးက စက်ဆရာ ကိုသူတော်ကို အဖော်စပ်တယ်။ ကျွန်တော့်ကို ခေါ်သွားရင် အဆင်ပြေမလားပေါ့။

"ကောင်းသားပဲ၊ ကျွန်တော်လည်း လက်တိုလက်တောင်း ခိုင်းရတာပေါ့" ဆိုတာနဲ့ ကျွန်တော်သင်္ဘောသား ဖြစ်ခဲ့တာပါ။ အဲဒီတုန်းက ဒီနေ့ခေတ်လိုကုန်းလမ်းသိပ်မရှိသေးဘူး၊ ရေလမ်းကိုပဲ အားကိုးရတာ။

(၄)

ကျွန်တော်က သင်္ဘောမှာ အလုပ်စုံတယ်။ တံမြက်လှဲရတာကနေ အိမ်သာရေဆေးရတဲ့အထိ။ အဲဒီလို သင်္ဘောသားလုပ်တဲ့အတွက် မွှေးမွှေးတို့ နှင်းနှင်းခိုင်တို့နဲ့ ဆုံတယ်။ အဆုံများတာက မွှေးမွှေး။ မွှေးမွှေးက ငှက်ပျောခိုင်တွေကို သူတို့ရွာကနေ ခရိုင်မြို့ကိုသယ်ပို့ပြီး ဖောက်သည်ရောင်းတာ။ နှင်းနှင်းခိုင်က တောပန်းရောင်းတာ။ ဂန္ဓမာပန်းရောင်စုံ၊ နှင်းဆီမျိုးစုံ။

မွှေးမွှေးက သင်္ဘောမစီးဘူးဆိုတာ တောင်မှ အနည်းဆုံး တစ်ပတ်ကို နှစ်



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်၊ တစ်လကို ရှစ်ခေါက် ဆယ်ခေါက်၊ နှင်းနှင်းကတော့ ဆယ်ရက်လောက်မှ တစ်ခေါက်။ သူ့ပန်းတွေက ရွာနီးချုပ်စပ်တွေကို ရောင်းတာနဲ့ ကုန်တာများတယ်။ ဒါပေမယ့် ခရိုင်မြို့မှာ ရောင်းတာလောက်တော့ ဈေးဘယ်ရမလဲ။

သဘော်စီးဖို့ သူတို့လာပြီဆိုတာနဲ့ ကျွန်တော်က နေရာဦးထားပေးပြီးသား။ နေရာကောင်းရအောင် စောစောလာကြဖို့တောင်မလိုဘူး။ သဘော်မထွက်ခင်အချိန်မီလေး ရောက်ရင်ပဲတော်ပြီ။

ဘုန်းကြီးကျောင်းသား ဘဝကတည်းကသူတို့ ရွာဘက်ကို ဆွမ်းဆန်စိမ်းခံထွက်ရင်း ကျွန်တော်က သူတို့နဲ့ ရင်းနှီးတာ။ နှင်းနှင်းခိုင်ကိုတော့ ကျွန်တော်က မောင်နှမအရင်းလိုပဲ ခင်မင်တာ စားစရာရှိလို့ ကျွေးတော့လည်း ရဲရဲယူစားတာ။ ဝိုင်းဝန်းကူညီရတော့လည်း ကျွန်တော်က တကယ့်စိတ်ထားဖြူဖြူစင်စင်နဲ့။

မွှေးမွှေးနဲ့ကတော့ ကျွန်တော့်စိတ်ကတစ်မျိုး။ ရိုးသားမှုမရိုးသားတာကိုး ရက်သလိုလို ကြောက်သလိုလိုနဲ့ ခိုးလည်းခိုးစားချင်၊ လူမိမှာလည်းစိုးရိမ်ဆိုသလိုဖြစ်ခဲ့တာ။

ဒါကိုသိတဲ့ လူကကိုသူတော်၊ နှင်းနှင်းခိုင်နဲ့ ကျွန်တော်တပူးတွဲတွဲနေတာမြင်တာနဲ့။

"ဟဲ့ကောင်မလေး နင် ဒီကောင်ပြောင်ကြီးကို သိပ်အရောမဝင်နဲ့ ဒီကောင်က နင့်ကိုပဲရောတာမဟုတ်ဘူး။ နင့်သူငယ်ချင်း မွှေးမွှေးကိုလည်း ရိပ်တိတ်တိတ်နဲ့"

အဲဒီလိုပြောတာ။ သူပြောတာကျွန်တော်စိတ်မဆိုးပါဘူး။ ဟုတ်တယ်လေ မနှင်းနှင်းခိုင်နဲ့ ကျွန်တော်နဲ့က ရိုးရိုးသားသား၊ မရိုးမသားစိတ်နဲ့ ကျွန်တော်ရိပ်တိတ်တိတ်နေတာက မွှေးမွှေး။

ကိုသူတော်ရဲ့ စကားကြားတော့ နှင်းနှင်းခိုင်က ဘာပြန်ပြောတယ်ထင်လဲ။

"ဒီကောင်က မွှေးမွှေးကို အသေရရ အရှင်ရရဖြစ်နေတာ သမီးသိတယ်"တဲ့။

မွှေးမွှေးနဲ့ ကျွန်တော် ခေါ်ခေါ်ပြောပြော နည်းနည်းလောက် ရောမိတာနဲ့ ကိုသူတော်ကပြောပြီ။

"မွှေးမွှေး နင်ဒီကောင်နဲ့ ပေါင်းတာ သတိထားပေါင်း"

"ဘာဖြစ်လို့လဲဦးလေး"

"ဟ…ဘာဖြစ်ရမလဲ နင်နဲ့တွေ့တော့ နင်မှနင်၊ နှင်းနှင်းခိုင်နဲ့ တွေ့တော့ နှင်းနှင်းခိုင်မှ နှင်းနှင်းခိုင် တော်တော်မျက်နှာများတဲ့ကောင်"

ကျွန်တော် ကပျာကရာ ပြောလိုက်ရတယ်လေ။

"ဟာ…အစ်ကိုသူတော် မဟုတ်တာမပြောပါနဲ့"

ကိုသူတော်က ကျွန်တော့်ထက် ခုနစ်နှစ် ရှစ်နှစ်လောက်ကြီးတယ်။ ပြီးတော့ သူကကျွန်တော့်ကို စက်ပညာသင်ပေးတဲ့ဆရာ၊ သူကတော်တော်အနောက်ပြောင်တဲ့လူ၊ အစသန်တဲ့လူ၊ "ဟား…ဟား…ဟား…ဟား…ဟား"

ကိုသူတော်ရယ်ပေမယ့် ကျွန်တော်မရယ်နိုင်။ မွှေးမွှေးကတော့ သူနဲ့ မဆိုင်သလိုပါပဲ။

(၅)

အဲဒီနေ့ကို ကျွန်တော်ဘယ်မေ့နိုင်ပါ့မလဲ။ အဲဒီနေ့မတိုင်ခင်က မွှေးမွှေးကို ပေးဖို့ ရည်းစားစာတစ်စောင် ကျွန်တော် ရေးပြီးသိမ်းထားတယ်။ ရှာတော့ မတွေ့တော့ဘူး။ အထားပဲမှားတာလား၊ ခေါင်းကိုချာချာလည်ရော။ သဘော်ပေါ်မှာဆိုတော့ ပြန်တွေ့ဖို့က ဘယ်လွယ်မလဲ။ ဒါနဲ့ ရည်းစားစာအသစ်တစ်စောင် ပြန်ရေးထားတယ်။

ထင်တဲ့အတိုင်း အဲဒီနေ့မှာ နှင်းနှင်းခိုင်မပါဘူး။ မွှေးမွှေးတစ်ယောက်တည်း။ သဘော်ပေါ်ရောက်လာတယ်။ လူတွေရှုပ်လို့ စာမပေးဖြစ်သေးဘူး။ သဘော်ထွက်ကာနီးမှာ ကသုတ်ကရုတ်နဲ့ ပန်းစည်းကြီးပိုက်ပြီး နှင်းနှင်းခိုင် သဘော်ပေါ် တက်လာတယ်။

"နင် မလာတော့ဘူးတောင် ငါထင်တာ"

မွှေးမွှေးကို နှင်းနှင်းခိုင်က မောပန်းတဲ့ လေသံနဲ့ ဖြေတယ်။

"အေးဟာ…အစက မလာတော့ဘူး။ ရွာတွေမှာပဲရောင်းမယ်စိတ်ကူးထားတာ၊ နောက်မှ ဈေးပိုရချင်တာနဲ့ အပြေးအလွှားလိုက်လာရတာ မောလိုက်တာဟာ"

အဲဒီမှာ ကျွန်တော်တစ်ခါမှားသွားတယ်။

"နှင်းနှင်းခိုင်ရော့ အမောပြေသွားအောင် ရေသောက်လိုက်"

"ကျေး…ကျေးဇူးပဲပြောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးပဲဆိုပြီး ကျွန်တော်ခပ်ပေးတဲ့ သောက်ရေခွက်ကို နှင်းနှင်းခိုင်က သောက်နေတုန်း"ကိုပြောင်ကြီးက တယ်မျက်နှာလိုက်တာကိုးကွ ကျွတ်…ကျွတ်ကျွတ်"လို့ ကိုသူတော်ကနောက်တယ်။

မွှေးမွှေးက ကျွန်တော့်ကို မျက်လုံးတစ်ချက်စောင်းဝေ့ကြည့်တယ်။ သူ့အကြည့်က ရင်ခုန်စရာ။ ဒီကတည်းက ကျွန်တော် ကိုသူတော်ကို မကြည့်တော့ဘူး။

ဒီလိုနဲ့ သင်္ဘောဆိုက်ပြီး လူတွေဆင်းပြီ။ မွှေးမွှေးနဲ့ နှင်းနှင်းခိုင်က ထုံးစံအတိုင်း မဆင်းသေးဘူး။ လူရှင်းမှ ဆင်းကြမှာ။ ဒါကို အခွင့်ကောင်းယူပြီး ကျွန်တော်မွှေးမွှေးကို ရည်စားစာပေးခဲ့တယ်။

"မွှေးမွှေးရော့"

လူအလစ်မှာ မွှေးမွှေးလက်ထဲကို ကျွန်တော် ရည်စားစာ ထိုးထည့်ပေးတယ်။ ဒါကို နှင်းနှင်းခိုင်က မြင်ပြီးပြုံးတယ်။

သူ့အပြုံးမဆုံးခင် ကိုသူတော်အသံက အကျယ်ကြီး။

"ရော…နှင်းနှင်းခိုင် ဒါနင့်ကိုပေးဖို့ရေးထားတဲ့ ပြောင်ကြီးရဲ့ ရည်းစားစာ၊ သူကိုယ်တိုင် မပေးရဲလို့ ငါ့ကိုပေးခိုင်းတာ"

ပြောပြောဆိုဆို နှင်းနှင်းခိုင်ကိုပေးတဲ့ ကိုသူတော်လက်ထဲက ရည်းစားစာက မွှေးမွှေးကိုပေးဖို့ ရေးထားပြီးပျောက်သွားတဲ့စာ၊ လက်စသတ်တော့ကိုသူတော်လက်ချက်ကိုး။

မွှေးမွှေးက သူ့လက်ထဲရောက်နေတဲ့ ကျွန်တော့်ရည်းစားစာကို ရေထဲလွှင့်ပစ်လိုက်ပါလေရော။ နှင်းနှင်းခိုင်ကလည်းမွှေးမွှေးလိုပါပဲ ရေထဲရောက်သွားတဲ့ ကျွန်တော်ရည်းစားစာ နှစ်စောင်။

ဒေါသမီးတောင်ပေါက်ကွဲပြီး ရှက်တဲ့စိတ်နဲ့ သင်္ဘောဆိုက်ကပ်တဲ့အခါ ကမ်းစပ်မှာ ငုတ်စိုက်တဲ့အခါ ရိုက်ဖို့ထားတဲ့ ပျဉ်းကတိုးတုံး သစ်သားလက်ရိုက်နဲ့ ကိုသူတော်ခေါင်းကိုရိုက်ထည့်လိုက်တာ တစ်ချက်တည်း။

"ခွမ်း…"

"အား…"

"အမလေး"

"သွေးတွေ"

"ဥဈောက်တွေ"

"သေပါပြီ"

အသံပေါင်း စုံသွားတာပါပဲ၊ အဲဒါနဲ့ပဲ ကိုသူတော်သေတယ်။ ကျွန်တော်ကထောင်ကျတယ်။

(၆)

ထောင်ထဲမှာလည်း ကျွန်တော်ထောင်ထောင် ထောင်ထောင်မနေဘူး။ စည်းကမ်းကို ရိုသေတယ်။ တာဝန်ကျေအောင်လုပ်တယ်။ ဘယ်သူ့ကိုမှ မစော်ကားဘူး။

ထောင်က လွတ်တော့လည်း ထောင်ထွက်ဆိုပြီး လူမိုက်ကြီးမလုပ်ဘူး။ တိုတိုပြောရရင် အလုပ်ကို မရိုးမသားတာမလုပ်ဘူး ရိုးသားစွာနေတယ်။

သူဌေးနဲ့ အဆက်အသွယ်ရပြီး ဒီဝပ်ရှော့မှာ ဝင်လုပ်ရတော့လည်း သူဌေးရဲ့ လူယုံတော်အဖြစ် အားထားခံရအောင်ကြိုးစားတယ်။ ရိုးသားတဲ့ ဂုဏ်ကို ထိန်းထားတယ်။ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ညီရင်းအစ်ကိုလိုသဘောထားပြီး သင်စရာပညာကို သင်ပေးတယ်။ ယူစရာ ပညာကိုလည်းရအောင်ယူတယ်။

ကျွန်တော်က နာမည်ဆိုးရှိခဲ့တဲ့လူ။ "သံတုတ်ပြောင်ကြီး"တဲ့ လက်သံပြောင်တဲ့ ပြောင်ကြီး။ လက်သံပြောင်တဲ့ပြောင်ကြီးရဲ့ တုတ်နဲ့တစ်ချက်မိရင် တစ်သက်သေရမယ်လို့ အဓိပ္ပါယ်နဲ့ ပေးခဲ့တဲ့နာမည်။ ထောင်ထဲမှာရခဲ့တဲ့ နာမည်။

ဒီ"သံတုတ်ပြောင်ကြီး" ဆိုတဲ့နာမည်ကို ပြောင်းပြစ်ရမယ်။ "သုတ္တံပြောင်ကြီး"လို့။

"သုတ္တံပြောင်ကြီး" ဆိုတာက သုတ္တံဒေသနာတော်တွေကို လေ့လာဆည်းပူးတဲ့ပြောင်ကြီး၊ ဒီလိုအဓိပ္ပါယ် သက်ရောက်ရအောင် ကျွန်တော်လိမ်လိမ်မာမာနေပါတော့မယ်။

ဒီအကြောင်းကို စာရေးပါဆရာ။ ကျွန်တော်ခွင့်ပြုပါတယ်။

(၇)

ဆိုင်ကယ်ပြင်ပြီးသွားပါပြီ။ ကိုခင်မောင်မြင့်၏ ဆိုင်ကယ်ပေါ် ထိုင်ရင်းကိုပြောင်ကြီး ဖြစ်စေချင်သလို"သံတုတ်ပြောင်ကြီး"ဘဝကနေ"သုတ္တံပြောင်ကြီး"ဘဝကို မြန်မြန်ရောက်နိုင်ပါစေဟု ကျွန်တော် ဆုမွန်ကောင်း တောင်းပေးခဲ့ပါသည်။

ပန်းတနော်နောင်လတ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်ကွဲ ပြန်ခတ်သောအခါ

✡ ညွန့်မောင်ဦး

ဘဂျမ်းနေသော ရွာနှင့် မနီးမဝေးမှာ ရွာကလေးများရှိသည်။ ထိုရွာများမှာ နေထိုင်သူအများစုမှာ လယ်သမား၊ ယာသမားများဖြစ်ကြသည်။ ထိုအချိန်က ကာလသားတွေမှာ ဓါးကိုဆောင်ကြသောအချိန်ဖြစ်သည်။ ရွာများ၏အကျင့်ဓလေ့တစ်ခုကလည်း လူချင်းဆုံလျှင် ဓါးကောင်းကြောင်းပြိုင်ကြသည်။ တခါတရံ ဓါးချင်းပြိုင်ကြရာမှ မခံချင်၍ ရန်ဖြစ်ပြီး လူသတ်မှုပင်ဖြစ်တတ်သည်။

ဘဂျမ်းမှာ အသားမဲပြီး တောင့်တင်းသည်။ မိဘများက အသင့်အတင့် ငွေရှိ၍ လက်ကြောတင်းအောင် အလုပ်မလုပ်ပါ။ အလုပ်မလုပ်သော်လည်း သားမယားနှင့်နေနိုင်သည်။ ရေဒီယိုကလေးများပေါ်ချိန်မှာ မြို့မှအစ်မက ဝယ်ပေးလိုက်၍ ရေဒီယိုကလေးလွယ်ပြီး ရွာတစ်ရွာပြီး တစ်ရွာလျှောက်သွား၍ အရက်သောက်နေသည်။ သို့သော်လည်း လူမိုက်ဆိုသော ဘွဲ့တစ်ခုရထား၍ ကျေးရွာမှ လူများက ကြောက်ကြသည်။ လမ်းသွားလျှင်လည်း တပည့်တစ်ယောက် နှစ်ယောက် အမြဲပါသည်။ တချို့က ဘဂျမ်းကို မကြောက်သော်လည်း အလိုက်အထိုက် ဆက်ဆံကြသည်။ ဘဂျမ်းမှာ အလုပ်မလုပ်သော်လည်း စိတ်ကူးကောင်းပြီး ငွေရအောင်ရှာတတ်သည်။ ဖဲလည်းရိုက်တတ်သည်။ ပေါ်ခါစ သူ့ရေဒီယိုကလေးကို ရွာသားများ သဘောကျနေမှန်းသိ၍ ရေဒီယိုကလေးကို မဲဖေါက်ရန် ရွာသားများကို ကြေငြာလိုက်သည်။

"သည်ရေဒီယိုလေးကို မဲတစ်စောင် (၁/-)နှုန်းနှင့် မဲဖေါက်ပေးမယ်။ လိုချင်ရင်မဲဝယ်နိုင်တယ်"

"ရေဒီယိုကို ဘယ်လောက်အဖိုးထားမှာလည်း မဲဖေါက်မှာက ဘယ်တော့လဲ"

"မဲဖေါက်မှာက သီတင်းကျွတ်လပြည့်နေ့ဖေါက်မယ်၊ ရေဒီယိုတန်ဖိုးက (၈၀၀/-)ကျပ် သတ်မှတ်တယ်။ ကြိုက်ရင်ထိုးကြ"

www.burmeseclassic.com

"ငွေ (၁)ကျပ်နှင့် ရေဒီယိုရမယ်ဆိုရင် ကျွန်တော် (၂)စောင်ဝယ်မယ်"

"ငါ့လည်း တစ်စောင်ပေး ဘဂျမ်း။ မင်းကတိအတိုင်း မဲဖေါက်ပေးရမှာနော်"

"ကိုရွာသားတွေ နားထောင်ရအောင် ဖေါက်ပေးတာ ကျွန်တော်က မြို့တက်ပြီး တစ်လုံးထပ်ဝယ်လို့ရတယ်"

ဘဂျမ်းအပြောကောင်း၍ မဲတွေဝယ်ကြသည်။ ဘဂျမ်းက မဲဝယ်သူများစာရင်းကို တပည့်တစ်ယောက်အား မှတ်ခိုင်းပြီး ရသည့်ငွေများကို တပည့်များနှင့် အရက်သောက်သည်၊ သည်လိုနှင့် ဘဂျမ်းငွေရှာလွယ်နေပြီး ကျောက်တွင်းရွာမှ မိန်းမတစ်ယောက်ကို ထပ်ယူလိုက်ပြီး ထိုမိန်းမ၏ မောင်ကလည်း ဘဂျမ်းတပည့်ဖြစ်လာသည်။ ဘဂျမ်းသွားရာနောက်လိုက်သည်။

"ငါတို့ သည်နေ့ ထုံးအိုင်ရွာ မောင်တင်ဆီသွားမယ်။ ငါ့ကို ခါးတစ်ချောင်းပေးမယ်လို့ ပြောထားတယ်"

မောင်တင် ခါးကောင်းတယ်၊ ဟိုတစ်နှစ်ဘုရားပွဲမှာ ရန်ဖြစ်ကြတာ။ မောင်တင် ဝင်ရှင်းပေးလိုက်တာပေါ့၊ သူက အပေါင်းအသင်းလည်းကောင်းတယ်၊ မိုက်လည်းမိုက်တယ်"

"ထုံးအိုင်ရွာက ခါးသမားပေါတယ်၊ အဆင်ပြေအောင်ကြည့်နေ"

"ဒါပေမယ့် အစ်ကိုကြီးကိုတော့ သူတို့ လေးစားကြပါတယ်"

"ဟာ ငါ လူမသိဘဲ လူတွေကြောက်နေတာ၊ နေတတ်လို့ပေါ့ မင်းလည်းနေတတ်အောင်နေ"

သည်လိုနှင့် သူတို့နှစ်ယောက် မောင်တင်အိမ် ရောက်သွားကြရာ မောင်တင်က သူ့လူများနှင့်အတူ ကြက်သားဟင်းချက်ကျွေးသည်။ အရက်တိုက်သည်။ ထမင်းကျွေးပြီးနောက် ဖဲထိုင်ရိုက်ကြသည့်ဘဂျမ်းမှာ ဝါသနာပါ၍ ဖဲထိုင်ရိုက်နေရာ ပါလာသည့်ငွေ ကုန်သွားပြီး မောင်တင်ကို ရေဒီယိုကလေး ပေါင်ခိုင်းပါသည်။ မောင်တင်မှာ လူလည်ဖြစ်၍ သူ့လူတစ်ယောက်ကို ဝယ်ခိုင်းလိုက်သည်။

"ကိုဘဂျမ်း သူ့မှာ ငွေ (၅၀)ကျပ်ပဲရှိတယ်၊ ခင်ဗျားပေါင်ချင်ရင် ပေါင်သွားပါ"

"ငါက တစ်ရာ့ငါးဆယ်ရရင် တစ်ခါတည်းရောင်းချင်တယ်။ ဖဲကစားတာငွေများမှကောင်းတယ်၊ ထပ်ရှာပါဦးကွာ"

"သည်လို လုပ်ပါ ယခုလောလောဆယ် ငွေ (၈၀)ကျပ် ပေးလိုက်မယ်၊ ကျန်ငွေ (၂၀)ကျပ်ကို (၁၀) ရက်အကြွေးပေးမယ်။ ကျွန်တော်အာမခံပါတယ်"

"ကောင်းပြီ ရော့ရေဒီယိုယူ ငွေမြန်မြန်ပေး ကစားရတာ အရှိန်ပျက်တယ်"

"အစ်ကို ရေဒီယိုမရှိရင် မဲဘယ်လိုဖေါက်မှာလဲ"

"မပူပါနဲ့ကွာ၊ ငါမြို့တက်ပြီးတစ်လုံးယူခဲ့ပါ့မယ်"

ထိုနေ့က မောင်တင်ချက်ကျွေးသော ဆေးခြောက်နှင့် ကြက်သားဟင်းစားပြီး ဖဲထိုင်ရိုက်နေသော ဘဂျမ်းမှာ နေဝင်ပြီး ငွေကုန်မှသာ ရွာကိုပြန်ရောက်လာသည်။ ရွာရောက်ပြီး (၁၀)ရက်အကြာမှာ မောင်တင်အိမ်သွား၍

မောင်တင်အိမ် ရောက်သွားကြရာ
မောင်တင်က သူ့လူများနှင့်အတူ
ကြက်သားဟင်းချက်ကျွေးသည်။ အရက်တိုက်
သည်။ ထမင်းကျွေးပြီးနောက်
ဖဲထိုင် ရိုက်ကြသည့်ဘဂျမ်းမှာ ဝါသနာပါ၍
ဖဲထိုင်ရိုက်နေရာ ပါလာသည့်ငွေ ကုန်သွားပြီး
မောင်တင်ကို ရေဒီယိုကလေး ပေါင်ခိုင်းပါသည်။
မောင်တင်မှာ လူလည်ဖြစ်၍
သူ့လူတစ်ယောက်ကို ဝယ်ခိုင်းလိုက်သည် . . .



www.burmeseclassic.com

www.burmeseclassic.com

ကျန်ငွေကိုသွားတောင်းရာ မောင်တင်ကအတွေ့မခံဘဲရှောင်နေသည်။ ဘဂျမ်းမှာ ရေဒီယိုရောင်းခဲ့ပြီးနောက် မြို့ကိုသွားရမည်ဖြစ်ရာ လမ်းစရိတ်မရှိဖြစ်နေသည်။ ရေဒီယိုရောင်းခဲ့မှန်း မသိသေးသောလူများကလည်း လပြည့်မှာ မဲနှိုက်ပေးရန် လာပြောနေကြသည်။ ဘဂျမ်းမှာ မောင်တင်လိမ်နေမှန်းသိသောအခါ သည်တစ်ကြိမ်မှာ တွေ့အောင်ရှာ၍ ရအောင်တောင်းမည်။ မရပါက ပြဿနာရှာမည်ဟု ကြံတင်တွေးထားသည့်အတိုင်း မိမိတပည့်တွေထဲမှ လက်ရွေးစင် တစ်ယောက်ကိုခေါ်၍ မောင်တင်အိမ်ကိုသွားပါသည်။ တစ်ကြိမ်မှာ မမျှော်လင့်ဘဲ ဘဂျမ်းရောက်လာ၍ မောင်တင်မရှောင်နိုင်တော့ဘဲ အတွေ့ခံလိုက်ပါသည်။

"လာ ကိုဘဂျမ်း လာတိုင်း ကျွန်တော်နဲ့ မတွေ့တာ အားနာတယ်ဗျာ၊ ရောက်မှတော့ ဖြေးဖြေး ထမင်းစားပြီးမှပြန်ကြပါ"

"ငါတို့ ထမင်းမစားတော့ဘူး မောင်တင် အရေးကြီးလို့ မင်းဆီက ငွေလာတောင်းတာ"

"သည်ကောင် တော်တော်လက်ခက်တယ်၊ ကျွန်တော်လည်း တောင်းနေတာပဲ၊ နေ့ရွှေ့ ညရွှေ့လုပ်နေတယ်၊ ကျွန်တော် ကိုဘဂျမ်းကို အားနာတယ်ဗျာ"

"ဒါဖြင့် သည်လိုလုပ်၊ မင်း သူ့ကို ငါနဲ့တွေ့ပေးလိုက်၊ တောင်းမရရင် ငါ့ရေဒီယိုပြန်ယူမယ်"

"ရေဒီယိုလည်း သူ့မှာမရှိတော့ဘူး ရောင်းလိုက်ပြီ"

"ဘယ်သူ့ကို ရောင်းလိုက်လည်း မေးပြီး ငါပြန်ဝယ်မယ်၊ ငါ့မှာလည်း ရေဒီယိုကိစ္စ အရေးကြီးနေတယ်"

"ရေဒီယိုကိစ္စက ပြန်ဝယ်လို့မဖြစ်တော့ဘူး။ သူရောင်းလိုက်တာ (၂၀၀) ကျပ်နဲ့ ရောင်းလိုက်တာ ကိုဘဂျမ်းရောင်းတာက (၁၅၀)ကျပ်ဆိုတော့ ဈေးချင်းကွာနေပြီ"

"ဘာပဲဖြစ်ဖြစ် သူ့အိမ်လိုက်သွားပြီး သူနှင့်ရှင်းမယ်၊ ငါတို့ကို သူ့အိမ်သာ လိုက်ပို့ပေးပါ"

"ပို့ပေးပါ့မယ်၊ ဒါပေမယ့် ခုချိန် သူမရှိဘူး။ နေတာက ရွာစွန်က လယ်ထဲမှာနေတာ၊ ညနေ (၅)နာရီလောက်ဆိုရင်ပြန်ရောက်တယ်"

"ငါတို့ သူနဲ့ရှင်းမှဖြစ်မယ်၊ လာသွားကြမယ်"

"ခဏနားပါဦး အရက်တစ်လုံး လောက်သောက်သွားပါဦး၊ ကျွန်တော် သွားယူလိုက်မယ်"

"သောက်ချင်စိတ် မရှိဘူးကွာ၊ လိုက်သာပို့ပါ"

"စိတ်အေးအေးထားပါ၊ ကြုံတုန်း ကိုယ့်ဆရာသမားကို ပြုစုချင်လို့ပါ၊ အရက်ယူခဲ့ပြီး လမ်းကျမှ သောက်ကြတာပေါ့ ခဏလေးစောင့်ပါ၊ ကျွန်တော် အိမ်ထဲဝင်ယူလိုက်ဦးမယ်"

"ဒါဖြင့် မြန်မြန်ယူ ငါတို့မထိုင်တော့ဘူး၊ လမ်းကျမှ သောက်မယ်"

"သိပ်ကောင်းတာပေါ့ သူ့အိမ်သွားသည့် လမ်းဆုံသရက်ပင်ကြီးအောက်မှာ သူပြန်လာတာကိုစောင့်ပြီးထိုင်သောက်ကြမယ်"

မောင်တင်က ဘဂျမ်းစိတ်ဆိုးနေမှန်းသိ၍ ချော့ခေါ်ခဲ့ပါသည်။ မချော့၍ မဖြစ်ပါ။ မိမိကတစ်ယောက်တည်း၊ ဘဂျမ်းမှာ တပည့်တစ်ယောက်ခေါ်လာသည်။ ထိုတပည့်ဖြစ်သူက ငါးပေခန့်ရှည်သော လှံတစ်ချောင်းကို ကိုင်လာသည်၊ ဘဂျမ်းမှာ ဘာလက်နက်မှ ပါမလာ၍ မိမိကလည်း ဘဂျမ်းအထင်လွဲမှာဆိုး၍ ဘာလက်နက်မှ မယူခဲ့ပါ။ သည်လိုနှင့် သုံးယောက်သား လျှောက်ခဲ့ကြရာ ရွာထိပ်ကိုရောက်လာပါသည်။ ဘဂျမ်းမျက်နှာမှာလည်း ဒေါသစိတ်မရှိတော့ပါ။ မောင်တင်က စကားတပြောပြောနှင့်ခေါ်သွားပြီး သရက်ပင်အုပ်ကြီးအောက်အရောက်မှာ ခဏနားကြမည်ဆိုပြီး နားကြပါသည်။ ထိုသို့နားနေကြစဉ်မှာ မောင်တင်က လွယ်အိတ်ထဲမှ အရက်ပုလင်းကိုထုတ်ပြီး ဘဂျမ်းလက်ထဲထည့်ပေးလိုက်ပါသည်။ ဘဂျမ်းမှာ အရက်ပုလင်းကို မြင်သည်နှင့် ဟန်မဆောင်နိုင်ဘဲ တကြိုက်မော့သောက်လိုက်ပြီး မောင်တင်ကို ပေးလိုက်သည်။ မောင်တင်ကလည်း တကြိုက်မော့လိုက်ပြီး ဘဂျမ်းတပည့်ကို လက်ဆင့်ကမ်းလိုက်ပါသည်။ ထိုအချိန်ကစပြီး ဘဂျမ်းကြည်ကြည်သာသာ စကားပြောလာပါသည်။

"အရက်က တော်တော်ကောင်းတယ်၊ အမြည်းမရှိတာ နာတယ်"

"ကျွန်တော် အမြည်းလုပ်မလို့ပါဘဲ၊ ကိုဘဂျမ်းစိတ်ဆိုးနေလို့ မလုပ်တော့ဘဲ လိုက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ဆရာက စိတ်ဆိုးခဲ့ပါတယ်၊ ဆိုးပြီဆိုရင်တော့ တားမရတော့ဘူး"

"အေးဗျာ အရက်ကကောင်းပြီး အမြည်းမရှိတာ ခက်တယ်၊ ဟောဟိုမှာ သရက်သီးရောင်းသည့် အဒေါ်ကြီးလာနေပြီ၊ သရက်သီးစိမ်း မြည်းမလား။ ကျွန်တော်ခေါ်လိုက်မယ်"

"ကျွန်တော် သွားခေါ်လိုက်ပါ့မယ်၊ ဆရာတို့ ထိုင်နေကြပါ"

"သွားခေါ်လိုက်တာ ကောင်းတယ်၊ တခါတလေ သည်လမ်းကမလာဘဲ ဟိုဘက်လမ်းက သွားတတ်တယ်"

"မောင်ထွေး မင်းဘဲ သွားခေါ်လိုက်ကွာ၊ မောင်တင်မောနေပါ့မယ်"

ဘဂျမ်းတပည့် သရက်သီးသည်ကြီးကို ပြေးခေါ်နေစဉ်မှာ ဘဂျမ်းက သရက်ပင်ကြီးကို မှီထိုင်၍ အမောဖြေနေသည်။ မောင်တင်က မိမိအခက်အခဲကို ဘယ်လိုရှင်းရမှာလဲဟု အကြံထုတ်နေပါသည်။ မကြာမီအချိန်မှာ မိမိအလိမ်ပေါ်တော့မည်ကို စဉ်းစားမိပြီး ဘဂျမ်းတပည့်ကိုင်ထားသော လုံကြီးကို ကြည့်ပြီး လန့်နေမိပါသည်။ ဘဂျမ်းမှာ အရက်တကြိုက်သောက်ပြီးကတည်းက ဘာမှ နောင်ဖြစ်လာမည့်အရေးကို မတွေးတော့ဘဲ အရက်သောက်ဖို့သာ တွေးနေပါသည်။ ထိုအချိန်မှာ သရက်သီးသည် အဒေါ်ကြီးက ဘဂျမ်းရှေ့မှာ ရွက်လာသောဗန်းကို လာချပါသည်။ မောင်တင်က ဘာမှမပြောဘဲ သရက်သီးများကို ကြည့်နေမိသည်။ သရက်သီးများမှာ ဝမ်းပျင်းမှည့်ခါနီးများဖြစ်နေပြီး အလုံးကြီးများကလည်း ကြီးပါသည်။ ဘဂျမ်းက သရက်သီး တစ်လုံးကို ကောက်ကိုင်လိုက်ပြီး -

သရက်သီးတွေကတော့ ကောင်းပါတယ်၊ ဘယ်လိုခွဲရမှာလဲ၊ မောင်တင်လုပ်ပါဦးကွာ၊ ပါးစပ်နဲ့ကိုက်လို့လည်း မလွယ်ဘူး"

"သည်မှာ လုံရှိပါတယ်၊ လုံနဲ့ထိုးခွဲတာပေါ့"

"ငါ့မှာ ဓါးပါ ပါတယ်၊ ဘယ်နှစ်လုံးယူမှာလဲပြော ခွဲပေးမှာပေါ့"

"နှစ်လုံးယူမယ် ဘယ်လိုရောင်းလဲ ပြောပါဦး"

"တစ်လုံးကို (၂)ပြားရောင်းတယ် (၂)လုံးဆိုရင် (၃)ပြားပဲပေးပါ"

"မောင်ထွေး မင်းမှာ အကြွေပါတယ်ပေးလိုက်ပါ"

ထိုအချိန်မှာ စကားတစ်လုံးမှမပြောသော မောင်တင်က အဒေါ်ကြီးလွယ်အိတ်စုတ်ကလေးထဲမှ ဓါးကိုမြင်သွားပြီး လှမ်းယူလိုက်သည်။ တဆက်တည်းမှာပင် လက်ထဲရောက်နေသော ဓားနှင့် သရက်သီးကို လှမ်းကြည့်နေသော လုံသမားလက်ကို ခုတ်ချလိုက်သည်။ လုံသမားမှာ မမျှော်လင့်ဘဲ အခုတ်ခံလိုက်ရသဖြင့် မိမိကိုယ်မှ စီးကျလာသော သွေးများနှင့်အတူ ကိုင်ထားသော လုံလည်း လွတ်ကျသွားပါသည်။

"ဒုတ်‥ဒုတ်‥ဒုတ် မှတ်ထား အဲဒါ တောင်ပဲ မင်းတို့နှစ်ယောက်စလုံးကို အသေသတ်မလို့ ခေါ်လာတာ"

မောင်တင်မှာ ပါးစပ်က စကားပြောနေသော်လည်း လက်ကမရပ်ဘဲ ဆက်ခုတ်နေသည်။ ထိုအချိန်မှာ ဘဂျမ်းက ပထမကြောင်ကြည့်နေမိပြီး သတိရသွားသည်နှင့် သွေးရူးသွေးတန်းထိုင်ရာမှ ထပြေးပါသည်။ ဘဂျမ်းထပြေးမှသာ မောင်တင်က လဲနေသော လုံသမားကို အခုတ်ရပ်လိုက်ပြီး ဘဂျမ်းနောက်ကို ပြေးလိုက်သည်။ သရက်သီးသည်အဒေါ်ကြီးကလည်း သရက်သီးဗန်းကြီးထားခဲ့ပြီး ထပြေးသွား၍ သရက်ပင်ကြီးအောက်မှာ လုံသမားနှင့် သရက်သီးဗန်းကြီးသာ ရှိနေပါသည်။ လုံသမားမှာ သွေးများထဲမှာလဲနေသည်။

"ဟေ့ ဘဂျမ်း မင်းပြေးနိုင်သလောက် ပြေးထား၊ ငါမိရင်တော့ မင်းကိုသတ်ပြီး ချောင်းထဲပစ်ချမယ်"

"မောင်တင်က လိုက်သော်လည်း ချောင်းစပ်ရောက်သောအခါ ဘဂျမ်းချောင်းတဖက်ကမ်းကူး၍ ပြေးနေသည်ကိုမြင်ရ၍ ဆက်မလိုက်တော့ဘဲ လုံသမားလဲနေရာသို့ ပြန်လှည့်လာပြီး လက်နှစ်ချောင်းကိုဖြတ် ချောင်းထဲပစ်ချပြီး ပြန်သွားပါသည်။ ဘဂျမ်းမှာ အိမ်ပြန်ရောက်ပြီးနောက် ဘယ်သူ့မှ မိမိအဖြစ်ပျက်များကို ပြောမပြဘဲ မြို့ကိုထွက်ပြေးသွားပါသည်။ ရွာကလူများက ဘဂျမ်းမှာ ရေဒီယိုမဲ မဖေါက်နိုင်၍ ထွက်ပြေးသွားသည်ဟု ပြောနေကြပါသည်။ ဘဂျမ်းကလည်း ရွာကိုပြန်မလာရဲတော့ပါ။


ညွန့်မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတွင်း ကလေးများ၏ နို့ပုလင်းကို ရိုက်ခွဲမည့်ဥပဒေ



ဗင်နီဇွဲလားနိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် အုပ်ချုပ်ခဲ့သော မစ္စတာဟူဂို ချာဗက်စ် (၅၈ နှစ်)သည် ၅-၃-၁၃ နေ့တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ၎င်းသမ္မတအဖြစ် အုပ်ချုပ်၊ အမေရိက၏ ဩဇာအာဏာချိန်ခွင်လျှာကို မြဲအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဟေတီ၊ လက်တင်အမေရိကနှင့် ကရစ်ဘီယံတို့ လွတ်လပ်ရေးရအောင် ဟူဂိုကူညီခဲ့သည်။ ကိုလံဘီယာတွင် ဖြစ်ပွားနေသော အစိုးရနှင့် တော်လှန်သူများအကြား ပြဿနာ ဟူဂိုပါဝင်ဖြေရှင်းသဖြင့် ဒေသငြိမ်းချမ်းရေး ရခဲ့သည်။ ထိုလုပ်ဆောင်မှုများ ၁၃-၃-၁၃ နေ့တွင် UN၌ ဂုဏ်ပြုအောက်မေ့ပွဲအခမ်းအနားကို ကျင်းပပြီး ဟူဂိုကို ဂုဏ်ပြုခဲ့သည်။ သို့ရာတွင် ပြည်ပအရင်းရှင်နိုင်ငံများတွင် ပြည်တွင်းအရင်းရှင်များ၏ မုန်းတီးခြင်းကို ခံခဲ့ရသော်လည်း အရာမထား၊ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် အရင်းရှင်းစနစ်ကို စိန်ခေါ်ခဲ့သူဖြစ်သည်။ ဟူဂိုကွယ်လွန်သောအခါ သူ၏ မိတ်ဖက် နီကိုလပ်စ် မဒူရိုက သမ္မတဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်က ဟူဂိုဦးဆောင်၍ လွှတ်တော်တွင် ဥပဒေပြုခဲ့သော (ကလေးငယ်များကို အစိုးရနွားနို့အခမဲ့တိုက်ကျွေးပြီး ကျန်းမာရေးကောင်းစေရမည်) ဥပဒေကို လက်ရှိအုပ်စိုးနေသော အစိုးရ၏ ဆန့်ကျင်ဘက်များက အစိုးရက ကလေးတွေကို နွားနို့တိုက်တော့ ကလေးဟာ မိခင်၏နို့ မစို့ရတော့သဖြင့် မိခင်နှင့် ကလေး ချစ်မေတ္တာရင်းနှီးမှု နည်းစေသည်။ သို့ဖြစ်၍ မိခင်နို့ပဲ တိုက်ရမည်။

အစိုးရလည်း ဘတ်ဂျက်သက်သာမည်ဆိုကာ မိခင်နို့တိုက် ရေးဥပဒေကြမ်းတင်မည်ဟုဆိုသည်။ ချာဗက်စ်၏ဝါဒမှာ ဆင်းရဲသားကို အလေးပေးသော ပါဒဖြစ်သည်။ ဤဥပဒေနှင့်ပတ်သက်၍ ပြည်သူဆင်းရဲသားများ ဘဝင်မကျဖြစ်ရသည်။ မိခင်နို့မတိုက်ခြင်းမှာ အကြောင်းအမျိုးမျိုးရှိသည်။ အချို့မိခင်တို့ နို့မထွက်၊ အချို့မိခင်၏ နို့ရည်သည် မိမိမွေးသော ကလေးနှင့် ဓာတ်မတည့်ခြင်း၊ အလုပ်ချိန်နှင့် လုပ်ရသော အလုပ်သမားမိခင်များ



အတွက် နို့ပုလင်းအားထားစရာ ဖြစ်သကဲ့သို့ ဝင်ငွေနည်းသော မိသားစုရှိ ကလေးငယ်များအတွက် အစိုးရအခမဲ့နို့ကြောင့် အာဟာရဖြစ်စေပြီး ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နည်းတစ်လမ်း အထောက်အကူပြုစေ၏။ ဤဥပဒေတင်သွင်းခြင်းအတွက် သတင်းစာက "ကလေးတွေသောက်မည့် နို့ပုလင်းရိုက်ခွဲခြင်း"ဟု ဝေဖန်ရေးသားပြီး ချစ်တီးခေါင်းသန်းရှာသည့် လုပ်ရပ်ဟု ဆိုသည်။

ညီမြင်းလွင်

***Ref:- 6.3.13 Internet, 14.3.13 Internet, 16.6.13 Ruters***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ကောင်းတာလုပ်ကြ

★ ဂုဏ်သိမ်(ကချင်မြေ)

(၁)

"တော်သလင်းမိုး ကဇင်းကျိုး" (ကသင်းရိုး)ဟု စာဆိုရှိခဲ့သည်။ ယခု တော်သလင်းလဆုတ် (၁၂)ရက်နေ့ ကောင်းကင်ပြင်တစ်ခုလုံးပြာရီမှိုင်းလျက် သည်းသည်းမည်းမည်း ရွာတော့မည်ကားအမှန်ပင်၊ စာဆိုအတိုင်း ကသင်းရိုးကျိုးမည်ထင့်။

"ဟင် ငါ တစ်နေ့ညက အိပ်မက်ထဲကအတိုင်းပါလား၊ ဟာ ဟာ တကယ်ပဲ တစ်ပုံစံတည်း ကြည့်စမ်းကြည့်စမ်း၊ ငါ့အိပ်မက်က ညနေ နေဝင်ရီတရော၊ ခုတော့ နံနက်ပိုင်းကာလ၊ ဟိုထဲမှာ အိပ်မက်ထဲမှာ ငွေမျှင်းဖြူဖြူတွေ၊ ဒီမှာတော့ မတွေ့ရဘူး၊ ဟယ် နိုအုပ်လိုက် နိမ့်နိမ့်လေး ပျံနေကြတယ်၊ လေပါ ပါလေမလား နိတွေ နိတွေ"

ဦးအောင်တစ်ယောက် တစ်ယောက်တည်း ကောင်းကင်ပြင်ကြီး ကြည့်ပြီး တော်သလင်းမိုးကြီးတတ်ပုံ၊ နေပူပါကလည်း "တော်သလင်းနေပုစွန်သေ" ဟု လယ်ကွက်ထဲမှာ ရှိကြတဲ့ ပုစွန်ဆိပ်ကလေးတွေ၊ ငါးလေးတွေသေတတ်ပုံကို စာဖွဲ့ထား၏။ ယခုတော့ တော်သလင်းမိုးကား ကဇင်းကျိုး (ကသင်းရိုး)မည်ထင်ရလောက်အောင် ဟန်ရေးပြနေသလို၊ တကယ်လည်း ရွာတော့မည်။

မိုးရွာသည် မရွာသည်ထက်၊ သူ့အိပ်မက်နှင့် ဆက်စပ်သလို၊ အိပ်မက်ထဲက မိုးမည်းပုံကား တစ်ထေရာတည်း တစ်ပုံစံတည်း၊ ငွေမျှင်းဖြူဖြူနှင့် နိုပြာပြာသာလွဲ၏။ လက်ရှိပုံစံမှာ တစ်ထေရာတည်းပင်။

"ဦးဖွ လွဲပါစေ လွဲပါစေ၊ ငါ့သူငယ်ချင်း ဘေးကင်းပါစေ"

ဦးအောင်၏ ဦးခံကာ လွဲပါစေတဲ့ ဘာတွေမှန်းမသိတော့၊ သိသူကား ဦးအောင်တစ်ယောက်တည်းပင်၊ စိုးရိမ်တကြီး ကြောက်ရွံ့သည်တော့မဟုတ်၊ ထိတ်လန့်၍ လွဲပါစေ၊ ငါ့သူငယ်ချင်း ဘေးကင်းပါစေဟု အမှန်ပင်အသံထွက်ကာပြောဆိုနေ၏။

အိပ်မက်ထဲမှာ မိုးကြီးကသည်း သည်းမည်းမည်း ရွာတော့မည်ဟုသာ အိမ်မက်မက်၏။ အိပ်မက်ထဲမှာ မိုးရွာတာ သူမတွေ့၊ စိတ်ထဲမှာတော့ ရွာသည်ထင်၏။ သို့သော် မိုးစက်မိုးပေါက်တွေ လုံးဝကျမလာ၊ ကြောက်မက်ဖွယ်သာဟန်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ခု တွေ့ရတာလည်း မိုးတော့မရွာသေး။ မိုးမရွာသေးသော်လည်း ဟိုအဝေးမှာတော့ လျှပ်စစ်စီးတွေက ပြိုးပြိုး ပြက်ပြက်လက်နေလေ၏။ တစ်ခုရှိပါသေးသည်။ ထိုလျှပ်စစ်စီးတွေ ပြိုးပြိုးပြက်ပြက်လက်နေသော်လည်း အသံဆိုသည့် မိုးချုန်းသံတော့ နည်းနည်းမျှမကြားရ၊ ခက်တော့ ခက်ချေပြီ၊ ကြောက်အောင် ထိတ်လန့်အောင် ခြောက်လှန့်ပါက ဖန်ဆင်းမှုနှင့်အညီ မိုးသံလေသံ မြိမ့်မြိမ့် ညံသင့်ပါလျက် အသံမလာ၊ သကြိန်အမြောက်ပမာဖြစ်နေ၏။

သို့အတွက် အိပ်မက်ဆီသို့ စိတ်ကရောက်သွားသည်။ အိပ်မက်ထဲတွင် ဦးအောင်နှင့် ငယ်သူငယ်ချင်း ပြောင်ကြီးခေါ် ထွန်းမောင်အကြောင်း။ ထွန်းမောင်သည် အလွန်လိမ္မာသည့် ချစ်ဇနီးရှိ၏။ သမီးတစ်ယောက်မှာလည်း ပါးချိုင့်လေးတွေနှင့်ချစ်စရာ၊ ပလီပလာတီတီတာတာ ပြောတတ်၏။ ဇနီးသည်သူဇာကား ကိုယ်ပိုင်အထည်ဆိုင်ရှိ၏။ အရောင်းစာရေးမလေး နှစ်ယောက်လည်း ခေါ်ထားရ၏။ အမျိုးသမီးဝတ်အမျိုးမျိုး၊ တိုင်းရင်းသားရိုးရာ အထည်၊ လွယ်အိတ်မှခေါင်းပေါင်းအထိ စုံမှစုံ၊ လာဝယ်သူအတွက် အခက်အခဲမရှိစေရန် အဝတ်အထည် ကြိုက်၏။ ဈေးညွှန်းမှန်၍ ဝယ်ယူလိုသော်လည်း အကျိုး အနည်းငယ်ပွနေခြင်း၊ လက်ရှည်နေခြင်းအတွက် ပူစရာမလို သူဇာမှ ချက်ချင်းပြီး စိတ်ကြိုက်ပြင်ပေးနိုင်၏။

ပြောင်ကြီးကား ဘာအလုပ်မျှမရှိ။ အထည်မှာသည့်အခါ ဆိုင်သို့လာမပို့နိုင်လျှင်တော့ သွားယူပေးရ၏။ ချစ်ဇနီး၏ အလိုလိုက်မှုကြောင့်လားမသိ မဟာနဖူး ငယ်ထိပ်အထိ ပြောင်နေလေသော ပြောင်ကြီးတစ်ယောက် အရက်သောက်သည့်နေရာတွင် အဖြူ၊ အနီမရွေး၊ ဘီယာမှာ အနီပါမှ ကြိုက်၏။ အဆီလည်းမရှောင်၊ ပြောင်ကြီးခေါင်းမထောင်အောင်သောက်တတ်သူ။

ဇနီးထံမှ ငွေကို အမျိုးမျိုးတောင်း၏။ မရလျှင် ခိုးယူ၏။ ထိုမျှမက မိဘထံသွားကာ အရက်ဖိုးတောင်း၏။ နောက်ဆုံး ညီမငယ်လေး၏ စုဘူးပင် ခိုးယူခဲ့သည်။

"အမေရယ် အမေ့သားက အရက်ပဲသောက်တာပါ၊ သူများတွေလို ဆေးမစွဲ ဆေးမသုံးတာ တော်သေးတာပေါ့"

"ဟဲ့ သမီး မသူဇာ အခုသတင်းကြားနေတယ်၊ ဖဲရိုက်တယ်ဆိုပါလားဟဲ့၊ ဟိုတစ်နေ့က သူ့ညီမ စုဘူးခိုးပြီး ဖဲဝိုင်းမှာရှုံးတယ်တဲ့"

"အမေ့သားကတော့လေ၊ ပြောမရဘူး၊ သမီးရှေ့မှာတော့ မသောက်တော့ပါဘူးပဲ အမေ၊ ဖဲတော့ သမီးမကြားမိဘူး ထွေးထွေးစုဘူးဘယ်လောက်ပါသွားလဲ"

"ထွေးထွေးပြောတာ သုံးသောင်းကျော်နေပြီလို့ ပြောတာပဲသမီးရဲ၊ ကျောင်းပိတ်ရက်မှာ ပြင်ဦးလွင်သွားကြမယ်ဆိုပြီး စုနေတာတဲ့"

"ထွေးထွေးညီမလေး ပြောလိုက်ပါ၊ မနက်ဖြန် သမီးဆိုင်လာခဲ့ပါ၊ သမီးထွေးထွေးကို ငါးသောင်းပေးလိုက်မယ် အမေ၊ ဟို သူကျောင်းပိတ်ရက်သွားရင် ထပ်ပြီးပေးမယ် အမေ"

"သမီး သိပ်အလိုမလိုက်နဲ့"

"အမေရယ် ထွေးထွေးလေးက လိမ္မာပါတယ်"

"ဟဲ့ ဟဲ့ ထွေးထွေးပြောတာ မဟုတ်ဘူး သမီးယောက်ျား အမေ့သားကိုပြောနေတာ"

"ဟုတ်ကဲ့ပါ ကဲ သမီးသွားတော့မယ်"

"အေး အေး သမီး မြေးမလေးကျောင်းပိတ်ရင် အိမ်လာပို့နော်"

"စိတ်ချ အမေရေ စိတ်ချ"

မသူဇာတစ်ယောက် ချစ်လင်အပေါ် အလိုလိုက်နေမိသော်လည်း မပြောရက်၊ မဆိုရက်၊ မတားရပ်ပါ။ ငွေဆိုငွေ ရွှေဆိုရွှေ ဆင်ထားသော ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်းမှအစ နောက်ဆုံး နာရီပင်မရှိတော့။ အရက်မှ ဖဲ၊ ဖဲမှဆေး၊ ဆေးမှတဆင့် နိုက်ကလပ်၊ အနှိပ်ခန်း၊ အပန်းဖြေမှုတွေ စုံခဲ့လေပြီ"

(၂)

"မြသွေး"

"မမကြီး ဘာလဲဟင်"

"အိမ်သွားပေး၊ ဟော့ဟိုထမင်းဆိုင်ကထမင်းဝယ်သွားနော်၊ ကြက်အသည်းနဲ့ ပဲဟင်းပါဝယ်သွား၊ နင့်အစ်ကိုကြီးအတွက် မမကြီး ထမင်းချက်မထားခဲ့ရလို့"

"ဟုတ်ကဲ့ မမကြီး"



www.burmeseclassic.com

www.burmeseclassic.com

"မြန်မြန်သွား မြန်မြန်ပြန်နော်"

"ဟုတ်ကဲ့ပါ မမကြီး"

ဆိုင်မှာ အထည်ကောင်တာတွင် အရောင်းစာရေးမလေး မြမြသွေးအား ခါတိုင်းလိုပင် ထမင်းဝယ်ပို့ခိုင်း၏။ ပြောင်ကြီးသည် မြသွေးတော့နိုင်အောင် စကားမပြောနိုင်၊ မြသွေးမှာ စကား လည်းသွက်၏။ သတ္တိလည်းကောင်းမှ ကောင်း ဆိုင်တစ်ဆိုင်လုံး အားကိုးရသောစွာကျယ်မလေး။

မြသွေး ထမင်းဟင်းဝယ်ပြီး ဈေးမှ တဆင့် ဆိုက်ကားစီးကာ ပြောင်ကြီးတို့ အိမ်သို့ ရောက်တော့ ပြောင်ကြီးတစ်ယောက် လက်ကျန်အရက်နှင့် ဆိတ်သားကြော်တို့ဖြင့် သောက်ပွဲစနေစဉ် -

"ကိုကြီး ကိုကြီး"

"အေး ဩော် မြသွေး ဘာဟင်းလည်းကွ"

"ကိုကြီးက အသည်းမှ ကြိုက်တယ်ဆို"

"အေး အသည်းကြိုက်တဲ့ ကိုကြီး ဟား ဟား ဟား"

"ကိုကြီးရယ် ခုမှ ဆယ်နာရီကျော်ကျော်ပဲရှိသေးတယ်၊ သောက်နေပြီ၊ သောက်သောက် ဒါမှမြန်မြန်သေမှာ"

"ဒီကောင်မလေးကတော့"

"ကဲ ပြန်မယ်"

"ဟ ထမင်းစားခန်းမှာ သွားထားလေ၊ ဟင်းတွေ ပန်းကန်ထဲမှာထည့်ထားခဲ့ တော်တော်ကြာမှ ငါထမင်းစားမယ်"

"ဟုတ်ကဲ့ပါရှင်၊ အသည်းစားဘုရင်ကြီးအမိန့်အတိုင်းပါရှင်"

ပြောပြောဆိုဆို ထမင်းဟင်းတွေယူကာ ထမင်းစားခန်းသို့ ဝင်သွားသည်တွင် ပြောင်ကြီး ခပ်ထွေထွေဖြင့် သုံးမိနစ်လောက်အကြာ မီးဖိုစားသောက်ခန်းရောက်သွား၏။

"ကိုကြီး စားတော့မလား"

"အေး"

ပြောပြောဆိုဆို ပြောင့်ကြီးတစ်ယောက် လူစိတ်ပျောက်ကာ ရမ္မက်ဇောနှင့် အမောဖြေရန်ကြံမိရ၏။ ပေါင်မှန့်ထောပတ်သုတ်သော ဓားမြှောင်ဖြင့် လည်မြိုထောက်ကာ အဓမ္မအနိုင်ကျင့်စော်ကားလိုက်သည်။

"မြသွေး၊ နင့်မမကြီးသွားမပြောနဲ့ရော့ ဆေးဝယ်စားလိုက်၊ ဒါမှမဟုတ်ဆေးသွားထိုးလိုက်"

"တောက်"

"ဘာလည်း သေချင်လို့လား"

ရက်စက်မှု သရုပ်ဆောင်းနေသလိုရမ္မက်တွေမွန်နေလေသော ပြောင်ကြီးကား တကယ်လုပ်မည့်သူမို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်ပြေးခဲ့ရလေတော့သည်။ ပေးလိုက်သော ငွေနှစ်သောင်းအားသူ့ဘာလုပ်ရမှန်းမသိတော့၊ မသူဇာကိုလည်း ပြန်မပြောရဲ ညရောက်မှဆေးခန်းသွား၍ သားဖွားမီးယပ် ဆရာဝန်ထံ သားသမီးမလိုချင်သေး၍ဟု ပြောကာ ဆေးထိုးခိုင်းရမည်ဟု တွေး၏။ ပြောင်ကြီးအားလည်း ဂလဲ့စားချေရန် အတွေးတွေက ငယ်ထိပ်ရောက်နေလေပြီ။

ပြောင်ကြီးသည် မြသွေးမှ သူဇာနီးအား ဖွင့်မပြောမှန်းသိ၍ နောက်တစ်ကြိမ်အတွက် ရက်စက်ရန် ကြံတင်ပြင်ဆင်ရာမှ သူ့အတွေးထဲသို့ မြသွေးအစား နောက်တစ်ယောက်ဖြစ်သော ညွန့်ညွန့်ရီအလုည့်ကို စောင်ကြိုင့်လင့်နေလေသည်။

သူ့ဇနီးမှ မကြာမကြာ ထမင်းမချက်နိုင်ပါက ဆိုင်မှဝယ်ပို့ပေးခဲ့ပေါင်းများခဲ့ပြီ၊ ဒီတစ်ခါသာ သူစိတ်ကြိုက်ဖန်တီးနိုင်ခဲ့သဖြင့်

"တောက် ငါ တော်တော်နောက်ကျသွားတယ်၊ မြသွေး ဟဲ ဟဲ နောက်ညွန့်ညွန့်ရီ ရီလေး ဟား ဟား ဟား"

တစ်ယောက်မက သူ့ဇနီးဆိုင်မှာရှိသမျှ ညီမအရွယ်လေးများအား ဖျက်ဆီးရန် ဝန်မလေးတော့၊ သူ့အတွေးတွေက သူလုပ်သမျှ အမှန်တွေပင်ဖြစ်၏။ စိတ်အလိုလိုက်၍ စိတ်ကြိုက်လုပ်ဆောင်ရသမျှ သူ့ဘဝအတွက် အမှန်တရားဟု သူထင်မြင်ခဲ့လေ၏။

ဦးအောင်သည် သူငယ်ချင်းပြောင်ကြီးဖြင့် အရက်အတူသောက်ခဲ့သော်လည်း အပျော်သက်သက် မစွဲမက်ခဲ့၊ ပြောင်ကြီးအခြေအနေဆိုးမှန်း သိလာ၍ ပြော၏ မရ၊ နောက်ဆုံး စိတ်ပေါင်းကိုယ်ခွာ ပညာပါရလေပြီ။

"ဟေ့ကောင် အောင်ကြီး"

"ဟော လာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com

"သွားမယ် လာ"

"မလုပ်နဲ့ ငါ့အစာအိမ်ဖြစ်လို့ ထမင်းတောင်မစားရဘူးကွ"

"လာပါ၊ ဆေးနဲ့တွေ့ပျောက်ပြီပေါ့ ကွ"

"အေး တစ်ခါထဲ သေသွားရင် တော့ကောင်းသား၊ ခံစားနေရတာ မလွယ်ဘူး သူငယ်ချင်းပြောင်ကြီး ငါမ လိုက်တော့ဘူး"

"မင်းခေါ်ရတာ ဘယ်နှစ်ခါရှိပြီလဲ၊ နတ်ဆိုးပင့်ရတာက လွယ်သေးတယ်၊ ဒီမယ်ဟေ့ကောင်အောင်ကြီး၊ မင်းက အောင်ကြီး၊ ငါကပြောင်ကြီးကွ သေဖော်သေဘက်၊ တေဖော်တေဘက် ဟား ဟား ဟား ဟား"

"သွားပါတော့ သူငယ်ချင်းပြောင်ကြီး အိမ်ထဲမှာ မေမေလည်းရောက်နေတယ်၊ ငါနေမကောင်းလို့လာနေတာကွ"

"ဟုတ်လား၊ ဒီမှာ ငွေတွေ၊ မင်းကို ချေ့ခံမလို့ကွ၊ ဒါဆိုလည်း တစ်ယောက်ထဲပဲသွားတော့မယ်"

"ဟေ့ကောင် ပြောင်ကြီး ငွေတွေ များလှချေလား၊ မင်းသောက်ထားတယ်ပေါ့"

"ဟဲ ဟဲ သောက်တာပေါ့ကွ၊ ငွေတွေက မိန်းမပေးတာလေ၊ သူက ဝါဆိုလမှာ ဝါဆိုသင်္ကန်းမကပ်ခဲ့ရလို့ ကထိန်သင်္ကန်းအတွက် စုထားတာ၊ မိန်းမက သဘောကောင်းတယ်ကွ၊ ငါသုံးချင်ရာသုံးဖို့ပေးလိုက်တာ"

*ဦးအောင်သည် ထိုလက်ညှိုးညွှန်ရာသို့*
*ကြည့်လိုက်သောအခါ ပုံပြင်တွေထဲက သရဲအိမ်ကြီး၊*
*ထိုအိမ်ကြီးအပေါ်ဝမှာတော့ မိစ္ဆာကောင်ကြီးတွေ၊*
*ခက်ရင်းခွလို လှံတံကြီးများလည်း ထမ်းထား၏။*
*အစွယ်ပြူးပြူး ဘီလူးသဖွယ်နှစ်ကောင်မှာ*
*သရဲအိမ်နှစ်ဘက် အပေါ်ဝမှာရပ်နေ၏။*
*အလယ်မှာတော့ မျက်နှာပြဲပြဲ ဗိုက်ရွဲရွဲနှင့်*
*ဘီလူးကြီးလားမသိ၊ ဓားကြီးထမ်းပြီး ပြောင်ကြီးအား*
*မြန်မြန်လာရန် လက်ယပ်ခေါ်နေ၏...*

"ဟာကွာ"

ဦးအောင်ဆိုသည့် အောင်ကြီးစိတ်မကောင်း။ အောင်ကြီးအား ဦးတပ်ခေါ်သည်မှာ ရုံးစာရေးကြီးလည်းဖြစ်၊ ရပ်ကွက်လူကြီးလည်းဖြစ်၍ ဦးတပ်ခေါ်ရသော်လည်း အသက်မှာ လေးဆယ်ပင် မပြည့်သေး။ လူလည်း လူပျိုကြီးပင်၊ အရက်ကို စွဲလန်းမှုလုံးဝမရှိ၊ တစ်ခါတစ်ရံ အပေါင်းအသင်းဖြင့် မိတ်ဆွေမပျက်သောက်သော်လည်း သူ၏ဂုဏ်သိက္ခာကို အထိမခံတတ်သောကြောင့် ယခုပြောင်ကြီးနှင့် လိုက်မသွားဖြစ်ပါ။ ဟန်ဆောင်ကာ အစာအိမ်ဟုပြောမိသလို၊ မိခင်ကြီးလည်း ရောက်နေသည့်အတွက် လွန်စွာ အဆင်ပြေသွားသော်လည်း သူငယ်ချင်း ပြောင်ကြီးအတွက် စိုးရိမ်နေမိသည်။

"သူ့ဇနီး ပေးလိုက်သည်ကော ဟုတ်ရဲ့လား၊ ဘာသာရေးအတွက် စုထားသော ငွေတွေပေးပါ့မလား"

ဟူသော အတွေးတွေ ခေါင်းထဲရောက်လာသော်လည်း ပြောမရသော သူငယ်ချင်းအား လက်လွှတ်လိုက်ရလေသည်။

ထိုနေ့ည အိပ်ရာဝင်တော့ ပြောင်ကြီးကို သတိရမိသည်။ စိတ်စွဲသွားသည်လားမသိ၊ အိပ်မက်ထဲတွင် ဦးအောင်သည် တောင်စောင်းလေး ပေါ်မှဆင်းလာ၏။ သူဆင်းလာသော တောင်စောင်းပေါ်မှာ စေတီလေးတစ်ဆူ ထုံးဖြူဖြူလေး။ ထိုသို့ မြင်လာစဉ် ပေ



www.burmeseclassic.com

www.burmeseclassic.com

ငါးဆယ်လောက်ကွာသော လမ်းတစ်လမ်းပေါ်ဝယ် ပြောင်ကြီးကို တွေ့ရ၏။

"ဟော့ ပြောင်ကြီး ဘယ်သွားမလို့လဲ"

ဦးအောင် လှမ်းအော်မေးလိုက်သည်။ ပြောင်ကြီးကား ပုဆိုးအနက်ကွက်၊ အင်္ကျီကတော့ ပတ်လည်စင်း စပို့ရှပ်အင်္ကျီမှာ အဖြူနှင့်အနက်ကျားဝတ်ပြီး သူ့အား စကားမပြောဘဲ၊ သူဦးတည်သွားရာဘက် လက်ညှိုးညွှန်ပြ၏။ သူတို့နှစ်ယောက်မှာ တစ်ယောက်ကအပြန် တစ်ယောက်က အသွား။

ဦးအောင်သည် ထိုလက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ ပုံပြင်တွေထဲက သရဲအိမ်ကြီး၊ ထိုအိမ်ကြီးအပေါက်ဝမှာတော့ မိစ္ဆာကောင်ကြီးတွေ ခက်ရင်းခွလို လုံတံကြီးများလည်း ထမ်းထား၏။ အစွယ်ပြူးပြူး ဘီလူးသဖွယ်နှစ်ကောင်မှာ သရဲအိမ်နှစ်ဘက်အပေါက်ဝမှာ ရပ်နေ၏။ အလယ်မှာတော့ မျက်နှာပြုပြု မိုက်ရွဲရွဲနှင့် ဘီလူးကြီးလားမသိ၊ ဓားကြီးထမ်းပြီး ပြောင်ကြီးအား မြန်မြန်လာရန် လက်ရပ်ခေါ်နေ၏။

"ပြောင်ကြီး မသွားနဲ့ မသွားနဲ့ ပြန်လှည့်ခဲ့ ပြန်လှည့်ခဲ့"

ဦးအောင်အော်ခေါ်၊ အော်ပြောပါသော်လည်း ပြောင်ကြီးခေါင်းခါပြီး သူ့အားလက်ပြနှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်ခွာသွားနေ၍ သူထပြေးဆွဲရန် လမ်းဘေးဆင်းမည်အလုပ် ဦးအောင်နှင့် ပြောင်ကြီးတို့၏ အသွားလမ်းနှင့် အပြန်လမ်း အလယ်မှာ ရေတွေဖွေးနေ၍ ဦးအောင် ဘာမျှမတတ်နိုင်၊ ကောင်းကင်မှာလည်း မိုးတွေက ညို့ညို့ဆိုင်းဆိုင်း မှိုင်းမှိုင်းမှုန်မှုန်၊ နေကလည်းဝင်တော့မည်။ အားမတန် မာန်လျှော့သည့်အခိုက် အိပ်ရာမှ လန့်နိုးသွားခဲ့သည်။

(၄)

နောက်နေ့မနက်စောစော ပြောင်ကြီးအား စိုးရိမ်၍ ပြောင်ကြီးအိမ်ဖုန်းဆက်တော့ ကိုယ်တော်ချော မထသေး။ သူ့ဇနီးမသူဇာမှ အိပ်နေသေးကြောင်း ပြောသည့်အတွက် ဦးအောင် ဝမ်းသာသွား၏။ စိတ်ထဲမှ

"ဩော် ငါ ဒီကောင့်ကို သိပ်ခင်လို့ မက်မိတာပဲလေ"

"တော်သလင်းမိုး၊ အေးလေ မိုးဆိုတာ အစိုးမရပါဘူး၊ ထူးထူးခြားခြား ဒီမနက်မှ ဟိုနေ့က အိပ်မက်အတိုင်း ကောင်းကင်ပြင်ကြီး ဟန်ရေးပြနေတာပါလား"

ဟိုတွေး ဒီတွေး တွေးနေမိသည်။ ကောင်းကင်ပြင်ကြီး ကြည့်ပြီး စိတ်ထဲမှာ တစ်စုံတစ်ခုကို စိုးရိမ်သလိုလို စိုးရွံ့သလိုလိုဖြစ်နေစဉ် ကာလမှာပင်။

"ဦးအောင်ကြီး ဦးအောင်ကြီး"

"ဟော ဩော် ထွေးထွေးလာလေ"

"ဟို ဟို ကိုကြီး ကိုကြီးပြောင် အရက်မူးမူးနဲ့ ကားတိုက်ခံရလို့ ဆေးရုံပို့လိုက်ရပြီ"

"ဟော ဘုရား ဘုရား ဘုရား"

ဦးအောင်ကြီး ထွေးထွေးနှင့်အတူ ဆေးရုံသို့လိုက်သွား၏။ ဆေးရုံရောက်သည်နှင့် မိုးက သည်းသည်းမည်းမည်း ရွာချလေပြီ။ မသူဇာကား မျက်ရည်စစဖြင့် စိတ်ကိုထိန်းနိုင်သည်လား၊ ဒေါသကိုချုပ်ထားရသည်လား မသိ။

"ကိုအောင် ရှင့်သူငယ်ချင်းတော့ ဆုံးသွားပြီ"

"အို"

"ဟုတ်တယ်၊ ဟိုနေ့က ကျွန်မ ဘုရားစင်ပေါ်မှာ စုထားတဲ့ ဆွမ်းကြီးလောင်းပွဲတော်မှာ လှူမဲ့ငွေတွေနဲ့ ပျော်ပါးသောက်စားကတည်းက သူ တစ်စုံတစ်ခုဖြစ်တော့မယ်ဆိုတာ တွေးမိတယ်၊ ဒါပေမဲ့ ကျွန်မ ဘာမျှမပြောတော့ပါဘူး။ အင်း ခုမှပဲ ပွေတာတွေ၊ သောက်စားမူးယစ်ခဲ့တာတွေ အဆုံးသတ်သွားပြီလေ၊ သမီးလေးရယ် ပေဟာဒီက သူ့အမေတို့အတွက်ကြောင့် ကျွန်မဆေးရုံလိုက်ခဲ့တာ၊ တော်တော်ရက်စက်တဲ့ အလုပ်တွေ အို တော်ပါပြီ ကိုအောင်ရယ်"

ဦးအောင်ဘာပြောရမှန်း မသိတော့၊ သူ့အိပ်မက်ထဲကအတိုင်း မကောင်းမှုတွေကိုမှ သူပြောသလို "ကောင်းတာလုပ်တာ" ဆိုတဲ့ ပြောင်ကြီးတစ်ယောက် ငရဲခန်းကို တန်းတန်းမတ်မတ်တက်ကယ်သွားပြီကောဟု တွေးရင်းသက်မချရင်း။

ဂုဏ်သိမ် (ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချိုမြိန်လှသော ရာမည တိုင်း မနော

## — ဝေအိကို —

(တစ်)

မြသွေးစွေးစွေးလယ် ကမ္ဗလာ ပြင်အခုံးမယ် စိမ်းညိုပွပ်ပုပ် တောအုပ်ကလေးကြား ထိုးထိုးထောင်ထောင် ထွက်နေသော ထန်းပင်ဆယ့်လေးငါးပင်က အတ္ထရံမြစ်ကမ်းနဖူးစပ်တွင် အမြိန့်သားရှိနေသေး။ သည်ထန်းပင်တွေက အထက်ဆီကို ခဲပုပ်ရောင်တိမ်သားထုထုထူအား မလိုတမာ မော့ကြည့်နေသလားပဲ။

ကာဖီရောင်ပျော့ပျော့ အတ္ထရံမြစ်ရေက ဒီရေအတက်အကျအလိုက် အရှေ့က အနောက်၊ အနောက်ကအရှေ့ဆီတွေကို ရေစီးသွက်သွက်ကလေးပင်စီး၏။ အတ္ထရံမြစ်ရိုးအတိုင်း အရှေ့ဘက်စူးစူးကို ပဲ့ချိတ်တစ်စင်နှင့် ခရီးဆက်လျှင် ဘုရားသုံးဆူထိ ရောက်တာမို့ သည်ကကျော်ရင်ဖြင့်မြဝတီသောင်းရင်းမြစ်တစ်ဖက်က မဲဆောက်တစ်ဖက်နိုင်ငံကို ရောက်ဆိုပဲ။ သည်ဒေသကတော့ အဲ့သည့်နိုင်ငံကို "ရှမ်းပြည်ကို သွားကြသတဲ့လေ။

အဲ . . . အနောက်ဘက်မြစ်ရိုးအတိုင်း ဆင်းသွားလိုက်ရင်ဖြင့် မော်လမြိုင်မြို့မှာရှိတဲ့ ခေါင်းဆေးကျွန်းနားဆီကို ပေါက်သွားပြီး သံလွင်မြစ်ကြီးနဲ့ ပေါင်းဆုံသွားရောပဲ။

သူကသည် အတ္ထရံမြစ်နံဘေးမှာ ရောက်နေခဲ့သည်မှာ ယခုဆိုသုံးလသားရှိခဲ့ပြီကော။

သူနေသော အိမ်ကလေးကသုံးပင်နှစ်ခန်း ဒုံကပ်အုတ် တိုက်ပုပုလေးသာရယ်။ အတွင်းမယ် အခန်းဖွဲ့ထားတာမျိုး မဟုတ်တဲ့ တောင်မြောက် တန်းကလေးရှိပြီး တောင်ဘက်အပေါက်ဝ ညာဖက်နှင့် မြောက်ဖက် အပေါက်ဝဘယ်ဖက်တစ်ခန်းစီလုပ်ပြီး ဤနှစ်ခန်းကိုအလယ်ကြောသမ်းမအနေဖြင့် လေးပေသာသာချိန်ပြီး ကွပ်ပျစ်ရှည်ရှည် နှစ်ခုကို မျဉ်းပြိုင်အတိုင်း ခင်းကျင်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘားတိုက်တစ်ခုသာရယ်။ သူကတော့ တောင်ဖက်စွန်းစွန်း တစ်ခန်းကို လိုက်ကာပန်းနုရောင်ပျော့ပျော့၊ နှင်းဆီပွင့်ကြီးကြီးတစ်ဆုပ်တစ်ခဲ ပုံဖော်ထားတဲ့ စီဝိုင်စီအစပါးလွှလွှလေးနှင့် ကန့်ထားပြီး ခြေရင်းဖက်ဆီမတော့ အိန္ဒိယပြည်ထွက် ကောဇောညိုညိုကလေး နောက်ခံထားလို့ ဘဲငန်းစုံတွဲနှစ်စုံက ချစ်ရည်လူးလို့ ကြည်နူးနေတာလေးနှင့် တွဲလောင်းချိတ်ထားတဲ့ အခန်းကလေးမှာ တင်နေ၏။

သူနေသော ဘားတိုက်အပြင်ကို ထွက်ကြည့်လိုက်ရင်ဖြင့် အတ္တရံမြစ်ကြီးကို သံမဏိကြိုးတွေ ဆိုင်းတွယ်ပြီး သံမဏိပြားတွေခင်းထားတဲ့ ကြိုးတံတားကြီးကဖြင့် ဟီးဟီးထ၊ မိုးမျှော်တိုင်နှစ်စုံကတော့ ဟိုဖက်ကမ်းသည့်မှာဖက်ကမ်းခပ်ဆီမှာ တမော့ကြီး လှမ်းကြည့်နေရ၏။ သည်တိုင်ကြီး၏အရပ်ကား မရှိဘူးဆိုလျှင်ပင် ပေတစ်ရာခန့်ခန့်ရှိပေမည်ထင်၏။

မြစ်ကြောရိုး အထက်ပိုင်းဆီမှာ အတ္တရံ တံတားက ခုံးခုံးထကွေးနေသေး။ သံမဏိပြားတွေက တစ်ခုနှင့်တစ်ခုတစ်လက်မသာသာခြားပြီး ကြမ်းခင်းထားသည်မို့ နှင်းဝေတဲ့ဆောင်း၊ မိုးထန်တဲ့ ဝဿန်တွေမှာဖြင့် သည်သံမဏိ ပြားစွတ်စွတ်စိုမယ် ဆိုင်ကယ်တွေ အမောင်း မသင့် အကြောင်းမလှရင် တဘိုင်းဘိုင်းပစ်လဲ လေ့ရှိ၏။သည်ဝန်းသည်ကျင်နား၌ ရွာသစ်ရွာကလေးတစ်ခုက အိမ်ခြေနှစ်ရာ သာသာရှိတဲ့ မွန်တိုင်းရင်းသား အများစုရှိတဲ့ ရွာကလေးတစ်ရွာရှိနေ၏။ မြောက်ဘက်ကမ်းမယ်တော့ စက်မှုဇုန်ကလေးဖက်ဆီမှာဘုရားကုန်း၊ ကျုံးဝမ်း၊ ကျိုက်ပလန်၊ ကျုံမနဲ၊ ကြာအင်းကုလားရွာ၊ မွန်ရွာတွေကဖြင့် အစီအရီပင်။

စက်မှုဇုန် အဝန်းအဝိုင်းမှာတော့ ဝမ်းဝမ်းသရီးပွိုင့်၊ မိတ်ဆွေသစ် ဆိုသော စည်ဘီယာဆိုင်တွေရယ်၊ ဟိန်းအောင်မေတ္တာ၊ မင်္ဂလာဆိုတဲ့လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်လေးတွေက မော်လမြိုင် ဘားအံသွား လမ်းမကြီးဘေး တစ်ဖက်တစ်ချက်စီမှာတင်။

ညဖက်မှာတော့ ညဈေးတန်းလေးအလား မီးဝင်းဝင်းရှိနေပေသည့်သည်ဖက်ကမ်းရှိ ရွာသစ်မွန်ရွာကလေးကဘက်ထရီမီးလေးမှိုင်းပျပျနဲ့သာရယ်။

ရွာသစ်သူ၊ ရွာသစ်သား အများစုကတော့ ပန်းစိုက်၊ ယာစိုက်၊ လယ်စိုက်ကြသလို တချို့ကတော့ မြဝတီက တစ်ဆင့်အောက်လမ်းတကြောအတိုင်း ရှမ်းပြည်(ထိုင်းနိုင်ငံ)ဖက်ဆီ ကူးလို့ ဝမ်းမီးငြိမ်းနေကြ၏။ လျှော့တွက်၍မရသည်က ရှမ်းပြန်တွေရောက်လာကြပြီဆိုရင်တော့ အရင်က ဝါးတဲအိမ်လေးတွေက ခုတ်ဖိနပ်ခင်း၊ ဒုံထောင်ခြေ တိုင်ရှည်မွန်ရိုးရာအိမ်ကြီးရခိုင်အဖြစ် ပြောင်းပြောင်းသွားကြတော့သည်သာလေ။

"တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်" ဆိုတာကို သူတို့တစ်တွေအတွက်များဖြစ်နေသလားပဲ။ သမုဒ္ဒရာ ဝမ်းတစ်ထွာသာမို့သာ။

***　***　***

(နှစ်)

ရာသီက အခုတလော ဖောက်လွှဲဖောက်ပြန်တွေ တင်းကြမ်းဖြစ်၏။ တစ်လောက ဂျပန်မှာငလျင်အကြီးအကျယ်လှုပ်လို့ ဖူကူရှီးမားမှာ နျူကလီးယားဓာတ်ပေါင်းအိုးတွေ ပျက်စီးကုန်လို့ ရေဒီယိုသတ္တိဓာတ်ကြွနေသလို မြန်မာပြည်မှာလည်း တာလေ၊ တာချီလိတ်ဖက်ဆီမယ် ခပ်ကြမ်းကြမ်း ငလျင်လှုပ်ခတ်ခဲ့တာမို့ လူတွေ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး အိုးမဲ့ အိမ်မဲ့ အဖြစ်တွေကြောင့် ကမ္ဘာကြီးခမြာလည်း သဘာဝဘေးအန္တရာယ်တွေရဲ့ စိန်ခေါ်မှုတွေကို ကျိတ်ခံနေရပါကလားနော်။

ဘာတွေ ဘယ်လိုပဲဖြစ်နေ ဖြစ်နေပါစေ။

ရွာသစ်ရွာကလေးမှာဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ညိုမှိုင်းနေသော တိမ်အဆိုင်အခဲထုအောက်မှာ အေးချမ်းနေသေးတော့။

မနက်ဖြန်ဆိုလျှင် ကဆုန်လပြည့်ဖြစ်မျာကြောင့် အတ္တရံမြစ်တစ်ရိုးမှာလည်း ရိပ်ကနဲ၊ ရိပ်ကနဲ နေအောင်ဒီရေတက်လာသည်မို့ လယ်ကွင်းပြင်ကျယ်တွေတစ်ဝိုက် ရေဖွေးဖွေးလျှံနေ၏။ မှတ်သုန်လေကြောင့် လယ်ကွင်းထဲရှိ မြက်ပင်ရှည်များသည် လေကဲ့ရာနွဲ့နေကြလေသည်သာ။

www.burmeseclassic.com

မနေ့ကတည်းကပင် ရွာသစ်တစ်ရွာလုံး ပရွက်အုံ တုတ်ထိုးသလား အောင့်မေ့ရလောက်အောင်ပင် ရွာရှိလူကုန်နီးပါး သုံးလေးနှစ်သားအရွယ်က စလို့ ခြောက်ဆယ်ကျော် ခုနစ်ဆယ် ရှစ်ဆယ် အဘိုးရော အမယ်အိုရောက ကိုယ်စီနိုင်ရာ အိုးတွေ၊ လင်ဗန်းတွေ၊ ပုန်းတွေ၊ ကိုယ်စီ ကိုယ်င ဆွဲသူကဆွဲ ရွက်သူကရွက်၊ ထမ်းတစ်လှည့် ပိုးတစ်ခါ နှင့် ရွာတောင်ထိပ်စွန်းက ဟိန္ဒူဘုရားကျောင်းနံဘေး ဘောလုံးကွင်းကို ဖြတ်ကာရေဘာခြံကြီးကြားရှိ လှိုလမ်းကလေးအတိုင်း အနောက်ဘက်ဆီက လက်ကွင်းတွေဆီသွားကာ၊ လယ်ကန်သင်းရိုးခြေက လယ်မြေခုံးသဲတွေကို တူးဆွသယ်ကဲ့နေကြသည်မှာ မနက်ဖြန်တွင် ကျရောက်တော့မည့် ကဆုန်လပြည့်နေ့တွင် နှစ်စဉ်ကျင်းပလေ့ရှိသော ရွာအရှေ့ထိပ် အတ္ထုရုံမြစ်ကမ်းနံဘေးစပ် ကူးတို့ဆိပ်မယ် သဲပုံစေတီတည်ကြမတဲ့လေ။

ရွာသစ် ရွာကလေးရဲ့ ရွာလုံးကျွတ်ပွဲတော်ကြီးတစ်ခုပင်တည်း။

သည်မယ် သဲပုံစေတီက ကျိုက်ပလန်နှင့် ရွာသစ်ဖက်ဆီ ဟိုးရေးရေးက အတ္ထုရုံကြီးတံတားကြီး မဖြစ်တည်ခင်က လေ့ကူးတိုးဆိပ်တစ်ခုဖြစ်ရာ ရေဆိပ်နားဌ ပေနှစ်ဆယ်ပတ်လည် မြေကွက်ကလေးကို ခုတ်ထွင်းရှင်းပြီး သကာလမယ် ဘုံကိုးဆင့်ရှိ အင်ဖက် ယိုင်ပတ်သဲပုံသောသော ဉာဏ်တော် ရှစ်ပေခန့်စေတီကို နီးဝါးယက် ငှက်ပျောဖူးခံရွှေရောင်စက္ကူနှင့်ဆင်သသော ထီးတော်တင်ကာ သဲပုံစေတီပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိသတဲ့လေ။

သည်နယ် သဲပုံစေတီတည်ပြီး သခိုက်၊ အရှေ့ဖက်ယွန်းယွန်းတွင် ဝါးပိုး ဝါးရင့်ရင့် ဆယ်တောင်ကျော်ကျော် ခန့်ဝါးလုံးဖြောင့်ဖြောင့်ကို တံခွန်တိုင်အဖြစ် စိုက်ထူကြမည်ဖြစ်သည့်အပြင် ကုက္ကားတွေ တံခွန်တွေ၊ ဆိုင်ထိပ်က ရွှေဟင်္သာတွေ စသော အပိုင်းအစတွေကိုတော့ ရွာထဲက ကွမ်းတောင်ကိုင်တစ်သိုက်က ရှိုးစမိုးအကျအနန့်သယ်ကြ၊ ရွက်ကြရင်း၊ ရွာသစ်ရွာရဲ့အနောက်ထိပ်၊ တောင်ထိပ်တွေစီဝင်လှည့်သလိုပင် မျိုးပြ၊ ဆွေပြ၊ လှည့်ကြသေးရဲ့။ သည်နယ် ဇော့ကြ လှည့်ကြရင်းဖြင့် ဓာတ်စက်တစ်လုံးကို သုံးဘီးဆိုင်ကယ် (တုတ်တုတ်) ပေါ်တင်ကာ မြူးကြွတဲ့ တေးသံတစ်လွှင်လွှင်နှင့် မွန်အဘွားအိုတစ်ရကတော့ ငွေဖလားထဲပေါက်ပေါက် ဖြူလွလွတွေရောထွေးထားတဲ့ ချိုချဉ်လုံးတွေရယ်၊ တစ်ထောင်ကျပ်တန်တွေက စလို့ ငါးကျပ်တန်အဆုံး ကြိုဂံပုံကလေးဖြစ်အောင်ချိုးခေါက်ပြီး ဝင်းလှည့်ရင်းက တဖြောက်ဖြောက်နဲ့ရယ် ပြစ်ကြဲလိုက်တော့ လမ်းမနံဘေးက ပရိသတ်တစ်သိုက်မယ် အိုး . . . ဘာပြောကောင်းမလဲလေ။ အုန်းအုန်းကျွတ်ကျွတ်၊ ကုန်းကုန်းကွကွ ဖြစ်ကြကုန်ရောပဲ။

ဒါတင်လားဆို။

ဘယ်ဟုတ်ပါလိမ့်နော့။

ရွာသစ်သား၊ ကာလသားတစ်သိုက်မှာက ရွာအနောက်က ကာကာဆိုင်မယ်၊ စိတ်ကြွမြူးထစေတဲ့ ယစ်ရည်တွေ မိုဝဲပြီးသကာလ ဆူထလာတဲ့ သွေးမှူင်ကြောတွေကြောင့် ရွာသူရွာသားတွေမယ် ပို့ပို့ရွယ်ရွယ် ဘယ်မရွေးဘဲ အိုးမဲတွေကို မျက်နှာတစ်ပြင်အစင်းတွေ၊ အကြောင်းတွေ ထင်းထင်းပေါ်အောင် လိုက်လံသုတ်လိမ်းပြီးနောက်မယ် တံခွန်တိုင်ထူမယ့် ဝါးပိုးဝါးရှည်ကြီးကို အစွန်းတစ်ဖက်ဆီသွားကြပြီး တစ်ဖက်နှင့် တစ်ဖက် အပြိုင်အားထည့်ပြီး တွန်းထိုးနေကြတာကလည်း လွန်ဆွဲသလို မဟုတ်ဘဲ ဝါးလုံးကြီးကို ရှေ့မတိုးနိုင်အောင် ဆီးပိတ်တာတစ်ဖက်၊ သဲပုံစေတီဆီထိအရောက်သယ်ရမှာမို့ ရှေ့တိုးနိုင်ဖို့ တစ်ဖက်အားနှင့်မာန်နှင့် တွန်းကြ၊ တားဆီးကြနှင့် လှုပ်လှုပ်ရှားရှား။

တစ်ခါတစ်ခါများဆို လမ်းဘေးထက်ဆီထိုးကျလားကျရဲ့၊ နို့ပေသိရာမညသားတွေက သည်တံခွန်တိုင်ဝါးကြီးကို မြေမခရဆိုတဲ့ အယူရှိကြလေ၏။ သည်မယ် မာရ်နတ်လို့ပဲဆိုမလား ဝါးလုံးတန်းမြေခဖို့အတွက် ဝါးလုံးတန်းပေါ်တက်ခွစီးသူတွေက စီးကြသေးရဲ့၊ အခိုးဆုံးကတော့ ကိုတင်ဝင်းပလေ။ ဝါးလုံးပေါ်ခွစီးလို့၊ ပါးပြင်နှစ်ဖက်လုံးမှာ လဲစက်ဆီမည်းမည်းတွေ ဗရပျစ်နဲ့ပလေ။ ဒါကို သူတို့တွေက ဝါးလုံးထိုးပွဲလုပ်တာတဲ့။

www.burmeseclassic.com

ရွာသူကြီးဖြစ်တဲ့ ဦးစိန်ပုကတော့ ကွမ်းတောင်ကိုင်တွေရှေ့မှာ ပုပုကွကွ၊ ဝဝ တုတ်တုတ်၊ အသားဖြူစပ်စပ်က ကိုင်ထားတဲ့ ငွေဖလားနဲ့ အပြိုင်ထင်လက်နေသလားပဲ။ ဦးစိန်ပုရဲ့ ဘေးနှစ်ဖက်မှာလည်း ရွာလူကြီးနှစ်ဦးက ငွေဖလားကြီးတဝင်းဝင်းနဲ့ပါပဲလေ။ တစ်ရွာလုံးနီးနီးလမ်းမဘေးဝဲယာမှာ အုံ့ခဲနေကြ၏။ အလင်းရောင်စာကြည့်တိုက်နားကနေ မြောက်ဘက်လမ်းချိုးထောင့်မှာတင် တစ်ခဏတာ ရပ်နားချိန်မှာတော့ လမ်းထောင့်ဇရပ်နားက ကာဖီးအေးအေးလေးတွေကို စတုဒိသာလုပ်တော့ သူလည်း တစ်ခွက် တစ်ဖလားမော့လိုက်မိပါသေး၏။

*** *** ***

(သုံး)

သူ့အဖို့မတော့ သည်ပွဲမျိုးမကြုံခဲ့ရဘူးသေးပါ။ ရွာသစ်သားတွေအဖို့မတော့ဖြင့် ရင်သည်အခါသမယသည်ကား အပျော်ဆုံးပွဲတစ်ခုဟုဆိုကြ၏။ ဟုတ်နိုင်ပါ၏။

ရွာသူရွာသားများ ပျိုပျို၊ ရွယ်ရွယ်၊ ငယ်ငယ်တွေမကျန်ရလေ အောင် မျက်နှာများသည် ပြုံးလို့ရွှင်လို့ မြူးတူးလို့ပ။ ကာလသား အများစုကဖြင့် ဂီဝေယံစ်မှုးနေပေသီ။ ရမ်းရမ်းကားကား ရှိန်းရှိန်းစိုင်းစိုင်း မရှိကြသည်မှာ အံ့ဖွယ်တည်း။ ဝီကိုချွဲချွဲကြသော လူတစ်သိုက်များဖြင့် မျက်နှာတစ်ပြင်လုံး မည်းမည်းပြောင်ပြောင်တွေနှင့်သာ။

အလင်းရောင် စာကြည့်တိုက်နံဘေးလမ်းကြောကကွေ့ပြီး ကိုတင်ဝင်းတို့အိမ်ရှိရာ အရှေ့ဖက်မြေနီလမ်းရိုးအတိုင်း ဆက်လျှောက်ရင်ဖြင့် ကိုတင်ဝင်း အိမ်ကိုကျော်သွားတော့ မြေနီလမ်းဘေးဝဲယာမှာ ထန်းပင်တန်းကလေးက အစီအရီလေးရယ်။ အဲသည်လမ်းရိုးဘေးဝဲယာမှာဖြင့် ဒီရေတက်လာသမို့ လယ်ကွင်းတစ်ပြင်လုံး ရေစပ်စပ်ဝင်နေ၏။

လယ်ကွင်းတွေအဆုံးမှာတော့ မြစ်ကမ်းနားက သဲပုံစေတီကို သပ္ပါယ်ကြည်ညိုဖွယ် မြင်တွေ့လိုက်ရ၏။

ထီးတော်နှင့် တံခွန်ကုက္ကားသယ်လာကြသော ရွာသူကြီး ဦးစိန်ပုနှင့် ကွမ်းတောင်ကိုင်တစ်သိုက်က သဲပုံစေတီကို လက်ယာရစ် သုံးကြိမ်ပူဇော်နေသခိုက်မှာ စေတီဘုံထက်ဆီ ရောက်နှင့်နေသော ဘုရားလူကြီးအဖွဲ့က ပေါက်ပေါက်ပန်းတွေနှင့်အတူ ငွေစက္ကူတွေကိုပါ ပစ်ကြဲချလိုက်တဲ့အခါမယ် ပေါက်ပေါက်ဖွေးဖွေးကလေးတွေ လေထဲပျံလွင့်တာနဲ့အတူ ငွေစက္ကူစလေးတွေကလည်း စေတီခြေတော်ရင်ပြင်ရေစပ်စပ်ရှိ လယ်ကွက်တွင် သက်ဆင်းကချိန်မှာတော့ ရွာသူရွာသားတွေ တဝုန်းဝုန်းတရုန်းရုန်းဖြစ်ကာ ဗွက်အိုင်ထဲမယ် လဲသူတွေလဲ၊ မှောက်သူတွေမှောက်လို့ အလိုက်သင့်ကုန်းကုန်းကွကွနှင့် လယ်ကွက်ထဲက ရေတွေနှင့် တစ်ဦးကိုတစ်ဦး လက်များဖြင့် ယက်ကာပက်လိုက်ကြဖျန်းလိုက်ကြတာများ ရွှံ့တွေအလူးလူးနှင့်သာရယ်။

"စိတ်မဆိုးရဘူးနော်"

တဲ့ သူ့အနားကို ရွာသားတစ်ဦးက ကပ်ပြီး တိုးတိုးလေးပြောကာ သူ့ခန္ဓာတစ်ကိုယ်လုံးမချိသွားပြီး လယ်ရေတော်တော်များများလေးရှိတဲ့ လယ်ကွက်ထဲ ပစ်ချလိုက်ကရောပဲ။

စေတီတော်ကို ဝိုင်းပတ် ပူဇော်နေခိုက် ဝါးထိုးအဖွဲ့တွေက မြစ်ကမ်းနဖူးမယ် တွန်းတွန်းထိုးထိုးလုပ်ကြ နာခေါင်းပိတ် ရေနစ်လိုက်ကြနဲ့ရယ်။

သဲပုံစေတီတော် ထီးတော်တင်ပြီး တံခွန်တိုင်လည်း ထူပြီးရော ဆိုင်ကယ်သုံးဘီးဆီက ဓာတ်စက်က ဗိန်းမောင်းသံတွေ တခြိမ်းခြိမ်းညံလိုက်တာနဲ့ပဲ ရွာသားလူငယ်တစ်သိုက်က လယ်ကွက်ဗွက်အိုင်များ လက်ပမ်းပေါက်ခတ် တဖြောင်းဖြောင်း ဒူးခေါင်းတွေတကြွကြွနဲ့ နီးစပ်ရာ လူငယ်ချင်း လယ်ကွက်ဗွက်အိုင်ထဲမယ် လက်ဖွတ်လုံးနေကြလေ၏။

သူတို့တစ်ကိုယ်လုံး ရွှံ့ဗွက်တွေအလူးလူး။

"စိတ်မဆိုးရဘူးနော်" တဲ့

အတ္ထရံမြစ်ရဲ့ အနောက်ဖက်က နေမင်းကြီးက ပြုံးစိစိနဲ့ပေါ့လေ။


ဝေအိုကို



www.burmeseclassic.com


www.burmeseclassic.com

# ပိုလန်နိုင်ငံတွင် ရှေးဟောင်းသွေးစုပ်ဖုတ်ကောင်အရိုး (၄)စုံကို ရှေးဟောင်းသုတေသနပညာရှင်တို့ တူးဖော်တွေ့ရှိ



၁၄. ၇. ၁၃ နေ့တွင် ပိုလန် တောင်ပိုင်း၊ ဂယ်လီဝစ်ပြည်နယ် အနီးတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း မြေကြီးတူးဖော်ခဲ့ရာမှ မြေနက်အတွင်းမှ ရှေးဟောင်းသွေးစုပ်ဖုတ်ကောင် ၄ ကောင်၏ အရိုးစုများကို ရှေးဟောင်းသုတေသနအဖွဲ့က တွေ့ရှိခဲ့ရပြီး ခေတ်မီနည်းဖြင့် လေ့လာနေကြကြောင်း သတင်းစာ၌ ဖော်ပြလိုက်သည်။

ပိုလန်နိုင်ငံအတွင်းရှိ ခရစ်ယာန်ဘာသာဝင်အချို့ကလည်း ရှေးနှစ်ပေါင်းများစွာကပင် သွေးစုပ်ဖုတ်ကောင်များ ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။ သွေးစုပ်ဖုတ်ကောင်များရန်မှ ကာကွယ်ရန်နှင့် လူကောင်းများ သွေးစုပ်မခံရလေအောင် ခေါင်းဖြတ်သတ်ပြီး၊ ဦးခေါင်းကို ခန္ဓာကိုယ်နှင့် ဝေးရာတွင် ထားခြင်းဖြင့် ခေါင်းနှင့်ကိုယ် မဆက်မိတော့ဘဲ ဖုတ်ကောင်သေဆုံးသည်ဟု အယူအဆရှိသည်။ သို့မဟုတ်ပါကလည်း ဖုတ်ကောင်ကိုသတ်ပြီး သစ်ပင်အမြင့်စသည်တို့တွင် လည်ပင်းကြိုးချည်ပြီး တွဲလောင်းချထားပါက ကာလကြာသော် ပုပ်အက်ရိရွဲပြီး ပြတ်ကျကာ ခေါင်းနှင့်ကိုယ် တခြားစီဖြစ်၍ သွေးစုပ်ဖုတ်ကောင် အသက်မဝင်နိုင်ဟု ဆိုသည်။ ယခု သွေးစုပ်ဖုတ်ကောင်အရိုးများဟု ကောက်ချက်ချရခြင်းမှာ အရိုးများအနီးတွင် ဖုတ်ကောင်နှိမ်နင်းသောလက်နက်ဖြစ်သည့် ခရစ်တော်ပုံပါ လက်ဝါးကပ်တိုင်၊ ကြက်သွန်ဖြူ စသော သွေးစုပ်ဖုတ်ကောင်တို့ ကြောက်ရွံ့သော ပစ္စည်းများ မတွေ့ရသော်လည်း အရိုးစုများကို မြေမြှုပ်ထားပုံမှာ ဦးခေါင်းခွံများကို ခြေထောက်နှစ်ဖက်အကြားတွင် ထားရှိ၍ မြေမြှုပ်ထားခြင်းကြောင့် သွေးစုပ်ဖုတ်ကောင်တို့၏ အရိုးများဟု တိကျစွာ ကောက်ချက်ချခဲ့ခြင်း ဖြစ်သည်။ ထိုဒေသခံအချို့၏ အဆိုအရ သွေးစုပ်ဖုတ်ကောင်




ဟု ယူဆထင်မှတ်ခြင်းခံရသောသူများကို ငွေသားဖြင့် ပြုလုပ်ထားသော ဆူးချွန်များဖြင့် ထိုးသတ်ကာ ဖုတ်ကောင်များကို နှိမ်နင်းခဲ့ရကြောင်း ပါးစပ်ရာဇဝင်များရှိသည်ဟု ပြောကြားခဲ့ကြသည်။

ညီမြင်းလွင်(မော်ကျွန်း)

*Ref: Internet News, 15.7.13*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



သူ့နှာမည်က ကိုသောင်းစိန်လှ။ နာမည်နှင့် လူ လိုက်ဖက်အောင်တော့ ကြည့်လို့မဖြစ်။

ကဲ··· ပထမ ကိုသောင်းစိန်လှ ရုပ်သွင် မြင်ကွင်း ပုံဖော်ပြပါမည်။ ဦးခေါင်းဝိုင်း။ ခေါင်းကကြီးကြီး ရှပ်ထွေး ကောက်ကွေးနေသော ဆံပင်ဘုတ်သိုက်၊ ဘယ်တော့မှ ဆီမလိမ်း။ နှဖူးကျဉ်းကျဉ်း။ နားရွက်ပြားချပ်ချပ်၊ မျက်ခုံးထူထူ၊ မျက်ပေါက် ကျဉ်းကျဉ်း။ မျက်လုံးမှေးမှေးတွင် မျက်ခမ်းစပ်ဖြစ်၍ အမြဲတမ်း မျက်လုံးကိုအားစိုက် ဖွင့် မိတ်လုပ်နေရသည်။ နှာခေါင်းမှာ သေးငယ် ပြားချပ်ချပ်၊ အောက်ဖက်နှုတ်ခမ်း ထူထူသွား၊ ခေါ်ခေါ်နှင့် သာမန်ထက်ကျယ်သော ပါးစပ်၊ မေးရိုး ကောက်ကောက်၊ အသားက ဖြူသော်လည်း တစ်လ တစ်ခါမျှလောက်ပင် ရေမချိုးသော အသားမှာ၊ ဖုံချေး(ကျီး) သနပ်ခါးလိမ်းထားသလိုဖြစ်၍ အဖြူရောင်ပျောက်နေသည်။ အရပ်ပုသော်လည်း လက်တံရှည်၊ လက်မောင်း ခြေထောက် တုတ်တုတ်၊ ခါးအနေတော်၊ ရင်အုပ်ကားကား။ အလုပ်အရှားများ၍ သန်မာတုတ်ခိုင်သော ကိုယ်ခန္ဓာကိုယ်က မျက်နှာနှင့် လိုက်ဖက်နေသလို၊ ခပ်ကြမ်းကြမ်း အသွင်တွင် အမြဲတန်းဝတ်ဆင်ထားသည်က ဖျင်ကြမ်းအဖြူပျော့ပျော့အကျႌ အနက်အဖြူကွက်စိပ်ပုဆိုးကြမ်းတို့မှာ ကိုယ်နှင့်မကွာအမြဲဝတ်ထား၍အရောင်များ လွှင့်စင်ပြောင်းလဲနေကြသည်။

လှပ်ရှားမှုအသွင်မှာ၊ သုတ်သုတ် သုတ်သုတ်နှင့် ဗလုံးရှုပ်ထွေး အမြဲ အလုပ်ရှုပ် ယောက်ယက်ခပ်နေသလို ဖြစ်သည်။ ဘယ်အချိန်ကြည့်ကြည့် ပျာယာခတ်လျက်နေသော်လည်း စကားမပြော၊ ရှုံးသိုးသိုးမျက်နှာနှင့် သူ လုပ်စရာတွေကို တစိုက်စိုက်လုပ်နေသည်။ ဝန်းကျင်ကို ဂရုမစိုက်အား၊ ပမာမခန့် စိတ်ထားနှင့် မဟုတ်သော်လည်း အသွင်အပြင်က ပမာမခန့်ပုံစံမျိုးဖြစ်နေသည်။ အကြောင်းသိသူများကသာ သူ့စရိုက်လက္ခဏာကို မထူးမခြားသိထားလေသည်။ တစ်ခါတစ်ခါမျှ ပင်ရေမချိုးသော ကိုသောင်းစိန်လှ နေပူမိုးရွာမရှောင် အလုပ်ရှုပ်နေသော သူ့ကိုယ်မှ ဖျင်အင်္ကျီမည်း စုတ်စုတ်အောက်တွင် ချွေးများကား စိုလိုက်၊ ခြောက်လိုက် လည်ပတ်နေသည်။ ရေမချိုးသည်ထက် ရေတစ်ပိုင်းစိုးနွေးစဥ်ပင် ရေမချိုးဘဲနေသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အဝတ်သည် သွားလာလုပ်ကိုင်ရင်း ခြောက်သွားရ၏။ ကြာတော့ သူ့ကိုယ်နံ့သည် ညှဉ်းသိုးသိုး အနံ့ကိုထပ်၍ ဖြည့်စွက်သည်က ထန်းရည်နံ့ ချဉ်စူးစူး ဖြစ်လေသည်။

ကိုသောင်းစိန့်ဖေ့ အကြိုက်ဆုံးက ထန်းရည်ပင်တည်း။ သို့သော် စည်းကမ်းတော့ရှိပုံ ထန်းရည်ကိုညနေ အလုပ်သိမ်းပြီးမှ သောက်လေ့ရှိသည်။ ဤလိုမှ မဟုတ်လျှင်လည်း ကျွန်တော့်အဖေက လက်ခံမည်မဟုတ်ကြောင်း သူသိထားသည်။ ကျွန်တော့် အဖေကိုတော့ ကိုသောင်းစိန်လု ကြောက်သည်၊ လေးစားရိသေသည်။ ဒါကလည်း အကြောင်းရှိပါ၏။ ကိုသောင်းစိန်လု ကျွန်တော်တို့ အိမ်ရောက်လာခြင်းက အဖေ့ သနားဂရုဏာစိတ်ကြောင့် ဆိုရပါမည်။ ကျွန်တော့်အဖေသည် လွန်စွာ ရိုးသားပြီးအလုပ်ကိုကြိုးစားသူ၊စည်းကမ်းရှိသူ၊ ကိုယ်ချင်းစာ တရားထားသူ၊ အတ္တမကြီးသူ၊ အရက်သေစာလောင်းကစားကင်းသူ၊ မိန်းမမှူ မရှုပ်သူ၊ ဘာသာ တရား လေးစားကိုင်းရှိုင်းသူ ဖြစ်သည်။

ကျွန်တော့်အဖေက ကိုယ်ပိုင်ယာမြေများကို ကိုယ်တိုင်ကြိုးကြပ်လုပ်ကိုင်သည်။ နွားများစွာလည်း ရှိသည်။ အဖေက ရေနံချက်စက်ရုံတွင် အကြီးဆုံး စက်ဆရာကြီးအဖြစ်လုပ်ကိုင်ဆောက်ရွက်ခဲ့သော်လည်း သူ့အလွန်ဝါသနာပါသည်က စိုက်ပျိုးမွေးမြူရေးသာ ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းကို အမ်ကဇောက်ချ လုပ်ကိုင်ခဲ့၏။ တစ်နေ့ အဖေသည် ရွာရေချိုးဆိပ်ကမ်းရေချိုးရန် သွားခဲ့သည်။ ထိုစဉ် ကိုသောင်းစိန်လုနှင့် အဖေတွေ့ပြီး သနားသဖြင့် အိမ်ခေါ်အလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ကိုသောင်းစိန်လုက အသက်နှစ်ဆယ်အရွယ်၊ ရေကြည်သာ အရှေ့ဘက်ကမ်း ရောဝတီမြစ်ကြောင်း အလယ်ကျွန်း သောင်ခုံရွာကြီးမှ သဘော်ကျွန်း ရွာသားဖြစ်သည်။ မိဘမရှိ အစ်ကို တစ်ယောက်ရှိသော်လည်း ဘယ်ဆီ ဘယ်ဝယ် ရောက်နေသည် မသိရ။သဘော်ကျွန်းရွာတွင် ကိုသောင်းစိန်လု တစ်ကောင်ကြွက် ဘဝဖြင့် ကြုံရာ အလုပ်လုပ်ကိုင် စားသောက်နေရင်း နောက်ဆုံး သဘော်ကျွန်း ရေကြည်သာ လှေကူးတို့ပို့ အလုပ်ဝင်လုပ်သည်။ ထုံလွန်း၊ အလွန်းသော ကိုသောင်းစိန်လုကို လှေသူကြီးက သဘောမကျသဖြင့် အလုပ်မှ ထုတ်ပစ်လိုက်သည်။ ရေကြည်သာ ဖက်ကမ်းရောက်လာသော ကိုသောင်းစိန်လုကိုအဖေကတွေ့ပြီး သနားသည်နှင့် အိမ်ခေါ် အလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ကိုသောင်းစိန်လုကို လှေသူကြီးက အလုပ် ထုတ်ပစ်ခဲ့ရခြင်းကလည်း သဘော်ကျွန်းမှ ရေကြည်သာဖက် ကူးတို့ပို့နေသော လှေသူကြီးက တစ်နေ့ အလုပ်တစ်ခုဖြင့် ခရီးသွားစရာရှိလာသောကြောင့် လှေကို ကိုသောင်းစိန်လု ထံသေချာပြောအပ်ပြီး "ဟေ့သောင်းစိန်လု ကနေ့ ငါခရီးသွားစရာရှိတယ်ဟေ့၊ မင်း သေချာဂရုစိုက်ပြီး ခရီးသည်တွေကို ကြည့် သယ်ပို့လုပ်ပေးနော်၊ ခရီးသည်တွေ စိတ်ချမ်းသာမှု၊ ကျေနပ်မှုရှိပါစေ၊ ငါစိတ်ချသွားမယ်" ဟု သေချာပြောပြီး လှေကိုအပ်ခဲ့သည်။ လှေက အလတ်စားအရွယ်၊ တစ်ခေါက် လူသုံးဆယ်လောက်အထိ တင်ပို့နိုင်သည်။ လှေထိုးသား ကိုလှဆောင်နှင့် အဖော်လူငယ်တစ်ယောက်ရှိရာ ကိုသောင်းစိန်လု မှာ ထိုလူငယ်ထက် အသက်ကြီး၍ လှေသူကြီးက ကိုသောင်းစိန်လုကို ကြီးကြပ်အလုပ်အပ် ပေးလိုက်ခြင်းဖြစ်သည်။

ကိုသောင်းစိန်လု စိတ်ထဲစွဲထားသည်က၊ လှေသူကြီးမှာခဲ့သော "ခရီးသည်များ စိတ်ချမ်းသာမှု၊ ကျေနပ်မှုရှိပါစေ" ဆိုသောစကားဖြစ်တော့သည်။ ထိုစကားအရ လှေတစ်ခေါက်ပို့ ပြီးတိုင်း ခရီးသည်များထံမှ ကူးတို့ပို့ခ မယူဘဲ ပို့ပေးနေသည်။ လှေထိုးသားအတူပါလူငယ်က နားမလည်နိုင်အောင်ဖြစ်ပြီး

"ဗျို့ ကိုသောင်းစိန်လုကြီး ခရီးသည်တွေ ဆီက ပိုက်ဆံမတောင်းဘဲ ဘာလို့ အလကား ပို့နေတာလဲဗျ၊ ခင်ဗျားတော့ လှေသူကြီးက ဆူတော့မှာပဲဗျာ၊ ခင်ဗျားဆူတာထက် ကျုပ် လုပ်ခပါ မပေးဘဲနေမှာဗျ" မကျေမနပ် မေးသည့်အခါ ကိုသောင်းစိန်လုက ရှုးသိုးသိုး သူ့ပုံစံအတိုင်း မပြောချင်ပြောချင်ပုံစံဖြင့် "ဟေ့ကောင် ခရီးသည်တွေ စိတ်ချမ်းသာ ကျေနပ်ဖို့ လှေသူကြီးမှာသွားတယ်၊ မင်းမသိ အသာနေ"။ ဒါပဲပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်နေ့ကုန် လှေပို့အပြီး နောက်နေ့လှေသူကြီး ခရီးသွားရာကအပြန် ကိုသောင်းစိန်လှကို လှေသူကြီးက မနေ့က လှေပို့ခငွေများဘယ်လောက်ရသလဲ အပ်ရန်မေးသည့်အခါ ကိုသောင်းစိန်လှက...

"လှေသူကြီးက ခရီးသည်တွေ စိတ်ချမ်းသာ ကျေနပ်စေရမယ်လို့မှာတဲ့အတိုင်း လှေစီးခမယူဘဲ စိတ်ချမ်းသာ ကျေနပ်အောင်ပို့ပေးကြောင်း၊ ခရီးသည်တွေက စိတ်ချမ်းသာ ကျေနပ်ကြပြီး သာဓုခေါ်ကြောင်း၊ သာဓုတွေအများကြီးရကြောင်း" ပြောသည့်အခါ လှေသူကြီးမှာ ရယ်ရအခက် ငိုရအခက်ဖြင့် ဒေါသကို ဟီးချလိုက်ပြီး ကိုလှသောင်ကို "ကောင်းကွာ ကောင်းကွာ အေး သာဓုတွေတော့ငါမယူ တော့ဘူးဟေ့ သောင်းစိန်လှရဲ့ မင်းသာဒီသာဓုတွေ ပိုက် ပြီး ယူသွားပေတော့ ကနေ့ကစပြီး ငါ့လှေပေါ်က မင်းဆင်းပေတော့ဟေ့" တစ်ချက်လွှတ်အမိန့်နှင့် အလုပ်ဖြုတ်လိုက်လေသည်။ ကိုသောင်းစိန်လှမှာ အလုပ်လက်မဲ့ဖြင့် ရေကြည်သာဘက်ယောက်လည်လည်နှင့် ရောက်လာခိုက် အဖေနှင့်တွေ့ပြီး သနား၍ ခေါ်ခဲ့ခြင်းဖြစ်သည်။

အဖေခေါ်လာသော ကိုသောင်းစိန်လှကို အမေနှင့် ကျွန်တော်တို့သားသမီးများကပါ သနားကြသည်။ ထိုနေ့ကစ၍ ကိုသောင်းစိန်လှသည် လှေထိုးသားဘဝမှ ယာမြေထွန်ယက်စိုက်ပျိုးသမားတစ်ဖြစ်လဲ ခဲ့တော့၏။ လှေကိုင်ကျွမ်းသော ကိုသောင်းစိန်လှ ယာမြေ နွားကျွမ်းကျင်အောင် အဖေက စိတ်ရှည် လက်ရှည်သင်ပြပေးသည်။ အဖေ့ါလုပ်သားများနှင့်တွဲ၍ ထားပေးသည်။ သည်လိုနှင့် နှစ်ကာလကြာမြင့်လာသော်လည်း ကိုသောင်းစိန်လှသည် လူပျိုကြီးဘဝ၌ပင် ရှိနေခဲ့၏။

သူမှာ ရှုံးသိုးသိုး ညှဉ်းဆိုးဆိုးအနံ့ ထန်းရည်နံ့ ချဉ်ရှူးရှူးအနံ့တို့သည် လျော့မသွား ပို၍ပင် အနံ့အသက်လှိုင်နေသည်။ လှေထိုးသားဘဝ ရေနှင့် ထိစပ်လုပ်ကိုင်နေရသည့်ပင် ရေမချိုးသော ကိုသောင်းစိန်လှ အခုကုန်းပေါ်ယာမြေ အလုပ်လုပ်သည့်အခါ ရေနှင့်ပို၍ဝေးတော့၏။ ရေချိုးခြင်းအစား၊ နေပူပူကြား ဖျင်ကြမ်းအကျႌ ထူထူအောက် ခန္ဓာကိုယ်ချွေးတွေ ခြောက်လိုက်၊ စိုလိုက်ဖြင့် တစ်မျိုး၊ မိုးချိန် မိုးစိုလိုက်၊ ခြောက်လိုက်တစ်ဖုံဖြင့် သံသရာ လည်နေသော ကိုသောင်းစိန်လှကို အဖေက...

"ဟေ့...မောင်သောင်း မင်းကွာ ရေချိုးပါဦးဟာ မင်းကိုယ်က အနံ့ချဉ်ရှူးရှူး တွေက အဝေးကကို ဟောင်နေတာပဲ၊ မင်းကိုယ်ပေါ်က အဝတ်အစားတွေကလဲ နှစ်ချီနေပြီ။ လျှော်ဖွတ်လဲဦး၊ မင်းနယ်ကွာ" အဖေက ပြောပြောဆိုဆို ပုဆိုး အကျႌများထုတ်ပေးသည်။ ကိုသောင်းစိန်လှက "ဟုတ်" ဆိုသော စကားတစ်လုံး အဖြေပြုပြီး ပုဆိုးအကျႌများယူသွားသည်။ ဤနေရာတွင် ကိုသောင်းစိန်လှ၏ "ဟုတ်" ဆိုသော အတိုကောက် အဖြေစကား နှင့်ပတ်သတ်၍ ပြောစရာရှိလာပါသည်။ ကိုသောင်းစိန်လှ ကျွန်တော်တို့အိမ်ရောက်ပြီး နောက် သူ့ကိုမည်သူကပဲ စကားပြောပြော၊ မေးမေး သူ့အဖြေစကားမှာ တစ်ခွန်းတည်းသော "ဟုတ်" စကားဖြင့် နာခံ၍ အဖြေပြုမြဲ "ကိုသောင်းစိန်လှ ယာထဲသွား" "ဟုတ်" "ကိုသောင်းစိန်လှ နွားတွေလွှတ်" "ဟုတ်" "ကိုသောင်းစိန်လှ ထမင်းစားရအောင်" "ဟုတ်" "ကိုသောင်းစိန်လှ ရေစည်သွားတိုက်" "ဟုတ်" "ကိုသောင်းစိန်လှ ရေစိုကြီးနဲ့ ရေချိုးအဝတ်လဲနော်" "ဟုတ်"။ တစ်ခါတစ်လေ ဧည့်သည်များက "ဘယ်လိုလဲ ကိုသောင်းစိန်လှ တစ်သက်လုံး လူပျိုကြီးဘဝနဲ့ပဲလားဗျ" ဟုမေးလျှင် "ဟုတ်" ဟု သာဖြေပြီး ထွက်သွားသည်။ တစ်ခါတစ်ရံ အလုပ်သမားများက "ဗျို့ ကိုသောင်းစိန်လှ သူကြီးသမီးချောလေး ပန်းနုက ရွာမှာအချောဆုံးနော်၊ သူလေးက ရွာကာလသားတွေကို မကြိုက်ဘူးဗျ၊ ကိုသောင်းစိန်လှကြီးကို သဘောကျကြိုက်နေဆိုပဲ"

ဤအခါ ကိုသောင်းစိန်လှအဖြေက "ဟုတ်...စဉ်းစားပါ့မယ်" ဤအဖြေကြောင့် အလုပ်သမားများ ဝါးခနဲပွဲကျသွားကြသည်။ ကိုသောင်းစိန်လှ ကတော့ တစ်ချက်ကလေး မပြုံး၊ ရှုံးသိုးသိုး ပုံစံ မျက်စိပေကလပ် ပေကလပ်ဖြင့် ထွက်သွားလေသည်။ တစ်ခါတစ်ရံ ယာအလုပ်သမလေးများက "ကိုသောင်းစိန်လှကြီးနော် ကျုပ်တို့ကိုလဲ စဉ်းစားဦး"ဟု လှမ်းပြောလိုက်လျှင်"ဟုတ်"ဟု ဖြေပြီး



www.burmeseclassic.com

www.burmeseclassic.com

အနားမနေတော့၊ ရက်သလို သဘောကျသလို ပုံရိပ်က ရှုးသိုးသိုးမျက်နှာ လွှမ်းသွားသည်။ တစ်ခါတစ်လေ အဖေက...

"မောင်သောင်း အိမ်ထောင်လေးဘာ လေးပြုဖို့စိတ်ကူးရဲ့လား မင်းစိတ်ကူးထားဘာရှိရင် ဖွင့်ပြောနော် ငါစီစဉ်ပေးမယ်" ဟုပြောသည့်အခါ ရှုးသိုးသိုးမျက်နှာကြီး အောက်ငုံ့ပြီး ပြုံးရမလို၊ ရယ်ရမလို၊ ထရမလို၊ ထိုင်ရမလို၊ မနေတတ်မထိုင်တတ်ဖြင့် "ဟုတ်" ဟု ယောင်ယောင်ဝါးဝါး ပြေထွက်သွားမည်အလုပ် အဖေက "ဟ မောင်သောင်းရ ခဏနေပါဦးကွ၊ မင်းစိတ်ကူးထားတာရှိရင်ငါ့ကိုဖွင့်ပြောစမ်းပါဦး။ ဒါမှ ငါစီစဉ်ပေးနိုင်မှာလေကွာ၊ ကဲ ပြော" ထပ်ပြီး မေးသည့်အခါ "ဟုတ် အဲ အများကြီးပဲ" အဖြေကရှင်းရှင်းလေး ရှုပ်ကုန်သည်။ "ဟေ့ အများကြီးပဲ ဟုတ်လားကွ" အဖေက ထပ်မေးသည်။

"ဟုတ်" ကိုသောင်းစိန်လုထပ်ဖြေသည်။

"ဟာကွာ စိတ်ကူးထားတာတွေ အများကြီးတော့ ဘယ်ဖြစ်ပါ့မလဲကွ၊ အဲဒီအထဲက တစ်ယောက်ယောက်ပြောကွာ"

"ဟုတ် အဲ မရွေးတတ်ဘူး အဲ"

"မရွေးတတ်ဘူး ဒါဆို မင်း စိတ်ကြိုက်နဲ့ မဖြစ်လောက်ဘူးထင်တယ်"

"ဟုတ်"

"ဟေ့ကောင် ဟုတ်ကြီး လုပ်မနေနဲ့လေ"

"ဟုတ်"

"ဟာကွာ ငါပါ ချာလည်လည်နေပြီ၊ မဖြစ်ပါဘူး မင်းတစ်ယောက်ယောက်ရွေးပြီးရင်ငါ့ပြောကွာ သွားတော့ သွားတော့"

"ဟုတ်" နောက်ဆုံး ဟုတ်တစ်လုံးနှင့် ကို သောင်းစိန်လု အဖေ့ရှေ့က သုတ်ခြေတင်ထွက်သွားတော့၏။ အဖေ့မှာ ပြုံးရမလို ရယ်ရမလိုနှင့် မျက်နှာပိုးသတ်နေလိုက်ရသည်။ အမှန်က ကိုသောင်းစိန်လုဘဝစိုပြေစေဖို့ အဖော်သဟဲအဖြစ်၊ နောင်မျိုးဆက်အဖြစ်၊ လက်တွဲဖော်ကို အဖေက ကိုယ်ချင်းစာစေတနာဖြင့် မေးကြည့်ခြင်းဖြစ်၏။ သို့သော် စေတနာက ဝေဒနာဖြစ်သွားမှာလည်း စိုးရိမ်သွားပုံရသည်။ နောင်သောအခါ အဖေသည် ကိုသောင်းစိန်လုအား မိန်းမယူဖို့အကြောင်း မပြောဖြစ်တော့။ ကိုသောင်းစိန်လုကလည်း သူ့အများကြီးဆိုသော အများကြီးထဲက၊ ဘယ်တစ်ယောက်မှ ရွေးချယ်ပြောပြခြင်းလည်းမရှိတော့။ ကိုသောင်းစိန်လု၊ "ဟုတ်"စကားက ပါးစပ်ဖျားကမချသလို ထိုဟုတ်စကားကြောင့် ကိုသောင်းစိန်လု ဘုမသိ ဘမသိ သူကြီးထိပ်တုံးတွင် ကားကားကြီး အခတ်ခံလိုက်ရလေသည်။ အဖြစ်က ရွာကာလသားတစ်သိုက် ကြက်ခိုးမှုတစ်မှု ဖြစ်သည်။ ညက ကာလသားတို့ စုမိသည့်အခါ လသာသာ ကြက်ခိုး၍ ကာလသားချက်ချက် ထန်းရည်နှင့် မြည်းကြသည်။ ကြက်မခိုးခင် စောစောပိုင်း ကိုသောင်းစိန်လု ထန်းရည်ဆိုင်က ထန်းရည်သောက်အပြန် စုနေသောကာလသားများနှင့်တွေ့သည်။ ကာလသားများက ကိုသောင်းစိန်လု အကြောင်းသိ၍ စနောက်ရင်း ထန်းရည်တိုက်လိုက်ကြ၏။ ညဉ့်နက်စ ခပ်ထွေထွေလေးနှင့် ကိုသောင်းစိန်လု အိမ်ပြန်ခဲ့သည်။ ခပ်ထွေထွေ ဆိုပေမယ့် အမူးလွန်ခြင်းမျိုးမဟုတ်သလို ပါးစပ်ကလည်း ဘာစကားမှမပြော၊ အိမ်ရောက်သည့်အခါ အဖေ့ကိုလည်း ကြောက်ရသူမို့ တိတ်တိတ်ကလေး အိမ်နောက်ဖေးတဲအိမ်လေးအခန်းထဲ ဝင်အိပ်လေသည်။ ပြဿနာဖြစ်ချင်တော့ ညက ဒေါ်ဘုမအိမ်မှ ကြက်နှစ်ကောင်ပျောက်မှု သူကြီးအိမ်ရောက်သွားသည်။ ဤတွင် ထိုနေ့ညက ကိုသောင်းစိန်လု တစ်ယောက် ဒေါ်ဘုမအိမ်ခြံစည်းရိုးဘေး မှောင်ရိပ်ဆီက ထွက်သွားခြင်းကို တာတီးကြီး သေချာမြင်လိုက်ရပုံ သူကြီးကို သက်သေထူပြောပြသည်။ အမှန်က ဒေါ်ဘုမသည် အရွယ်ကောင်း မုဆိုးမ၊ ကိုတာတီးကြီးက တစ်ခုလပ်မုဆိုးဖို ဒေါ်ဘုမကို ကိုတာတီးကြီးက ကြိတ်ပိုးနေရာ အခုပြဿနာသည် ကိုတာတီးကြီးအတွက် အကွက်ကောင်းတစ်ခုဖြစ်လေသည်။ ဒေါ်ဘုမကြက်ကို ကိုသောင်းစိန်လု ခိုးမခိုးမသိ အိမ်နောက်မှ ဖြတ်ပြန်လာသော ကိုသောင်းစိန်လု ကို ရိပ်ခနဲမြင်လိုက်ရ၍ ပထမ သံသယက သူပိုးနေသည့် ဒေါ်ဘုမ ဒီသောင်းစိန်လုနှင့်များ တိတ်တိတ်ဖြစ်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် ဒီကောင်လာ ချောင်းတာလား။ ဒုတိယက ဤ သံသယ ဟုတ်သည် မဟုတ်သည်ထား သူကြိတ်ပိုးနေသော ဒေါ်ဘုမအိမ်နားဖြတ်မြင်လိုက်ရသည်ကိုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် အပြတ်ရှင်းရမည်။ ဒါမှလည်း ဒေါ်ဘုမ ကို သူဘယ်မျှဂရုစိုက်စောင့်ရှောက်ကြောင်း သိသာစေရန်ဖြစ်လေသည်။

ကိုတာတီးကြီး အခိုင်အမာ စကားကြောင့် သူကြီးသည် ကိုသောင်းစိန်လုကို အခေါ်ခိုင်းပြီးမေးသည်။ ကိုသောင်းစိန်လုကို သူကြီးခေါ်ခိုင်းစဉ်က အိမ်တွင် အဖေရော အမေရော မရှိ၊ အိမ်ရှိသောသူများက သူကြီးကခိုင်းစရာရှိ၍ခေါ်ခြင်းဖြစ်မည်ဟု တွေးထင်ပြီးနေလိုက်ကြသည်။ အရင်က ရွာထဲ အတော်အတန်ခိုင်းစရာလူလိုလျှင် ဤလိုခေါ်ခဲ့ဖူးသည်။

သူကြီးအိမ်ရောက်တော့ ဒေါ်ဘုမကိုတာတီးကြီးနှင့် လူကြီးများကိုပါတွေ့ရသည်။ ကိုသောင်းစိန်လုမှာ ပြဿနာကိုမသိ။

"လာ လာ မောင်သောင်းစိန်လုမင်းကို မေးစရာရှိလို့ အဲဒါမင်းမှန်မှန်ဖြေနော် ဟုတ်လား" သူကြီးကပြောလိုက်သည်။

"ဟုတ်" ဟုတ်သာလိုက်ရသည် ကိုသောင်းစိန်လုဘာမှမသိသေး။ "ကဲမင်းညက ဟောဒီ ဒေါ်ဘုမ အိမ်ခြံစည်းရိုးကြီးနား မှောင်ရိပ်ထဲက ထွက်လာတာ ဟုတ်သလားကွ"

"ဟုတ်"မဆိုင်းမတွပင် ကိုသောင်းစိန်လု အားပါးတရ ဖြေသည်။ ကိုသောင်းစိန်လု အဖြေကြောင့် ကိုတာတီးကြီး အားတက်ကြွလာသည်။ ဒေါ်ဘုမက ကိုသောင်းစိန်လုကို မျက်စောင်းထိုးကြည့်ရင်း နှုတ်ခမ်းစူပွစူပွဖြင့် မကျေမနပ်ကြိတ် ကြိမ်းဝါးနေသည်။ သူကြီးက ဆက်မေးပြန်သည်။

"ဟ ဒါဖြင့် မင်းဒေါ်ဘုမ အိမ်ကကြက်နှစ်ကောင်ခိုးတာ မင်းပေါ့ ဟုတ်လားဟေ့"

"ဟုတ်" သွားလေရော ဤ ဟုတ်တစ်လုံးဖြင့် ကိုသောင်းစိန်လု သူကြီးထိတ်တုံးတွင် ကားကားယားယား အခပ်ခံလိုက်ရတော့၏။ ကိုသောင်းစိန်လု ဒေါ်ဘုမကြက်ခိုး၍ သူကြီး ထိတ်တုံးခတ်ခံနေရသည်ကို အဖေနှင့်အမေ အိမ်ပြန်ရောက်မှသိကြသည်။ တစ်ရွာလုံးလည်း ဟိုး ဟိုးကျော်သွား၏။

"ဟား ချမ်းသာနေတဲ့လူ့ရဲ့ တပည့်လက်ရင်းလူရိုးကြီးက ဒေါ်ဘုမကြီးရဲ့ ကြက်ခိုးသတဲ့ကွာ"

"ဟုတ်ပမလားဟ ကိုသောင်းစိန်လုကြီး က တကယ့်လူရိုးကြီးပါကွာ ဒီလိုတော့ လုပ်မယ်မထင်ပါဘူး"

"သူလဲပါလို့နေမှာကွ၊ စောစောပိုင်းက ကာလသားတွေနဲ့ အတူရောနေတာ၊ သူတစ်ယောက်တည်းတော့ မဟုတ်နိုင်ဘူးကွ။

"အေးကွ ကာလသားတွေ ကြက်ခိုးချက် စားကြတာနေမှာ၊ ကိုသောင်းစိန်လုကြီးကို လွှဲချတာဖြစ်မှာ"

"မဟုတ်လောက်ဘူးကွ၊ ကိုသောင်းစိန်လုကြီးက သူကြီးရှေ့မှာ သူကြက်ခိုးတာဝန်ခံဆိုပဲ" တစ်ရွာလုံးစကားစုံကြားရသည်။ အဖေက သတင်းကြားကြားချင်းသူကြီးအိမ်လိုက် သွားသည်။ ထိုအချိန်တွင် ကာလသားတွေလည်း သူကြီးအိမ်ရောက်နေကြ၏။ အဖေက ထိတ်တုံးခတ်ထားသော ကိုသောင်းစိန်လုကို လှမ်းကြည့်သည့်အခါ ကိုသောင်းစိန်လုက အဖေ့ကို ပြန်မကြည့်ရဲဘဲ ခေါင်းငုံ့ထားသည်။ အဖေက ကိုသောင်းစိန်လု နားသွားပြီး မေးသည်။ မောင်သောင်း မင်းတကယ်ကြက်ခိုးလို့လားကွ ငါ့ကိုမှန်မှန်ပြောစမ်း"

"ဟုတ်" အဖေက သေချာအောင်မေးကာမှ ကိုသောင်းစိန်လုကြီး နှုတ်အဖြေက ဟုတ်ဖြစ်နေသည်။ အဖေက မယုံ သူ့အကျင့် အတိုင်း ဘာမသိညာမသိ စွပ်ဖြေနေခြင်းဖြစ် မည်ကိုတွေးမိသည်။

"ခက်တော့တာပဲ မင်းက အရမ်းစွတ်ဟုတ်နေတာနဲ့ ဒုက္ခတွေ့တော့မယ်၊ ဟေ့ကောင် မင်းကြက်မခိုးဘူး မဟုတ်လား"

"ဟုတ်" အနားရှိသူများအားလုံး တဝါဝါ ရယ်မောကြလေသည်။ ထိုအချိန်တွင် ကာလသားများထဲမှ ကြီးမောင် အားလုံးလည်းကြားအောင် သူကြီးနှင့်လူကြီးများကိုလည်း ဝန်ခံလိုက်ခြင်းဖြစ်အောင်ပြောလိုက်သည်။

"ကျွန်တော် အမှန်ပြောပါ့မယ် အခု ဒေါ်ဘုမ ကြက်ကိုခိုးကြတာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ပါ။ ကိုကြီးသောင်းစိန်လှ ပါလည်းမပါဘူး။ သိလည်းမသိပါ။ အဲဒါ ကာလသားကြီးမောင် စကားမဆုံးခင်မှာ ကိုသောင်းစိန်လှထံမှ ကျယ်လောင်သောအသံနှင့် "ဟုတ်" ဟု ထွက်ပေါ်လာသည်။ သူကြီးရော ရွာသားအားလုံးပါ ကိုသောင်းစိန်လှ ဖက်လှည့်ကြည့်မိကြပြီး ဝေါခနဲရယ် လိုက်ကြသည်။ ကာလသားကြီးမောင်က ဝန်ခံစကားဆက်ပြောပြီး အပျော်သဘောမျိုး ကြက်ခိုးချက်စားခြင်းသာဖြစ်ပါကြောင်း၊ ဒေါ်ဘုမကြက်နှစ်ကောင်တန်ဖိုးကိုလည်း ပေးပါမည်။ နောင်ဒီလိုမျိုး မဖြစ်စေရကြောင်း၊ ဘာမှမသိသော ကိုသောင်းစိန်လှကြီးကိုလည်း လွှတ်ပေးပါရန် စသည်တို့ကို ဝန်ခံပြောကြား တောင်းပန်စကားနှင့် ကြက်နှစ်ကောင်ဖိုး အလျော်ငွေကိုပါ သူကြီးထံပေးအပ်ကြသည်။ သူကြီးက ဒေါ်ဘုမကို ကျေနပ်မှုရှိမရှိ မေးရာ ဒေါ်ဘုမက ခပ်လှမ်းလှမ်းချောင်ကုပ်ထိုင်သွား သည့်ကိုတာတီးကြီးဆီ မျက်စောင်းတစ်ချက် ထိုးလျက် သူကြီးကိုကျေနပ်ကြောင်းနှင့် လျော်ငွေကို ယူထပြန်သွားသည်။ ဤတွင် သူကြီးက ကိုတာတီးကို မသေချာဘဲ အရမ်းထင်ကြေးနှင့် မပြောဖို့ တစ်ဖက်သားနစ်နာမှုရှိကြောင်း သတိပေးပြောလွှတ်လိုက်သည်။ ကိုသောင်းစိန်လှကို ရွာလူကြီးများက ထိတ်တုံးမှာ ဖြုတ်ပေးလိုက်သည်။

"ဟေ့ မောင်သောင်းစိန်လှ မင်းလဲ နောင်ကိုအကျိုးအကြောင်းမသိရသေးဘဲ အရမ်းစွတ်ပြီး "ဟုတ်" "ဟုတ်" နဲ့လုပ်မနေနဲ့ မင်းဟုတ် မင်းကိုအဟုတ် ဒုက္ခပေးနေမယ်နော်" သူကြီးက သတိပေးစကားပြောလိုက်သည်။ "ဟုတ်" ကိုသောင်းစိန်လှထံမှ ကျယ်လောင်သော ဟုတ်စကားလုံးက ထွက်ပေါ်လာသည်။ ရွာသားအားလုံး ရယ်မောကြသလို အိန္ဒြေကြီးလှသော အဖေပင် ခပ်ပြုံးပြုံးကြီး ဖြစ်သွားရလေသည်။ သူကြီးက အဖေ့ကို တောင်းပန်စကားပြော ပြန်လွှတ်လိုက်တော့၏။ ထိုနေ့မှစ၍ ကိုသောင်းစိန်လှ တစ်ယောက် နာမည်ဂုဏ်ထူး တစ်ခု တိုးခဲ့လေ၏။ "ဟုတ်သောင်းစိန်လှ" ဟူ၍ပင်။

ကိုသောင်းစိန်လှကြီး၏ နောက်ဆုံးဖြစ် ရပ်နစ်ခုက ရေကြည်သာရွာတွင် နှစ်ပေါင်းများစွာ ကြာခဲ့သည့်တိုင် အစွဲအထင်ရယ်ပွဲဖွဲ့စကား လေးအဖြစ်ထင်ကျန်ရစ်ခဲ့ရသည်။ ကိုသောင်းစိန်လှ ကို အဖေသည် အေးအေးဆေးဆေး သင်ပြရှင်းပြသည်။ အဖေက လူရိုးကြီးကိုသောင်းစိန်လှကို သံယောဇဉ်တွယ်၍ သနားဂရုဏာ များစွာဖြစ်နေရ၍ သူ့ရေးရေးကို အထောက်အကူပြုပေးချင်နေသည်။ ပထမက ကိုသောင်းစိန်လှကို အလုပ်အသားကျ ကျွမ်းကျင်အောင် သင်ပြရင်း လခရယ်ဟု သတ်မှတ်မပေးသေး၊ သို့သော် အဖေသတ်မှတ်ထားချက်က သူရသင့်သော လခကို စုဆောင်းထားပြီး ၊ စုမိသည့်အခါ သူ့အတွက်အလုံးအခဲ ရွှေထည်ဖြစ်အောင်လုပ်ပေးရန်ဖြစ်၏။ စုမိသည့်အခါလည်း သူ့လက်ထဲ ချက်ချင်းထည့်ပေးလို့မဖြစ်သေး၊ ရိုးလွန်း အလွန်း၍ သူတစ်ပါး အလိမ်အညာ အလှည့်အပတ်ဖြင့် ဆုံးရှုံးကုန်မည်ဟုတွက်ပြီး စာရင်းနှင့်သိမ်းထားသည်။ ကိုသောင်းစိန်လှ ထန်းရည်အလွန် ကြိုက်ခြင်း၊ ဇာတ်ပွဲများ အလွန်ကြိုက်ခြင်း အဖေသိသည်။အရှိသေတန်အောင် စကားစနှင့်လိုက်မပြော မသိလိုက်ဖာသာနေသည်။

ရွာတွင် ဇာတ်ပွဲမကသည်မှာကြာပြီ၊ ရွာနီးချုပ်စပ်တို့တွင် ဇာတ်ပွဲကပြသည့်အခါ ကိုသောင်းစိန်လှ အူရူနေသည်။ ကျွန်တော်တို့ သားသမီးများကို ဇာတ်ပွဲသွားဖို့ ပူစာမည်လားမျှော်လင့်ချက်ဖြင့် ရစ်သီရစ်သီလုပ်နေသည်။ ကျွန်တော်တို့က အဖေ့အကြောင်းသိသည်။ အဖေက အပျော်အပါး ဝါသနာနည်းပါး၏။ အမေက ဇာတ်ပွဲကြိုက်သူ၊ အမေပြောလျှင် အဖေကဘာမှမပြော ခွင့်ပေးသည်။ သို့သော် အမေက အဖေ့ကို ချစ်ကြောက်ရှိသေသူ။ အဖေမကြိုက်တာ၊ သဘောမကျတာ ဟူသရွေ့ဆင်ခြင်သည်၊ ထိန်းသည်။ ထို့ကြောင့် အဖေစိတ်မချသော တစ်ရွာတကျေး ဇာတ်ပွဲကို အမေက သွားကြည့်ဖို့ မပြော၊ ကျွန်တော်တို့ သားသမီးများကလည်း မပူစာရဲကြ။ ကိုသောင်းစိန်လှကြီးသည် ညပိုင်းအလစ် တိတ်တိတ် ရွာထန်းရည်ဆိုင်ခွက်ပုန်း သွားခုတ်နိုင်သော်လည်း အဝေးရွာများ ဇာတ်ပွဲဆီ လစ်သွား



www.burmeseclassic.com

www.burmeseclassic.com

မကြည့်ရဲ။ ကိုသောင်းစိန်လုက ဇာတ်ပွဲကြိုက်သူ၊ အစအဆုံး တစ်ချက်ကလေး မငိုက်မအိပ်ကြည့်သူ၊ အဲ ပွဲကြည့်ပြန်လာလျှင် မနက်ပိုင်း အလုပ်တွေ သိမ်းကြုံးလုပ်ပြီး တောထဲ နွားကျောင်းသလို၊ ယာထွန်သလို နံ့စားရိတ်သလို ထွက်သွားသည်။ တကယ် သွားကြည့်သည့်အခါ ဘာအလုပ်မှမလုပ်၊ သစ်ပင်အောက် တခူးခူးတခေါခေါ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ အစတော့ မသိသေး တစ်နှစ်မှာ နန်းတော်ကုန်းရွာ ဘုရားပွဲဇာတ်ပွဲပါသည်။ ကိုသောင်းစိန်လု အားလုံး အလစ်သွားကြည့်သည်။ မနက်မိုး မလင်းခင် အဖေတို့မသိအောင် အရောက်ပြန်လာသည်။ မနက်ပိုင်း လုပ်စရာရှိတာတွေ အပြေးအလွှားလုပ်ပြီး တောထဲ နံ့စားရိတ်ရန် လှည်းတပ် ထွက်သွားသည်။ မနက်ကနေ ထမင်းမစားသေးဘဲ ထွက်သွားသော ကိုသောင်းစိန်လု နေ့လည်ထိပြန်မလာသေး၍ စောင့်ကြပြန်သည်။ နံ့စာများ မပြီးမချင်းရိတ်၊ လှည်းပေါ် အပြည့်အမောက်တင်နေသည်ထင်ကြ၏။ ညနေ ၃နာရီလောက်ရောက်သည့်အခါ အဖေမနေနိုင်တော့၊ တပည့်အလုပ်သမား တစ်ယောက်ကို ခေါ်ပြီး ခြေလျင်လိုက်သွားသည်။ ပထမ အနီးဆုံး ယာတစ်ခင်းနှစ်ခင်း ရှာမတွေ့၊ ယာသုံးလေးကွင်းလွန်မှ နံ့စားကွင်းယာ အနောက်ဖက် တမာပင်အောက်ကွင်းပြင်တွင် ပက်လက်ကြီးနှစ်နှစ်ခြိုက်ခြိုက် ပုဆိုးခေါင်းအုံး အိပ်ပျော်နေသော ကိုသောင်းစိန်လု ကိုတွေ့လိုက်ကြရသည်။ သူ့ဘေးတွင် လှည်းထောက်ထားပြီး နွားများကို နံ့စားခြောက်ခင်း အစပ်၌ မြေငုတ်စိုက် ချည်ထားသည်။ နေပူ ကျဲကျဲအောက်နွားတွေ လျှပ်ခါရှန်းနေသည်။ နွားတွေတွင်လား မဟုတ်။ မနက်ပိုင်း အရှေ့ဘက်နေကို ကာကွယ်၍ တမာပင်အရိပ်တွင် စအိပ်ခဲ့သော ကိုသောင်းစိန်လုမှာ၊ နေ့လယ်ပိုင်းအရောက်၊ အရောက်၊ အရှေ့ဘက်နေက တစ်ကိုယ်လုံး ကျဲကျဲတောက်နေပူအောက် ရောက်သွားခဲ့၏။ ကိုသောင်းစိန်လုမနိုး။ အပူဆုံးအချိန်၊ နေ့လယ် ၁၂ နာရီနှင့် ၂ နာရီ။ အခု ညနေ ၃နာရီ အကာအကွယ်လုံးဝမရှိ၊ နေပူအောက်၌ နှစ်ခြိုက်စွာ အိပ်စက်နေသော ကိုသောင်းစိန်လု တုတ်တုတ်မှ မလှုပ်အဝေးကကြည့်လျှင် အသက်မှ ရှိသေးရဲ့လား ထင်စရာ၊ အနားကပ်လာမှ "ခေါ ခလော ဂူး" ဆိုသော ဟောက်သံရှည်ကြီးကို ကြားလိုက်ကြရ၏။ နွားတွေလည်းအပူထဲ လှည်းလည်းအပူထဲ လူ ကလည်းအပူထဲ အဖေ့မှာ ဒေါသထွက်ရမှာလည်း ဤမျှဖြင့် အရှိန်သတ်လိုက်ပြီး လက်ထဲက နွားနှင်တံ ခေါင်းဖြင့် နံဘေးထောက်နှိုးလိုက်သည်။ သုံးလေးကြိမ်ထောက်နှိုးပြီး

"ဟေ့ကောင်... မောင်သောင်း မောင်သောင်း ထစမ်း-ထစမ်း" အသံ ခပ်ကျယ်ကျယ်ဖြင့် လှုပ်နှိုးသည်။ ကိုသောင်းစိန်လု တွန့်ခနဲဖြစ်ပြီး သူ့မေးထားသော မျက်လုံးကို ဖြဲရွဲဖွင့်လျက် "ဟုတ်" ဆိုသော၊ အသံနှင့်ခေါက်ခနဲ ထထိုင် လိုက်သည်။ နွားနှင်တံကိုင်ထားသော အဖေ့ ကို မြင်လိုက်သော ကိုသောင်းစိန်လု ယောင်တိယောင်ကန်း ကပျာကယာထလိုက်သည်။ အဖေက "တော်တော်ခက်တဲ့ကောင်ကွာ လူမှ ဟုတ်ရဲ့လား ဒီလောက် အပူကြီးထဲ အံ့ရော ဟေ့ကောင် ယောင်တောင်တောင်လုပ်မနေနဲ့ လှည်းတပ်ပြန်တော့" ခပ်မာမာပြောပြီး တစ်ခြား ယာခင်းများ ဆီလှည့်ထွက်သွားသည်။ ကိုသောင်းစိန်လု "ဟုတ်"ဆိုသံနှင့် လှည်းမြန်မြန်တပ် ပြန်သွားတော့၏။ နောက်တော့ အဖေ သိသွားသည်။ ဒါပေမယ့် မပြော၊ မသိချင်ယောင် ဆောင်နေလိုက်၏။

တစ်နှစ် သည်တစ်နှစ်က ရေကြည်သာရွာအတွက် ကိုသောင်းစိန်လု အမှတ်သင်္ကေတ ထားခဲ့သည်နယ်။ ရွာတွင် ရှားရှားပါးပါး ရွာဦးထိပ် ဘုရားပွဲ ကျင်းပဖြစ်လေသည်။ ရွာအကြိုက် ကလေးဇာတ်ဟုခေါ်သော ဦးအောင်စိန်၏ကျော်သိန်း ခင်ထွေးရီ တို့ဇာတ်အဖွဲ့ ဖြစ်သည်။ ကလေးဇာတ်ဟု ခေါ်သည် ကလည်း ကလေးငယ်များမဟုတ် ဆယ့်ခြောက်နှစ်ဆယ့် ရှစ်နှစ်အရွယ် ကောင်းလေးများဖြင့် ဇာတ်ဖွဲ့စည်းထားခြင်း၊ လူရွှင်တော်၊ လူကြမ်းများသည် နှစ်ဆယ်ကျော်အရွယ်၊ ဝန်ကြီး၊ ဘုရင်၊ မိဖုရားကြီးတို့သာ သုံးဆယ်လေးနှစ် အရွယ်များဖြစ်ကြသည်။ ရေနောက် ခေါင်းဆောင်မင်းသား ခင်ထွေးရီက



www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ခြောက်နှစ်အရွယ်၊ ဇာတ်ပိုင်း ဦးအောင်စိန်သမီး၊ ခေါင်းဆောင်မင်းသားက ဆယ့်ရှစ်နှစ်အရွယ် မင်းသားကျော်သိန်း။ လူကြမ်းကြီးက ဘသိန်းတင်ကြီး၊ လူရွှင်တော် မိုးညို အလွန်အတွဲညီကြသော ဇာတ်ပညာရှင် ဇာတ်ကောင်များဖြစ်၏။ တီထွင်မှု၊ ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဇာတ်ပညာကြွယ်ဝမှုရှိကြသော ရှေးပညာရှင် ဇာတ်ဆရာကြီးများ၊ ခေတ်အမြင် ပညာရှင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထား၍ သည်ဘက်နယ်မြေများတွင်မက ကျော်ကြားသော ဇာတ်အဖွဲ့ကြီးဖြစ်လေသည်။ ရှေ့ပိုင်းပြဇာတ်က "သတ္တိခဲ" နောက်ပိုင်းဇာတ်ကြီး "ဂဏ္ဍာနှင့် ဇာလီ" ဇာတ်ထုပ်များမှာ၊ ကလေးဇာတ်အဖွဲ့၏ အပြောင်မြောက်ဆုံး လူကြိုက်အများဆုံးဖြစ်၏။ အခုတော့ ကလေးဇာတ်အဖွဲ့သည် မရှိတော့၊ နှစ်ပေါင်းခြောက်ဆယ်ကာလ အသက်အရွယ်များ အိုမင်းရင့်ရော်ခဲ့ကြသလို။ ဇာတ်ဆရာ ဇာတ်ပိုင် ဦးအောင်စိန် လူရွှင်တော် ဦးမိုးညို လူကြမ်းကြီး ဦးဘသိန်းတင်တို့ကား ကွယ်လွန်သွားခဲ့ကြလေပြီ မင်းသားကျော်သိန်း မင်းသမီးခင်ထွေးရီနှင့် အခြား ဇာတ်ပညာရှင်များကား ဘယ်ဒေသဘယ်အရပ်သို့ ရောက်ရှိအခြေချနေကြသည်လည်းမသိရ။ ဟိုး အဝေးအတိတ်ဆီကျန်ရစ် မှေးမှိန်သွားခဲ့သော ကလေးဇာတ်သဘင်အဖွဲ့ကြီး၏မျိုးဆက်ဇာတ်သဘင်ကား သည်မှာဘက်တွင် ပျောက်ကွယ်ခဲ့လေပြီ။ အတိတ်၏ စကားပုံပြင်သဖွယ်သာ ရှေးမီသူတို့တစ်ဆင့်ပြောပြမှသိနိုင်ကြရလေသည်။

ကိုသောင်းစိန်လှ ဟုတ် မှာ ရေကြည်သာ ရွာ နောက်ဆုံးသင်္ကေတ ဖြစ်ခဲ့ရသလို ရေကြည်သာရွာတွင် ကလေး ဇာတ်သဘင်သည်လည်း နောက်ဆုံးသင်္ကေတဖြစ်ခဲ့ရ လေသည်။

ရေကြည်သာ ရွာဦးဘုရားပွဲတော်တွင် ဇာတ်ဆရာ ဦးအောင်စိန်၏ ခင်ထွေးရီတို့ ကလေးဇာတ်သဘင်အဖွဲ့ကပြမည်ဖြစ်၍ ရေကြည်သာ တစ်ရွာလုံးရော၊ ရွာနီးချုပ်စပ်များပါ ပျော်မြူးဝမ်းသာနေကြသည်။ ရွာဦးဇာတ်စင်ကြီးမှာလည်း တစ်ခမ်းတစ်နား ကွင်းပြင်ကျယ်ကျယ်ကြီး၌ ဖျာများ ဂုန်နီအိတ်ပိုင်းများ၊ ခုတင်များ၊ ခုံများခင်းထားကြသည်မှာ ကွင်းလုံးပြည့်။ ပတ်လည်ကွင်းအပြင်၌ ရွာပေါင်းများစွာမှ လာကြည့်မည့် နွားလှည်းများ ဖြုတ်ထားရန်နေရာသည်လည်း အသင့်။ နံနက်ပိုင်းကလေးဇာတ်သဘင်အဖွဲ့ရောက် ဇာတ်စင်အခမ်းအနားများ ပြင်ဆင်ကြသည်။ ညပိုင်းကပြမည့် ဇာတ်ထုပ်များ အမည်ကိုလည်း ကြေညာထားသည်။ ညနေပိုင်းမှစ၍ တစ်ရွာလုံး လှုပ်လှုပ်ရွရွပြင်ကြဆင်ကြ။ ကိုသောင်းစိန် ကြိတ်၍ အူမြူးနေသည် ကိုယ့်ရွာတွင် ကပြမည့်ဇာတ် ကိုယ့်အကြိုက်ဆုံးဇာတ်၊ အထူးသဖြင့် ကျွန်တော်တို့ အဖေကလည်း ထူးထူးခြားခြား၊ ကိုသောင်းစိန်လှကို- "မောင်သောင်း-မင်း ရေမိုးချိုး ပေါင်ဒီမှာမင်းဖို့ ဖိနပ်အသစ်နဲ့ပုဆိုး အင်္ကျီအသစ်စောင်ပိုင်းတစ်ထည် ဆံပင်ညှပ်ဦးနော် ရော့၊ ည ပွဲဈေးသုံးဖို့ ငွေတစ်ရာ။ ထန်းရည်သောက် မပစ်နဲ့နော်။ ပွဲကြည့်လည်း အိပ်ငိုက်ရကြည့် ကြုံရာလည်း အိပ်မနေနဲ့ဦး" ခွင့်ပြုပြောသည့် အပြင်ပွဲသုံးငွေတစ်ရာကိုပင် လိုက်လိုက်လှဲလှဲပေးလေသည်။

"ဟုတ်" ကိုသောင်းစိန်လှ အားပါးတရ "ဟုတ်" သံသည် တက်ကြွလွန်းလှ၏။ ရေစည်တိုက်၊ နွားကျွေး အလုပ်များကို ဆက်တိုက်အပြေးအလွှား လုပ်သည်၊ ခါတိုင်းရေချိုးဖို့ ပြောသော်လည်း ရေမချိုးဘဲနေသော ကိုသောင်းစိန်လှ အဖေ့ကိုကြောက်သည်ထက် ဇာတ်ပွဲမှာ ရှိုးထုတ်ဖို့ အားသန်စွာ ရေချိုးသည် အဖေပေးသော ပုဆိုးအင်္ကျီသစ်များဝတ်၊ စောင်ပိုင်းအသစ်ကိုလည်းပင်းပတ်၊ ဖိနပ်တော့မစီး။ အဖေမြင်တော့ ...

"ဟာကွာ မောင်သောင်း ကလဲ မင်းဟာ ပုဆိုးသစ်၊ အင်္ကျီသစ်နဲ့တော့ ဟုတ်ပါရဲ့ ဆံပင်မညှပ် ဘုတ်ပွကြီးနဲ့ နောက်ပြီး ဖိနပ်ပါစီးမထားပါလားဟ" ပြောလိုက်သည်။ "ဟုတ်" ကိုသောင်းစိန်လှက ချက်ချင်းဟုတ်ဟု ပြန်ဖြေသည်။ အမေနှင့် ကျွန်တော်တို့က ကိုသောင်းစိန်လှကြီးပုံကို ကြည့်ပြီး ရယ်ကြရသည်။

"ကဲပါကွာ ဆံပင်ကနောက်မှညှပ်တော့ပေါ့၊ ဖိနပ်တော့စီးဦးဟ၊ ဒါမှ ကောင်းမှာ ဖိနပ်လည်း ပျောက်နေဦးမယ်ဟေ့"

"ဟုတ်" ကိုသောင်းစိန်လှဖြေပြီး

www.burmeseclassic.com

သူအ ခန်းတဲလေး၏ ဝင်သွားသည်။ ခဏကြာတော့ ကိုသောင်းစိန်လှ ကွတကွနှင့် ဖိနပ်စီးထွက် လာသည်။ သူ့ခြေထောက်ကြီးနှင့် ဖိနပ်နံပါတ် ကုန်အသစ်။ မတန်မချိ ဖြဲ့သွင်းစီးလာ၊ ကိုသောင်းစိန်လှမှာ လမ်းလျှောက်သည့်အခါ ကွတတလျှောက်နေရ၏။

အဖေကတော့ ဘာမှမပြော၊ ဖိနပ်သစ် လုံချည်အင်္ကျီသစ်၊ ခေါင်းပိုင်း အသစ်လည်စီး ထားသော၊ သူ့လူကို သဘောကျနေပုံ။ ညပိုင်း ဇာတ်စင်ဆီက ပတ်မသံကြီးကားဟိန်းထွက် လာလေသည်။ ကိုသောင်းစိန်လှ ထမင်းဝအောင်ပင်မစားနိုင်၊ အားခဲ ထားသော ဇာတ်ပွဲဆီ ဦးဆုံးထွက်သွားသည်။ ဟန်ရေးပြနေသော ကာလသားတွေနောက်က ယောင်တောင်ပေါင်တောင် ရောနော လိုက်ရင်း။ ဇာတ်ခင်းက အပျိုတော် စထွက်သည်နှင့် ကိုသောင်းစိန်လှနှင့် ကာလသား တစ်သိုက် ဇာတ်ခုံထောင့် အနီးကပ်ဆုံးရောက်သွားကြ၏။ ကာလသားများ နောက်ကသာ လိုက်ပါလေ့ ရှိသော ကိုသောင်းစိန်လှ ဒီတစ်ခါတော့ ဇာတ်စင်ထောင့်ကာလသားများ ရှေ့ဆုံးက ခေါင်တောင်ကြီးရပ်နေလေသည်။ ဇာတ်စင်ပေါ်အောက်လင်း ဓါတ်မီးကြီး ငါးလုံးကလည်း ထိန်ထိန်လင်းနေသည်။ ပွဲမကြည့်ရသည်မှာ ကြာပြီဖြစ်သော ရွာသူရွာသားများ၊ ရွာနီးချုပ်စပ် ရွာသူရွာသားများ၊ လှည်းဝိုင်းကြီးများ ပြည့်ကြပ်နေသည်။ ပြဇာတ်ကလည်း ရှာကြိုက် "သတ္တိခဲ"ပြဇာတ်။

အလိုတော်ရိ စကားပြန် သတင်းပေး နယ်ချဲ့တပည့်။ သစ္စာဖောက် လူကြမ်းဘသိန်းတင်ကြီး၏ ယုတ်မာ ညစ်ပတ်မှုနှင့် အမူအယာအပြော ဟိတ်ဟန်ကြောင့် ပွဲကြည့်ပရိသတ်ထဲက တောက်ခေါက်သံ၊ ဆေးလိပ်တို ပြောင်းဖူးရိုးနှင့်ပစ်ကြ ဆဲကြသလောက်၊ မဟုတ်မခံ တုံ့ပြန်တတ်သော ရဲရဲ တောက်စကားနှင့်ပမာမခန့် မကြောက် မရွံ့ မြန်မာ့"သတ္တိခဲ"ဇာတ်လိုက်မင်းသား ကျော်သိန်း၏ အပြောအဆိုအမူအယာ လှုပ်ရှားမှုတို့ကို ပွဲကြည့်ပရိသတ်များက လက်ခုတ်သြဘာပေးသံတို့ကား တစ်ကွင်းလုံးကြွက်ကြွက်ညံနေ လေသည်။ ဇာတ်စင်ထောင့်က ကာလသားများနှင့် ကိုသောင်းစိန်လှကြီးတို့အဖွဲ့မှာ လက်သီးများ ကျစ်ကျစ်ပါအောင်ဆုပ်၊ အံတကြိတ်ကြိတ်နှင့်ဖြစ်နေကြသည်။ ပြဇာတ် အခန်းတစ်ခန်းတွင် လူကြမ်း ဘသိန်းတင်ကြီးက သူကြိုက်နေသော မင်းသမီး၏ ရည်းစားကို သူပုန်နှင့် ဆက်သွယ်သတင်းပေးသူ၊ စပိုင် သူလျှို စသောစွပ်စွဲချက်များဖြင့် ဖမ်းကာ နယ်ချဲ့ တပ်ဗိုလ်ထံ ဖမ်းအပ်သည်။ စစ်ဆေးစခန်းတွင် နယ်ချဲ့တပ်ဗိုလ်က "မောင်မင်း သူပုန်ကိုသတင်းပေးတယ် စပိုင်လုပ်တယ် ဒို့အရှင်သခင်တွေကို သစ္စာဖောက်တယ် မောင်မင်းသစ္စာဖောက်စပိုင် ဟုတ်သလား မှန်မှန် ပြောစမ်း" နယ်ချဲ့ဗိုလ်၏ ခပ်ထန်ထန် ကျယ်လောင်စွာ မေးလိုက်သံသည်ဇာတ်ပွဲခင်းတစ်ခင်းလုံး လွှမ်းသွားလေသည်။

မင်းသမီးရည်းစား မင်းသား သတ္တိခဲက မဟုတ်ကြောင်းစကားပြန် ဘသိန်းတင်ကြီး၏ မတရားကြံ အကွက် ဆင်ခြင်းဖြစ်ကြောင်း ပြန်ပြောသည်။ နယ်ချဲ့ဗိုလ်က "မင်းလူလိမ်ပဲ သူက ငါ့တပည့်။ ငါ့တပည့်စကားပြန်ပြောတာ သာမှန်တယ် သူမမှန်ပဲမပြောဘူး" ဟု ပြန်ဟန် လေသည်။ စကားပြန်လူကြမ်း ဘသိန်းတင်ကြီးကလည်း ထောက်ခံသည့်အနေ နယ်ချဲ့ဗိုလ်အကြိုက်တွန်း တိုက်ပြောသည်။ မင်းသမီးရည်းစား မင်းသမီးသည် အတော်မခံချင်စိတ်ဖြစ် လာသည်။ ထို့ကြောင့် ဒေါသဖြင့် "ဟေ့ကောင်စကားပြန်အလိုတော်ရိ မင်းသာ သစ္စာဖောက် လောက်ကောင်ကွ၊ ကိုယ့်အချင်းချင်း အပေါ်သစ္စာဖောက် နယ်ချဲ့အကြိုက်ဖားလိုက်ပြီး မမှန် သတင်းပေးတယ်။ အခု မင်းတဏှာ ရူးပြီး ငါ့ချစ်သူကို မတရားယူချင်လို့ ငါ့ကိုမင်း ပထွေးနယ်ချဲ့လူယုတ်မာ လက်အပ်ပြီးသတ်ဖို့ ငါ့ကိုမဟုတ် မမှန် စပိုင်လို့ ပြောတယ်။ ဟေ့ ကောင် သစ္စာဖောက် မင်းသာလူလိမ်လူညာ လူယုတ်မာ မင်းသာလူလိမ်လူညာ လူယုတ်မာ မင်း"

မင်းသမီးရည်းစား စကားမဆုံးသေး ပရိသတ်ကလည်း တုတ်တုတ်မှ မလှုပ် ရင်တထိတ်ထိတ်စောင့်ကြည့် နေကြသည်။ ထိုအချိန် ဇာတ်ခင်း ထောင့် ကာလသားများရှေ့က တောင့်တောင့်ကြီးလုပ်နေသော၊ ကိုသောင်းစိန်လှသည် မခံချင်စိတ်ဖြင့် တအား



www.burmeseclassic.com

www.burmeseclassic.com

အော်ချလိုက်သည်က "ဟုတ် ဟုတ်" အသံပင် ဖြစ်လေသည်။

ပရိသတ်မှာ ရင်တထိတ်ထိတ် စောင့်ကြည့်နားထောင်နေရာမှ ကြား ဖြတ် ကျယ်လောင်လှသော ကိုသောင်းစိန်လှ "ဟုတ် ဟုတ်"ဆင့်ကဲထောက်ခံသံကြောင့် ခဏခကြောင်သွားပြီးမှ ဝေါခနဲ ရယ်မောသံကြီးလျှံ ထွက်သွားတော့၏။ ပွဲသာပြီးသွားခဲ့သည်။ ကိုသောင်းစိန်လှ၏"ဟုတ်"စကားလုံးသည် ရွာသူရွာသားများ ပါးစပ်ဖျား ထင်ကျန်ခဲ့လေသည်။ ပွဲပြီးနောက်တစ်နေ့တွင် ဟုတ်ကိုသောင်းစိန်လှ တစ်ယောက်ကိုမတွေ့၍ သူ့အိပ်ခန်းလေးထဲ ဝင်ကြည့်ခိုင်းသည့်အခါ အိပ်ခန်းလေးထဲတွင် ကိုသောင်းစိန်လှအစား၊ မနေ့ကပွဲတွင် ဝတ်ဖို့ပေးခဲ့သော ပုဆိုးသစ် အင်္ကျီသစ်တစ်စုံ၊ မျက်နှာသုတ်ပုဝါတစ်ထည်၊ သူ့နံပါတ်ကုန် ဖိနပ်သစ်တစ်ရံတို့ကို ကွပ်ပျစ်အဆင့်လေးပေါ်တွင် ခေါက်လျက်သား ဆင့်ချထားသည်ကို သာတွေ့ကြရသည်။ ထိုနေ့မှစ၍ ရေကြည်သာရွာတွင် ဟုတ်ကိုသောင်းစိန်လှတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေသည်။ အဖေသည် တစ်နေ့တစ်နေ့ စောင့်ကြည့်ရင်း မနေနိုင်၍ အနီးအပါးကျေးရွာများသို့ စုံစမ်းသည်။ မြို့ပေါ်အသိများက တစ်ဆင့်စုံစမ်းသည်။ ဘယ်မှ စုံစမ်းမရ ရွာမှ လူများကတော့ ကိုသောင်းစိန်လှတစ်ယောက် ကလေးဇာတ်အဖွဲ့"သတ္တိခဲ"ပြဇာတ်ကြည့်ပြီး မျိုးချစ်စိတ် ဇာတိသွေးဇာတိမာန် ပြင်းထန်စိတ်ဖြင့် တပ်မတော်ထဲဝင်သွားလေသလား ဟုတွေးထင်နေကြသည်။ သို့သော် ကိုသောင်းစိန်လှ သတင်းအစကိုကား မကြားကြရတော့။ အဖေသည် လူရိုးကြီးတပည့် ကိုသောင်းစိန်လှအတွက် အတော်စိတ်မကောင်း ဖြစ်နေရှာသည်။ သွေးမတော် သားမစပ်သံယောဇဉ်ဖြစ်ကာ ဘဝခိုင်မာကောင်းမွန်ရေး ကယ်တင်စောင့်ရှောက် အလုပ်ပေးထားခဲ့သော တပည့် လူရိုးကြီးအတွက် အဖေသည်ဘဝကူးသွားသည်အထိ အမှတ်ရတိုင်း နှုတ်မှ တမ်းတပြောခဲ့သည့်အပြင် သူ့တပည့်လူရိုးကြီးအလုပ်စဝင်သည့်လမှ ထွက်သွားသည့်လအထိ နှစ်အရေအတွက် လစာသတ်မှတ်နှုန်းအတိုင်း၊ မပျက်မကွက်ပေးရန် အမေ့ကိုမှာခဲ့၏။ သူမှတ်သားထားသော စာရင်းစာအုပ်ကလေးကိုလည်းအသေအချာပေးအပ်ခဲ့၏။ အမေသည် အဖေမှာခဲ့သည့်အတိုင်း စာရင်းစာအုပ်ကလေးကို အသေအချာ သိမ်းထားပြီး ထိုစဉ်က စရိတ်ငြိမ်းလစာ တစ်လ(၅ဝိ)နှုန်း(၂ဝ)နှစ် အတွက် ငွေကျပ်(၁၂ဝဝဝိ)ကိုပါ ပူးတွဲ ထားခဲ့လေသည်။

ရေကြည်သာရွာတွင် "ကိုသောင်းစိန်လှကြီးကို နောက်ထပ်မတွေ့ကြရ၊ သတင်းမကြားရသော်လည်း။ကိုသောင်းစိန်လှကြီးအား သူ၏"ဟုတ်" စကားလုံး တစ်လုံးက တော့တွင် ကျန်ရစ်ခဲ့သည်။ ထိုအတူကိုသောင်းစိန်လှကြီး၏ "ဟုတ်" စကားကို သုံးမိတိုင်း ရွာတွင်ကာလသားများ ကြက်ခိုးချက်စားရာ၊ သူ့ကို ကိုတာတီးကြီးက ဒေါ်ဘုမ ကြက်ခိုးခြင်း စွပ်စွဲရာမှ ဘုမသိ ဘမသိသူကြီး မေးသည်ကို "ဟုတ်"ဟုဖြေ၍ ထိတ်တုံးခပ်ခံရပုံ၊ အဖေမသိအောင် ဇာတ်ပွဲခိုးကြည့်ရာမှ ယာခင်းထဲ နေပူပူ ခေါင်ခေါင် တစ်နေကုန် ခိုးအိပ်နေစဉ် အဖေကတွေ့နိုးရာမှ ယောင်ယမ်း "ဟုတ်"သုံးပုံ။ ကလေးဇာတ်အဖွဲ့ရွာတွင် ကပြစဉ် "သတ္တိခဲ" ပြဇာတ်မှ လူကြမ်းဘသိန်းတင်ကြီး၏ နှယ်ချဲ့အလိုတော်ရိစကားပြန် သစ္စာဖောက်သူယုတ်မာ ပုံရိပ်သွင်ဖြင့် မတရားပြုလုပ်သည်ကို "သတ္တိခဲ" မင်းသား လူငယ်က ရဲသွေး ရဲမာန် မျိုးချစ်စိတ်ဓာတ်ဖြင့် ပြန်ပြောသည်ကို ဇာတ်စင်ထောင့်ပွဲကြည့်နေသော ကိုသောင်းစိန်လှ မခံမရပ်နိုင် စိတ်ဖြင့်မှန်ကြောင်း "ဟုတ်"စကားလုံး ကျယ်ကြီးဖြင့်ထောက်ခံလိုက်သံကြောင့်၊ ပွဲ တစ်ခင်းလုံး ဝေါခနဲပွဲကျသွားပုံတို့ကိုပါ အမှတ်ရနေမိကြရလေသည်။ နှစ်ပေါင်းကားကြာခဲ့ပြီကော ကိုသောင်းစိန်လှကြီးတစ်ယောက် အသက်မသေသေး ရှိနေမည်ဆိုပါက အသက်ရှစ်ဆယ်အရွယ်သို့ ရောက်နေပေလိမ့်မည်။ ကျွန်တော့် အမေပင် အခုအသက်ကိုးဆယ့်ငါးနှစ်သက်တမ်းသို့ ရောက်နေလေပြီ၊ ဘဝတစ်ကွေ့ ဘဝတစ်ကွေ့တို့၏ ပုံရိပ်တို့သည် နိယာမအတိုင်း ဝေး၍ ဝေး၍ မှုန်ဝါးရင်းဖြင့် ။ ။

ထက်ကောင်းလတ်(မင်းဘူး)

www.burmeseclassic.com

# လူသားပုံတူ ကိုဘော့စက်ရုပ်တို့၏ စွမ်းဆောင်ရည်ပြိုင်ပွဲ ကျင်းပမည်



၁၂.၇.၁၃ နေ့ အမေရိကန် စစ်ဘက်ဆိုင်ရာ ဖွံ့ဖြိုးရေး ဆားဗစ်ဌာနခွဲ မှ လူသားနှင့်တူသော လူကဲ့သို့ လှုပ်ရှားဆောင်ရွက်နိုင်သော ရှေ့ပြေးကိုဘော့စက်ရုပ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘော့စတွန် ဒိုင်နမစ်ဌာနခွဲ၏ ရှေ့ပြေးကာကွယ်ရေးကြိုတင်မှု စီမံချက်အရ တည်ဆောက်ခဲ့သော ကိုဘော့စက်ရုပ်ကို 'အက်တလပ်' ဟု အမည်ပေးထားပြီး ၅ ပေ၊ ၇ လက်မ မြင့်၍ အလေးချိန် ၁၅၀ ကီလိုဂရမ်ရှိသော သာမန်လူတစ်ဦးအရပ်အမောင်းရှိ ကိုဘော့စက်ရုပ်ဖြစ်သည်။ လူသားကဲ့သို့ သဘာဝအတိုင်း လှုပ်ရှားသွားလာနိုင်ပြီး၊ တကယ့်လုပ်ငန်းခွင်တွင် ကိုဘော့ရှိ ကွန်ပျူတာဦးနှောက်က လူကွန်ထရိုးမလိုဘဲ ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိသည်။ စက်ရုပ်သည် လှုပ်ရှားမှု ၂၈ မျိုးကို အရည်ဖိအားသုံးစနစ်ဖြင့် တိကျစွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ ခြေလက်တို့ လွတ်လပ်စွာ ညက်ညက်ညောညော လှုပ်ရှားနိုင်သည်။ ခြေနှစ်ချောင်း၊ လက်နှစ်ဖက်၊ ခြေဖဝါးတို့သည် လူသားတစ်ဦးကဲ့သို့ သုံးနိုင်ပြီး အာရုံခံကိရိယာ၊ လေဆာရောင်ခြည်သုံး အကွာအဝေးဖော်ပြသည့် ကိရိယာများ ပါသည်။


အက်တလပ် ကိုဘော့စက်ရုပ်သည် သဘာဝဘေးအန္တရာယ်ကြောင့် အပျက်အစီးများအကြားတွင် ကယ်တင်ရေးလုပ်ရာ၌ လူသားကဲ့သို့ တံခါးဖွင့်ခြင်း၊ လှေကားတက်ခြင်း၊ အပျက်အစီးများကို လှည့်လည်၍ လူသားကဲ့သို့ ကျွမ်းကျင်စွာ လှည့်ပတ်ရှာဖွေခြင်း ပြုလုပ်နိုင်သည်။ ထို့အပြင် လူများအတွက် အသုံးပြုရန်ပြုလုပ်ထားသော ဝက်အူလှည့်များကို အက်တလပ်ကိုဘော့က ကောင်းစွာအသုံးပြုနိုင်သည်။ မီးသတ်ကားအသုံးပြုခြင်းကိုလည်း စက်ရုပ်က စွမ်းဆောင်နိုင်သည်။

အက်တလပ်စက်ရုပ်များကို လွယ်ကူစွာ အသုံးချနိုင်သော စနစ်ရှိသဖြင့် အက်တလပ်စက်ရုပ် ကိုင်တွယ်မောင်းနှင်ခြင်း သင်တန်းမတက်ထားသူများပင် လွယ်ကူစွာ အသုံးပြုနိုင်သည်ဟု ဆိုသည်။ အက်တလပ်ကိုဘော့ပုံတူ ခုနစ်ခု တည်ဆောက်ထားပြီး၊ ထိုခုနစ်ခု၊ အဖွဲ့ခုနစ်ဖွဲ့ ဖွဲ့စည်းပြီး စနစ်မျိုးစုံ (ကယ်ဆယ်ရေး၊ မီးသတ်ခြင်း၊ အပျက်အစီးရှာခြင်း၊ အဏုမြူဓာတ်အားယိုစိမ့်ခြင်း၊ မိုင်းရှာခြင်း) လေ့ကျင့်ပေးထားပြီး ပြိုင်ပွဲအဖြစ် ၂၀၁၄၊ ဒီဇင်ဘာလ၌ အမေရိကန်ပင်တဂွန်ဌာနချုပ်တွင် ကျင်းပမည်ဖြစ်ပြီး ထိုအဖွဲ့၏ ရန်ပုံငွေရရှိရေးကို ရည်ရွယ်သည်။ အနိုင်ရရှိသော စက်ရုပ်အဖွဲ့ကို US ဒေါ်လာ နှစ်သန်း ချီးမြှင့်မည် ဖြစ်သည်။

ညီမြင်းလွင်(မော်ကျွန်း)

***Ref: Internet News, 13.7.13***

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြီးသူ

□ နန်းကြွေးသျှင်

ထိုနေ့က သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

နေ့ကြီးအခါကြီးရက် ဖြစ်သောကြောင့် ရွာရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များကပါ ရွာဦးကျောင်းသို့ သွားရောက်ပြီး ဥပုသ်သီတင်းဆောက်တည်ကြ၊ သီလယူကြသည်။ ရွာတွင် ထုံးစံရှိသည့်အတိုင်း ဥပုသ်နေ့ရက်များတွင် ဘုန်းတော်ကြီးကျောင်း၌ သီလဆောက်တည်ကြသူများအား မုန့်ပဲသရေစာများကို အလှည့်ကျကျွေးမွေးကြရင်း ကုသိုလ်ယူကြသည်။

ယခုသီတင်းပတ်တွင် မြသဲကြည်တို့အိမ်မှ အလှည့်ကျသည်။ မြသဲကြည်ဆိုသည်မှာလည်း ရွာတွင် အချောအလှမိန်းမပျိုလေးတစ်ယောက် ဖြစ်သည်။ တောသူဆိုသော်လည်း အချိုးအဆက်ကျသော ကိုယ်နေဟန်ထားနှင့် မျက်နှာဝိုင်းဝိုင်း၊ ဖြူနုသော အသားအရေနှင့် မယဉ်မရိုင်း လှသွေးကြွယ် တောရိုင်းပန်းလေးတစ်ပွင့် ဖြစ်သည်။ ရွာနီးချုပ်စပ်ရှိ ကာလသားများနှင့် ရွာမှလူငယ်များ ဝိုင်းဝန်းပိုပန်းကြသော်လည်း မြသဲကြည်၏ မေတ္တာကို မည်သူမျှ မရသေးပေ။

မြသဲကြည်မိဘများကလည်း ရွာတွင် လယ်ဆယ်ကေခန့် ပိုင်ဆိုင်ထားပြီး ချမ်းသာကြွယ်ဝသူများ ဖြစ်ကြသည်။ အသက်အရွယ်ကြီးသူများက ဘုန်းတော်ကြီးကျောင်းဝန်းထဲရှိ ဇရပ်တန်ဆောင်းများတွင် တရားထိုင်ရင်း၊ ပုတီးစိပ်ရင်း တစ်နေကုန်နေကြသည်။ ညနေစောင်းမှသာ ရွာထဲသို့ ပြန်လာကြသည်မှာ ရွာ၏ဓလေ့ဖြစ်နေပေသည်။

ရွာနှင့် ဘုန်းတော်ကြီးကျောင်းမှာ အတန်ငယ်လှမ်းသလို လယ်ကွက်များက ကြားခံထားသည်။ ဘုန်းတော်ကြီးကျောင်းရှေ့ရှိ လယ်ကွက်နားတွင် လုံးပတ်ထိပ်ဝ ခြောက်တောင်ခန့်ရှိသော ကြီးမားသည့် လက်ပံပင်ကြီးတစ်ပင် ရှိသည်။ အဆိုပါ လက်ပံပင်ကြီးတွင် ထိပ်နီအမည်ရှိ သရဲကြီးတစ်ကောင် နေထိုင်လျက်ရှိကြောင်း ပြောဆိုတတ်ကြသည်။

၈ ရက်၊ လပြည့်လကွယ်ညများတွင် နီရဲသော မီးလုံးကြီးများသည် လက်ပံပင်ထိပ်ဖျားမှ အပင်ရင်းထိ ဆင်းချည်တက်ချည် ကစားနေတတ်ကြောင်းကို တချို့ရွာသားများက မြင်ဖူးတွေ့ဖူးကြောင်း ပြောဆိုလေ့ရှိကြသည်။ လက်ပံပင်ကြီးတွင် နေထိုင်သည်ဆိုသော သရဲထိပ်နီမှာ မကြာခဏ ခြောက်လှန့်တတ်သည်။ ရွာထဲတွင် အမဲ၊ ဝက်များပေါ်ညပီး အသားတွဲများဆွဲ၍ လက်ပံပင်အောက်တွင် ဖြတ်သွားပါက သရဲထိပ်နီ ခြောက်လှန့်လုယူသွားသောကြောင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြသူများလည်း ရှိသည်။ ထို့ကြောင့်လည်း အမှောင်သန်းလာပြီး ညဘက်ရောက်ပြီဆိုပါက လက်ပံပင်ကြီးအောက်သို့ မည်သူမျှ ဖြတ်သန်းသွားလာခြင်း ပြုဝံ့ကြပေ။

ဥပုသ်သီတင်းဆောက်တည်၊ သီလခံယူပြီးနောက် ရွာသားများ ပြန်လာကြပြီဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူများသာ ဇရပ်တန်ဆောင်းများတွင် ကျန်ရှိခဲ့ကြသည်။ မြသဲကြည်နှင့် အဖော်မိန်းကလေးများမှာလည်း အိုးခွက်ပန်းကန်များ သိမ်းဆည်းပြီးနောက် ဘုန်းကြီးကျောင်းမှ ပြန်လာကြသည်။ ကျောင်းမှ ထွက်လာခဲ့ကြပြီး မကြာမီ လက်ပံပင်ကြီးအနီးသို့ ရောက်ရှိလာကြသည်။

ထိုအချိန်တွင် လေမတိုက်ဘဲနှင့် စပါးပင်များ တသဲသဲလှုပ်ယမ်းနေသည်ကို မြသဲကြည်သတိထားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောထဲတွင် စိမ့်ခနဲဖြစ်သွားပြီး ခြေဖျား၊ လက်ဖျားများ အေးစက်လာသည်။ ခေါင်းမှာလည်း အကြီးကြီးဖြစ်သွားသည်ဟု စိတ်ထဲတွင် ထင်လိုက်မိသည်။ ထိတ်လန့်ကြောက်ရွံ့စွာနှင့် စပါးတောထဲသို့ မရဲတရဲ ကြည့်မိလိုက်သော်လည်း ထူးထူးခြားခြား ဘာတစ်ခုမှ မတွေ့ရပေ။

မြသဲကြည်သည် လယ်ကန်သင်းရိုးပေါ်မှ ဆက်လျှောက်သွားသည်။ သူမ၏ ကျောပြင်ပေါ်သို့ ရေနှင့် လှမ်းပက်လိုက်သည့်အလား အေးခနဲဖြစ်သွားသောကြောင့် နောက်ဘက်သို့ မလုံမလဲ လှည့်ကြည့်မိပြန်သည်။ ထူးထူးခြားခြား ဘာတစ်ခုမှ မမြင်တွေ့ရပေ။ စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားမိပြန်သည်။ သူ့ဘေးနားတွင် အတူယှဉ်လျှောက်လာသော အေးမေ၊ မထွေးလေး၊ မစိန်ကြည်တို့အား လှမ်းပြောလိုက်သည်။

"မအေးမေ ... ကျွန်မကို ရေနဲ့ ပက်လိုက်သလို အေးခနဲ ဖြစ်သွားတယ်။ လက်ပံပင်ကြီးပေါ်က သရဲထိပ်နီ ဆင်းလာတာလား မသိဘူး"

"အမလေး ... သရဲထိပ်နီဆိုရင်တော့ ကျွန်မကြောက်တယ်"

အသက်အငယ်ဆုံးဖြစ်သော မထွေးလေးက ခေါင်းကလေးပုပြီး မအေးမေ အနီးသို့ တုန်တုန်ရီရီ အမြန်တိုးကပ်လိုက်သည်။ မအေးမေလက်ကိုလည်း ကြောက်ကြောက်နှင့် ဖမ်းဆုပ်ထားရာမှ မလွှတ်တော့ပေ။ လက်ပံပင်ကြီးအပေါ်ဘက်သို့လည်း မရဲတရဲ လှမ်းမော့ပြီး ကြည့်လိုက်မိသေးသည်။

"မြသဲကြည် စိတ်ထင်လို့ပါအေ။ နေ့ခင်းကြောင်တောင်ကြီး သရဲထိပ်နီ မခြောက်ပါဘူး။ ခြောက်လည်း ဘာမှကြောက်စရာမလိုဘူး။ အခုပဲ ဆရာတော်ကြီးဆီမှာ သီလယူပြီး ပြန်လာတာပဲ။ ဘယ်လိုလုပ်ပြီး သရဲထိပ်နီက ခြောက်ဝံ့မှာလဲ"

မအေးက ဂရုမစိုက်သလို မကြောက်မရွံ့ ပြန်ပြောလိုက်သည်။

"မဟုတ်ဘူး မအေးမေ။ ကျွန်မအင်္ကျီကျောဘက်ကို သေချာကြည့်လိုက်စမ်းပါ"

မြသဲကြည်က ပြောလိုက်သဖြင့် ခေတ္တရပ်လိုက်ကြပြီး သူမအင်္ကျီ နောက်ကျောဘက်ကို စမ်းကြည့်လိုက်မိသည်။

"အလိုလေး ... ဟုတ်ပါရဲ့ မြသဲကြည်။ ညည်းအင်္ကျီနောက်ကျောမှာ ရေတွေစိုနေပါလား"

"ဒါကြောင့်မို့ ကျွန်မပြောတာ။ ကျွန်မကျောကို ရေနဲ့ပက်လိုက်သလို အေးခနဲဖြစ်သွားပါတယ်လို့ ပြောနေတာ"

"တော်ကြပါတော့ဟယ်။ ကျွန်မ ကြောက်လာပြီ"

မထွေးလေးအသံက တုန်တုန်ရီရီဖြစ်လာသလို ခြေလှမ်းကိုလည်း မပြေးရုံတစ်မည် သွက်သွက်လှမ်းလိုက်သည်။ မြသဲကြည်တို့ မိန်းကလေးတစ်သိုက်သည် လက်ပံပင်ကြီးအောက်မှ အမြန်ဆုံး ပြေးထွက်လာကြပြီး ရွာထဲသို့ အမောတကော ပြန်လည်ရောက်ရှိလာကြသည်။

★ ★ ★

ထိုနေ့မှ နောက်ရက်များတွင် မြသဲကြည်သည် မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်လာသည်။ စကားလည်းမပြောတော့ပေ။ မိဘဖြစ်သူများလည်း ပစ္စည်းပြည့်စုံ၊ သမီးလေးတစ်ယောက်တည်း ဖြစ်သဖြင့် ရွှေပေါ်မြတင် စိတ်ချမ်းသာအောင် ထားခဲ့ရာမှ ယခုကဲ့သို့ တမှိုင်မှိုင်တတွေတွေ ဖြစ်လာသည်ကို စဉ်းစားရခက်စွာ မကြည့်ရက်နိုင်တော့ပေ။ ဆွေမျိုးသားချင်းများကလည်း ကောင်းနိုးရာရာ အကြံပေးကြသဖြင့် ဓာတ်၊ ဗိန္ဒော၊ ပယောဂဆရာအမျိုးမျိုးကို ခေါ်၍ ပြသကုသကြသော်လည်း မြသဲကြည်ဝေဒနာမှာ ထူးခြားသိသာစွာ ကောင်းမွန်လာခြင်း မရှိပေ။

ဆရာတွေသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားသည်။ ဆရာတစ်ယောက်ရောက်လာလျှင် ငှက်ပျောသုံးဖီး၊ အုန်းသီးတစ်လုံး၊ ဖယောင်းတိုင်ငါးထုပ်၊ ပိတ်ငါးတောင်၊ ပဝါတစ်ပိုင်၊ ငွေအစိတ် ကုန်ပေါင်းလည်း မနည်းတော့ပေ။ မိတ်ဆွေတစ်ဦး အကြံပေးသဖြင့် မြို့ပေါ်မှ နာမည်ကြီးဆရာတစ်ယောက်ကို ပင့်ခဲ့ပြီး ကုသရန် စီစဉ်ကြသည်။ ထိုဆရာက ငွေကိုယူရုံသာမက မြသဲကြည်ကို မြင်တွေ့သောအခါ လူကိုပါ အရယူရန် ကြံစည်တော့သည်။

မြသဲကြည်နေထိုင်ရာ အိပ်ခန်းထဲမှာပင် ဆေးကုပေးမည်ဟု ဆိုသည်။ ပြင်ပမှ ပယောဂအနှောင့်အယှက်များ ဝင်မလာစေရန် တံခါးကို ပိတ်ထားလိုက်သည်။ အိမ်သားများကိုလည်း တစ်ဦးတစ်ယောက်မှ ဝင်ရောက်ခြင်း ခွင့်မပြုပေ။ အခန်းထဲတွင် အဆိုပါဆရာနှင့် မြသဲကြည် နှစ်ယောက်တည်းသာ ရှိတော့သည်။

ဆရာလုပ်သူမှာ ဆရာမပီသ။ တဏှာရူးကြီးဖြစ်သည်။ မျက်နှာဝိုင်းဝိုင်းလေးနှင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းဖြောင့်စင်းသော မြသဲကြည်အား မြင်တွေ့မိပြီး စိတ်ဝင်စားကာ မတော်မတရားပြုရန် ကြံစည်တော့သည်။ သူကြံစည်ပုံမှာလည်း မြသဲကြည် ဝမ်းဗိုက်အား စုတ်ဆေးထိုးနှံရမည်ဟုပြောဆိုကာ လုံခြည်ကို လျှော့ချခိုင်းသည်။

မြသဲကြည်ကိုယ်တိုင်မှာလည်း ပုံမှန်အနေအထား မဟုတ်။ သတိလက်လွတ် ဇဝေဇဝါ၊ ကြောင်တိကြောင်တောင်နှင့် ဆရာလုပ်သူပြုသမျှ လိုက်နာရတော့မည့် အနေအထားဖြစ်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် မှန်တင်ခုံအနီးတွင်ရှိသော မြသဲကြည်လူးနေကျ ကျောက်ပျဉ်ကြီးသည် မြောက်တက်လာကာ လေထဲတွင်ဝဲပျံပြီး ဆရာဖြစ်သူအား ပစ်ပေါက်ခြင်းခံလိုက်ရသည်။ ဆရာဖြစ်သူက သတိထား၍ ခေါင်းငုံ့တိမ်းရှောင်လိုက်သောကြောင့် မထိသော်လည်း ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲမြည်ကာ အရှိန်ပြင်းစွာ ကျသွားသည်။

ထို့နောက်တွင်လည်း မြသဲကြည်အခန်းထဲမှ သနပ်ခါးတုံးများ။ တိုလီမုတ်စပစ္စည်းပေါင်းစုံတို့သည် ဆရာဖြစ်သူအားဝိုင်းပေါက်လိုက်ကြသကဲ့သို့ စုပြုံစွာ ကျလာကြသည်။ ထူးဆန်းလှသည်။ ဘယ်ကနေ ဘယ်သို့ လွင့်ပျံလာသည်မသိ။ ပယောဂကုဆရာမှာလည်း ကြောက်လန့်ပြီး ဆေးလွယ်အိတ်ပင် မယူအားတော့ဘဲ တံခါးဖွင့်လျက် ဝရုန်းသုန်းကား အိမ်ပေါ်မှ ထွက်ပြေးသွားရပေတော့သည်။

နောက်ဆုံးတွင် မည်သည့်ဆရာနှင့်မျှ ကုသ၍မရသောကြောင့် မိဘများမှာစိတ်ပျက်လက်ပျက်နှင့် လက်မှိုင်ချနေရပေတော့သည်။ ထိုအကြောင်းကို ရွာဦးကျောင်းမှ ကျောင်းထိုင်ဆရာတော် သိရှိသွားပြီး မြသဲကြည်မိဘများအား ခေါ်ယူတွေ့ဆုံမေးမြန်းလိုက်သည်။ မြသဲကြည်မိဘများကလည်း ကျောင်းထိုင်ဆရာတော်ကြီးအား ဖြစ်ပျက်ခဲ့ပုံ အစုံစုံတို့ကိုတင်ပြလျှောက်ထားကြသည်။

အကြောင်းစုံသိရှိသွားသော ဆရာတော်ကြီးမှ မြသဲကြည်ကိစ္စအတွက် စိုးရိမ်ပူပန်စရာ မလိုကြောင်း။ သူနှင့် သိကျွမ်းသော ဘုန်းကြီးဆရာတစ်ပါးအားပင့်ဆောင်ပြီး ကုသပေးမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ သုံးရက်ခန့်အကြာတွင် ရွာဦးကျောင်းသို့ ထူးဆန်းသည့် ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာသည်။

ကျောင်းသို့ကြွရောက်လာပြီး မကြာခင်မှာပင် ကျောင်းသားလေးများအား မြသဲကြည်မိဘများထံ ကြိုတင်အကြောင်းကြားစေပြီး အိမ်သို့ ကြွလာသည်။ ဆေးကုသပေးမည့် ဆရာတော်ဘုန်းကြီးမှာ ဝါတော် ၂၀ ခန့်ရှိပြီး အလွန်တည်ငြိမ်သော ဣန္ဒြေကိုဆောင်လျက် လည်ပင်းတွင်လည်း ကြီးမားသည့် ဂုဏ်တော်ပုတီးကို ဆွဲထားသည်။

ဆရာဘုန်းတော်ကြီးသည် အိမ်ပေါ်သို့ကြွလာပြီး ဘုရားခန်းထဲမှာပင် ဆေးကုသရန် စီစဉ်တော့သည်။ မြသဲကြည်မှာလည်း ယခင်က လာရောက်ကုသသည့် ဆရာများနှင့် မတူတော့ဘဲ အမူအရာများ ပြောင်းလဲလာသည်။ ဆရာဘုန်းတော်ကြီးမှာ မြသဲကြည်အား သူ့အနီးသို့ ခေါ်လိုက်သည်။

မြသဲကြည်သည် ဆရာဘုန်းတော်ကြီးအား ဖူးတွေ့လိုက်ရသည်နှင့် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။ ဆရာဘုန်းတော်ကြီးသည် မြသဲကြည်အပြုအမူကို သေချာစွာစူးစိုက်ကြည့်ပြီး မေးလိုက်သည်။

"ဟဲ့ .. ဒကာမလေး မြသဲကြည်။ ဘာပြုလို့ ဒီလောက်တောင် ဝမ်းနည်းပက်လက် ငိုနေရတာလဲ။ လာ . . . ဒီရှေ့ကို ရဲရဲတိုးခဲ့စမ်း"

ဆရာဘုန်းတော်ကြီး၏ အသံက အောင်မြင်ခံ့ညားစွာ ပေါ်ထွက်လာသည်။ မြသဲကြည်ကိုယ်တိုင်ကလည်း ဆရာတော် မိန့်ဆိုသည့်အတိုင်း ရှေ့သို့တိုးလျက် ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။

"ဒီလို လိမ္မာမှပေါ့ကွယ်"

ဟု ပြောပြောဆိုဆို မြသဲကြည်၏နဖူးတည့်တည့်အား လက်ညှိုးနှင့်ထောက်လိုက်ပြီး အမိန့်ပြန်လိုက်သည်။

"ကဲ . . . စွဲရင်းတိုင်းရောက်စမ်း။ တစ်ကိုယ်လုံးစီးပြီး ပြောစမ်း"

ဆရာတော်ဘုန်းကြီး၏ အမိန့်ပြန်သံ ဆုံးသည်နှင့် မြသဲကြည်တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်လှုပ်ပြီး ယိမ်းခါလျက် ဆရာဘုန်းတော်ကြီးအား အကြိမ်ကြိမ် ဦးချလျက်ရှိသည်။

"မင်းဘယ်သူလဲ မှန်မှန်ပြောစမ်း"

"တပည့်တော် . . . သရဲထိပ်နီပါဘုရား"

"ဘယ်မှာနေတာလဲ"

"ရွာထိပ်ဘုန်းကြီးကျောင်းရှေ့က လက်ပံပင်ကြီးမှာ နေပါတယ်"

"ကောင်းပြီ။ မင်းက ဘာပြုလို့ သူများ သားပျို၊ သမီးပျိုကို နှောင့်ယှက်ရတာလဲ"

"တပည့်တော် ချစ်လို့ပါဘုရား"

"ဘာကွ။ မင်းက ချစ်လို့ ဟုတ်လား"

"တင်ပါ့ဘုရား"

"အေး . . . မင်းကချစ်တာတော့ ဟုတ်ပါတယ်။ ကလေးမလေးမှာ အခုကြည့်စမ်း။ မင်းလုပ်ထားတာကြောင့် မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင်နဲ့ စကားလည်း မပြောနိုင်၊ အာစေးထည့်ထားခံရပြီ။ အတော်ဒုက္ခရောက်နေတာပဲ"

"တပည့်တော် ချစ်လွန်းအားကြီးလို့ ဒီလိုလုပ်ရတာပါဘုရား"

"ကောင်းပြီ။ ဒကာမလေး မြသဲကြည်ကို မင်းတကယ်ချစ်လို့လား"

"သူက မချစ်ပေမဲ့ တပည့်တော်က သူ့ကို တန်းတန်းစွဲချစ်နေမိလို့ပါဘုရား။ ဟိုတစ်လောက တဏှာရူးဆရာတစ်ယောက် ဆေးကုချင်ယောင်ဆောင်ပြီး စော်ကားမယ်လုပ်လို့ တပည့်တော်ဆုံးမလွှတ်လိုက်ရပါသေးတယ်ဘုရား။ တပည့်တော်ချစ်တဲ့သူကို စော်ကားတာမျိုးတော့ တပည့်တော် ခံကာကွယ်ရပါမယ်ဘုရား။ တပည့်တော်က စွဲစွဲလမ်းလမ်း ချစ်နေရသူပါဘုရား"

www.burmeseclassic.com

"မဖြစ်နိုင်တာပဲ သရဲထိပ်နီရယ်။ မြသဲကြည်က လူမိန်းကလေး၊ မင်းက နာနာဘာဝ အစိမ်းသရဲ ဖြစ်တယ်။ ဒါကြောင့် မင်းကို နှင်ပစ်ရမယ်၊ မြသဲကြည်ကိုယ်မှာ မထားနိုင်ဘူး"

"ဘုန်းကြီးဘုရား ... တပည့်တော် ချစ်လွန်းလို့ပါဘုရား။ တပည့်တော် ချစ်ခြင်းကို မခွဲပါနဲ့ဘုရား။ မြသဲကြည်လေးကို ကြောက်အောင်၊ လန့်အောင် မလုပ်ပါဘူးဘုရား။ သူ့မျက်နှာဝိုင်းဝိုင်းလေးကို မြင်နေရရင်ပဲ တော်ပါပြီဘုရား။ တပည့်တော် သူ့ကိုချစ်နေတာကလည်း ခုမှ မဟုတ်ပါဘူး။ အတော်ကို ကြာခဲ့ပါပြီ။ အခွင့်မရလို့ သူ့အနားကို မကပ်နိုင်တာနဲ့ စောင့်နေခဲ့ရပါတယ်ဘုရား ...။ လပြည့်နေ့ကမှ တပည့်တော်နေတဲ့ လက်ပံပင်ကြီးအရိပ်အောက် ဝင်လာတော့မှ ကျီစားပြီး ချစ်မိလိုက်တာပါ။ အခုမှ ချစ်စခင်စ၊ ကြင်နာစပဲ ရှိပါသေးတယ် ဘုရား။ မြသဲကြည်လေးနဲ့ ဝေးရတော့မယ်၊ ကွဲရတော့မယ်ဆိုရင် တပည့်တော် သေရပါလိမ့်မယ် ဘုရား"

သရဲထိပ်နီမှာ စကားပြောကောင်းသော သရဲတစ်ကောင် ဖြစ်သည်။ လာရောက်ကြည့်ရှုနေကြသည့် ရွာသားများနှင့် ဆရာတော်ဘုန်းကြီးကိုယ်တိုင် သရဲထိပ်နီစကားကို ကြားရ၍ ကရုဏာသက်ရတော့မလိုလို ဖြစ်သွားကြသည်။

"မင်းတို့ အချင်းချင်းကို ခွဲချင်လို့ မဟုတ်ဘူး။ မင်းချစ်တာကို ဘာမှမပြောလိုပေမဲ့ ဘဝချင်းက မတူဘူး သရဲထိပ်နီ။ မြသဲကြည်က လူသားမိန်းကလေး။ ပြီးတော့ မင်းကသာ မြသဲကြည်ကိုချစ်တာ၊ မြသဲကြည်က မင်းကို ဘယ်နည်းနဲ့မှ ချစ်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ မင်းတို့ချင်းခွဲကိုခွဲမှ ဖြစ်တော့မယ်"

ဆရာဘုန်းတော်ကြီးသည် သူ့လွယ်အိတ်ကြီးထဲမှ ပိုးကြိုးလေးများကို ထုတ်ယူပြီး အထုံးလေးသုံးခုအား ဦးခံ၍ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည်ဖြင့် ဦးခံမန်းမှုတ်ပြီး အထုံးလေးများကို စနစ်တကျ ထုံးလျက် ကွက်တိကိုက်ညီအောင် ထုံးဖွဲ့လိုက်သည်။ ထို့နောက်တွင် ရေစင်ခွက်မှ ရေများနှင့် မြသဲကြည်ဦးခေါင်းကို တောက်သည်။ မြသဲကြည်တစ်ကိုယ်လုံးမှာ ဘုန်းတော်ကြီး တောက်လိုက်သော ရေစင်များကို မခံနိုင်ပေ။ ပူလွန်း၍ မချိမဆံ့ ခံစားနေရသကဲ့သို့ ဖြစ်သည်။

မြသဲကြည်ခေါင်းကိုပုတ်ပြီး သရဲထိပ်နီအား နှင်ထုတ်၍ ရေစင်တိုက်သည်။ ဆရာတော်ဘုန်းတော်ကြီး စီရင်မန်းမှုတ်ထားသော အလုံးလေးသုံးလုံးပါ ပိုးကြိုးမှာ လိပ်ပြာချုပ်ဖြစ်သည်။ မြသဲကြည်လည်ပင်းတွင် ဆွဲပေးလိုက်သည်။

မြသဲကြည် သတိပြန်ရလာပြီး ဟိုကြည့်သည်ကြည့်နှင့် အိပ်မက်မက်သလို ဝေဝေဝါးဝါး ဗိုးတဝါးဖြစ်နေပေသည်။ မိဘများမှာလည်း တစ်လတိတိ စကားမပြောဘဲ ငေးငိုင်မှိုင်တွေနေသော သမီးလေး ပြန်ကောင်းလာသောကြောင့် ဝမ်းသာအားရ ဖြစ်ကြလျက် မျက်ရည်များ စီးကျလာကြသည်။

"သမီး မြသဲကြည်"

"အမေ ..."

မိခင်ဖြစ်သူက ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသောအသံနှင့် ခေါ်လိုက်သည်။ မြသဲကြည်မှာလည်း ဆရာဘုန်းတော်ကြီး၏ လိပ်ပြာချုပ် ဆွဲပြီးသည့်နောက် ယခင်ကကဲ့သို့ ပြုံးရွှင်ရယ်မောကာ အကောင်းပကတိ ဖြစ်သွားပေသည်။

ဆရာဘုန်းတော်ကြီး ပြန်ကြွရန် ပြင်ဆင်ရင်း ပြောလိုက်သည်။

"ကဲ ... သရဲထိပ်နီ။ မင်းကို ဒီမှာထားခဲ့လို့တော့ မဖြစ်ဘူး။ တော်တော်ကြာ ငါမရှိတုန်း တခြားမိန်းကလေးတွေကို ထပ်နှောင့်ယှက်နေဦးမယ်။ မင်းကလည်း သရဲသာဖြစ်တယ်၊ မိန်းကလေးချောချောလေးမြင်ရင် ချစ်ချင်၊ ကြိုက်ချင်ရတာနဲ့၊ စိတ်ဝင်စားရတာနဲ့။ မင်းကို ဒီမှာထားခဲ့လို့ မဖြစ်ဘူး။ ငါနဲ့အတူ ငါ့ကျောင်းကို လိုက်ခဲ့ရမယ်။ မင်း ငါ့နောက်ကနေ လိုက်လာတာကို တခြားသူတွေပါသိရအောင် သိသာထင်ရှားအောင် လုပ်ပြရမယ်"

ဆရာဘုန်းတော်ကြီးသည် ရွာဦးကျောင်းသို့ ပြန်ကြွရာတွင် စပါးပင်များမှာ တသဲသဲမြည်လျက်ရှိသည်။ နောက်တစ်နေ့မနက်တွင် ဆရာဘုန်းတော်ကြီးသည် သူနေထိုင်ရာ ကျောင်းသို့ ပြန်ကြွရာ လမ်းခရီး၌ လှေစီးရာတွင်လည်းကောင်း၊ ကမ်းနားတစ်လျှောက် သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကျကျန်ရစ်ခဲ့ကြသည်။ တစ်ခါတစ်ခါ ကမ်းနားရေစပ်နားတွင် ထူးခြားစွာ ရေများ တဖွားဖွား ကျန်ရစ်ခဲ့သည်။ ကမ်းစပ်ရှိ ငှက်ပျောတောမှာလည်း တသဲသဲနှင့် ယိမ်းထိုးလှုပ်ရှား ကျန်ရစ်ခဲ့သည်။

ဆရာဘုန်းတော်ကြီးနောက်သို့ မိန်းကလေးချောချောလေးများကို ချစ်ခင်မြတ်နိုးတတ်သော သရဲထိပ်နီတစ်ကောင်မှာ ဝမ်းနည်းကြေကွဲစွာ လိုက်ပါလာခဲ့ရသည်မှာ အသေအချာပင် ဖြစ်ပေတော့သည်။

နန်းကြေးသျှင်



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးတက္ကသိုလ်နှင့် ဆေးရုံတွင် ယုတ်မာရက်စက်စွာ ဗုံးခွဲခြင်း



၁၅–၆–၁၃ နေ့တွင် ပါကစ္စတန်၊ ဘလူချီစတန်ပြည်နယ်ရှိ ကွီတာမြို့တွင် အမျိုးသမီးတက္ကသိုလ်နှင့် ဆေးရုံတို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး၊ ကျောင်းသူ ၁၁ ဦး အပါအဝင် လူ ၂၁ ဦး သေဆုံးပြီး၊ ဒါဇင်ပေါင်းများစွာသော လူများ ဒဏ်ရာရရှိခဲ့ကြောင်း ကျိုဒို သတင်းဌာနက ဖော်ပြလိုက်သည်။

ဗဂျီဝယ်ရီလမ်းရှိ ဘဟာဒူးခန်း အမျိုးသမီးတက္ကသိုလ်ကျောင်းဝင်း အတွင်း ကျောင်းသူများ ကျောင်းကြို ပို့ ကားပေါ်တွင် ရှိနေစဉ် ပြင်းထန်သော ဗုံးတစ်လုံးပေါက်ကွဲကာ ထိုနေရာ၌ပင် သေဆုံးသူများနှင့် ဒဏ်ရာရသူ အမြောက်အမြား ရှိခဲ့သည်။ ထိုဒဏ်ရာရသူများ ဆေးကုသရေးအတွက် ကွီတာရှိဘိုလန် ကွန်ပလက် ဆေးရုံသို့ လူနာများ တင်ပို့ခြင်း၊ ဆေးရုံက လက်ခံကုသခြင်း ပြုနေချိန်တွင် ထိုဆေးရုံတွင် ပြင်းထန်သောဗုံးတစ်လုံး ထပ်မံပေါက်ကွဲပြန်သည်။ ဆေးရုံတွင် ပေါက်ကွဲသောဗုံးမှာ ခွဲစိတ်ခန်းတွင် ဒဏ်ရာရသော ကျောင်းသူများ အသက်ရှင်ရေးအတွက် ခွဲစိတ်ကုသစဉ် အသေခံဗုံးခွဲသဖြင့် ခွဲစိတ်ခန်းတွင်းရှိ ဆရာဝန်နှင့် သူနာပြုဆရာမများ သေဆုံးခဲ့ရသည်။ ထိုသို့ ဆင့်ကဲ ဆက်တိုက်ဗုံးခွဲခံရ၍ လူများ ဂနာမငြိမ် ဖြစ်နေစဉ် လက်နက်ကိုင်အကြမ်းဖက်သမားများသည် ဆေးရုံခေါင်မိုးပေါ်တွင် နေရာယူထားပြီး ဆေးရုံအတွင်း ဝင်လာသူ၊ ထွက်ခွာသူမှန်သမျှကို မောင်းပြန်သေနတ်များဖြင့် လှမ်းပစ်ခတ်ကြပြန်သည်။ ဆေးရုံတက်နေသော လူနာများ၊ တက္ကသိုလ်မှ ဒဏ်ရာရလူနာများ၊ လူနာစောင့်များ၊ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံသို့ လူနာလာစောင့်ရောက်သူများသည် ထွက်ပေါက်မရှိ ပိတ်မိနေပြီး ဆရာဝန်တစ်ဦးသည် ဗုံးကွဲသော အခန်းတစ်ခု၌ ပိတ်မိနေသည်။ စနစ်တကျစီစဉ်သော လုပ်ကြံမှုဖြစ်ပြီး ပထမဗုံးပေါက်ကွဲပြီး ထိုမှ လူနာများကို ထိုဆေးရုံပို့မည်ကို ကြိုတင်သိရှိ အကွက်ချ၍ ဒုတိယ အသေခံဗုံးကို ဆေးရုံတွင် ထပ်ခွဲခြင်းဖြစ်သည်။ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့တို့ ဆေးရုံဝင်း အနီးရောက်လာပြီး ဆင်ဆင်ခြင်ခြင်ဖြင့် အခြားသူများ ထပ်မံထိခိုက်မှု မဖြစ်စေရန် ဆောင်ရွက်ပြီး အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့သည်။ ထိုနှစ်နေရာ ဗုံးပေါက်ကွဲမှုကြောင့် ပြင်ပလူ ၄ ဦး၊ ဆရာဝန်၊သူနာပြု ၇ ဦး အပါအဝင် တက္ကသိုလ်ကျောင်းသူ ၁၁ ဦးတို့ သေဆုံးခဲ့ရပြီး၊ ပေါက်ကွဲမှု နှစ်နေရာလုံးတွင် ဒဏ်ရာရသူအမြောက်အမြား ရှိသည်။ မည်သည့်အဖွဲ့အစည်း၏ အကြမ်းဖက်မှုဟု မသိရသေးသော်လည်း အစဉ်တစိုက် အမျိုးသမီးများ ပညာသင်ကြားခြင်းကို လုပ်ကြံဖျက်ဆီးနေသည့် စစ်သွေးကြွ တာလီဘန်တို့၏ ယုတ်မာရက်စက်သော လူမဆန်သော လုပ်ရပ်သာဖြစ်ကြောင်း သတင်းစာက ကောက်ချက်ချခဲ့သည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- Kyodo News, 15.6.13*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိချောင်းတောက်ပုစိန်

ဝင်းဇော်(သုံးဆယ်)

ဦးထွန်းမောင်က ပိုက်ကွန်ကိုထမ်းကာ မြစ်မခ မြစ်ကမ်းနားဘက်သို့ ဆင်းသွားသည်။ ညီမောင်က ထမင်းချိုင့်နှင့် ရေနွေးကြမ်းအိုးထည့်ထားသော လက် ဆွဲခြင်းကိုဆွဲ၍ အိမ်ရှေ့တွင် ထောင်ထားသော လှော်တက်နှစ်ခုကို ထမ်းလိုက်၏။

"ဟဲ့.. ညီ့ မအေနိုင်းတဲ့အတိုင်း မမှားအောင်လုပ်ပေးနော်၊ မနက်ကျရင် ဘာသံမှမကြားချင်ဘူး"

ဒေါ်မြအေးက သားဖြစ်သူကို မှာနေသည်။ ညီမောင်ကပေတီပေကာတ် လုပ်တတ်သည်မို့ ဖခင်ဦးထွန်းမောင်က ဘဝင်မကျလှ။ မြစ်မခရွာကလေးသည် မြစ်မခမြစ်အနောက်ဘက်ခြမ်းရှိ မြစ်ကမ်းနားရွာကလေးဖြစ်ပါသည်။ ရွာဝွင် လယ်ယာလုပ်ငန်း၊ ကိုင်းသီးနှံလုပ်ငန်းဖြင့် အသက်မွေးသူက နည်းသည်။

တံငါ အလုပ်ဖြင့် အသက်မွေးသူက ပိုများသည်။

ဦးထွန်းမောင်၊ ဒေါ်မြအေးတို့မျိုးရိုးစဉ်ဆက်သည် တံငါလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြပါသည်။

ထို့ကြောင့် ဦးထွန်းမောင်က သူ့သားညီမောင်ကို ငယ်စဉ် ကတည်းကပင် ပိုက်ကွန်ပစ်ခြင်း၊ ပိုက်တန်းချခြင်း အလုပ်တွေကို ကျွမ်းကျင်အောင် သင်ကြားပေးထားသည်။ ယခု ညီမောင်အသက်သည်ပင် နှစ်ဆယ့်သုံးနှစ်ရှိခဲ့ပြီ။ သူ့အဖေ ငါးဖမ်းသွားသည့်အခါ ညီမောင်က လိုက်၍ လှေလှော်ပေးရသည်။ ဦးထွန်းမောင်က အတွေ့အကြုံကြောင့်ပေလားမသိ။ မည်သည့်ရာသီတွင် မည်သည့်ငါးများ မြစ်မခမြစ်၏မည်သည့်နေရာတွင် သွားလာကျက်စားတတ်သည်ကို သိသည်။

ယခုလိုဆောင်းရာသီတွင် မြစ်ပြင်၌ ငါးဖမ်းသည့်အခါ အအေးဒဏ်ကို အလူးအလဲခံစားရသည်။ သို့သော်သည် ရာသီသည် မိုးလေဝသငြိမ်သက်သဖြင့် တံငါသည်များက သဘောကျသည်။

"ဟဲ့ လိုက်သွားတော့လေ တော်ကြာ.. ကြာတယ်ဆိုပြီး အဆူခံထိနေဦးမယ်"

"ဟုတ်.. "

"ဟုတ်ကဲ့ပါအမေရဲ့"

ညီမောင်က သွက်လက်သောခြေလှမ်းများဖြင့် မြစ်ကမ်းနားရှိရာသို့ပြေးသည်။

"ညီမောင်ရေ..."

"လာနေပြီအဖေရဲ့..."

ညီမောင်က မြစ်ကမ်းနားရေစပ်သို့ ဆင်းလာသည်။ မြစ်ကမ်းနားတိုင်ငုတ်တွင် ချည်ထားသော ကြိုးကိုဖြုတ်၍



www.burmeseclassic.com

www.burmeseclassic.com

လှေပေါ်သို့ပစ်တင်သည်။ လှေနောက်ပိုင်းကို အားနှင့်တွန်းကာ လှေပေါ်ခုန်တက်လိုက်၏။

ဦးထွန်းမောင်က လှေဦးဘွင်ထိုင်၍ ပုံမှန်လှော်ခတ်နေသည်။ ညိုမောင်က လှေနောက်ပိုင်းမှာ အသားကျထိုင်၍ လှော်နေသည်။

"ညက ကိုခင်ဝင်းနဲ့ကိုသောင်းအေးတို့ကွန်ပစ်တာ ငါးနှစ်ပိဿာကျော်ရတယ် အဖေရဲ့"

ညိုမောင်က လှော်တက်ကိုဘယ်ညာပြောင်းလှော်ရင်း ပြော၏။

"မနေ့ညနေက အဖေတို့သားအဖလိုက်ခဲ့ဖို့တောင် လာပြောသေးတယ်၊ အဖေကဗိုက်အောင့်နေလို့ မလိုက်တော့ဘူးပြောလိုက်တာ… တော်ကြာမြစ်ထဲမှာ ဗိုက်အောင့်နေမှာစိုးလို့"

"အဖေ့ အစာအိမ်ရောဂါကလည်း မပျောက်သေးဘူးနော်"

"ငါ့အသက် ဆယ့်ငါးနှစ်အရွယ်ကတည်းက ငါးရှာလာတာ‥ ငါကငွဲကြီးတယ်၊ ငါလိုချင်သလောက် ငါးမရမချင်း အိမ်မပြန်ဘူး‥ အိပ်ချိန်၊ စားချိန်မမှန်တော့ အစာအိမ်ရောဂါဖြစ်တော့တာပေါ့… မင်းကြီးတော် (ဦးထွန်းမောင်၏အစ်မအပျိုကြီး) အခုနေတဲ့ရွာလယ်က နှစ်ထပ်ကျွန်းအိမ်ကြီးက ငါနဲ့ မင်းဦးလေးချစ်မြိုင်တို့ ငါးရှာလို့ရတဲ့ငွေကိုစုပြီးဆောက်ခဲ့တာ‥၊ ငါနဲ့ချစ်မြိုင်က အိမ်ထောင်ပြုပြီး အိမ်ထောင်ခွဲသွားကြတယ်‥၊ အဖေ အမေသေတော့ အစ်မကြီးကိုပဲ အမွေပေးခဲ့တာ…"

ဦးထွန်းမောင်က မြစ်ပြင်ကိုငေးကြည့်နေသည်။ အနောက်ဘက်မှ နေလုံးက ဝင်စပြုနေပြီ။ မကြာမီအမှောင်သန်းတော့မည်။

"ညိုမောင်ရေ… ချောင်းဝဘက်ကို သွားကြမယ်‥၊ အဲဒီမှာ ငါးကြီးတွေမြူးတဲ့အချိန်ကွ"

ဦးထွန်းမောင်က သားဖြစ်သူကို လက်ညှိုးထိုးပြသည်။ ညိုမောင်ကလှေကို ချောင်းဝဘက်သို့ ဦးတည်လိုက်သည်။ မြစ်ပြင်သည်မှောင်မဲလာသည်။ ဝိုးတဝါးအလင်းရောင်ဖြင့် သားအဖနှစ်ဦးကြိုးစားလှော်ခတ်လာသည်။ ချောင်းဝကမ်းနားသို့ရောက်လာသည်။ ညိုမောင်က လှေကိုအရှိန်သတ်လိုက်၏။ ဦးထွန်းမောင်က ပိုက်ကွန်ကိုယူ၍ တံတောင်ဆစ်ဖြင့် အလျှာရှင်းလိုက်သည်။

ထို့နောက်ရေပြင်ပေါ်သို့ ပိုက်ကွန်ကို ပစ်လိုက်သည်။ အုပ်ဆောင်းသဖွယ်ဖြာ၍ ရေထဲသို့နစ်ဝင်သွား၏။ ဦးထွန်းမောင်က ပိုက်ကွန်ကို ဖြေးညင်းစွာဆွဲ၍ လှေပေါ်သို့ မတင်လိုက်၏။ ပိုက်ကွန်ထဲတွင်ပါ လာသည့်ငါးများမှာ လူးလွန့်လှုပ်ရှားနေကြသည်။ ညိုမောင်က လက်တစ်ဖက်ကြားက [illegible] ဓာတ်မီးထိုးကာ ကျန်လက်တစ်ဖက်ဖြင့် ငါးများကိုဖမ်း၍ ဝါးပလိုင်းကြီးထဲသို့ ထည့်သည်။ ပိုက်ကွန်တွင်းမှ အမှိုက်သရိုက်များကို ခါချသည်၊ ညိုမောင်က လှေကိုရှေ့သို့သွားအောင် အနည်းငယ်လှော်ပေးလိုက်၏။ ဦးထွန်းမောင်က ပိုက်ကွန်ကိုရေပြင်ထဲသို့ ပစ်လိုက်သည်။

ပိုက်ကွန်သည် ရေပြင်ထဲသို့ ဖြာဆင်းပြီး ငုပ်သွားသည်။ ဦးထွန်းမောင်က ပိုက်ကွန်ကို ဖြည်းညင်းစွာ ဆွဲသည်။ ပိုက်ကွန်ကလေးလံနေသည်။

"သားရေ‥ ငါးကြီးပါလာပြီထင်တယ်ကွ… ကွန်ကလေးပြီး တင်းနေတယ်"

ညိုမောင်က သွား[illegible] သွား၏။ ပိုက်ကွန်[illegible] လှေ[illegible]သို့ မတင်သည်။ [illegible]ငါးသည် ရုန်းကန်လှုပ်ရှ[illegible]

"ဟုတ်တယ်[illegible]‥ ငါးကြီးဗျ"

ညိုမောင်က နှစ်ပိဿာခန့်ရှိသည့် ငါးဘတ်ကြီးကို အမိအရကိုင်ထားပြီးမှ ပိုက်ကွန်ကိုမသည်။ ပါးဟက်နှစ်ဖက်ကို ဟ၍ ကြိုးဖြင့်အခိုင်အမာချည်ထားလိုက်သည်။

တစ်ညလုံး ဟိုနေရာသည်နေရာသို့ရွေ့လျားသွားလာရင်း ပိုက်ကွန်ပစ်ကြရာ မနက်ဝေလီဝေလင်း အချိန်တွင် ဦးထွန်းမောင်တို့သားအဖ ဖမ်းဆီးရမိသည့် ငါးတွေက မနည်း။

"ကဲ … သားရေ ပြန်ကြမယ်၊ ဒီလောက်ရတာ တော်လှပါပြီတယ်"

ညိုမောင်ကလှေဦးကို ရွာဘက်သို့ တည်လိုက်သည်။ သားအဖနှစ်ယောက် လှေကို ပုံမှန်လှော်ခတ်လာခဲ့ရာ မိုးစင်စင်လင်း[illegible] ရွာကမ်းနားသို့ရောက်လာကြသည်။

ညိုမောင်က လှော်တက်နှင့်ဆွဲခြင်းကို အိမ်သို့အရင်ပြန်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြဲအေးက အိပ်ယာကနိုးပြီး မီးဖိုချောင်ထဲတွင် ချက်ပြုတ်နေ၏။

"အမေရေ . ."

"ဟင် . . နင်တို့သားအဖတောင် ပြန်လာပြီ"

"ဟုတ်တယ်အမေ . ."

"ဘယ်နယ့်လဲ သားရေ . ."

"ငါးတွေအများကြီး ရလာတယ် အမေရ၊ ငါးခြင်းတောင်း သွားသယ်ဦး မယ်၊ အိမ်ရောက်တော့မှ အမေ့ စိတ်တိုင်းကျ စီမံဆောက်ရွက်ပေတော့"

ညိုမောင်က မြစ်ကမ်းနားသို့ပြန် ပြေးလာခဲ့သည်။ လှေကိုကမ်းပေါ်သို့တင် အောင် လှေနောက်ပိုင်းမှတွန်းထုတ် လိုက်၏။ လှေဦးမှကြိုးကို ကမ်းစပ်ပေါ်မှ သစ်သားငုတ်တွင် ချည်ထားလိုက် သည်။ လှေဝမ်းထဲမှ ငါးခြင်းတောင်း၊ ဝါးပုလိုင်းများကို မနိုင်မနင်းသယ်လာ ခဲ့၏။

"ပင်ပန်းရကျိုးနပ်ပါတယ် အမေရ"

"မင်းလည်းငါ့လို ငါးရှာတတ်ဖို့ပဲ လိုတယ်"

* * * *

ဦးထွန်းမောင်က အိမ်ရှေ့ကြမ်းပြင် တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေ သည်။ အိမ်ရှေ့နေရောင်အောက်တွင် ပိုက်ကွန်ကို ဖြန့်၍ လှန်းထားသည်။ မြစ်ပြင်သို့မသွားမီ ပိုက်ကွန်တွင် အပေါက်အပြဲ ရှိမရှိ စစ်ဆေးရဦးမည် မဟုတ်ပါလား။ ထိုစဉ် ရွာထဲသို့သွား နေသည့် ညိုမောင်နှင့်အတူ ဦးမြဝင်း ပါလာသည်။

ဦးမြဝင်းက ဦးထွန်းမောင် နှင့် ဆွေမျိုးနီးစပ်တော်သည်။

"လာ . . မြဝင်းရေ . .၊ ရေနွေး ကြမ်းသောက်ဦး"

"မသောက်တော့ပါဘူး အစ်ကို ထွန်းရယ် . . . မနေ့ညနေစောင်းက ကျွန်တော့် သားတောက်ကျော်နဲ့ ခွေးပု တို့ညီအစ်ကို သယောပြင်မြစ်ကမ်းပါး ဘက်ကို ငါးဖမ်း ထွက်သွားကြတယ်၊ ဒီမနက် အခုအချိန်အထိ သူတို့ညီ အစ်ကို ပြန်ရောက်မလာသေးလို့ ကျွန်တော် စိတ်ပူနေတာ၊ ရွာက ဘယ်တံငါသည်ဖြစ်ဖြစ် မိုးလင်းတာနဲ့ ရွာကိုပြန်ရောက်ကြတာပဲမဟုတ်လား၊ အဲဒါမြစ်ပြင်ထဲကို လိုက်ရှာချင်လို့ အစ်ကိုထွန်းတို့သားအဖကို . ."

"ဒီရွာသီက မိုးသက်လေပြင်းလဲမရှိ ပါဘူး . . မင်းသားနှစ်ယောက်က ခါတိုင်း ဆိုမနက်မိုးလင်းတာနဲ့ ရွာထဲပြန်ရောက် လာနေကြပါ၊ ဘယ်လိုဖြစ်လို့ပါလိမ့်၊ ညို . . လှော်တက်တွေယူကွာ၊ မြစ်ထဲ သွားရှာကြမယ် . ."

ဦးထွန်းမောင်၊ ဦးမြဝင်း၊ ညိုမောင် တို့က မြစ်ထဲသို့ ဆင်းလာခဲ့ကြသည်။ ဦးထွန်းမောင်နှင့် ညိုမောင်က လှေကို မြစ်ထဲသို့ တွန်းလာခဲ့ကြသည်။ ဦးမြဝင်း က လှေဝမ်းထဲမှ ရေအနည်းငယ်ကို ခပ်ထုတ်နေ၏။

"ကျွန်တော် လှော်မယ်လေ . . . အစ်ကိုထွန်း"

"ဝမ်းထဲမှာ အေးအေးဆေးဆေး ထိုင်လိုက်ခဲ့ပါကွာ၊ မင်းရဲ့ သားတွေ အတွက် မင်းစိတ်တွေ လှုပ်ရှားနေ တယ်"

မြစ်ပြင်အလယ်သို့ ရောက်လာ သည်။ မြစ်မခကမ်းနားတစ်လျှောက် တွင် ပိုက်တန်းဖော်နေသူများကို တွေ့ရ သည်။

"အင်း . . အခုမှငါသတိရတယ်၊ သယောပြင်ရွာမှာ အသုဘရှိတယ် မ ဟုတ်လား။ မင်းရဲ့သားနှစ်ယောက်ငါး သွားရှာမယ်အကြောင်းပြပြီး အဲဒီရွာက အသုဘအိမ်မှာ ဖဲရိုက်နေသလားမှမသိ တာ . . ."

ဦးထွန်းမောင်က ဦးခေါင်းကိုလှည့် ၍ပြောသည်။

မဆိုနိုင်ပါဘူး အစ်ကိုထွန်းရယ်၊ မိဘကစိတ်ပူပြီး ဒီမနက် ဘာမှတောင် စားမရဘူး။ တောက်ကျော်က ခေါင်းမာ တယ်၊ ပြောရဆိုရတာ မကောင်းဘူး။ သယောပြင် ရွာသားတွေက စရိုက် ကြမ်းတမ်းတာ အစ်ကိုထွန်းလည်း အသိသားနဲ့ . ."

"ဘာမှမဖြစ်ရင်တော့ ကောင်းပါ တယ်၊ အဲဒီရွာသားတွေနဲ့ စကားများရန် ဖြစ်ရင်တော့ မင်းရဲ့သားတွေကို မြစ်ပြင် ထဲ ငါးရှာမသွားခိုင်းနဲ့တော့"

သယောပြင်ရွာက မြစ်မခရွာ အထက်ပိုင်းတွင်ရှိသည်။ ညိုမောင်က ရေဆန်ကို ကြိုးစားလှော်ခတ်နေရ သည်မို့ သူ့တစ်ကိုယ်လုံးသည် ချွေးများ စို့ရွှဲလာသည်။ သယောပြင်ရွာကို လှမ်း မြင်နေရပြီ၊ ထိုစဉ် ရေစုန်ဖြင့် မျောပါ လာသော လှေတစ်စီးကိုတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်ဆယ့်သုံးလေးနှစ်အရွယ်
အောင်စိန်မှာ မိချောင်း၏ ပါးစပ်ထဲတွင်
ရှန်းကန်လှုပ်ရှားနေသည်။
မိကျောင်းကပါးစပ်ကို လှုပ်ခါနေသည်။
မြစ်ရေပြင်သည် သွေးများဖြင့် နီရဲသွားသည်။
အော်ဟစ်သံများ ဆူညံနေစဉ် မိကျောင်းက
အောင်စိန်ကို ကိုက်ချီပြီး ရေစုန်အတိုင်း
ကူးခတ်သွားလေပြီ။

"ဟာ·· ကိုသောင်းတင်၊ ခင်ဗျား တို့ရွာက အသုဘအိမ်မှာ ဟိုကျုပ်သား နှစ်ယောက်လာသလား"

"ဟင့်အင်း·· ကိုမြဝင်း။ မလာပါဘူးဗျ။ ညကအဲဒီအိမ်မှာ ကျွန်တော်ရှိနေတာပဲ"

"မြစ်ထဲကို ငါးဖမ်းထွက်သွားတာ ပြန်မလာကြသေးလို့···

အသုဘအိမ်မှာ ဖဲရိုက်သလား ထင်လို့"

"အသုဘအိမ်မှာ ဖဲဝိုင်းမလုပ်ရဘူးဗျ ရန်ဖြစ်မှာဆိုးလို့"

"ဟင်း ဒါဆိုကျုပ်သားနှစ်ယောက် ဘယ်သွားနေပါလိမ့်"

"မောင်ညိုရေ·· လှေပြန်လှည့်ကွာ၊ ငွယ်ရွှေရွာဘက်သွားရှာရအောင်"

ညိုမောင်ကလှေကို တောင်ဘက် အရပ်ဆီသို့ ဦးတည်၍ လှော်ခတ်လာခဲ့သည်။ ရေစုန်မို့မြန်သည်။

"ဟင် ငွယ်ရွှေရွာသောင်ပြင်မှာ လူတွေဝိုင်းကြည့်နေကြတယ်၊ ဘာလဲ မသိဘူး"

ညိုမောင်က လှေကို ငွယ်ရွှေရွာ ကမ်းပါးနားမှ ကပ်ကာ လှော်လာခဲ့သည်။

"ဟာ ကိုထွန်းမောင်တို့ ဘယ်သွားမလို့လဲ"

"မြဝင်းရဲ့သားနှစ်ယောက် မနေ့ညနေကတည်းက မြစ်ပြင်ထဲကို ငါးရှာထွက်သွားတာ ပြန်မလာသေးလို့ ဘာဖြစ်လို့လဲဗျ"

"ရေထဲမှာ လှေတစ်စီးမျောပါလာတာကို ကျွန်တော်တို့ရွာကငါးသွားရှာတဲ့ အောင်ဝင်းက တွေ့လို့ယူလာတာ"

ဦးမြဝင်းက ကမ်းစပ်မှ လှေကို အသေအချာကြည့်သည်။

"ဟာ·· ကျွန်တော့်လှေဗျ၊ ကျွန်တော့်သားနှစ်ယောက်က ပျောက်နေသေးတယ် လှေကဒီအတိုင်း မျောပါလာတာလား"

"လှေကရေတွေဝင်ပြီး မျောလာတာ လှေပေါ်မှာပိုက်ကွန်တစ်ခုနဲ့ ပလိုင်းတွေပါလာသေးတယ်၊ အောင်ဝင်းအိမ်မှာရှိတယ်"

"ကျွန်တော့်သားတွေက ရေကူးကျွမ်းကျင်ပါတယ်၊ ရှာမတွေ့သေးတာက စဉ်းစားရခက်နေတယ်"

ရွာထဲမှတံငါလှေများက မြစ်ရိုးတစ်လျှောက်လိုက်ရှာပေမယ့်လည်း မတွေ့။ ရွာဦးဆရာတော်က ဗေဒင်ပညာဖြင့် တွက်ကြည့်တော့ ပြန်လမ်း မရှိသော အရပ်သို့ ထွက်ခွာသွားလေပြီဟု ပြောသည်။

သီတင်းနှစ်ပတ်ကြာသည့်အထိ ရှာဖွေပေမယ့် မတွေ့။ တောက်ကျော်နှင့် တက်ပုအတွက် ဆွမ်းသွတ်ပြီး အမျှအတန်းပေးဝေကြသည်။

သူတို့ညီအစ်ကိုအတွက် တစ်ရွာလုံးကလူတွေ စိတ်မကောင်း ဖြစ်ကြရသည်။

နောက်တစ်လခန့် ကြာသည့်အခါ ညိုမောင် အပြင်းဖျားနေသည့်အတွက် ဦးထွန်းမောင်တစ်ယောက်တည်း မြစ်



www.burmeseclassic.com

www.burmeseclassic.com

မြင်သို့ငါးဖမ်းထွက်သွားသည်။ ညှိမောင်က ရွာမှ ကျန်းမာရေးမှူးနှင့် ဆေးထိုးနေရသည်။

"ဟဲ့ . . သားညှို သက်သာရဲ့လား . . ."

"သက်သာလာပါပြီ အမေ အဖေ မြစ်ထဲက ပြန်လာပြီလား . ."

"မနက် ၈ နာရီကျော်နေရာကျော်နေပြီ။ သားအဖေ ပြန်မလာသေးလို့ သားကို နှိုးပြီးပြောတာ"

"ဟင်"

ညှိမောင်က အိပ်ရာထဲက ဝုန်းကနဲထွက်လာသည်။

"အဖေ ဒီလိုတစ်ခါမှ နောက်မကျတတ်ဘူး။ တောက်ကျော်တို့ညီအစ်ကိုလိုများ ဖြစ်နေပြီလားမသိဘူး . ."

ညှိမောင်က ရွာထဲဘက်သို့တဟုန်ထိုးပြေးသွားသည်။

"ဟဲ့ သား"

ရွာထဲမှ တံငါသည်များကိုခေါ်ကာ မြစ်ပြင်ထဲသို့ လာခဲ့သည်။ သူ့အဖေငါးရှာနေကျနေရာများသို့ လိုက်သွားသည်။ ချောင်းဝကမ်းနားသို့ ရောက်လာသည်။ ချောင်းဝကမ်းနား ဆင်ခြေလျှောကမ်းပါး အတက်တွင် အနီရောင်အစက်များကို တွေ့လိုက်ရသည်။

"ဒါ . . ဒါအဖေ့သွေးတွေဖြစ်မယ်၊ သွေးစက်တွေက ကမ်းပါးပေါ်တက်သွားတဲ့အတိုင်းပဲ"

ညှိမောင်က ဆင်ခြေလျှောကမ်းပါး အတက်တွင် လှေကို မေးတင်ထားခဲ့ပြီး ကမ်းပါးပေါ်သို့ ပြေးတက်လာခဲ့သည်။

"ဟာ . . အဖေ"

သူ့အဖေဦးထွန်းမောင်က မြေကြီးပေါ်တွင်လဲကျပြီး ညည်းညူနေရှာသည်။ ဦးထွန်းမောင်၏ ညာဘက်ခြေထောက်သည် ခြေသလုံးနေရာမှပြတ်တောက်ပြီး သွေးများထွက်နေ၏။ ဦးထွန်းမောင် က ခြေထောက်ကိုပုဆိုးဖြင့် ပတ်စည်းထားသည်။

"အဖေ . . ဘယ်လိုဖြစ်တာလဲ"

"ညက ငါ့ကိုမိကျောင်း ကိုက်တာ"

"ဟင်"

"နာလိုက်တာသားရယ် . . သွေးတွေထွက်လွန်းလို့ အားကုန်နေပြီ"

ညှိမောင်နှင့်ရွာသားများက ခြေထောက်ကို ပုဆိုးပိုင်းများဖြင့် ထပ်စည်းသည်။ ဦးထွန်းမောင်ကိုပွေ့ချီကာ လှေပေါ်သို့ဆင်းသည်။ မြို့ဆေးရုံသို့ မြစ်ဆိပ်မှတစ်ဆင့် မြင်းလှည်းနှင့်ခေါ်လာခဲ့သည်။ ဆေးရုံမှဆရာဝန်နှင့် သူနာပြုဆရာမများဟာ ဦးထွန်းမောင်ကို လိုအပ်သည့်သွေးများသွင်းနိုင်ရန် အရန်မီးသတ်ရဲဘော်များကို အကူအညီတောင်းထားသည်။ အရန်မီးသတ်ရဲဘော်များက လိုအပ်သမျှသွေးကိုလှူရန် စောင့်ဆိုင်းပေးနေကြသည်။

ဦးထွန်းမောင်၏ ညာဘက် ခြေထောက်အောက်မှ ဖြတ်ပစ်လိုက်ရသည်။

တစ်ရွာလုံးမှလူတွေကဦးထွန်းမောင်၏ ဆေးဝါးကုသစရိတ်ကို တတ်နိုင်သမျှစုဆောင်းပေးကြသည်။ တံငါရွာသားများ၏ ချစ်ခင် စည်းလုံးမှုကို သက်သေပြလိုက်ခြင်းဖြစ်သည်။

ဦးထွန်းမောင် အလွန် ကံကောင်းပါသည်။ ဦးထွန်းမောင်ဆေးရုံက ဆင်းလာသည့်နေ့က တစ်ရွာလုံးက ကလေး၊ လူကြီး၊ ယောက်ျားမိန်းမ မကျန် မြစ်ကမ်းနားမှ လာရောက်ကြိုဆိုကြသည်။

ထိုညတွင် ဦးထွန်းမောင်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ ရွာသူရွာသားများကို ဖိတ်ခေါ်ပြီး . . .

"ကျွန်တော့်သားညှိမောင် အပြင်းဖျားနေတာ တစ်ရွာလုံးသိပါတယ်၊ အဲဒီညနေက ကျွန်တော်တစ်ယောက်တည်း ချောင်းဝကမ်းပါးဘက်ကို ငါးဖမ်းဖို့ထွက်လာခဲ့တယ်၊ ကျွန်တော်က မြစ်ပြင်ထဲ ငါးဖမ်းထွက်ရင် ဓါးမြှောင်ကို ခါးကြားမှာ အမြဲဆောင်ထားလေ့ရှိတယ်၊ အဲဒီညက လဆန်း ၃ ရက်ည လကလေးက မှုန်ပျပျသာနေတယ်၊ ရာသီဥတုကလည်း အေးလိုက်တာ ချောင်းဝကမ်းပါးနားမှာ ပိုက်ကွန်မဲပစ်နေတုန်း လှေကဘယ်ညာလှုပြီး တိမ်းသွားတယ်၊ ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့၊ ပိုက်ကွန်ပစ်ဖို့ တစ်တောင်ဆစ်နှစ်ဖက်မှာ ပိုက်ကွန်က ချိတ်ထားလျက်သား . . နောက်လှည့်ကြည့်လိုက်တော့ သစ်သားတုံးမည်းမည်းကြီးလိုလိုက လှေကို တွန်းထုတ်နေတယ်၊ ပါးစပ်ကြီးဖြဲလိုက်တော့မှ မိကျောင်းမှန်းသိပြီး တုန်လှုပ်သွားတယ် . . ကြက်သီးဖြန်းဖြန်းထလို့ပေါ့၊ တောက်ကျော်တို့ ညီအစ်ကိုသေတာ ဒီကောင်ကြီးလက်ချက် ဆိုတာသိသွားပြီး . . ပိုက်ကွန်ကို လှေဝမ်းထဲပစ်ချပြီး ခါးကြားကဓါးမြှောင်ကို ဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com

ချိန်မှာ လေ့က မိချောင်းထိုးကော်လို့ မှောက်သွားတယ်၊ ရေကူးရင်း ဒီကောင်ကြီးကို ပြန်လည်ခုခံရတာပေါ့၊ ကြာတော့ ခြေကုန်လက်ပန်းကျလာတယ်၊ ကမ်းစပ်ဘက်ကို ကူးအပြေးမှာ ဒီကောင်ကြီးက ခြေတစ်ဖက်ကိုကိုက်တော့တာပဲ၊ နာလိုက်တာ•• အသည်းထဲအထိ ကျင်သွားတာပဲ၊ ကမ်းပါးပေါ်ကိုတက်ပြေးရတာ၊ နောက်လှည့်မကြည့်မိပါဘူး၊ တစ်ညလုံးနာလို့ အော်နေရတယ်၊ မသေတာ ကံကောင်းတာပဲ၊ ရွာက ဘဝတူ တံငါသည်တွေပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ အဲဒါကြောင့် ရွာကလူတွေ ညဘက်ငါးရှာမသွားဖို့ သတိပေးရတာပါပဲ••"

"တောက်••• ငါ့သားတွေ မိကျောင်းသတ်လို့သေရတာ"

ဦးမြဝင်းက ဆို့နစ်သောအသံကြီးဖြင့်ပြောသည်။

"မိကျောင်းက အတော်ကြီးသလား"

"အတော်ကြီးသားဟ၊ နှတ်သီးက အမြီးဖျားအထိဆိုရင် ၁၀ ပေလောက်ရှိမယ်၊ ပါးစပ်ကြီးပြဲပြီး ဟပ်ဆွဲလိုက်တာ ကွမ်းညှပ်နဲ့ညှပ်လိုက်သလိုပါပဲ၊ ဒီကောင်ကြီးဒီမြစ်ပြင်ထဲမှာ သွားလာကျက်စားနေဦးမှာဆိုတော့ နေ့ခင်းဘက်ငါးရှာသွားရင်တောင်မှ အုပ်စုလိုက်သွားစေချင်တယ်၊ ယုံတို့၊ တစ်လုံးထိုးမိုန်းတို့ယူသွားပါ၊ တကယ်တော့ မိချောင်းဆိုတာ ရေထဲကကျားပါပဲ••• ငါတို့ကရေမှာဆိုးဆိုးပေမယ့် သူကအင်အားကြီးမားတော့ တောက်ကျော်တို့ညီအစ်ကို သားကောင်ဖြစ်သွားရတာယ်မဟုတ်လား•••"

ဦးထွန်းမောင်က နေ့ခင်းဘက်တွင် ညီမောင်မြစ်ပြင်ထဲသို့ ငါးရှာသွားသည်ကိုပင်စိတ်မချ။

"ရွာနားကကမ်းနားမှာပဲ ပိုက်ကွန်ပစ်ကွာ••• ရသလောက်ကိုပဲ မျှတစားကြတာပေါ့••• ငါ့သားညီမောင်ကို တောက်ကျော်တို့ ညီအစ်ကိုလိုဖြစ်မှာ အဖေစိုးရိမ်တယ်"

"ဘာမှစိတ်မပူပါနဲ့အဖေရယ်••• သားကလူတွေနဲ့ အုပ်စုဖွဲ့သွားတာပါ"

ညီမောင်ကရွာမှ ရွယ်တူသူငယ်ချင်းများနှင့် မြစ်ပြင်ထဲသို့ငါးရှာသွားသည့်အခါ ဦးထွန်းမောင်ကချိုင်းထောက်ဖြင့် မြစ်ကမ်းနားသို့သွားပြီး ထိုင်စောင့်နေတတ်သည်။ သားဖြစ်သူ ပြန်လာသည်ကိုမြင်တော့မှ ရင်ထဲအေးသွားသည်။

ညီမောင်က သူ့အဖေကို ဒုက္ခိတဘဝရောက်အောင်လုပ်ခဲ့သည့် မိချောင်းကြီးအပေါ် အခဲမကြေ ဖြစ်နေသည်။ တောက်ကျော်နှင့်တက်ပုတို့ ညီအစ်ကိုကို အသက်ဆုံးရှုံးအောင်လုပ်ခဲ့သည့် မိကျောင်းကြီးကို "တောက်ပု" ဟု တစ်ရွာလုံးက နာမည်ပေးထားသည်။

တစ်နေ့ညနေတွင် မြစ်မခရွာမှ ကလေးများသည် မြစ်ကမ်းပါးအနီးတွင် ရေချိုးရင်းဆော့ကစားနေကြသည်။ ရွာမှအမျိုးသမီးများက သဲသောင်ပြင်စပ်တွင် သစ်သားခုံများဖြင့် အဝတ်လျှော်ဖွပ်နေကြသည်။ အနောက်ဘက်တွင် နေလုံးကြီးက ဝင်ရောက်ပျောက်ကွယ်ရန် တာစူနေလေပြီ။

ထိုအချိန်တွင်••••

"အား"

"အောင်မလေး••• မိကျောင်းကြီး"

ရေထဲတွင်ရေကူးနေသော ကလေးများသည် အလန့်တကြားဖြင့် ကမ်းပါးဘက်သို့တက်ပြေးလာကြသည်။

"အောင်စိန်ကို မိကျောင်းကိုက်ချီသွားပြီ"

ကလေးငယ်တစ်ဦးက အော်ဟစ်အကူအညီတောင်းသည် ကမ်းစပ်တွင် အဝတ်လျှော်နေသည့် မိန်းမများလည်း လှမ်းမြင်ပြီး သွေးလန့်သွားကြသည်။ ရွာဘက်သို့ အော်ဟစ်အကူအညီတောင်းကြသည်။ အသက်ဆယ့်သုံးလေးနှစ်အရွယ် အောင်စိန်မှာ မိချောင်း၏ပါးစပ်ထဲတွင် ရုန်းကန်လှုပ်ရှားနေသည်။ မိကျောင်းကပါးစပ်ကို လှုပ်ခါနေသည်။ မြစ်ရေပြင်သည် သွေးများဖြင့် နီရဲသွားသည်။ အော်ဟစ်သံများ ဆူညံနေစဉ် မိကျောင်းက အောင်စိန်ကို ကိုက်ချီပြီး ရေစုန်အတိုင်း ကူးခတ်သွားလေပြီ။ ရွာသားများသည် ကမ်းစပ်သို့ပြေးလာကြသည်။

"အောင်စိန်ကို မိကျောင်းကိုက်ချီသွားပြီ"

အောင်စိန့်အမေ မစန်းထွေးမှာ သောင်ပြင်တွင် အရူးတစ်ယောက်ပမာ ခုန်ပေါက်ငိုကြွေးနေသည်။ အောင်စိန့်အဖေ ကိုတင်သန်းက ခေါင်းငိုက်စိုက်ချကာငိုနေသည်။ တစ်ရွာလုံးကလူတွေ



www.burmeseclassic.com

www.burmeseclassic.com

မြစ်ကမ်းနားသို့ လာကြည့်ကြသည်။ မြစ်မခမြစ်ရေသည် မိကျောင်းတောက်ပုကြောင့် သွေးရောင်လွှမ်းသွားသည် သွေးညှီနံ့များ ပျံ့သွားသည်။

"ဒီမိချောင်းကအတင့်ရဲလာပြီ . . ကမ်းပါးမှာ ရေချိုးဖို့တောင်မလွယ်ဘူး ဖြစ်နေပြီ၊ တံငါသည်တွေအားလုံး သတိထားဖို့လိုလာပြီ"

အောင်စိန်အတွက် တစ်ရွာလုံးစိတ်မကောင်းဖြစ်ရပြန်သည့် ညီမြမောင်က မိကျောင်းကြီး"တောက်ပုစိန်"ကို နှိမ်နင်းရန်ရွာမှ ရွယ်တူသူငယ်ချင်းများနှင့် တိတ်တဆိတ်တိုင်ပင်သည်။ ဝါးချွန်ပေါင်းများစွာကို ပြုလုပ်ထားသည်။ တစ်လုံးထိုးမိန်း၊ လှံများစုဆောင်းသည်။

တစ်ညတွင်ညီမြမောင်တို့ သူငယ်ချင်းတစ်သိုက်သည် လှေဝမ်းထဲတွင် ဝါးချွန်၊ မိန်း၊ လှံများတင်ကာ ချောင်းဝမြစ်ကမ်းဘက်ဆီသို့လာခဲ့သည်။ အမဲသားအပုပ်ရည်များကို ရေထဲသို့သွန်ချသည်။ မိကျောင်းကြီး"တောက်ပုစိန်"ကို မျှားခေါ်ခြင်းဖြစ်သည်။ ညီမြမောင်တို့သူငယ်ချင်းငါးယောက်သည် မြစ်ပြင်ထဲကို စူးစိုက်ကြည့်နေကြသည်။ မြစ်ပြင်သည် ကြယ်ရောင်များဖြင့် မှုန်ပျပျသာမြင်ရသည်။

"ဟာ . . . . ဟိုမှာလာနေပြီ"

သစ်သားလုံးသဏ္ဌာန် အရာတစ်ခုသည် ရေဆန်ကို ဆန်တက်လာနေသည်။

"သတိ၊ ဝီရိယရှိကြပါစေနော်"

"ဟုတ်ပါဗျာ . . မိတ်ဆွေကြီးတောက်ပုစိန်လာနေပြီ၊ ငါ့အဖေရဲ့ခြေတစ်ဖက်အတွက် တောက်ကျော်၊ တက်ပု၊ အောင်စိန်တို့အတွက် မင်းကိုသွေးကြွေးဆပ်ရမယ်"

မိကျောင်းကြီးက ညီမြမောင်တို့ ရှိရာသို့ တန်းတန်းမတ်မတ် လာနေသည်။ လှေအောက်သို့ ခေါင်းထိုးဝင်ကာ ထိုးကော်သည်။ ညီမြမောင်ကမိကျောင်းကြီး၏ကျောပြင်ကို တစ်လုံးထိုးမိန်းဖြင့် ထိုးစိုက်သည်။ မိန်းကို အမိအရကိုင်ထားသည်။

အသားထဲသို့ နစ်ဝင်အောင်အားကုန်အင်ကုန်ဖိထားသည်။ ညီမြမောင့်လှေသည် အဝေးသို့လွင့်သွားသလို ညီမြမောင့်မှာမိန်းကိုဆုပ်ကိုင်လျက်မိကျောင်းခါယမ်းသလို လူးလိမ့်ရှားနေသည်။ မြစ်ပြင်ထဲတွင် ဆူညံသွားသည်။ စိန်ထွန်းက မိကျောင်းပါးစပ်ဟာသည်နှင့် အာခေါင်ထဲသို့ လှံကို ပစ်သွင်းသည်။ လှံက အာခေါင်ကို ထိုးဆိုက်သွားသည်။ စိုးလွင်ကရေထဲကိုခုန်ဆင်းပြီး ကျောပြင်ကို ဓားမြှောင်နှင့် အဆက်မပြတ်ထိုးနေသည်။

ညီမြမောင်ကမိန်းကိုင်ကာ မိကျောင်းကိုယ်ပေါ်တွင် ခွစီးထားသည်။ အာခေါင်တွင် လှံစူးဝင်နေသဖြင့် မိကျောင်းသည် နှုတ်သီးကိုလှည့်ပေမယ့်မရ။ မိကျောင်းက စိုးလွင်ဘက်သို့ ဦးတည်သည်။

"စိုးလွင် . . . သတိထား"

ကျော်ဆွေက မိကျောင်းအားဝါးချွန်ဖြင့် ပစ်ထိုးသည်။ မျက်လုံးထဲသို့ထိုးဆိုက်မိသွားသည်။ မိကျောင်းက စိုးလွင် ကို ပါးစပ်ဖြင့် ပြေးဟပ်သည်။ ညီမြမောင် က မိန်းကို နှဲ့နေသည်။ မိကျောင်းမှာ လူသားတို့၏ တိုက်ခိုက်ခြင်းကို အပြင်းအထန် ခံနေရလေသည်။ နောက်ဆုံးတွင် လူသားစားမိကျောင်းမှာရှန်းကန်ရင်းငြိမ် သက်သွားလေ၏။

"အောင်ပြီဟေ့ . . . . အောင်ပြီကွ . . . ."

ညီမြမောင်က အားရဝမ်းသာအော်သည်။ ညီမြမောင်တို့ သူငယ်ချင်းတစ်ခုတွင် ဒဏ်ရာ အနည်းငယ်ဆီတော့ရထားကြသည်။ မိကျောင်းသေကြီးကို လှေဖြင့်တွဲပြီး မြစ်ကမ်းနားသို့သယ်လာကြသည်။

"မိကျောင်းကြီးကို ငါတို့သတ်ပြီးယူလာခဲ့ပြီဟေ့ . ."

ရွာမှ ကလေးလူကြီးအားလုံး မြစ်ကမ်းနားသို့ မီးတိုင်ခွက်များဖြင့် လာကြည့်ကြသည်။ ညီမြမောင်တို့သူငယ်ချင်းတစ်စုမှာ ပင်ပန်းနွမ်းနယ်နေကြသည်။ သောင်ပြင်ပေါ်တွင် ပက်လက်လှန်ကာ အမောအပန်းဖြေနေကြသည်။


ညီမြမောင်တို့၏အောင်ပွဲကို တစ်ရွာလုံးက ချီးကျူးမဆုံးနိုင်အောင်ပင်ရှိကြသည်။ မြစ်မခရွာမှ တံငါသည်များသည် မြစ်ပြင်ထဲတွင်ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ငါးဖမ်းထွက်နိုင်တော့မည်ကိုတွေးပြီး ပျော်ရွှင်နေကြလေသတည်း။

ဝင်းဇော်(သုံးဆယ်)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပျံလေတဲ့ ငှက်ခါး

မောင်ယဉ်ဝင်း(ဒေါ်ပုံ)

ဟေမန္တဆောင်းရာသီ လေနုအေးအေးလေးက ပြတင်းဇကို ကာရံထားသော တာလပတ်စအား တိုးခတ်နှိုးဆွနေတာကြောင့် တဖျတ်ဖျတ်မြည်နေသည်။ လောကပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ပြီး အေးအေးချမ်းချမ်းဖြင့် အိပ်မောကျနေပြီဖြစ်သော်လည်း ဒေါ်ထွေးမြတို့မိသားစုက မအိပ်နိုင်ကြသေးပေ၊ နံနက်ဈေးထွက်ရန် ရောင်းချရမည့် ကုန်ပစ္စည်းများကို ထုပ်ပိုးနေကြသည်။

ဒေါ်ထွေးမြနှင့်အတူ ကြီးတော်ဖြစ်သူ ဒေါ်ကျင်လှ၊ တူဖြစ်သူ မောင်မောင်ဌေး၊ တူမဖြစ်သူ မခင်သန်းတို့မိသားစုက စီးပွားရေးလုပ်ငန်းတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားကြသူများ ဖြစ်ကြသည်။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ထွေးတောက်ချောင်းကျေးရွာတွင် မိဘလက်ငုတ်လက်ရင်း အိမ်နှင့်ခြံကို မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေရရှိအောင် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြသည်။ စီးပွားရေးအသင့်အတင့် ပြေပြေလည်လည်ရှိကြသဖြင့် ရပ်ရေးရွာရေး၊ လူမှုရေး၊ ဘာသာရေး၊ အလှူအတန်းကိစ္စများတွင် လက်မနှေးကြသူများ ဖြစ်ကြသည်။

တစ်နေ့တာပင်ပန်းသမျှ တစ်ညတာ အနားယူအိပ်စက်ရမည့်အချိန်တွင် ဒေါ်ထွေးမြအိမ်ပေါ်သို့ အမည်မသိလူနှစ်ယောက် ရုတ်တရက်ပြေးတက်လာပြီး တစ်ယောက်က ခြောက်လုံးပြူး သေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။

“တစ်ယောက်မှမလှုပ်ကြနဲ့၊ အော်မယ်လို့လဲ မကြံနဲ့နော်။ အကုန်ပစ်သတ်လိုက်မယ်”

ရုတ်တရက်မို့ ဒေါ်ထွေးမြတို့မိသားစု အံ့အားသင့်ကာ ကြောက်လန့်ပြီး ခေါင်းငုံ့နေလိုက်ကြသည်။ ကျန်လူတစ်ယောက်က ခါးကြားမှ ဓားမြှောင်ကို ထုတ်ပြီး ငွေ့ယမ်းနေသည်။

“ခင်ဗျားတို့ပစ္စည်းတွေ ဘယ်မှာလဲ။ ရှိတာအကုန်ထုတ်စမ်း။ ဉာဏ်များမယ်တော့ မကြံနဲ့နော်။ အကုန်သေကုန်မယ် ဘာမှတ်လဲ”

ဒုစရိုက်သမားက ခြိမ်းခြောက်နေသဖြင့် ဒေါ်ထွေးမြလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

“ဟုတ် .. ဟုတ်ကဲ့ပါရှင်။ လိုတာယူသွားကြပါ။ အသက်ကိုတော့ ချမ်းသာပေးပါရှင်”

ဒေါ်ထွေးမြ စကားမဆုံးခင်မှာပင် ဓားမြှောင်ကိုင်ထားသော ဒုစရိုက်သမားက အိပ်ခန်းတွင်းသို့ ပြေးဝင်ကာ ခေါင်းအုံးအောက်မှ သော့ကိုယူပြီး ဗီရိုကိုဖွင့်ကာ ဗီရိုထဲမှပစ္စည်းများကို အိတ်တစ်လုံးထဲသို့ စုထည့်လိုက်သည်။

ဒေါ်ထွေးမြက ပတ်ဝန်းကျင်ကို အော်ဟစ်အကူညီတောင်းရန် စိတ်ကူးမိသော်လည်း အိမ်ရှေ့ခြံစပ်တွင် မှောင်ရိပ်ခိုနေကြသူ ဒုစရိုက်သမား အစောင့်ချထားကြောင်း တွေ့ရသဖြင့် ရင်ထဲနှုတ်ပိတ်၍ ဆိတ်ဆိတ်နေလိုက်ရသည်။

“အကုန်လုံးဝပ်နေကြစမ်း၊ မော့မကြည့်နဲ့နော်၊ အော်မယ်လို့လည်းမကြံနဲ့၊ တစ်ခါတည်းသတ်ပစ်လိုက်မယ်”

ဒုစရိုက်သမားက ခြိမ်းခြောက်နေသဖြင့် တစ်ယောက်မှ မော့မကြည့်ရဲဘဲ ခေါင်းငုံ့ပြီး ကြောက်ရွံ့နေကြသည်။ ရလိုသောပစ္စည်းများရလိုက်သဖြင့် ဘယ်သူ့ကိုမှ အန္တရာယ်မပြုဘဲ ဒုစရိုက်သမားများ အမြန်ဆုံး ထွက်ပြေးသွားကြသည်။

အချိန်အတော်ကြာမှ အော်ဟစ်အကူညီတောင်းသဖြင့် ရွာသားများထွက်လာကြပြီး ဒုစရိုက်သမားများကို နောက်ယောင်ခံလိုက်ကြသော်လည်း အရိပ်အယောင်မျှပင် မတွေ့ကြသဖြင့် ရွာသားများလက်လျှော့ကာ နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။

“ဘာပစ္စည်းတွေပါသွားလဲ ဒေါ်ထွေးမြ၊ လူတွေကိုရော ဒုက္ခပေးသွားသေးလား”



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာလူကြီး ဦးစံသောင်းက မေးမြန်းလိုက်သည်။

"လူကိုတော့ အန္တရာယ်မပြုပါဘူး။ ကျွန်မတို့မှာရှိသမျှ ရွှေထည်ပစ္စည်းအားလုံး ၁၇၆ သိန်းကျော်ဖိုး ပါသွားပါတယ်"

"အဲဒီကိစ္စကို ဘယ်လိုဖြစ်ချင်လဲ။ ကျွန်တော်တို့ ဘာကူညီပေးရမလဲ"

ကျေးရွာလူကြီး ဦးစံသောင်း၏ အမေးကို ဒေါ်ထွေးမြက ရုတ်တရက် မဖြေနိုင်သေးဘဲ အတန်ကြာ စဉ်းစားတွေဝေနေပါသည်။

နံနက်မိုးသောက်အလင်းရောက်သောအခါမှ နတ်တလင်းရဲစခန်းသို့သွားပြီး ဒေါ်ထွေးမြက တရားလိုပြု၍ တိုင်တန်းခဲ့ပြီး တရားခံများကို အမြန်ဆုံးဖမ်းဆီး၍ အမှုမှန်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းကြရတော့သည်။ ဒေါ်ထွေးမြရဲ့တိုင်ကြားချက်အရ တစ်ဦးတစ်ယောက်သောသူအား သေစေမည် (သို့) အပြင်းအထန်နာကျင်စေမည်ဟု ခြိမ်းခြောက်မှုဖြင့် (ပ) ၈၂/၂၀၁၂၊ ပြစ်မှုပုဒ်မ-၃ ဖြင့်လည်းကောင်း၊ လုယက်မှု၊ ဓားပြမှုမြောက်သဖြင့် (ပ)၈၂/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၉၂ ဖြင့် တရားစွဲဆို၍ အရေးယူဆောင်ရွက်ရန် အမှုစစ်စခန်းမှူးရဲအုပ်ဌေးကျော်က စတင်စုံစမ်းရပါတော့သည်။

ထိုအမှုကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်နိုင်ရန် နတ်တလင်းရဲစခန်းမှူး ရဲအုပ်ဌေးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ ဒေါ်ထွေးမြနေအိမ်နှင့် ဒုစရိုက်သမားများ ဝင်ထွက်သွားလာရာလမ်းကြောင်းများကို သွားရောက်စုံစမ်းစစ်ဆေးခဲ့ကြသည်။

"ဒေါ်ထွေးမြအိမ်ကို ဓားပြဝင်တိုက်တာ ပတ်ဝန်းကျင်လူတွေက မသိကြဘူးလား"

"ပတ်ဝန်းကျင်အိမ်တွေက အိပ်မောကျနေလို့ ဘယ်သူမှမသိလိုက်ကြပါဘူး"

အမှုမှန်တစ်ခုကို စစ်ဆေးဖော်ထုတ်နိုင်ရန် ပြည်သူ့အကူညီ အထူးပင်လိုအပ်သဖြင့် ကျေးရွာတွင်းနေထိုင်သူနှင့် ဆက်စပ်သွားနိုင်သော အနီးအနားရှိ ကျေးရွာသားများကိုလည်း စုံစမ်းမေးမြန်းကြပြန်သည်။

"ဒီရွာမှာက ဆွေမကင်း မျိုးမကင်း ရပ်ဆွေရပ်မျိုးတွေဖြစ်နေကြတော့ ခိုးဆိုး လုယက်တတ်သူတို့ဆိုတာ မရှိပါဘူး။ ခန့်မှန်းလို့လည်းမရပါဘူး"

ငွေးတောက်ချောင်းကျေးရွာလူကြီး ဦးစံသောင်းကလည်း ဤသို့သာ ပြောနိုင်သည်။ တရားလို ဒေါ်ထွေးမြကို မေးပြန်တော့လည်း ထူးမခြားနားပင် ဖြစ်သည်။

"အဲဒီလူတွေကို ဒီရွာနဲ့အနီးအနားမှာ တစ်ခါမှမမြင်းဖူးပါဘူး။ အပြင်မှာစောင့်နေတဲ့ လူနှစ်ယောက်ကိုတော့ သိပ်မသင်္ကာဘူး။ ဒါပေမဲ့ တခြားတစ်နေရာက လူဆိုးတွေပဲ ထင်ပါတယ်"

ရဲအုပ်ဌေးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များက တရားလိုဒေါ်ထွေးမြနေအိမ်နှင့် ခြံဝင်းကို လေ့လာကြည့်သောအခါ အိမ်ရှေ့ပိုင်းကို သံဆန်ခါဖြင့် ကာရံထားသော်လည်း တံခါးလုံခြုံမှုကမရှိ၊ ခြံစည်းရိုးကလည်း လုံခြုံမှုမရှိသဖြင့် မသမာသူများ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ကျေးလက်တောရွာဒေသ၏ ဓလေ့က အိမ်တိုင်းလိုလို သစ်ပင်ဝါးပင်၊ နှစ်ရှည်စားသုံးပင်များ စိုက်ပျိုးထားကြသဖြင့် ညအချိန်တွင် အမှောင်ရိပ်က ကြီးစိုးနေသည်။ အိမ်နှင့် ခြံဝန်းများကို ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဝင်ရောက်ခြင်းမှ ကာကွယ်ရုံလောက်သာ ကာရံထားကြသည့်အတွက် မသမာသူများ ဝင်ရောက်ခြင်းကိုမူတော့ အကာအကွယ်မပေးနိုင်ပေ။ ကျေးရွာဓလေ့က မိမိတို့လုပ်ငန်းခွင်၌သာ စိတ်ရောကိုယ်ပါ နှစ်မြုပ်နေကြသဖြင့် ပစ္စည်းလုံခြုံရေး၊ အသက်အိုးအိမ်လုံခြုံရေးကို သတိမမူကြပေ။ ထိုအားနည်းချက်ကို အခွင့်ကောင်းယူ၍ မသမာသူ ဒုစရိုက်သမားများက ပြစ်မှုကျူးလွန်ခဲ့ကြသည်။

ထိုပြစ်မှုကျူးလွန်သူတို့၏ အမှုမှန်ကို စစ်ဆေးဖော်ထုတ်ရာမှာလည်း ပြည်သူတို့၏အကူအညီ အထူးပင်လိုအပ်သဖြင့် ဒေသခံပြည်သူတို့၏ ကျိုးဇက် သတင်းပေးမှုကို အခြေခံ၍ ဆက်စပ်နယ်မြေ၊ ကျေးရွာများရှိ ပြစ်ချက်ဟောင်းရှိသူရာဇဝင်လူဆိုးစာရင်းဝင်များကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး စုံစမ်းစစ်ဆေးရသည်။

"ဒေါ်ထွေးမြအိမ်ကို ဓားပြဝင်တိုက်တဲ့ လူဆိုးကိုမြင်ရင် မှတ်မိနိုင်လား"

"လူကိုမြင်ရင်တော့ မှတ်မိပါတယ်။ နှစ်ယောက်စလုံးကို မှတ်မိနေတာပါ။ အပြင်မှာစောင့်နေတဲ့ နှစ်ယောက်ကတော့ မျက်နှာကို မမြင်ရလို့ မမှတ်မိပါဘူး"

ဒေါ်ထွေးမြက လူကိုမြင်ရင်မှတ်မိပါသည်ဆိုတာကြောင့် စခန်းမှူးက လူဆိုးစာရင်းဝင်ဓာတ်ပုံများကို ထုတ်ပြပါသည်။

"ဟုတ်ပါတယ်၊ ဒီလူပါပဲ။ ကျွန်မတို့မိသားစုကို သေနတ်နဲ့ချိန်ပြီး ဝပ်နေခိုင်းတာ။ ဟောဒီလူက ဓားမြှောင်ကိုင်ပြီး အိပ်ခန်းထဲက ပစ္စည်းတွေထုတ်ယူကြတာ သည်နှစ်ယောက်ပါပဲ ..."

ဒေါ်ထွေးမြက ဒုစရိုက်သမားများကို မှတ်မိသဖြင့် ပုံပန်းသဏ္ဌာန်နှင့် ဓာတ်ပုံ တစ်ထေရာတည်း မှန်ကန်ပါသည်ဟု ပြောသဖြင့် အမှုစစ်စခန်းမှူး ရဲအုပ်ဌေးကျော်ရဲ့မျက်နှာမှာ ကြည်လင်ဝင်းပသွားပါသည်။

"ကဲ ... ဒေါ်ထွေးမြ ဘာမှမပူနဲ့ စိတ်အေးအေးသာထားပေတော့။ သည်တရားခံနှစ်ယောက် ဘယ်မှာရှိနေတယ်ဆိုတာ မကြာခင်သိရပါလိမ့်မယ်။ မှုခင်းတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ရာနယ်မြေဒေသခံ မှူခင်းရဲတပ်ဖွဲ့များသို့ သတင်းပို့ပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံး မှုခင်းဌာနစုမှူးရဲအုပ် ကိုကိုကြီး ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖြစ်ကြသည့် ရဲအုပ်သန်းထိုက်၊ တပ်ကြပ်ကြီး အာကာမင်း၊ တပ်ကြပ်ကြီးမင်းမင်းထွန်း၊ ခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ ဒုရဲအုပ် ဝင်းမြင့်အောင်၊ တပ်ကြပ်အေးမင်းထွန်း တို့ ပါဝင်သောအဖွဲ့သည် ၂၈–၁၂– ၂၀၁၂ ရက်နေ့ ညအချိန်တွင် မှုံကြီးနေထိုင်ရာ ဘော်ဘင်ဆည်ရွာသို့ လျှို့ဝှက်ချဉ်းကပ်ကြသည်။ ည ၁၂း၀၀ နာရီ တိတိအချိန်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ရပ်မိရပ်ဖများကို သက်သေအဖြစ် လိုက်ပါစေပြီး မှုံကြီးနေထိုင်ရာအိမ် အတွင်း အိပ်မောကျနေချိန်၌ လက်ရဖမ်းဆီးလိုက်ကြသည်။

"ဗျာ . . . ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဗျာ"

"ဘာမှပြန်မမေးပါနဲ့ မှုံကြီး။ ကိုယ့်အပြစ်ကိုယ်ပဲသိမှာပါ"

ရဲအုပ်ကိုကိုကြီးက မှုံကြီးကို လက်ထိတ်ခတ်လိုက်သည်။

"ရဲဘော်တို့အားလုံး ဒီအိမ်နဲ့ ပတ်ဝန်းကျင်ကို ရှာဖွေပုံစံနဲ့ လိုက်ရှာကြပေတော့"

ရဲအုပ်ကိုကိုကြီးက အမိန့်ပေးလိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်များက အိမ်အတွင်းနှင့် ပတ်ဝန်းကျင်ကို ပိုက်စိပ်တိုက်ရှာဖွေကြသည်။ ဆွဲကြိုး၊ လက်ကောက်နှင့် အခြားရွှေထည်ပစ္စည်းများကို တွေ့ရှိသဖြင့် ရှာဖွေပုံစံနှင့် သိမ်းဆည်းလိုက်သည်။

"ကဲ . . . မှုံကြီး၊ ဘာငြင်းချင်သေးလဲ။ ကျန်တဲ့ပစ္စည်းတွေက ဘယ်မှာလဲ"

လုယက်မှုကျူးလွန်ခဲ့သော ပစ္စည်းများနှင့် လက်ပူးလက်ကြပ် ဖမ်းမိလိုက်သဖြင့် မှုံကြီးဘာမှမငြင်းနိုင်တော့ဘဲ အမှန်ကို ဝန်ခံလိုက်ရလေတော့သည်။

"ကျန်တဲ့ပစ္စည်းတွေက ကျွန်တော်တို့ လေးယောက်ခွဲယူလိုက်ကြပါတယ်"

"ကျန်တဲ့လူတွေဆိုတာက ဘယ်သူတွေလဲ၊ အခုသူတို့ဘယ်မှာလဲ"

"တစ်ယောက်က သံလုံးပါ။ ဘဲအင်းရွာမှာနေပါတယ်။ နောက်တစ်ယောက်က ကွင်းကြီးပျဉ်ထောင်ရွာမှာ နေတဲ့ ပြေူးပါ။ နောက်တစ်ယောက်က ဒိုးနွယ်ရွာမှာနေတဲ့ ငှက်ခါးပါဆရာ"

မှုံကြီးရဲ့ ဝန်ခံထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်ကြသော ဒုစရိုက်သမားများကို ဆက်လက်စုံစမ်းရပြန်ပါသည်။ ဘဲအင်းရွာမှာနေသော သံလုံးက ဖားကန့်မြို့သို့ ရောက်ရှိနေကြောင်း သိရသဖြင့် အထူးအမှုစစ်အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဖားကန့်မြို့တွင် ပုန်းခိုနေသော သံလုံးကိုလည်း လက်ရဖမ်းဆီးမိလိုက်ပြန်သည်။

"ကျွန်တော့်ဝေစုက အလေးချိန် တစ်ကျပ်သားရှိတဲ့ ရွှေဆွဲကြိုးတစ်ကုံးပဲ ရပါတယ်၊ အခု ဖားကန့်မြို့ထဲက အပေါင်ဆိုင်မှာ ပေါင်ထားပါတယ်။ပေါင်လို့ရတဲ့ ငွေကတော့ သုံးထားပါတယ်။ ကျွန်တော့်မှာ အပေါင်စာရွက် ဘောက်ချာပဲရှိပါတယ်"

သံလုံးက သူ့အိတ်ကပ်ထဲက ဘောက်ချာကို ထုတ်ပေးသဖြင့် ဒုရဲအုပ် ဝင်းမြင့်အောင်က သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလိုက်သည်။

"ကဲ . . . သံလုံး၊ ကျန်တဲ့နှစ်ယောက် အခုဘယ်မှာလဲ"

"ပြေူးနဲ့၊ ငှက်ခါးက သူတို့ရတဲ့ ဝေစုကိုယူပြီး အခြားတစ်နေရာကို ထွက်ပြေးသွားကြပါပြီ။ ဘယ်နေရာလဲဆိုတာ ကျွန်တော်မသိပါဘူး"

ပြစ်မှုကျူးလွန်သူတို့ ထုံးစံအတိုင်း ဘူးခံနေသဖြင့် အမှုစစ်သူတို့၏ ပရိယာယ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရသည်။

"ကဲ . . . ကဲ . . . ထားပါတော့။ သူတို့ ဘယ်နေမှာပဲပုန်းပုန်း၊ ဘယ်ကိုပဲ ထွက်ပြေး ထွက်ပြေး ရာဇဝတ်ဘေးဆိုတာ လွတ်ရိုးထုံးစံမရှိပါဘူး။ သူတို့နဲ့ ပတ်သက်လို့ သိသလောက် ပြောပြစမ်းပါဦး"

ပတ်သက်ဆက်နွယ်မှု၏ သဲလွန်စကို တရားခံသံလုံးထံမှ သိရှိမှတ်တမ်းယူရပြန်သည်။

"ကျွန်တော်တို့ အခုလိုပြစ်မှုကျူးလွန်ဖို့ လက်ထောက်ချသတင်းပေးတာက ငွေးတောက်ချောင်းရွာကို အဝင်အထွက်ရှိတဲ့ ကွင်းကြီးပျဉ်ထောင်ရွာက ပြေူးပါဆရာ။ လုယက်မှုကျူးလွန်ဖို့ စည်းရုံးတိုက်တွန်းတာက ဒိုးနွယ်ရွာမှာ ခေတ္တတည်းခိုနေတဲ့ ငှက်ခါးပါ။ သူက လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က လူသတ်မှုနဲ့ ထောင်ကျပြီး မကြာသေးမီက လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြင်ပလောကကိုရောက်လာပြီး ထန်းရည်အတူသောက်ရာက အခုလို မမှားသင့်တဲ့ အမှားတွေကို ဆက်တိုက်လုပ်ဖြစ်သွားတာ ကျွန်တော်တို့ရဲ့ အမှားတွေပါ"

လူ့သဘာဝ နောင်တဆိုတာ နောင်မှရကြသည်သာ။ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သည့် ထိုအသိကို ပြစ်မှုတစ်ခုကျူးလွန်ပြီးကာမှ ဖုံးမရ၊ ကွယ်မရတော့။ သည်အခါကျမှ အသိတရားဝင်လာရသည်။ ပြစ်မှုကျူးလွန်မိသူတို့၏ ထုံးစံအတိုင်း ထွက်ပြေးတိမ်းရှောင်တတ်ကြသည်။ ခုလည်း ပြေူးနဲ့ ငှက်ခါး ထွက်ပြေးတိမ်းရှောင်နေပါသည်။ ပျံလေတဲ့ငှက်ခါးရေ . . . ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတာ မမေ့နဲ့နော်။

---

**မောင်ယဉ်ဝင်း (ဒေါ်ပုံ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"စွတ်"

"ဟာ ... လျှင်လိုက်တဲ့ငါးကွာ။ လွဲသွားပြန်ပြီ"

တောင်ခြေက ကြသောင်းကောက် အင်းထဲတွင် ဝါးပိုးဝါး ၁၅ ပေလောက်ကို ရေထဲချ လှူက ဝါးပေါ်မှာ မတ်တတ်ရပ်၊ ၃ ပေလောက်ရှိသည့် ထီးရိုးဝါးအရင်း၌ မှိန်းနှစ်ခွတပ်နှင့် လှော်ရင်း၊ ထိန်းရင်း ကြည့်စိမ်းနေသော ရေအောက်က နှစ်ပိသာဝန်းကျင်ရှိ ငါးရံ့ကြီးတွေ၊ ငါးကြင်းကြီးတွေကို ရှာပြီးလိုက်ထိုးသည်။ မြင်လျှင်လည်း ငါး၏နောက်ကျောဘက်မှ ထိုးသည့်အခါ အကြေးခွံထဲဝင်မှ ရသည်၊

"ဘအောင်ရေ ငါတို့ ငါးထိုးတဲ့ အလုပ်က ရရင်လည်း မြိုးမြိုးမြက်မြက်ပဲ၊ ဒါပေမဲ့ တစ်ကောင်ရဖို့ကလည်း မလွယ်လှဘူး။ ဒီတော့ တို့မြွေတော်ရွာဟောင်းဘက်မှာ အမဲသွားလိုက်ရင် မကောင်းဘူးလား"

အင်းစောင်းတွင် စောမြသန်းနှင့် ဘအောင်တို့ ငါးထိုးမရသဖြင့် ထမင်းစားနေရင်း ပြောနေရာမှ ဘအောင်က –

"ဟော့ကောင် .. ဟိုမှာ စပါးကြီးမြွေမဟုတ်လားကွ၊ ရေစပ်မှာ"

"အေး ... အေး၊ အသာနေ၊ လာ ... လာ"

ရေသောက်နေသည့် မြွေကြီးကို နှစ်ယောက်သား ဆွဲတင်ပြီး ငါးဖယ်ခုံးဓား နှင့် ခေါင်းဖြတ်လိုက်သည်။ မြွေကြီးက ဒင်ကြီးသိုက်ကဥတွေကို မျိုနေခြင်းပင်။

အင်မတန်မှ လျှင်မြန်ပါးနပ်လှပြီး ရေပေါ်တက်ခဲလှကာ ကောင်းကင်၌ ငှက်မြင်လျှင်တောင် ရေပေါ်မတက်သည့် ငါးကြီးတွေကို ဝါးလုံးစီးပြီး မှိန်းနှင့်ထိုးခြင်းသည် ၎င်းတို့ဒေသမှာ ကျွမ်းကျင်သည့် အလုပ်ဟု ဆိုသော်ငြား ငါးရှားလာသည့်အတွက် အမဲပစ်ဖို့ ကြံစည်ကာမှ အခုလို မြွေထမ်းပြန်ကိန်း ကြုံခဲ့ရသည်။

* * * * *

မြွေတော်ရွာဟောင်းကို သွားဖို့ရာတွင် ကြသောင်းကောက်အင်းကို ပတ်ပြီး သွားရသည်။ ရွာဟောင်းနှင့် အင်းအကြားတွင် စားပင်ပေါသဖြင့် တောကောင်လည်း ပေါသည်။ တောဝက်တွေအတွက် လူးအိုင်ပေါသကဲ့သို့ ချေတို့ ဆတ်တို့အတွက်လည်း စားကျက်ပေါပါသည်။ ထိုသို့ တောလယ်သော တစ်နေ့၌ ဘအောင်က



www.burmeseclassic.com

www.burmeseclassic.com

"စောမြသန်းရေ . . . မင်းတောတင်ရင် ဟိုရှေ့နားက ဖုန်းဆိုးရှေ့က အင်ပင်ကြီးမှာ သွားတင်။ ပြီးရင်အဲဒီနားမှာ နတ်စင်လည်းရှိတယ်"

"အေး . . . အေး"

"နတ်စင်ကိုလည်း သန့်ရှင်းရေး လုပ်ပြီး ဦးတိုက်လိုက်ဦး"

"ချွင် . . ချွင် . . . ချွင် . . . ချွင်"

"မြွေတော်ရွာဟောင်းစေတီက ဆည်းလည်းသံကတော့ သာယာလိုက်တာကွာ။ နောက်တစ်ခေါက်လာရင် ဘုရားတက်ဖူးရအောင်"

"အေး . . . သွားဖူး၊ သွားဖူး။ မင်းက အကုသိုလ်များတဲ့ကောင်"

"အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲကွာ။ ဝမ်းစာရေးအတွက် မလွှဲသာ မရှောင်သာလို့ လုပ်ရပေမဲ့ ဘုရားဟောတဲ့ တရားသဘောတွေကို သိတယ်၊ လေးစားတယ်၊ ကိုးကွယ်ယုံကြည်မှုပေါ့"

ထို့နောက် စောမြသန်း တောတင်ပါသည်။

"တောပိုင်၊ တောင်ပိုင်၊ တစ်ပွဲစား၊ တစ်နယ်စားအပေါင်းကို ကျွန်တော်ျိုးတို့ကို ဟင်းစားပေးသနားတော်မူပါ။ ချိုကျိုး နားရွက်ပဲ့လေးများကို တောင်းခံပါသည်။ ကိုယ်ဝန်သည်မ၊ သားသည်အမေတို့အား ရှောင်ရှားပါမည်၊ အမြီးရှည်ရှည်၊ အကောင်ကြီးကြီး၊ နှာတိုနှင့် အဆိပ်ကောင်တို့အား ရှောင်ရှားပေးပါ"

စောမြသန်းနှင့် ဘအောင် တောတင်ပြီး မြေပြန့်သို့ အင်းစောင်းအတိုင်း ဖြည်းလုံ့လုံ့နှင့် သွားလျက် ဆတ်ပေါက်တစ်ကောင် ရေသောက်အဆင်းမှာတွေ့သည့်အတွက် ပစ်ခတ်ကာ ဖျက်ပြီး နှစ်ယောက်သား ထမ်းပြန်ခဲ့ကြပါသည်။

* * * * *

စောမြသန်းနှင့် ဘအောင်တို့တောပစ်ထွက်ခဲ့ကြပြန်ပါသည်။

"ဒီတစ်ခါ ဘုရားအရင် တက်ဖူးမယ်ကွာ။ ပြီးမှ တောတင်ကြတာပေါ့"

ဘုရားကုန်းတော်ပေါ် တက်သည့် လမ်းမှ ရင်ပြင်တော်ပေါ် လှမ်းမြင်နေရသည့် နေရာတွင် ဘအောင်က –

"ဟော့ကောင် . . . စောမြသန်း၊ ဘုရားပေါ်မှာ စပါးအုံးမြွေကြီးကွ။ နည်းတာမဟုတ်ဘူးကွာ။ အတော်ပဲ ဘုရားလည်းဖူး၊ မြွေကြီးလည်း ဖမ်းပေါ့"

"ဘုရားပေါ်မှာတော့ မကောင်းပါဘူး ဘအောင်ရာ။ သွားပါစေ။ ဘုရားဖူးချင်းအတူတူ . . ."

"ဟ . . . တို့ အမဲလိုက်လာတာလေ"

"ဒါဆိုလည်း သဘောပဲကွာ"

"ကဲ . . . ဒီကောင်ကြီးကို အောက်ကို သယ်မယ်၊ တောတင်မယ်"

စောမြသန်းနှင့် ဘအောင် တောတင်ပြီး ရွာဟောင်းနှင့် အင်းကြား တောလည်ထွက်ခဲ့သည်။ ကံအားလျော်စွာ ချေတစ်ကောင်ရလိုက်သည်။ ထို့နောက် ဓားဖြင့်ဖျက်ပြီး မြွေနှင့်အတူ ထမ်းပြန်ခဲ့ကြပါသည်။ သန်းခေါင်ကျော်အချိန်လောက်မှာမှ အိမ်ရောက်သည်။

စောမြသန်းလည်း မိန်းမကို နှိုး၍ တံခါးဖွင့်ခိုင်းရာ တော်တော်နှင့် နှိုး၍မရ။ အတန်ကြာမှ နိုးလာပြီး တံခါးဖွင့်သောအခါ တစ်ညလုံး မီးဖွားဖို့ရာ ဗိုက်နာသတဲ့။ အိပ်ပျော်တာ မကြာသေးဟု၍ သိရသည်။

"ဘအောင်ရေ . . . မင်းတွေ့တဲ့အတိုင်းပဲ၊ မီးဖွားမလို့တဲ့၊ ငါပဲလက်သည်ခေါ်ပေးရမှာ၊ မီးနေစောင့်ရမယ်။ မွေးပြီးရင် လျှော်ရမယ်၊ ရေခပ်ရမယ်ကွာ၊ ချက်ရမယ်၊ ပြုရမယ်၊ ဝက်စာကျွေးရမယ်။ မင်းတစ်ယောက်တည်းသာ တောလည်ပေတော့"

"အေးပါကွာ။ ကိုယ်ခွဲမရှိတော့လည်း ဒီလိုပဲပေါ့"

စောမြသန်း၏မိန်းမမှာ ကလေးမွေးမလိုလိုနှင့် ဗိုက်နာနေခဲ့သည်မှာ (၉) ရက်မြောက်နေ့ကျမှသာ မွေးပါတော့သည်။ မိန်းကလေး ဖြစ်ပါသည်။ တစ်လကျော်ကြာသည့်အခါ မိန်းမဖြစ်သူလည်း သူ့ဟာသူလုပ်နိုင်ကိုင်နိုင်သဖြင့် . . .

"ဘအောင်ရေ . . . တောလည်ထွက်ရအောင်ကွာ"

"အေး . . . မင်းမပါတော့ ငါလည်း တောမလည်ဖြစ်ဘူးကွ"

တောထဲရောက်တော့ မြွေတော်ရွာဟောင်းစေတီလေး၏ ဆည်းလည်းသံလေးက သာယာသလို၊ နေ့စဉ်တောအနှံ့လည်ပေမဲ့လည်း တောကောင်မတွေ့ခဲ့ရ။ သည်တော့ တောမပစ်ရတာ (၁၀)ရက်ကျော်ပါပြီ။ ဟင်းသီးဟင်းရွက်ပဲခူးကာ ပြန်ခဲ့ရပါသည်။ ကလေးမွေးပြီး တောပြန်အလည်တွင် ထူးထူးခြားခြား ဖြစ်ပါသည်။

"ဘအောင်ရေ . . . မင်းမြင်တဲ့အတိုင်းပဲ ဘာကောင်မှလည်း မတွေ့ဘူး။ ထူးတာကတော့ ထူးခြားနေပြီကွ။ ဘာသဘောလဲ မသိဘူး"

"ဘာတတ်နိုင်မှာလဲကွာ။ ဒီလိုဆိုတော့လည်း တောလည်တဲ့အလုပ်ကို နားကြတာပေါ့ကွာ။ တခြားအလုပ်ရှာရမှာပေါ့။ ဘာမှမလုပ်လို့တော့ မဖြစ်ဘူး"

* * * * *

စောမြသန်းကတော့ သူ့မိဘများထံမှရသည့် ဝမ်းစာစပါးနှင့် ထိုင်စားနေသည်မှာ (၆)လကျော်ခဲ့ပြီ။ ဘအောင်ကတော့ တခြားတစ်ယောက်နှင့် တောပဲလည်သည်။ ရရာကို လုပ်သည်။ ဟင်းစားရသည့်အခါ စောမြသန်းအိမ်ကိုလည်း ပို့သည်။ ဒီတော့ စောမြသန်းက –

"တောလည်ရတာ အဆင်ပြေခဲ့

www.burmeseclassic.com

လားကွ"

"မပြေပါဘူးကွာ။ ဒီတောကြောင်တောင်မှ သုံးရက်ပြည့်အောင် ထောင်မှ ရတယ်။ သွားရလာရတာနဲ့ စဉ်းစားသာ ကြည့်ပေတော့ ..."

"အင့် .. အင့် ... အင့် ... အင့်"

"ကလေးနိုးပြီနဲ့တူတယ်။ ကိုစောမြသန်းရေ .. ခေါ်လိုက်ပါဦး"

ထိုအခါ ဘအောင်မှ –

"ကလေးလေးတောင် အတော်ကြီးပြီပဲ"

ကလေးက သူ့အမေဆီရောက်ပြီမို့

"ဟုတ်ကဲ့ပါရှင်လို့ ပြောလေသမီး။ ဦးဦးဘအောင်လာပေးတဲ့ ကြောင်သားကျက်မှ သမီးကို ထမင်းဝါးခွံ့မယ်နော်"

တောကြောင်သား ကျက်သည့်အခါ အသားတစ်တုံးအား ရေဆေး၍ ဝါးခွံ့ရာ လုံးဝမစားဘဲ ထွေးထုတ်ပါသည်။ ဘယ်လိုချော့ကျွေးကျွေး မစားပါ။ ဆီနှင့်စားနှင့် နယ်ကျွေးတော့ စားပါသည်။ ထိုအခါ ဘအောင်မှ –

"စောမြသန်းရေ ... ငါပြန်ဦးမယ်ကွာ"

"အေး ... ငါ့စိတ်ကလည်း အမဲလိုက်တဲ့ဆီမှာပဲကွ"

ဘအောင်ပြန်သွားပြီးသည့်နောက် စောမြသန်းမှ သူ့ဇနီးအား –

"မိငြိမ်းရေ ... ညညဆို ငါမြွေတွန်သံကြားတယ်ကွ"

"ကျုပ်တော့ မကြားမိပါဘူးတော်"

သို့နှင့် စောမြသန်းတို့ အိပ်ရာဝင်။ မီးခွက်မှုတ်ပြီးသည့်အခါ –

"ရှီ ... ရှီ ... ရှီ"

စောမြသန်း၏မိန်းမ မိငြိမ်းက –

"အစ်ကို စောမြသန်း၊ မြွေတွန်သံကြားတယ်။ အဆက်မပြတ်ဘဲ။ မြန်မြန်ဆပါ။ ဒီမှာ ကလေးနို့ဆွဲထားလို့"

"မီးခွက်ကနေ မီးပုံးကိုလည်း ညှိလိုက်ဦးမယ်။ ဟာ ... မြွေတွေအများကြီးဟ မိငြိမ်းရ။ တစ်ခါမှမမြင်ဖူးဘူး"

"ဟုတ်ပါ့တော်။ တစ်ခါမှ ဒီလို မမြင်ဖူးဘူး။ ဒုက္ခပါပဲတော်၊ ဘယ်လိုလုပ်အိပ်ရမှာလဲ။ ကျုပ်တော့ကြောက်တယ်"

ထိုအချိန်တွင် သူတို့သမီးလေးက အိပ်ရာနိုးကာ ထထိုင်ပါသည်။ သူ့အဖေဆီကို လိုက်မယ်လုပ်သဖြင့် ချီထားရသည်။ စောမြသန်းလည်း အိမ်ပေါ်သို့ မြွေတက်မည်စိုး၍ ကလေးကို သူ့အမေထံပေးကာ မီးဖိုမည့်အပြု မြွေတွေမရှိတော့။ ထို့ကြောင့် အေးအေးဆေးဆေး ပြန်အိပ်ကြပါသည်။ စောမြသန်း အိပ်ပျော်ပြီး အိပ်မက်ထဲတွင် သူ့သမီးမှ –

"အဖေရေ .. အဖေ"

"ဘာလဲသမီးရဲ့၊ ပြော ..."

"အဖေတို့ တောလည်ရင် သမီးတို့ မြွေမျိုးတွေကို မသတ်ပါနဲ့ အဖေရယ်။ တောပိုင်၊ တောင်ပိုင်ဆီမှာ ဒီပြင်ကောင်တွေ တောင်းပေါ့။ တောပစ်တာလည်း မကောင်းပါဘူး အဖေရယ်။ ကြာရင် အဖေ့အလှည့် ရောက်လာလိမ့်မယ်။ အဖေ သတိထားနော်"

"ဟာ ... ဟာ"

စောမြသန်း အိပ်ရာမှလန့်နိုးတော့သည်။ ချွေးများလည်း ရွှဲနစ်နေလျက်။ မိန်းမနှင့် သမီးကတော့ အိပ်မောကျနေပါသည်။ သို့နှင့် မိုးလင်းလာခဲ့သည်။

"မိငြိမ်းရေ ... ညက ငါအိပ်မက်မက်တာ ထူးဆန်းတယ်ဟ။ သမီးက မြွေတွေကို မသတ်နဲ့၊ သူတို့အမျိုးတဲ့။ တောမလိုက်နဲ့တဲ့"

"တော်စိတ်စွဲလို့နေမှာပါ။ မြွေတွေက ခဏခဏတွေ့နေတဲ့ဟာ"

* * * * *

စောမြသန်းတစ်ယောက် အမဲလိုက်ချင်စိတ် ကုန်လာသည်။ သို့ဖြင့် သူ့အမေထံမှ လယ်(၃)ကေတောင်း၍ လယ်လုပ်ပါသည်။ စပါးတွေမှည့်တော့ စာခြောက်ရုပ်လည်းမရှိ၊ ကျွဲနွားလည်း ဝင်မစား။ စာကလေးအုပ်၊ ချိုးအုပ်၊ ကြက်တူရွေးအုပ်တွေလည်းမစား။ လယ်နီးချင်း အကွက်တွေမှာကား အစောင့်ရှိသည့်တိုင် အလစ်တွင် ဝင်စားကြလေ၏။ တခြားလယ်ရှင်တွေက –

"စောမြသန်းလယ်ထဲမှာ မြွေတွေနည်းတာမဟုတ်ဘူး။ သွားကြည့်ရင် မရှိတော့ဘူး။ အဲဒါ အစောင့်မြွေတွေကွ။ အကျိုးပေးရင် အဲဒီလိုပဲ။ ဖောက်ချလုပ်ရင် ဖြစ်မှာ။ ဒီကောင်က အမဲလိုက်တာပဲဝါသနာပါတာကို"

"အေးကွ၊ စောမြသန်းလယ်ကွက်ထဲ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေ၊ ငှက်တွေ ဝင်စားမယ်လုပ်ရင် လယ်နားရောက်တာနဲ့ ပြန်လှည့်ကုန်ကြရော။ ဘာကောင်က မောင်းထုတ်တာလည်းမသိဘူး"

စောမြသန်း မုဆိုးမလုပ်ရရင် မနေနိုင်တာကြောင့် လယ်လုပ်တာ သုံးနှစ်ခန့်ကြာသည့်အခါ ဘအောင်ကိုခေါ်ကာ တိုင်ပင်ပါသည်။ ထိုအခါ သူ့သမီးက–

"အဖေကြီး .. သမီးမြွေတော်ဘုရားလိုက်ဖူးချင်တယ်၊ မဖူးရတာ ကြာပြီ"

စောမြသန်း သူ့သမီးကိုကြည့်ပြီး တုန်လှုပ်သွားပါသည်။ ကလေးက မြွေတော်ဘုရား မသိနိုင်။ ဘာကြောင့်များ ဖူးချင်တာလဲ။ သူ့အမေကို မေးကြည့်ပါသည်။

"ရာရာစစတော်။ ကျုပ်က မြွေတော်ဘုရားတို့ဘာတို့ ပြောရအောင် ဘာသိတာမှတ်လို့။ ရှင်ကလည်း ကြည့်ပြောပါဦးတော်။ ဦးနှောက်ခြောက်နေပါပြီ"

သို့နှင့် စောမြသန်း မေ့မေ့ပျောက်ပျောက်နေလိုက်ပါတော့သည်။

"လာ .. ဘအောင်၊ ခဏထိုင်ဦး

www.burmeseclassic.com

ကွာ။ မိငြိမ်း ထမင်းထုပ်နေလို့။ ရေနွေးသောက်''

စောမြသန်း၏သမီးက ခွက်ကလေးနှင့် ဆော့နေသည်ကို ဘအောင်က အနားသွားပြီး ချစ်စနိုးလေးမို့ ...

''သမီးနာမည် ဘယ်လိုခေါ်လဲ သမီးရဲ့''

''မြွေတော်သခင်မ''

''ဟ ... ဘာတဲ့၊ စောမြသန်း .. မင်းကလေးကို ဘာတွေသင်ထားတာလဲ''

''ဘာတွေ သင်ထားရမှာလဲကွ။ မင်းမလာခင်လေးကပဲ မြွေတော်ဘုရားလိုက်ဖူးချင်လို့တဲ့၊ ဘယ်သူမှ ဘာမှမသင်ဘူး၊ ပြောလည်းမပြောဘူး။ ဘယ်ကနေ ဘယ်လိုလုပ် တတ်တာလဲ မသိဘူး။ တစ်ခုခုတော့ ဆက်စပ်မှုရှိပြီထင်တယ်ကွ''

စောမြသန်းတို့ တောလည့်ထွက်ခဲ့ပါသည်။ ထုံးစံအတိုင်း တောတင်ပြီး တစ်နေရာစီ ခွဲလိုက်ပါသည်။ စောမြသန်းသွားသည့်ဘက်က တောစံပယ်ရုံကြီးအောက်မှာ စပါးအုံးမြွေကြီးတစ်ကောင်သည် ကြွေကျထားသော တောစံပယ်ပွင့်များပေါ်တွင် ငြိမ်နေသည်။ စံပယ်တွေလည်း မွှေးတာမှ တစ်တောလုံးပါပဲ။ အိပ်မက်ကို သတိရပြီး မြွေကို မသတ်တော့။ အင်းဘေးကိုပတ်တော့ 'ချေ'တစ်ကောင်ရပါသည်။ အိမ်ကိုရောက်လို့ နားတဲ့အချိန်တွင် စောမြသန်းကို သူ့သမီးမှ –

''အဖေကြီးကလည်း တောစံပယ်တွေ ကောက်မလာဘူး''

''အဖေက တောစံပယ်မှ မတွေ့ဘာဘဲ''

''တွေ့ပါတယ်၊ အဲဒီစံပယ်တွေထဲမှာ မင်းသမီးတစ်ယောက် အိပ်နေတယ်လေ''

''ဗျာ ... ဘုရားရေ၊ ဟုတ်တော့မဟုတ်တော့ဘူးနဲ့တူတယ်''

စောမြသန်း လွန်စွာအံ့ဩပါသည်။ ထိုအချိန်တွင် ဘအောင်နှင့် ချိန်းထားသဖြင့် ရောက်လာသောအခါ –

''ဦးဘအောင်ပစ်တဲ့ သားကောင်ကို မောင်းထုတ်လိုက်တာ ပြေးရော၊ မင်းသမီးတွေမောင်းတာ''

ဘအောင် မျက်လုံးပြူးသွားပါသည်။

''ဟုတ်တယ် စောမြသန်း။ ငါမြွေကြီးတွေ့ခဲ့တယ်။ ငါ ချေကိုပစ်မယ်လုပ်တော့ မြွေကြီးက ထမှုတ်တာ ချေကပြေးရော။ ဒါနဲ့ပဲ မြွေကို လုပ်မယ်စဉ်းစားတာ စိတ်က တစ်မျိုးမို့ မလုပ်တော့ဘူး''

စောမြသန်းနှင့် ဘအောင်တို့ လူ့ဘဝမှာ တစ်ခါမှ မကြုံဖူးသည့် အံ့ဖြစ်အပျက်တွေ ဘယ်သူ့ကိုမှ ပြောပြရင်လည်း ယုံမည့်ကိစ္စတွေ မဟုတ်ပါ။ ဆက်ပြီး တောလည်မည်ဆိုလျှင် အန္တရာယ်ရှိမရှိတော့ မသိ။ အမဲမလိုက်ဖို့တော့ ဆုံးဖြတ်ကြပါသည်။

* * * * *

''ဟဲ့ ... စောမြသန်း၊ မငြိမ်းတို့''

''ဟာ ... အမေ၊ တစ်ယောက်တည်းလား''

''လှူကြုံနဲ့ မှာလိုက်ပါလား။ ကျွန်တော် လာခေါ်မှာပေါ့အမေရာ''

''နင့်လှူကြုံက ဘယ်တော့လည်း မသိဘူး။ ငါစိတ်ပူလို့ လာတာ''

''ဘာဖြစ်တာလဲ အမေရဲ့''

''ငါအိပ်မက်တွေ မကောင်းဘူး။ နင့်သမီးက ငါ့ကိုအိပ်မက်ထဲမှာ သူက မြွေတော်သခင်မတဲ့၊ အဲဒီမြွေတော်ဘုရားနယ်မှာ အမဲမလိုက်ရဘူးတဲ့။ နင့်ကို ပြောတာ မရဘူးတဲ့၊ သမီးအဖေမို့ သူတို့က ခွင့်လွှတ်နေတာတဲ့။ ဒီတစ်ခါဆိုရင် အဖေ့ဘဝကုန်ပြီတဲ့။ ငါစိုးရိမ်လိုက်တာဟယ်။ နင်အမဲလိုက်သွားနေတော့ ငါကအမြန်လာရတယ်။ ပေးပါဦးဟဲ့ ရေတစ်ခွက်''

''ငါပြောဦးမယ်။ ငါ့အစ်ကိုကြီး ငယ်ငယ်က မြွေတော်ရွာသူနဲ့ အိမ်ထောင်ကျတော့ ငါ့ကို မြွေတော်ရွာအကြောင်း ပြောပြဖူးတယ်။ မြွေတော်နယ်မှာ မြွေသတ်ရင်၊ အမဲလိုက်ရင် မြွေကိုက်သေတာပဲ။ ဒါပေမဲ့ မသေခင် ခဏခဏ သတိပေးတယ်။ အိပ်မက်ပေးတယ်။ နင်တို့ကော အိပ်မက်မမက်ဘူးလား''

''ပေးပါတယ် အမေ။ နိမိတ်လည်း ပေးပါတယ်''

''အေး ... အိပ်မက်ပေး၊ နိမိတ်ပေးပြီးရင် ဆက်ပြီး အမဲလိုက်၊ မြွေသတ်မယ်ဆိုလို့ကတော့ အန္တရာယ်ဖြစ်မှာပဲ။ အဲဒီတုန်းက ရွာမှာတင် မြွေကိုက်သေတာ (၈)ယောက်ရှိတယ်တဲ့။ ရွာပျက်တာလည်း မြွေသတ်လို့တဲ့။ တကတဲ ... နင်တို့နဲ့''

''ဟုတ်တယ်အမေ၊ အမေ့မြေးက သူ့ကိုယ်သူ မြွေတော်သခင်မတဲ့။ ခဏခဏပြောတယ်။ တောစံပယ်တွေလည်း မှာတယ်။ ကျွန်တော်တို့ပစ်မယ့် သားကောင်ကိုလည်း မောင်းထုတ်တယ်တဲ့။ မြွေတော်ဘုရားလည်း ဖူးချင်တယ်တဲ့။ ဟုတ်ကဲ့ ... အမေ၊ ကျွန်တော် အမဲမပစ်တော့ပါဘူး။ စိတ်ချ အမေ။ လယ်ပဲလုပ်တော့မယ်''

ထိုနေ့မှစ၍ စောမြသန်း အမဲမပစ်တော့။ အိမ်ရှေ့သို့လည်း မြွေများမလာတော့။ သမီးလည်း မြွေအကြောင်းမပြောတော့။ တစ်ခါတလေ မြွေတော်ရွာအကြောင်း စောမြသန်းစဉ်းစားမိလျှင် ချွေးသီးချွေးပေါက်ကျအောင် ထိတ်လန့်ကြောက်ရွံ့မိပါတော့သည်။


သန်းထွန်း(ဂျေဂျေ)



www.burmeseclassic.com

www.burmeseclassic.com

# ဆီးရီးယားမြို့တော် ဟိုမင်းစ်တွင် ဒုက္ခသည်များ ပိတ်မိနေသဖြင့် စစ်ပွဲရပ်ဆိုင်းပေးရန် တောင်းဆို



လွန်ခဲ့သည့် နှစ်နှစ်ကာလ၌ ဆီးရီးယားနိုင်ငံတွင် အစိုးရသစ္စာခံတပ်ဖွဲ့နှင့် သဘောထားကွဲသော အုပ်စုတို့၏ ပဋိပက္ခ ပြည်တွင်းစစ်ကြောင့် လူအမြောက်အမြားသေဆုံးခဲ့ရပြီး အပြစ်မဲ့ပြည်သူပြည်သား ခြောက်သိန်းနီးပါး စစ်ဘေးဒုက္ခသည်ဖြစ်ရသည်။ စစ်ပွဲသည် အရှိန်မတန့်ဘဲ ကမ္ဘာ့လူထုက တားဖြစ်ထားသော အဆိပ်ဓာတ်ငွေ့ လက်နက်များ အသုံးပြုချေမှုန်းသည်အထိ ရက်စက်ပွဲကြမ်းလာသည်။ တစ်နံတစ်လျား တိုက်ပွဲများအနက် ဆီးရီးယား၏မြို့တော်တစ်ခုဖြစ်သော ဟိုမင်းစ်မြို့တွင်း တိုက်ပွဲသည် ပြင်းထန်စွာ ဆက်တိုက်ဖြစ်ပွားနေသဖြင့် မြို့တော်တွင်းပိတ်မိနေသော ပြည်သူများ အစာရေစာပြတ်တောက် ဒုက္ခရောက်နေသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ကြက်ခြေနီအဖွဲ့က ဒုက္ခသည်များကို အစာရေစာ ထောက်ပံ့ရန်နှင့် ဆေးဝါးကုသမှုပေးနိုင်ရေးအတွက် နှစ်ဖက်အဖွဲ့ကို စစ်ပွဲရပ်နားပေးဖို့ ၁၂. ၇. ၁၃ နေ့က အပြင်းအထန် တောင်းဆိုခဲ့သည်။

နှစ်ပေါင်း ၄၀ ကျော် သမ္မတ အာဆတ် အုပ်ချုပ်ခဲ့ရာမှ မနှစ်သက်သော လူထုက လမ်းပေါ်ဆန္ဒပြရာမှ ပြဿနာကြီးထွားလာပြီး ပြည်တွင်းစစ်ဖြစ်ခဲ့ရသည်။ လက်ရှိ အာဆတ်အစိုးရကို တရုတ်နှင့် ရုရှားတို့က အဓိက လက်နက်ထောက်ပံ့ပေးပြီး အမေရိကန်ကလည်း အာဆတ်အစိုးရသည် အဆိပ်လက်နက်သုံးပြီး သူပုန်များကို တိုက်ခိုက်ချေမှုန်းသည်ဆိုကာ ဆန့်ကျင်ဘက်အုပ်စုကို လက်နက်ထောက်ပံ့သဖြင့် ကုလသမဂ္ဂကလည်း စစ်ပွဲပြီးဆုံးရေးအတွက် တံခါးပိတ်အထူးအစည်းအဝေး ကျင်းပနေရသည်။

ဟိုမင်းစ်မြို့တွင်းတိုက်ပွဲတွင် မြေပြင်တိုက်ပွဲ၌ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် နှစ်ဖက်အသုံးပြုစစ်ခင်းသလို၊ ဝေဟင်မှလည်း အစိုးရတပ်က လေကြောင်းဖြင့် သူပုန်များကို တိုက်ခိုက်နေသည်။ အဆောက်အဦများ ပြိုကျခြင်း၊ မြေပြင် ဝေဟင် စစ်ပွဲကြောင့် မြို့တွင်းမှ လူများ ထွက်ပြေး၍လည်း မရတော့ဘဲ ပိတ်မိနေသည်။ စစ်ပွဲရက်ရှည်သည်နှင့်အမျှ လူထုခမျာ အစာရေစာပြတ်ခြင်း၊ နာမကျန်းခြင်းဖြစ်လာကြသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က စစ်မြေပြင်ထဲ ဝင်မရဲအောင် စစ်က ပြင်းထန်နေသည်။ သို့ဖြစ်၍ ဟိုမင်းစ်မြို့စစ်ပွဲကို ချက်ချင်းရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ဆီးရီးယားတွင် ပဋိပက္ခကာလ နှစ်နှစ်အတွင်း အပြစ်မဲ့ပြည်သူပေါင်း တစ်သိန်းကျော် သေဆုံးခဲ့ရသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref: Internet News, 20.7.13*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ငွေနှံ့လယ်၏

# တောရမင်းသား

ဟန်သီဇင်

လွင်စိုးတို့နေသည့် ရွာကလေးသည် မြန်မာပြည်၏ အနောက်ရိုးမကိုကျော်၍ မိုင်ရာချီကွာဝေးသော ရွာငယ်ကလေး ဖြစ်သည်။ လွင်စိုးတစ်ယောက် ရွာမှာ လုံးဝမပျော်ပိုက်တော့။ အရွယ်ရောက်နေသော ကာလသားလွင်စိုးအတွက် နား အရသာခံစရာ ကာရာအိုကေလည်းမရှိ။ ဗီဒီယိုကား ကြည့်ချင် လျှင် ရွာတောင်ဘက် ဗီဒီယိုရုံက မီးစက်နိုးမှ ကြည့်နိုင်သည်။ ရွာမှာက လျှပ်စစ်မီးမရှိ။ နေ့ဝင်တာနှင့်မှောင်နေပြီ။ ရန်ကုန်မြို့မှာ ငါးနှစ်ခန့် အလုပ်သွားလုပ်ဖူးသော လူတစ်ယောက်ဖြစ်၍ မြို့ကြီးသား စိတ်ဝင်ပြီး ရွာမှာမနေတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ကြီးမှာ ကြည့်စရာ၊ ပျော်စရာတွေ ရသစုံလင်စွာရှိသည်။ ရွာမှာက ဘက်ထရီမီးအားကိုးနှင့်နေရသည်။ ရန်ကုန်မှာက အလုပ်သမားများ နေထိုင်ရာအနီး လက်ဖက်ရည်ဆိုင်မှာ စလောင်းမှလွှင့်သော နိုင်ငံခြားရုပ်ရှင် အက်ရှင်ကားများ ကြည့်ခွင့်ရသည်။ ရွာမှာက ရုံကပြသောအခွေကိုသာ ကြည့်ခွင့်ရသည်။ လွင်စိုး အကြိုက်ဆုံး ဇာတ်ကားမှာ တစ်ကိုယ်တော် စောရမင်းသား နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းကို သဘောအကျဆုံးပင်။

ပြီးတော့ ဟစ်ဟော့သီချင်း၊ ရက်ပါသီချင်းလည်း ကြိုက်သည်။ ထို့ကြောင့် လွင်စိုး၏ ဆံပင်ပုံစံ၊ အဝတ်အစားများက ထိုစတိုင်များကဲ့သို့ပင်။ ဗိုးကြီးပစ်ကေပုံစံ၊ ခြေနှင့်လက်မှာ ဆေးမင်ကြောင်ထိုးထားသည်။ နားပေါက်နှင့် သူ့ကိုယ်သူတော့ ဟုတ်နေသည်။ ရွာမှာ ကျန်ခဲ့သည့် ငယ်သူငယ်ချင်း ညီညွှန့် သိန်းအောင်တို့ ပုံစံနှင့် သူ့ပုံစံက ကွာခြားသွားသည်။ ဟိုကောင်တွေက မိုးလင်းတာနှင့် ပင်လယ်ပြင်ထွက် ငါးဖမ်းရသည်။ နေဝင်မှ ပြန်လာ။ လူရုပ်ပင်မပေါ်။ စကားပြောဆိုရတာလည်း ဝါကျတွေ ခေတ်မမီ။ သည်တော့ ငယ်စဉ်ကလို တွဲဖက်လို့ မရနိုင်ပေ။ ထို့ကြောင့် လွင်စိုးခမျာ ရွာမှာ အထီးကျန်ဆန်ကာ အဖော်မဲ့နေပေသည်။

လွင်စိုး ဒီလိုပုံစံမျိုးနှင့်တော့ ရွာမှာမနေချင်ပါ။ ချမ်းသာချင်သည်။ ရွာကလူတွေက ရန်ကုန်ပြန် သူ့ကို အထင်ကြီးကြသည်။ သူ့ကိုယ်တိုင်ကလည်း တောရွာမှာ မိဘက မွေးဖွားခဲ့သဖြင့် တောရွာဇာတိဖြစ်ရခြင်းအပေါ်မှာ သူ့စိတ်က သိမ်ငယ်သည်ဟု ထင်မိသည်။ ထို့ကြောင့် ဇာတိရုပ်သွင် ဖျောက်ကာ ကိုယ်ကြပ်အကျီ၊ ဖင်ကျွတ်ဘောင်းဘီနှင့် အကောင်းမှ ဝတ်ချင်သည်။ ကောင်းတာမှ သုံးချင်သည်။ ရွာမှာတော့ ရန်ကုန်မြို့မှာ ပန်းရံလုပ်သည်ဟု ပြောမထား။ ကုမ္ပဏီသူဌေးလူယုံလုပ်ကိုင်ရသယောင်ဟု ..။

ခုလည်း ရန်ကုန်မှာ အလုပ်ပြန်ဝင်ရန် အကြောင်းပြပြီး သူ့ရွာမှ ထွက်ခွာလာခဲ့သည်။ လွင်စိုး၏ ဦးနှောက်အတွေးထဲမှာ အကြံအစည်များ တစ်ခုပြီးတစ်ခု အကွက်ချစီစဉ်လို့နေသည်။ ရန်ကုန်ရောက်ပေမယ့် အောင်မင်္ဂလာအဝေးပြေးဝင်းရှိ တည်းခိုခန်းမှာ တည်းခိုနေထိုင်သည်။ နေ့လယ်ပိုင်းတွင် ကားဝင်းအတွင်းရှိ လိုင်းကားဂိတ်မှ ပါရမီဘက်သွားသည့် ကားကို စီးလာခဲ့သည်။ ဘယ်သို့သွားရမည်မသိသေး၍ ကားခတစ်ရာကျပ်ပေးစီးပြီး လိုက်ပါလာခဲ့သည်။ ကားစပါယ်ယာ၏ မှတ်တိုင်အော်သံနားစွင့်ရင်း မဥ္ဇူမှတ်တိုင်မှာ ဆင်းလိုက်သည်။

သူ့အသွင်အပြင်ကြည့်လျှင် အကောင်းစားတီရှပ်နှင့် သောင်းကျော်တန်အဝတ်အစား အပြင်အဆင်မို့ ဒီရပ်ကွက်မှာ နေသည်ဟုပဲ ထင်ပါမည်။ လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်၍ အိမ်များကို အကဲခတ်လိုက်သည်။ နေတအား ပူချိန်မို့ ကိုယ်ပိုင်ကားတချို့သွားလာတာကလွဲ၍ လူရှင်းနေသည်။ ရှေ့ဆက်လျှောက်သွားရင်း လမ်းသွယ်တစ်ခုတွေ့၍ ချိုးဝင်လိုက်သည်။ လက်ယာဘက်ခြံဝင်းတစ်ခုမှ အမျိုးသမီးနှစ်ဦး အိမ်တံခါးသော့ခတ်ပြီး ခြံဝသို့ ထွက်လာကာ ခြံတံခါးအပြင်မှသော့ခတ်ပြီး ထွက်သွားကြသည်။

လွင်စိုးအတွက် အကွက်ကောင်းမဟုတ်ပါလား။ အနီးဝန်းကျင်အကဲခတ်ကြည့်ရာ သစ်ပင်များ အုပ်ဆိုင်းနေပြီး ကပ်လျက် ခြံဝင်းတံခါးက ဖွင့်နေသည်။ ထို့ကြောင့် အသာပင် ဝင်လိုက်ကာ အုတ်တံတိုင်းပေါ်တက်၍ တစ်ဖက်ခြံဝင်းထဲသို့ ဝင်လိုက်သည်။ အိမ်အနေအထားကို အကဲခတ်ရင်း လွင်စိုး စိတ်ထဲမှ စကားပြောနေမိသည်။

"ဩော် .. လူတွေ၊ လူတွေ .. လူမြင်ကောင်းအောင် ဝတ်စား သွားလာနေပြီး အိမ်အို အိမ်ဟောင်းတွေကျတော့ မပြင်နိုင်ကြပါလား"

ဟု ပြောရင်း .. နှစ်ခြိုင်း ဟောင်းအိုနေသည် ပျဉ်ထောင်အိမ်တံခါးသည် လွင်စိုးအတွက် အခက်အခဲမရှိခဲ့ပေ။ အိမ်အတွင်းပိုင်းရောက်ရှိသောအခါ ဧည့်ခန်းနှင့် ထမင်းစားခန်း၊ မီးဖိုချောင်က အောက်ထပ်ဖြစ်၍ အပေါ်ထပ်လှေကားမှ တက်သွားရာ (Door Log) သော့ချထားသော အိပ်ခန်းတံခါးကို တွေ့လိုက်သည်။

www.burmeseclassic.com

သေချာပြီ။ ထိုအခန်းထဲတွင် ငွေ၊ ပစ္စည်းရှိနိုင်သည်။

ဟုတ်ပြီ။ လွင်စိုးတို့က အိမ်ဆောက်လာတဲ့ ပန်းရံရော၊ လက်သမားပါလုပ်ခဲ့သူပါ။ ပိတ်ထားသော အခန်းကို ဝင်နိုင်ရန် မခက်ခဲပါ။ မျက်နှာကျက်ကို ခွာ၍ အခန်းတွင်းသို့ ဝင်လိုက်သည်။

"လူတွေများ အိမ်သော့ခတ်ထားရုံ၊ ခြံသော့ခတ်ရုံနဲ့ လုံခြုံစိတ်ချပြီထင်ကြတာကိုး"

ဘာသာစိတ်နှင့် ဝါစာပွားရင်း သွပ်ကြေးနန်းကြိုးစထိပ်နှင့် အခန်းတွင်းရှိ ဗီရိုသော့အား အသာဖွင့်လိုက်တော့သည်။ အမျိုးသမီးသုံးဗီရိုဖြစ်၍ မွှေးကြိုင်နေသည်။ သူလိုချင်သော ပစ္စည်းကို တွေ့အောင်ရှာသည်။ မတွေ့။ အောက်ဆုံးဗီရိုတံခါးကို ဖွင့်လိုက်ပြန်သည်။ သေတ္တာတစ်လုံး၊ သော့ပိတ်ထားသည်။ ခါးကြားမှ ဓားဦးဖြင့် ခွဲလိုက်သည်။

"ဟား . ."

လွင်စိုးပျော်သွားသည်။ [illegible]းယောင်တန် အစီးနှစ်စီး၊ ပြီးတော့ ရတနာများ၊ စိန်ထည်[illegible]ည်းပါသည်။ ရွှေထည်လည်းပါသည်။ အမျိုးပေါင်းမြောက်မြားစွာ။ အသာပင် သူ့လွယ်အိတ်ထဲ သေသေချာချာထည့်ပြီး လာရာလမ်းအတိုင်း ပြန်ထွက်လာခဲ့သည်။ မည်သူမျှ မသိ။

ချက်ချင်းပင် သူ့ဇာတိရွာသို့ ပြန်ခဲ့သည်။ ရွာမရောက်ခင် မြို့နယ်ဈေးမှာ ရတနာတချို့ဝင်ရောင်းခဲ့သည်။ တီဗီနဲ့ အောက်စက်ဝယ်သည်။ ဘက်ထရီထက်ကောင်းသော ဆိုလာပြား ဝယ်ခဲ့သည်။ လွင်စိုး ကောင်းကောင်းကြီးအနားယူနိုင်တော့မည်။

ရွာမှာတော့ လွင်စိုးတို့ ရန်ကုန်မှာ အလုပ်အကိုင်ကောင်းသဖြင့် ကြီးပွားလာသည်ဟု အထင်ကြီးခံနေရသည်။

ငွေဆိုတာမျိုးကလည်း ဘယ်လောက်ရရ၊ သုံးရတာ ခဏလေးပင်။ အကုန်လွယ်လိုက်ပါဘိ။ လွင်စိုးတစ်ယောက် ထုံးစံအတိုင်း ရန်ကုန်သို့ အလုပ်လုပ်ရန် သွားရပြန်သည်။ ထုံးစံအတိုင်း အဝေးပြေးကွင်း တည်းခိုခန်းမှာတည်းရင်း အကြံထုတ်ရသည်။

လွင်စိုးတို့က နပ်ပြီးသား။ လှုပ်ရှားခဲ့ဖူးသော နေရာဆို ရှောင်သည်။ လူဆိုတာမျိုးက ညဘက်မှောင်မှ သူခိုးလာမှာ ကြောက်ကြသည်။ နေ့လယ်ခင်းဆိုလျှင် သော့ခလောက်ကို ခတ်ပြီး စိတ်ချလက်ချသွားကြတာမျိုး။ နေ့လယ်နေ့ပွလေ၊ လွင်စိုးက အကြိုက်တွေ့လေပင်။ နေ့လယ်မှာ အာရုံများနေကြ၍ တော်ရုံဆို သတိမထားမိကြပေ။

ခုလည်း ခြံနှင့် ဝင်းနှင့် လူသွားလာနည်းပုံရသော နေရာကို ရွေးချယ်လိုက်သည်။ သော့ခတ်ထားသော တံခါးကို ဖျက်ဝင်လျှင် ခြံနီးချင်းတွေ တွေ့သွားနိုင်သည်။ ဒါကြောင့် အိမ်ခေါင်မိုးပေါ် တက်လိုက်သည်။

သို့သော် . .

သူထင်မှတ်ထားသလို ဖြစ်မလာဘဲ . .

"ခေါင်မိုးပေါ်မှာ လူ . . လူ . . သူခိုးဗျို့ . . သူခိုး"

ဝိုင်းအော်သံများက ဆူညံလို့နေပြီး သူပြေး၍ မလွတ်စေရန် အရပ်လေးမျက်နှာ ပိတ်ဆို့ထားလေသည်။ ပြေး၍ မလွတ်တော့ပေ . .။

တကယ်တော့ . .

ရွှေ့ကခိုးယူခြင်းခံရသူများ၏ တိုင်ချက်အရရော၊ နယ်မြေလုံခြုံရေးအတွက် ရာဇဝတ်မှု ကင်းစင်ရန် အမာခံသတင်းပေးများ ရပ်ကွက်တိုင်းတွင် နေ့ညမပြတ် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်နေကြောင်း လျစ်လျူရှုကာ မတော်လောဘစိတ်နှင့် သူတစ်ပါး ဥစ္စာပစ္စည်းအား ခိုးယူသူအတွက် အခြားမြို့နယ်များမှာပါ ကျူးလွန်ခဲ့သည့် ဖြစ်ချက်များပါ ပေါ်ပေါက်ခဲ့ပြန်သည်။


ခုတော့လည်း . . လွင်စိုးတစ်ယောက် ရွာပြန်ကာ . . သူဌေးအဖြစ် သရုပ်ဆောင်ခွင့်မရရှာဘဲ ထောင်နန်းစံကာ အပြစ်ကြွေးဆပ်ရပေတော့မည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ ဘယ်ခါမှမရှိဆိုတာ ယုံကြည်လက်ခံလိုက်ပြီဆိုသော်လည်း . . . . . .

ဟန်သီဝင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လက်လွှဲလက်ပြောင်း နှင့် လုပ်စားနေတာလား

## ❖ တိုးမြင့်

ကျွန်တော်က အောင်ညီညီမင်းကို ရီမန်ယူခဲ့ပါတယ်။ ညနေပိုင်းရောက်တော့ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးက တရားခံလွှတ်ဝရမ်းကို စီအာရ်အိုနှင့်ပြန်ပေးလိုက်တာကို တွေ့ရပါတယ်။ ပြစ်မှုဆိုင်ရာပုဒ်မ ၄၂၀ ကိုအာမခံပေးနိုင်တဲ့အမှုဖြစ်တာကြောင့် ကျွန်တော် ဘာမှမပြောသာပါဘူး။

ကျွန်တော်တို့အမှုစစ်က ဒီအမှုမျိုး အာမခံပေးနေကျပါ။ ဒါပေမယ့် အောင်ညီညီမင်းမှာ ခိုင်လုံတဲ့ခံဝန်သူမရှိပါဘူး။ ကိုယ်ပိုင်ခံဝန်ပေးဖို့ကျတော့ ကျွန်တော်မယုံကြည်လို့ပါ။ ပြီးတော့ ရွှေလိမ်တဲ့ တရားခံကို အလိုလိုနေရင်း စိတ်မချနိုင်ဘူးလေ။

၁၉၈၆ခု ဆန်းစပဲရှိသေးတယ်၊ လိမ်လည်မှု ဖိုးတွမ်တီးအမှု ဈေးဦးပေါက်နေပါပြီ။ တရားလိုက စက်ဆန်းရပ်ကွက်က ကျောင်းဆရာမတစ်ဦးပါ။ ဒေါ်သဲငွေရည်လို့ခေါ်ပါတယ်။ ချွေးနဲစာစုဆောင်းထားတဲ့ ငွေကျပ် သိန်းနှင့်ချီပြီးအလိမ်ခံလိုက်ရလို့ ရဲစခန်းကို အမှုလာတိုင်ထားတာပါ။

"ကျွန်မဆီကို အောင်ညီညီမင်း ဆိုတဲ့သူ ရွှေလာပေါင်ပါတယ်၊ ကျွန်မလည်းလူခံပါလို့ လက်ခံမိပါတယ်၊မအေးသန်းပေါ့၊ မအေးသန်းက တာဝန်ယူတယ်ဆိုလို့ ရွှေဆွဲကြိုးအပေါင်ခံမိပါတယ်၊ အတိုးလာဆပ်လို့ ကြည့်လိုက်တော့ ပေါင်တဲ့ရွှေဆွဲကြိုးက အတုဖြစ်နေပါတယ်"

ဆရာမဒေါ်သဲငွေရည် အစစ်ခံထားပါတယ်။ ကျွန်တော့်အနေနှင့် ဆရာမလေးကို အပြစ်တင်မိပါတယ်။ အတိုးတွေဘာတွေ လုပ်တာမကောင်းပါဘူးပေါ့။

"ဆရာမ ရွှေဆွဲကြိုးကို သေသေချာချာ စစ်ဆေးမယူဘူးလား"

"စစ်တာပေါ့ ဆရာရယ်၊ ပုဇွန်တောင်သမာဓိချိန်ခွင်မှာသွားချိန်ပါတယ်၊ ရွှေရည်ရော၊အလေးချိန်ရောစစ်ခဲ့ပါတယ်"

"ဒါဆိုဆရာမလက်ထဲမှာ အတုဖြစ်သွားတဲ့ သဘောလား"

"ဟုတ်ပါ့ဆရာ၊ ကျွန်မက ပြန်လျော်ရမလို ဖြစ်နေပါတယ်၊ အောင်ညီညီမင်း သိပ်လည်တာပဲ"

တရားလို စစ်ပြီးပြီးချင်း ကျွန်တော်ဟာ အမှုစစ်အကျ တပ်ကြပ်ကြီး ကြည်သိန်းခေါ်ပြီး အောင်ညီညီမင်းတို့ အိမ်ကိုသွားပါတယ်။

အောင်ညီညီမင်းဟာ မင်္ဂလာတောင်ညွန့်၊ မန္တလေးလမ်း၊ တိုက်အမှတ်(--)လေးလွှာမှာ နေတယ်လို့ ပထမသတင်းပေး တိုင်ချက်မှာ ပါပါတယ်။

အောင်ညီညီမင်းကို တွေ့ရပါတယ်။ အသာတကြည် လိုက်လာပါတယ်။ ရဲစခန်းမှာ စစ်ကြောရေးတန်းဝင်ပါတယ်။ တရားခံဟာ ဝန်ခံခြင်းမရှိပါဘူး။ ရွှေအစစ်ကို ပေါင်တာပါလို့ အစစ်ခံနေပါတယ်။

* * * * *

အောင်ညီညီမင်းဟာ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ မျက်လုံးပြူးပြူး လူရည်သန့်တစ်ဦးပါ။ စကားပြောလျှင် အသံလည်းကောင်းတယ်၊ အပြောလည်းကောင်းပါတယ်။ လိမ်လည်သူ တရားခံသာဖြစ်နေပေမယ့် လိမ်စားမယ့်ရုပ်လို့ ပြောလို့မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်အံ့သြတာက အောင်ညီညီမင်းဟာ ပညာတတ်တစ်ယောက်ပေပဲ။ ဘွဲ့မရပေမယ့် တက္ကသိုလ်မှာ နေဖူးတယ်ဆိုပဲ။ အလုပ်အကိုင်မေးကြည့်တော့ ကားပွဲစားပါတဲ့။ တစ်ချိန်ကကားစီးနိုင်တဲ့သူ။ အချိန်မရွေး ကားယူစီးနိုင်တဲ့ အဆင့်ရှိသေးတယ်။

"ကျွန်တော့်ကိုယ်ပိုင် ရွှေဆွဲကြိုးပါ။ သမာဓိချိန်ခွင်ချိန်ပြီးမှ သဲငွေရည်ဆီပေါင်တာပါ၊ သူ့ဆီမှာလည်း အလေးချိန်နဲ့ ရွှေရည်စာရွက် ပေးထားတာပဲ"

အကွက်ကျကျ ငြင်းနေပြီ။ ကျွန်တော်တို့ အမှုစစ်က တရားခံလိမ်တာကိုသိနေတယ်လေ၊ လိမ်ပုံလိမ်နည်းကိုစစ်မရဘူး။ ဝန်မခံသေးပါ။ အမှုစစ်ကိုပါခြယ်လိမ်နေတဲ့ သဘောပေပဲလားမဆိုနိုင်ဘူး။

"ကိုကြည်သိန်း၊ ခင်ဗျားမအေးသန်းကိုသွားမခေါ်သေးဘူးလား၊ မအေးသန်းလည်း အလိုတူအလိုပါပဲ၊ အလံရှူးပဲ၊ အောင်ညီညီမင်းနဲ့ ဆိုင်ပေးရဖို့ရှိတယ်၊ ပူးတွဲတရားခံလည်း ထောင်ကျမှာပဲ"

"ဆရာတို့၊ နယ်ထိန်းအခန်းမှာ မအေးသန်းကို ဖမ်းထားပြီးပါပြီ၊ မအေးသန်းဝန်ခံတာကို ဆရာ့လာပြောတာပါ၊ မအေးသန်းက သိပ်မရဘူးတဲ့ဆရာ"

ကိုကြည်သိန်းနှင့်ကျွန်တော် တမင်အတိုင်အဖောက်လုပ်တာပါ။မအေးသန်းဆိုတာ ဘယ်လိုနေမှန်းမသိပါဘူး။ သွားရှာချိန်မရသေးပါဘူး။ အောင်ညီညီမင်းကို စိတ်ဓာတ်စစ်ဆင်ရေး စလုပ်တာပါ။

အောင်ညီညီမင်း မျက်နှာပျက်သွားပြီဆိုတာ ကျွန်တော်မကြည့်ဘဲ သိပါတယ်။ သူများလိမ်တဲ့သူက ကိုယ့်အလှည့်ကျလျှင် ကြံ့ကြံ့မခံနိုင်တတ်ကြဘူးလေ။

"ခဏနေပါဦးဆရာ၊ ကျွန်တော်လည်း အမှန်အတိုင်းပြောပါ့မယ်"

တရားခံယိုင်သွားပါပြီ။ အိုက်တင်နှင့်တင်းခံထားတဲ့ အောင်ညီညီမင်းမျက်နှာတစ်ချက်တည်း ပြောင်းသွားပါပြီ။ ကျွန်တော်က အချိန် သိပ်မဆိုင်းတော့ဘဲ အောင်ညီညီမင်းကို မျက်နှာစေ့စေ့ကြည့်ပြောလိုက်ပါတယ်။

"စစ်ချက် အချောတစ်ခါတည်း ရေးမယ် အောင်ညီညီမင်း။ ဆရာမ သဲငွေရည်ကို ဘယ်လိုစသိတယ်၊ ရွှေဆွဲကြိုးအစစ်ပေးပြီး အတုဖြစ်သွားအောင် ဘယ်လို လုပ်ထားတယ်ဆိုတာပြော၊ ဟုတ်လား"

"ဟုတ်ကဲ့ပါဆရာ"

အမှုစစ်အခန်းထဲတွင် ကိုကြည်သိန်းနှင့် ကျွန်တော်တို့ ဘာမျှမစားသောက်ဘဲ တရားခံတစ်ယောက်နှင့် စစ်ဆေးရေး ချွတ်နေကြပါတယ်။ မိုးချုပ်ထိအောင် အလုပ်လုပ်နေကြပါတယ်။ စစ်ဆေးမပြီးသေးလို့ တရားခံကိုလည်း အာမခံမပေးနိုင်သေးဘူးပေါ့။ ရေးပြီးသားစစ်ချက်ကို ထုံးစံအတိုင်း ကိုကြည်သိန်းက ပြန်ဖတ်ပြတာကို တရားခံခေါင်းငုံ့ပြီး နားထောင်နေတာတွေ့ရပါတယ်။

* * * * *

စိတ်ပညာ အဓိကဘာသာနှင့် နောက်ဆုံးနှစ်မှာ အောင်ညီညီမင်း စာမေးပွဲ နှစ်ခါကျပါတယ်။ စာမလိုက်နိုင်၍ စာမေးပွဲကျခြင်း မဟုတ်လေဘဲ၊ ကားဝယ်ရောင်းသွားရင်း ဘီယာဆိုင်နေ့တိုင်းထိုင်သဖြင့် ဖြစ်ပါသည်။ ဖခင်ဖြစ်သူမှာ စာရင်းစစ်မှူးမှ အငြိမ်းစားယူပြီးသောအခါ အောင်ညီညီမင်းကို ကျောင်းစရိတ်၊ မုန့်ဖိုးများ မပေးနိုင်တော့ချေ။ ကိုယ့်ငွေ ကိုယ့်ရှာသုံးရန်ဖြစ်ပါသည်။ သို့ဖြစ်၍ အရောင်းအဝယ်ကိစ္စ ရရာလုပ်နေခြင်းဖြစ်သည်။ ကားပွဲစားအလုပ်ကထမင်းကျွေးပါသည်။

သို့ရာတွင် ရသည့်ငွေသည်၊ သောက်စားပျော်ပါးခြင်းဖြင့်၊ ပျောက်ပျက်သွားလေ့ရှိသည်။ ကားပွဲစားတန်းစမ်းချောင်းသို့ မသွားဖြစ်သည့်နေ့တွင် အပေါင်းအသင်းများနှင့် ရရာအလုပ်လုပ်ကိုင်ပါသည်။ ကီလီ ကမ်းနားဈေးသွားရောက်သည်။ ကုန်စိမ်းပွဲစားလုပ်သည်။ ရသည့် ပွဲစားအလုပ်မှန်သမျှလုပ်ကိုင်တော့သည်။ သူငယ်ချင်းအသစ်၊ မိတ်ဆွေအသစ်၊ လုပ်ဖော်ကိုင်ဖက်အသစ်များ တိုးပွားလာသည်။

တင်ဖေကခေါ်သဖြင့် ကန်တော်လေး ၉၄ လမ်းသို့ လိုက်သွားသည်။ တင်ဖေက မောင်ညို၊အကူအညီဖြင့် ၉၄ လမ်း ကုန်သည်တစ်ယောက်နေအိမ်ဝင်ရောက်ခဲ့ပါသည်။ တင်ဖေနှင့်အတူ အိမ်ပထမထပ်သို့ အောင်ညီညီမင်း တက်လိုက်သွားပါသည်။

တင်ဖေကိုလိုက်ပို့တဲ့သူက အိမ်ရှင်နှင့်မိတ်ဖွဲ့ပေးပါသည်။ တင်ဖေက ငါးမူးသား ရွှေဆွဲကြိုးကိုလည်ပင်းမှ ဖြုတ်ယူလိုက်သည်။ အိမ်ရှင်အား အတိုးနှင့် ငွေထုတ်ပေးရန် ပြောဆိုတောင်းပန်ပါသည်။

အိမ်ရှင်က တင်ဖေထက် လည်ပုံရသည်။ ဆွဲကြိုးအား သေသေချာချာ

www.burmeseclassic.com

စစ်ဆေးပါသည်။ အိမ်ရှင်က မှန်ဘီလူးနှင့်ကြည့်ပါသည်။ မှတ်ကျောက်တိုက်ကြည့်ပါသည်။ အိမ်ရှင်သည် လက်ရှိ ဈေးရောင်းနေသူဖြစ်သည့်အပြင် ရွှေအကြောင်းနားလည်သူဖြစ်သည်။ ထိုအိမ်တွင် ရွှေချိန်သော ချိန်ခွင်ပါရှိနေပါသည်။ အားရအောင် စစ်ဆေးချိန်တွယ်ပြီး လက်ခံနိုင်သော အခြေအနေသို့ ရောက်ရှိပါသည်။

"မောင်တင်ဖေ ဘယ်လောက်ကြာသုံးမှာလဲ"

"အများဆုံးနှစ်လလောက်ပါ"

"အတိုးကတော့ ငါးကျပ်ယူတယ်နော်"

"ရွှေပေးထားတာပဲအစ်ကိုကြီးရာ သုံးကျပ်ပဲယူပါ"

"စိတ်မရှိပါနဲ့ စိတ်နိုင်မှလုပ်ပါ"

တင်ဖေကဆွဲကြိုးကိုယူ၍ ဘူးစိမ်းလေးထဲ ထည့်လိုက်ပါသည်။

"ယူလိုက်ပါကွာ မင်းကလည်း ဘယ်လောက်ကွာလို့လဲ၊ ယူမှာလည်း သောင်းဂဏန်းပဲဟာ"

အောင်ညီညီမင်းက ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း ဝင်ပြောခြင်းဖြစ်ပါသည်။ သို့အတွက်ရွှေဘူးကို အိမ်ရှင်သို့ ပြန်ပေးလိုက်ပါသည်။ အပေါင်ငွေကျပ်နှစ်သောင်းကို အိမ်ရှင်ကထုတ်ပေးလိုက်သည်။ တင်ဖေသည် ကျွမ်းကျင်စွာရေတွက်ပြီး အိမ်ပေါ်မှ ဆင်းခဲ့ပါသည်။ အောင်ညီညီမင်းအတွက် ပွဲဦးထွက်အတွေ့အကြုံဖြစ်သည်။ သူငယ်ချင်းတင်ဖေထံမှ လက်လွှဲလက်ပြောင်းပညာကို ကြည့်ရှုနှင့်တတ်ခဲ့ပါသည်။ ခွတမ်းလည်းရပါသည်။

*   *   *   *   *

ပုဇွန်တောင်ဈေးတွင် အောင်ညီညီမင်းသည် မအေးသန်းကို ဆုံတွေ့ပါသည်။ ကျောင်းနေဘက်သူငယ်ချင်းများဖြစ်သည်။ အေးတံတားထိပ် "ချိုဆိမ့်" လက်ဖက်ရည်ဆိုင်တွင် အောင်ညီညီမင်းက လက်ဖက်ရည်တိုက်ပါသည်။

"မအေးသန်း စက်ဆန်းမှာ နေတာမို့လား၊ ငါ့ကိုအကူအညီပေးစမ်းပါ၊ ရပ်ကွက်ထဲ ဆွဲကြိုးလေးထားပေးစမ်းပါ"

"နင်က သူဌေးသား လုပ်နေပြီး ပေါင်တာနှံတာလုပ်နေရလား"

"ဝတန်းတုန်းကလို မဟုတ်တော့ဘူးမအေးသန်း၊ ကိုယ့်ဟာကိုယ်ရှာစားနေရတယ်သိလား၊ ပေါင်လို့ရလျှင် မအေးသန်းအတွက် သုံးပုံတစ်ပုံရမယ်၊ ကျေနပ်လား"

"နင်က အကြံအဖန် လုပ်မလို့လား"

"ကျောင်းနေဘက်မို့ ဘွင်းဘွင်းပြောတာဟာ"

ရပ်ကွက်အတွင်းမှ ကျောင်းဆရာမ ဒေါ်ငွေရည်ဆီကို ချက်ချင်းသွားကြပါသည်။ မအေးသန်းသည် ဆရာမထံရွှေပေါင်နှံဖူးပါတယ်။ ဆရာမက ငြင်းသေးတယ်။

"ဆရာမသူ့ကို ကျွန်မတာဝန်ယူပါတယ်၊ ကျောင်းတုန်းက တွဲလာကြတာပါ"

"ဆရာမ ပုဇွန်တောင်ဈေးနီးနီးလေးပဲ၊ ဆွဲကြိုးကို သွားစစ်ကြည့်ရအောင်လေ"

"ကောင်းတယ်၊ ဆရာမ တိတိကျကျ လုပ်ကြရအောင်"

အမှတ် ၅၀ လိုင်းကားဖြင့် သွားရောက်ကြ၍၊ သမာဓိချိန်ခွင်တွင် ဆွဲကြိုးအား ချိန်တွယ်ပါသည်။ ရွှေရည်နှင့်အလေးချိန် စာရွက်နှင့်ရေးပေးပါသည်။ ဆရာမသိမ်းယူထားလိုက်သည်။ စစ်ဆေးပြီးဆွဲကြိုးအား အောင်ညီညီမင်းက ဘူးစိမ်းလေးထဲထည့်၍ ဆရာမလက်ထဲ ထည့်ပေးလိုက်ပါသည်။

ဆရာမ မအေးသန်းအား အိမ်ခေါ်သွားပြီး ပြောထားသည့်အတိုင်း ငွေတစ်သိန်းခြောက်သောင်း ပေးလိုက်ပါသည်။ အောင်ညီညီမင်းက ပုဇွန်တောင်စာတိုက်မှတ်တိုင်မှ မအေးသန်းကို စောင့်နေပါသည်။

"မအေးသန်း ငါးသောင်းယူလိုက်ပါ၊ ကျေးဇူးတင်ပါတယ်"

"ပြဿနာဖြစ်ရင် ငါ့ကိုဆွဲမထည့်နဲ့နော်၊ နေပါဦး နင့်ဆွဲကြိုးအစစ် ဆရာမဆီပါသွားတယ်နော်"

"ဒီမှာပါ သူငယ်ချင်းရယ်"

လက်ထဲက ဘူးစိမ်းလေးကို ဖွင့်ပြရာ ဂွမ်းခံထည့်ထားသည့် ရွှေဆွဲကြိုးလေးတွေ့ရလေသည်။ မအေးသန်းအံ့အားသင့်သွား၏။ မအေးသန်းက ဘယ်လို လုပ်လိုက်တာလဲဟု အဓိပ္ပါယ်ပါသောအကြည့်ဖြင့် ကြည့်နေလေသည်။

"သမာဓိချိန်ခွင် ရှေ့မှာပဲလေ၊ မအေးသန်း မမြင်ဘူးလား"

"သိပေါင်တော်"

"ဒါနဲ့မအေးသန်းကို ဆယ်တန်းတုန်းက ငါတောင်းထားတဲ့အဖြေ မရသေးဘူးနော်၊ သိလား"

"ငါယောကျ်ားရနေပြီ သေနာရဲ့"

အောင်ညီညီမင်း တဟားဟားရယ်မောပြီး ၃၅လိုင်းကားပေါ်တက်လိုက်သွားပါသည်။ ဒေါ်ပုံဝက်စုမှတ်



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်တွင် အောင်ညီညီမင်း ဆင်းနေလိုက်ပါသည်။ အပေါင်းအသင်း တစ်ယောက်ဖြစ်သူ လှဆန်းကိုသွားရှာသည်။ ဝက်စုရပ်ကွက်နေအိမ်ကိုလည်း မနည်းရှာရ၏။

"အောင်ညီညီမင်း ကားပွဲစားတန်း မလာတာကြာပြီ၊ ဘာလုပ်နေလဲ"

"ချဲ့အပိုင်ကွက်တွေရလို့၊ အဲဒီဘက်မရောက်ရပါဘူး။ အခုလှဆန်းကို ချဲတစ်ကွက် ရလာလို့လာပေးတာ၊ ဝမ်းတေဘယ်လ် ကျွေးမလို့ တမင်အချိန်ပေးပြီးလာခဲ့တာ၊ အဝတ်အစားလဲသွားမယ်"

"မဖြစ်ဘူးနဲ့တူတယ်"

"ဘာလို့လဲ လှဆန်း၊ ခါတိုင်းမငြင်းဖူးပါဘူး"

"ကြာနေလို့မဖြစ်ဘူးလို့ ပြောတာပါကွာ၊ နို့ဘာအကွက်လဲ၊ ဘယ်ဘိုးတော်ဆီကရလာတာလဲ"

"ဘိုးတော်ဆီကမဟုတ်ဘူး၊ ထိုင်းအင်ဂျင်နီယာ တစ်ယောက်ဆီကရတာ၊ ဘယ်သူ့ကိုမှ မဖြန့်နဲ့လို့တော့မှာလိုက်တယ်။ ငါကမနေနိုင်လို့ လှဆန်းဆီရောက်လာတာ၊ ငါတော့ထိုးခဲ့ပြီ၊ ဒီမှာကြည့်"

"နှစ်သောင်းကွက်ပါလား အောင်ညီညီမင်း လုပ်လိုက်ရင်ပွဲသိမ်းပဲ"

"အဲဒီဘောင်ချာ မင်းယူချင်ယူထားလိုက်၊ အခုစားသောက်ဆိုင် သွားလျှင် ငါထပ်ဖြတ်လိုက်မယ်"

"ဟောကောင်၊ ငါ့မှာငွေနှစ်သောင်း မပြည့်ဘူးကွ"

"သူငယ်ချင်းအချင်းချင်းပဲ ပေါက်တော့မှပေးလည်းရပါတယ်"

"တစ်သောင်းခွဲယူထားကွာ"

"လှဆန်းရာ ပြောစရာလား၊ ကဲလုပ်၊ အကွက်ဒိုင်အချိန်မီသွားရအောင်"

အောင်ညီညီမင်းနှင့် လှဆန်းတို့သည် ရပ်ကွက်ထိပ်မှသုံးဘီးဖြင့် ပုဇွန်တောင် အေးတံတားသို့လာခဲ့ကြသည်။ လှဆန်းအား လမ်းမပေါ်ထားခဲ့ပြီး အောင်ညီညီမင်းက အနောက်ဘက်တိုက်ခန်းတစ်ခန်းထဲ ဝင်သွားပါသည်။

မကြာမီ အောင်ညီညီမင်း ပြန်ထွက်လာသည်။ လှဆန်းကို "ရတယ်" လို့ အသံမထွက်ဘဲ ပြောလိုက်သည်။ လှဆန်းကို ပုဇွန်တောင်ဈေးရှေ့ လမ်းတစ်ဖက်ကမ်းရှိ "ဖဲကြိုးဝါ"စားသောက်ဆိုင်အတွင်းခေါ်သွား၍ ဘီယာနှင့် အမြည်းများ အလျှံပယ် ကျွေးမွေးပါသည်။ အပြန်တွင် အိမ်အတွက် ခေါက်ဆွဲထုပ်နှစ်ထုပ် လှဆန်းအား ထည့်ပေးလိုက်သည့်အပြင်၊ လေးဘီးပါငှားပေးလိုက်၏။ လှဆန်း မူးလည်းမူးသွားသည်။

အောင်ညီညီမင်းအား ကျေးဇူးလည်းတင်သွားသည်။ အောင်ညီညီမင်းပေးသော ချဲနံပါတ်သည် ပေါက်နိုင်သော ဂဏန်းမဟုတ်သည်ကို မသိရှာပါ။ အောင်ညီညီမင်းက ချဲတကယ်ထိုးမလာဘဲ ဘောင်ချာအတုရေးပြီး သူ့ဆီမှ ငွေတစ်သောင်းခွဲ လိမ်တောင်း၏။ သူ့ငွေနှင့်သူ ဝမ်းတေဘယ်လ်ကျွေးလိုက်သည်ကိုလည်း လှဆန်းမသိရှာပေ။

* * * * *

အမှုစစ်အရာ ကိုကြည်သိန်းက သဲကြီးမဲကြီး တရားခံစစ်နေပါတယ်။ တရားခံဟာ တိုင်ချက်ပါအမှုအပြင် မတိုင်သောပြစ်မှုနှစ်ခုကိုပါ ထွက်ဆိုထားပါတယ်။ မတိုင်တဲ့ကိစ္စကိုတော့ ကျွန်တော်နေတတ်သလို နေလိုက်ပါတော့တယ်။ အစတွေဆွဲထုတ်ချင်စိတ်မရှိလို့ပါ။

တရားရုံးမှ တရားခံ အာမခံယူသွားပြီး နောက်ရက်မှာ မအေးသန်းကို အမှုစစ်အရာ ကိုကြည်သိန်း သွားခေါ်လာပါသည်။ မအေးသန်းက သွက်သွက်လက်လက်၊ လှလှပပရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။

ကျွန်တော်စစ်ကြည့်တော့ မအေးသန်း ငြင်းနေပြန်ပါတယ်။ ဆရာမကို ရိုးရိုးသားသား ပြပေးရုံပဲတဲ့။

မအေးသန်း ဘာပြောပြော အောင်ညီညီမင်းနှင့်အတူ ပြစ်မှုပုဒ်မ ၄၂၀/၁၁၄ အရ တရားစွဲခဲ့ပါတယ်။ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးမှာ ကိုးလခန့်စစ်ဆေးခဲ့ပါတယ်။ တရားခံနှစ်ယောက်ကို စစ်ဆေးနေချိန် အာမခံပေးထားတာ လုပ်ထုံးလုပ်နည်းအတိုင်းသာဖြစ်ပါတယ်။

တရားရုံးမှာ ဆရာမလေး သဲငွေရည်က ကျေအေးရပ်သိမ်းလွှာ တင်တယ်လို့ ကြားသိရပါတယ်။ အောင်ညီညီမင်းတို့ ကျေနပ်အောင် ပြန်လျော်တာကိုး။

တရားရုံးက ကျေအေးခွင့်မပေးနိုင်တဲ့အမှုဖြစ်တာကြောင့် အမိန့်တော့ချပါတယ်။ တရားခံများကို လျှော့ပေါ့တဲ့ အပြစ်ဒဏ် သတ်မှတ်အမိန့်ချပါတယ်။ အောင်ညီညီမင်းက ထောင်ဒဏ်တစ်နှစ်၊ မအေးသန်းက ထောင်ဒဏ်ခြောက်လကျသွားပါတယ်။

ဘယ်သူမပြု မိမိမှုသာ။

တိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



# သရဲခြောက်တဲ့ ဟိုတယ်

ကျော်ဌေး(ဘီဘီစီ)

အချိန်ကား ...ညသန်းခေါင် ရှိနေပေပြီ။ တင့်တယ်လှပတဲ့ ဟိုတယ်ရဲ့ ဧည့်ခန်းဆောင်ထဲမှာ ဟိုဒီ လမ်းလျှောက်ရင်း ကျွန်မက အခန်းရှင်း အလုပ်သမလေး ဆယ်လီဝှိုက်ကို ရှာဖွေနေပါသည်။ မျက်နှာသုတ်ပဝါအသစ် လိုချင်လို့လား ...။ မဟုတ်ပါဘူး။ သူ့ကို မျက်နှာသုတ်ပဝါတွေနဲ့ မကြာခဏ တွေ့ရတတ်တယ်လို့ လူပြောများနေလို့ပါ။ တကယ်တော့ ဆယ်လီဟာ နာနာဘာဝပါ။

ကျွန်မကတော့ စာရေးဆရာမတစ်ယောက် ဖြစ်ပါတယ်။ သရဲ၊ တစ္ဆေနဲ့ နာနာဘာဝတွေအကြောင်း အဓိကထား ရေးသူပါ။ ခုကျွန်မရှာဖွေနေတဲ့ ဆယ်လီဝှိုက်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်ကတည်းက သေဆုံးခဲ့ပါပြီ။ သက်တမ်း ၁၄၆ နှစ် ရှိပြီဖြစ်တဲ့ ဒီဟိုတယ်မှာ ကိုယ်ထင်ပြခြောက်လှန့်နေတယ်လို့ သတင်းထွက်နေပါတယ်။ ဟိုတယ်ရဲ့နာမည်က မင်ဂျာဖြစ်ပြီး တက်ဆက်ပြည်နယ်၊ ဆန်အန်တိုနီမြို့မှာ ဖြစ်ပါတယ်။

ဧည့်ခန်းမကို ဖြတ်လျှောက်သွားပြီး ဟိုတယ်စောင့်တစ်ယောက်ကို ဆယ်လီကို မြင်ဖူးသလား ကျွန်မက မေးလိုက်ပါတယ်၊ အဲဒီအချိန်မှာ နံရံကိုထုလိုက်တဲ့ အသံကျယ်ကြီးကို ကြား

www.burmeseclassic.com

လိုက်ရပါတယ်။ ကျွန်မတို့နှစ်ယောက်စလုံး ဖြုန်းခနဲ လန့်ဖျပ်သွားကြတာပေါ့။ တစ်ဖက်က ရုံးခန်းအလွတ်ထဲ ဝင်ကြည့်လိုက်တော့ ဘယ်သူမှ မရှိဘူး။ ဟိုတယ်စောင့်က ခေါင်းခါပြီး ဒါမျိုး အရင်က တစ်ခါမှ မဖြစ်ဘူး လို့ ပြောတယ်။ ကျွန်မက "ဒါမျိုးတွေ အစ်မ မကြာခဏ ကြုံဖူးနေကျပဲ" လို့ ပြောလိုက်ပါတယ်။

တစ္ဆေသရဲတွေကို ငါးနှစ်သမီးအရွယ်ကတည်းက ကျွန်မစိတ်ဝင်စားခဲ့တာပါ။ ကျွန်မတို့မိသားစုဟာ ပစိဖိတ်သမုဒ္ဒရာကို လှမ်းမြင်နေရတဲ့ တောင်ကုန်းပေါ်က သရဲခြောက်တဲ့အိမ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ အဲဒီအိမ်နီလေးဟာ သချိုင်းကုန်းဟောင်း တစ်ခုပေါ်မှာ ဆောက်လုပ်ထားတာဖြစ်ပြီး ကြည့်ရတာ သိပ်ကြောက်စရာမကောင်းပါဘူး။ ဒါပေမယ့် အိမ်ထဲမှာ မိန်းမတစ်ယောက် ဟိုသွားဒီလာလုပ်နေပြီး ပူဆွေးကြေကွဲစွာနဲ့ ငိုရှိုက်တဲ့အသံကို မကြာခဏ ကြားရတတ်ပါတယ်။

ဒီမိန်းမ . . . ဘယ်သူဘယ်ဝါမှန်း မသိရပေမယ့် အကောင်ထည် မပေါ်ဘဲ သွားလာပြီး ခြောက်လှန့်နေတဲ့ မိန်းမက ကျွန်မရဲ့ဘဝကို ပြောင်းလဲပေးလိုက်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်တာ ကာလအတွင်း ကျွန်မရဲ့အလုပ်က တစ္ဆေသရဲတွေကို မြင်တွေ့ခဲ့ဖူးသူတွေကို လိုက်ရှာပြီး အင်တာဗျူးခဲ့တယ်။ သူတို့ပြောတဲ့ တစ္ဆေသရဲတွေဟာ ဘယ်သူဘယ်ဝါတွေဆိုတာ မှတ်တမ်းတိုက်တွေ၊ ပွဲ မှတ်နောက်စုံစမ်း ရှာဖွေခဲ့ပါတယ်။ ကျောချမ်းစရာကောင်းတာက ကိုယ်ရောင်ပြတတ်တဲ့ တစ္ဆေသရဲတွေဟာ ရက်စက်စွာ အသတ်ခံရပြီး သေဆုံးသူတွေ ဖြစ်ကြပါတယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး အဓိကကျမယ့် သီအိုရီတစ်ခုကို ကျွန်မလက်ခံခဲ့ပါတယ်။ အသတ်ခံရတဲ့သူတွေရဲ့ ဝိညာဉ်တွေဟာ သူတို့ကိုသတ်တဲ့ လူတွေကို ဥပဒေက အပြစ်ပေးခြင်း ခံရခြင်း မရှိသေးသရွေ့ မကျွတ်သေးဘဲ ကမ္ဘာပေါ်မှာ ဆက်ရှိနေကြတုန်းပဲဆိုတဲ့ အချက်ပါ။ ဆယ်လီဝိုက်ရဲ့ ဖြစ်ရပ်ဟာ ဒီယူဆချက်နဲ့ ကိုက်ညီနေပါတယ်။ ဆယ်လီဟာ ရုပ်ရည်ချောမောလှပတဲ့ အခန်းရှင်းလင်းရေး အလုပ်သမတစ်ယောက်ဖြစ်ပြီး မင်ဂျာဟိုတယ်မှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။ တခြားယောကျ်ားတွေနဲ့ ပြောဆိုဆက်ဆံတာ

"ကျွန်မ ရေအိမ်ခန်းထဲက အမြန်ထွက်လာခဲ့တယ်။ အဖြစ်အပျက် အားလုံးဟာ တကယ်ဖြစ်ခဲ့တာပါ။ နောက်တော့မှ ကျွန်မရဲ့ လက်ကောက် ပျောက်နေမှန်း သိရတယ်။ မူလအစီအစဉ်အတိုင်း ရက်စေ့အောင် မနေတော့ဘဲ ပြန်ပြေးခဲ့ရတယ်။ နောက်တစ်ည ဆက်မနေချင်တော့ဘူး" လို့ ကယ်ရင်က ပြန်ပြောပါတယ်။

ကို မနာလိုတဲ့ ယော... ဖြစ်သူက အချစ်ကြီး အ... ကြီးဆိုသလို ၁၈၅၆ ခု... မှာ သေနတ်နဲ့ ပစ်သတ်... ခြင်း ဖြစ်ပါတယ်။

ဟိုတယ်မှာ လက်... အလုပ်လုပ်နေတဲ့ ဆက်... ရေးဒါရိုက်တာ အာနက်(... တိုမာလာကာရာကာ ဒီဖြ... ရပ်နဲ့သက်ဆိုင်နေတဲ့ အမှ... အသားတစ်ခုကို ညှော်ခန်း... ထဲက မှန်ဗီရိုထဲမှာ ပြ... ထားပါတယ်။ ဒါကတော့ ဟိုးရှေးခေတ်က လယ်ဂျ... စာအုပ်ဖြစ်ပြီး 'ဟိုတယ်... အခန်းသန့်ရှင်းရေး အလုပ်... သမ ဆယ်လီဝိုက်အတွက်... အခေါင်း၀ယ်ခ ၂၅ ဒေါ်... လာ၊ မတ်လ ၂၈ ရက်နေ့... တွင် သူမ၏ယောကျ်ားက... သေနတ်ဖြင့် ပစ်သတ်ခဲ့... သည်' လို့ ရေးမှတ်ထားပါ... တယ်။

"ဟိုတယ်ပိုင်ရှင်တွေ... က အတော်လေးကို စိတ်... မကောင်းဖြစ်ကြပြီး၊ ဆယ်... လီဝိုက်ရဲ့ အသုဘစရိတ်ကို... သူတို့တာဝန်ယူခဲ့ကြတယ်" လို့ မစ္စတာမာလာကာက... ရှင်းပြပါတယ်။

သူဟာ အဲဒီဟိုတယ်... မှာ ၂၈ နှစ်ကြာ တာဝန်... ထမ်းဆောင်ခဲ့စဉ် လာတည်း... ကြတဲ့ ဧည့်သည်တွေက... တစ္ဆေသရဲဖြစ်နေတဲ့ ဆယ်... လီကို မြင်လိုက်ရတယ်ဆို...

www.burmeseclassic.com

တဲ့ ပြောစကားတွေ ကြုံခဲ့ရဖူးပါတယ်။ ဒါကို မယုံကြည်ကြတဲ့သူတွေကတော့ ဟိုတယ်အုပ်ချုပ်သူတွေဟာ ဧည့်သည်တွေလာချင်အောင် ဆွယ်တဲ့လုပ်ရပ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ အတွေ့အကြုံအရ ဆယ်လီဂိုက် မကျွတ်သေးဘဲ ရှိနေတယ်ဆိုတာကို သိနေသလို ဆယ်လီကို တွေ့ခဲ့ရသူတွေနဲ့ ကျွန်မစကားပြောကြည့်တဲ့ အခါမှာလည်း အတော်လေး ကြောက်စရာပါ။

ကျွန်မတွေ့ခဲ့တဲ့ လူတစ်ယောက်ကတော့ ဆီဖာဝွန်ဇာလေ့(စ်)ဖြစ်ပြီး ကွန်ပျူတာကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ ၁၉၉၈ ခုနှစ်က မင်ဂျာဟိုတယ်မှာ တည်းခိုနေစဉ် ဒုတိယထပ်ရဲ့ ရှည်လျားတဲ့ စင်္ကြံကို ဖြတ်ခနဲ လှမ်းကြည့်လိုက်တဲ့အခါ အိပ်ရာခင်းတွေ သယ်လာတဲ့ မိန်းမတစ်ယောက်ကို လှမ်းတွေ့လိုက်ပါတယ်။ "ဒီမိန်းမဟာ အနက်ရောင်အဝတ်အစားတွေ ဝတ်ထားတယ်။ မေးသိုင်းကြိုးပါတဲ့ ဦးထုပ်ဆောင်းထားတယ်။ မပေကျံစေဖို့ ခါးစည်းအဝတ်အဖြူ ပတ်ထားတယ်"လို့ သူမှတ်မိသမျှ ပြန်ပြောပါတယ်။ စက္ကန့်အနည်းငယ်လောက် အကြည့်လွှဲလိုက်တယ်။ "ကျွန်တော့်ရဲ့ မျက်စိရှေ့ကနေ ဘယ်လိုပျောက်သွားမှန်း မသိဘူး။ သိပ်မြန်လွန်းတော့ တစ္ဆေသရဲကို ကျွန်တော်မြင်လိုက်ရတယ်ဆိုတာ သိသာပါတယ်။ ဒီအကြောင်း ပြန်စဉ်းစားရင် ခုချိန်ထိ ကျောချမ်းတုန်းပါပဲ"

ပရလောကကို လေ့လာစူးစမ်းနေတဲ့ မာတင်လိ(စ်)ဆိုသူ တစ်ယောက်က "ဆန်အန်တိုနီမြို့က ခြောက်တဲ့အိမ်ကြီးအတွင်း သရဲရှာတဲ့ခရီးစဉ်"အမည်နဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်တဲ့ ခရီးစဉ်တစ်ခု စီစဉ်ခဲ့ဖူးပါတယ်။ အနီအောက်ရောင်ခြည် ဗီဒီယိုကင်မရာတွေ (ဒီကင်မရာတွေက တစ္ဆေသရဲတွေရဲ့ ပုံရိပ်တွေကို လူတွေရဲ့ မျက်စိနဲ့ မြင်ရအောင် လုပ်ပေးပါတယ်) လျှပ်စစ်သံလိုက်စက်ကွင်း (EMF) ထောက်လှမ်းရေးကိရိယာတွေနဲ့ အပူလှိုင်းပုံရိပ် ကင်မရာတွေကို အသုံးပြုပြီး မတူညီတဲ့ စွမ်းအင်စက်ကွင်းကို ခွဲခြားနိုင်အောင် လုပ်ခဲ့ပါတယ်။ "EMF ထောက်လှမ်းရေးကိရိယာတွေနဲ့ စစ်ဆေးကြည့်ရာမှာ စွမ်းအင်စက်ကွင်း အမြင့်ဆုံးပြသတဲ့ နေရာက ဟိုတယ်ရဲ့ ဒုတိယထပ်မှာ ဖြစ်ပါတယ်။ ဒီအထပ်မှာ တစ္ဆေသရဲဖြစ်နေတဲ့ ဆယ်လီကို မြင်တဲ့နေရာပါ။ စက်ကွင်းထောက်လှမ်းရေးကိရိယာ ကိုင်ထားတဲ့လူက သူ့လက်တွေ ဓာတ်လိုက်သလိုခံစားရတယ်လို့ ပြောတယ်"

၁၉၉၇ ခုနှစ်က မင်ဂျာဟိုတယ်မှာ တည်းခိုခဲ့တဲ့ ကယ်ရင်ဂျင်တလီဆီ(ဇ)မိုး ဆိုတဲ့ ပညာရေးဆိုင်ရာ အတိုင်ပင်ခံ အမျိုးသမီးတစ်ယောက်ကလည်း သူ့ရဲ့အတွေ့အကြုံကို ပြောပြပါတယ်။ ဒီလိုပြန်ပြောရာမှာ ကြောက်ရွံ့ထိတ်လန့်နေဆဲပါ။

သူ့ရဲ့ ပရလောကနဲ့ ဆက်သွယ်မှုကတော့ ဒီလိုပါ။ အခန်းထဲက သူ့ရဲ့ ခရီးဆောင် လက်ဆွဲအိတ်ဟာ သူမဖွင့်ဘဲနဲ့ လက်ရာခြေရာပျက်နေတာကို တွေ့ရပါတယ်။ အခန်းထဲကို ဘယ်သူမှ မဝင်ကြဘူးလို့ ဟိုတယ်ဝန်ထမ်းတွေကလည်း အသေအချာ ပြောကြပါတယ်။ ဟိုတယ်ဧည့်ခန်းတစ်ဖက်က လူရှင်းနေတဲ့ အမျိုးသမီးရေအိမ်ထဲကို ဝင်သွားချိန်မှာ ပိုပြီး ချောက်ချားစရာ ကောင်းပါတယ်။ ပိုင်းကန့်ထားတဲ့ အိမ်သာအခန်းငယ်ထဲက ထွက်လိုက်ချိန်မှာ အသံကုန်အော်ဟစ်လုမတတ် ဖြစ်ခဲ့ပါတယ်။ "ရေအိမ်အခန်းထဲမှာ သန့်ရှင်းရေးအလုပ်သမတစ်ယောက်ကို ယူနီဖောင်းနဲ့ တွေ့လိုက်ရတယ်။ အရပ်ရှည်ရှည်နဲ့ ချောမောတဲ့ မိန်းကလေးပါ။ အသားအရောင်က သံလွင်ရောင်၊ မျက်လုံးညိုတွေက ပိုင်းစက်တောက်ပနေတယ်။ ကျွန်မက 'မင်းဝင်လာတာ ငါကြားလည်းမကြားခဲ့ဘူး။ မြင်လည်း မမြင်ခဲ့ဘူး' လို့ ပြောလိုက်တယ်"

သန့်ရှင်းရေး မိန်းကလေးက ပြုံးပြီး "ဒီဟိုတယ်မှာနေရတာ ကျေနပ်နှစ်သိမ့်မှု ရှိပါရဲ့လား"

ကယ်ရင်က စိတ်လှုပ်ရှားစွာနဲ့ ခေါင်းညိတ်ပြလိုက်ပြီး လက်တွေကို ဆေးနေပါတယ်။

မိန်းကလေးက ငွေလက်ကောက်တစ်ခုထောင်ပြပြီး "ဒါ ရှင့်ဟာလား"လို့ မေးလိုက်ပါတယ်။ မိန်းကလေးပြတဲ့ လက်ကောက်က ကယ်ရင်ဆီမှာရှိတဲ့ဟာနဲ့ ခပ်ဆင်ဆင် တူနေပါတယ်။ ဒါပေမယ့် သူ့ရဲ့ လက်ကောက်ကို အခန်းထဲမှာ အသေအချာထားခဲ့တာပဲ။ ဒါကြောင့် ခေါင်းခါပြလိုက်တယ်။

"မပျောက်ဘူးဆိုတာ သေချာရဲ့လား"လို့ မိန်းကလေးက ထပ်မေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ရေအိမ်ခန်းထဲက အမြန်ထွက်လာခဲ့တယ်။ အဖြစ်အပျက်အားလုံးဟာ တကယ်ဖြစ်ခဲ့တာပါ။ နောက်တော့မှ ကျွန်မရဲ့လက်ကောက် ပျောက်နေမှန်း သိရတယ်။ မူလအစီအစဉ်အတိုင်း ရက်စေ့အောင်မနေတော့ဘဲ ပြန်ပြေးခဲ့ရတယ်။ နောက်တစ်ည ဆက်မနေချင်တော့ဘူး"လို့ ကယ်ရင်က ပြန်ပြောပါတယ်။

"ဆယ်လီဝှိုက်"ရဲ့ ယောက်ျား ဟင်နရီဝီလားဟာ လူသက်မှုနဲ့ အဖမ်းမခံရအောင် ထွက်ပြေးသွားခဲ့ပါတယ်။ ကျွန်မ စဉ်းစားမိတာက ဒီဖြစ်ရပ်ဟာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဝီလားတစ်ယောက် ခုချိန်မှာ သေဆုံးသွားလောက်ပါပြီ။ ဒါကို ဆယ်လီ သိချင်မှသိမယ်။ တရားရုံးတော်မှာ သူ့ယောက်ျား အပြစ်ဒဏ်ပေးခံရမယ့်ရက်ကို စောင့်မျှော်နေဆဲ ဖြစ်ပုံရတယ်။ ဆယ်လီ့ရဲ့ဖြစ်ရပ်က သူ့လို မကျွတ်ဘဲ တစ္ဆေသရဲဖြစ်နေတဲ့ 'ဒယ်ဘရာဝှတ်လော့(ခ)' ဆိုသူ အမျိုးသမီးရဲ့ ဖြစ်ရပ်နဲ့ တူနေပါတယ်။ ဆယ်လီအသတ်ခံရပြီး နှစ်တစ်ရာကျော်အကြာ ၁၉၉၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ဝှတ်လော့(ဂ)ဟာ သူမရဲ့ ကယ်လီဖိုးနီးယား နေအိမ်မှာ ကြမ္မာဆိုးကြုံပြီး အသတ်ခံခဲ့ရတာပါ။

"သူ့ကိုသတ်တဲ့တရားခံ မမိမချင်း ဒယ်ဘီ ကျွတ်ဦးမှာမဟုတ်ဘူးလို့ ကျွန်မ အမြဲပြောပါတယ်"လို့ မိခင်ဖြစ်သူ ဂျက်ကီမက်ဒေါနယ်က ပြောပါတယ်။ ဒယ်ဘီဟာ ကုန်တိုက်ကြီးတစ်ခုရဲ့ လက်ထောက်မန်နေဂျာတစ်ယောက်ဖြစ်ပြီး သတ်ဖြတ်ခြင်းကို ခံခဲ့ရတာပါ။ ဒယ်ဘီ အသတ်ခံရပြီးနောက် မိခင်ဖြစ်တဲ့ မက်ဒေါနယ်က သမီးကိုသတ်တဲ့ လူသတ်တရားခံကိုသိရင် သတင်းပေးဖို့ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ခဲ့သလို ဒယ်ဘီရဲ့ ပြုံးရယ်နေတဲ့ မျက်နှာနဲ့ လက်ကမ်းစာရွက်ငယ်ပေါင်းများစွာကို ဝေငှပြီး ပြည်သူပြည်သားတွေဆီက အကူအညီ တောင်းခံခဲ့ပါတယ်။

ဒီအတောအတွင်း ဒယ်ဘီအသတ်ခံရတဲ့ အိမ်ကို နှစ်ကြိမ်ရောင်းချခဲ့ပြီး အငြိမ်းစားလင်မယား ဘော့(ဘ)နဲ့ လီအိုလာကောလင်းတို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ ဒီအိမ်ကြီးမှာ လူသတ်မှုဖြစ်ခဲ့တာကို မသိကြပါဘူး။ မြေးငယ်လေး နီကိုလပ်(စ်)က ဒယ်ဘီဆိုတဲ့ မမြင်ရတဲ့ဝိညာဉ်နဲ့ သူငယ်ချင်းဖြစ်နေတယ်လို့ ပြောတာကြောင့် အဘွားလီအိုလာ အခန်းထဲကို ချက်ချင်းပြေးဝင်ကြည့်ပေမယ့် ဘာမှ မတွေ့ခဲ့ဘူး။

တစ်နေ့ ကုန်စုံဆိုင်ကြီးမှာ ဈေးဝယ်နေစဉ် မြေးကလေး နီကိုလပ်(စ်)ကို တွန်းလှည်းဈေးခြင်းထဲထည့်ဖို့ ကြိုးစားခဲ့ပေမယ့် သူက ငိုကြီးချက်မ ငိုပါတယ်။ "မထိုင်ဘူး၊ ဒယ်ဘီပေါ်မှာ မထိုင်ချင်ဘူး" တွန်းလှည်းဈေးခြင်းထဲမှာ ဒယ်ဘီ ပုံပါတဲ့ လက်ကမ်းစာရွက်ငယ်လေး ...။

နီကိုလပ်(စ်)က ...

"ကျွန်တော်နဲ့ ကစားတာ ဒီမိန်းမပဲ"လို့ ပြောပါတယ်။

၁၉၉၇ ခုနှစ်မှာ ဒယ်ဘီကိုသတ်တဲ့ တရားခံကို ဖမ်းမိခဲ့ပါတယ်။ မက်ဒေါနယ်ရဲ့ ကြော်ငြာစာရွက်ကို တွေ့ရှိသူ တစ်ယောက်က လူသတ်တရားခံဟာ ... စကော့ဖီဇယ်ဖြစ်ပြီး ဒယ်ဘီရဲ့အိမ်ကို ဖောက်ထွင်းမှုကျူးလွန်ခဲ့တာလို့ ဖော်ထုတ်ခဲ့ပါတယ်။ တရားခံ ထောင်ကျသွားပြီးတဲ့နောက် မက်ဒေါနယ်က သမီးဖြစ်သူရဲ့ ဂူကိုသွားပြီး "တရားခံကို မိသွားပြီ။ သမီး ငြိမ်းအေးချမ်းသာစွာနဲ့ အနားယူပါတော့"လို့ ပြောခဲ့ပါတယ်။

သူ့သမီးကို သတ်ခဲ့တဲ့ တရားခံကို ဖမ်းမိခဲ့တာကြောင့် စိတ်အေးရပြီ... မက်ဒေါနယ်က ယုံကြည်ခဲ့... တယ်။ ဒါပေမယ့် အသတ်ခံရသူတွေလိုပဲ သူတို့ရဲ့ မိသားစုတွေလည်း ငြိမ်း... အေးချမ်းသာမှု ရှာဖို့လိုအ... ပါတယ်။ တစ်ညမှာ ဆံပင်... အရှည်နဲ့ မိန်းမတစ်ယောက်ကို အိပ်မက်မက်ပြီးတဲ့နောက် အိပ်ရာက ကျွန်မ... လန့်နိုးသွားခဲ့ပါတယ်။ အိပ်... မက်ထဲမှာ လူတစ်ယောက်က အဲဒီမိန်းမကို ရိုက်နှက်ပြီး လည်ပင်းကို ဓားနဲ့ လှီး... ခုတ်လိုက်ပါတယ်။ ဒါမီရှာ... ဘာတွန်းနက်ဆီက အီး... မေးလ်ဝင်လာတဲ့အထိ ကျွန်... မ ကြောက်ရွံ့တုန်လှုပ်နေ... ဆဲပါ။ အီးမေးလ်ထဲမှာ ကျွန်မရေးတဲ့ စာအုပ်တစ်... အုပ်ကို ဖတ်ဖူးသူဖြစ်ပြီး ကျွန်မရဲ့ အကူအညီကို... တောင်းခံထားခြင်း ဖြစ်ပါ... တယ်။

၁၉၈၂ ခု၊ ဇွန်လ... အတွင်းက ဒါမီရှာရဲ့မိခင်... ဗာနာဟာသမီးကို နောက်... ဆုံး ဂွတ်နိုက်အနမ်း ပေး... သွားခဲ့ပါတယ်။ အသက် ၇... နှစ်အရွယ် ဒါမီရှာကို ဝါရှင်... တန်မှာရှိတဲ့ အဘွားအိမ်က... အိပ်ရာထဲ သိပ်ထားခဲ့ပြီး မကြာခင်ပြန်လာခဲ့မယ်လို့... ပြောသွားခဲ့ပါတယ်။ အဲဒီ... နောက် ဆီရယ်တ်မှာရှိ... အိမ်ကို ကားမောင်းသွားခဲ့...



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအိမ်က ပစ္စည်းတွေကို သိမ်းဆည်းပြီး အတူတူပေါင်းသင်းနေတဲ့ ဂျူအန်ဓာရီယာလူဖရီဒိုလက်က ထွက်ပြေးဖို့ပါ။ ဒီလူက ရက်စက်အနိုင်ကျင့်တဲ့လူ၊ ဒါပေမယ့် အဲဒီလူက အဆင်သင့်စောင့်နေတယ်။ ဗာနာရဲ့ လည်ချောင်းကို ဓားနဲ့ လှီးခုတ်သတ်ပြီးတဲ့နောက်၊ ခေါက်ခုတင်ကြားမှာ ဝှက်ထားခဲ့ပါတယ်။ အလောင်းကို နှစ်ပတ်အကြာမှာ ရဲက တွေ့ခဲ့ရှိခဲ့ပါတယ်။

လူဖရီဒိုကို မကြာခင်မှာပဲ ရဲကဖမ်းမိခဲ့ပြီး ပြစ်ဒဏ်ကျခံသွားရပါတယ်။ ဒါပေမယ့် ဘီနာရဲ့ဝိညာဉ်က အဲဒီအိမ်ထဲမှာ ဆယ်စုနှစ်ချီပြီး ရှိနေဆဲပါ။ "အိမ်ငှားတွေက ကိုယ်ရောင်ပြတဲ့ နာနာဘာဝဟာ နက်မှောင်တဲ့ ဆံပင်ရှည်နဲ့ အက်စကီးမိုး အမျိုးသမီးတစ်ယောက်လို့ ပြောကြတယ်"လို့ ခုချိန်မှာ အသက်သုံးဆယ်အရွယ်ရှိပြီးဖြစ်တဲ့ နှစ်နှစ်အရွယ် အမြွှာသားယောက်ျားလေးတွေရဲ့မိခင် ဒါမီးရှာကပြောပါတယ်။ "သူတို့ပြောနေကြပေမယ့် ပုံပန်းဟာ အမေမှန်း ကျွန်မသိတယ်။ အမေက ဒေသခံ အမေရိကန်မျိုးနွယ်လေ"

အမေ့ရဲ့ အိမ်အပြန်ကို မျှော်လင့်နေပေမယ့် ဘယ်တော့မှ ပြန်မတွေ့ရတော့တာကြောင့် ၇ နှစ်အရွယ် သမီးငယ်လေး ဘယ်လို ခံစားရမယ်၊ အကြီးအကျယ် ဝမ်းနည်းကြေကွဲရခဲ့တယ်။ သူ့ဘဝ ယိမ်းယိုင်ပြိုလဲခဲ့ရတယ်။ ဒါကို ဒါမီရှာ ရင်ဖွင့်ပြောဆိုပါတယ်။ သူ့အကြောင်းကိုကြားရတော့ ကျွန်မရင်ထဲမှာ စို့နစ်သွားရတယ်။ အသတ်ခံရတဲ့ မိခင်ရဲ့ဝိညာဉ် မကျွတ်မလွတ်သေးတာကို သူအတော့်ကို စိတ်မချမ်းမသာ ဖြစ်နေရပါတယ်။ သူ့မိခင်ရဲ့ဝိညာဉ် ငြိမ်းအေးတဲ့ဘုံမှာ ရှိနေစေချင်မှာဘဲ။

ဘာကြောင့် ဗာနာရဲ့ ဝိညာဉ် အဲဒီတိုက်ခန်းမှာ တွယ်ကပ်နေရတာလဲ၊ သမီးငယ်လေးကို နှုတ်ဆက်ချင်လို့ စောင့်နေတာလား။

ကျွန်မ ကြိုးစားပြီး ကူညီမယ်လို့ ဒါမီရှာကို ပြောလိုက်ပါတယ်။ ဝိညာဉ်ခေါ်ဖို့ ဆရာမ နော်ဇာ ရှောင်ကမ်ပရာနီကို ခေါ်လိုက်ပါတယ်။ လူသတ်မှုဖြစ်ပြီး ၂၃ နှစ်အကြာ ၂၀၀၆ ခု၊ ဇွန်လ ၁၂ရက်နေ့မှာ ဗာနာ အသတ်ခံရတဲ့ အိမ်ရှေ့မှာ ကျွန်မတို့စုရုံးရောက်နေကြပြီး ဒါမီရှာက ဒုတိယထပ်ရဲ့ ပြတင်းပေါက်ကို လက်ညှိုးထိုးရင်း ... "အဲဒီ ပြတင်းပေါက်ဘောင်ပေါ်မှာ ကျွန်မထိုင်ခဲ့တာ မှတ်မိနေတယ်။ အမေက ကျွန်မကို ပွေ့ဖက်ထားတယ်။ ဒါကြောင့် ကျွန်မ အောက်ကို မကျနိုင်တော့ဘူး။ ကားတွေ ဖြတ်သွားတာကို ကြည့်နိုင်တယ်။ ကျွန်မစိတ်ထဲမှာ လုံခြုံစိတ်ချသွားတော့တယ်"လို့ ပြောတဲ့အခါ မျက်ရည်တွေ ပါး ပြင်ပေါ်ကို စီးကျလာပါတယ်။

အဆောက်အအုံရဲ့ မီးရောင်မှိန်တဲ့ ညှော်ခန်းအဝင်အဝမှာ ဒါမီရှာ၊ ဝိညာဉ်ခေါ်တဲ့ ဆရာမနဲ့ ကျွန်မတို့ မျက်လုံးတွေဖွင့်ပြီး အသေအချာကြည့်နေကြတယ်။ ဗာနာကိုများမြင်လေမလား။ ကျွန်မတို့လက်တွေကို တွဲကိုင်ထားချိန်မှာ ဒါမီရှာလက်တွေတုန်စပြုနေပြီး ...

"ဗာနာနဲ့ ဒါမီရှာကို ကူညီပေးပါ။ ဗာနာရေ တစ်နှစ်သုံးရေပြီး တံခါးဖွင့်ထားမယ်၊ ထွက်လာခဲ့တော့ .. တစ် ... နှစ် ... သုံး"လို့ ဆရာမကမ်ပရာနီက ပြောလိုက်တယ်။

သူ့ကို ကြင်နာသူတစ်ယောက်က ပွေ့ဖက်ထားသလို နွေးထွေးမှုတစ်ခု ခံစားလိုက်ရကြောင်း ဒါမီရှာက နောက်ပိုင်းမှာ ပြောပြပါတယ်။

"အမေနဲ့ ထိတွေ့ခံစားလိုက်ရတယ်"လို့ နောက်ပိုင်းမှာ ပြောပြပါတယ်။ ကျလာတဲ့ မျက်ရည်တွေက ဝမ်းသာလို့ ကျလာတာပါ။ ယနေ့အချိန်မှာ သူက "ကျွန်မ စိတ်သက်သာရာရပြီး ငြိမ်းချမ်းမှု ပိုရလာပါပြီ။ အမေက ကျွန်မကို ပိုချစ်တယ်လို့ ခံစားရပါတယ်။ ဒါကို အမေလည်း သိမှာပါ။ အမေ ကျွန်မကို ကောင်းကင်ဘုံက ကြည့်နေမှာပါ" လို့ ပြောပါတယ်။

*မှတ်ချက်* ။ *စာရေးဆရာ LESLIE RULE ရဲ့ နောက်ဆုံးထုတ် စာအုပ်မှာ GHOSTS AMONG USTRUE STORIES OF SPIRIT ENCOUNTER ဖြစ်ရပ်မှန်များကို အခြေခံထားခြင်း ဖြစ်သည်။*

*REF;*

- *HAUNTED BY LESLIE RULE*
- *READRES DIGEST JAN, 2006*

---

ကျော်ဌေး(ဘီအေစီ)

---



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန် မရိန်းတပ်ဖွဲ့ ပေါ်ပေါက်လာပုံအကျဉ်း




အမေရိကန်ပြည်ထောင်စုတွင် စစ်ပြန်စစ်မှုထမ်းများနေ့မှာ နိုဝင်ဘာလ ၁၀ ရက်နေ့ ဖြစ်သည်။ ထိုနေ့သည် တပ်မတော်တွင် တိုင်းပြည်အတွက် အမှုထမ်းဆောင်ခဲ့သူများကို ဂုဏ်ပြုသည့်နေ့ ဖြစ်သည်။ ထိုနေ့မတိုင်မီ အမေရိကန်ပြည်ထောင်စုရှိ တပ်ဖွဲ့အသီးသီးတို့သည် ၎င်းတို့၏ တပ်မွေးနေ့များကို ကျင်းပကြသည်။ အမေရိကန်ပြည်ထောင်စု တပ်ဖွဲ့များအနက် မရိန်းတပ်ဖွဲ့၏ တပ်မွေးနေ့ကို ကွန်ဂရက်လွှတ်တော်မှ ၁၇၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပရန် ခွင့်ပြုခဲ့သည်။ ကွန်တီနင်တယ် ကွန်ဂရက်ဟုခေါ်သော လွှတ်တော်က မရိန်းတပ်ဖွဲ့ကို ၁၇၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ကို သတ်မှတ်ပေးခဲ့၏။ တကယ်ဆိုလျှင် မရိန်းကပ်ဖွဲ့သည် အမေရိကန်တပ်ဖွဲ့များအနက် အသေးငယ်ဆုံးသော တပ်ဖွဲ့ဖြစ်ပြီး ထိုစဉ်က စစ်သင်္ဘောများပေါ်တွင် အမှုထမ်းဆောင်ခဲ့ရ၏။ ၎င်းတို့၏ တာဝန်မှာ စစ်သင်္ဘောလုံခြုံရေးတာဝန်ကို ယူရပြီး တိုက်ပွဲဖြစ်ပွားလျှင် ရန်သူကို တိုက်ခိုက်ပေးရသည်။ ထို့ပြင် မရိန်းတပ်ဖွဲ့ဝင်များသည် စစ်သင်္ဘောမှနေ၍ ရန်သူ၏ မြေပြင်စစ်စခန်းများကို တိုက်ခိုက်သိမ်းယူပေးရသည်။ မရိန်းတပ်ဖွဲ့ဝင်များသည် အထက်ဖော်ပြပါ တာဝန်များကို အမေရိကန်တော်လှန်ရေး စစ်ပွဲအတွင်း ဗြိတိသျှတပ်ဖွဲ့များကို ဘဟားမားမှ ၁၇၇၆ ခုနှစ်တွင် တိုက်ခိုက်ခဲ့သည်။ ၁၈၀၅ ခုနှစ်တွင် ထရီပိုလီမှ ဘာဘာရီ ပင်လယ်ဓားပြများကို တိုက်ထုတ်ခဲ့၏။ ၁၈၄၇ ခုနှစ်၊ မက္ကဆီကိုစစ်ပွဲအတွင်း မက္ကဆီကိုစီးတီးကို ဝင်ရောက်သိမ်းပိုက်ခဲ့၏။ မရိန်းတပ်ဖွဲ့သည် ပထမကမ္ဘာစစ်ကြီးအတွင်း ၎င်းတို့၏ အကြီးကျယ်ဆုံး တိုက်ပွဲကို ပြင်သစ်နိုင်ငံ၊ ဘယ်လူးဝုဒ်တွင် တိုက်ခိုက်ခဲ့၏။

အမေရိကန်မရိန်းတပ်ဖွဲ့သည် ဂျာမနီနှင့် မဟာမိတ်များ ဖြစ်ပွားသည့် စစ်ပွဲတွင် ပထမဆုံးပါဝင်ခဲ့၏။ ဂျာမန်တပ်များက မရိန်းတပ်ဖွဲ့ပါဝင်တိုက်ခိုက်မှုကို မကြိုက်ကြပေ။ ထို့ကြောင့် ဂျာမန်စစ်တပ်က မရိန်းတပ်ဖွဲ့ကို "မကောင်းဆိုးရွားခွေးများ" (Devil Dogs) ဟု ခေါ်ဆိုခဲ့ကြ၏။ သို့ပင်ဖြစ်သော်ငြားလည်း မရိန်းတပ်ဖွဲ့ဝင်များက ၎င်းနာမည်ကို နှစ်သက်ခဲ့ကြသဖြင့် ၎င်းနာမည်ကို ယနေ့တိုင် အသုံးပြုလျက်ရှိသည်ဆို၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆော်လမွန်ကျွန်းစုထဲမှ ဂွါဒါလိနယ်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်းပေါ်သို့ ကាမ်းတက်တိုက်ခိုက်ခဲ့ကြ၏။ ၎င်းသည် အမေရိကန်တို့ ဒုတိယကမ္ဘာစစ်ပွဲကြီးတွင် ကနဦးဆုံးသော ထိုးစစ်ဆင်မှုတစ်ရပ် ဖြစ်ခဲ့၏။ မရိန်းတပ်ဖွဲ့သည် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲနှင့် အီရတ်စစ်ပွဲများတွင် ပါဝင်ခဲ့ကြ၏။

ယနေ့အချိန်တွင် မရိန်းတပ်ဖွဲ့သည် မြေပြင်တပ်ဖွဲ့တစ်ခုအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေပြီး မရိန်းတပ်ဖွဲ့ဝင်များသည် တင့်ကားတပ်များ၊ သို့မဟုတ် အမြောက်တပ်များတွင် လုပ်ကိုင်လျက်ရှိကြ၏။ အချို့သော မရိန်းတပ်ဖွဲ့ဝင်များသည် လေယာဉ်၊ သို့မဟုတ် ရဟတ်ယာဉ်များကိုလည်း မောင်းနှင်နေကြပြီဖြစ်၏။ အချို့သော မရိန်းတပ်ဖွဲ့ဝင်များသည် အစဉ်အလာဖြစ်သည့် စစ်သင်္ဘောများပေါ်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေဆဲဖြစ်သည်။

ထို့ပြင် မရိန်းတပ်ဖွဲ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ အမေရိကန်သံရုံးများတွင် လုံခြုံရေးတာဝန်ယူလျက်ရှိသည်။ မရိန်းတပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ရန်အတွက် အသေအချာ စစ်ဆေးမှုများ လုပ်ရသည့်အပြင် သင်တန်းများကိုလည်း တက်ရောက်သင်ကြားစေသည်။ ထို့ကြောင့် မရိန်းတပ်ဖွဲ့၏ လုပ်ငန်းဆောင်တာသည် အထူးအရေးပါခြင်းကြောင့် အမေရိကန် သံရုံးများတွင် ကနဦးဆုံး မရိန်းတပ်ဖွဲ့များကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။

**မောင်မောင်စန်းထွေး**

*Ref: American MOSAIC*

## တရားမဝင်မှောင်ခိုရောင်းချရန် သယ်လာသည့် နှင်းဆီသစ်သားများ ဖမ်းဆီးရမိ

၁၈၊ ၆၊ ၁၃ နေ့တွင် တရုတ်နိုင်ငံ၊ ပေကျင်း နိုင်ငံတကာလေဆိပ်တွင် နှင်းဆီသစ်သားများကို တရားမဝင်မှောင်ခိုထုတ်ရန် ကြံစည်သူတစ်ဦးကို တရုတ်အကောက်ခွန်အရာရှိများ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းစာတွင်ဖော်ပြလိုက်သည်။

ကမ္ဘာပေါ်ရှိ သစ်ပင်၊ ကျေးငှက်တိရစ္ဆာန်တို့သည် လူတို့စားသုံးရန်အတွက်လည်းကောင်း၊ အလှဆင်ရန်အတွက်လည်းကောင်း၊ တိုင်းရင်းဆေးအဖြစ် အသုံးပြုရန် အတားအဆီးမဲ့ ခုတ်လှဲခြင်း၊ မှောင်ခိုသတ်ဖြတ်ခြင်းတို့ကြောင့် အချို့သစ်ပင်၊ တိရစ္ဆာန်တို့သည် မျိုးတုံးပျောက်ကွယ်ကြပြီး အချို့သော သစ်ပင်၊ တိရစ္ဆာန်တို့သည် မျိုးတုံးမည့်ဘေးနှင့် ရင်ဆိုင်နေရ၍ အရေအတွက် အနည်းငယ်သာ ကျန်တော့သည်။ ထိုမျိုးတုံးဘေး ရင်ဆိုင်နေရသော သစ်ပင်၊ တိရစ္ဆာန်တို့ ပြန်လည်တိုးပွားလာစေရန်အတွက် နိုင်ငံတကာအနေဖြင့် သဘောတူဆွေးနွေးကာ မျိုးတုံးတော့မည့်ဘေးနှင့် ရင်ဆိုင်ရသော သစ်အမျိုးအစား၊ တိရစ္ဆာန်များကို စိစစ်ရွေးချယ်ပြီး "မျိုးတုံးအန္တရာယ်ရင်ဆိုင်ရသော သစ်ပင်၊ တိရစ္ဆာန်အဖြစ်" သဘောတူသတ်မှတ်၍ နိုင်ငံအတွင်း ခုတ်လှဲ၊ သတ်ဖြတ် ရောင်းဝယ်ခြင်း၊ အခြားနိုင်ငံသို့ တင်ပို့ရောင်းချခြင်းများကို ကန့်သတ်တားမြစ်ခဲ့သည်။ သို့ရာတွင် ဝိသမလောဘသားများသည် ဂိုဏ်းဖွဲ့၍လည်းကောင်း၊ နိုင်ငံတကာကွန်ရက် ဆက်သွယ်၍လည်းကောင်း မှောင်ခိုရောင်းဝယ်ခဲ့ကြသည်။

ကန့်သတ်တားမြစ်ထားသော သစ်ပင်များအနက် နှင်းဆီသစ်သားသည် တားမြစ်သည့် သစ်ပင်မျိုးစိတ် ဖြစ်ပါသည်။ ၎င်းသစ်သားသည် ဂစ်တာစသည့် တူရိယာပစ္စည်းထုတ်ရာတွင် အသုံးဝင်ပြီး၊ ၎င်းသစ်သားနှင့်ပြုလုပ်သော ဂစ်တာသည် အသံကောင်းခြင်း၊ တာရှည်ခံခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် ဂန္ထဝင်မြောက် ဂီတပညာရှင်များ အသုံးပြုသော နှင်းဆီသားဖြင့်ပြုလုပ်သော ဂစ်တာများ ပေါ်ပေါက်ခဲ့သည်။ ၁၈၊ ၆၊ ၁၃ နေ့တွင် ဟောင်ကောင်သို့ ထွက်ခွာမည့် တရုတ်မှတ်ပုံတင်ကိုင် မစ္စတာချန် (၄၄ နှစ်)သည် လေးပင်သော သေတ္တာတစ်လုံးကို သယ်ဆောင်လာပြီး ပေကျင်းနိုင်ငံတကာလေဆိပ်ရှိ ဒီပတ်ချာအဆောင်သို့ ရောက်လာသည်။ ထိုသေတ္တာသယ်သူကို အကောက်ခွန်ဝန်ထမ်းတို့က မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဖြတ်တောက်ထားသော နှင်းဆီသစ်သား ၂၇ ကီလိုကို တွေ့ရှိရပြီး ဟောင်ကောင်သို့ပို့၍ ရောင်းချရန်ဖြစ်သည်။ ၎င်းကို ဖမ်းဆီးစစ်ဆေးပြီး ဥပဒေအရ အရေးယူခဲ့သည်။


**ညိုမြင်းလွှင်(မော်ကျွန်း)**

*Ref: Internet News*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်မျက်ရည်

ရွှေပိုးအိမ်

"မောင် ... မောင်ရေ့ သဲဆီလာပါဦးမောင်ရဲ့။ မောင်ပဲ သဲကိုချစ်တယ်ဆို"

လွင်မင်းအောင် ရင်ထဲ၊ အသည်းထဲဆီမှ ကြောက်စိတ်များဖြင့် တစ်ကိုယ်လုံး တုန်ရင်နေသည်။ တစ်ချိန်က သူ သိပ်ချစ်ခဲ့ရသော သဲသစ္စာ၏ ဖြူဆုပ်ဆုပ်မျက်နှာကြီးက သူ့ဆီတဖြည်းဖြည်း တိုးကပ်လာသည်။ သူထွက်ပြေးလို့လည်း မရ၊ တစ်စုံတစ်တစ်ခုက သူ့ကို ထိုနေရာမှ ဘယ်မှ မသွားနိုင်အောင် ချုပ်ကိုင်ထားခြင်းကို ခံနေရသည်။

"မလာနဲ့။ မင်းထွက်သွားတော့ သဲသစ္စာ။ မင်းက သေပြီးသားလူပဲ။ ငါနဲ့ မင်းနဲ့ ဘာဆိုင်တော့လို့လဲ"

"ဘာ ငါနဲ့ မင်းနဲ့ ဘာဆိုင်တော့လို့လဲ ဟုတ်လား။ မောင် တော်တော်ရက်စက်ပါလား။ အသည်းမာလှချည်လားကိုလွင်မင်းအောင်ရဲ့။ ရှင်နဲ့ ကျွန်မနဲ့က သိပ်ကို ချစ်ကြတဲ့ ချစ်သူစစ်စစ်တွေပဲ မဟုတ်လား။ ရှင်မေ့သွားပြီးလား"

ဒေါသတကြီးပြောနေသာ သဲသစ္စာ၏ ဖြူဆုပ်ဆုပ်မျက်နှာသည် ဒေါသကြောင့် မည်းညစ်ကြမ်းတမ်းပြီး ကြောက်စရာကောင်းလာသည်။ သူ တုန်တုန်လှုပ်လှုပ်ဖြင့် ထွက်ပြေးရန် ကြိုးစားသည်။ မရ။ ကြည့်နေရင်းနဲ့ သူမ၏ ခန္ဓာကိုယ်အောက်ပိုင်းဆီမှ အနီရောင်သွေးများ စီးကျလာသည်။ အနီရောင်သွေးများက တဖြည်းဖြည်းများလာပြီး သူမကိုယ်မှ တစ်ဆင့် သူရှိနေသော နေရာအထိ စီးဆင်းလာနေသည်။ လွင်မင်းအောင် ထိုသွေးများဖြင့် သူ့အသားထိမိရန် အလွန်စိုးရိမ်နေသည်။

သူ ဒီလိုပြောနေလို့တော့ သူမ ဒေါသထွက်ပြီး သူ့ကို သတ်ဖို့ပဲ ရှိတော့မယ်။ တကယ်တော့ သဲသစ္စာဆိုသော သူမကို တစ်ချိန်က သူ သိပ်ချစ်ခဲ့ဖူးပါသည်။ သဲကလည်း သူ့ကို တစ်ဘဝလုံး ပုံပေးခဲ့သည်အထိ ယုံကြည်အားကိုးခဲ့သည်။ သို့ပေမဲ့ ... သို့ပေမဲ့ ...

"သဲရယ် ... မောင်တောင်းပန်ပါတယ်ကွယ်။ မောင့်ကို ချမ်းသာပေးပါ။ သဲနဲ့ မောင်နဲ့က ဟိုးအရင်တုန်းကသိပ်ချစ်ခဲ့ဖူးကြတဲ့ ချစ်သူတွေမဟုတ်လား"

ကြောက်စရာကောင်းသော မျက်နှာကြီးက ရုတ်ချည်း သဲသစ္စာ၏ ပင်ကိုသဏ္ဌာန် သွေးမရှိသော ဖြူဖျော့ဖျော့မျက်နှာအဖြစ် ပြောင်းလဲသွားသည်။ သူမ၏မျက်နှာသည် ညှိုးရော်နေသည်။ သူမ မျက်ဝန်းတွေမှ အနီရောင် သွေးမျက်ရည်များ ကျဆင်းလာသည်။ သူမ ငိုနေတာလား။ မဟုတ်နိုင်ပါဘူး။ ဒါ တစ္ဆေတစ်ကောင်ရဲ့ မာယာတွေ။ သူသိပ်ချစ်ဖူးခဲ့သော သဲက တောရွာလေးတစ်ရွာမှာ လူမသိသူမသိ သေဆုံးသွားခဲ့ပြီ။ သူအခု တွေ့နေရတာက သဲသစ္စာမဟုတ်တော့ ကြောက်စရာကောင်းတဲ့ တစ္ဆေတစ်ကောင်ပဲ။

"အဟင့် ... အဟင့် ... အဟင့် သဲကို မရက်စက်ပါနဲ့ မောင်ရယ်။ အမှန်တရားအတိုင်းဖြစ်အောင် မောင်လုပ်ပေးပါ။ သဲ ဒီမှာမနေချင်ဘူး။ သဲကြောက်တယ်မောင်"

"မောင် ... မောင်က ဘာလုပ်ပေးရမှာလဲ။ သဲ .. သဲအခု ဘယ်ရောက်နေတာလဲ"

တဟင့်ဟင့်ငိုကြွေးနေသော သဲပုံစံလေးကို ကြည့်ပြီး အကြင်နာတရားများက ကိန်းဝပ်လာပြန်သည်။

"သဲ အခု သချိုင်းထဲမှာ မောင်။ သဲ နေရတာရော၊ အစာရှာစားရတာရော အရမ်းခက်ခဲတယ်။ အရမ်းပင်ပန်းဆင်းရဲတယ်။ သဲကို ဒီဘဝက လွတ်မြောက်အောင် ကူညီပေးပါမောင်ရယ် ... နော်မောင်။ မောင်မကူညီဘူးဆိုရင် သဲ မောင့်ဆီကို နေ့တိုင်းလာနေမှာပဲ။ သဲ မောင့်အနားမှာ ရှိနေမှာပါပဲမောင်"

သဲသစ္စာ၏ နောက်ဆုံးစကားက သူ့ကို ကြက်သီးမွေးညင်းများ ထစေသည်။

"သဲကို ကတိပေးပါ။ သဲကို ကတိပေးပါမောင်။ အမှန်တရားအတိုင်း ဖြစ်အောင် လုပ်ပေးပါ့မယ်လို့။ ပြီးတော့ သဲကို ဒီဘဝကကျွတ်လွတ်အောင် ကူညီပေးပါ့မယ်လို့နော် ... မောင်"

သဲက သူ့နားကို တဖြည်းဖြည်း တိုးကပ်လာသည်။ နီးသထက် နီးလာတဲ့ အချိန်မှာတော့ ...

"အား ..."

သူ ရှိသမျှအားနှင့် ကြိုးအော်ပ[illegible] လိုက်သည်။ ကြည့်လိုက်တော့ အိပ်[illegible] ပေါ်မှာ မောပန်းနွမ်းနယ်နေသော သူ့ပုံ[illegible] သူ့တစ်ကိုယ်လုံးလည်း ချွေးများဖြင့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ အချိန်က မနက် ၃နာရီ။ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံကြောင့် သူဆတ်ခနဲ တုန်သွားသည်။ မီးထဖွင့်သော သူလက်တွေပင် တုန်ရင်နေသည်ကို သတိထားမိလိုက်သည်။

ဒီလို အိပ်မက်ဆိုးတွေကို သူဆက်တိုက်မက်နေတာ တစ်လခန့်ရှိပြီ။ သူအရမ်းကြောက်နေပါပြီ။ သဲ မကျွတ်သေးသည်က လုံးဝသေချာနေပြီ။ ကြာရင် သူရူးတော့မည်။

* * * * *

အချိန်ကာလက လွန်ခဲ့သော ၃ ယခန့်ဆီသို့ ပြန်လည် ရောက်ရှိသွားသည်။

"သဲ ကိုယ်ဝန်ကို ဘယ်လိုလုပ်ရမလဲမောင်"

"မောင်လည်း မကြံတတ်တော့ဘူး သဲရယ်။ အခုအချိန်မှာတော့ သဲကို မောင် လက်ထပ်လို့ လုံးဝမဖြစ်ဘူး။ ဒါပဲ မောင် ပြောတတ်တော့တယ်၊ မောင်ကျောင်းပြီးအောင် ဆက်တက်ရမယ်။ မောင့်ရည်ရွယ်ချက်ကို အပျက်မခံနိုင်ဘူး သဲ။ သဲလည်း ကြံစမ်းပါဦး"

သူ့ရဲ့ယောကျ်ားမပီသသော စကားလုံးတွေကြောင့် သဲမျက်နှာတွင် ဝမ်းနည်းနာကြည်းနေသော အရိပ်အယောင်တွေဖြင့် ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးကဲ့သို့ဖြစ်နေပြီ။ ခဏကြာတော့ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးပုံဖြင့် ...

"ကောင်းပြီလေ မောင်တာဝန်မယူနိုင်ဘူးဆိုလည်း တစ်နည်းပဲရှိတော့တယ်။ လင်ကောင်မပေါ်ဘဲနဲ့ အရှက်ကွဲခံပြီးတော့ ကလေးမမွေးနိုင်ဘူး။ သဲဒီကလေးကို ဖျက်ချပစ်မယ်"

သူမျှော်လင့်နေသော စကားကြောင့် ရင်ထဲတွင် မသိမသာ သက်သာသွားသလို ခံစားရသည်။ ကလေးဖျက်ချတယ်ဆိုတာ တကယ်တော့ ဒီခေတ်ကြီးမှာ သိပ်ဆန်းကြယ်သောကိစ္စတော့ မဟုတ်။ ရန်ကုန်မြို့ကြီးမှာဆို ဒီလို မိန်းကလေးတွေမှ အများကြီး။ ပြီးတော့လည်း အပျိုပြန်လုပ်နေတာပဲ။ ဘယ်သူမှတောင် မသိဘူး။ သဲကို တစ်ချိန်ချိန်မှာ လက်ထပ်မယ်လို့ ရည်ရွယ်ထားပေမယ့် အခုချိန်မှာတော့ လုံးဝမဖြစ်နိုင်။ ဆင်းရဲတွင်းထဲ တူနစ်ကိုယ် ထမင်းငတ်မခံနိုင်။ သဲက ပြဿနာသိပ်မရှိ။ တစ်ကောင်ကြွက်၊ မိဘတွေကလည်း ငယ်ငယ်ကတည်းက ကွယ်လွန်ကုန်ကြပြီ။ ဆွေမျိုးတွေကလည်း သူမဇာတိ ရွာမှာပဲရှိသည်။ ရန်ကုန်မှာ အဆောင်နေရင်း တစ်ယောက်တည်း အလုပ်လာလုပ်နေသူဖြစ်သည်။

"ဒါကတော့ သဲသဘောပဲ။ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သတ်ပြီးတော့ မောင်လည်းကူညီပေးပါ့မယ်။ မောင့်သူငယ်ချင်းတစ်ယောက်ရဲ့ရည်းစားလည်း ကိုယ်ဝန်ဖျက်ချဖူးတယ်။ ရန်ကုန်မြို့နဲ့ အလှမ်းအလွန်ဝေးတဲ့ တောရွာလေးတစ်ခုက လက်သည်အဘွားကြီးတစ်ဦးဆီမှာ။ အဲဒီကို မောင်ရောက်ဖူးတယ်"

သဲသစ္စာက မကျေချင်ဘဲကျေသော မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်ရင်း ...

"ကောင်းပြီလေ။ သဲတို့ အဲဒီကို သွားကြတာပေါ့"

လွင်မင်းအောင်က ပြန်လည်လင်းလက်လာတော့မည်ဖြစ်သော သူ့အနာဂတ်ကိုတွေးရင်း ပီတိဖြစ်သွားသည်။ အမှန်တော့ သူက စက်မှုတက္ကသိုလ်ကနောက်ဆုံးနှစ်ကျောင်းသားတစ်ဦး ဖြစ်သည်။ သူ့မိဘတွေကတော့ နယ်တွင် အသင့်အတင့် နေနိုင်စားနိုင်သော အနေအထားဖြစ်သည်။ သို့သော် သူ့ဒီလို ရန်ကုန်မြို့ကြီးတွင် စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ဖို့အတွက် အနောက်ကနေ မျှော်လင့်ချက်ကိုယ်စီဖြင့် အကောင်းဆုံး ပံ့ပိုးပေးခဲ့ကြသည်။ သူ့မိဘတွေရဲ့ သူ့အပေါ်ထားသော မျှော်လင့်ချက်၊ ဂုဏ်ယူချင်မှုတွေကို သူမဖျက်ဆီးရက်ပါ။ အဲဒီအတွက် သူနှင့် လွန်လွန်ကျူးကျူးဖြစ်ခဲ့သည်အထိ ချစ်ခဲ့ကြသော သူ့ချစ်သူ သဲသစ္စာအပေါ် သူတာဝန်မကျေ ဖြစ်သွားပေမဲ့ သူနောင်တမရခဲ့ပါ။ သဲက သူလို စက်မှုတက္ကသိုလ်ကျောင်းသူတစ်ယောက်မဟုတ်ဘဲ အလုပ်တစ်ဖက်နှင့် အဝေးသင်တက်နေသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

* * * * *

"ကိုယ်ဝန်က ဘယ်နှလလဲ"

အေးစက်စက်အမေးကြောင့် သူနဲ့သဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။

ရွာနှင့် အလှမ်းဝေးသော ရွာအပြင်တစ်နေရာတွင် တစ်ဦးတည်း တဲတစ်လုံးနှင့် နေထိုင်ကာ လက်သည်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသော အသက် ၇၀ နီးပါးအရွယ် အဘွားအိုတစ်ဦးမျက်နှာက လိုအပ်တာထက်ပိုပြီး တင်းမာပုံရသည်။

"၅ လ ထဲမှာပါ ..."

တိုးဖျော့သော သဲအသံလေးကြောင့် အနည်းငယ် သနားသလို ဖြစ်သွားသေးသည်။ မတတ်နိုင်။ သူစိတ်ကို ပြန်တင်းလိုက်သည်။ ဒီကိစ္စ အဆင်ပြေမှဖြစ်မယ်။

အဆင်ပြေမှာပါ ...။

"ကဲ ... ကောင်လေး။ မင်း ရွာထဲကို ခဏသွားနေလိုက်ပါ။ ငါတို့ ဒီကိစ္စကို ငါတို့ဘာသာ ဖြေရှင်းလိုက်မယ်။ နောက်တစ်နာရီလောက်နေမှ မင်းပြန်လာခဲ့ပါ။ ငါပြောတာ ကြားတယ်နော်"

ပျော့ပျောင်းမှု လုံးဝမရှိဘဲ တစ်လုံးချင်းပြောလိုက်သော အဘွားအို၏ စကားကြောင့် သဲက သူ့ကို အားကိုးတကြီး ကြည့်သည်။ အဲဒီ အကြည့်လေးထဲတွင် သဲက မထားခဲ့ပါနဲ့လို့ ပြောချင်ပုံရသော



www.burmeseclassic.com

www.burmeseclassic.com

အကြည့်မှန်း သူသိပေမဲ့ . . .

"ဘာမှ မစိုးရိမ်ပါနဲ့သဲရယ်။ အားလုံး အဆင်ပြေသွားမှာပါ။ မောင်ကျောင်းပြီးတဲ့အချိန် အလုပ်အကိုင်အတည်တကျဖြစ်တဲ့ အချိန်ကျရင် မောင်နဲ့ သဲ လက်ထပ်မယ်။ အဲဒီကျရင် နောက်ထပ်ကလေးထပ်ယူလို့ရတာပဲ။ အားလုံးအဆင်ပြေသွားမှာပါ သဲရယ်။ ဒီကအဘွား . ."

"ငါ့နာမည် ဒေါ်အိုစာ . . ."

သဲတွန့်ခနဲဖြစ်သွားသည်ကို သတိထားမိလိုက်သည်။ သူတောင် နာမည်ကြီးကြားပြီး စိမ့်ခနဲ ဖြစ်သွားသေးသည်။ ပြီးတော့မှ နာမည်က နာမည်ပဲဟာ ဘာဖြစ်မှာလဲဟု ဖြေတွေးလိုက်ရင်း . . .

"ဟုတ်ကဲ့ အဘွားရယ်။ အားလုံးအဆင်ပြေအောင် အောင်ရွက်ပေးပါ။ ကျသင့်သလောက်ပေးပါ့မယ်။ သဲကို စိတ်ချလက်ချ ထားခဲ့မယ်နော်။ ကဲ . . . မောင်နောက်တစ်နာရီကြာရင် ပြန်လာခဲ့မယ်နော်"

သဲက သူ့လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း ခေါင်းညိတ်ပြသည်။ ထို့နောက် သစ်ပင်တွေဖြင့် အုပ်ဆိုင်းနေပြီး သချိုင်းကုန်းကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နိုင်သော ထိုတဲအိမ်ကလေးမှ သူဖြည်းဖြည်းချင်းထွက်ခဲ့ပြီး ရွာထဲသို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။

* * * * *

မယုံနိုင်ခြင်းများဖြင့် သူတစ်ကိုယ်လုံး ကြောက်လန့်နေသည်။ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွေးအလိမ်းလိမ်းဖြင့် အသက်မဲ့နေသော သဲခန္ဓာကိုယ်ကို ကြည့်ရင်း သူ့ ခြေမကိုင်မိ လက်မကိုင်မိ ခုန်လှုပ်ချောက်ချားနေသည်။ ဒေါ်အိုစာကတော့ တည်ငြိမ်သောအသွင်ဖြင့် သူ့ကို ဆွဲခတ်နေသည်။

"ဒါဆို . . . ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော်ကြောက်တယ် . . . ကျွန်တော်သိပ်ကြောက်တယ်၊ ဖြစ်မှဖြစ်ရလေ သဲရယ်။ အဖြစ်ဆိုးလိုက်တာ . . . ဟီးဟီးဟီးဟီး"

သူ ကြောက်လန့်စိတ်၊ သဲအတွက် ကြေကွဲဝမ်းနည်းစိတ်တွေဖြင့် ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

"ဒီမှာ ကောင်လေး။ ငါပြောတာကို သေသေချာချာ နားထောင်။ ဒီကိစ္စကို မင်းဘယ်သူ့ကိုမှ မပြောနဲ့။ မင်းခေါင်းထဲက လုံးဝမေ့ပစ်လိုက်ပါ"

"ဘာ . . . ဘယ်လိုပြောလိုက်တာလဲ အဘွားဒေါ်အိုစာ။ ကျွန်တော့်ချစ်သူတစ်ယောက်လုံး သေဆုံးသွားခဲ့တဲ့ ကိစ္စကို ကျွန်တော်က မေ့ပစ်လိုက်ရမှာလား။ ကျွန်တော့်အပြစ်တွေ အများကြီးပါတယ်။ ပြီးတော့ ခင်ဗျားကြောင့် သူသေရတာ"

အဘွားဒေါ်အိုစာနှုတ်ခမ်းမှာ အပြုံးတစ်ချက် တွဲခိုသွားတယ်ဆိုတာ သူချောက်ချားစွာ တွေ့မြင်လိုက်ရသည်။ ဘာအဓိပ္ပာယ်လဲ၊ ဒါဘာအဓိပ္ပါယ်နဲ့ ပြုံးတာလဲ။ သူ့ကြောင့် လူတစ်ယောက်လုံး သေဆုံးသွားတာကို ဘာကြောင့်များ . . ။

"ငါပြောတာကို သေချာနားထောင်ကောင်လေး။ ဒီကိစ္စမှာ အမှုပတ်ရင် မင်းလည်းပါတယ်။ ငါက အဓိကတရားခံဆိုမင်းက ဒုတိယတရားခံပဲ။ မင်းဒီအကြောင်းတွေကို ရဲကို အကြောင်းကြားမယ်ဆိုရင် မင်းရဲ့အနာဂတ်လည်း မှုံဝါးသွားလိမ့်မယ်။ အဲဒါကို မင်းသေချာနားလည်ထားပါ။ အခုအချိန်ကစပြီး မင်းနေရာကို မင်းအေးအေးဆေးဆေးပြန်သွားပါ။ ကျန်တာတွေ ငါကြည့်ရှင်းလိုက်မယ်။ ဘာမှ မသိသလိုသာ နေပါ"

ဒေါ်အိုစာ၏အသံက တည်ငြိမ်ရင့်ကျက် အေးခဲနေသည်။ သူသာယောက်ယက်ခတ်တုန်လှုပ်နေပြီး အဘွားအိုကတော့ ဘာကြောင့်များ တည်ငြိမ်နေရပါလိမ့်။ ဒါပေမဲ့ ဒေါ်အိုစာစကားတွေကိုတော့ သူခေါင်းအေးအေးစဉ်းစားကြည့်တော့ လက်ခံလို့ရသည်။ ဟုတ်သည်၊ သူ့အနာဂတ် မှုန်ဝါးသွားလို့မဖြစ်။ ဒီအတိုင်းပဲ လုပ်လိုက်တော့မည်။ သဲအတွက် စိတ်မကောင်းဖြစ်မိပေမဲ့ အဲဒီအတွက်နဲ့တော့ သူ့ကိုယ်သူ ဘဝပျက်ခံလို့မဖြစ်။ သူနှုတ်ဆိတ်နေမှဖြစ်မည်။ သူတို့နှစ်ယောက် ဒီကိုလာတာ ဘယ်သူမှမသိ။ ပြီးတော့ သူ့တွင် သဲသစ္စာဆိုသော ချစ်သူရည်းစားရှိတယ်ဆိုတာ သိသူရှားသည်။

ဒီကိစ္စကို ဘယ်သူမှ ရိပ်မိမှာမဟုတ်ဘူး။ သူ့စိတ်တွေကို တည်ငြိမ်အောင် စုစည်းကာ အသက်ကို ဝအောင် ရှူလိုက်သည်။

ဆိုးဝါးလိုက်တဲ့ ကံကြမ္မာရယ်။

* * * * *

မျက်လုံးတွေက တစ်ခုခုကို စိုးကြောက်နေသည့်ပုံဖြင့် ဖြစ်ပျက်သမျှတွေကို ဖြောင့်ချက်ပေးနေသော စက်မှုတက္ကသိုလ်ကျောင်းသား ကိုလွင်မင်းအောင်၏ မျက်နှာပေါ်တွင် နောင်တတွေက တစိမ့်စိမ့်ကျဆင်းနေသည်။

စခန်းမှူး ဒုရဲအုပ်မိုးဝေက သက်ပြင်းတစ်ခုကို ခပ်လေးလေးချရင်း ကိုလွင်မင်းအောင်ကို စိတ်မသက်သာစွာ ကြည့်နေမိသည်။ ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရသည့် လူ့ကံကြမ္မာကို စခန်းမှူး ဒုရဲအုပ်မိုးဝေ ပို၍ ယုံကြည်မိသွားသည်။

"နေပါဦး ကိုလွင်မင်းအောင်ရယ်။ ကျွန်တော်မသိလို့ မေးပါဦးမယ်။ ခင်ဗျား ဒီအတိုင်းပဲနေသွားရင် ဘယ်သူမှမသိနိုင်တဲ့ဟာကို ဘာကြောင့် အခုလို ကိုယ်တိုင်လာပြီး ဖြောင့်ချက်ပေးရတာလဲ"

လွင်မင်းအောင်က စခန်းမှူး၏ အမေးကြောင့် ခေါင်းကို ဖြည်းညင်းစွာမော့ကာ တစ်လုံးချင်း ပြောလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ သဲသစ္စာဝိညာဉ်ရဲ့ သနားစရာကောင်းတဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com

ရည်တွေကြောင့်ပေါ့ စခန်းမှူးရယ်”

“ဘာ ... ဝိညာဉ်ရဲ့မျက်ရည် ... ဟုတ်လား ကိုလွင်မင်းအောင်”

စခန်းမှူးက မျက်လုံးများ ပြူးဝိုင်းသွားသည့်အထိ အံ့သြတကြီး မေးလိုက်သည်။

လွင်မင်းအောင်က သူညစဉ်မက်ခဲ့ရသော အိပ်မက်များအကြောင်း လုံးစေ့ပတ်စေ့ ပြောပြနေသည်။ ပြောပြနေရင်းနှင့်ပင် ကြောက်လန့်လာသည့်ပုံက အတိုင်းသား ပေါ်နေသည်။

“ကောင်းပြီ။ အခုချက်ချင်းပဲ အဲဒီ ဒေါ်အိုစာနေတဲ့ ရွာကို ခုပဲသွားကြမယ်။ ခမောင်ညိုရေ ခရီးထွက်ဖို့ အသင့်ပြင်”

“ဟုတ်ကဲ့ပါ ဆရာ”

* * * * *

မိုးစက်တွေက ခပ်ဖွဲဖွဲ ကျဆင်းနေသည်။ စိမ်းစိုနေသော တောအုပ်တစ်ခုလို ဒေါ်အိုစာတဲလေး၏ ဝန်းကျင်က ခြောက်ကပ်တိတ်ဆိတ်လွန်းသည်။ တာဝန်ရှိသူများနှင့်အတူ စခန်းမှူး ဒုရဲအုပ်မိုးဝေ၊ ကိုလွင်မင်းအောင်နှင့် ငါးဦးတို့သည် ဒေါ်အိုစာ၏အဖြေကို စောင့်မျှော်နေကြသည်။ လုံးဝ ငြင်းဆန်၍ မရတော့သည်ကို သိသွားပုံရသော ဒေါ်အိုစာက ခြံဝန်းထဲရှိ နေရာတစ်ခုကို လက်ညှိုးထိုးပြသည်။

“အဲဒီနေရာမှာ ကောင်မလေးကို မြှုပ်ထားတယ်”

လွင်မင်းအောင်၏ ခန္ဓာကိုယ်တစ်ချက် ယိုင်ခနဲဖြစ်သွားသည်။

မိုးရွာထား၍ ပျော့ပျောင်းနေသော မြေပြင်က တူးရလွယ်ကူလှသည်။ သိပ်မကြာမီမှာပင် အမျိုးသမီး ရုပ်အလောင်းတစ်ခုကို စတင်တွေ့ရှိရသည်။ ထွက်ပေါ်လာသော အပုပ်နံ့သဲ့သဲ့ကြောင့် အားလုံး နှာခေါင်းပိတ်လိုက်ကြသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီဖြစ်သော သဲသစ္စာ၏ အလောင်းက မြင်မကောင်းတော့ ...။

အလောင်းကိုဖော်ပြီး ရွာသချိုင်းတွင် ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ရန် ပြင်ဆင်နေကြချိန်တွင် အလောင်းတူးဖော်နေရာမှ တစ်ပိုင်းတစ်စထွက်ပေါ်နေသော ဆံနွယ်တချို့ကြောင့် အောက်ဘက်သို့ ဆက်လက်တူးဖော်ကြည့်ရာ နောက်ထပ် မိန်းမအလောင်းတစ်လောင်း ထပ်တွေ့ရသဖြင့် အားလုံး အံ့သြကုန်ကြသည်။

ဒေါ်အိုစာက သူတို့ကို မကြည့်ဘဲ

“နောက်ထပ် ဆက်တူးလိုက်ပါဦး။ အားလုံးပေါင်း ခုနစ်လောင်းရှိတယ်”

“ဟင် ...”

အားလုံး အံ့သြတုန်လှုပ်သော မျက်နှာတွေဖြင့် ဒေါ်အိုစာကို ကြည့်လိုက်ကြသည်။ ဒေါ်အိုစာကတော့ သူ့ပုံစံအတိုင်း အေးစက်စက် အမူအရာဖြင့် သူဘာမှ မလုပ်ထားသလိုပုံစံဖြင့် တည်ငြိမ်စွာ ရပ်နေသည်။

စခန်းမှူး ဒုရဲအုပ်မိုးဝေ မကြုံစဖူး ထူးကဲသော အသက် ၇၀ အရွယ် တရားခံအဘွားအိုကြောင့် အံ့သြပြီးရင်း အံ့သြနေရင်း အညှာလွယ်လွန်း၍ အဖြစ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရသော မိန်းကလေးများအတွက်လည်း စိတ်မကောင်းဖြစ်မိသည်။

မိုးစက်များက တဖြည်းဖြည်း ပိုသည်းလာသည်။ နောက်ဆုံးတွင် ဒေါ်အိုစာ၏ တဲလေးထဲမှ လူအားလုံး တရွေ့ရွေ့ ထွက်ခွာသွားကြသည်။ သူတို့အားလုံးရင်ထဲတွင် ဖော်မပြနိုင်သော ဝေဒနာကိုယ်စီဖြင့် ထုပ်ပိုးသယ်ဆောင်သွားကြမှာ အသေအချာပင်ဖြစ်သည်။

* * * * *

ကျေနပ်ပြီလားသဲ။ မင်းအတွက် အမှန်တရားကိုလည်း ကိုယ်ပြန်ရှာပေးခဲ့ပါတယ်။ မင်းဒီဘဝက ကျွတ်လွတ်အောင်လည်း ကိုယ်အလှူဒါနလုပ်ပြီး အမျှအတန်းပေးဝေပေးခဲ့တယ်။ မင်း ကျေနပ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ့်ဆီ လာမှမလာတော့တာ။

ကိုယ်ကတော့ ကိုယ်လုပ်ခဲ့တဲ့အမှားအတွက် အပြစ်ကြွေးတွေကို လိပ်ပြာသန့်သန့်နဲ့ ပေးဆပ်ဖို့အတွက် သံတိုင်ကြားမှာ ကိုယ်နဲ့ သက်ဆိုင်တဲ့ဥပဒေက ပေးတဲ့ အပြစ်ကို ခံယူနေပါပြီ။ ကိုယ်လည်း ကျေနပ်တယ် သဲသစ္စာ ...။

အိပ်မပျော်ခဲ့တဲ့ညတွေ ကိုယ့်ဘဝမှာ ကုန်ဆုံးသွားပါပြီ။ ကိုယ်ကောင်းကောင်းအိပ်ပျော်တယ် သဲရယ်။

ပြီးတော့လေ သဲလိုမျိုး မိန်းကလေးတွေ ဒီလိုအဖြစ်ဆိုးမျိုး မကြုံရအောင် အားလုံးကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ရတဲ့အတွက် ကိုယ်ပီတိဖြစ်တယ်။ ကိုယ့်အနာဂတ်လား ...၊ အခုမှ ကိုယ့်အနာဂတ်က ပိုပြင်သွားတာလေ။

ဂုဏ်တွေ၊ ပကာသနတွေထက် ဘဝကို လိပ်ပြာပြာသန့်သန့်၊ စိတ်သန့်သန့်နဲ့ ဖြတ်သန်းသွားဖို့က အရေးကြီးပါတယ်။ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီး တာဝန်မယူရဲတဲ့ ယောကျ်ားတွေ၊ ပြီးတော့ ကိုယ့်ချစ်သူရည်းစားအပေါ် အလိုလိုက်လွန်းတဲ့ မိန်းကလေးတွေရဲ့ နောက်ဆုံးရလဒ်တွေကို အများသိအောင် သင်ခန်းစာပေးပြီးပြီပဲ။

ဒီအဖြစ်အပျက်မှာ အဓိကမှားတာက ဒေါ်အိုစာမဟုတ်ဘူး။

အဓိကမှားခဲ့တာက တာဝန်မယူရဲတဲ့စိတ်နဲ့ အညှာလွယ်တဲ့ စိတ်တွေကြောင့်ပါ သဲရယ် ...။ သဲလည်း ရောက်ရာဘဝမှာ ဒီလိုအဖြစ်ဆိုးမျိုးမကြုံရပါစေနဲ့လို့။ ပြီးတော့ ... ကိုယ့်လို ယောကျ်ားမျိုးတွေနဲ့လည်း ဘဝဆက်တိုင်း မတွေ့ပါရစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ကိုယ် တကယ်ဆုတောင်းပေးပါတယ်ကွယ်။

ရွှေပိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com

# ပို့ဗလဲယားထောင်အကြောင်း တစေ့တစောင်း

ကိုမောင်သန်းဝင်း

## တစ်ကျွန်းဟူသောအသံ ကြားရစဉ်က

လွန်ခဲ့သော အနှစ်(၅၀)ကျော်ကျော်လောက်က ကျွန်ုပ်သည် တစ်ကျွန်းပြန် ဘဦးစံနှင့် အကျွမ်းတဝင် ဖြစ်ခဲ့ဖူးသည်။ ကျွန်ုပ်အား ချစ်သည်ဆို၍ သူ၏အိမ်သို့ မကြာမကြာ ခေါ်ယူကျွေးမွေးလေ့ရှိသည်။ ဘကြီးစံနေအိမ်နှင့် ကျွန်ုပ်နေအိမ်မှာ မကွာဝေးလှ။ ဘကြီးစံသည် ကျွန်ုပ်၏ဖခင်နှင့်လည်း တရင်းတနှီးရှိ၍ ဘကြီးစံသည်လည်း ကျွန်ုပ်တို့အိမ်တွင် ကြုံလျှင်ကြုံသလို စားလေ့ရှိသည်။

ဘကြီးစံ၏ အသွင်သဏ္ဌာန်မှာ ထောင်ထောင်မောင်းမောင်း လူညိုထွားကြီးဖြစ်သည်။ သျှောင်တစောင်းနှင့် ရှေးမြန်မာလူမျိုးကြီးဟန် ပေါက်နေသည်။ ပေါင်နှစ်ဖက်တွင်လည်း ထိုးကွင်းအပြည့် ထိုးထားသည်။ ကျောပြင်နှင့် ရင်ဘတ်တွင်လည်း အင်းကွက်တွေ နေရာမလပ် ရှိနေသည်။

ကျွန်ုပ်အား သူ၏ စွန့်စားခန်းတွေကို မကြာခဏ ပြောပြသည်။ များသောအားဖြင့် သူရောက်ခဲ့သည့် တစ်ကျွန်း(သို့မဟုတ်) ကပ္ပလီကျွန်းအကြောင်းတွေ ပါရှိသည်။ လူတိုင်းက သူ့ကို ချစ်ကြောက်ရိုသေကြသည်။ ဘကြီးစံ ကွယ်လွန်တော့ အနှစ်(၈၀)ခန့် ရှိပြီ။

ကျွန်ုပ်ဖခင်ပြောပြ၍ ဘကြီးစံအကြောင်းကို သိရပြန်သည်။ ဘကြီးစံသည် ဆရာစံ၏ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟူ၏။ ဆရာစံ သူပုန်ထပြီး နယ်ချဲ့အင်္ဂလိပ်တို့အား ခြံနိုတိုက်ရာတွင် ပါဝင်ခဲ့ပြီး အင်္ဂလိပ်တို့ ဖမ်းဆီးခြင်းကို ခံရသည်။ ထို့နောက် တစ်ကျွန်း(ကပ္ပလီကျွန်း)သို့ အပို့ခံရပြီး ကပ္ပလီကျွန်းမှ ဖောင်ဖွဲ့ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟု ဆိုသည်။

အသက်အရွယ်လည်းရ၊ စာဖတ်သက်လည်း ကြာသောလေတော့ ကျွန်ုပ် ဘကြီးစံကို အမှတ်ရမိသည်။ အကြောင်းကြား တစ်ကျွန်း(ကပ္ပလီကျွန်း)အကြောင်းခြင်းရာကို ဖတ်မှတ်မိ၍ ဖြစ်သည်။ ဘကြီးစံသည်လည်း တစ်ကျွန်း(ကပ္ပလီကျွန်း)သို့ ရောက်ခဲ့ဖူး။ ကျွန်ုပ်အား ငယ်စဉ်က ပြောပြခဲ့ဖူး၍ ဖြစ်သည်။ တစ်ကျွန်း(ကပ္ပလီကျွန်း)ကို “ပို့ဗလဲယားထောင်” ဟူ၍ ပြောစမှတ်ပြုကြသည်။ ပို့ဗလဲယားဟူသည်ကား • • •

## တစ်ကျွန်း(သို့မဟုတ်)ကပ္ပလီကျွန်း

လူသိ သူသိများခဲ့သော တစ်ကျွန်း(သို့မဟုတ်) ကပ္ပလီကျွန်း၏ တည်နေရာမှာ ဘင်္ဂလားပင်လယ်အော်ထဲတွင် ဖြစ်သည်။ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီနှင့် ၉၃ ဒီဂရီအကြား၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီနှင့် ၁၄ ဒီဂရီအကြားရှိ စူနဂရီအငူ၏ အနောက်တောင်ယွန်းယွန်းတွင် တည်ရှိသည်။

ကပ္ပလီကျွန်းပေါ်ပေါက်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀၀၀ ကျော်ခန့်ရှိပြီဟု မှတ်သားရဖူး၏။ မြန်မာနိုင်ငံ၏ အနောက်ရိုးမတောင်တန်းနှင့် မြေတစ်ကြောတည်းဖြစ်သည်။ ကျွန်းကလေးပေါင်း ၂၀၀ ကျော်ရှိသည်။

တစ်ကျွန်း(ကပ္ပလီကျွန်း)၏ တည်နေပုံမှာ အလျားလိုက် မြောက်နှင့်တောင် အကျယ်အဝန်းမှာ မြောက်မှ တောင်သို့ မိုင် ၂၂၀ ရှိသော်လည်း အနံအကျယ်အဝန်းမှာမူ ၃၂ မိုင်မျှသာရှိသည်။ စတုရန်းမိုင် ၇၀၄၁ အကျယ်အဝန်းရှိသည်။

တစ်ကျွန်း(ကပ္ပလီကျွန်း)ပေါ်တွင် မြစ်၊ ချောင်းများမရှိသော်ငြား တောင်ကျစမ်းအများအပြားရှိသည်။ တောင်ထူထပ်သော ကျွန်းဖြစ်သည်။ အမြင့်ဆုံးတောင်မှာ “ဆက်ဒယ်ပီးတောင်” ဖြစ်သည်။ ကပ္ပလီကျွန်းသို့ ရန်ကုန်မှ မိုင် ၄၀၀၊ ပုသိမ်မှ မိုင် ၃၀၀ ကျော် ဝေးသည်။ ရန်ကုန်ထောင်မှ



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပလီကျွန်းသို့ အကွာအဝေးမှာ ရန်ကုန်-မန္တလေး ခရီးတာမျှသာ ဝေးသော်လည်း သွားရေးလာရေးမှာ မလွယ်ကူ။ ရေကြောင်းတစ်ခုတည်းသာ ရှိသည်။ ရာသီဥတု အလွန်ဆိုးရွားသည်။

ရာသီမပြတ် မိုးသည်းထန်သလို သစ်တောများ ထူထပ်ပြီး တောနက်သည်။ ကပ္ပလီကျွန်း၏ မြို့တော်မှာ "ပို့ဘလဲယား"ဖြစ်သည်။ ရန်ကုန်နှင့် တစ်ကျွန်း(ကပ္ပလီကျွန်း)သို့ ထိုစဉ်က ဆက်သွယ်ရေးအတွက် ထားရှိသည့် တစ်စီးတည်းသော သင်္ဘောမှာ "အက်(စ်)အက်(စ်) မဟာရာဂျာ" အမည်ရှိ သင်္ဘောဖြစ်သည်။

## ပို့ဘလဲယားမြို့ဟု မတည်ရှိခင်က

စိမ်းညို့နေသော တောထဲတွင် သွားလာလှုပ်ရှားနေသူများ ရှိသော်ငြားလည်း သူတို့ကို မြင်တွေ့ဖို့ မလွယ်။ သူတို့ဆီက စီခနဲ စီခနဲ အသံပေးလျက် ထွက်ပေါ်လာသော မြားတစ်မြားမှာ ကြောက်စရာကောင်းလှသည်။ ထိလိုက်သည်နှင့် ဘိုင်းခနဲ လဲကျသည်။ သူတို့၏ အဆိပ်လူးမြားမှာ ဘယ်နေရာ ဝိုင်ဝိုင် ဝေးဝေးချက်ပေမီ။ သူတို့မြားတွေက သူတို့အရပ်ထက်မြင့်သည်။ သူတို့ကို အင်္ဂလိပ်တွေက "ဂျင်ပလီ"ဟု အမည်ပေးထားသည်။

ပုံစံမှာ နှုတ်ခမ်းမောက်မောက်၊ နှာယောင်တို၊ အသားမည်း၊ ဆံပင်လိမ်ကောက်သည်။ မျက်လုံးနီကြောင်ကြောင်၊ အရပ်အမောင်းမှာ ဝလေးပေပင် မပြည့်တတ်။ ကပ္ပလီလူပုလေးများ ဖြစ်သည်။ အလွန်ရိုင်းသည်။ ရာသီမရွေး အဝတ်အစား မဝတ်။ အရှက်လုံရုံမျှ သစ်ခက်များ၊ ကောက်ရိုးများဖြင့် ဖုံးကွယ်ထားသည်။ ငါးဖမ်းကျွမ်းကျင်ပြီး တောလိုက်ကောင်းသည်။ လှုပ်ရှားမှု လျင်မြန်လှသည်။

၁၈၅၇ ခုနှစ်၌ အိန္ဒိယ၌ စစ်ဘာရီများ သူပုန်ထခဲ့ရာ ဖမ်းဆီးရမိသူများကို ကပ္ပလီကျွန်းသို့ ပို့ဆောင်ကာ တစ်ကျွန်းစခန်းကြီး ဖွင့်လိုက်သည်။ ရောက်လာသော လူစိမ်းများကို ကျွန်းတွင် နေထိုင်လျက်ရှိနေသော ကပ္ပလီလူပုလေးများက တိုက်ခိုက်သည်။ သို့သော် ရောက်လာသော လူစိမ်းတို့၏ မီးများဆီသို့လည်းကောင်း သွားရောက်နေထိုင်ကြရတော့သည်။ ထိုအချိန်မှစ၍ တစ်ကျွန်း(ခေါ်) ကပ္ပလီကျွန်းပေါ်တွင် အဝတ်ဝတ်သောသူများ အခြေချနေထိုင်ကာ စည်ကားလှပသော ကျွန်းတစ်ကျွန်းဖြစ်လာခဲ့သည်။

## နယ်ချဲ့တို့ လက်အောက်မှ ကပ္ပလီကျွန်း

၁၈၇၇ ခုနှစ်တွင် နယ်ချဲ့ ဗြိတိသျှတို့က အိန္ဒိယကို အပြီးအပိုင် သိမ်းလိုက်သည်။ ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို သိမ်းပိုက်ကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် နိုင်ငံတစ်နိုင်ငံအဖြစ် မသတ်မှတ်တော့ဘဲ ပြည်နယ်တစ်ခုအဖြစ်သာ သတ်မှတ်ထားရှိပြီး အိန္ဒိယဘုရင်ခံ တိုက်ရိုက်အုပ်ချုပ်ခဲ့ရာမှ တစ်ကျွန်း(ခေါ်) ကပ္ပလီကျွန်းသည် နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်သို့ အလိုအလျောက် ရောက်သွားတော့သည်။ ကပ္ပလီကျွန်းကိုလည်း အုပ်ချုပ်ရန် မျက်နှာဖြူကျွန်းပိုင်ကြီးတစ်ယောက်ကို ခန့်ထားလိုက်သည်။

ကျွန်းပိုင်မင်းကြီးက ထောင်ဆောက်လုပ်ခဲ့သည်။ စီလူလါထောင်ဟု အမည်တွင်သည်။ မြန်မာပြည်က တစ်ကျွန်းအကျဉ်းသားများကို ကပ္ပလီကျွန်းသို့ ပို့ဆောင်ခဲ့သည်မှာ ၁၉၀၆ ခုနှစ်က ဖြစ်သည်။ ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာပြည်နှင့် အိန္ဒိယမြေပုံထဲသို့ သွတ်သွင်းလိုက်သည်။ ကပ္ပလီကျွန်းအမည်ကို ပြောင်းပစ်ခဲ့သည်မှာ ၁၉၄၈ ခုနှစ်။ "ဂရက်အင်ဒါမန်ကျွန်း"အမည်သစ်သို့ ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။

## တစ်ကျွန်း၏ မြို့တော်

တစ်ကျွန်း၏ မြို့တော်ဟု သတ်မှတ်ထားသည့် ပို့ဘလဲယားမြို့၏ အကျယ်အဝန်းမှာ အလျားမိုင် ၃၁၊ အနံမိုင် ၁၄ မိုင်ရှိသည်။ အင်္ဂလိပ်တို့ စည်းစနစ်အတိုင်း အကွက်ချဆောက်လုပ်ထားသည့် ပို့ဘလဲယားသည် လှပ၊ သန့်ရှင်းသပ်ရပ်သော မြို့ဖြစ်သည်ဟူ၏။ ဆိပ်ကမ်းမြို့ ဖြစ်သည့်အပြင် စိမ်းလန်းသော တောင်တန်းများနှင့် ဝေဆာနေသော အုန်းပင်များ အစီအရီရှိသည်။ စနစ်ကျသော မြို့ကွက်ကြောင့် မြို့မှာ လှပနေခြင်းဖြစ်သည်။ မြို့အဂါရပ်အပြည့်ရှိသည်။

၁၈၅၇ ခုနှစ်တွင် အိန္ဒိယစစ်ဘာရီများ သူပုန်ထရာ

www.burmeseclassic.com

ဖမ်းဆီးမိသည့် သုံ့ပန်းများစွာကို ကပ္ပလီကျွန်းသို့ ပို့ခဲ့ရာမှ မျိုးဆက်ပြန့်ပွားခဲ့သည်။ ပို့ဗလဲယားမြို့ကို သူတို့၏ လက်များဖြင့် စက်ယန္တရားမပါဘဲ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ နောင်သော် အိန္ဒိယအကျဉ်းသား၊ မြန်မာအကျဉ်းသားများ၏ လုပ်အားပါ ပါဝင်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ခွဲရေးအောင်မြင်ခဲ့ပြီး အိန္ဒိယမြေပုံထဲသို့ ကပ္ပလီကျွန်းပါဝင်သွားသည်။

## တစ်ကျွန်းကျရောက်သူ မြန်မာများ

လူသတ်မှုတရားခံများ အယူခံတွင် ကြိုးဒဏ်မှ ထောင်ဒဏ်ပြောင်းလဲကျခံရလျှင် ဆန္ဒရှိသည်ဖြစ်စေ၊ ဆန္ဒမရှိသည်ဖြစ်စေ တစ်ကျွန်းသို့ပို့သည်။ အနည်းဆုံး ထောင်ဒဏ် ၇ နှစ် ကျခံရသူ နှစ်ကြီးသမားတို့သည် ဆန္ဒအတိုင်း လိုက်ပါ၍ရသည်။ တစ်ကျွန်းမှာ အလုပ်သမားအင်အား လိုသည်။ ကျွန်းကျတရားခံတို့နှင့် လုံလောက်မှုမရှိ။ သို့ဖြင့် ကျွန်းသို့ လိုက်ပါချင်အောင် ဆွယ်သည်။ မက်လုံးအမျိုးမျိုး ပေးသည်။ လုပ်ခလစာရမည်၊ ထောင်နှစ်လျော့ပေါ့မည်၊ မိသားစုခေါ်နိုင်သည်ဟူ၍ ဖြစ်သည်။

၁၉၂၅ ခုနှစ်ကာလက ရန်ကုန်ထောင်တွင် အကျဉ်းသမားများကို အုပ်ချုပ်သည့် ပုံစံနှစ်မှာ တင်းကျပ်လွန်းရုံမက ပြင်းပြင်းထန်ထန် ဖိနှိပ်သည်။ ရက်ရက်စက်စက် နှိပ်ကွပ်လေ့ရှိသည်။ နှိပ်စက်မှုဒဏ်မှ လွတ်စေရေးအတွက် တစ်ကျွန်းသို့ လိုက်ကြသူများရှိသလို အခွင့်အရေး လုပ်ခလစာရမည်ဆို၍ လိုက်ကြသူများလည်း ရှိသည်။

သို့ဖြင့် တစ်ကျွန်းသွား အကျဉ်းသားတို့ကို ရန်ကုန်ဆိပ်ကမ်းမှ အက်(စ်)အက်(စ်)မဟာရာဂျာ သင်္ဘောဖြင့် ပို့ခဲ့သည်ဟူ၏။ ကျွန်းသို့ ခြေချမိသည်နှင့် ခါးသီးသော အတွေ့အကြုံများ စတင်ခံစားခဲ့ကြရသည်ဟု ဆိုသည်။ တစ်ကျွန်းသည်ကား ပန်းခင်းသောလမ်း မဟုတ်ပါချေ။

## တစ်ကျွန်းမြေနှင့် ဗုဒ္ဓသာသနာ

၁၉၃၂ ခုနှစ်မှစ၍ ဆရာစံသူပုန်တွင် ပါဝင်ခဲ့၍ ကျွန်းဒဏ်ကျသူ သူပုန်ကြီးများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ လူလတ်ပိုင်း၊ လူကြီးပိုင်း မျိုးစုံပါသည်။ စုစုပေါင်းဦးရေ ၂၇၀ ဖြစ်သည်။ အချို့မှာ ရာသီဥတုဒဏ်၊ အစားအသောက်ဒဏ်၊ ရက်စက်နှိပ်ကွပ်မှုဒဏ်မခံနိုင်ကြ၍ တော်လှန်ရေးသမားဘဝကို မေ့ပျောက်ကုန်ကြသည်။ သို့သော် သူကျွန်မခံစိတ်ဓာတ်ကိုကား အပွန်းပဲ့မခံ။ အခွင့်ရတိုင်း စည်းရုံးမှု ပြုကြသည်။

ဆရာစံ သူပုန်များ ရောက်လာခဲ့သည့် အချိန်မှစ၍ တစ်ကျွန်းရောက် မြန်မာများမှ ယခင်ကထက်ပို၍ စည်းစည်းလုံးလုံး ရှိလာကြသည်။ တစ်ဦးကိုတစ်ဦး ရိုင်းပင်းလာကြသည်။ သူတို့ ပထမဦးဆုံး အကောင်အထည်ဖော်လိုက်သည့် လုပ်ငန်းမှာ တစ်ကျွန်းတွင် သာသနာရောင်ဝါ ထွန်းပလာရန် ကြိုးပမ်းခဲ့ကြခြင်းပင် ဖြစ်သည်။

နန်းပျောက်တီးပျောက်ရာမှ သာသနာပါပျောက်လျှင် လူမျိုးပါ ပျောက်မည်မို့ တစ်ကျွန်းသို့ သာသနာပြုရဟန်းတစ်ပါးကို ပင့်ဆောင်ရန် စီစဉ်ကြသည်။ အားထုတ်မှုကြောင့် ဗဟန်းဇေတဝန်ဆရာတော်ကြီး ကြွရောက်လာသည်။ ခမ်းနားစွာ ကြိုဆိုကြပြီး ဆရာတော်၏ တရားရေအေး တိုက်ကျွေးမှုကို သောက်စို့ခံယူကြသည်။ မြေမဆည်သာအောင် မျက်ရည်ကျခဲ့ကြရသည်။ အမျိုးဂုဏ်ရှိန် ပြန်လည်ဝင်းထိန်ခဲ့သည်။ ဆရာတော်ဘုရားကြီးထံတွင် ငါးပါးသီလ ခံယူကာ အရက်သေစာ လှူခဲ့ကြသူများ ရှိခဲ့သည်။

ဆရာတော်ဘုရားကြီးအား တစ်ကျွန်းတွင် အမြဲတမ်းသာသနာပြုနေထိုင် သီတင်းသုံးမည့် ရဟန်းတစ်ပါး ပို့လွှတ်ပေးပါမည့်အကြောင်းနှင့် ကျောင်း၊ သင်္ကန်းမှစ၍ ပစ္စည်းလေးပါးမကျန် တာဝန်ယူကြမည်ဖြစ်ကြောင်း လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးက ဆောင်ရွက်ပေးမည့်အကြောင်း မိန့်ကြားသည်။

ထိုနောက်ပိုင်းမှစ၍ တစ်ကျွန်းမြေတွင် သပ်ရပ်ခံ့ညားသော ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိလာသည်။ ကျောင်းထိုင်ဆရာတော်နှင့် သီတင်းဥပုသ်စောင့်ကြသူများနှင့် စည်ကားခဲ့သည်။ ဆရာတော်ဘွဲ့အမည်မှာ ဦးဣန္ဒိယ ဖြစ်သည်။ အိန္ဒိယနိုင်ငံ မြေပုံအတွင်းသို့ ကပ္ပလီကျွန်းပါဝင်သွားသည့်တိုင် တစ်ကျွန်းမြေမှာ ဗုဒ္ဓသာသနာရောင်ဝါ လင်းဖြာခဲ့ပါသတည်း . . .။

ကိုယောင်သန့်ဆင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆပ်ကပ်လူပြက် မောင်ဟန်ထက်

မြသိန်း

ကျွန်ုပ်သည် အသက်တစ်ဆယ့်လေးနှစ်သားအရွယ်မှစ၍ ဆပ်ကပ်ထဲလိုက်ပြီး လူအများပျော်ရွှင်အောင် ပျော်တော်ဆက်အလုပ်လုပ်သောကြောင့် ကျွန်ုပ်ကို ဆပ်ကပ်လူပြက် မောင်ဟန်ထက်ဟု ခေါ်ကြသည်။

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့ဇာတိဖြစ်သော ကျွန်ုပ်သည် ချောင်းဆုံမြို့ရှိ ဆရာမကြီး ဒေါ်ချိုကျောင်းမှ အင်္ဂလိပ်-မြန်မာ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သူဖြစ်သည်။

ကျွန်ုပ်ဖခင်မှာ ထန်းတက်သမားဖြစ်ရာ ကျွန်ုပ်သည် အသက်ခုနစ်နှစ်အရွယ်မှစ၍ ဖခင်၏ ထန်းတက်အလုပ်ကို ကျောင်းအားချိန်များ၌ ဝိုင်းကူရင်း အသက်ကိုးနှစ်အရွယ်မှစ၍ ထန်းပင်ပေါ်သို့ တက်နိုင်သူ ဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ဂျပန်တို့ မြန်မာပြည်ထဲ ဝင်လာသောအခါ မော်လမြိုင်မြို့ပေါ်မှ စစ်ပြေးဒုက္ခသည်များ ချောင်းဆုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် စစ်ဘေးမှ ဝေးရန် လာရောက်ခိုလှုံကြသည်။

ချောင်းဆုံမြို့တွင် စစ်ဘေးမှဝေးရန် လာရောက်ခိုလှုံသော ဒုက္ခသည်များထဲ၌ မော်လမြိုင်မြို့မှ 'ဘားမယ်မြင့်'ဆပ်ကပ်အဖွဲ့သားများ ပါဝင်သည်။

ထိုဆပ်ကပ်အဖွဲ့ ခေါင်းဆောင်မှာ ဒေါ်မြင့်ဖြစ်သည်။ ဘားကျွမ်းကစားရာ၌ နာမည်ရ၍ ဘားမယ်မြင့်ဟု အမည်တွင်သည်။ အသက်လေးဆယ်အရွယ် 'ဘားမယ်မြင့်'၏ ခင်ပွန်းမှာ ဆပ်ကပ်အဖွဲ့၏မန်နေဂျာ ဦးဘသန်း ဖြစ်သည်။ ဦးဘသန်းအသက်မှာလည်း သူ့ဇနီးနှင့်အတူတူပင်။

ထိုဆပ်ကပ်အဖွဲ့သည် ကျွမ်းဘားကစားပြခြင်းကို အဓိကအားထားသည်။ မျောက်လိမ္မာ၊ ခွေးလိမ္မာ၊ မြင်းလိမ္မာနှင့် ကြောင်လိမ္မာများလည်း ပါသည်။

ဘားမယ်မြင့်တို့အဖွဲ့ ချောင်းဆုံရောက်ပြီး တစ်ပတ်အတွင်း၌ ကျွန်ုပ်သည် ဆပ်ကပ်အဖွဲ့သားများနှင့် သိကျွမ်းခင်မင်သွားရာမှ ဘားမယ်မြင့်နှင့် ဦးဘသန်းတို့နှင့်ပါ ခင်မင်သွားသည်။

ကျွန်ုပ်သည် သစ်ပင်များပေါ်တွင် မျောက်ရှုံးအောင် ဆော့ကစားခဲ့သူဖြစ်ရာ ဆပ်ကပ်သမားများကဲ့သို့ပင် ကျွမ်းထိုးနိုင်သောကြောင့် ဒေါ်မြင့်နှင့် ဦးဘသန်းတို့က "လူလေး၊ မင်း ငါတို့ ဆပ်ကပ်အဖွဲ့ထဲ ဝင်ပါလား"ဟု ပြောလာသည်။

"ကျွန်တော်ဝင်မယ်"ဟု ကျွန်ုပ်သည် ချက်ချင်းအဖြေပေးလိုက်သည်။

ဆပ်ကပ်ထဲဝင်မည့်အကြောင်းကို ကျွန်ုပ်မိဘများကို အသိမပေးရဲပေ။ အဖေရော အမေပါ ကန့်ကွက်မည်ကို သိသောကြောင့် ဖြစ်သည်။

ဂျပန်တစ်ခေတ်လုံး ကျွန်ုပ်သည် ဖခင်၏ အလုပ်ကို ဝိုင်းကူပြီးသည်နှင့် ဘားမယ်မြင့်တို့၏ ဆပ်ကပ်အဖွဲ့ရှိရာ နေရာသို့ ရောက်သွားပါတော့သည်။

သို့နှင့် ဒုတိယကမ္ဘာစစ်အပြီးတွင် ဘားမယ်မြင့် ဆပ်ကပ်အဖွဲ့ မော်လမြိုင်သို့ ပြန်ခါနီး၌ ကျွန်ုပ်သည် ဖခင်နှင့် မိခင်တို့ထံ ခွင့်ပန်ပြီး ဆပ်ကပ်အဖွဲ့နှင့် မော်လမြိုင်မြို့သို့ လိုက်သွားပါသည်။

အမေက ကန့်ကွက်သော်လည်း အဖေက -

"လိုက်သွားပါစေကွာ။ ဒါမှ သူ့ဘဝရှေ့ရေး ကောင်းမှာ။ နို့မဟုတ်ရင် ငါ့လိုပဲ ထန်းတက်သမားဘဝက လွတ်မှာမဟုတ်ဘူး"ဟု အဖေက ပြောသောကြောင့် အမေသည် ခွင့်ပြုလိုက်ပါသည်။

ဘားမယ်မြင့်ဆပ်ကပ်သည် မွန်ပြည်နယ်အနှံ့တွင် ကပြရာ လူကြိုက်များ၏။ အထူးသဖြင့် ကျွန်ုပ်သည် ဆပ်ကပ်လူပြက်အဝတ်ဖြင့် ကျွမ်းဘားထိုးရင်း ရယ်စရာများကို လုပ်ပြ၏။ ကြိုးတန်းလမ်းလျှောက်ရင်း မဝေတဝေ ကြိုးတန်းပေါ်မှ ခြေချော်ကျ

www.burmeseclassic.com

ကြိုးတန်း၌ တွဲလောင်းဖြစ်နေပုံကို ပရိသတ်အလွန်နှစ်ခြိုက်၏။

ကျွန်ုပ်သည် ဆပ်ကပ်အဖွဲ့သား အားလုံးနှင့် ခင်ခင်မင်မင်နေ၏။ ခေါင်းဆောင် ဒေါ်မယ်မြင့်၏ လက်သပ်မွေးကြောင်နက်မ မဟူရာပင်လျှင် ကျွန်ုပ်ကို ခင်လာ၏။

မဟူရာသည် တစ်လက်ကိုင်။ ဒေါ်မယ်မြင့်မှလွဲလျှင် မည်သူ့ကိုမျှ မခင်။ သို့သော် ကျွန်ုပ်ကိုမူ တဖြည်းဖြည်းခင်လာ၏။ ကျွန်ုပ်အနား ပွတ်သီးပွတ်သပ် လုပ်လာ၏။

ကျွန်ုပ် ထိုဆပ်ကပ်အဖွဲ့ထဲ ရောက်ပြီး နှစ်နှစ်ကျော်ကျော်အကြာ၌ 'မိရွှေဖြူ'အမည်ရှိ ကျွမ်းဘားမယ် အသစ်တစ်ယောက် ဆပ်ကပ်အဖွဲ့ထဲ ရောက်လာသည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် မိဖြူသည် ကရင်ပြည်နယ်၊ ဘားအံဇာတိ ဖြစ်သည်။

ကျွန်ုပ်တို့ ဘားအံတွင် ကပြစဉ် ကျွမ်းဘားဝါသနာကြီးပြီး ငယ်စဉ်ကပင် ဆော့ကစားသော မိဖြူသည် မိဘများ၏ ခွင့်ပြုချက်ဖြင့် ကျွန်ုပ်တို့ထံ ရောက်လာသည်။ ဆပ်ကပ်ထဲတွင် ကျွမ်းဘားကစားနိုင်သော အမျိုးသမီးကလည်း အားနည်းနေသောကြောင့် ဒေါ်မြင့်က လက်ခံလိုက်ခြင်းဖြစ်သည်။

ဒေါ်မြင့်သည် စည်းကမ်းကြီးသူဖြစ်သည်။ လစာကိုလည်း ထိုက်ထိုက်တန်တန်ပေး၏။ ဝင်ငွေကောင်းလျှင် ကောင်းသလို ဆုများလည်း ချီးမြှင့်၏။

ခေါင်းဆောင် ဒေါ်မြင့်သည် သူမ၏ မဟူရာကြောင်နက်မကြီးနှင့်အတူ ကြိုးတန်းလမ်းလျှောက်ပြသည့် အခန်းတစ်ခန်း၌သာ ပါဝင်ကပြ၏။ သူမ၏ခင်ပွန်း ဦးဘသန်းသည်လည်း ဆပ်ကပ်တွင် ဓား၊ လုံ ကစားပြရသော အခန်းတစ်ခန်း၌ ကျွမ်းကျင်စွာ ပါဝင်ကစားပြ၏။ ကျွန်ုပ် ဆပ်ကပ်လူပြက် မောင်ဟန်ထက်သည် ပွဲကြည့်ပရိသတ်ပါးစပ်များတွင် တစ်ထက်တည်း ထက်နေ၏။

သို့နှင့် ကျွန်ုပ်သည် အသက်နှစ်ဆယ်ထဲ ရောက်လာ၏။ ကျွန်ုပ်တို့၏ ဆပ်ကပ်သည် ဝါတွင်းသုံးလသာ နား၏။ ဆပ်ကပ်နားချိန်၌ ကျွန်ုပ်သည် မိဘများရှိရာ ချောင်းဆုံမြို့သို့ ပြန်သည်။ ကျွန်ုပ်ရထားသော ငွေများဖြင့် မိဘများကို ကန်တော့သည်။

သို့နှင့် ၁၉၅၁ ခုနှစ်တွင် သထုံမြို့ ရွှေစာရံဘုရားပွဲတော်၌ ကျွန်ုပ်တို့ ဆပ်ကပ်အဖွဲ့ ကပြစဉ် နေ့ဘက်လေ့ကျင့်ခန်းဆင်းခိုက် အချိန်တစ်ချိန်၌ မိရွှေဖြူက အခြားသူများ အလစ်၌

"အစ်ကို့ကို ညီမ ပြောစရာရှိတယ်"ဟု ပြောလာသည်။

"ဘာများလဲ မိဖြူရယ်"

"အမေမြင့်က ဦးလေးသန်းကို ပြောတာ ညီမကြားလိုက်တယ်"

"ဘာကြားရသလဲ"

"ကိုသန်းနော် ... ရှင် မိဖြူကို ပစားပေးလွန်းတယ်။ ကျုပ်သိတယ်နော်။ ရှင်စည်းမဖောက်နဲ့"လို့ ပြောသံကြားတယ်။

"ဟေ ..."

ကျွန်ုပ်၏ အံ့ဩသံဖြစ်သည်။

"အစ်ကို ညီမကို ပစ်မထားနဲ့နော်"

"အေး ... အေး၊ ညီမလည်း ပိုပြီးသတိထားနေပါ"

ထို့နောက် ကျွန်ုပ်တို့သည် လေ့ကျင့်မှုများကို ဆက်လက်ပြုလုပ်ကြသည်။ မိရွှေဖြူသည် ရောက်လာခ နှင့်မတူတော့ဘဲ တဖြည်းဖြည်းလှ လာ၏။ ကျွန်ုပ်သည် မိရွှေဖြူကို ရှေ ကထက် ဂရုစိုက်ရတော့သည်။ အခြား ဆပ်ကပ်အဖွဲ့သားများမသိအောင် သို သိုသိပ်သိပ်နှင့် ဂရုစိုက်ရသည်။

ဒေါ်မယ်မြင့်ကလည်း မိရွှေဖြူ ကို မျက်စိအောက်မှ အပျောက်မခံ တော့။ ဦးဘသန်း ဆင်ကြံကြံနေသည် ဟု ကျွန်ုပ်ရိပ်စားမိသည်။

သို့နှင့် နောက်ခြောက်လနှ အကြာ ---မြို့ ဘုရားပွဲတွင် ကျွန်ုပ် တို့အဖွဲ့ ကပြနေစဉ် ဒေါ်မယ်မြင့်သည် ညဘက် ဆပ်ကပ်အဖွဲ့ ပွဲသိမ်းပြီးချိန် တွင် အိပ်ရာထဲဝင်သွားရာ နံနက်မိုး လင်းသောအခါ သေဆုံးနေပါတော့ သည်။ ဤသည်ကို ဦးဘသန်းက သူ့ မိန်းမနိုးချိန်တန် မနိုးသောကြောင့် သွားကြည့်တော့မှ သိရသည်ဟု ပြော သည်။ ဆပ်ကပ်တစ်ဖွဲ့လုံး လှုပ်လှုပ် ရှားရှား ဖြစ်သွားသည်။ ဒေါ်မယ်မြင့် နေမကောင်းပါဟု မည်သူကမျှ မထင်။ အကောင်းပကတိမှ သေသွားသော ကြောင့် အားလုံးအံ့ဩကြသည်။

ဆေးရုံသို့ အလောင်းကိုပို့၍ စစ် ဆေးရာ ဆရာဝန်က နှလုံးရုတ်တရက် ရပ်သွား၍ သေခြင်းဖြစ်သည်ဟု အဖြေ ပေးသည်။ ဒေါ်မယ်မြင့် သေဆုံးသွား သောကြောင့် ဆပ်ကပ်ပွဲ တစ်ရက်နား ပြီး နောက်တစ်ရက်တွင် ဆက်ကရ၏။ စာချုပ်အရ ရက်ပြည့်အောင် ကရခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် စိတ်မကောင်း စွာဖြင့် ဆပ်ကပ်ကို ဆယ်ညပြည့် အောင် ကပြရာ နောက်ဆုံးညသို့ ရောက်လာ၏။

www.burmeseclassic.com

ထူးဆန်းမှုတစ်ခုမှာ ဒေါ်မယ်မြင့်သေဆုံးချိန်မှစ၍ ကြောင်နက်မ မဟူရာ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ကျွန်ုပ်က ဦးစွာသတိထားမိသည်။ ၎င်းကို လိုက်ရှာရာ မတွေ့ပါ။ ဒေါ်မယ်မြင့်သေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ထိုသို့ ကျွန်ုပ်တွေးမိသည်။

နောက်ဆုံးညတွင် ဦးဘသန်းသည် သူ၏ တစ်ခုတည်းသော ကပြကွက်ဖြစ်သည့် ဓားလှံများကို မြှောက်၍ ကျွမ်းကျင်စွာ ပြန်ဖမ်းသည့် ကပြကွက်ကို ကပြနေ၏။ ပရိသတ်များ ငြိမ်သက်စွာဖြင့် ကြည့်နေကြသည်။ သူသည် လှံတစ်ချောင်းကို အပေါ်သို့ ခပ်မြင့်မြင့် မြှောက်တင်ပြီးမှ အသွားဖြင့် အောက်သို့ပြန်အကျ၌ လှံသွား၏ အရင်းပိုင်းနေရာကို ဖမ်းဆုပ်ကိုင်သည့် ပြကွက်ကို ကပြနေစဉ် လှံသွားကို သူ အပေါ်မြင့်မြင့်သို့ မြှောက်တင်ပြီး ပြန်ဖမ်းခါနီး၌ ထိတ်လန့်အံ့ဩ တုန်လှုပ်စရာကြီးတစ်ခု ဖြစ်သွား၏။

မဟူရာ ကြောင်နက်မကြီးသည် မည်သည့်အချိန်က ဦးဘသန်းနောက်သို့ ရောက်နေသည်မသိ။ ဦးဘသန်း မြှောက်တင်လိုက်သော လှံအသွားဖြင့် အောက်သို့ ပြန်အကျ၌ မဟူရာသည် ဦးဘသန်းနောက်ကျောကို ခုန်အုပ်၍ ဦးဘသန်း၏ လည်ကုပ်ကို ရှေ့လက်နှစ်ဖက်ဖြင့် ကုတ်ခြစ်ရင်း "ညောင်" ဟု အသံပြုလိုက်သည်။ ကျွန်ုပ်သည် လှမ်းမကမ်းတွင် ရှိနေသည်။ ဦးဘသန်းသည် အပေါ်မှ ပြန်ကျလာသည့် လှံသွားပိုင်းကို ဖမ်းရန် ရုတ်တရက် သတိလစ်သွားပြီး နောက်ကျောသို့ ဦးခေါင်းကို ငဲ့ကြည့်လိုက်သည်။ ထို အကြည့်၌ အပေါ်မှကျလာသောလှံသွားက သူ့လက်ဝဲဘက် ရင်အုံပေါ်သို့ စိုက်ကျသွားလေတော့၏။

မဟူရာသည် "ညောင်" ဟု အသံပြုရင်း အဝေးသို့ ထွက်ပြေးသွားလေတော့၏။

"ဟာ ..."

ပရိသတ်များထံမှ ကျယ်လောင်သော အာမေဋိတ်သံကြီး ထွက်လာပါတော့သည်။

ကျွန်ုပ်တို့ ဆပ်ကပ်အဖွဲ့သားများ သူ့ထံသို့ ဝိုင်းအုံသွားကြသည်။ လှံကို မကိုင်ရဲကြ။ ဦးဘသန်းမှာ ငြိမ်သက်နေ၏။ လှံစိုက်ဝင်နေရာမှ သွေးများ စီးကျနေပါသည်။

ဦးဘသန်းကို လှံတန်းလန်းဖြင့် ပင် ဆေးရုံသို့ ပို့လိုက်သည်။ ရဲတပ်ဖွဲ့ကိုလည်း တိုင်ရပါသည်။ ရဲများရောက်လာသည်။ ကျွန်ုပ်တို့သည် စစ်ဆေးမေးမြန်းခြင်း ခံကြရ၏။ ကြောင်နက်မ မဟူရာကို ရှာကြသည်။ လုံးဝမတွေ့ရတော့ပါ။ ---မြို့တွင် ကပြရသော ဆပ်ကပ်ပွဲသည် နိဂုံးသို့တိုင်သွားလေပြီ။

ဒေါ်မယ်မြင့်ရော၊ ဦးဘသန်းပါ မရှိတော့၍ ကျွန်ုပ်တို့အဖွဲ့သားများ စုဝေးပြီး ဆပ်ကပ်ပစ္စည်းများကို ဒေါ်မယ်မြင့်၊ ဦးဘသန်းအိမ်သို့ ပို့ခြင်း၊ ငွေကြေးများ ခွဲဝေယူကြခြင်းတို့ကို ပြုလုပ်ကြပြီး လမ်းခွဲကြပါတော့သည်။

မိရွှေဖြူသည် ကျွန်ုပ်တစ်ယောက်တည်း ထိုင်နေရာသို့လာ၍-

"အစ်ကို ဘာအလုပ်ဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ" ဟု မေးသည်။

"ဘာမှ စိတ်ကူးမရသေးဘူး ညီမရယ်"

"အစ်ကို ညီမတို့ဘားအံကို လိုက်လည်ပါလား"

ကျွန်ုပ်သည် ခဏစဉ်းစားလိုက်ပြီး -

"အေး ... ကောင်းသားပဲ" ဟု ဖြေလိုက်သည်။

သို့နှင့် ကျွန်ုပ်ဆပ်ကပ်လူပြက် မောင်ဟန်ထက်သည် မိရွှေဖြူနှင့်အတူ ဘားအံမြို့သို့ လိုက်သွားသည်။ ရိုးသားသော မိရွှေဖြူ၏မိဘများသည် ကျွန်ုပ်ကို ဖော်ဖော်ရွေရွေရှိကြ၏။

မိရွှေဖြူကလည်း ညှို့ဝတ်ကျေပွန်၏။ ကျွန်ုပ်ကလည်း ညှို့သည့်လို မနေဘဲ သူတို့ခြံဝင်းသန့်ရှင်းရေးကို ပြုလုပ်ပေးရာ မိရွှေဖြူကမလုပ်ဖို့တား၏။

အိမ်နောက်ဖေးရှိ သစ်ရွက်ခြောက်များကို ကျွန်ုပ်ရှင်းနေစဉ်-

"အစ်ကို မလုပ်နဲ့၊ ညီမလုပ်မယ်" ဟု ပြောရာ ကျွန်ုပ်က "ညီမ ... အစ်ကိုလေ ညီမနှင့်အတူ တစ်သက်လုံး အတူတူနေချင်တယ်ကွာ" ဟု သူကြားရုံ တိုးတိုးလေးပြောရာ "ဟင် ... အစ်ကိုကလည်း" ဟု အသံပြုပြီး ရှက်ပြုံးပြုံး၍ ထွက်ပြေးသွားသည်။

နောက်တစ်ပတ်အကြာတွင် ကျွန်ုပ်နှင့် မိရွှေဖြူသည် မြို့နယ်တရားရုံး၌ မိရွှေဖြူ၏ မိဘများ ခွင့်ပြုချက်ဖြင့် အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးပြီး လက်ထပ်လိုက်ကြပါသည်။ ကျွန်ုပ်တို့သည် ကုန်ရောင်းကုန်ဝယ်အလုပ်ဖြင့် အသက်မွေး၍ ပြုလုပ်ကြပါတော့၏။

မိရွှေဖြူနှင့် နဖူးစာဆုံခွင့်ရလိုက်သော 'ဘားမယ်မြင့်'ဆပ်ကပ်အဖွဲ့က ကျွန်ုပ်သည် သေသည့်တိုင်အောင် မေ့မည်မဟုတ်။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ခေါင်းဆောင်ကြီး တစ်ဦး၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်

မြင့်လွင် (ဂျပန်ဘာသာ)



လော့ဒ်မောင့်ဘက်တန်(Lord Mount-batten)ဆိုသော အမည်နာမကို မြန်မာနိုင်ငံတွင် မကြားဖူးသူ အလွန်နည်းပါးလိမ့်မည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အချိန်ကာလများတွင်လည်း လော့ဒ်မောင့်ဘက်တန်ဆိုသော အမည်နာမကို ကြားကြားနေရသောကြောင့်ပင် ဖြစ်လေသည်။

လော့ဒ်မောင့်ဘက်တန်သည် ယခင် အင်္ဂလန်နိုင်ငံ ကေရီဘုရင်မကြီး၏ မြစ်၊ လက်ရှိ အင်္ဂလန်နိုင်ငံ ကေရီဘုရင်မကြီး အဲလိဇဘတ်၏ ဦးရီးတော်တစ်ဦး ဖြစ်ခဲ့သောကြောင့် ဗြိတိသျှတို့၏ အစဉ်အလာကြီးမားသော ပုဂ္ဂိုလ်ကြီးဖြစ်သလို၊ ကမ္ဘာ့အရေးအခင်းများတွင်လည်း မပါလျှင်မပြီးသော ခေါင်းဆောင်ကြီးတစ်ဦးလည်း ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ပြီး ကာလတုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှတို့၏ ကြည်း,လေ,ရေ တပ်ပေါင်းစု၏ စစ်ဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့သလို စစ်ကြီးပြီးသည့် အချိန်တွင်လည်း ဇနီးသည် လေဒီမောင့်ဘက်တန်နှင့်အတူ ဒုက္ခသည်များစခန်းသို့ လာရောက်စောင့်ရှောက်ပေးသော တာဝန်ကျလာရင် ထမ်းဆောင်ခဲ့သေးသည်။

ထို့ကြောင့်လည်း မောင့်ဘက်တန်ဆိုသော အမည်နာမကို မြန်မာတို့ မသိသူအလွန်နည်းပါးရခြင်း ဖြစ်လေသည်။ လူချစ်လူခင်အလွန်ပေါ်များသော ဗြိတိသျှ မင်းမျိုးမင်းနွယ်တစ်ဦးလည်း ဖြစ်လေသည်။ သူ၏ဘဝသည် အချိုးအကွေ့ပေါင်းများစွာနှင့် ဘဝခရီးနှင်လာခဲ့ရသူ တစ်ဦးလည်း ဖြစ်လေသည်။ ဗြိတိန်နှင့် ဂျာမန်စစ်ပွဲကာလတုန်းကလည်း သူ၏အချစ်တော် (Kelly)ကဲလီသင်္ဘော ဂျာမန်တို့၏ ကက်ဗီတိုပုံးထိမှန်ပြီး သင်္ဘောမှောက်စဉ် မြေထဲပင်လယ် အရှေ့ပိုင်းတွင် လက်ပစ်ကူးခင်း ကယ်ဆယ်သည့်သင်္ဘောနှင့် တွေ့ပြီး သေခြင်းတရားမှ လွတ်မြောက်ခဲ့ရသူတစ်ဦးဖြစ်လေသည်။

သို့သော် ၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်ကား ဝင့်ကြွားကြမ္မာမလွှတ်သာ ဆိုသည့်အတိုင်း (IRA)ခေါ် အိုင်းရစ်တောက်လှမ်းရေးတပ်မှ သောမာ့စ်မက်မဟွန်(Thomas Mcamahon) ဆိုသူ၏ ဗုံးထောင်မှုကြောင့် ဘဝဆုံးရှာရလေသည်။

ထိုနေ့က အဖြစ်အပျက်ကို ပြန်ကြည့်မည်ဆိုလျှင်···

ထိုနေ့သည် တစ်လောကလုံး နေရောင်ခြည် လင်းလက်နေသော်လည်း လေတိုက်ခတ်မှု လုံးဝမရှိသော နေ့တစ်နေ့ပင် ဖြစ်လေသည်။ အင်္ဂလန်နိုင်ငံနယ်စပ်မျဉ်းမှ ၁၂ မိုင်အကွာ မူလာမိုး(Mullap more) တံငါရွာလှေဆိပ်တွင် တံငါလှေများ အစီအရီ ဆိုက်ကပ်ထားလေသည်။

မောင့်ဘက်တန်သည် ထိုရွာရှိ ၂၇ ပေရှည်သော Shodow V အမည်ရှိ သူ၏ လှေကလေးဖြင့် အပျော်ငါးဖမ်းထွက်ရန် လှေဆိပ်ဆီသို့ နံနက် ၁၁ နာရီခွဲလောက် အချိန်တွင် ရောက်ရှိလာလေသည်။

မောင့်ဘက်တန်နှင့်အတူ သူ၏သမီး အသက် ၅၅ နှစ်အရွယ် လေဒီပက်ဆီရီကာဘာရာဘွန်းနှင့် ခင်ပွန်းသည် အမြွှာညီနောင် မြေးလေး တီမိုသီနှင့် နီကိုလပ်၊ သမီးလေး ဒီပက်ထရီကာစ်ယောက္ခမ အဘွားကြီး အသက် ၈၃ နှစ်အရွယ် လေဒီဘာရာဘွန်တို့ အပျော်ခရီးအဖြစ် လိုက်ပါလာကြသည်။

အာလာစကာမြို့ကလေးမှ ကျောင်းသားလေး ပေါ်မက်ဆွဲ (Paul Maxwell) နွေရာသီ လှေလုပ်သားအဖြစ် ခေါ်ယူထားသူတို့ စုစုပေါင်း ခုနစ်ဦးသည် Shovdow V တံငါလှေဖြင့် လှေဆိပ်မှ ထွက်ခွာလာကြသည်။

ရာသီဥတုက သာယာသဖြင့် ပင်လယ်ပြင်ရှုခင်းက ကြည့်လို့ကောင်းနေ၏။ Shovdow V တံငါလှေလေးသည် လှေဆိပ်မှ ခဲတစ်ပစ်လောက်အကွာတွင် ခေတ္တရပ်တန့်သွားပြီး မောင့်ဘက်တန်သည် ပုစွန်တုပ်ထည့်သော အိုးကို ရှာဖွေစစ်ဆေးနေစဉ်မှာပင် မမျှော်လင့်သော ကြောက်မက်ဖွယ်ရာ အသံကြီးနှင့် ပေါက်ကွဲမှုကြီးတစ်ခု ပေါ်လာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သလား ထင်မှတ်ရလောက်အောင် ဖြစ်သွားရရှာလေသည်။ မျက်မြင်သက်သေအနီးအနား ပိုက်ချ ငါးဖမ်းနေသော တံငါလှေများ၏ ပြောစကား

**မမျှော်လင့်သော ကြောက်မက်ဖွယ်ရာ အသံကြီးနှင့်**
**ပေါက်ကွဲမှုကြီးတစ်ခု ပေါ်လာသဖြင့်**
**ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သလား**
**ထင်မှတ်ရလောက်အောင် ဖြစ်သွားရရှာလေသည်။**



www.burmeseclassic.com

www.burmeseclassic.com

အရ ပေါက်ကွဲသံနှင့်အတူ ပန်းပဲဖိုမှ မီးရဲနေသော အစတစ်စ လွင့်ထွက်သွားသလို မြင်လိုက်ရသည်ဟု ဆိုကြသည်။ ကယ်ဆယ်ရန် တံငါလှေများရောက်လာသောအခါ လော့ဒ်မောင့်ဘက်တန်နှင့်အတူ မြေးလေးနီကိုလပ်(Nicholux) လေး ပေါ်မကဲ့တို့သုံးဦးမှာ အခင်းဖြစ်ရာတွင်သေဆုံးသွားရလေသည်။ မုဆိုးမ ဘရာဘွန်အဘွားကြီးမှာ နောက်နေ့နံနက်တွင် ဆေးရုံတွင် သေဆုံးသွားရလေသည်။

ဤဖြစ်စဉ်ကြောင့် ဖောက်ခွဲရေးသမား သောမတ်စ်မက်မဟွန် (Thomas Mcmahon) ကို ဒေသဆိုင်ရာ ဒဗ္ဗလင် (Dublin) တရားရုံးက ထောင်ဒဏ်တစ်သက် ချမှတ်လိုက်လေသည်။

အိုင်ရာလန်ပြည်နယ် ရောဂါရှာဖွေရေးဆရာဝန်ကြီးက မောင့်ဘက်တန်မှာ တစ်နေရာတည်းတွင် အချက်ပေါင်းများစွာထိပြီး ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း အဖြေထွက်လာလေသည်။ စစ်ပွဲကာလတစ်လျှောက်လုံး သေမင်းတမန် ကျည်ဆန်များက မိမိရင်ဝကို ချိန်ပစ်နေသော်လည်း မထိမှန်ဘဲ သေမင်းတစ်မန် သတိလက်လွတ်နေချိန်ကျမှပင် မမျှော်လင့်သော သေမင်းက ရောက်လာပြီး မရဏလမ်းကို ခေါ်ဆောင်သွားလေသည်။

ထို့ကြောင့် သေခြင်းတရားကို အမြဲသတိထားသင့်ကြောင်း သင်ခန်းစာတစ်ခု ရရှိလေသည်။

လော့မောင့်ဘက်တန်၏ ရှာပနအခမ်းအနားကို လန်ဒန်မြို့တော်တွင် ကျင်းပရာ ကမ္ဘာအရပ်ရပ်မှ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်လာကြသည်။

(ထိုစဉ်က မြန်မာနိုင်ငံ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အစိုးရလက်ထက် ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းလည်း ရှာပနအခမ်းအနား တက်ရောက်ရန် ထွက်ခွာသွားသေးသည်။ စက်ဘူရောက်မှ အကြောင်းမညီညွတ်သဖြင့် မတက်ရောက်ဖြစ်ခဲ့ပေ။)

သီတင်းတစ်ပတ်ကြာ ကျင်းပနေသော ရှာပနအခမ်းအနားတွင် ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီက အိန္ဒိယ၏ ဦးထိပ်ထားသော မိတ်ဆွေကြီးတစ်ဦး ဆုံးရှုံးသွားရသည်ဟု ထုတ်ပြန်ကြေညာလိုက်လေသည်။

အမေရိကန်သမ္မတ ဂျင်မီကာတာကတော့ "အထိမ်းအမှတ် ဖြစ်စေနိုင်သည့် စွမ်းရည်နှင့် ပြည့်စုံသူ ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦးဟု တင်စားသွားသလို ဗြိတိန်၏ ဝန်ကြီးချုပ် စတီးလေဒီဟု တင်စားခံရသော မာဂရက်သက်ချာကလည်း "လော့မောင့်ဘက်တန်သည် ကျွန်မတို့နိုင်ငံ၏ သမိုင်းကြောင်းတော်မှာ ရွှေချည်မျှင် ရစ်ပတ်ထားသလိုပါပဲ" ဟု ဂုဏ်ပြုပြောကြားခဲ့လေသည်။

လော့ဒ်မောင့်ဘက်တန်၏ သမိုင်းကြောင်းကို ပြန်ကြည့်သော ၁၉၀၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၏ တော်ဝင်ရေတပ်မှ လက်ဖတင်နင် မိုလ်လေးမင်းသား လူးဝစ်ဘာတန် ဘာ့လ်(Princ Louis Battenberg) နှင့် ဇနီးသည် ဗိတိုရိယ ဘုရင်မကြီးမြေး ဗိတိုရိယကို့မှ သားယောက်ျားလေးတစ်ဦး ဖွားမြင်လာခဲ့သည်။ ထိုစဉ်က အသက် ၈၁ နှစ်အရွယ် ဗိတိုရိယဘုရင်မကြီးက သူ... မြေးလေးကို လူးဝစ်ဖရန့်စစ် အဲလ်ဘ... ဗစ်တာနီကိုလပ် (Louis Fran... Albertvictor Nicholas) ဟု တရား... နာမည်ပေးခဲ့လေသည်။ သို့သော် မိသား... စုများကတော့ ချစ်စနိုးနှင့် ဒစ်... (Dickie) ဟု ခေါ်ကြလေသည်။

ဒစ်ကီ၏ ဖခင်မင်းသား လူး... သည် ဒစ်ကီ ၁၄ နှစ်သားအရွယ်တွင်... သူ၏ ဂျာမန်နိုင်ငံသားကို စွန့်လွှတ်... လိုက်ပြီး အင်္ဂလန်နိုင်ငံ တော်ဝင်ရေ... တပ်မတော်၏ First Sea Lord ရာထူး... ကို ရရှိခဲ့လေသည်။ ဒစ်ကီလေးသည်... အသက် ၁၂ နှစ်အရွယ်တွင် တော်ဝင်... ရေတပ်ကောလိပ်တွင် ပညာသင်ကြား... ရသည်။

ထိုစဉ်က ဒစ်ကီလေးသည် ကွယ်... လွန်ခဲ့ပြီးသော မြန်မာနိုင်ငံဆိုင်ရာ ဘုရင်... ခံချုပ် မောင့်ဘက်တန် ဝင်စားသူဖြစ်... သည်ကို သူမသိပါ။ သို့သော် သူသိ... သည်ကတော့ သူ့ဘဝ၏ ကျောထောက်... နောက်ခံကြီးဖြစ်သော ဖခင်ကြီးရာထူး... နုတ်ထွက်သွားခဲ့သည့် အဖြစ်ပင် ဖြစ်... လေသည်။ ထိုစဉ်ကစပြီး ဒစ်ကီသည်... လည်း တစ်နေ့မှာ ဖခင်လို ဗြိတိန်နိုင်ငံ... ၏ "The First Sealord" ရာထူးကို... ရရှိရမည်ဟု အဓိဋ္ဌာန်ချမှတ်ခဲ့လေသည်...

၁၉၁၇ ခုနှစ်တွင် အင်္ဂလိပ်နှင့်... ဂျာမန်တို့ စစ်ဖြစ်လာလေသည်။ ထို... က ဗြိတိသျှဝန်ကြီးချုပ် လွိုက်ဂျော့... (Llogd George) က တော်ဝင်မိသား... များတွင် ဂျာမန်တို့၏ ဘွဲ့ထူးဂုဏ်ထူးမျ... စွန့်လွှတ်သင့်ကြောင်း ဘုရင်မကြီး... တင်ပြလာလေသည်။ ဒစ်ကီ၏ ဖခင်...



www.burmeseclassic.com

www.burmeseclassic.com

(Marquess of Milford Haven) ကို ရရှိသောသူ ဖြစ်လေသည်။

ထိုစဉ်က ဒစ်ကီမှာ မစ်တင်ကွီး အဲလီဇဘတ် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။ ထိုအချိန်ကစပြီး ဒစ်ကီသည် Lord Louis အမည်ဖြင့် ၁၉၁၈ ခုနှစ်တွင် K-6 ရေငုပ်သင်္ဘောသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရလေသည်။ ထိုရေငုပ်သင်္ဘော၏ မြောက်ပိုင်းပင်လယ်ပြင်အောက်တွင် ကင်းလှည့်တာဝန် ထမ်းဆောင်နေလေသည်။

ယင်းနောက် Lord Louis သည် အင်္ဂလိပ်ရေလက်ကြားထဲသို့ ဝင်လာသော ရန်သူရေငုပ်သင်္ဘောကို တားဆီးနိုင်ရန် HMS B 31 ကင်းလှည့်သင်္ဘော၏ ဒုတိယဦးစီး ဖြစ်လာခဲ့ပြန်သည်။ ထိုစဉ်က Lord Louis ဘွဲ့ရထားသူ ဒစ်ကီမှာ ၁၈ နှစ်မျှသာ ရှိသေးသည်။ ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလထဲတွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့သည်။

လော့ဒ်မောင့်ဘက်တန်သည် စစ်ကာလအတွင်း ငါးနှစ်လောက်မှာ ပညာသင်ကြားနေဆဲ ဖြစ်လေသည်။ ၁၉၁၉ ခုနှစ်တွင် ပထမလက်ဖတင်နင် လော့ဒ်မောင့်ဘက်တန်သည် ကမ်းဘရစ်တက္ကသိုလ်သို့ သွားရောက်ပြီး ပညာဆက်သင်ယူရလေသည်။ ထိုအချိန်တွင် စစ်ကာလ ဗြိတိန်နိုင်ငံအတွင်းရေးမှူးဝင်စတန်ချာချီနှင့်လည်း ရင်းနှီးလာခဲ့ရသလို၊ လူကုံထံအသိုင်းအဝိုင်း လော့ဒ်မောင့်ဘက်တန်ကို ဗြိတိန်နိုင်ငံ၏ အင်္ဂလမြောက် အက်ဒွတ်ဘုရင် ဖြစ်လာမည့် နန်းလျာဝေလမင်းသား၏ ဝမ်းကွဲညီအစ်ကိုဟု လူသိထင်ရှားဖြစ်လာလေသည်။

၁၉၂၀ ခုနှစ် မိုးရာသီတွင် ဝေလမင်းသားသည် တိုင်းခန်းလှည့်လည်စဉ်က မင်းသားစီးသော သင်္ဘောပေါ်တွင် မင်းသား၏ အနီးကပ် ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါသွားရလေသည်။ ထိုစဉ်က ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံ၊ ဂျပန်နှင့် အနောက်အိန္ဒိယကျွန်းစုများသို့ လှည့်လည်ခဲ့သည်။ ခရီးမှ လန်ဒန်ကိုပြန်ရောက်စဉ်က အချမ်းသာဆုံး စာရင်းဝင်တစ်ဦးဖြစ်သူ အာနက်စ်ကပ်စဲလ် (Ernest Cassel) ၏ ဧည့်ခံပွဲသို့ တက်ရောက်ခဲ့လေသည်။ ထိုပွဲမှာပင် ဘဝအဖော်မွန် ထိုသူဌေးကြီး၏မြေး အက်ဒွင်နာ(Edwina)နှင့် ဆုံတွေ့ခဲ့ရပြီ။ ထိုစဉ်က လော့ဒ်မောင့်ဘက်တန်မှာ ပေါ်ပြူလာအဖြစ်ဆုံး စာရင်းဝင်ဂုဏ်သရေရှိ အသိုင်းအဝိုင်းများ ဝိုင်းရံနေသဖြင့် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေလေသည်။ ၁၉၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျရောက်သော ချစ်သူများနေ့တွင် မောင့်ဘက်တန်သည် အက်ဒွင်နာနှင့် နှစ်ခါသုံးခါ တွဲကခဲ့သည်။

အိမ်ရှေ့မင်းသားကတော့ သူမနှင့် သုံးလေးခါ တွဲ၍ကခဲ့လေသည်။ ထိုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှာပင် ဝက်စ်မင်စတာ (Westminster) ဘုရားကျောင်းတွင် လက်ထပ်ပွဲကျင်းပခဲ့လေသည်။

တော်ဝင်မိသားစုဝင်များ၊ ဥရောပတစ်လွှားမှ ဧည့်သည်တော်များ စုစုပေါင်း ၈၀၀ ကျော်လောက် တက်ရောက်ကြသလို၊ ပါလီမန် ရင်ပြင်တွင်လည်း လန်ဒန်ပြည်သူပြည်သား ၂၀၀၀ လောက် ဧည့်ခံပွဲတက်ရောက်လာကြသည်။ အိမ်ရှေ့မင်းသား ဒုတိယအကြိမ် တိုင်းခန်းလှည့်လည်လာစဉ်ကတော့ မြန်မာ၊ မလေး၊ စင်ကာပူ စသည့် နိုင်ငံများသို့ အိမ်ရှေ့မင်းသားနှင့်အတူ ထွက်ခဲ့သဖြင့် မြန်မာနိုင်ငံသို့ ရောက်လာခဲ့ဖူးသည်။

လော့ဒ်မောင့်ဘက်တန်သည် ၁၉၁၃ ခုနှစ်အစောပိုင်းတွင် Kelly သင်္ဘောဖြင့် မြေထဲပင်လယ်အရှေ့ပိုင်းတွင် တာဝန်ထမ်းဆောင်နေလေသည်။

သူ၏ လက်ရွေးစင် စစ်သည် ၂၆၀ နှင့် သူစိတ်ကြိုက်ရွေးချယ်ခဲ့သော Kelly သင်္ဘောဖြင့် တာဝန်ထမ်းဆောင်နေစဉ် ဂျာမန်တို့၏ စတူကာ ရေငုပ်ဗုံးကိရိယာဖြင့် တိုက်ခိုက်ခံရပြီး Kelly သင်္ဘော ထိမှန်သွားပြီ။ ပထမပုံးက အင်ဂျင်ခန်းကို ထိလိုက်သဖြင့် သင်္ဘောမှောက်သွားတော့သည်။ အားလုံး သင်္ဘောကို စွန့်ထွက်ပြီး ရေပြင်တွင် လက်ပစ်ကူးနေရလေသည်။

သေကံမရောက်သေးသဖြင့် ကယ်ဆယ်ရေးသင်္ဘောက ကယ်ဆယ်လိုက်ရသည်။

မိုးလေဝသ ၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ကတော့ အသက် ၇၉ ခုနှစ်အရွယ် လော့ဒ်မောင့်ဘက်တန်မှာတော့ ကမ္ဘာလောကကြီးတစ်ခုလုံးကို စွန့်ခွာသွားရလေတော့သည်။

မြင့်လွင်(ဂျပန်ဘာသာ)

**Ref: The Mountbatten Story**



www.burmeseclassic.com

www.burmeseclassic.com



အင်းတကော်၊ ဆယ်မိုင်ကုန်း၊ ခြံတစ်ရာ ကန်တစ်ရာ စီမံကိန်းက ကန်တစ်ရာတာဝန်ခံဖြစ်တဲ့ မောင်ဘိုကြီး ယောက်ဖတော်စပ်သူက သူ့ရဲ့ ငါးမွေးမြူရေးလုပ်ငန်း အရှုံးပေါ်နေလို့ လာကူပါဦးဆိုတာနဲ့ မောင်ဘိုကြီးအလုပ်နားတာနဲ့ကြုံလို့ မိသားစုလိုက်ပြောင်းရွှေ့ပြီး ကိုယ်စားလှယ်အဖြစ်နဲ့ တစ်ရာသီဖြစ်တဲ့ ဆယ်လ ကူညီလိုက်ပါတယ်။

မောင်ဘိုကြီး ငါးလုပ်ငန်းဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ဖူးပါတယ်။ မအူပင်ဘက် စပါးငါးမွေးမြူရေးကန်မှာ ဌာနရဲ့တာဝန်ပေးချက်အရ လေ့လာမှတ်သားဖူးပါတယ်။ ဌာနဆိုင်ရာ ငါးမွေးမြူရေးပညာရှင်တွေအဆိုအရ -

“ငါးမွေးမြူရေးလုပ်ငန်းဟာ ပထမတစ်နှစ်မှာတော့ ကန်ဝယ်၊ ကန်ပြင်၊ တဲဆောက်၊ လုပ်ငန်းသုံးကိရိယာတွေဝယ်ရလို့ အရင်းသာဖြစ်ပေမယ့် နောက်နှစ်တွေမှာတော့ အမြတ်ချည်းပါပဲ။ မမြတ်ဘဲ ရှုံးတယ်ဆိုရင်တော့ ငါးစာကို ငါးမကျွေးဘဲ လူစားပစ်လို့ပါ”

လို့ မှတ်သားဖူးပါတယ်။ မှန်ပါတယ်။ တစ်ပတ်၊ ဆယ်ရက်နဲ့ပဲ အဖြေပေါ်ပါတယ်။ ငါးစာ နှမ်းဖတ်၊ ပဲဖတ်၊ ဆန်ကွဲ၊ ဖွဲနု ခိုးရောင်းတာလောက် မဟုတ်ဘဲ ညအချိန် ဖွဲနုပက် ငါးတွေစုပြီး ကွန်နဲ့ပစ်ခိုးဖမ်းတာတောင် ဖော်ထုတ်နိုင်ပါတယ်။

အခိုးခံရတာတောင် နည်းသေးတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်ဆို တာဝန်ခံတစ်ယောက်လုပ်ပြီး တာဝန်ရှိတဲ့နေရာမနေဘဲ ပဲခူးမြို့ပေါ်မှာ အေးရာအေးကြောင်း သွားနေလို့ပါ။

လူယုံသတ်ရင်သေ စကားပုံလိုပါ။ စိတ်ချယုံကြည်ရပါတယ်ဆိုတဲ့ လူယုံကိုယ်တိုင်က ခိုးနေတော့ အောက်ကခိုးတာကိုလည်း မပြောရဲ၊ ပါးကိုက်၊ နားကိုက်ပြဿနာတွေနဲ့ အပြန်အလှန်ခြိမ်းခြောက်ရင်း အရှုံးတွေပေါ်နေခြင်းပဲဖြစ်ပါတယ်။

မောင်ဘိုကြီး ဖြုတ်၊ ထုတ်၊ သတ်ရှင်းပြီး ကျန်တဲ့လူကို လစာတိုး၊ မီးဖိုချောင်ရိက္ခာထောက်ပံ့၊ သက်သာချောင်ချိရေးလုပ်ငန်းတွေနဲ့ ဖြေရှင်းလိုက်ရပါတယ်။

ငါးမွေးမြူရေးလုပ်ငန်းနဲ့ ကန်လုပ်သားတွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောသဘာဝကို ကြုံလို့ ပြောပြတာပါ။ မောင်ဘိုကြီး အဓိကပြောမှာက ကိုယ့်ကန်လုပ်သားက ငါးစာနဲ့ ငါးတင် ခိုးတာပါ။ သူခိုးထက် အပြန်တစ်ရာလောက် ဆိုးဝါးတဲ့ လူလိမ်ကြီးတွေအကြောင်းပါ။

မောင်ဘိုကြီးတို့ ကန်တစ်ရာထိပ် ဆယ်မိုင်ကုန်းပေါ်မှာ စေတီတစ်ဆူနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိပါတယ်။


ဆယ်မိုင်ကုန်းရွာနဲ့ အလှမ်းဝေးလို့ ဘုရားဂေါပကအဖွဲ့လို၊ ကျောင်းအကျိုးဆောင်လိုမျိုး အချိန်ပြည့်ဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com

ကထိန်ရက်
သွားရခြင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

မထားဘဲ ဘုရားပွဲတော်ရက်၊ ကျောင်းကထိန်ရက်နီးမှ အရေးပေါ်ထဖွဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ကြောင်း သိရပါတယ်။

မောင်ဘိုကြီးယောက်ဖဟာ ဘာသာရေးတော့ အလေးထားသူပါ။

"အစ်ကို . . .ဘုန်းကြီးကျောင်း တစ်ပတ်နှစ်ကြိမ်လောက်သွားပြီး ဆရာတော်နဲ့ တွေ့ပါ။ ဆရာတော်ရဲ့ လိုအပ်ချက် အစွမ်းကုန်ဖြည့်ဆည်းပေးပါ။ ဝေယျာဝစ္စ ကုန်လုပ်သားအင်အားနဲ့ ဆောင်ရွက်ပေးပါ။ ရွာနဲ့အလှမ်းဝေးလို့ ဆွမ်းခံရက်ကွက်များ ဖရဏ်ဆွမ်းခက်ခဲပါတယ်။ အရဏ်ဆွမ်းအတွက်လည်း တာဝန်ယူပါ"

လို့ ဆိုတာကြောင့် ဦးစားပေး အရဏ်ဆွမ်းကိစ္စအတွက် ကန်ထွက်သီးနှံတွေဆွတ်၊ အင်းတကော်ဈေးကို သားငါးမှာ အဆင်မပြေရင် ကန်ထဲက ငါး ကွန်ပစ်ဖမ်း၊ ရောနှောကြော်နှပ်၊ ပေါင်း၊ ချက်ပြုတ်ပြီး ညနေတည်းက ကြိုတင်ပို့ပေးပါတယ်။

မိုးကုန်လို့ ခြေခင်းလက်ခင်းသာတဲ့အခါ ကန်လုပ်သားတွေနဲ့ ဘုရားနဲ့ ကျောင်းပရဝဏ်အတွင်း ချုံ မြက်ရိုင်း နွယ်ပင်တွေ ခုတ်ထွင်ရှင်းလင်းပြီး၊ ဒုတိယဦးစားပေးအဖြစ် လုပ်အားကုသိုလ်ယူပါတယ်။

ကျောင်းထိုင်ဆရာတော်နဲ့ ဆရာရင်း၊ တပည့်ရင်းလို ဖြစ်တဲ့အခါ . . .

"ဒကာကြီးပဲ ဂေါပကာ၊ ဒကာကြီးပဲ ကျောင်းအကျိုးဆောင် လုပ်ပေးပါ"

လို့ မိန့်ကြားသလို ယောက်ဖကလည်း . . .

"အစ်ကိုပဲ ဂေါပကဥက္ကဋ္ဌ၊ အစ်ကိုပဲ ကျောင်းဥပသကာ လုပ်လိုက်ပါ"

လို့ ဆိုတာကြောင့် ကထိန်ရက်နီးကပ်လာတဲ့အခါ ဆရာတော်ဆီက ဩဝါဒခံယူပါတယ်။ ဘာဖြစ်ချင်လဲ၊ ဘာစီစဉ်ပေးရမှာလဲ၊ ဘာနဲ့ ဧည့်ခံကျွေးမွေးချင်လဲ မေးလျှောက်တဲ့အခါ ဆရာတော်က . . .

"ဒကာကြီးကို ပြောရဦးမယ်။ ဘုန်းဘုန်းရဲ့ကျောင်း ကထိန်ကိုရော၊ မြောက်ဖျားက ခြံတစ်ရာဘုန်းတော်ကြီးကျောင်းကိုရော ရန်ကုန်က ဒကာတွေ ဒံပေါက်ဆွမ်း လာကပ်ကြမယ်လေ။ ကထိန်လာတဲ့ ဧည့်သည်တွေပါ ကျွေးမှာ။ ဒံပေါက်ပွဲငါးရာဆိုတော့ ကျွေးလောက်ပါတယ်။ ဒကာကြီး ဦးနှောက်အခြောက်ခံပြီး စဉ်းစားမနေပါနဲ့"

လို့ မိန့်ကြားတာကြောင့် ဝန်ပေါ့ပြီလို့ အထင်ရှိခဲ့ပါတယ်။

ဖိုင်နယ်နေ့ဖြစ်တဲ့ ကထိန်ခင်းရက်မှတော့ မောင်ဘိုကြီးဟာ ကန်လုပ်သားအဖွဲ့ စုံလင်စွာနဲ့ ပဒေသာပင်အတွက် တရားနာ၊ ရေစက်ချမယ်၊ ဒံပေါက်လည်း တဝစားမယ် အတွေးနဲ့ ဝတ်ကောင်းစားလှနဲ့ သွားပါတယ်။

"အလှူဆိုတာ စားတဲ့လူရှိမှ ကျွေးတဲ့လူ ကုသိုလ်ရမှာ။ ဒံပေါက်ကိုတော့ နံရိုးကားထွက်အောင် ဝါးပစ်မှာ"

ကန်လုပ်သားတပည့်တွေရဲ့ ကြိမ်းဝါးသံတွေပါ။

မနက် ရှစ်နာရီ၊ ကိုးနာရီလောက် ရောက်ပါမှ ဟင်းနွေး၊ ဟင်းချိုတည်၊ ပြင်ဆင်ပြီး ဧည့်သည်တွေလည်းစား၊ ဘုန်းကြီးတွေလည်း နေ့ဆွမ်းကပ်ဖို့ အဆင်ပြေမှာပါ။ ကိုးနာရီနဲ့လည်း မရောက်၊ ဆယ်နာရီနဲ့လည်း မပေါ်၊ ဆယ်နာရီခွဲတယ်ဆိုရင်ပဲ သံဃာတွေ ဆွမ်းဘုဉ်းပေးရတော့မှာပါ။

ဆရာတော်ကတော့ ကျောင်းရှေ့ကားလမ်းထွက်ပြီး ရန်ကုန်ဘက်ကားတွေ လည်တဆန့်ဆန့်နဲ့ မျှော်ကောင်းဆဲပါ။ အခြေအနေဟန်ပုံမပေါ်လို့ မောင်ဘိုကြီးဟာ ကန်လုပ်သားတွေ ပြန်လွှတ်၊ ကိုယ့်အိမ်ကထမင်းဟင်းတွေ အမြန်ဆုံးပြန်ယူနိုင်းပြီး ၁၁ နာရီကျော်လောက်မှာ နေ့ဆွမ်းကပ်လိုက်ရပါတယ်။

ဆရာတော်ဟာ ဆွမ်းဘုဉ်းပေးရင်း မောင်ဘိုကြီးကို ရည်ညွှန်းသလိုနဲ့ ပင့်သံဃာရော၊ ဧည့်သည်တွေပါ ကြားလောက်အောင် အသံမြှင့်ပြီး . . .

"ကားပျက်လို့နေပါလိမ့်မယ်"

"အခက်အခဲတစ်ခုခုရှိလို့ နောက်ကျတာပဲ ဖြစ်မှာပါ"

"အချိန်လွန်မှ ရောက်တော့လည်း ဧည့်သည်တွေ ဝဝလင်လင်စားရတာပေါ့"

ဆရာတော်ကတော့ ယုံစားနေဆဲ၊ မျှော်ကိုးနေဆဲ၊ ဖြေသိမ့်စကားတွေ ဆိုနေဆဲပါ။

နေ့ဆွမ်းကပ်ပြီးလို့ မောင်ဘိုကြီး ကျောင်းအောက်ဆင်းလာပါတယ်။ ကျောင်းအဝင်မှာတော့ ခြံတစ်ရာဘုန်းကြီးကျောင်းက ကျောင်းအကျိုးတော်ဆောင် ဦးသန်းနိုင်တို့အဖွဲ့ မျက်နှာမသာမယာနဲ့ ဝင်လာတာတွေ့မြင်ရပါတယ်။

"အတော်ပဲ ကိုဘိုကြီး၊ ခင်ဗျားနဲ့ တွေ့ချင်တာနဲ့"

"ဆို . . .ကိုသန်းနိုင်၊ ဘာကိစ္စ"

ကိုသန်းနိုင် မောင်ဘိုကြီးနားကပ်ပြီး တီးတိုးစကားပြောပါတယ်။

"ကျွန်တော်တို့ ခြံတစ်ရာကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ရန်ကုန်စော်ဘွားကြီးကုန်းပွဲရုံက ဒံပေါက်ဆွမ်းလာကပ်မယ်ချိန်းထားပြီး ခုချိန်ထိ မရောက်သေးလို့"

"၁၂ နာရီပဲ ထိုးနေပြီပဲဟာဗျာ"

"ဟုတ်တယ်။ လမ်းကားပျက်ပြီး နောက်ကျနေတယ်ထင်တယ်ဗျ။ အဲဒါ ကိုဘိုကြီးတို့ ကန်ဘာစ်ရာကျောင်းများ ရောက်နေလားလို့"

မောင်ဘိုကြီးရင်ထဲမှာတော့ မှတ်ချက်ချလိုက်ပါပြီ။

"ဘုန်းကြီးတွေ ခုချိန်ထိ နေ့ဆွမ်း မကပ်သေးဘူးပေါ့"

"အိမ်တွေပြန်ယူခိုင်းပြီး ရှိတာနဲ့ ကပ်လိုက်ရတာပေါ့။ ဒါပေမယ့် ဧည့်သည်တွေကတော့ ဘာမှမကျွေးရသေးဘူးလေ"

"ပြန်ခိုင်းလိုက်ပါဗျာ။ ခင်ဗျား ဒံပေါက်လည်း မျှော်မနေပါနဲ့"

"သေချာပေါက်ချိန်းထားတာ ဒီမှာ လိပ်စာကတ်တောင် ပေးသွားသေးတယ်။ ကျောင်းကတောင် တစ်တင်းဝင်အိုးကြီး သုံးလုံးယူသွားတယ်။ ဒံပေါက်ပွဲငါးရာ ထည့်ယူလာဖို့တဲ့"

မောင်ဘိုကြီး ဦးသန်းနိုင်နဲ့ စကားကောင်းနေဆဲ ဆရာတော်ခေါ်ခိုင်းတယ်ဆိုလို့ ကျောင်းမကြီးပေါ် ပြန်တက်ပြီး ဆရာတော့်ကို တွေ့ပါတယ်။

"အရှင်ဘုရား။ အလိမ်ခံရပြီထင်တယ်ဘုရား"

ဆရာတော်အမိန့်မရှိခင် မောင်ဘိုကြီး ထင်မြင်ချက်ကို လျှောက်လိုက်ပါတယ်။

"မလိမ်လောက်ပါဘူး။ ပွဲရုံပိုင်ရှင်ကြီးတွေပဲ။ ဘယ်မျက်နှာအပျက်ခံမှာလဲ လိပ်စာကတ်ပေးပြီး လျှောက်လို့ တစ်တင်းဝင်ဒံအိုးကြီးသုံးလုံးတောင် ယူသွားသေးတာ"

"ဘာလုပ်ဖို့တဲ့လဲ ဘုရား"

"ဘာလုပ်ရမှာလဲ။ ဒံပေါက်ပွဲငါးရာ ထည့်ဖို့ပေါ့"

"စာပည့်တော်ကို လိပ်စာကတ်လေး ပြပါဦးဘုရား"

ဆရာတော်ဟာ လိပ်စာကတ်လေးပေးရင်း . . .

"သူတို့ကားအတွက် ဆီဖိုးတော့ ခံပါဆိုလို့ ငွေတစ်သောင်းတောင် ပေးလိုက်သေးတယ်"

လိပ်စာကတ်က ရန်ကုန် ၃၁/၃၂ လမ်း ဘယ်နေရာရိုက်ရိုက် ရတာ သိနားလည်ခြင်းမရှိသေးတဲ့ ဆရာတော်ကိုရော၊ မြို့တစ်ရာကျောင်းအကျိုးတော်ဆောင် ဦးသန်းနိုင်တို့ကိုပါ သနားကရုဏာ ဖြစ်မိပါတယ်။

"ဒကာဘိုကြီး၊ အသံချဲ့စက်နဲ့ ကြေညာဗျာ။ တရားနာရေစက်ချအစီအစဉ် မနက်ဖြန် လပြည့်နေ့ချိန်းလိုက်ဗျာ။ လပြည့်နေ့ဆိုတော့ ပိုတောင်ကောင်းပါတယ်။ တခြားတွေတွေထူးထူးတော့ ကြေညာမနေပါနဲ့"

"တင်ပါ့ဘုရား။ ဒါဆို မနက်ဖြန်အတွက် အကျွေးအမွေးကိစ္စ စီစဉ်စရာရှိလို့ ကြေညာပြီးရင် တပည့်တော် ပြန်လိုက်ပါဦးမယ်"

"မပြန်ပါနဲ့ဦး။ အင်းတကော်သွားပြီး ဖုန်းဆက်စုံစမ်းပေးပါဦး။ ရှင် မနက်ဖြန်တော့ ဆက်ဆက်လာပို့ပါလို့"

"ဘာပို့ရမှာလဲ ဘုရား"

"ဘာပို့ခိုင်းရမှာလဲ။ ဒံပေါက်ပေါ့ ဒံပေါက် . . . ဒံပေါက်ပွဲငါးရာ"

ဒေါသသံစွက်နေလို့ မောင်ဘိုကြီး ဇက်ပုသွားပါတယ်။ ကျော့ချလို့ စားပြမှန်းမသိသေးဘဲ တဒံဒံနဲ့ ဒံပေါက်နေတုန်းမို့ပါ။

ဆရာတော်အမိန့်အတိုင်း . . . အကြောင်းအမျိုးမျိုးကြောင့် ကထိန်ခင်းရက် မနက်ဖြန် တန်ဆောင်မုန်းလပြည့်နေ့ကို ရွှေ့ဆိုင်းလိုက်ကြောင်း အသံချဲ့စက်နဲ့ ကြေညာပြီး အင်းတကော်ဖုန်းသွားဆက်ပါတယ်။ ပြန်ပြောတဲ့အတိုင်း ဆရာဘော်ကို တင်လျှောက်ရင် လိပ်ပက်လက်လန်သလို ယက်ကန် ယက်ကန် ဖြစ်သွားမလားပါ။

ဖုန်းနံပါတ်ကတော့ အမှန်ပါ။ ဘောဂဗလ ဆန်ပွဲရုံရယ်လို့ စော်ဘွားကြီးကုန်းမှာ မရှိကြောင်း။ အခုဖုန်းပြောနေတာ စာကလေး အုတ်သဲကျောက် အိမ်ဆောက်ပစ္စည်းပွဲရုံဖြစ်ကြောင်း။ သူတို့ပွဲရုံအနေနဲ့ ဘယ်ဘုန်းကြီးကျောင်းကိုမှ ဒံပေါက်ဆွမ်း ကပ်ဖို့ အစီအစဉ်မရှိကြောင်းပါတဲ့။

မင်းကွန်းဆရာတော်ဘုရားကြီး မေတ္တာပို့မှာ "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ"လို့ပဲ ကြားဖူးပါတယ်။ လူနဲ့ ဘုန်းကြီး တွဲထားတာ မကြားမိပါဘူး။

ဘောလုံးလောကစကားနဲ့ ပြောရရင် "လိမ်လို့ရရင် ဂိုးသမားအထိ တက်လိမ်တယ်"ဆိုတာပါ။ ခုပော့ ဂိုးသမားကိုကျော်၊ ဂိုးပေါက်ထဲဝင်၊ ဘုန်းကြီးကျောင်းပေါ်တက်၊ ဘုန်းကြီးကို တက်လိမ်သွားတာကြောင့် . . .။

**ရှစ်ခွင်ကျော်-ဖောင်တော်သီ**



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်း ဟောသည့်

## ဒေါက်တာစောယုနွယ်



ကယ်သို့ပေါ့ . . .

မိမိဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုကလေးသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

- အမှတ်(၂၀၅/က)၊
  ပိတောက်(၅)လမ်း၊
  မြို့သစ်(ဂ)၊
  ဘုရင့်နောင်ရိပ်သာ၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်၊
  ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံမယ့် အချိန်ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုမှ ဒီမှ ဝင်လာတတ်ပါတယ်။ ယခုကာလအတွင်း အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းများ၊ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလိမ့်မယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်သမျှ အောင်မြင်နေမယ်။ ငွေနှင့်ပတ်သက်ပြီး အခက်အခဲ မရှိပါ။ အိမ်ထောင်ရှိတဲ့သူများ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အချို့ လူပျိုတွေအဖို့ အစွပ်အစွဲ အပြောအဆို ခံရတတ်ပါတယ်။ အင်္ဂါနာမည်၊ သောကြာနာမည်နှင့်စသော အမည်ရှင်တွေ ဂရုစိုက်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရလွယ်တူပေမယ့် စုဆောင်း၍ မရ။ ငွေဝင်လျှင် ကိုင်မထားရ။ ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ရုတ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

## ညံ့သောရက်

အင်္ဂါ၊ သောကြာ

## ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၄၂

## အထူးသတိပြုရန်

အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



BURMESE CLASSIC .com

သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စာအုပ်စာတမ်းတစ်ခု ရတတ်တယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဇာကင်တဲ့ ဖိတ်စာရရင် သင်သည် ယခုကာလအတွင်း လူမျိုးခြားနဲ့ပတ်သက်တဲ့ ကိစ္စတစ်ခု ကြိမ်းသေပေါက် အောင်မြင်ပါလိမ့်မယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ ထိုပညာရပ်ကလည်း သင့်အတွက် အကျိုးပေးတဲ့ ပညာရပ်ဖြစ်နေမယ်။ မိမိအိမ်မှာသော်လည်းကောင်း၊ အိမ်အနီးအနားမှာသော်လည်းကောင်း ပျားစွဲတဲ့နိမိတ်တွေ့က ဖြေဆိုထားတဲ့ စာမေးပွဲ အောင်မြင်ပါလိမ့်မယ်။ မြေဝယ်ဖို့ကိစ္စလည်း အဆင်ပြေမယ်။ ယခုကာလအတွင်း တနင်္လာသားသမီး၊ သောကြာသားသမီးတို့နှင့် တွဲလုပ်ရမည့်ကိစ္စရှိလျှင် ကြာသပတေးသားသမီး၊ စနေသားသမီးတို့နှင့် ပြောင်းလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နဲ့ အသည်းကို ဂရုစိုက်ပါ။ ရှုတ်တရက် ဆီးကျင်၊ ဆီးအောင့် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ စနေ

**ကံကောင်းသောနံပါတ်**

၇၅၊ ၅၇၊ ၅၇

**အထူးသတိပြုရန်**

သွားရင်းလာရင်းနဲ့ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်၊ တစ်စုံတစ်ယောက် သွားကျိုးသည်၊ သွားနာသည် စသောနိမိတ်တွေ့က သင့်အတွက် ညံ့တတ်ပါတယ်။

ယခုကာလအတွင်း သခွားသီး၊ သကြား မစားရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားကျွင် အင်္ဂါနေ့တိုင်း ဆီထမင်း ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောစရာများကြားထဲမှ ပျော်စရာလေးတွေ တွေ့ရတတ်ပါတယ်။ အိုးအိမ် ခြံမြေဆိုင်ခင်း အပြောင်းအလဲ လုပ်မယ်ဆိုရင်တော့ ဒီကာလမှာ မလုပ်ပါနဲ့ဦး။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘယ်အရာလုပ်မဆို မိမိကိုယ်ကျိုးအတွက် အစိတ ဦးစားပေးပြီး လုပ်ဆောင်ပါ။ အိုးပိုင်အိမ်ပိုင် ရနိုင်သောကာလ ဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများတွင် တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ ခေတ္တထားခြင်း၊ ဝယ်ယူခြင်း၊ သူတစ်ပါးအိမ်ကို မိမိက တာဝန်ယူ၍ ဆောက်လုပ်ပေးခြင်းများ မပြုလုပ်သင့်ပါ။ မြေကို အကြောင်းပြုပြီး စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံရပါ။ မြေဝင်လျှင် ကြာသပတေးနံ ထုတ်ပစ်ပါ။ ပညာရေးနှင့် ပတ်သက်သောပစ္စည်း လှူဒါန်းပေးပါ။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ လက်ဝတ်ရတနာများ ကျောက်ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်း ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အများ၏ ထောက်ခံမှု ရတတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်လိမ့်မယ်။ ငွေရခါနီးတွင် ကြွေးဆုံးခြင်း၊ ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ပြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ဘုရား၊ ရဟန္တာ ပူဇော်ပွဲနှင့် ပတ်သက်သော အတိတ်နိမိတ်များ ကြုံပါက သင်သည် ကောင်းကျိုးချမ်းသာများ ရရှိနိုင်သဖြင့် ဘုရားအနေကဇာတင်ပွဲများ ပြုလုပ်ပေးသင့်ပါသည်။ ယခုကာလအတွင်း အိမ်မဆောက်နိုင်သေးလျှင် ဘုရားစင်ပြင်ခြင်း၊ ပြုပြင်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း သောက်တော်ရေ(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆုံးရှုံးသွားတဲ့ ငွေလေးတွေ ပြန်ရတတ်ပါတယ်။ စီးပွားတက်မယ့်အချိန်ဖြစ်တယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ မိမိနေထိုင်သည့်အရပ်ရဲ့ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်လ၊ နတ်တော်လများ ပါဝင်နေရင်တော့ ငွေများစွာ ဝင်လာတတ်ပါတယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ရှုတ်တရက် အရိုးအကြောနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ခဲ့ရင်တော့ အလုံးအကျိတ် ဖြစ်တတ်တယ်။ အထင်အမြင် လွဲမှားခံရတတ်တယ်။ အကျိုးပေးသူကို တိုင်ပင်ပါ။ အိမ်ထောင်မရှိသေးတဲ့သူတွေအဖို့ အိမ်ထောင်ဖက် ရပါလိမ့်မယ်။ တရားတဘောင် ရင်ဆိုင်နေရသူဆိုလျှင် မိမိဘက်က ကြိမ်းသေပေါက် နိုင်ပါလိမ့်မယ်။ မိမိရဲ့ အထက်လူကြီး၊ အတူနေမိသားစုထဲမှ အဘိုး၊ အဘွားများ ကျန်းမာရေး ညံ့တတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်သောကာလ ဖြစ်ပါတယ်။ အမှုထမ်း၊ အရာထမ်းများအဖို့ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ကြုံတွေ့ရတတ်ပါတယ်။ ကျန်းမာရေး အနေဖြင့် ဆီးနှင့်ပတ်သက်သော ဝေဒနာ၊ မျက်စိနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၃၊ ၂၇၊ ၇၁၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် မိမိမျက်စိရှေ့တွင် ကြက်နှစ်ကောင်ခွပ်နေသော နိမိတ်တွေ့ကလည်းကောင်း၊ ရှိုးရာနတ်ကနေသော နိမိတ်တွေ့ကလည်းကောင်း ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။ စီးပွားရေး၊ အလုပ်အကိုင်များ တည်တံ့အောင်မြင်စေရန် ခတာင်နံ့ကြိုးပင်(သို့မဟုတ်)ကြံပင်ကို စိုက်ထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ဆံခွန်(၇)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုး ဖြစ်နေတတ်တယ်။ ကိုယ်နဲ့ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ ခရီးတွေလည်း ထွက်ရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စိတ်ညစ်စရာတွေ ကြားနေရဘတ်တယ်။ ဒါကြောင့် ဒီကာလမှာ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ပါဘူး။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနတွေ လျှော့လျှင်တော့ ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်၊ ဝါခေါင်နှင့် ပြာသိုလများ ပါဝင်နေပါက သင်သည် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်း၊ နေရာပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကြိုးစားလျှင်လည်း နေရာကောင်း မရနိုင်ပါဘူး။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာ မပျော်ဘဲဖြစ်နေမယ်။ မျက်စိရှေ့မှာ တွေ့သမျှ အရာတိုင်းကို စိတ်တိုင်းမကျ ဖြစ်နေမယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲနှင့် မြေတစ်ကွက် ဝင်တတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်ဦး။ အလှူပွဲ၊ မင်္ဂလာပွဲကိစ္စများ အထစ်အငေါ့ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် စိတ်မာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၅၉၊ ၉၅၊ ၉၉

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိတတ်ဘူး။ နစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတို့နှင့် စပ်တူလုပ်လျှင် အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်လာတတ်တယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှားကိစ္စ၊ မြေငှားကိစ္စတွေလည်း လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးကြောင့် ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီး ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အိမ်က ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာလာမွေးလျှင် ကောင်းပါသည်။ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၅၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်ငန်းတွေ မတိုးချဲ့ပါနှင့်ဦး။
အမှုဖြစ်က မဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။
မဖြစ်မနေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်က ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းကို
ဆီဆမ်းထမင်းဖြူ၍ အုန်းသီးစိပ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေတတ်ပါတယ်။ ကောင်းတာလေးတွေလည်း ဖြစ်ပေါ်လာမှာပါ။ ယခုကာလအတွင်း သင်သည် ရှယ်ယာဝင်ခြင်း၊ စပ်တူအရောင်းအဝယ် လုပ်ခြင်းမျိုး အကြီးအကျယ် မပြုလုပ်သင့်သေးပါ။ မထင်မှတ်တဲ့ခရီးများ၊ မရည်ရွယ်တဲ့ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးနှင့်ပတ်သက်၍ ငွေပျောက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ သီထိုးဖို့ ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ရေတွင်း၊ ရေကန် တူးဖော်သောကိစ္စများ ပြုလုပ်ပါက အောင်မြင်ပါလိမ့်မယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ သင့်အတွက် ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်ပါတယ်။ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း ပြုပါက တနင်္ဂနွေသားသမီး အိမ်မှ ထွက်သွားတတ်တယ်။ အိမ်ထောင်ရှိသူဖြစ်ပါက အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၂၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်ပြောင်းပါက ကောင်းသည့်အချိန် ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုရင်လည်း သွားဖို့လုပ်ပါ။ စပ်တူလုပ်ငန်းများ လုပ်ပါက အောင်မြင်မှု ရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် အပျို၊ လူပျို မရတတ်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုများကို ရှောင်ရှားပြီး စီးပွားလုပ်ပါက အောင်မြင်သောကာလဖြစ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်ရတတ်တယ်။ မြေနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ မြေဝင်လျှင် လက်မခံပါနှင့်ဦး။ ရဟန္တာကိုယ်တော်မြတ်ကြီး ကြွလာပါက လာဘ်ဝင်တတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ မိသားစု အကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက်တို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆေးမှား အစားမှား ဖြစ်ကတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း ကိုယ်ပိုင်ငွေ မဟုတ်သောငွေများ လက်မခံရ။
ကျောက်မျက်ရတနာပဟောင်းများ လက်မခံရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် သောကြာနေ့တိုင်း သစ်သီးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com